# အရုဏ်ဦးခရီးသည်

အရုဏ်ဦးခရီးသည်



## တော်လှန်ရေးဆိုင်ရာ

ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ



မကြည်လေး(ရဲဘော်ငွေ)

# အာရုဏ်ဦးခရီးသည်

(တော်လှန်ရေးဆိုင်ရာ–ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ)

## မကြည်လေး(ရဲဘော်ငွေ)

၂၀၀၆ ခုနှစ်၊ မေလ

“နှင်းဆီလွင်ပြင်” စာပေတိုက်မှ
ထုတ်ဝေဖြန့်ချိပါတယ်။



သို့

မရှုယဉ်

ဤစာတိုကလေး မငွေထံ ရောက်အောင် ပို့ပေးပါ။

သူ၏ဘဝမှတ်တမ်းနှင့်ကိုက်ညီလွှန်း၍ ဖြစ်ပါသည်။ ။

ရဲထွန်း

၆–၁၁–၉၇

စာရေးသူထံ ပါတီခေါင်းဆောင်တဦးဖြစ်သော ရဲဘော်–ရဲထွန်း ပေးပို့သော ဗေဒါလမ်းကဗျာနှင့် စာတိုကလေးဖြစ်ပါသည်။ကဗျာကို ကူးယူပေးသော လက်ရေးရှင်မှာ ပါတီခေါင်းဆောင်တဦးဖြစ်သူ ရဲဘော်–နေဝင်း(ပဲခူး) ဖြစ်ပါသည်။

## အရဏ်ဦးခရီးသည်အတွက်
## အမှာစကား

ရဲဘော်ငွေရဲ့ **“အရဏ်ဦးခရီးသည်”** ပထမပိုင်းကို ဖတ်ကြည့်ပါတယ်။ သူဟာ ဘွဲ့ထူးတခုခု ယူဖို့ ‘စစ်တမ်း’ရေးနေတာ မဟုတ်ပါဘူး။ ကလေးအရွယ် လူမမယ်ကနေ ဘွားဘွားအရွယ်တိုင်ထိ တွေ့ဆုံကြုံကြိုက်ခဲ့ရတဲ့ ဘဝခရီးကြမ်းကြီးကို ပြန်လည်စုဆောင်း ရေးသားလိုက်တာပါ။

ရဲဘော်ငွေရဲ့ ဘဝဟာ ရေစုံလေစုံမှာ ရွက်ကုန်ဖွင့်ပြီး သီချင်းလေးတအေးအေးနဲ့ ရေလှိုင်းတလိမ့်လိမ့်ကို ငြိမ့်ငြိမ့်ကလေး စီးပြီး လာခဲ့ရတာ မဟုတ်ပါဘူး။ ပင်လယ်ဝ ရေလုပ်သားတွေရဲ့ စကားနဲ့ ပြောရရင် ကြမ်းတမ်းခက်ထန်တဲ့ ရေစီးမှာ ငုတ်ချီပေါ်ချီ၊ အတွန်း အတိုက်၊ အနင်းအကန် ခံပြီး၊ စုန်ချီဆန်ချီ မျောပါနေတဲ့ ဗေဒါပင်ရဲ့ ဘဝမျိုးပါ။

ရဲဘော်ငွေကို ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက သူ့ဘွားဘွားက ကျောပိုးပြီး ဝံသာနု စိတ်ဓာတ်သွင်းပေးခဲ့၊ သခင် တွေရဲ့ တရားပွဲကို သွားနားထောင်ခိုင်းခဲ့ ရုံမက လန်ချားဆွဲတဲ့ ကော်ရင်ဂျီကုလားတွေကတောင် “အင်းဂလက်ဇင်းနာဘတ်”(အရေး တော်ပုံ အောင်ပါစေ)လို့ ကြွေးကြော်ပြီး လူမျိုးစုံ အလုပ်သမားသပိတ်ထဲ ပါဝင်လာတဲ့ အဖိနှိပ်ခံ လူထုလူတန်းစားတွေရဲ့ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ဂယက်ဟာလည်း ရဲဘော်ငွေရဲ့ ဝံသာနု စိတ်ဓာတ်၊ နိုင်ငံတကာ ဝါဒစိတ်ဓာတ်တွေ ပိုမိုထက်သန်လာစေခဲ့တယ်။

ရဲဘော်ငွေဟာ ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်တဲ့ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးထဲကို လက်နက်ကိုင် တိုက်ပွဲကာလမှာ စစ်သည်တယောက်အဖြစ် လူလား မမြောက်တမြောက် အရွယ်မှာ ပိုင်းဖြတ်ချက်ရှိရှိ ခြေစုံပစ်ဝင်လိုက်တယ်။ တော်လှန်ရေး အတွင်း ခက်ခဲ၊ ကြမ်းတမ်း၊ ပြင်းထန်တဲ့ တိုက်ပွဲတွေကို ဖြတ်သန်းခဲ့ရတယ်။ ဒီတိုက်ပွဲတွေကို သူဟာ ရဲရဲရင့်ရင့် ရင်ဆိုင်ခဲ့တယ်။ အနိုင်မခံ အရှုံးမပေးတဲ့ စိတ်ဓာတ်နဲ့ အနိုင်ယူခဲ့တယ်။ တော်လှန်ရေး တပ်ဖွဲ့ထဲမှာလည်း လူတန်းစားတိုက်ပွဲဟာ ရှိနေတာပဲ။ “ဆွမ်းဆန်ထဲ ကြွက် ချေးရော”ဆိုသလို တော်လှန်ရေးကို အရှုံးပေးချင်သူ၊ တော်လှန်ရေးကို သစ္စာဖောက်ခဲ့သူတွေ ရှိခဲ့တာပဲ။ ဒါပေမယ့် အညှံ့ခံရေးသမားတွေ၊ သစ္စာဖောက်တွေဟာ ပြည်သူ့တော်လှန်ရေးကို ဖျက်ဆီးနိုင်ဖို့ နေနေသာသာ၊ ရဲဘော်ငွေ တဦးတည်းရဲ့ တော်လှန်ရေး စိတ်ဓာတ်ကိုတောင် တွန့်ဆုတ်သွားအောင် ဂယက် မရိုက်နိုင်ခဲ့ပါဘူး။

ရဲဘော်ငွေရဲ့ ဘဝဟာ ခက်ခဲတယ်။ ကြမ်းတမ်းတယ်။ ပြင်းထန်တယ်။ ဒီလို ထု –တေမှုတွေဟာ ဆန့်ကျင်စွာပဲ ပိုင်းဖြတ်မှုရှိတဲ့ ရဲဘော်ငွေကို သံမဏိ ဖြစ်လာစေတော့ တာပါပဲ။

ရဲဘော်ငွေရဲ့ဘဝကို သရုပ်ဖော်ပြတဲ့ **“အရဏ်ဦး ခရီးသည်”**ဆိုတဲ့ အမည်ကိုကပဲ အင်မတန် သင့်တော်ပါတယ်။ တော်လှန်ရေးကို အဆုံးတိုင် ဆင်နွှဲရမယ်။ ခက်ခဲတဲ့ အချိန်မှာ အောင်မြင်ချက်တွေကို မြင်ရမယ်။ အလင်းရောင်ကို မြင်ရမယ် ဆိုသလိုပဲ ရဲဘော်ငွေဆိုတဲ့ တော်လှန်ရေးခရီးသည်ကြီးဟာ အမှောင်ထုတွေ၊ ခလုတ်တံသင်းတွေကို ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်း ကျော်နင်းလာခဲ့တာဟာ အရဏ်ဦးကိုတောင် မြင်နေရပါပြီ။

သို့သော် ... ... ခရီးဆုံးခန်းတိုင်ကိုတော့ မရောက်သေးပါ။

**“ကိုယ်ပေါ်က သွေးတွေကို သုတ်ပစ်ပြီး၊ ကျဆုံးသွားတဲ့ အာဇာနည်တွေကို မြှုပ်နှံသင်္ဂြိုဟ်ကာ ဆက်လက်ချီတက်သွားကြ ပါစို့”**

**ပဲခူး – နေဝင်း**

၂၀၀၆ မတ်လ ၂၈ ရက်။

## အရဏ်ဦးခရီးသည်အတွက်
## နိဒါန်းစကား

ရဲဘော်ငွေ(ခေါ်) ရဲဘော် မကြည်လေး ရေးတဲ့ **အရဏ်ဦးခရီးသည်** ဟာ ကျွန်တော် တို့နဲ့ နောင်လာနောက်သားများ လေ့လာသင့်တဲ့ စာအုပ်ကောင်း တအုပ်ပါ။ ဒီစာအုပ်ရဲ့ ပထမပိုင်းမှာပင် သမိုင်းဆိုင်ရာ မှတ်တမ်းမှတ်ရာ ၂ ပိုင်း တွေ့ရပါတယ်။ ပထမ တခုက ရဲဘော်မကြည်လေးရဲ့ ကိုယ်ရေးမှတ်တမ်းသဖွယ် အမျိုးသမီးလွတ်မြောက်ရေး ဘဝတိုက်ပွဲ အချက်အလက်တွေဟာ တကယ့်ဖြစ်ရပ်တွေ ပါ။ ကျွန်တော်တို့ တိုင်းပြည်က အမျိုးသမီးများ ကြုံတွေ့ရတဲ့ ဘဝတူ ဖြစ်ရပ်တွေပါ။ ဒုတိယအချက်က ပဲခူးရိုးမ ဗဟို အခြေခံဒေသရဲ့ ၁၉၄၉ – ၅၀ – ၅၁ ကာလတွေက တကယ့်ဖြစ်ရပ်တွေကို မှတ်တမ်းသဖွယ် အတော်စုံစုံလင်လင် ရေးထားတာ တွေ့ရပါတယ်။ ပဲခူးရိုးမရဲ့ အဲဒီကာလ ဖြစ်ရပ်တွေကို မှတ်တမ်းပြုစုထားတာ ကျွန်တော်တို့ပါတီမှာ အလွန်နည်းပါတယ်။ ဒါကြောင့် နောင်ခါမှာ နောက်ဆက်တွဲ မှတ် တမ်းရေးပြီး ထပ်မံဖြည့်စွက်နိုင်ရင် အလွန်ပင် တန်ဖိုးကြီးပါလိမ့်မယ်။

ရဲဘော်ငွေ(မကြည်လေး)ကို ကျွန်တော် စတင်သိရှိတာ ၅၀ ခု၊ အောက်တိုဘာ လလောက်မှာပါ။ ပဲခူးရိုးမရဲ့ "ဗဟိုပြည်သူ့သဘင်"အဖွဲ့မှာ သူတာဝန်ယူစကပင် စတင် သိကျွမ်း စပြုပါတယ်။ အဲဒီတုန်းက ကျွန်တော့်ဇနီး(ဟောင်း) ဒေါ်ခင်ဝင်းက ဗဟိုတပ်ပေါင်းစု ဌာန လက်နှိပ်စက်သမားပါ။ သူတို့ချင်း အတော်ခင်ကြပါတယ်။ ဒါကြောင့် ကျွန်တော်နဲ့ (တစေ့တစောင်း) သိကျွမ်းသူလိုလို ဖြစ်လာတယ်။ ၁၉၇၃ ခု၊ ကျွန်တော်က သံလွင်မြစ် အနောက်ခြမ်း ညွှန်ကြားရေးအဖွဲ့ တာဝန်ခံ။ အဲဒီအချိန်မှာ ရဲဘော်မကြည်လေး(ရဲဘော်ငွေ အမည်နဲ့) ရောက်လာတယ်။ ကျွန်တော့်အတွက်တော့ ခင်မင်သူ ရဲဘော်ဟောင်းတဦး ထပ်တိုး လာတာပေ့ါ။ (အမျိုးသမီးဘဝ လွတ်မြောက်ရေးအတွက် အားထားရသူလို့ ခံစားချက် ရှိတာ ကတကြောင်း၊ ပဲခူးရိုးမ အခြေခံဒေသမှာ အခက်အခဲထဲက ဘဝတူ ရဲဘော်ဟောင်းတဦးလို့ ခံယူထားတာကတကြောင်း ခင်မင်သူတဦး သဘာဝကျကျ ဖြစ်လာပါတယ်။)

အမျိုးသမီးဘဝ လွတ်မြောက်ရေးတိုက်ပွဲဆိုတာ တော်လှန်ရေးဘဝအတွင်းက အရေးကြီးတဲ့ လုပ်ငန်းတာဝန်တရပ်ပါ။ ဗမာပြည် လူမှုဘဝအတွင်း ယောက်ျားများထက် အမျိုးသမီးများဟာ ဖိနှိပ်ခံရမှု ပိုပါတယ်။ ဥက္ကဋ္ဌမော်က "ပြည်သူအားလုံး ဟာ တောင်ကြီး ၃ လုံးရဲ့ ဖိနှိပ်မှု ခံနေရတယ်။ အမျိုးသမီးများကတော့ အစဉ်အလာဟောင်း၊ ဓလေ့ ဟောင်းဖြစ်တဲ့ အဖကြီးစိုးတဲ့စနစ် ယောက်ျားကြီးဝါဒ၊ ကျား – မ တန်းမတူမှု အမျိုးမျိုးရဲ့ ဖိနှိပ်မှုဆိုတဲ့ တောင်ကြီးတလုံးရဲ့ ဖိနှိပ်မှုကို ထပ်မံခံရတယ်"လို့ ပြောခဲ့တာဟာ ဗမာပြည်ရဲ့ တကယ့်ရုပ်ဘဝအတွင်းလည်း မှန်ကန်ကြောင်း သာဓက ပြလျက်ရှိပါတယ်။

ဓလေ့ဟောင်း (ခေတ်လယ်စနစ်များ)ရဲ့ ဖိနှိပ်မှုဟာ လူ့အဖွဲ့အစည်းအတွင်းသာ ပျံ့နှံ့နက်ရှိုင်းနေတာသာမက ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းမှာတောင် စွဲကပ်နေတဲ့ ခေတ် နောက်ကျတဲ့ အတွေးအခေါ်တရပ်ပါ။ ဥပမာ – တော်လှန်ရေး အတွင်းမှာပင် ဧည့်သည်လာ ရင် အမျိုးသားရဲဘော်များက စကားလက်ဆုံ ပြောကြပြီး၊ အမျိုးသမီးရဲဘော်များက ဧည့်ပြု စုသူ လုပ်လေ့လုပ်ထ ဖြစ်ခဲ့တာ တွေ့ရတယ်။ တော်လှန်ရေးဘဝ အိမ်ထောင်တွေထဲမှာ လည်း အိမ်မှုကိစ္စ အများပိုင်းကို ရဲဘော်ဇနီးသည်က တာဝန်ယူလေ့ရှိပြီး အိမ်မှုကိစ္စတွေကို လုပ်တဲ့ ကျားဟာ (ကျားမပီသလို့တောင်) သရော်ကြတာ တွေ့ရပါတယ်။

ဒ့ါပြင် ဗမာပြည်မှာ အမျိုးသမီးများ နိုင်ငံရေးလုပ်ခွင့် စတင်တာဟာ ၂၀ ရာစု အစမှာဆိုတော့ ရာစုနှစ်ဝက်ကျော်လောက်သာ ရှိသေးတာမို့ နိုင်ငံရေးလုပ်တဲ့ အမျိုးသမီးက အနည်းစုပါ။ (အကျင့်မရသေးတဲ့ သဘောပါ။) ဒါကြောင့် နိုင်ငံရေးလုပ်တဲ့ အမျိုးသမီး တွေဟာ အထင်လွဲမှုအမျိုးမျိုး ခံကြရပါတယ်။ ဥပမာ – လူထုစည်းရုံးရေးဆင်းရင် ကျားရဲဘော်က အများစု၊ အမျိုးသမီးက အနည်းစုဆိုတော့ တချို့ ပါတီကို ထောက်ခံတဲ့ရွာများမှာပင် ရဲဘော်မ များကို ပျံလွှားမတွေလို့ ပြောတာ ကျွန်တော်ကိုယ်တိုင် ဆွေးနွေးပညာပေးရတာ အကြိမ် အချို့ ရှိခဲ့ဖူးတယ်။ သူတို့ပြောတာက "ပျံလွှားမတွေ ဒီနေ့ ဒီရဲဘော်နဲ့ တွဲလိုက်။ နောက်နေ့ မှာ တခြား ရဲဘော်နဲ့ တွဲလိုက်"တဲ့။ အဲဒါ အထင်လွဲခံရမှု တမျိုးပါ။

နောက် တမျိုးက တော်လှန် ရေးထဲမှာ ရဲဘော်က အများစု။ ရဲဘော်မ,က အလွန် အနည်းစု။ လူ့ သဘာဝအရ ဝိုင်းပိုးကြတယ်။ ချစ်ရေးဆိုကြတယ်။ စာပြန်ဖို့ပင် ခက်ခဲပါတယ်။ စာမပြန်ရင် ဒါမှမဟုတ် လေးလေးစားစား သဘောထားနဲ့ စာပြန်ရင် ကြိုးရှည်ရှည်နဲ့ လှန် တယ်လို့ အပြောခံ ရပါတယ်။ စိတ်မရှည်တော့လို့ ခတ်ပြတ်ပြတ်ရေးရင် မာနကြီးတယ်။ ရိုင်းစိုင်းတယ် လို့ အပြော ခံရပြန်တယ်။ ဒါမျိုးကလည်း မပြတ်ကြုံရတဲ့ အမျိုးသမီးများရဲ့ ဒုက္ခတခုပါပဲ။

ပဲခူးရိုးမရဲ့ အခြေခံဒေသအကြောင်း (အရင်ပြည်သူ့ အာဏာဂျာနယ်များမှာ) အနည်းအကျဉ်း ဖတ်ဖူးမှတ်ဖူးပါတယ်။ ကျွန်တော်ဟာ ပဲခူးရိုးမ အခြေခံဒေသမှာ ၈–လ လောက် စစ်တိုက်ခဲ့ဖူးပါတယ်။ အဲဒီကာလက ကျွန်တော်တို့ပါတီ – တပ်– တပ်ပေါင်းစု အားကြီးပြီး ရန်သူကို ရန်ကုန်အစိုးရလို့ ခေါ်နေရတဲ့ အခြေအနေပါ။ မြို့ကြီးအများစု – ရေလမ်း – သံလမ်း – ကားလမ်း ပို့ဆောင်ရေး ယန္တရား အများစုကို တော်လှန်ရေး အင်အား စုတွေက ကိုင်ထားတာပါ။ ဒီလိုအားကြီးတဲ့ အခြေအနေမှာ ပဲခူးရိုးမမှာ ရှိတဲ့ တပ်တွေ ငတ်ပြတ် ဒုက္ခခံရတာဟာ ကျွန်တော် တဦးချင်းအမြင်အရ ပြောရရင် ပါတီဗဟိုရဲ့ အတွေ့ အကြုံ နုနယ်မှုတွေကြောင့်လို့ ထင်ပါတယ်။

အဲဒီတုန်းက ပါတီဗဟိုဟာ ပါတီနဲ့တပ်တည်ဆောက်ရေးကို အဓိက သော့ချက် အဖြစ် မထားဘဲ၊ ပါတီတွင်း အတွေးအခေါ် မှန်ကန်ရေးကို အလေးမထားဘဲ လုပ်ငန်း အမျိုးမျိုးမှာ ဗျာများနေတာပါ။ ပါတီက အားကြီးလာတော့ မာနကြီးလာတာလည်း ပါတယ်။ ပါတီကွန်ဂရက်လည်း မခေါ်၊ တပ်ပေါင်းစုဆွေးနွေးပွဲကို အဓိကထားလုပ်နေတယ်လို့ပဲ ပြန် လည်သတိထားလာမိတယ်။ ၃ ပါတီ တပ်ပေါင်းစု (ပါတီ၊ ပြည်သူ့ရဲဘော်၊ အလံနီ) ဆွေး နွေးပွဲတွေမှာ အချိန်ကုန်နေခဲ့တယ်။ ဒီနောက် ၂ ပါတီ(အလံနီ၊ ဗကပ) ဆွေးနွေးပွဲတွေမှာ အချိန် ကုန်ရပြန်တယ်။ မိမိပါတီ အတွေးအခေါ်မမှန်ဘဲ အလုပ်တွေကိုသာ သဲသဲမဲမဲ လျှောက်လုပ်နေတော့ တလွဲတွေများပြီး ပဋိပက္ခတွေက တိုးလို့သာလာပါတယ်။

စစ်ရေးမှာလည်း အဲဒီကာလအတွင်း လက်ဝဲ – လက်ျာ အမှား ၂ မျိုးလုံး တွေ့ရ တယ်။ အဲဒီကာလမှာ မြို့တွေပေါ်က ဆုတ်ပေးရပုံဟာ ကျွန်တော့်ဘဝအတွင်း ခံစားချက် မကောင်းတဲ့ ကိစ္စကြီးတခုပါ။ ဒါကြောင့် ခေါင်းဆောင် ရဲဘော်တွေက တယောက်ပြီး တ ယောက် လာရောက် ဆွေးနွေးကြပါတယ်။ 'ဥက္ကဋ္ဌမော်' 'ယင်အန်'က ဆုတ်ပေးပြီး ရန်သူ့ တပ်ကို ချေမှုန်းခဲ့တဲ့ ဇာတ်လမ်းကို ထပ်ခါ ထပ်ခါ ရှင်းပြကြတယ်။

တကယ့်လက်တွေ့က ပြောရင် 'ယင်အန်'က ဆုတ်ပေးပြီး ရန်သူအများကို သတ်ကွင်းထဲ သွင်းချေမှုန်းတော့ 'ယင် အန်'လည်း ပြန်ရတယ်။

ကျွန်တော်တို့ကတော့ တဆုတ်တည်းဆုတ်ပြီး ဘယ်မြို့မှ ပြန်မရပါ။ မြို့ကို အသေကိုင်တာမျိုးဟာ မှားယွင်းသလို အလွယ်တကူ လက်လွှတ်တာ မှားပါတယ်။ တင့်ကား တွေ၊ အမြောက်တွေ၊ စက်ကြီးတွေ၊ ခဲယမ်းတွေကိုလည်း တန်ပြန်ထိုးစစ်အတွက် ဆိုပြီးအဝှက် ခိုင်းပါတယ်။ ဒုတိယ ကမ္ဘာစစ်မှာ 'ရဲဘော်စတာလင်' ကျင့်သုံးသလို တန်ပြန် ထိုးစစ်ကျမှ သုံးမယ်လို့ ပြောပါတယ်။ လက်တွေ့မှာတော့ နယ်မြေတွေကလည်း တဆုတ်တည်း ဆုတ်ပေးရတော့ လက်နက်ကြီးတွေ ခဲယမ်းတွေ မတိုက်ရဘဲ ဆုံးကုန်တာ တွေ့ရတယ်။ "နယ်မြေ သိမ်းရေး အဓိက မဟုတ်၊ ချေမှုန်းရေး အဓိက"ဆိုပြီး တနယ်ပြီးတနယ် လက်လွှတ်ခဲ့ရတယ်။ တကယ်က မိမိဒေသကို ထိုးလာတဲ့ ရန်သူကို တားဆီးတိုက်ခိုက်ရေးနဲ့ ဝိုင်းပတ်ချေမှုန်းရေး သေသေချာချာ လုပ်တတ်ရင် (ကျွန်တော်တို့ဟာ နယ်မြေ ကျယ်ကျယ်ကြီး ကိုင်ထား၊ မိမိ ကျွမ်းကျင်ရာ ပထဝီဆိုတော့) အကျအဆုံး နည်းနည်းနဲ့ တိုက်ကွက်တွေ ဖော်နိုင်တယ်။ အဲဒီကာလ လက်တွေ့လုပ်ပုံကတော့ နည်းနည်းတိုက်လိုက် ဆုတ်ပေးလိုက်။ ရန်သူ နောက်ပိုင်းသွားပြီး ချုံခိုတိုက်လိုက်။ တဆုတ်တည်း ဆုတ်ပေးရတဲ့ပုံ ဖြစ်သွားတော့တယ်။

မြို့တွေအားလုံးကုန်တော့ မြို့က ရန်သူ့စခန်းကို တိုက်ခိုင်းတာနဲ့ ကားလမ်း ချုံခိုတိုက်ခိုင်းတာကို တပ်ရင်းတွေ အလှည့်ကျ တိုက်ခိုင်းတယ်။ တပ်အင်အားကြီးကြီး စုပြီး တိုက်ကွက်ဖော်တာလည်း သေသေချာချာ မစီစဉ်ကြ။ ကျွန်တော်တို့ တွေ့ကြုံရတာကတော့ ရန်သူ့စခန်းတွေ တိုက်တာဟာ (မိမိက ယာယီစခန်း သိမ်းနိုင်ဦး) အကျအဆုံး များတယ်။ ကျည်အား ဖြုန်းတာလည်း များတယ်။ (ဒါကြောင့် ကျွန်တော်တို့ အရှေ့မြောက် စစ်ဒေသ ရောက်တော့ စခန်းကိုဝိုင်းပြီး ရန်သူ့တပ်ကူ တိုက်နည်း(ချေမှုန်းနည်း)ကို အဓိက ကျင့်သုံး ခဲ့တယ်။)

အဲဒီကာလက ၂ နှစ်အတွင်း စစ်နိုင်ရေးဆိုတာ ဗဟိုဆုံးဖြတ်ချက် မဟုတ်ဘူးလို့ ပြောပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ တပ်တွေကို ဗဟိုခေါင်းဆောင်များ လှုံ့ဆော်တာကတော့ သေချာတယ်။ ဗဟိုပြည်သူ့သဘင် အဖွဲ့က သီချင်းတွေလည်း အမြဲ ကြားနေ တာပဲ။ တပ်မကြီး ၁ မှာ တလတပွဲတိုက်ဖို့ စီမံကိန်းချတာ တကယ်ရှိခဲ့တာပါ။ ပထမ လယ်ဝေး တိုက်ခိုင်းတယ်။ ဒီပွဲတွေနိုင်ရင် ပျဉ်းမနားကို သိမ်းမယ်လို့ ပြောကြတာပါ။ တကယ့်လက်တွေ့ တိုက်တဲ့အခါမှာလည်း တပ်အင်အားစုပြီး သာလွန်တဲ့နည်းနဲ့ တိုက်ကွက်ဖော်တာ မဟုတ် ပါ။ တပ်ရင်းတွေလိုက် အလှည့်ကျ တိုက်ခိုင်းနည်း လုပ်ခဲ့တယ်။ ကျွန်တော်တို့ စစ်တိုက်တဲ့ ပွဲတွေမှာ ဘယ်ခေါင်းဆောင်မှလည်း မလာကြပါ။ (တပ်မဟာမှူး တောင် မပါ,ပါ)။

လယ်ဝေးတိုက်ပွဲ ၂ ပွဲ။ လမ်းပျဉ်းမနား တပွဲ(မြို့ကလေးတွေကို ဝင်တိုက်တဲ့ပွဲ) မအောင်မြင်တော့ ***"ရန်သူ လှုပ်ရှားစဉ်တိုက်"*** ဆိုပြီး ကားလမ်း(ရန်သူ)ကို ချုံခိုတိုက်ပွဲတွေ လုပ်ခိုင်းပါတယ်။ ဒါလည်း အင်အားစုပြီး ***သေသေချာချာ တိုက်ကွက် ဖော်တာ*** မဟုတ်ပါ။ တပ်ရင်းတွေပဲ အလှည့်ကျတိုက်ခိုင်းပါတယ်။ ကျွန်တော်တို့ တပ်ရင်းတွေက သွားတိုက် ကြတဲ့အခါ ရန်သူသွားနေကျ ကားလမ်းဘေးမှာ ***လာတတ်တာကို မှန်းဆတွက်ချက် စောင့်ကြိုတိုက်ပွဲမျိုး*** သာ လုပ်လေ့လုပ်ထ ရှိခဲ့တယ်။ ရန်သူမုချ လှုပ်ရှားလာအောင် ဖိအားပေး၊ လှုပ်ရှားလာတဲ့ ရန်သူကို တိုက်တဲ့နည်း မဟုတ်ပါ။ (ဥပမာ – စခန်းဝိုင်းပြီး ဖိအားပေး၊ ရန်သူ တပ်ကူလာရာ လမ်းကို တိုက်ကွက်ဖော်တာမျိုး မဟုတ်ပါ။ ရန်သူ့ပို့ဆောင်ရေးလမ်းကို တပ်အချို့က ကိုင်ထားပြီး တပ်တချို့က လှုပ်ရှားလာတဲ့ ရန်သူကို တိုက်တာမျိုးလည်း မဟုတ် ခဲ့ပါ။)

စစ်တိုက်ရင် ရန်သူ့သတင်းဆိုင်ရာ ပိုက်ကွန်ကောင်းကောင်း တည်ဆောက်ရမယ်။ တိကျတဲ့သတင်းအချက်ရှိရင် ချုံခိုတိုက်ပွဲဟာ (နီးရာတပ်သုံးပြီး) တိုက်ရင် အကျိုးရှိ တတ်ပါ တယ်။ မှန်းဆတွက်ချက် စောင့်ကြိုတိုက်နည်းမျိုး မလုပ်တာ အကောင်းဆုံးပါ။ "မပိုင်ရင် မတိုက်နဲ့"ဆိုတဲ့ စစ်ရေးလမ်းညွှန်ကို ဆုပ်ကိုင်သင့်တယ်။ (ကျွန်တော် ပဲခူးရိုးမ နေစဉ်က ခံစားချက်ကို ပြန်လည်သတိရလို့ အလျဉ်းသင့်တာနဲ့ ရေးလိုက်မိတာပါ)။

ရဲဘော်ငွေက ၃ လွှန်းတင်၊ ၂ လွှန်းတင် ထမင်းအကြောင်းပြောတော့ ဒီကာလ ဗဟိုအခြေခံဒေသမှာ နေခဲ့ကြရတဲ့ ရဲဘော်အားလုံး အတူခံစားရတဲ့ ဒုက္ခပါ။ အဲဒီတုန်းက ကျည်တောင်ကန်မြို့နယ်က ထမင်းထုပ်ကို လယ်ဝေးအနောက်ခြမ်းလောက်အထိ သယ် ကျွေးရတာမျိုးဖြစ်ခဲ့တော့ မနက်စာ ညမှ ရောက်တယ်။ ထမင်းဟင်းတချို့က သိုးကုန်တယ်။ တချို့ရက်တွေ တနပ်သာစားလိုက်ရတယ်။ ကေဒါတွေ၊ ပါတီဝင်တွေ စံပြလုပ်ပြကြဖို့ ကျွန်တော်တို့က နေ့တိုင်းလှုံ့ဆော်ရတယ်။ ကေဒါအများစုဟာ ကိုယ်ရောင်ရောဂါ၊ ဝမ်းကိုက် ရောဂါ၊ ငှက်ဖျားရောဂါ စွဲကြတယ်။ တချို့ကျဆုံးကုန်တယ်။ ကျွန်တော် ငယ်စဉ်က ကျန်းမာ ရေး လိုက်စားသူပါ။ လယ်ဝေးဒေသ ရောက်ပြီး ၃ လလောက်အကြာမှာ ရောဂါ ၃ မျိုးလုံး စွဲကပ်ခဲ့တယ်။ ၆ လလောက်ကြာတော့ အဆုပ်ရောဂါပါ ရလာတော့တယ်။ ဒီရောဂါတွေကို တရုတ်ပြည် ပညာတော်သင် ရောက်မှ ကုသပျောက်ကင်း သွားပါတယ်။ အစာအိမ်ရောဂါနဲ့ ငှက်ဖျားဒဏ်ကြောင့် ဆံပင် ကျွတ်တာကတော့ ရာသက်ပန် အမွေအဖြစ် ကျန်ရစ်ဆဲပါ။

ပျဉ်းမနားခရိုင် လူထုဟာ အလွန်ကောင်းပါတယ်။ ခရိုင်ပါတီကလည်း အလွန် စည်းရုံးရေး ကောင်းပါတယ်။ ဥပဒေတွင်း ကာလတုန်းက ပါတီရဲ့ လွှတ်တော်အမတ် ၇–ဦးထဲမှာ ပျဉ်းမနားခရိုင်က ၄ ဦးပါဝင်တယ်။ ဒီဒေသကို ခေါင်းဆောင်သူတွေကလည်း လူကြည်ညို ခံရသူတွေပါ။ သခင်တင်ထွန်း၊ သခင်ဖေတင့်၊ သခင်တင်ရီ၊ ရဲဘော်ရဲထွန်းစတဲ့ ခေါင်းဆောင်ကောင်းတွေပါ။ လယ်သမားသမဂ္ဂတွေနဲ့ ခေါင်းဆောင်တွေကို ကာကွယ်တဲ့ တပ်ဟာ တပြည်လုံးမှာ အင်အားအတောင့်ဆုံးပါ။ ကျေးရွာအများစုဟာ ဥပဒေတွင်း ကာလ မှာ အမှုအခင်းရှိရင် ပါတီရုံးတွေမှာ လာရောက် ဖြေရှင်းလေ့ရှိပါတယ်။ အဲဒီတုန်းက လူထုနဲ့ ပါတီကို ကာကွယ်ရေး တာဝန်ခံဟာ ရဲဘော် (ဦး)ရဲထွန်းပါ။ ရဲဘော်သိန်းထိုက် (ကွယ်လွန်)က ခရိုင်တရားသူကြီးပါ။

၁၉၇၁ ခုနှစ်မှာ ရှမ်းပြည်တောင်ပိုင်းနဲ့ အလယ်ပိုင်း ပြောက်ကျားဒေသမှ ခေါင်း ဆောင်ရဲဘော်များ ကျွန်တော်တို့ အရှေ့ မြောက်စစ်ဒေသကို ရောက်လာတယ်။ ပထမဆုံး ရောက်လာသူတွေက ရဲဘော်မောင်မောင်လေး(စစ်ကိုင်း)၊ ဦးရဲထွန်း(ပျဉ်းမနား)၊ ဦးမောင် မောင်စိန်(ကွယ်လွန်၊ တောင်ငူ)၊ ဦးခင်ညို(မြင်းခြံ) တို့ပါပဲ။ အားလုံးဟာ ကျွန်တော် အလွန်တွေ့ချင်နေသူတွေ ဖြစ်ရုံမက တော်လှန်ရေး ဒီရေကျ ကာလရှည်ကြီးကို ကြံ့ကြံ့ခိုင်ခိုင် ရပ်တည် ဖြတ်သန်းလာကြသူတွေပါ။

ကျွန်တော်ဟာ ၁၃၀၀ပြည့် အရေးတော်ပုံကာလက စထင်ပြီး နိုင်ငံရေးနယ်ပယ်ထဲ ရောက်လာသူပါ။ ဒါကြောင့် ၁၉၅၁ အထိ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး၊ ဂျပန်ဖက်ဆစ် တော်လှန်ရေးတိုက်ပွဲများနဲ့ ပြည်သူ့ဒီမိုကရေစီတိုက်ပွဲများအတွင်း အထက်ပါ ရဲဘော်ကြီး များ(ခေါင်းဆောင်များ)နဲ့ ဘဝတူတွေပါ။ တော်လှန်ရေးဘဝအတွင်း အန္တရာယ်အမျိုးမျိုး၊ အခက်အခဲ ဆင်းရဲဒုက္ခအမျိုးမျိုးကို ဖြတ်ခဲ့ဖူး ကြတယ်။ ပြည်တွင်းပြည်ပ ရန်သူအမျိုးမျိုးကို တိုက်ခဲ့ဖူးကြတယ်။ ချုံပြောရင်တော့ တော်လှန်ရေးရဲ လောကဓံ အမျိုးမျိုးကို ဖြတ်ကျော် ခဲ့ဖူးကြတယ်။ ဒါပေမယ့် ကျွန်တော်ဟာ တော်လှန်ရေးရဲ့ အတက်အကျ ***ကာလတို***သာ ကြုံခဲ့ဖူးသူပါ။ သူတို့လို တော်လှန်ရေး ***အကျကာလရှည်ကြီးမျိုး*** မဖြတ်သန်းခဲ့ဖူးပါဘူး။ အကြောင်းကတော့ ၁၉၅၁ ဇူလိုင်လ ၁ ရက်မှာ ကျွန်တော် တရုတ်ပြည်ကို (ပါတီရဲ့ တာဝန် ပေးချက်အရ) မာ့က်စ်လီနင်ဝါဒ လေ့လာရေး

ထွက်သွားရလို့ပါပဲ။

တော်လှန်ရေး အကျကာလရှည်ကြီးကို လိုက်ပါ ကျော်နင်းရတာဟာ တကယ်ပင် မလွယ်လှပါဘူး။ တော်လှန်ရေးထဲပါရင် အန္တရာယ်အမျိုးမျိုး၊ အခက်အခဲ အမျိုးမျိုးကတော့ ကြုံရစမြဲပဲ။ အထူးသဖြင့် အကျကာလ ရှည်တယ်ဆိုရင် အန္တရာယ်ကလည်း အကြိမ် ကြိမ်ကြုံရ၊ အခက်အခဲ အမျိုးမျိုးကိုလည်း အကြိမ်ကြိမ်ကြုံရ၊ အတွင်းပဋိပက္ခမျိုးစုံကိုလည်း ရင်ဆိုင်ရတတ်ပါတယ်။ ကျွန်တော့်ဘဝ အတွေ့အကြုံအရ ပြောရရင် အန္တရာယ်ကြုံလာရင်၊ အခက်အခဲကြုံလာရင် အသက်စွန့်ဖို့အထိ ဆုံးဖြတ်လိုက်ရင် မဖြုံတော့ပါ။ (သေကံ မရောက် ရင်တော့) ကျော်နင်းနိုင်တော့တာပါပဲ။

အခက်အခဲဆုံးကတော့ ပါတီတွင်း ပဋိပက္ခကြုံတဲ့အခါ ပိုပြီးခက်ပါတယ်။ မိမိ အနေအထားအရ ဖြေရှင်းနိုင်စွမ်းလည်းမရှိ။ အလွန်တရာ စိတ်ရှုပ်ရပါတယ်။ (၁၉၅၈ အဝေး ရောက် ပါတီဗဟိုအတွင်း အကွဲအပြဲကြုံတော့ ကျွန်တော်တချို့ညတွေမှာ ငိုဖူးပါတယ်)။ ဒါကြောင့် ကျွန်တော်ဟာ တော်လှန်ရေးအကျ ကာလရှည်ကြီးထဲမှာ လိုက်ပါကျော်နင်း လာခဲ့သူတွေကို အတော်စာနာပါတယ်။ ကျွန်တော်နဲ့ ဦးရဲထွန်း၊ ဦးမောင်မောင်စိန်တို့ ခင်မင်မှုဟာ အဲဒီလို ဘဝနောက်ခံအောက်မှာ ဖြစ်ပေါ်ခဲ့တာပါ။

ဦးရဲထွန်း ၇၁ ခုရောက်လာပြီး ရှမ်းပြည်တောင်ပိုင်းကို ပြန်ဆင်းသွားတယ်။ ဒုတိယအသုတ် ရောက်လာတော့၊ ရဲဘော် မကြည်လေးဟာ ရဲဘော်ငွေအဖြစ်နဲ့ ပါလာ ပါတယ်။ ဒါ့ပြင်သူ့ကို မုံဂူဒေသမှာ (ယာယီ)နေဖို့ ပါတီဗဟိုက တာဝန်ပေးပါတယ်။ ဒီကာလ က သံလွင်အနောက်ခြမ်း ညွန်ကြားရေးအဖွဲ့ကို ကျွန်တော် တာဝန်ခံရ ပါတယ်။ ဒါကြောင့် နှစ်ပေါင်း ၂၀ လောက် ဗမာပြည် တော်လှန်ရေး လက်တွေ့ ဘဝအခြေအနေ အရပ်ရပ်ကို ရဲဘော်ငွေထံမှ အတော်ပင် စုံစုံလင်လင် သိရပါတယ်။

ရန်သူ့ထိုးစစ် အကြိမ်ကြိမ် ကြုံရတာတွေ၊ ဗဟိုအခြေခံဒေသ ရွှေ့ပြောင်းရတာ တွေ၊ ကျဆုံးသွားတဲ့ ခေါင်းဆောင်များ အကြောင်းတွေ ကြားသိရတဲ့အပြင် ၁၉၅၅ – ၅၆ ကာလမှာ ခေါင်းဆောင်များ၊ ကေဒါများရဲ့ အိမ်ထောင်တွေကို မြို့ပေါ်ပြန်သွားခိုင်းတဲ့ အကြောင်း ကြားရတော့ အတော်ပင် ရင်နင့်စရာ အဖြစ်အပျက်တွေ ပါလာပါတယ်။ တော် လှန်ရေး အကျကာလမှာ အမျိုးသမီးများ၊ ကလေးများဟာ ပိုပြီးဒုက္ခ ရောက်ကြ ရပါတယ်။ ဝမ်းနည်းဖွယ်ပါ။ ဥပမာ – အမျိုးသမီးများ၊ ကလေးများကို မြို့ပြန်ပို့တော့ ရန်သူအုပ် စိုးတဲ့ဒေသ ပြန်ကြရပြီး စားရေးနေရေးကလည်းခက်၊ ရန်သူကလည်း စစ်ကြော မေးမြန်း၊ ခြိမ်းခြောက်တာတွေလည်းခံရ၊ မျက်နှာငယ်ဘဝ ရောက်ကြရပုံတွေ ကြားသိရ ပါတယ်။ ဒီလို ဒုက္ခမျိုး ကျွန်တော် မကြုံဘူးပါ။ တကယ်ပင် စိတ်မကောင်းဖွယ်ပါ။

ကျွန်တော် တော်လှန်ရေးအကျကာလ ရှည်ကြာတဲ့အခါ ကြုံရတဲ့ အန္တရာယ် အမျိုးမျိုး၊ ဆင်းရဲဒုက္ခအမျိုးမျိုး ပါတီတွင်းတိုက်ပွဲမှာ ကြုံရတဲ့ ဒုက္ခအမျိုးမျိုးအကြောင်း တပ်မ ဟာ ၂ မှာရှိတဲ့ ကေဒါတွေကို ရှင်းပြပါတယ်။ အဲဒီဆွေးနွေးပွဲဟာ တကယ်ပင် အသက်ဝင် လှပါတယ်။ ဆွေးနွေးပွဲ ပါဝင်သူ အားလုံးဟာ တိတ်ဆိတ်ပြီး မျက်နှာတွေဟာ တည်ကြည် ဝင်းလက်လာတယ်။ ဒီအခါ တပ်မဟာ နိုင်ငံ ရေးမှူး ရဲဘော်အင်ဖန်းက **"အခက်အခဲ ကျော်နင်း လာတဲ့ ရဲဘော်များကို လေ့လာကြ"**လို့ကြွေးကြော်တော့ ရဲဘော်အားလုံးက **"လေ့လာ ကြ"** **"အတုယူကြ"**လို့ သံပြိုင်ကြွေးကြော်ကြတယ်။ (အခု ဒီဘက်ကို ရောက်လာကြတဲ့ ရဲဘော် တွေဟာ **"ဆန်ခါတင်"**တွေလို့ ဖြည့်ဆွက်ပြောပြတော့ ဘာသာပြန်ရဲဘော် အခက်ကြုံသွားလို့ ကျွန်တော်က "တလန့်ထောင်စား" ဆိုတဲ့ တရုတ်ဝေါဟာရကို ပြောပြီး ရှင်းပြခဲ့ရတာကိုလည်း မှတ်မိနေတယ်)။

တော်လှန်ရေးသမိုင်း ပညာပေးရေးဟာ အလွန်ပင် အရေးကြီးပါတယ်။ တော်လှန် ရေး တက်ရင် မိမိတပ်ဖွဲ့ထဲမှာ မာနကြီးတတ်တာတွေ၊ ကေဒါတချို့ ပျက်စီးတာတွေ ရှိတတ်ပြီး၊ တော်လှန်ရေး ကျတဲ့အခါ တပ်ပြေးတွေ၊ လက်နက်ချတွေ၊ တချို့ သစ္စာဖောက် တွေအထိ ပေါ်တတ်တယ်။ အများအပြားဟာ စိတ်ဓာတ်ကျတာတွေအထိ ဖြစ်တတ်တယ်။ ပညာပေးရေး အားစိုက်ကြရပါတယ်။

ရဲဘော်ငွေကိုလည်း ၁၉၇၄ ခုနှစ်ထဲမှာ နယ်စပ်ရှိတဲ့ လူနည်းစု အမျိုးသားတွေ အတွင်းရှိ အမျိုးသမီးဘဝဟာ လူမျိုးကြီးဒေသ မှာထက် ဓလေ့ဟောင်း၊ အစဉ်အလာဟောင်း ဒဏ်တွေ ခံရတာကို ကျွန်တော် ရှင်းပြဖူးတယ်။ အမျိုးသမီးများဟာ အဖကြီးစိုးတဲ့စနစ်၊ ယောက်ျားကြီးဝါဒ၊ ကျားမ တန်းမတူမှုများကို ခံကြရတာ တူပါတယ်။ ဒါပေမယ့် အစဉ် အလာဟောင်း၊ ဓလေ့ဆိုးတွေဟာ ပိုပါတယ်။ လူနည်းစုအမျိုးသားများအတွင်း အမျိုး သမီးများရဲ့ဘဝဟာ ယောက်ျားများနဲ့ တန်းတူအခွင့်အရေး ရဖို့ဆိုရင် အလုပ်သမား လူတန်းစား အာဏာရပြီးတောင် နှစ်ပေါင်းရာနဲ့ချီပြီး ဂရုစိုက် ပညာပေးတာ၊ ဥပဒေထုတ်တာ (လူထုလှုပ်ရှားမှု လုပ်တာ) တွေ ရှိဖို့လိုအပ်ပါတယ်။ ဒီကစ္စတွေကို ရဲဘော်ငွေကို ဂရုစိုက် ရှင်းပြခဲ့ရတာကတော့ သူဟာ အမျိုးသမီးဘဝ လွတ်မြောက်ရေး အတွေ့အကြုံလည်းရှိ၊ စိတ်ဝင်စားမှုလည်း ကြီးတာကြောင့် ပါပဲ။

ရဲဘော်ငွေဟာ နယ်စပ်ဒေသ ရောက်ပြီး ဆေးပညာသင်ပြီးနောက် ဗဟိုရဲ့ ခန့်ခွဲမှု အရ အရှေ့မြောက် စစ်ဒေသ ဆေးရုံကြီးမှာ ဒုနိုင်ငံရေးမှူးတာဝန် ယူပါတယ်။ အခိုင်အမာ တာဝန်ခန့်ခွဲသူက ကျွန်တော်ပါ။ သူနဲ့အတူ တာဝန်ခံလုပ်တဲ့ ပထမ နိုင်ငံ ရေးမှူးက ရဲဘော် လောင်းမျော် (တရုတ်နာမည် လော်ကွမ်းမံ)ပါ။ ဒီရဲဘော်ဟာ မရူလူမျိုး ဖြစ်ပြီး၊ လူမျိုးရေး၊ ဂိုဏ်းဂဏ ကင်းစင်သူပါ။ ပါတီဝင် လည်းဖြစ်၊ အလုပ်လည်း တက်ကြွ ရိုးသားတဲ့သူ တဦး ဖြစ်ပါတယ်။ လူမှုဆက်ဆံရေးကလည်းကောင်း၊ စိတ်ရှည်မှုကလည်း ချီးကျူး ဖွယ်ပါ။ ရဲဘော် ငွေနဲ့လည်း အလွန်ပင် သင့်သင့်မြတ်မြတ် ညှိနှိုင်းလေ့ ရှိပါတယ်။

နယ်စပ်ဒေသရှိ ကျွန်တော်တို့ ပြည်သူ့တပ်မတော်ထဲမှာ လူမျိုး ၂၁ မျိုးတောင် ရှိပါတယ်။ ဒါကြောင့် ဘယ်ရဲဘော်၊ ဘယ်ခေါင်းဆောင်ပဲဖြစ်ဖြစ်၊ လူမျိုးရေး ဂိုဏ်းဂဏ ဒဏ် ကတော့ အနည်းနဲ့အများ ခံကြရပါတယ်။ လူမျိုးကြီးတွေရဲ့ ရှော်ဗင်ဝါဒကတော့ အဓိက ထားတိုက်ရမှာပါ။ ဒါပေမယ့် လူနည်းစု ဒေသ(အခြေခံဒေသ) ဖြစ်လာရင် လူများတာက နယ်ခံလူနည်းစုတွေပါ။ သူတို့က အပေါ်စီး အခြေအနေပါ။ ဒါကြောင့် အပြင်ကလာတဲ့ ဘယ်လူမျိုးပဲဖြစ်ဖြစ် လူနည်းစုဘဝ ရောက်ကြရပါတယ်။ ဒါကြောင့် လူမျိုးရေး ဂိုဏ်းဂဏရဲ့ ဝိုင်းပယ်မှု၊ မဟုတ်တမ်းတရား ရှောက်ပြောမှု၊ တဆိတ်ကို တအိတ်လုပ်မှုဒဏ်တွေကို ခံကြ ရပါတယ်။ ထိပ်ပိုင်းခေါင်းဆောင်တွေကိုတော့ ပြောဝံ့သူ နည်းပါတယ်။ လက်တွေ့လုပ်တဲ့ ကေဒါတွေဟာ ဂိုဏ်းဂဏဒဏ် အလူးအလိမ့် ခံကြရတော့တယ်။

ကျွန်တော်ဟာ လူနည်းစုရဲဘော်အများစုနဲ့ ရောနှောနေထိုင်လေ့ ရှိပါတယ်။ ဒါ ကြောင့် ရှမ်းရဲဘော်တွေက ကျွန်တော့်ကို ရှမ်းနဲ့တူတယ်။ ဗမာနဲ့ မတူဘူးတဲ့။ ကချင် ရဲဘော် တွေကလည်း ကချင်နဲ့တူသတဲ့။ ဝ,ရဲဘော်တွေကလည်း ဝ,နဲ့ တူပြန်သတဲ့၊ တရုတ် ရဲဘော် တွေကတော့ တရုတ်နဲ့ တူပြန်သတဲ့။ ဒီစကားတွေ ကြားရတော့ ကျွန်တော်က ဝမ်းမသာ တဲ့အပြင် အခံရခက်ပါတယ်။ ဒီစကားမျိုးတွေရဲ့နောက်ကွယ်မှာ (ဗမာလူမျိုးတွေကို သူတို့ တမျိုးကြည့်မြင်တဲ့) ဂိုဏ်းဂဏတွေ ပါရှိနေပါတယ်။

လူနည်းစု အမျိုးသား ဒေသတိုင်းမှာပဲ လူမျိုး ၃ – ၄ မျိုး ရှိကြပါတယ်။ ရှမ်းပြည် နယ်ဟာ ဒေသတကွက်၊ အဓိက စကားတမျိုး ပြောကြပြီး၊

ဗမာစကား ပေါက်သူက အနည်း စုပါ။ ဒါကြောင့် ဂိုဏ်းဂဏဝါဒ ဆန့်ကျင်ရေး “လူမျိုးစုံဝါဒ”ပညာပေးရေးဟာ အခက် အခဲတွေ တိုးရပါတယ်။ ဒါဟာ ရေရှည် ပညာပေးရမယ့် အခြေအနေပါ။

အရှေ့မြောက် စစ်ဒေသ ဆေးရုံဟာ လူမျိုးပေါင်းစုံမှ ရဲဘော်များကို ဆေးကုသ ရတာသာမက လူမျိုးပေါင်းစုံ ရဲဘော်များ( ရဲ ဘော်မများ)ကို ဆေးပညာ သင်ပေးတဲ့ လက်တွေ့ ကျောင်းကြီး တမျိုးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ၁၉၇၇ ခုနှစ်ကစပြီး ကျွန်တော်အမြဲ ဂရုစိုက်တဲ့ ဌာနတခုလည်း ဖြစ်ပါတယ်။ ဒီဆေးရုံကြီးဟာ တိုက်ပွဲကြီးတွေမှာ အရေးပါတဲ့ အင်အား ဖြစ်ရုံမက ဆေးပညာသည် အများအပြား မွေးထုတ်ပေးတဲ့ နေရာလည်း ဖြစ်ပါ တယ်။ ရဲဘော်ငွေဟာ အဲဒီမှာ အချိန်တော်တော်ကြာ တာဝန်ယူလုပ်ကိုင်ခဲ့ရတဲ့ သူပါ။

ရဲဘော်ငွေဟာ နယ်စပ်ဒေသ ရောက်ပြီးနောက် ဗဟိုပြည်သူ့သဘင်အဖွဲ့ကြီးရဲ့ အစဉ်အလာကောင်းတွေ၊ အတွေ့အကြုံ တွေကိုလည်း သယ်ယူလာပြီး ဖြန့်ချိသူ၊ ကိုယ်တိုင် (အနုပညာ) ကပြဖျော်ဖြေသူလည်း လုပ်ခဲ့တယ်။ အနုပညာသဘင် လှုပ်ရှားမှုမှာလည်း ဗမာ ပြည်ကွန်မြူနစ်ပါတီအတွက် အားထားရတဲ့ ရဲဘော်တဦး ဖြစ်ခဲ့ပါတယ်။

ရဲဘော်ငွေ ရောက်လာပြီးနောက် အခြေအနေပေးတိုင်း (အချိန်ရတိုင်း) ကျဆုံးတဲ့ ခေါင်းဆောင်များ အကြောင်း မေးမြန်းသိရှိရပါတယ်။ လက်ရှိ အသက်ရှင်နေသူတွေဟာ မိမိ တို့ သိခဲ့သမျှ အာဇာနည် ရဲဘော်များအကြောင်း မှတ်တမ်းများ (အတို ချုပ်ဖြစ်စေ) ပြုစုပြီး အဖွဲ့အစည်းထံ ပို့သင့်ပါတယ်။

နိဂုံးအနေနဲ့ ရေးလိုတာကတော့ (ရဲဘော်ငွေ ရေးတဲ့ **“အရဏ်ဦး ခရီးသည်”** ကို ဘတ်ပြီးနောက် ကျွန်တော် မှတ်ချက်ပေး လိုတာကတော့) စာရေးရင် လူမှုလောကခံတွေ ရေးတာဖြစ်ဖြစ်၊ နိုင်ငံရေး လောကခံတွေကို ရေးတာဖြစ်ဖြစ် မာက့်စ်ဝါဒီတွေရဲ့ အခြေခံ လမ်းညွှန်ကတော့ “တကယ့်ဖြစ်ရပ်မှန်တွေကို သရုပ်ဖော်ရမယ်။ အနာဂတ်အတွက် လမ်းညွှန်မှန်တွေ(ခံစား) ရရှိစေရမယ်”ဆိုတဲ့မူ ၂ ရပ်နဲ့ စံထိုးရမယ်။

ဒီစံ ၂ ရပ်နဲ့ သူ ရေးတာတွေဟာ ကိုက်ညီပါတယ်။

ကျွန်တော် ထပ်မံမျှော်လင့်တာကတော့ ရဲဘော်ကောင်းများ၊ ခေါင်းဆောင်ကောင်း များအကြောင်း ထိတွေ့ခဲ့သမျှ ထပ်မံ ရေးသား သွားနိုင်ဖို့ပါပဲ။

ကျွန်တော်တို့က နိုင်ငံရေး လောကခံတွေကို ရေးတဲ့ ရည်ရွယ်ချက်ဟာ တော်လှန် ရေး အကောင်းမြင်ဝါဒကို ဖြန့်ချိဖို့ပါပဲ။ သမိုင်းက သင်ခန်းစာတွေကိုလည်း နောင်လာ နောက် သားများအတွက် လမ်းညွှန်မှန်တွေ ရရှိဖို့ သင့်တော်စွာ တင်ပြသင့်ပါတယ်။

ဗမာပြည် ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ။ ။

ပ

**ရဲဘော်ချစ်သိန်း(ရဲဘော်စိုးသိမ်း)**

## ဗေဒါပုံ့ အံကိုခဲ...

ဆရာ ဇော်ဂျီ၏"ဗေဒါလမ်း"ကဗျာစုကို အရင်ဆုံး ဖတ်ရှုနှစ်သက်ခဲ့ရပါသည်။ သည့်နောက် ဒေါ်ခင်နှင်းယု၏ "ပန်းပန်လျက်ပါ" ဝတ္ထုနှင့် ရုပ်ရှင်။ အားလုံးကို အနုပညာ မြောက်သည်ဟု ခံစားနှစ်သက်မိခြင်းပါ။

ဗေဒါလမ်းနှင့် ဝေးခဲ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာပြီ။ သိပ်မကြာ လှသေး သောနှစ်များအတွင်းက ကျနော်တို့ ပါတီထဲမှ အသက်အကြီးဆုံးခေါင်းဆောင်ဖြစ်သူ ရဲဘော်–ရဲထွန်းက "မင်္ဂေဘဝလမ်းက ဗေဒါလမ်းကဗျာထဲက ဗေဒါပုံ့ရဲ့ဘဝနဲ့ အတော်တူတယ်။ ဒါကြောင့် ဒီဗေဒါလမ်းကဗျာလေးကို ကောက်နုတ်ကူးယူပြီး မင်္ဂေထံ ပေးပို့လိုက် ပါ တယ်" ဆိုကာ ဆရာမကြီး(ကျနော်တို့အခေါ်) ထံသို့ ဗေဒါလမ်းကဗျာ တပိုင်းတစ ပို့လှာသည်။

ထိုအခါ ... ပုတ်ခတ်နေသော ဒီလှိုင်းများအကြားမှ ရှန်းကန်ခေါင်းမော့လာကာ မသေဘဲရှင်သန်–ပန်းပန်ပြီး ဘဝကို ဆန်တက် နေသော ဗေဒါပုံ့ကလေးကို ကျနော့်စိတ်မှာ ပြန်လည်မြင်ယောင်လာမိပါသည်။ ဆရာမကြီးဘဝကို ဗေဒါလမ်းနှင့် နှိုင်းယှဉ်တင် စားသည် ကို အစက ကျနော်သိပ်ဘဝင်မကျလှပါ။ ရိုးနေပြီဖြစ်သော နိမိတ်ပုံတခုနဲ့ နှိုင်းယှဉ် ထင်ဟပ် ထားတယ် ထင်လို့ပါ။

တစိမ့်စိမ့် စဉ်းစားကြည့်မိပါသည်။ ဗေဒါလမ်းကဗျာစုဆိုတာ ဘဝပေါင်းများစွာကို ထင်ဟပ်ကိုယ်စားပြုနိုင်သည့် ရိုးမသွားတတ်သော ကဗျာမျိုးပါလား။ ဗေဒါပုံ့ခရီးစဉ်တွင် ရှန်းကန်ကျော်လွှားခဲ့ရသော အခက်အခဲတွေက များလှချေသည်။ အဟန့်အတား သစ်တွေ ... တိုက်ပွဲသစ်တွေက လမ်းခရီး အကွေ့အကောက်တိုင်း၊ ဆစ်ချိုးတိုင်းမှာ ပေါ်လာတတ်သည်။ ဘဲအုပ်က တရာနှစ်ရာ ... ပုတ်ခတ်နေသော လှိုင်းဂယက်များ ... ရေထန်လေထန် ကာလ များ ... ဒီရေအတက်အကျနှင့် လေပြင်းမုန်တိုင်းများ ...။ ကချေသည် မဗေဒါသည် ဂုဏ်ခြေ လောက၊ ပကာသန ဟန်ဆောင်ဆက်ဆံရေး လူမှုနယ်ပယ်တွင် လောကဓံ လှိုင်း၏ ရိုက်ပုတ် ချက်များ နင့်နေအောင် ခံခဲ့ရသည်ဟု နားလည်ကြည့်မြင်ခဲ့ဖူးသည်။ ဒါပေမယ့် ... အချက် တချက်ကို ကျနော် ဖျတ်ခနဲ မြင်လိုက်သည်။

တော်လှန်ရေး အစပိုင်းကတည်းက ပါဝင်လာခဲ့သူ ခရီးသည် ဆရာမကြီး၏ "ဘဝလမ်း"က လှိုင်းပုတ်ချက်တွေ ... တိုက်ပွဲတွေ အကြိမ်ပေါင်းများစွာ ဖြတ်သန်း လာခဲ့ ရသည့် အပြင် ယခုတိုင် ရှန်းကန် တိုက်ပွဲဝင်နေရဆဲ ပါကလား။

သည့်နောက်တွင်ကား ဆရာမကြီးကို မြင်တွေ့ရသည့်အခါများတွင် ကျနော့် စိတ် ကြေးမုံမှာ သည်ကဗျာအပိုင်းအစလေး ပေါ် လာတတ်သည်။

"ဗေ ါပုံ့ အံကိုခဲ

ပန်းပန်လျက်ပဲ..."

ဒါပေမယ့် ဆရာမကြီးကတော့ သူ့ဘာသာ တမျိုးတဖုံ ကြည့်မြင်ပေလိမ့်မည်။

**"အရဏ်ဦး ခရီးသည်"**ဆိုပဲ။

* * *

ဆရာမကြီး၏ သည်ဘက်ပိုင်းဘဝကိုသာ ကျနော်တို့ ရင်းနှီးနားလည်နေကြခြင်း ဖြစ်ပါသည်။ ကျနော် ပိုမိုစိတ်ဝင်စားမိသည်က ရှေ့ပိုင်းဘဝကိုပါ။ ကန္တာရ ဆူးတောထဲကို တိုးဖောက်ဖြတ်သန်း၍ ဆရာမကြီး လျှောက်လှမ်း လာခဲ့ ရပါသည်။ ကျန်ခဲ့သော လမ်းဘက်ဆီတွင် ပြည်တွင်းစစ်မီး တဟုန်းဟုန်း တောက် လောင်နေ ဆဲ ...။ သည်ခရီးမှာ ဆရာမကြီး ပန်ဆင်ခဲ့သော ပန်းအလှမှာ ဗေဒါပန်း မဟုတ် ပါလေ။ ရဲရဲနီနေသော နှင်းဆီပန်းတပွင့်သာ ဖြစ်သည်ဟူ၍ ကျနော်မြင်ပါသည်။ လမ်း အကွေ့တွေ တိုင်းမှာ နှင်းဆီတွေကိုသာ တပွင့်ပြီးတပွင့် ဆရာမကြီး ပန်လာခဲ့ပါသည်။

တိုက်ပွဲတွေကို အားမာန်၊ ဇွဲ၊ တက်ကြွမှုတို့ဖြင့် ဆရာမကြီး ရင်ဆိုင်ခဲ့သည်ဟု မြင်ပါသည်။

* * *

မှိုင်းပြာရီမှုံနေသော ဝတောင်တန်းနှင့် တောမြိုင်စွန်းတို့၏ခြေရင်း၊ နမ့်ခချောင်းဘေး မယ်ဇလီတောအုပ်အနီး မြေပြန့်လွင်ပြင်မှာ တော်လှန်ရေးခရီးတကွေ့အဖြစ် ကျနော်တို့ လှုပ်ရှားနေကြချိန်...အရှေ့မြောက်စစ်ဒေသဆေးရုံ၏ ဒု – နိုင်ငံရေးမှူးအဖြစ် ဆရာမကြီးကို စတင်မြင်ဖူးခဲ့ခြင်း ဖြစ်ပါသည်။

ထိုအချိန်က ဆရာမကြီးသည် သက်လတ်ပိုင်းအရွယ်လောက်ရှိမည်ဟု ထင် သည်။ အသက်အရွယ်နှင့်စာလျှင် 'နု'သည်ဟု ဆိုရပါမည်။ ဗမာပြည် ပြောက်ကျား ဒေသ အသီးသီး၌ တာဝန်ထမ်းဆောင်နေကြချိန်ကတည်းက ဆရာမကြီးနှင့် တိုက်ဖော် တိုက်ဖက် ရဲဘော်တဦးဖြစ်ခဲ့သော ဦးလေးထူးက "မငြိမ်း(သူ့အခေါ်) က ငယ်ငယ်ကဆို သိပ်လှတာ၊ ပါတီပွဲလမ်းတွေမှာ အငြိမ့်မင်းသမီးအဖြစ် သူ က,တယ်ဆိုရင် လူတိုင်းက ငေးနေကြရတာ"ဟု ကျနော့်အား ပြောပြဖူးသော စကားတခွန်းကို သတိရမိပါသည်။ ဟုတ်လောက်ပါသည်။ တော်လှန်ရေး၏လှိုင်းတံပိုးများ ရိုက်ခတ်ထုထောင်းသည့် ဒဏ်အမျိုးမျိုးကို ခံခဲ့ရသည့်တိုင်၊ နောက်ပြီး အသက်အနည်းငယ်ရင့်လာသည့်တိုင် ဆရာမကြီးသည် တင့်တယ် နေဆဲ ဖြစ်ပါသည်။ နောက်ပြီး အိမ်မှ အပြင်သို့ ထွက်ခါနီးအချိန်၊ ခရီးသွားမည့်အချိန်၊ ထိုင်ရာမှ ထလိုက် သည့်အချိန် ... စသည့်အချိန်တိုင်းတွင် ဆရာမကြီးသည် သူဝတ်ထားသော စစ်ဝတ်စုံကို ချပ်ယပ်ပြန့်ပြူးအောင် ဆွဲဆန့်ပြုပြင်ခြင်း လုပ်လေ့ရှိပါသည်။ နောက်ပြီး ကြယ်နီပွင့် တပ်ဆင် ထားသော သူ့စစ်ဦးထုပ်ကို နေရာတကျ ဖြစ်အောင် ပြင်ဆောင်း လေ့ရှိသည်။

ဆရာမကြီးသည် အနုပညာသည်တဦးဖြစ်သည့်အတွက်ပေလား မပြောတတ်၊ အလှအပကို ထူးထူးခြားခြား နှစ်သက် တတ်သူပါ။ "ငယ်ငယ်ကဆို အိုမင်းရင့်ရော်ပြီး အကျည်းတန်ဘဝနဲ့ နေသွားရမှာကို သိပ်စိုးရိမ်တာ ... အဲဒီအချိန်–အဲသလိုကြီး နေသွား ရတာထက် သေသွားတာမှ ကောင်းဦးမယ်လို့ အောက်မေ့မိတယ်"တဲ့။ ဒါကို ဖွင့်ပြောပြတော့ ဒေါ်ခင်ကြီး(သခင်ဗဟိန်း၏ဇနီး) က "အဲသလို မစဉ်းစားပါနဲ့ ကြည်လေး(ထိုအချိန်က

ဆ

ရာမကြီးနာမည်မှာ မကြည်လေးဖြစ်သည်) … ဒို့များလည်း အခု အိုလာပါပြီ။ ဘဝမှာ ကိုယ် အကျိုးပြုနိုင်တာလေးတွေ လုပ်သွားဖို့ ရှင်သန်နေရတာ ပါပဲလို့ အဲဒီ ကတည်းက ဆုံးမခဲ့ တာ”ဟု ဆရာမကြီးကိုယ်တိုင် ပြောပြခဲ့ဖူးပါသည်။ ဝါရင့်တော်လှန်ရေး ရဲဘော် တဦး ဖြစ် သော်လည်း အနုပညာနှင့် အလှအပကို ချစ်မြတ်နိုးတတ်သော လူသားတဦး ပေကိုး …။

ယခုတိုင် သူ၏သားသမီးများနှင့် တူ–တူမများသဖွယ် ဖြစ်နေသော အမျိုးသမီး အမျိုးသားရဲဘော်များက အခွင့်ကြုံတိုင်း ပန်းအိုးထိုးဖို့ ပန်းစည်းပန်းခိုင်များ ပေးပို့နေကြဆဲ…။ သူကလည်း အလျဉ်းသင့်သလို လိုအပ်သော ရဲဘော်များထံ ပန်းစည်းပန်းခိုင်များ ပေးပို့ နေဆဲ …။

* * *

ကျွန်တော်တို့သည် ဆရာမကြီးကို လူကိုယ်တိုင်မတွေ့ဖူးခင်ကတည်းက ပြည်သူ့ အသံမှ အသံလွှင့်ပေးသော ဆရာမကြီး၏သီချင်းများကို မြို့ပေါ်ကနေ ကြားသိ နေခဲ့ ပါသည်။

ကျွန်တော်တို့ ပန်ဆန်းသို့ ရောက်လာသည့်အချိန်တွင်မူကား အသံလွှင့်ရုံတွင် သီချင်းများသီဆိုနေတတ်သော၊ ကပွဲများတွင် ကိုယ်တိုင်သီဆိုကပြနေသော၊ တော်လှန်ရေး ပွဲလမ်းသဘင် နေ့ကြီးရက်ကြီးများ နီးချိန်တွင် အမျိုးသမီး အမျိုးသားရဲဘော်များအား အက သင်ပေးနေတတ်သော ဆရာမကြီး၏အနုပညာလှုပ်ရှားမှုများကို အနီးကပ်တွေ့မြင်လာ ကြ ရပါသည်။

စတင်သိကျွမ်းစအချိန် … ဆရာမကြီးနှင့် ကျနော် မကြာခဏ တွေ့ဆုံရသည်မှာကား အရှေ့ မြောက်စစ်ဒေသ၏ ခရိုင်နှင့် ဌာနပေါင်းစုံ အစည်းအဝေးများတွင်ပါ။ ဆရာမကြီးက အရှေ့ မြောက်စစ်ဒေသဆေးရုံကို ကိုယ်စားပြုကာ အစည်းအဝေးတက်ခြင်းဖြစ်ပြီး ကျနော်က ပန်ဆန်းအထူးမြို့နယ် ကိုယ်စားလှယ်အနေဖြင့် အစည်းအဝေးတက်ကြရခြင်း ဖြစ်ပါသည်။ အစည်းအဝေးများစွာတွင် ဆရာမကြီးနှင့် ကျနော်တို့ မကြာခဏဆိုသလို ထိပ်တိုက် အခြေ အတင် စကားစစ်ထိုးရလေ့ရှိပါသည်။ ထိုစဉ်က စိုက်ပျိုးရေးနှင့် မွေးမြူရေးကြားက ပဋိပက္ခတွေ အများအပြားပေါ်ပေါက်နေချိန်ဖြစ်၍ ခဏခဏဖြေရှင်းပေးရပါသည်။ သာမန် ဖြေရှင်းလို့မရသော ပြဿနာများ စစ်ဒေသ အစည်းအဝေးအထိ ရောက်တတ်ပါသည်။ ဆေးရုံက စိုက်ခင်းထဲ လူထု၏ ကျွဲနွားများ ဝင်စားသည့် ပြဿနာ၊ လူထု၏ စိုက်ခင်းထဲ ဆေးရုံမှ မြင်း–လား–ဝက်တွေ ဝင်မွှေသည့် ပြဿနာ …။ သည်ပြဿနာများတွင် သူကလည်း သူ့ဘက်ကအမြင်နှင့်။ ကိုယ်ကလည်း ကိုယ့်ဘက်ကအမြင်နှင့်။ အကြိတ်အနယ် စကား ပြောပြီး စစ်ဒေသခေါင်းဆောင်များထံ တင်ပြကြရခြင်း ဖြစ်ပါသည်။ တခါတရံ ဆေးရုံ ဘက်မှ ငွေဒင်္ဂါးတွေ လျော်ကြေးပေးရတာရှိသလို တခါတရံ မြို့နယ်ဘက်မှ လျော်ကြေး ပေးရ လေ့ရှိပါသည်။ ထိုအခါများ တွင် ဆရာမကြီးက စကားလုံးတွေ ရွေးချယ်ပြီး တည်ငြိမ် အေး ဆေးစွာဖြင့် ပြတ်သားသော အချက်အလက်ကို တင်ပြတတ်ကြောင်း ကျနော် သတိထားမိ ပါသည်။ ကျနော်ကတော့ စိတ်လိုက်မာန်ပါ ပြောတတ်သူပါ။

နောက်တော့ ဆရာမကြီးနှင့် ကျနော်တို့ ရင်းနှီးသွားပါသည်။ ရဲဘော်များအား ဂရုတစိုက်ဆေးဝါးကုသပေးရုံမက တော်လှန်ရေး အမြင်များ ဖလှယ်၍ရသော ဆရာမကြီးနှင့် ဒေါ်ရှုယဉ်(ဒေါက်တာလှကျော်ဇော) တို့ အတူနေထိုင်ကြသည့်အိမ်သို့ အားလပ်ချိန်များတွင် ဗမာရဲဘော်များ သွားရောက်လည်ပတ်တတ်သည့်နည်းတူ ရဲဘော်ကျော်ဆွေနှင့် ကျနော် တို့လည်း တခါတရံ သွားရောက်လည်ပတ်လေ့ရှိခဲ့ကြပါသည်။ ရဲဘော်ကျော်ဆွေနှင့် ဆရာမကြီးတို့၏မေတ္တာဇာတ်လမ်းတွင် ကျနော်က အနီးကပ်ထိတွေ့ခဲ့ဖူးသူ ဖြစ်ရာ အကျယ်တဝင့်ရေးသားခြင်းမပြုပေမယ့် အချက်တချက်ကိုတော့ ကျနော်ဖော်ပြလိုပါသည်။

တချို့က ဆရာမကြီးဘက်က နှမျောသည်။ တချို့က ရဲဘော်ကျော်ဆွေဘက်မှ နှမျောသည်။ တချို့က နှစ်ဦးစလုံး၏နိုင်ငံရေးဂုဏ်သိက္ခာ ကျဆင်းသွားလေမလားဟူ၍ ပူပင် ကြသည်။ ထိုအချိန်က ရဲဘော်များ၏ အမြင်အမျိုးမျိုးကြောင့် သူတို့၏ မေတ္တာရေး ပျက်ပြား သွားတော့မလားဟု စိုးရိမ်ကာ တယောက်နဲ့တယောက် ဆွေးတမြေ့မြေ့ ဖက်ငိုနေ ကြသည် ကို မျက်စိရှေ့မှောက်တွင် မြင်တွေ့နေရသူက ကျနော်ပါ။ ဤမြင်ကွင်းသည် သူတို့ချင်း လှိုက် လှိုက်လဲလဲ ချစ်ခင်စုံမက်နေကြခြင်း၏ အမှတ်အသားအဖြစ် ကျနော်က ယူဆသည်။ ဒါ ကြောင့် ကျနော်က သဘောတူရုံမက အားပေးတာပင် လုပ်ခဲ့သည်။

နောက်တော့ သက်ဆိုင်ရာ ကလာပ်စည်းများ၏သဘောတူခွင့်ပြုချက်အရ စစ်ဒေသ ခေါင်းဆောင်များ၏ ရှေ့မှောက်တွင် သူတို့နှစ်ဦး လက်မှတ်ရေးထိုးကာ တော်လှန်ရေး ဆန်ဆန် အကျဉ်းရုံး လက်ထပ်ထိမ်းမြားခဲ့လေသည်။ သူတို့လက်ထပ်ချိန်က ကျနော် ခရီး ထွက်နေရသည်ထင်၏။ လက်ထပ်ထိမ်းမြားပွဲမြင်ကွင်းကိုမူ ကျနော် တခုမျှ မမှတ်မိတော့ ပါ။

* * *

ကျနော် ပန်ဆန်းမြို့နယ်တွင် တာဝန်ယူနေရသည့်အချိန်က ဝနယ်လူထု အခြေအနေမှာ အငတ်ဘေးထပ်မံမကျရောက်အောင် ရုန်းကန်တိုက်ပွဲဝင်နေရသည့်နည်းတူ ရောဂါဘယကပ်ဖြင့် လူအမြောက်အမြား သေကြေဆုံးရှုံးမည့်အရေးကိုလည်း တွေးပူနေရ သည့်အချိန် ဖြစ်ပါသည်။ ရောဂါဘယ ကူးစက်ကာ လူသုံးလေးငါးဦး စတင်သေဆုံးကြောင်း ကြားသိရသည်နှင့် ဝတောင်တန်းများပေါ် လှည့်လည် ဆေးကုသရေး ကျနော် စီစဉ်ရပါ တော့ သည်။

ဤသို့ ဝတောင်တန်း လူထုတွင်း ဆေးကုသရေးခရီးထွက်ရသည်မှာ အကြိမ်ကြိမ် အခါခါပါ။ ဤသို့ လူထုဆေးကုသရေး ခရီးထွက်တိုင်း ဗဟိုဆေးကျောင်းတွင် တာဝန်ယူသည့် ဒေါက်တာလှကျော်ဇောနှင့် စစ်ဒေသဆေးရုံ ဒု–နိုင်ငံရေးမှူးအဖြစ်ရော၊ ဆေးရုံ ဆေးဂိုဒေါင်၏ တာဝန်ခံအဖြစ်ပါ ပူးတွဲတာဝန်ယူထားသည့် ဆရာမကြီးတို့သည် တခါမျှ မညည်းညူဖူးဘဲ အမြဲတမ်း တက်တက်ကြွကြွ အကူအညီပေးခဲ့သည်ချည်းသာ။

မြင်းလားတွေပေါ်တွင် ဆေးဝါးကိရိယာတွေကိုတင်ကာ ဝတောင်တန်းများပေါ် တတောင်ကျော်–တတောင်ဆင်းဖြင့် ဒေါက်တာလှကျော်ဇောက သူ့ဆေးကျောင်းသား တွေ ကို ခေါ်ကာ ကိုယ်တိုင်အပင်ပန်း အဆင်းရဲခံပြီး ရက်တချို့ လိုက်လံ ကုသပေးတတ်ပါသည်။ ဆရာမကြီးသည်လည်း သူအားလပ်သည်နှင့် ကြုံလျှင် သူကိုယ်တိုင်လိုက်ပါတတ်သလို သူ့မအားလပ်လျှင်လည်း ဆေးရုံမှ ဆေးအဖွဲ့တဖွဲ့ စီစဉ်ပြီး ထည့်ပေးတတ်ပါသည်။

ဆရာမကြီးသည် ဆေးကုသရေး ခရီးထွက်သည့်အခေါက်တိုင်း လူထုအရေး အတွက် လိုအပ်သည့် ဆေးဝါးပစ္စည်းများ နည်းနည်းမှ တွန့်တိုခြင်းမရှိဘဲ ထုတ်ပေးခဲ့ပါသည်။ အဓိကအားဖြင့် ပါတီ၏ကျေးဇူးကြောင့် အသက်ပေါင်းများစွာ ကယ်တင်နိုင်ခဲ့သည်ကို မှတ် တမ်းတင်ရပါလိမ့်မည်။ ပန်ဆန်းလူထုကို တာဝန်ခံရသော ကျနော့်အနေဖြင့် လက် တွေ့ကိုယ်တိုင်ကိုယ်ကျ တာဝန်ယူကူညီခဲ့ကြသော ဆရာမကြီးနှင့် ဒေါက်တာ လှကျော်ဇော တို့၏ စိတ်ဓာတ်နှင့် အခန်းကဏ္ဍကို မမေ့မလျော့၊ သတိရနေဆဲပါ။

ထိုစဉ်က ဆရာမကြီး တာဝန်ခံကိုင်တွယ်ခဲ့သော ဆေးဂိုဒေါင်မှာ ယွမ်ငွေ သောင်း ချီတန်သော ခွဲစိတ်ကိရိယာ သေတ္တာများ ပင်လျှင် အလုံးပေါင်းမြောက်မြားစွာ ရှိနေသည်ကို ကျနော်ကိုယ်တိုင် တွေ့ခဲ့ရပါသည်။ ဆေးဝါးပစ္စည်းကိရိယာအစုံ ယွမ်ငွေသိန်းပေါင်း များစွာ တန်ဖိုးရှိသော ဆေးဂိုဒေါင်ကြီးပါ။ (ရန်ကုန်မှာပင်လျှင် ဒီလိုဆေးဂိုဒေါင်မျိုး မတွေ့ဖူးခဲ့–ဟု ဒေါက်တာလှကျော်ဇောက ပြောပြခဲ့ဖူးပါသည်။) တချို့က တန်ဖိုးရှိသော ဆေးဂိုဒေါင်မှ ပစ္စည်း များကို ကိုယ်ကျိုးစီးပွားအတွက် မျက်စေ့ကျကြသည်။ ရဲဘော်များ၏ ကျန်းမာရေး၊ လူထုအား ကုသကယ်တင်ရေးတို့တွင် နည်းနည်းမှ မတွန့်တိုသော်လည်း ကိုယ်ကျိုးစီးပွားအတွက် ဆေးဝါးများ ထုတ်ယူဖို့ ကြံစည်ကြိုးစားခြင်းမျိုးများကိုမူ ဆရာမကြီးက အပြင်းအထန် ဆန့်ကျင်ပါသည်။ တော်လှန်ရေးအတွင်းက ရဲဘော်တွေ ဖြစ်သော်လည်း ထိုစဉ်က တော်လှန် ရေးအတွင်း အမှိုက်သရိုက်၊ အညစ်အကြေးများ မနည်းလှပါ။ ဆရာမကြီးကို လေးစား ချစ် ခင်သူများရှိသလို ယင်းသို့ ကိုယ်ကျိုး ရှာမည့်ကိစ္စများအား မလိုက်လျောရုံမက ဆန့်ကျင် ခဲ့သည့်အတွက် တချို့က ဆရာမကြီးကို မုန်းတီးကြပါသည်။ ဗဟို ဆေးကျောင်းမှာ တာဝန် ယူရုံမက ဆေးရုံမှာ ဆရာဝန်တဦးအဖြစ် တွဲဖက်တာဝန်ယူသည့် ဒေါက်တာ လှကျော် ဇောသည်လည်း ဤကိစ္စမျိုးကြောင့်  ဆရာမကြီးကဲ့သို့ပင် သူ့ကို လေးစားချစ်ခင် သူများ ရှိသလို တုံးတုံးခါးခါး မုန်းတီးသူများလည်း မနည်းလှပါ။

သူများတွေ ကိုယ်ကျိုးရှာဖို့ မျက်စေ့ကျသည့် နေရာတွေမှာ တာဝန်ယူခဲ့ ကြသော်လည်း ယခုတိုင် တော်လှန်ရေးသမားဘဝ ဆင်းရဲပင်ပန်းစွာ နေထိုင်ရသည့်အဖြစ်ကို ဘက်တဘက်အဖြစ် လေးလေးနက်နက်နှင့် ရိုးရိုးသားသားတွေးကာ ယခုအချိန်အထိ ကျနော်တို့ ကျေနပ်စွာ ဂုဏ်ယူနေကြဆဲပါ။

*   *   *

နောက်ပိုင်းတွင် ဆရာမကြီးသည် စစ်ဒေသဆေးရုံ၏ဒု–နိုင်ငံရေးမှူးအဖြစ်မှ စစ်ဒေသ အမျိုးသမီးသမဂ္ဂလုပ်ငန်းအတွက် စစ်ဒေသဌာနချုပ်သို့ ပြောင်းရွှေ့တာဝန် ထမ်း ဆောင်ရပါသည်။ ဆရာမကြီးက သူလုပ်ချင်သည့် အမျိုးသမီးဘဝ လွတ်မြောက်ရေးလုပ် ငန်းများအတွက် အမျိုးသမီး စည်းရုံးရေးလုပ်ငန်းများကို စိတ်အနှောင်အဖွဲ့ ကင်းကင်းဖြင့် တာဝန်ယူနိုင်တော့မည်ဆိုကာ အနည်းငယ်စိတ်ထိခိုက်မှုရှိခဲ့သည်ကို ဖြေသိမ့်နိုင်ပုံရသည်။ သို့ရာတွင် ပြင်ပ တချို့လူများကမူ “ရဲဘော်ငွေ ရာထူးကျသွားပြီ”ဟု ဆိုကြပါသည်။ ပါတီ၏ ရဲဘော်ကောင်းများအနေဖြင့် ရာထူးကိုမကြည့်၊ မဖက်တွယ်၊ တာဝန်ကိုသာ အလေးထား ခဲ့ကြသော်လည်း ထိုစဉ်ကမူ တော်လှန်ရေးအတွင်းမှာလည်း လောကဓံတရားနှင့် လူ့စိတ်ဓာတ်အပြောင်းအလဲများကို တွေ့ခဲ့ရပါသည်။

ယခင်က ဖူကျင်းဝေ–ဖူကျင့်ဝေ(ဒု–နိုင်ငံရေးမှူး) ဒါမှမဟုတ်–ဆရာမကြီး–ဆရာ မကြီးဟု နှုတ်ကမချ တဖွဖွ ခေါ်ခဲ့သူများ ယခုတော့ဖြင့် အရင်လို မဟုတ်တော့ပြီ။

ဗေဒါပုံကမူ အံကိုခဲပြီး အမျိုးသမီး စည်းရုံးရေးလုပ်ငန်းများ တော်လှန်ရေး ဝါဒဖြန့်ချိမှုလုပ်ငန်းများ၊ အကသင်ပေးခြင်း၊ ပွဲလမ်းသဘင်များ၌ အကများ၊ ပြဇာတ်များ ကို စီစဉ်ပါဝင်ခြင်း ... စသည်တို့ကို တာဝန်ယူရင်း ပျော်မွေ့မာန်တင်းခဲ့သည်။ ကျနော် ပန်ဆန်း မြို့နယ်တွင် တာဝန်ယူစဉ်၌လည်းကောင်း၊ ဝတောင်ခရိုင်တွင် တာဝန်ယူစဉ်၌ လည်းကောင်း ဆရာမကြီးသည် အဆိုအက အဖွဲ့များ၊ ရုပ်ရှင်အဖွဲ့များကို ဦးဆောင်ခေါ်ငင်ကာ တတောင် ကျော် တတောင်ဆင်းဖြင့် ဝနယ်လူထုအတွင်း အမျိုးသမီးသမဂ္ဂစည်းရုံးရေး လုပ်ငန်းများကို သူကိုယ်တိုင်ပါဝင်ပြီး ကျေးရွာများအထိ ဆင်းကာ ဖျော်ဖြေစည်းရုံးခြင်း ပြုခဲ့ပါသည်။

ဆရာမကြီး၏(ကျနော် လေးစားဂုဏ်ယူမိသော) မျက်နှာအနေအထားတကွက်ကို ယခုတိုင် မြင်ယောင်နေဆဲပါ။

ကျနော် ဝတောင်ခရိုင်တွင် တာဝန်ယူနေချိန်က ဖြစ်ပါသည်။ ဝတောင်ခရိုင်တွင် စစ်ဒေသ၏ တပ်မဟာတခုကို တွဲဖက်တာဝန် ပေးထားပါသည်။ ဒု–အတွင်းရေးမှူးအဖြစ် တာဝန်ယူရသူ ကျနော်သည် တပ်မဟာ၏ရိက္ခာငွေအတွက် လစဉ် ယွမ်ငွေတသောင်းနှင့် နှစ်သောင်းကြား ဒေသလုပ်ငန်းအတွင်းမှ ရှာဖွေပြီး ထောက်ပံ့ပေးသည့် တာဝန်ကို ယူထား ရပါသည်။ ထို့မျှမက တပ်မဟာ၏တပ်သားထု လန်းဆန်းတက်ကြွအောင် စည်းရုံးလှုံ့ဆော် ရေးအတွက် အခါအားလျော်စွာ အဆိုအကအဖွဲ့များ၊ ရုပ်ရှင်များဖြင့် သွားရောက် ဖျော်ဖြေရင်း ရုပ်ဝတ္ထုများဖြင့် မေးမြန်း(တော်လှန်ရေး အသုံးအနှုန်းတခု) ရပါသည်။

တခါက ကျနော်နှင့်အတူ ဆရာမကြီးဦးဆောင်သည့် အဆိုအကအဖွဲ့သည် ဝတောင်ကြောတနေရာရှိ ၎င်းတပ်မဟာသို့ သွားရောက်မေးမြန်းကြပါသည်။ တပ်မဟာ ဌာနချုပ်ထဲသို့ ကျနော်ဝင်သွားသောအခါ ၎င်းတပ်မဟာ၏ခေါင်းဆောင်(ယခင်က ရဲဘော်–ယခု မိတ်ဆွေ ဝအမျိုးသား) က အရက်ခပ်ထွေထွေဖြင့်  (ကျနော်တို့ကို ပါတီဗဟိုမှ ကိုယ်စား လှယ်တွေ၊ ဗမာတွေ ဟူသော မကြည်လင်သည့် အမြင်ဖြင့်) ကျနော်တို့၏ လာရောက် မေးမြန်းမှုကို တာဝန်အရ ကြိုဆိုရမည်ဖြစ်သော်လည်း သူ့အနေနှင့်မူ ချက်ချင်း ခေါင်းဖြတ် သတ်ပစ်လိုကြောင်း ခြိမ်းခြောက်ပြောပါတော့သည်။ ကျနော် အပြုံးမပျက်အောင်၊ မျက်နှာ ထားပြောင်းမသွားအောင် မနည်းကြိုးစားထိန်းထားရပါသည်။ သူ့ကို အပြင်ခေါ်ပြီး အဆို အကအဖွဲ့ကို ဦးစီးလာသူ ဆရာမကြီးနှင့် မိတ်ဆက်ပေး သောအခါတွင်လည်း သူက ထိုစကားမျိုးကိုပင် ထပ်မံပြောဆိုပြန်ပါတော့သည်။ ထေ့သလိုလို ငေါ့သလိုလို ၊ တကယ်ပင် ကြမ်းတော့ မလိုလိုနှင့် ခြိမ်းခြောက်စော်ကားခြင်း ဖြစ်ပါသည်။ ဆရာမကြီးက သူ့မျက်နှာကို ရဲဝံ့တည်ငြိမ်စွာ ပြန်ကြည့်သည်။ သည့်နောက် တပ်မဟာခေါင်းဆောင်စကားကို မကြားသည့် အလား၊ ဒါမှမဟုတ် အရေးမထားသည့်အလား သူ့တာဝန်နှင့် တပ်သားထုအား ဖျော်ဖြေ မည့်အစီအစဉ် လုပ်ငန်းပိုင်းကိုသာ အေးဆေးတည်ငြိမ်စွာ ရှင်းပြနေပါသည်။

၄၈–၄၉ကတည်းက တော်လှန်ရေးထဲပါဝင်လာခဲ့ပြီး အတွေ့အကြုံရင့်ကျက်သူမို့ သည်လိုမျက်နှာထားမျိုးနှင့် သည်လို တည်ငြိမ်မှုရှိတာပဲဟု ကျနော်လေးစားမိပါသည်။

*   *   *

ဆရာမကြီးသည် သူ ဆေးရုံမှာ တာဝန်ယူစဉ်က ရဲဘော်များ၏ ကျန်းမာရေး အတွက် တာဝန်ယူပြီး ဂရုတစိုက် စောင့်ရှောက် ပေးတတ်သလို တာဝန်ပြောင်း ရွှေ့ခဲ့ရ သည့်အခါတွင်လည်း ရဲဘော်တိုင်းကို အခါအားလျော်စွာ သူ တတ်နိုင်သည့်အတိုင်းအတာဖြင့် အကူအညီပေးလေ့ရှိပါသည်။ ငွေကြေးအရ တန်ဖိုးသိပ်မကြီးမားသည့် အကူအညီများပင် ဖြစ်စေကာမူ ရဲဘော်များအား နွေးထွေးလန်းဆန်းစေပါသည်။

ကျနော် ဝတောင်ခရိုင်မှ ပန်ဆန်းသို့ ခေတ္တ ပြန်လာချိန်များတွင် ဆရာမကြီးသည် ကျနော် တောင်ပေါ် ပြန်တက်လျှင် ယူသွားဖို့ ဗာလချောင်ကြော်ပြီး ပုလင်းဘူးကလေးများဖြင့် ထည့်ပေးတတ်ပါသည်။ ခရိုင်အစည်းအဝေးများရှိလျှင် နွားသတ်၊ ဝက်သတ်ဖြင့် ဧည့်ခံ ကျွေးမွေးသည့်အခါ စားရသော်လည်း အများအားဖြင့် ကျနော် အစားအသောက် ခက်ခဲ ကြောင်း သိရှိ၍ ကရုဏာနှင့် ကူညီစီစဉ်ပေးခြင်းပါ။ သိပ်တော့ မထူးဆန်းလှပါ။ ပန်ဆန်းတွင် ရိုးရိုးသားသား နေထိုင်စားသောက်ကြသူ ရဲဘော်တိုင်းလိုလို အစားအသောက် ဆင်းရဲခက်ခဲ ကြသည်ချည်း ဖြစ်ပါသည်။

တော်လှန်ရေးရထားကြီး တဆစ်ချိုးကွေ့ချလိုက်သည့်အခါ ကျနော်တို့တတွေ လိမ့်ကျလွင့်စင်မသွားအောင် စွဲမြဲစွာ ဖက်တွယ်ထားနိုင်ခဲ့သဖြင့် ပြန်စဉ်းစားကြည့်သည့်အခါ ဝမ်းသာမိပါသည်။ ဒါပေမယ့် ရဲဘော်များ တယောက်နှင့်တယောက် ကွဲကွာပြီး မတူသည့် တာဝန်ကို ထမ်းဆောင်၊ မတူသည့် ဘဝများကို ဖြတ်သန်းခဲ့ကြရလေသည်။

ရဲဘော်ကျော်ဆွေနှင့် ဆရာမကြီးတို့က ၁၀၁–စစ်ဒေသ၊ ပန်ဝါသို့ ရောက်ရှိနေ ကြပြီး ကျနော်က ထင်ချုန်းမှာပါ။ ရဲဘော်ကျော်ဆွေနှင့် ဆရာမကြီးတို့ကို ပါတီအမာခံ တွေဆိုပြီး အမြင်မကြည်လင်ကြသဖြင့် အနေအထိုင် ကျဉ်းကြပ်၊ ခက်ခဲဆင်းရဲ သည့်အပြင် လုံခြုံမှုပါ စိုးရိမ်စရာရှိကြောင်း ကြားသိနေရပါသည်။

မှတ်မိပါသေးသည်။ ကျနော်တို့ ထင်ချုန်းမြို့မှာ ရဲဘော်ကျော်ဆွေတို့နှင့် ပြန်လည်တွေ့ဆုံမိကြသောအခါ ကျနော် ခရီးထွက်ခါနီး အချိန်တချိန်၌ ဆရာမကြီးက ကျနော် သုံးစွဲဖို့ (ယွမ်ငွေ အစိတ်လား–သုံးဆယ်လားမသိ) မုန့်ဖိုးပေးပါသည်။ ရဲဘော်ကျော် ဆွေနှင့် ဆရာမကြီးတို့ သည်လောက် ဆင်းဆင်းရဲရဲ ဖြတ်သန်းလာခဲ့ကြရတာမို့ ဤငွေကို ကျနော် မယူရက်ပါ။ ကျနော် လက်မခံဘဲ ငြင်းဆန်သည့်အခါ ဆရာမကြီးက စိတ်မကောင်း ဖြစ်ပြီး မျက်ရည်ကျကာ ငိုပါတော့သည်။ ဆရာမကြီး၏စေတနာ၊ ကရုဏာကို ဖော်ပြသော ဤအဖြစ်အပျက်ကလေးကို ကျနော် ဘယ်သောအခါမှ မမေ့နိုင်ပါ။ ကျနော်မှာ ဘယ်တုန်း ကမှ ငွေပိုငွေလျှံ မရှိသူ၊ မစုဆောင်းတတ်သူမို့ ရဲဘော်ကျော်ဆွေနှင့် ဆရာမကြီးတို့ကချည်းသာ ကျနော့်ကို အမြဲ အကူအညီပေးရတတ်ပြီး ကျနော်က သူတို့ကို ပြန်လည်ကူညီနိုင်တာ မရှိ သလောက် နည်းပါသည်။

ဆရာမကြီးက ကျနော့်ကိုသာ မဟုတ်၊ တခြားရဲဘော်တွေကိုလည်း အခက်အခဲ ရှိလျှင် သူ့မှာ မရှိ–ရှိတာလေးနှင့် အတတ်နိုင်ဆုံး ကူညီသည်ချည်းသာ။ ဒါကြောင့် ရဲဘော်များ ကလည်း အသက်(၇၀) ပိုင်း ရောက်နေပြီဖြစ်သော ဆရာမကြီးကို အရေးတယူ ရှိကြသည်။ အထူးသဖြင့် အမျိုးသမီးရဲဘော်တိုင်းလိုလိုက ဆရာမကြီးကို မိခင်တဦးပမာ ချစ်ခင် လေးစား ကြသည်ကို ကျနော် မြင်တွေ့နေရလေသည်။ ဤသည်မှာ အခြား ဘယ်သူမှ လိုက်မမီသော ဆရာမကြီး၏ ဂုဏ်ရည်တရပ်ဟု ဆိုချင်ပါသည်။

ဆရာမကြီးကို ချစ်ခင်လေးစားကြသူများမှာ ရဲဘော်များချည်း သက်သက် မဟုတ်ပါ။ ယခုအခါ တော်လှန်ရေး၏ပြင်ပသို့ ရောက်ရှိနေကြပြီဖြစ်သော မိတ်ဆွေများ ကလည်း ယနေ့အထိ ဆရာမကြီးကို လေးစားချစ်ခင်စွာ မသေးလှသော အတိုင်းအတာဖြင့် ကူညီ စောင့်ရှောက်သည်များ ရှိပါသည်။ မုံရွာဝါဒဖြန့်ချိရေးဌာနတွင် တာဝန်ယူခဲ့စဉ် လုပ်ဘော် ကိုင်ဖက် ရဲဘော်ဖြစ်ခဲ့သူ ယခုမိတ်ဆွေတဦးက ဆရာမကြီးနေထိုင်ဖို့ အိမ်တအိမ် စီစဉ်ပေး ထားပါသည်။ ဆရာမကြီးနှင့်အတူ လုပ်ဖော်ကိုင်ဘက် ရဲဘော်ဟောင်း ရဲဘော်သစ် တော်တော် များများ ယခုအခါ နေရာတော်တော်များများတွင် ရှိနေပါသည်။ သူတို့က ဆရာမကြီးကို ယခုတိုင် တောက်လျှောက် အကူအညီများ ပေးနေတတ်သည်။ ဆရာမကြီးအပေါ် ထားရှိသည့် သူတို့တတွေ၏ သံယောဇဉ်ကို ကျနော်အံ့သြသည်နှင့်အမျှ လေးစားမိပါသည်။

ဆရာမကြီးသည်လည်း တရုတ်သွေး တချို့တဝက် ပါရှိသူ ဖြစ်ပါသည်။ သို့ရာတွင် လုံးဝဗမာပြည်သားစိတ်ဓာတ်ရှိပြီး ကိုယ့်တိုင်းပြည်အပေါ် ချစ်မြတ်နိုးမှု ပြင်းထန်ကြောင်း ကျနော် ထိထိတွေ့တွေ့ ခံစားရပါသည်။ သူများတိုင်းပြည် တိုးတက်ဖွံ့ဖြိုးနေပုံတွေ နေ့စဉ် နှင့်အမျှ တွေ့ရှိနေရလေတိုင်း ကိုယ်တိုင်းပြည်ဆင်းရဲဒုက္ခကျရောက်နေပုံကို စဉ်းစား တွေးတော ကာ မျက်ရည်ကျတတ်ပါသည်။ မြန်မာဝတ်စုံကို စုံစုံမက်မက်ရှိပြီး တော်လှန်ရေး နေ့ကြီး ရက်ကြီးများ၌ အခမ်းအနား ကျင်းပခွင့်မသာလျှင်တောင်မှ အထိမ်းအမှတ် ထမင်း စားပွဲ လေးလုပ်ကာ တော်လှန်ရေးသီချင်း ဆိုတာ ကတာ လုပ်တတ်ပါသည်။

*          *          *



အစပိုင်းလောက်မှာကတည်းက အသက်ငယ်ငယ် ရွယ်ရွယ်နှင့် ပါတီထဲရောက်လာသူ ဆရာမကြီး၏ တိုက်ပွဲတွေ၊ ရုန်းကန်မှုတွေ၊ အတွေ့ အကြုံတွေ ... တနည်းဆိုလျှင် ဇေဒါပျံ၏မိုးသက်လေထန်ခရီးစဉ်ကို ကျနော် မိတ်ဆက်ပေးရန် မစွမ်းသာပါ။ ကျနော် ခံစားမိသည့် ရုပ်ပုံလွှာ တစွန်းတစကိုသာ ရေးဖွဲ့ပြမိခြင်း ဖြစ်ပါသည်။ သို့ရာတွင် သည်ဘက်ပိုင်း ပြင်းထန်သော လောကဓံ ရိုက်ပုတ်ချက်တရပ်အကြောင်းကိုမူ ဖော်ပြရပေဦးမည်။

ဆရာမကြီးသည် အသက်အရွယ်ကလေး ရလာသောအခါတွင် သွေးတိုးရောဂါကို စတင်ခံစားလာရပါသည်။ ကိုယ်တိုင်က ဆေးပညာနားလည်သူလည်းဖြစ်၊ သံပုရာသီးကို ထက်ခြမ်းခြမ်းပြီး ရေနွေးနှင့်စိမ်ကာ သောက်လေ့ရှိသဖြင့် သိပ်စိုးရိမ်စရာမလိုဟု ထင်ခဲ့ မိကြပါသည်။

သို့သော်...

တနေ့တွင် ရေချိုးရင်း ဆရာမကြီး ပုံရက်သား လဲကျသွားခဲ့ပါသည်။ ထိုအချိန်က ဆရာမကြီးတို့နှင့်အတူ ဒေါက်တာကျော်မောင်တို့လည်း ပူးတွဲနေထိုင်ချိန်ပါ။ ထို့ကြောင့် အရေးပေါ် ပြုစုစောင့်ရှောက်မှု လုပ်လိုက်နိုင်ပါသည်။ ဆရာမကြီး လေဖြတ်သွားခဲ့တာပါ။ ပါးတခြမ်း မသိမသာ ရွဲ့သွားပါသည်။ ခြေထောက်တွေ လက်တွေ ပုံမှန်အတိုင်း မလှုပ်ရှား နိုင်တော့ပါ။ စကားကို ပြီပြီသသ မပြောနိုင်တော့ဘဲ ဝူးဝူးဝါးဝါး ဖြစ်နေပါတော့သည်။ ရဲဘော်များက လက်လှမ်းမီသည့် သင့်တော်ရာ ဆေးရုံများသို့ ပို့ဆောင် ကုသပေးသော် လည်း တိုးတက်မှု မသိသာလှပါ။ အရေးတယူရှိရမည့် ဧည့်သည်တဦး လာရောက် ချိန်တွင် ဆရာမကြီးမှာ စကားပြောဆိုနှုတ်ဆက်နိုင်ခြင်း မရှိတော့သည့်အတွက် ဝမ်းနည်း ပက်လက် ငိုရှာပါသည်။

သို့သော်...ဇေဒါပျံ အံကိုခဲပြီး ကြိုးစားရုန်းကန်မှု စပါတော့သည်။

ကိုယ်လက်လှုပ်ရှားမှုများ ဇွဲနှင့်လုပ်ပြီး တိုက်ပွဲဝင်ပါသည်။ ရဲဘော်ကျော်ဆွေ၏ ဂရုစိုက်စောင့်ရှောက်မှုကိုလည်း အသိအမှတ်ပြု ထည့်သွင်းဖော်ပြရပေမည်။ နောင်တွင် ကျနော်တို့ မျှော်လင့်မထားသည့် အတိုင်းအတာအထိ ပြန်လည်ရောက်ရှိ လာခဲ့သည်။ အံ့သြဖွယ်ဟု ဆိုရပါမည်။ နောက်ပိုင်းတွင် ဆရာမကြီးသည် ပြီသစွာ ဆွေးနွေး ပြောဆိုမှု ပြုလာနိုင်ရုံမက သီချင်းများကိုပင် ပုံမှန်အတိုင်း ပြန်လည်သီဆိုနိုင်လာပါသည်။ မျက်နှာရွဲ့ တာလည်း ပြေပြစ်သွားသည်။ အတော်အတန်ခရီးများကိုပင်လျှင် ခဏတဖြုတ် နားရသည် မှအပ ကြိုးစားသွားလာနိုင်ခဲ့ပါသည်။ စာလည်း ရေးနိုင်လာသည်။ စိတ်ဓာတ်ခွန်အားနှင့် တိုက်ပွဲဝင်ရုန်းကန်မှု၏အောင်ပွဲဟု ဆိုနိုင်ပါလိမ့်မည်။

မျက်စိတွေကတော့ သိပ်မကောင်းတော့ရှာပါ။ ဒါပေမယ့် ကိုယ့်ဖာသာ စာရေး စာဖတ်မှ အားရတတ်သူမို့ စာကြည့်မျက်မှန် အပြင် လက်ကိုင်မှန်ဘီလူးတလက်နှင့် စာရေး စာဖတ် လုပ်ပါသည်။ အခါအားလျော်စွာ ထုတ်ဝေသည့် စာစောင်များတွင် ဆောင်းပါးတွေ ရေးပါသည်။

အနုပညာဓာတ်ခံရင့်သန်သူပေမို့လားမသိ။ အဆိုတော် မာမာအေးသည် လည်းစာရေး ကောင်းသည်ဟူ၍ ကျနော် ခံစားမိသည်။ ဆရာမကြီးသည်လည်း ထို့အတူ စာရေးကောင်းသူတဦးပါ။ တော်လှန်ရေးအစပိုင်းလောက်ကစပြီး ငယ်ငယ်ရွယ်ရွယ်နှင့် ဖြတ်သန်းလာခဲ့သော သူ့တော်လှန်ရေးအတွေ့အကြုံတွေကို ရေးသားဖို့ ရဲဘော်ကျော်ဆွေနှင့် ကျနော်တို့က တိုက်တွန်းအားပေးခဲ့ ကြသည်။ သူ သဘောတူပြီး

နေ့စဉ်အပတ်တကုတ် ကြိုးပမ်းအားထုတ်ပြီး မျက်မှန်တလက်၊ မှန်ဘီလူးတလက်နှင့် စာတွေရေးခဲ့သည်။

တဆင့်ပြီးတဆင့် အောင်ပွဲရနေသည်ဟုပင် ဆိုရမည်။ နောက်ဆုံးတွင် "အရဏ်ဦး ခရီးသည်"ဟူသည့် ဤစာမူကို (တနိုင်တပိုင်အတိုင်းအတာဖြင့်) ထုတ်ဝေနိုင်သည့်အဆင့် အထိ အကောင်အထည် ပေါ်လာခဲ့ပါသည်။ ရဲဘော်ကျော်ဆွေ ကလည်း ဂရုတစိုက် ဝေဖန် အကြံပေးပြီး စာတွေ အဆက်မပြတ်ရိုက်ပေးခဲ့ပါသည်။ ဤလိုမျိုး ကျန်းမာရေးအထဲမှပင်လျှင် ဆရာမကြီးသည် စာရေးအားကောင်းသည်ဟူ၍ ဆိုနိုင်ပါ လိမ့်မည်။ ဆရာမကြီး၏ တော်လှန် ရေးဆိုင်ရာ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ဤစာမူမှာ တတွဲနှစ်တွဲမျှဖြင့် ပြီးဆုံး လိမ့်မည် မထင်ပါ။

ဆရာမကြီး၏တော်လှန်ရေးအတွေ့အကြုံများကိုမူ **"အရဏ်ဦးခရီးသည်"** စာအုပ်မှာ အသေးစိတ်ဖတ်ရှုလေ့လာနိုင်ကြ ပေလိမ့်မည်။ ကျနော်က ဗေဒါပုံပန်းချီကားတွင် ဆေးစက် များ တို့ခတ်ခံစားကြည့်ခြင်းသာ ဖြစ်ပါသည်။

တခုတော့ ကျနော်တွေးမိပါသည်။

အံခဲရုန်းကန်မှုပြုနေကြရသည်မှာ ... ကျနော်တို့အားလုံးပါပေ။

တော်လှန်ရေးမပြီးဆုံးသေးသရွေ့ ... အောင်ပွဲကို ပွေ့ဖက်နိုင်သည့် အချိန် မရောက် မချင်း ...အရဏ်ဦးကို ကျနော်တို့ကိုယ်တိုင် သက်ရှိထင်ရှား မြင်တွေ့ခွင့်မကြုံကြိုက်စေဦးတော့ ... မျိုးဆက်တဆက်ပြီး တဆက် ... လက်ဆင့်ကမ်း တိုက်ပွဲများစွာဖြင့်...။

**မောင်လှဝင်း(မြင်းခြံ)**
(၁၃-၄-၀၆) သင်္ကြန်အကြိုနေ့။

# အရဏ်ဦးခရီးသည် စာအုပ်နဲ့ ကျွန်တော်

(၁)

ကျွန်တော် ၁၉၇၉ခုနှစ်၊ ဧပြီလမှာ ပါတီဗဟိုဌာနချုပ်နှင့် အရှေ့မြောက် စစ်ဒေသ ဌာနချုပ်ရှိရာ ပန်ဆန်းကို ရောက်ပါတယ်။

၁၉၇၈ခု၊ '၇–ရက်ဇူလိုင်' အထိမ်းအမှတ် လှုပ်ရှားမှုကို ရန်ကုန်စက်မှု တက္ကသိုလ် မှာ ပြုလုပ်ရာ လှုပ်ရှားမှု မအောင်မြင်လိုက်ပဲ ရန်သူမဆလ ထောက်လှမ်းရေးများက လက် ဦးမှုရသွားခဲ့လို့ ကျွန်တော်တို့ မြေအောက်ကေဒါများကို ရန်သူဟာ အနံ့ခံမိသွားပြီး တပြည်လုံးကို လိုက်လံဖော်ထုတ် ဖမ်းဆီးပါတော့တယ်။ ရန်သူရဲ့ လိုက်လံဖမ်းဆီးမှုကို လက်ဦးမှုယူပြီး ရှောင်တိမ်းကာ လက်နက်ကိုင်တော်လှန်ရေးထဲသို့ ဆင်းလာတဲ့ မြေ အောက် ကေဒါများဟာလည်း ကျွန်တော့်နည်းတူ တသုတ်ပြီးတသုတ် ရောက်လာ နေတယ်။

အဲဒီအချိန်က ကမ်ပူကျဲ၊ ဗီယက်နမ်တို့မှာ ကွန်မြူနစ်တွေ အောင်ပွဲရထားတဲ့ ဂယက်ဟာ အလွန်ကြီးနေဆဲပါ။ ကျွန်တော်တို့ စိတ်ထဲမှာ ဗမာပြည် တော်လှန်ရေးဟာ အဲဒီနိုင်ငံများနည်းတူ မကြာခင် အောင်ပွဲခံလိမ့်မယ်ဆိုတဲ့ မျက်ကန်းအကောင်းမြင်စိတ် လွှမ်းမိုး နေတယ်။ ဒီတုန်းက မဆလ စစ်အစိုးရဟာလည်း ကွန်မြူနစ်တွေက ဗမာပြည်မြောက်ပိုင်း တခုလုံးကို တိုက်ခိုက် လွတ်မြောက်စေလိုက်ရင် ဗမာပြည်တောင်ပိုင်းမြောက်ပိုင်း ကွဲသွားမှာကို စိုးရိမ်စိတ်နဲ့ တထိတ်ထိတ် တလန့်လန့် ဖြစ်နေခဲ့ရတဲ့ ကာလလို့ ခုနောက် ပိုင်းများမှာ ပြန်သိနေခဲ့ရတယ်။

ပန်ဆန်းမှာ အဲဒီတုန်းက ထိုင်းကွန်မြူနစ်ပါတီနှင့် အင်ဒိုနီးရှားကွန်မြူနစ်ပါတီမှ ညီနောင်ရဲဘော်များဟာ ကျွန်တော်တို့ရဲ့ အခြေခံဒေသတည်ဆောက်ရေး လုပ်ငန်းများကို လာရောက်လေ့လာရင်း လက်တွေ့လုပ်ငန်းများကို ပါဝင်လုပ်ဆောင်နေခဲ့ကြတာပါ။

မဟာမိတ်အဖွဲ့များဖြစ်ကြတဲ့ ရလလဖ။ ကလလတ၊ ကယန်းအဖွဲ့စတာတွေ လည်း ပန်ဆန်းကိုရောက်ပြီး နိုင်ငံရေး လေ့လာရေးများ လုပ်နေကြတယ်။ ရှမ်းနီတပ်ဖွဲ့နဲ့ **SSA**တပ်ဖွဲ့တို့လည်း ရှိနေတယ်။ နောင်မှာတော့ ရှမ်းနီတပ်ဖွဲ့ဟာ ပြည်သူ့ တပ်မတော် အဖြစ် ပြောင်း ခဲ့တာပါ။ ထိုင်းနယ်စပ် လွယ်လန်းကြောမှာ လှုပ်ရှားနေတဲ့ လားဟူ လက်နက် ကိုတပ်ဖွဲဟာလည်း ပါတီနဲ့မဟာမိတ်ဖွဲ့ရေး အတွက် ပန်ဆန်းကို ရောက် လာခိုက်ဖြစ်တယ်။

ပါတီခေါင်းဆောင်တဲ့ ပြည်သူ့တပ်မတော်နဲ့ မဟာမိတ်တွေရဲ့ နေ့စဉ် အောင်ပွဲ သတင်းတွေဟာလည်း အရှိန်အဟုန် ကောင်း နေဆဲ။ ကျွန်တော်တို့ ပါတီအနေနဲ့လည်း **၇၉ လမ်းစဉ်တစုံလုံး** ကို အောင်မြင်စွာ ချမှတ်နိုင်လိုက်တဲ့ ကာလပါပဲ။

၁၉၇၉ခုနှစ်ဟာ ပါတီအနှစ်၄၀ပြည့်တဲ့နှစ် ဖြစ်တယ်။ ပါတီဗဟိုဟာ အဲဒီနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ 'မိုးသောက်ကြယ်နီ' ဆိုတဲ့ အော်ပဒါကြီးကိုလည်း တခမ်းတနား တင်ဆက် ကပြခဲ့တယ်။ ရဲဘော်တွေ ရာနဲ့ချီပါဝင်ခဲ့ကြတာပါ။

အဲဒီတုန်းက လက်နက်ကိုင်တော်လှန်ရေး အနှစ်၃၀မြောက်နေ့ကို ဂုဏ်ပြု ရိုက်ကူးထားတဲ့ 'ငြိမ်းမရတဲ့ မီးတောက်မီးလျှံ' ဇာတ်ကား အပိုင်း(၁)နဲ့(၂)ကိုလည်း မဟာမိတ်များနဲ့ မြို့ပေါ်က ရောက်လာစဖြစ်ကြတဲ့ ကျွန်တော်အပါအဝင် ကျွန်တော်တို့ ရဲဘော်တွေဟာ ကြည့်မဝ နှစ်ထောင်းအားရ ဖြစ်နေကြတာပါ။

အဲဒီနှစ်မှာပဲ မဆလ စစ်အစိုးရက ဆင်နွှဲလာတဲ့ 'မင်းရန်အောင် ထိုးစစ်' မှာ ခလရ(၃၃)ရဲ့ စစ်ကြောင်းတကြောင်းလုံးကို သုံ့ပန်းအဖြစ် ဖမ်းဆီးပစ်လိုက်ပြီး ထိုးစစ်ကို ရိုက်ချိုးပစ်ခဲ့တယ်။ တဆက်တည်း 'ကောင်းလင်း–ကောင်းလန်း' တိုက်ပွဲစဉ်ကို တိုက်ရင်း ရန်သူအပေါ် စစ်ရေးအရှိန်အဟုန် မြှင့်ခဲ့တယ်။

ဒါကြောင့် ပန်ဆန်းရဲ့ အဲဒီကာလတွေဟာ စည်စည်ကားကားနဲ့ လှုပ်ရှားတက်ကြွ တဲ့လေထု လွှမ်းမိုးနေဆဲလို့ ဆိုရပါမယ်။

(၂)

ဒီတုန်းက ရဲဘော်တိုင်းဟာ လှုပ်ရှားတက်ကြွ နေပါတယ်။ ပါတီနဲ့တော်လှန်ရေးက ဘာတာဝန်တွေ ပေးလာမလဲ။ ပေးလာတဲ့ တာဝန်ကို ထမ်းဆောင်ဖို့ အသင့်ဖြစ်နေ ကြပါ တယ်။

ကျွန်တော်လည်း မြေအောက်လုပ်ငန်းစခန်းဖြစ်တဲ့ စပယ်တောစခန်းရဲ့ တာဝန် ပေးချက်အရ လားဟူတပ်ပေါင်းစုကို သွားရောက်တာဝန် ထမ်းဆောင်ခဲ့ရပါတယ်။ အဲဒီနောက် **SSA**တပ်ဖွဲ့ကို ပြောင်းရွှေ့တာဝန်ထမ်းရပြန်တယ်။ ဒီတာဝန်ပြီးတဲ့အခါ ကျွန်တော့်ကို အရှေ့မြောက်စစ်ဒေသသို့ စည်းရုံးရေးအရ လွှဲပြောင်းပေးလိုက်ပါတော့တယ်။

အရှေ့မြောက်စစ်ဒေသသို့ ရောက်သွားတဲ့အခါ အစည်းအဝေးခန်းအတွက် နေရာထိုင်ခင်းပြင်ဆင်ရေးမှာ ခုံထမ်းတဲ့ အလုပ်က အစ၊ ဌာနချုပ်ရိက္ခာမှူးတာဝန်၊ အစည်း အဝေးမှတ်တမ်းလိုက်၊ လူမျိုးစုရဲဘော်လေးများကို စာသင်ပေး၊ တော်လှန်ရေးသီချင်း သင်ပေးတာ အဆုံး၊ ထုတ်လုပ်ရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းများ အပါအဝင် ကျရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့ ရတာပါ။ လက်တွေ့အတွင်း ပါတီက လိုအပ်ရင် လိုအပ်သလို တာဝန်ပေး ခိုင်းသမျှ လုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါတယ်။ ပါတီနဲ့ တော်လှန် ရေး လုပ်ငန်းမှန်သမျှ ကြီးတယ်ငယ်တယ် မခွဲခြားပဲ အားလုံးကို ထမ်းဆောင် မယ်ဆိုတဲ့ အတွေးအခေါ်ကိုလည်း မှန်မှန်ကန်ကန် စိုက်ထူထား ပါတယ်။

ဒီတုန်းက တချို့က ဒီလိုလုပ်ငန်းစုံလုပ်နေရတဲ့ ရဲဘော်များကို 'ပရုပ်ဆီ ကေဒါ' များလို့တောင် ခေါ်ကြပါတယ်။ အခု ပြန်တွေးလိုက်တော့ ကျရာတာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်တယ်ဆိုတာ ဝမ်းသာဂုဏ်ယူစရာပါလားလို့ ခံစားပြီး ပြန်လည်ကြည်နူး နေမိတယ်။

ကေဒါဟောင်း၊ ကေဒါသစ်တွေအကြား ဓမ္မတာအတိုင်းပဲ ပဋိပက္ခလည်းရှိ၊ စည်းလုံးညီညွတ်မှုလည်းရှိခဲ့ပါတယ်။ ပေါ်လာတဲ့ ပဋိပက္ခတွေကို မှန်မှန်ကန်ကန်ဖြေရှင်းပြီး လုပ်ငန်းတွေကို တက်တက်ကြွကြွ လုပ်ဆောင်နိုင်ခဲ့ကြပါတယ်။ ဒီလို ကျလာသမျှ လုပ်ငန်း တွေကို ကုန်းရုန်း လုပ်ဆောင်နေတဲ့အထဲမှာ **"အရဏ်ဦး ခရီးသည်"**ဟာ ကေဒါဟောင်းတွေ အနက် တဦးပါပဲ။

(၃)

၁၉၈၄ခုနှစ်မှာ ကျွန်တော်ဟာ **အာရကဏ်ဦးခရီးသည်** နဲ့ နှစ်ဘက် ကလပ်စည်းများရဲ့ ခွင့်ပြုချက်အောက်မှာ ကျွန်တော်တို့ နှစ်ဦးလုံးရဲ့ တိုက်ရိုက်ခေါင်းဆောင်များဖြစ်တဲ့ စစ်ဒေသခေါင်းဆောင်များနဲ့ တော်လှန်ရေးရဲဘော်များရဲ့ မိခင်နှစ်ဦးဖြစ်တဲ့ ဒေါ်ဒေါ်–ဒေါ်သန်းစိန်နဲ့ ဒေါ်ဒေါ်–ဒေါ်စန်းလွင်တို့ရဲ့ ရှေ့မှောက်မှာ လက်မှတ်ရေးထိုး လက်ထပ်ခဲ့ တာပါ။ လက်မှတ်ရေးထိုးပွဲ အခမ်းအနားအတွက် တက်ရောက်လသူများကို ဒေါ်စန်းရီ (ရဲဘော်စံသူ ရဲ့ဇနီး)က အကုန်ကအကျခံ၊ တာဝန်ခံ ချက်ပြုတ်ပြီး မုန့်ဟင်းခါးနဲ့ ကူညီ ညှော်ခံပေးခဲ့တာကို ကျွန်တော်တို့ နှစ်ဦးရဲ့ဘဝခရီးထဲက ဘယ်လိုမှ မေ့ပျောက်ထားလို့ မရ နိုင်ပါ။

လက်မှတ်ရေးထိုးပွဲမှာ မင်္ဂလာစကား တရပ်အနေနဲ့ ခေါင်းဆောင်များနဲ့ မိခင်ရဲဘော်ကြီး နှစ်ဦးရှေ့မှောက်မှာ ကျွန်တော်ဟာ ကျွန်တော်နဲ့လက်ထပ်လိုက်တဲ့ ကျွန်တော့်ဇနီး ရဲဘော်ကို မိမိရဲ့အိမ်ထောင်ဘက်အဖြစ်နဲ့ ရာသက်ပန် ရိုးမြေကျ ပေါင်းသွား မှာဖြစ်သလို **“တော်လှန်ရေးအမွေ”**တရပ်အဖြစ်လည်း ထိန်းသိမ်း စောင့်ရှောက် သွားပါ့မယ်လို့ ကျွန်တော့် ရင်တွင်းရိုက်ခတ်ချက်ကို ဖွင့်ဟပြောကြားခဲ့ပါတယ်။ လက်တွေ့အရလည်း မျိုးဆက် ဟောင်းကေဒါ တယောက်အနေနဲ့ရော၊ ဇနီးသည်အဖြစ်ပါ ပြုစုစောင့်ရှောက်ခဲ့ စောင့်ရှောက်နေဆဲပါ။

**အရကဏ်ဦးခရီးသည်** ဟာ အထက်မှာ ပြောခဲ့သလို ကေဒါဟောင်းတဦးဖြစ်လို့ ကျွန်တော်တို့ ပါတီနဲ့တော်လှန်ရေးရဲ့ အဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေ သူ့မှာ ရှိနေ ပါတယ်။ ဒါကြောင့် ပန်ဆန်းကာလများက လုပ်ငန်းတွေအားလပ်တဲ့အခါ ရှေးဟောင်းနှောင်း ဖြစ်များကို ပြောဆိုဖြစ်တော့ သူ့အတွေ့အကြုံတွေ ကြားရ၊ နားထောင်ရတတ်ပါတယ်။ ဒီလိုနဲ့ ၁၉၈၆ မှာ၊ ငှက်ဖျားရောဂါ ပြန်ထလာပြီး မျက်စိတဖက် ကွယ်ခဲ့ရတယ်။ ပါတီက ကြိုးစားကုပေးပေမယ့် ကံဆိုးပါတယ်။ မအောင်မြင်ပါဘူး။

၈၉နယ်စပ်အရေးအခင်း ဖြစ်ပွားပြီးနောက် ကျွန်တော်တို့ပါတီဟာ မြေအောက် ပါတီ ဖြစ်သွားသလို၊ ကျွန်တော်တို့တတွေလည်း တိုင်းတပါးကို ရောက်သွားရပါတယ်။ ဒီကြား ထဲ **အရကဏ်ဦးခရီးသည်** ဟာ ၁၉၉၆မှာ လေဖြတ်သွားလို့ စကားပြော မရ၊ လမ်း လျှောက် မရ ဖြစ်သွားရပြန်ပါတယ်။ ကြိုးစားကုသ ရုန်းကန် လေ့ကျင့်ရင်း တစုံတရာ ပြန်ကောင်း လာပါတယ်။ ဒါပေမယ့် မူလကအတိုင်းတော့ ပြန်ကောင်းမလာတော့ပါဘူး။

မြေအောက်ကာလလည်းဖြစ်၊ တိုင်းတပါးမှာလည်းဖြစ်တော့ အခိုင်အမာ လက်တွေ့လုပ်ငန်း ကိုင်နေဲး မရှိဖြစ်သွားရတာမို့ အချိန်အားများ ရတတ်သလို ရဲဘော်တချို့နဲ့ ကျွန်တော့်အိမ်မှာ ဆုံတတ်ပါတယ်။ အဲဒီလိုဆုံမိတော့ တော်လှန်ရေးလုပ်ငန်း တွေအကြောင်း ပြောကြဆိုကြ၊ နိဂုံးချုပ်မိတတ်ကြသလို၊ အတွေ့အကြုံဖလှယ်တာ၊ အပြန်အလှန် နားလည် ယူကြည့်မိတာတွေလည်း ရှိတတ်ပါတယ်။ ဒီလိုပြောကြဆိုကြရင်းနဲ့ ကျွန်တော်နဲ့ မောင်လှဝင်း(မြင်းခြံ)အပါအဝင် ရဲဘော်တချို့က **အရကဏ်ဦးခရီးသည်** ကို ခုလိုပြောပြနေတဲ့ အတွေ့အကြုံတွေကို ရဲဘော်အများစု မျှဝေခံစားနိုင်အောင် စာရေးပါလားလို့ တိုက်တွန်း မိပါတယ်။ ရေးထားရင် တချိန်မှာ စာအုပ်လေးဖြစ်နိုင်တာပေါ့လို့လည်း အားပေးမိပါတယ်။ ဒီလိုတိုက်တွန်း အားပေးမှုကနေ ရေးသူကလည်း ရေးလာတော့ ကျွန်တော်နဲ့ မောင်လှဝင်း(မြင်းခြံ) တို့ကလည်း အချက်အလက်ကလေးတွေက ရှိလာလို့ စာအုပ်လေးထုတ်နိုင်ဖို့ ကြိုးစားအားထုတ်မိရာက အခု **“အရကဏ်ဦးခရီးသည်”(ပထမတွဲ)** စာအုပ်ကလေးကို စာဖတ် သူများလက်သို့ ပေးပို့လိုက်နိုင်ခြင်းဖြစ်ပါတယ်။

(၄)

ဒီစာအုပ်ဟာ **အရကဏ်ဦးခရီးသည်** အနေနဲ့ ရှည်လျားကျယ်ပြန့် နက်ရှိုင်းလှတဲ့ ဗမာပြည် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး တိုက်ပွဲအတွင်း သူပါဝင်ထမ်းဆောင်ခဲ့ရတဲ့ လုပ် ငန်းအတွေ့အကြုံတွေနဲ့ သူကြားသိတွေ့မြင်ခဲ့ရတာများကို ချယ်မှုန်းရေးသားထားတာ ပါ။ တကယ်တော့ ဒါဟာ ပင်လယ်သမုဒ္ဒရာကြီးအတွင်းက ရေတစက်လို၊ တော်လှန်ရေး လုပ်ငန်းကြီး အတွင်းက အလွန်သေးငယ် လှတဲ့ လုပ်ငန်းအစိတ်အပိုင်းလေး တခုမျှ လောက် သာ ဖြစ်ပါလိမ့်မယ်။ စာဖတ်သူများအတွက် အကျိုးရှိမရှိကတော့ စာဖတ်သူများပဲ ဝေဖန် အကဲဖြတ်ကြပါတော့။

ဒီစာအုပ်ဟာ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးအတွင်း ပါတီက ဆောင်ရွက်ခဲ့တဲ့ ဝါဒဖြန့်ချိရေးပြဇာတ်တွေ၊ သီချင်းတွေကိုတော့ မှတ်တမ်းအဖြစ် အနိမ့်ဆုံးအားဖြင့်တော့ ကျန်ရစ်နိုင်ပါလိမ့်မယ်လို့ ရိုးသားစွာ ယုံကြည်မိပါတယ်။

*တော်လှန်ရေးအတွေ့အကြုံများ များများဖော်ထုတ်နိုင်ကြ ပါစေ။

*တော်လှန်ရေးအတွေ့အကြုံ ရတနာပန်းများ ပွင့်လန်းနိုင်ပါစေ။ ။

အရုဏ်ဦးခရီးသည်

# အရုဏ်ဦးခရီးသည်

(တော်လှန်ရေးဆိုင်ရာ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ)



## စာရေးသူ မကြည်လေး(ရဲဘော်ငွေ)

✱၁၉၃၅ မတ် ၂၈၊ ပျဉ်းမနားမှာ အဘဦးဖိုးရွှေ၊ အမိဒေါ်အုံးခင်တို့မှ မွေးဖွားခဲ့။
✱၁၉၄၉ ဧပြီ ၁၂၊ ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်တဲ့ လက်နက်ကိုင်တော်လှန်ရေးထဲ စတင်ပါဝင်။
✱၁၉၄၉ – ၅၁၊ အမျိုးသမီးသမဂ္ဂလုပ်ငန်း။
✱၁၉၅၁ – ၅၄၊ "ဗဟိုပြည်သူ့သဘင်"ဝါဒဖြန့်လုပ်ငန်း။
✱၁၉၅၄၊ အခြေခံ ဆေးပညာသင်တန်းတက်ပြီး၊ အခြေခံဒေသ၊ ပျဉ်းမနားခရိုင်ဆေးရုံမှာ သူနာပြုလုပ်ငန်းတာဝန်ထမ်းဆောင်ခဲ့။
✱၁၉၅၉၊ ရန်သူ့ထိုးစစ်ကို တိမ်းရှောင်ရင်း ရန်သူ ခလရ ၂၆ စစ်ကြောင်းနဲ့ တွေ့ဆုံ ဖမ်းဆီးခံရ။
✱၁၉၅၉ – ၆၀ – ၆၁၊ ပုဒ်မ ၁၇/၁(က)အရ ထောင် ၂ နှစ်ကျခဲ့။
✱၁၉၆၁ ဧပြီ၊ မန္တလေးထောင်မှ လွတ်ခဲ့။
✱၁၉၆၃၊ မန္တလေးမှာ ကျင်းပတဲ့ အထက်ဗမာပြည် ၇ ခရိုင် ငြိမ်းချမ်းရေး ဆန္ဒပြပွဲမှာ ပါဝင်လှုပ်ရှားခဲ့။
✱၁၉၆၇၊ လက်နက်ကိုင်တော်လှန်ရေးထဲ ပြန်ဆင်းလာခဲ့။
✱၁၉၆၇ – ၇၁အထိ၊ ပါတီ၏ ပြောက်ကျားဒေသဖြစ်တဲ့ ရှမ်းပြည်တွင် လှည့်လည် လှုပ်ရှားခဲ့။
✱၁၉၇၁၊ အရှေ့မြောက်လွတ်မြောက်ဒေသသို့ ရောက်ရှိခဲ့။
✱၁၉၇၂ – ၇၄၊ ဆေးပညာထပ်မံလေ့လာခဲ့။
✱၁၉၇၄ – ၈၆၊ အရှေ့မြောက်စစ်ဒေသ စစ်ဆေးရုံတွင် ဆေးဘက်ဆိုင်ရာ လုပ်ငန်းတာဝန် ထမ်းဆောင်ခဲ့။
✱၁၉၈၄ ဇန်နဝါရီ ၂၂၊ ရဲဘော်အောင်လွင်နဲ့ လက်ထပ်။
✱၁၉၈၆ အရှေ့မြောက်စစ်ဒေသ၊ အမျိုးသမီးသမဂ္ဂစည်းရုံး ရေးလုပ်ငန်းတာဝန် ထမ်းဆောင်ခဲ့။
✱၁၉၈၉ ဧပြီ ၁၇ ရက်မှာ နယ်စပ်အရေးအခင်းဖြစ်ပွားရာ၊ ပါတီဗဟိုနဲ့အတူ ပြည်ပသို့ ထွက်လာခဲ့။
✱၁၉၈၉ မှသည် ယနေ့အထိ ခင်ပွန်းသည် ရဲဘော်နဲ့အတူ ပါတီရဲ့မြေအောက်ကေဒါများအဖြစ် ဆက်လက်ရပ်တည်နေဆဲ။

## ခရီးရှည်ချီတက်

၁၉၇၀ခုနှစ်၊ မိုးအကုန်အချိန်(လကိုတော့ မမှတ်မိပါ)။ ပွင့်လင်းရာသီ အစပိုင်းလောက် ဖြစ်မယ်လို့ ခန့်မှန်းမိပါတယ်။ ကျွန်မတို့ 'ချီတက်ရေးအဖွဲ့ကြီး' ဟာ ရလလဖ နယ်မြေ ပအို့ဝ်ရွာကြီး တရွာမှာ နားနေပါတယ်။ ကျွန်မတို့အဖွဲ့ကြီးဟာ စည်းရုံးရေးအရ မတူတဲ့ အဖွဲ့၃ ဖွဲ့ကို စုပေါင်းထားတာ ဖြစ်ပါတယ်။

တစုက ဗဟို၌ာနခွဲတပ်မှ အစု။ အဲဒီအစုမှာတော့ တပ်ကို ဗိုလ်မှူးခင်ညိုက ဦး ဆောင်တယ်။

ကျန်တစုကတော့ အလယ်ပိုင်းတိုင်း ကော်မတီ အစုဖြစ်ပါတယ်။ အဲဒီအစုမှာ တော့ တိုင်းကော်မတီများ ဖြစ်ကြတဲ့ ရဲဘော်(ဦး)မောင်မောင်စိန်၊ ရဲဘော်(ဦး)ရဲထွန်း။ ရဲဘော်(ဦး)မြမင်း တို့ဖြစ်ကြပါတယ်။ (တိုင်းကော်မတီများ အနေနဲ့ ဗဟို၌ာနခွဲကို အစည်း အဝေး လာတက်ရင်း ထိုးစစ်နဲ့တိုးနေလို့ ရှေ့တိုးမရ၊ နောက်ဆုတ်မရ ဖြစ်နေပြီး၊ ၁၉၇၀ခုမိုးတွင်းမှာ မိုးလုံးဟိန်းအထူးခရိုင် အနောက်ခြမ်းတနေရာ စခန်းတိုက်ပွဲမှာ ဗဟို၌ာနခွဲမှူး သခင်တင်ထွန်းကျဆုံးသွားပြီးနောက် ရန်သူ့ထိုးစစ်တွင်းမှ ဖောက်ထွက်လာပြီး ကျွန်မတို့ အားလုံး စုံစည်းမိကြခြင်းပါပဲ။)

ကျန်တစုကတော့ ကျွန်မတို့ မိုးလုံးဟိန်း အထူးခရိုင်အစုပါ။ ရဲဘော်တွေ တပ် စိတ်တစိတ်လောက်ရှိပါတယ်။ ဒီအစုမှာ ခရိုင်အလုပ် အမှုဆောင် နှစ်ဦးပါ,ပါတယ်။ ကျွန်မနဲ့ ရဲဘော်(ဦး)အောင်(ဘုန်းကြီးလူထွက်၊ ကျဆုံး) တို့ပါ။ ကျွန်မတို့အစုမှာ အမျိုးသမီး (၅) ယောက်ပါတယ်။ ကျွန်မရယ်၊ ရဲဘော်(မ)နီ၊ ရဲဘော်(မ)ခင် (ဗိုလ်တိုက်အောင် ဇနီး၊ ထိုအချိန် က လက်မထပ်ရသေး)၊ ရဲဘော် (မ)စိုး (မြင်းခြံထောင်တွင် ကျဆုံး)နဲ့ ရဲဘော် (မ)စန်းတို့ပါ။

ကျွန်မတို့အဖွဲ့ကြီးတခုလုံးမှာ ကလာပ်စည်းတခု ဖွဲ့ထားတယ်။ အဲဒီကလာပ်စည်း မှာ အတွင်းရေးမှူးအဖြစ် ဗိုလ်မှူးခင်ညိုကို တင်ထားတယ်။ တိုင်းကော်မတီတွေကတော့ နာ ယကအဖြစ် ခေါင်းဆောင်ကြတယ်။

ကျွန်မတို့ခရိုင် အလုပ်အမှုဆောင်အဖွဲ့ထဲ ဘုန်းကြီးလူထွက် ဦးအောင်ပါနေတာက သူ့ထူး ခြားချက်ကြောင့်ပါ။ မိုးလုံးဟိန်း အထူးခရိုင်ဖွင့်တာက ၁၉၆၈ခုနှစ်၊ နွေဦး။ ရှမ်းပြည် တောင်ပိုင်းခရိုင်ရဲ့ မြောက်ဘက်အစွန်း၊ သာဇည်–ရွှေညောင်ကားလမ်း မြောက်ဘက်မှနေပြီး ရှမ်းပြည်မြောက်ပိုင်းခရိုင် တောင်ဘက်စွန်း၊ ကျောက်ဂူအထိနယ်မြေဟာ ဘယ်သူမှ မပိုင်၊ မကိုင်ဘဲ လွတ်နေပါတယ်။ ဒီနယ်မြေဟာ ကျယ်ပါတယ်။ ဒါကြောင့် ဒီနယ်မြေကို ပါတီက သေနင်္ဂဗျူဟာအရ တိုးချဲ့ပြီး အထူးခရိုင် ဖွင့်လိုက်ပါတယ်။ အဲဒီနယ်မှာ လူထုအပေါ် ဩဇာ တိက္ကမ အလွန်ကြီးတဲ့ ဓမ္မစရိယ ဘုန်းတော်ကြီးတပါး ရှိပါတယ်။ အဲဒီဘုန်းကြီးက ပါတီကို အလွန် ထောက်ခံသူပါ။ နောင်တော့ အဲဒီဘုန်းကြီးက လူထွက်ပြီး တော်လှန်ရေးထဲကို ဝင်လာ ပါတယ်။

ပါတီဟာ အဲဒီဘုန်းကြီးလူထွက်ကို အမှီပြုပြီး ဒီဒေသမှာရှိတဲ့ ဓနု(ဒေသလူထုရဲ့ အများစု)၊ ရှမ်း၊ ပအို့ဝ်၊ ဗမာ၊ ပလောင် အစရှိတဲ့ လူထုကြီးကို စည်းရုံးပါတယ်။ ကားလမ်း မြောက်ဘက် တနေရာမှာရှိတဲ့ မိုးလုံးဟိန်းဘုရားကို အစွဲပြုပြီး 'မိုးလုံးဟိန်းခရိုင်' လို့ခေါ် တွင်ခဲ့တာပါ။ ဦးအောင်က ပါတီဝင် မဖြစ်သေးတာမို့ အုပ်ချုပ်ရေးဆိုင်ရာဘက်၊ ခရိုင် အလုပ် အမှုဆောင်အဖွဲ့တွင် ထည့်သွင်းပြီး ပါတီလိုင်းမှာတော့ မပါဝင်ပါ။ ကျွန်မတို့ မိုးလုံးဟိန်း ခရိုင်အမှုဆောင်အဖွဲ့ကို အဲဒီလို ဖွဲ့စည်းခဲ့ပါတယ်။

ကျွန်မတို့အဖွဲ့ကြီး ခရီးရှည်ချီတက်လို့ ရက်အချို့ကြာတော့ ကျွန်မဟာ အခြေခံ ကျန်းမာရေးမကောင်းမှုကြောင့် ခရီးသွားရင်းဖျားပြီး အာဟာရဓာတ် ချို့တဲ့ကာ ခြေထောက် တွေ ရောင်လာပါတယ်။ ဆင်ခြေထောက်လိုကြီးပြီး ဖောလာတယ်။ အာဟာရချို့ တဲ့မှုကြောင့် (ဘယ်ရီ၊ ဘယ်ရီ ဖြစ်လာကာ) လမ်းကောင်းကောင်း မသွားနိုင်တော့ပါဘူး။ မြေညီသွားရင် လည်း နာတယ်။ တောင်တက် ရင်တော့ မနာဘူး။ တောင်ဆင်းရင် ခြေကျင်းဝတ်ကို တုတ်နဲ့ ရိုက်သလို သိပ်နာ၊ သိပ်အခံရ ခက်ပါတယ်။ ဒီပြဿနာကြောင့် အားလုံးပြန် လည်ဆွေးနွေး ကြပြီး ဒီလို ဆုံးဖြတ်ချက် ချပါတယ်။

ခေါင်းဆောင်ပိုင်းက ဗဟိုကို အမြန်ရောက်အောင်သွားပြီး အစီရင်ခံရေးကိစ္စ ရှိနေ တာမို့ အမြန်သွားဖို့ အရေးကြီးပါတယ်။

ဒါကြောင့် ကျွန်မတို့အဖွဲ့ကြီးကို လူစုခွဲလိုက်ရပါတယ်။

တစုက ဦးလေးဦးရဲထွန်းအပါ(တိုင်းကော်မတီလူကြီးများအစု)။ ဒီအစုမှာ ဗိုလ်ခင်ညို ဦးစီးတဲ့ ဗဟို၌ာနခွဲတပ် ပါဝင်တယ်။ တစုက မိုးလုံးဟိန်းတပ်က ရဲဘော်များအစု။ (ဒီရဲဘော်တွေဟာ တပ်သက်နုသေးတာမို့ ဒေသစိတ်ပြင်းထန်ပါတယ်။) ဒါကြောင့် ၎င်းတို့ ဒေသကို ပြန်ခွင့် ပေးလိုက်တယ်။

နောက်ဆုံးတစုက ကျွန်မအပါ၊ ရဲဘော်အနည်းစု။ (ဒေသခံကေဒါ) မုဆိုးကျော် ဦးလေးကြီး နှစ်ယောက်လည်း ပါဝင်တယ်။ တလအတွင်း ဆေးလည်းကု၊ အနားလည်းယူ။ အားရှိအောင်ကြိုးစား။ တလလောက်ဆိုရင် ရှမ်းပြည်မြောက်ပိုင်းခရိုင်တပ်၊ တပ်မှူး ရဲဘော် အောင်ဆင့်(ဗိုလ်ပုမောင်) ဦးစီးတဲ့တပ်က လာကြိုပြီး ခရီးဆက်ထွက်မယ်။

ကျွန်မတို့ဟာ နောက်တနေ့မနက်စောစောမှာ လူစု အမြန်ခွဲကြရတယ်။ ကျွန်မ တို့အစုက ဆင်တောင်မြောက်ဘက် SSPP နယ်မြေ တောင်ဘက်အစွန် ပလောင်ရွာတွေ အနီးမှာ လျှို့ဝှက်နေပါတယ်။ လူနည်းတော့ လုံခြုံမှု၊ ရိက္ခာကိစ္စ ဘာမှ မပူရပါ။ ဒေသခံကေဒါ ဦးလေးကြီး နှစ်ယောက်ကလည်း တောကျွမ်းပါတယ်။ ဆေးဝါး၊ ရိက္ခာအပါ ရန်သူလှုပ်ရှားမှု သတင်း အားလုံး ရပါတယ်။ ဆေးဝါးကတော့ ဒေသခံများ သုံးစွဲတဲ့ ဗိန္ဓောဆေးကိုပဲ သုံးပါ တယ်။ အနောက်တိုင်းဆေးဖြစ်တဲ့ ဗီတာမင်ဘီဝမ်းနဲ့ ဘီတွဲကိုလည်း နေ့စဉ်ထိုးရပါတယ်။ ဦးလေးကြီး တို့က ကျွန်မအတွက် အားရှိအောင်ဆိုပြီး ဂျီသား(ချေသား)၊ ဆတ်သား ရသမျှ ရှာဖွေယူလာ တတ်ပါတယ်။ ထန်းလျက်၊ ပျားရည်စတာတွေလည်း ရှာယူလာပါတယ်။ ဒီလိုကုသရင်းနဲ့ နှစ်ပတ်လောက်ကြာတော့ ကျွန်မ ခြေထောက် ရောင်တာ၊ နာတာ အားလုံး ပျောက်သွားပါပြီ။ လမ်းလျှောက်တာလည်း လေ့ကျင့်ပါတယ်။ ရဲဘော်တွေ အားလုံးကလည်း ဝမ်းသာနေကြ ပါတယ်။

တလလောက်ကြာတော့ မနက်စာစားပြီး အနားယူနေတုန်း မမျှော်လင့်ဘဲ ဗိုလ်ပုမောင်တို့တပ် ရောက်လာတယ်။ နှုတ်ဆက်ကြ၊ စကားပြောကြနဲ့ စခန်းထဲမှာ ဆူဆူညံညံ ဖြစ်သွားပါတယ်။ အဲဒီနေ့က ဦးလေးကြီးတို့ နှစ်ယောက် ရွာကိုပြန် ရိက္ခာယူရင်း ဆတ်သားရ လို့ ဝယ်လာခဲ့တယ်။

ညနေတော့ နှုတ်ဆက်ထမင်းစားပွဲ လုပ်တယ်။ ညဘက်လည်း စကား တပြောပြောနဲ့ တော်တော်နဲ့ မအိပ်ကြပါဘူး။

နောက်တနေ့မနက်စောစောမှာ ကျွန်မတို့အားလုံးက ဦးလေးကြီး နှစ်ယောက်ကို နှုတ်ဆက်ကြပါတယ်။ ဦးလေးကြီး နှစ်ယောက်ဟာလည်း တလနီးပါး အတူနေခဲ့ရတော့ ရဲဘော်တွေကို သံယောဇဉ်ညှိတွယ်နေပါတယ်။ အခုလို လူချင်းခွဲရတော့ ဝမ်းနည်းတဲ့ အကြောင်း ပြောပါတယ်။ ဒါပေမယ့် အားလုံးကျန်းကျန်းမာမာနဲ့မို့ ဝမ်းသာတဲ့အကြောင်း၊ ရဲဘော်အားလုံး လိုရာခရီးကို ချောချောမောမော ရောက်ပါစေလို့ ဆုတောင်းပါကြောင်း ကိုလည်း ပြောကြ ပါတယ်။ ကျွန်မကလည်း ဦးလေးကြီး နှစ်ယောက်နဲ့ ကျွန်မတို့ရဲ့ နေ ထိုင်စားသောက်ရေး၊ လုံခြုံရေးနဲ့ ဆေးဝါး အာဟာရဓာတ်စာများပါ၊ ထောက်ပံ့ကူညီခဲ့တဲ့ ရွာက တခါမှ မတွေ့ဘူး၊ မမြင်ဘူးတဲ့ မိဘပြည်သူများကို ကျေးဇူးအထူးတင်ပါကြောင်း။ ဒီကျေးဇူးကိုလည်း တသက်တာ ဘယ်တော့မှ မမေ့ပါဘူးဆိုတာ တဆင့်ပြန်ပြောပေးဖို့ နှုတ်ဆက်ပြီး ခရီးထွက်ခဲ့ကြပါတယ်။

SSPPအခြေခံဒေသထဲ ခရီးဆက်ထွက်ရင်း ၂–၃ရက်လောက်အကြာ၊ ရွာတရွာမှာ ခဏနားနေတုန်း ဗိုလ်တိုက်အောင် ရောက်လာပြီး ကျွန်မတို့အဖွဲ့နဲ့ ပေါင်းမိပါတော့တယ်။ ဗဟိုဌာနခွဲစခန်းကို ရန်သူကဝင်တိုက်ချိန် စခန်းမှာ ဗိုလ်တိုက်အောင် မရှိပါဘူး။ ဗဟိုကို အထူး ဆက်သားအဖြစ် သွားနေပါတယ်။ ဗိုလ်မှူးခင်ညိုနဲ့ ဌာနခွဲတပ်ကလည်း အပြင်မှာ ရောက် နေပါတယ်။ အခုလို ဗိုလ်တိုက်အောင်ပြန်လာတော့ ဗဟိုအခြေအနေ အားလုံးသိရပါတယ်။ ဒီလိုနဲ့ ရက်တချို့သွားပြီး ကျွန်မတို့အစုဟာ နိုင်ငံခြားကို အေးအေးဆေးဆေး ရောက်သွားပြီး ကျွန်မတို့နဲ့ ယာယီခွဲသွားရတဲ့ အစုနဲ့ အားလုံးပျော်ပျော်ရွှင်ရွှင် ပြန်ပေါင်းမိပါတော့တယ်။

## ဘာအတွေးအခေါ်တဲ့လဲ

"ကဲ … မငွေ။ ခင်ဗျားရဲ့ အတွေးအခေါ်ဟာ ဘာလဲဆိုတာ ကျုပ်ကထောက်ပြ ကူညီနိုင်ဖို့ဆိုရင် ခင်ဗျားရဲ့အိမ်ထောင်ဗီဇ၊ ဘဝဖြတ်သန်းမှု၊ ဒါတွေအားလုံး သိပြီးနောက်မှ လက်ရှိ ခင်ဗျားရဲ့ လုပ်ဟန်များနဲ့ ပေါင်းစပ်ပြီး ခင်ဗျားရဲ့ အတွေးအခေါ်ကို ဘာဆိုတာ ကျုပ် က ပြောနိုင်၊ ကူညီနိုင်မှာ"

ဦးလေးဟာ စကားအဆုံးမှာ လက်ဖက်ရည် ငုံ့သောက်နေပါတယ်။ ဦးလေး ဆိုတာ က ဦးလေးဦးရဲထွန်းပါ။ ကျွန်မတို့အဖွဲ့ထဲမှာ အသက်အရရော၊ တော်လှန်ရေးသက်တမ်း အရပါ ဝါ အကြီးဆုံး။ အလွန်စိတ်ရှည်ပြီး ရဲဘော်များရဲ့ ခင်မင်လေးစားမှုကို ခံရသူပါ။ ၄၈ ခုနှစ်၊ တော်လှန်ရေး အစပိုင်းမှာ ပါတီဗဟိုအခြေခံစခန်းကို ကာကွယ်ပြီး ဗိုလ်နေ၀်ဆိုင်းရဲ့ ကချင်သေနတ်ကိုင်တပ်ကို တွန်းလှန်တိုက်ခိုက်ခဲ့သူ ဗိုလ်မှူးရဲထွန်းပါ။ သူဟာ ဂျပန်ခေတ်မှာ နာမည်ကြီးလှတဲ့ ဗိုလ်ချုပ် ကျော်ဇောရဲ့ 'စံပြတပ်စစ်ကျောင်းဆင်း' တဦးလည်း ဖြစ်ပါတယ်။

အခုခရီးသွားရင်း ပအို့ဝ်ရွာတရွာမှာ ခေတ္တနားနေချိန်၊ ရဲဘော်များက မိမိတို့ တဦးချင်းရဲ့ အတွေးအခေါ်ဟာ ဘာလဲဆိုတာ သိချင်လို့ ဦးလေးကို ထောက်ပြကူညီဖို့ တောင်း ဆိုကြလို့ ဆွေးနွေးကြတာ၊ ဦးလေးမှာ ကောင်းကောင်းတောင် မနားရရှာပါဘူး။ ဒီနေ့တော့ ကျွန်မအလှည့် ရောက်ပြီမို့၊ ညနေထမင်းစားပြီး ဦးလေးဆီရောက်လာတော့ ဦးလေးက အခုလို ပြောလိုက်တာပါ။

ကျွန်မဟာ 'ကွန်မြူနစ်ကောင်း တယောက်'ဖြစ်ချင်လို့၊ ကိုယ့်မှာ မကောင်းတဲ့ အတွေးအခေါ် ဘာတွေရှိနေသလဲ။ ဘာတွေပြုပြင်ရမလဲဆိုတာ သိချင်လို့ ဦးလေးကို ထောက် ပြကူညီပါရန် တင်ပြတောင်းဆိုထားလို့၊ ဒီနေ့ဟာ ကျွန်မအလှည့်ပါ။

ကျွန်မဟာ ဘာက စပြောရမှန်းမသိတာမို့၊ ဘာမှ မပြောသေးဘဲ ဦးလေးမျက်နှာ ကိုပဲ စိုက်ကြည့်နေမိတယ်။ အနားမှာ ကျွန်မနဲ့ အဖော်အဖြစ် ပါလာတဲ့ ရဲဘော်မစန်း ကတော့  မြေပဲတောင့်လေးတွေကို အနားက မီးဖိုကြီးထဲမှာ ပြာတွေယက်ပြီး ဖုတ်နေပါတယ်။

"ကဲ … ပြောလေ။ ဟိုး–ငယ်ငယ်ကလေးဘဝကစပြီး မှတ်မိသလောက် စဉ်းစားပြီး ပြောပြ။ ဘာမှ မကြောက်နဲ့။ ရှက်စရာလည်း မလိုဘူး။ အမှန်အတိုင်းသာပြော။ ကျုပ်တို့ဟာ ရဲဘော်ရဲဘက် တွေလည်း ဖြစ်တယ်။ ပြီးတော့ ကျုပ်ကို ခင်ဗျားရဲ့ အဖေလို သဘောထားပြီး ကိုယ်ပြောတတ်သလို သာပြော။ ဟုတ်လား"

"ဟုတ်ကဲ့ဦးလေး။ ကျွန်မ မှတ်မိသလောက် ပြောပြပါမယ်"

ဒီအချိန်မှာ ဦးလေးဟာ အနားက ရေနံဆီမီးခွက်ကလေးကို ယူပြီး မီးထွန်း နေတယ်။ ကျွန်မလည်း ရဲဘော်မစန်း မီးဖုတ်ထားတဲ့ မြေပဲတောင့် နှစ်တောင့်၊ သုံးတောင့်ကို ယူပြီး စားနေရင်း ဦးလေးလုပ်နေတာ ပြီးအောင်စောင့်ကာ ဘာကစပြောရမလဲဆိုတာ စဉ်းစား နေမိ တယ်။

## ကမ္ဘာမကျေ၊ ဗမာတတွေ
## ဒါတို့ ပြေ၊ ဒါတို့မြေ
## ဒါငါတို့ပြေ

"ဟဲ့ … ကလေးထ၊ တရားပွဲ ပြီးပြီ။ ဟိုမှာ သူများတွေတောင် သီချင်းဆိုကုန်ပြီ။ ထ–ထ ငါ့မြေး"

မေမေကြီးက သူ့ရင်ခွင်ထဲမှာ အိပ်ပျော်နေတဲ့ ကျွန်မကိုယ်ကို လှုပ်နှိုးတော့ ကျွန်မ လည်း နိုးလာပြီး ထရပ်လိုက်တယ်။ အိပ်ချင်မူးတူးနဲ့ မေမေကြီးရဲ့ ခြေထောက်ကို ဖက်ထားပြီး 'တို့ဗမာ' သီချင်းကို မီရာကနေပြီး လိုက်အော်ဆိုလိုက်တယ်။

သီချင်းလည်းဆုံး။ အားလုံးလည်း ပြန်ကြပါပြီ။ ကျွန်မတို့ မြေးအဖွားလည်း လူအုပ် ကြီးနဲ့ရောပြီး ဖြည်းဖြည်းသွားနေရာက "ငါ့မြေးလေး အိပ်ချင်တုန်းနဲ့တူတယ်။ လာ … လာ …အမေ့ ကျောပေါ်တက်။ အမေပိုးမယ်"

မေမေကြီးဟာ ပြောပြောဆိုဆိုနဲ့ ထိုင်လိုက်ပါတယ်။ ကျွန်မလည်း မေမေကြီးရဲ့ ကျောပေါ်မှိန်းပြီး လိုက်သွားပါတယ်။

"ငါ့မြေးလေးက ဒီနေ့တရားပွဲမှာ မအိပ်စဖူး၊ အိပ်တာကိုးကွဲ့။ တရားပွဲကလည်း နည်းနည်း ကြာသွားတယ်"

"ဟုတ်ကဲ့။ နေ့လည်က မအိပ်ရဘူးမေမေကြီးရဲ့။ မမနဲ့ ကစားနေတာနဲ့။ ဒါ ကြောင့် ညကျတော့ အိပ်ပျော်သွားတာ"

"ငါ့မြေးလေး ဟိုဦးဦးတွေ ဟောတာတွေ အကုန်မှတ်မိရဲ့လား"

"ဟုတ်ကဲ့။ မှတ်မိတယ်"

"အေး … ကောင်းတယ်။ ကောင်းတယ်။ မနက်ဖြန်ကျရင် မေမေတို့၊ မမတို့နဲ့ အိမ်နားက ဦးဦးတို့ကိုပါ ပြန်ဟောပြနော်"

"ဟုတ်ကဲ့။ ပြန်ဟောပြမယ်။ လိုတဲ့နေရာကျရင် မေမေကြီးက ကူပြောပေးနော်"

“အေး … ပြောပေးမှာပေါ့။ ဒါပေမယ့် မလိုပါဘူး။ ငါ့မြေးလေးက သိပ်ဉာဏ် ကောင်းတာ။ အကုန်မှတ်မိတာပဲ”

မြေးအဖွားနှစ်ယောက် စကားပြောရင်းလာလိုက်ကြတာ အိမ်ကို ရောက်လာပါပြီ။ ဒါက ကျွန်မတို့မြေးအဖွား လုပ်နေကျ အလုပ်ပါ။

သခင်တရားပွဲတိုင်း ကျွန်မတို့မြေးအဖွား ရောက်တာချည့်ပါပဲ။ ကျွန်မတို့ မသွား ဘူးတဲ့ သခင်တရားပွဲရယ်လို့ မရှိသလောက် ပါပဲ။ ရိုးရိုးပြောနေကျ နေရာကတော့ ပျဉ်းမ နားမြို့ ဈေးမြောက်ဘက် အပေါက်မှာ အမြဲဟောပါတယ်။ တခါတရံကိုးခန်းကြီးဘုရားမှာ။ တခါတလေ ကျတော့ လယ်တီစံကျောင်းမှာ။ ဘယ်မှာဖြစ်ဖြစ် ကျွန်မရဲ့အဖွားက သတင်းရ ပါတယ်။ ကျွန်မတို့က အဖွားကို မေမေကြီးလို့ ခေါ်ပါတယ်။ မေမေကြီးဟာ မြို့ခံလူလည်း ဖြစ်တော့ မိတ်ဆွေ အပေါင်းအသင်း များပါတယ်။ အယုတ်အလတ်၊ အမြတ်မရွေး အားလုံးကို ဖော်ရွေခင်မင်စွာ ပေါင်းသင်းဆက်ဆံ တတ်တယ်။ စကားပြောပြေပြစ်ပြီး သူတပါးကိုလည်း ကူညီတတ်ပါတယ်။ စကားပြောလည်း အလွန်ကောင်းပါတယ်။ သူများနဲ့ဆက်ဆံရင် အပေါ်စီးက မနေပါ။ ‘လူ့အောက်ကြို့လို့ လူပိမသေဘူး။ သစ်ပင်အောက်ကြို့ရင် သစ်ပင်ပိ သေတတ်တယ်’။ ဒါဟာ အမေကြီးရဲ့ လက်သုံးစကားပါ။

အဲဒီလို တရားပွဲပြီးသွားရင် နောက်နေ့ကျ နေ့လည်နားတဲ့အချိန်၊ မေမေရယ်၊ မမရယ်၊ အိမ်နီးနားချင်း ဦးဦး၊ ဒေါ်ဒေါ်တွေက ကျွန်မကို တရားဟောခိုင်းပါတယ်။ ကျွန်မက ခုံတလုံးပေါ်တက် မတ်တတ်ရပ်။ ကျွန်မနားထောင်ခဲ့ရတာတွေ၊ မြင်ခဲ့ရတာတွေကို ဟန်ပန် ကအစ တူအောင်လုပ်ပြပြီး တရားဟောပြပါတယ်။ တခါလည်း မှတ်မိသေးတယ်။ ဦးဦး တယောက်ဟောတဲ့ ပုံစံအတိုင်း ထဘီကို တိုတိုဝတ်၊ ခုံပေါ်တက် လက်သီးဆုပ်ပြီး“ကုလား ဖြူတွေရဲ့ အလိုတော်ရိတွေ၊ ဗျူရိုကရက်ဆိုးတွေကို ဟောဒီလို ခြေထောက်နဲ့ ကန်ပြမယ် ” ဆိုပြီး ပြောပြောဆိုဆို ကန်ပြလိုက်တာ အားလွန်ပြီး ခုံပေါ်က အောက်ကို မှောက်လျက်သား ကျသွားလို့ အောက်ကသမံတလင်းဆိုတော့ နဖူးယောင်သွားတာနဲ့ ပွဲမပြီးလိုက်ဘူး။ ဝိုပွဲနဲ့ အဆုံးသတ်ခဲ့ရဖူးတယ်။

ကျွန်မဟာ ပွဲကြည့်လည်း ညလုံးပေါက်ကြည့်တယ်။ မအိပ်ဘူး။ ရုပ်ရှင်ကြည့် ကြည့်၊ တရားပွဲသွားသွား။ ဘယ်တော့မှ မအိပ်ပါ။ ပွဲကြည့်လည်း ဘာဇာတ်ခင်းတယ်။ မင်း သမီး၊ မင်းသား၊ လူကြမ်းတွေ ဘာဆိုတယ်။ ဘာပြောတယ်။ အမူအရာကအစ အားလုံးမှတ် မိတယ်။ နောက်နေ့ကျ မေမေတို့၊ မမတို့အပါ အိမ်နီးနားချင်း ပရိသတ်ကမနည်းပါ။ သူတို့ က ပွဲတောင်းတာနဲ့ ဇာတ်စုံခင်းပြီး၊ ပြောပြလုပ်ပြ။ တဝါးဝါး တဟားဟားနဲ့ လူအတော် စည်ပါတယ်။ မေမေကြီးကလည်း သဘောကျပြီး တပြုံးပြုံးနဲ့။“ဟိုမင်းသမီးကလေးက ဘယ်လို ကတယ်။ သီချင်းလေးက ဘာတဲ့။ ကပြ၊ ဆိုပြလိုက် ပါဦး။ ငါ့မြေးက သိပ်တော် တာ”နဲ့၊ ဝင်ဝင်ပြီး ထောက်ပေးရင်း ချော့လိုက်၊ မြှောက်လိုက်နဲ့ ခိုင်းတတ် ပါသေးတယ်။ အဲဒီအခါ ကျွန်မကလည်း ခိုင်းတာအကုန်လုပ်ပါတယ်။ တနေ့တနေ့ပျော်စရာကြီးပါပဲ။

ကျွန်မတို့ မိသားစု အားလုံးဟာ ပွဲအလွန်ကြိုက်ပါတယ်။ ကျွန်မတို့မြို့မှာ နှစ်စဉ် ဘုရားပွဲတော်တွေ များပါတယ်။ ဦးဖိုးစိန်၊ ရွှေမန်းတင်မောင်၊ ဦးအောင်မောင်း၊ စိန်အောင်မင်း၊ ဘာပွဲဖြစ်ဖြစ် လာသမျှပွဲတိုင်း ကန်ထရိုက်ဆွဲတာက ပွဲစားကြီး ဦးကိုကြီး၊ ဒေါ်အုံးမေတို့က ပင်တိုင် ကန်ထရိုက်ဆွဲတာမို့ ကျွန်မတို့က ဖျာဆိုရင်လည်း ဆိုင်းဝိုင်းနောက်က ကပ်လျက်ဖျာ။ ရုံဝင်ခဆိုရင်လည်း တပြားမှ မပေးရပါ။ ပွဲ ၁၀ ရက်ကရင် ၁၀ညလုံးကြည့်တယ်။ ကျောင်းပိတ် ရက်ဆိုရင် ကျွန်မက ပွဲကြည့်ပြီး အိမ်မပြန်ရပါ။ ဦးကိုကြီး၊ ဒေါ်အုံးမေတို့က ကလေးငယ် မရှိတော့ ကျွန်မကိုပဲ သူတို့ နှစ်ယောက်ကြားမှာ ထားအိပ်၊ သူတို့ကို အဖေ၊ အမေ ခေါ်ခိုင်းပြီး အတူနေအတူစား၊ နေ့လည်ဆိုရင် ကျွန်မကို ကခိုင်းနဲ့ မေမေကြီးက ညနေမှ ရောက်လာ တတ်တယ်။

ရုပ်ရှင်ဆိုရင်လည်း ‘ရှိုင်ရယ်’ရုပ်ရှင်ရုံမှာ ကားသစ်လဲတိုင်း ကြည့်ပါတယ်။ ရုပ်ရှင် ကန်ထရိုက်တာ ကုန်သည် ဒေါ်စိမ်းရင်က အမြဲကန်ထရိုက်ဆွဲပြီး၊ မေမေကြီးနဲ့ အလွန်ခင် တာမို့ လက်မှတ်မဝယ်ရပါ။ တခါတရံ သိပ်အားနာလို့ မေမေကြီးက လက်မှတ်ဝယ်ပြီး အတင်းပေးရင် အလွန်စိတ်ဆိုးပါတယ်။ ကားသစ်လဲတိုင်း မေမေကြီးကို အမြဲ အကြောင်း ကြားပါတယ်။ လာကြည့်ဖို့ အမြဲခေါ်ပါတယ်။ ဒီလိုနဲ့ ကျွန်မတို့ မြေးအဖွားဟာ ရုပ်ရှင် ဆိုလည်း မလွတ်တမ်း၊ ပွဲဆိုလည်း မလွတ်တမ်းကြည့်၊ သခင်တရားပွဲဆိုလည်း မလွတ်တမ်း သွားတယ်။ သခင်တရားပွဲ ဆိုရင် နေရာကောင်းကောင်းရအောင် စောစောသွား၊ ရှေ့ဆုံး ကနေ ရာယူ။ သခင်တရားပွဲ ထုံးစံအတိုင်း တရားပွဲပြီး ပြီဆိုရင် ပရိသတ်အားလုံးဟာ မတ်တတ် ရပ်ပါတယ်။ ‘တို့ဗမာ သခင်’သီချင်းနဲ့ အဆုံးသတ်ပါတယ်။ “ကမ္ဘာမကျေ ဗမာတတွေ” ဆိုတဲ့သံပြိုင်အပိုဒ်မှာ ပရိသတ်တွေပါ အားလုံးဝိုင်းဆိုရပါတယ်။ သီချင်းဆုံးပြီဆိုရင် “တရား ပွဲပြီးပါပြီ”လို့ ကြေညာပြီးမှ အားလုံး ပြန်ကြရတာပါ။

ကျွန်မဟာ သခင်တရားပွဲမှာ သခင်တွေ၊ သခင်မတွေ တရားဟောတာကို သိပ် အားကျမိပါတယ်။ ဒါနဲ့ ‘ကျွန်မ သခင်မ–လုပ် ချင်တယ်’လို့ မေမေကြီးကို ခဏခဏ ပူဆာ လွန်းလို့ မတတ်သာတဲ့အဆုံး မေမေကြီးက ကျွန်မအတွက် ပင်နီရင်ဖုံးအင်္ကျီနဲ့ ယောထဘီ လေး တထည် ချုပ်ပေးပါတယ်။ မေမေက အဲဒီအင်္ကျီလေး ရင်ဖုံးပေါ်မှာ ကြည်ပြာ ရောင် ပန်းခြည်နဲ့ ‘သခင်မ ခင်ကြည်’လို့ ပန်းစာလုံးလှလှလေး ထိုးပေးပါတယ်။ ကျွန်မလေ ကြိုက်လိုက်တာ သခင် တရားပွဲသွားတိုင်း အဲဒီဝတ်စုံကို ဝတ်ရမှ ကျေနပ်တယ်။ ခါတိုင်း ဝတ်နေကျ ဂါဝန်လေးတွေကို ဘယ်လိုချော့ဝတ်ပေးလည်း မရပါဘူး။ အဲဒီလိုဝတ်စုံလေးကို ဝတ်သွားတိုင်း တွေ့တဲ့ လူတိုင်းက “ဟယ် … သခင်မကြီးလာတယ်ဟေ့။ လှတယ်ဟေ့”နဲ့ ချီးကျူးကြ။ အားပေးကြတာပေါ့။ အဲဒီလို ပြောသံတွေကြားလေ ကျွန်မက ပိုမြှောက်လေဖြစ် နေပါတယ်။ မမကလည်း ကျွန်မကို မြှောက်ပေးတယ်။ မမက ကျွန်မထက် ငါးနှစ်ကျော်၊ ခြောက်နှစ် လောက် ကြီးတာပါ။

“ဟေ့ … အကြည်၊ နင်နဲ့သိပ်လိုက်တာပဲဟာ။ နင်က အသားလည်းဖြူတယ်။ ဝလည်း ဝတော့ ပိုလိုက်တာပေါ့ဟ။ ငါလည်း ဝတ်ချင်တယ်။ မေမေက ငါ့ကိုမဲပြီး ပိန်လို့ မလိုက်ဘူးတဲ့ဟာ။ ချုပ်မပေးဘူး ”လို့ပြောရှာပါတယ်။

ကျွန်မဖေဖေက ရှေ့နေစာရေးကြီး ဦးဖိုးသောင်၊ မေမေက ဒေါ်အုံးရင်တဲ့။ ကျွန်မတို့ ညီအစ်မ နှစ်ယောက်ပဲ ရှိတယ်။ မမက ‘မမြသွင်’တဲ့။ အိမ်မှာခေါ်တော့ ‘အမာ’လို့ ချစ်စနိုး ခေါ်ပါတယ်။ ကျွန်မက ဇာတာနာမည် ‘မခင်ကြည်’တဲ့။ ငယ်နာမည်က ‘တုတ်တုတ်’ လို့ ချစ်စနိုးခေါ်ပါတယ်။ တောက အမျိုးတွေအားလုံးကတော့ ကြီးလာတဲ့အထိ ‘တုတ်တုတ်’ ပဲ ခေါ်ကြတာပါ။

ကျွန်မက အငယ်ဆိုတော့ မေမေကြီးက ခေါ်ထားတယ်။ မေမေတို့ဆီမှာ မမ တယောက်တည်းပဲ ကျန်တယ်။ တခါတရံ ကျောင်းပိတ်ရက် မမက အတင်းခေါ်လို့ မမတို့ အိမ်ကို သွားလည်တယ်။ ၂–၃ ရက်ဆိုရင် မေမေကြီးက လာခေါ်တာပဲ။ ကျွန်မက မမနဲ့ ကစားလိုက်၊ ညကျ မမနဲ့အိပ်လိုက်နဲ့ ပျော်နေတာကိုး။ ဒါကြောင့် သိပ်မပြန်ချင်ဘူး။ မမက လည်း မလိုက်စေချင်ဘူး။ ဒီလိုအခါမျိုးမှာ မေမေကြီးက ကျွန်မပါးလေးကို နမ်းပြီး “ငါ့မြေးလေး က အမေ့ကို မလွမ်းဘူးလား။ အမေကဖြင့် လွမ်းလိုက်ရတာ” လို့ပြောပြီး၊ မျက်ရည်တွေ ဝိုင်းနေရင် ကျွန်မလည်း စိတ်မကောင်းဖြစ်ပြီး “မေမေကြီးဆီ ပြန်မယ်။ ပြန်မယ်”လို့ ပြောလိုက်ရင် မေမေကြီးဟာ ပြုံးနေတာပဲ။ အဲဒီအခါမှာ မမက နှုတ်ခမ်းစူ နေရင် ဘေးမှာ ကြည့်နေတဲ့ မေမေက “ငါ့သမီးက လိမ်မာပါတယ်။ ညီမလေးက ဒီမှာလာနေရင် မေမေကြီး က တယောက်တည်း။ သနားပါတယ်။ ကဲ … မေမေလည်း ပြန်တော့လေ။ ကလေးကလည်း လိုက်သွားနော်။ နောက်တခါကျောင်းပိတ်တော့ လာလည်ဦးပေါ့။ မမနဲ့ ကစားရအောင်နော်။ ကဲ … မမက မေမေကြီးကို ခြံပေါက်ဝ ရောက်အောင်

လိုက်ပို့လိုက်ပါဦး''လို့ ပြောလိုက်တော့ မေမေကြီးဟာ ပြုံးပြုံးရွှင်ရွှင်နဲ့ သူ့သမီးကြီးကို နှုတ်ဆက်ပြီး ကျွန်မလက်ကို ဆွဲကာ ပြန်ခဲ့ တော့တယ်။

ကျွန်မဟာ မေမေကြီးအိမ်နဲ့ မေမေ့အိမ်၊ နှစ်အိမ်ကြားမှာ လမ်းကူးကြွက်လို လူးလာပြန်နှီး လုပ်နေပါတယ်။

ဖေဖေနဲ့ မေမေကြီးဟာ ဆန့်ကျင်ဘက်ပဲ။ ဖေဖေဟာ လက်ရှိအစိုးရကို ကြိုက် တယ်။ အထင်လည်းကြီးတယ်။ သခင်တွေအကြောင်းပြောရင် 'ဟင်း–ဖားတုလို့ ခရုပွက်ရင် အိုင်ပျက်ရုံ ရှိတော့မပေ့ါ။ သခင်ပေါက်စ ထောင် ဖိလဆိုတာ ဒါပဲ'လို့ အမြဲပြောပါတယ်။ မေမေကြီးရှေ့မှာ မပြောပေမယ့် ကွယ်ရာကျရင် အမြဲပြောတယ်။ ဖေဖေဟာ လူတစ်မီး မဟုတ်ပါဘူး။ ဖေဖေရဲ့ မိခင်ဟာ မေမေကြီးရဲ့ ညီမဝမ်းကွဲ ဖြစ်ပါတယ်။ ဖေဖေနဲ့ မေမေဟာ မောင်နှမ နှစ်ဝမ်းကွဲတော်ပါတယ်။ လူကြီးချင်း သဘောတူလို့ ရခဲ့တာပါ။ ဖေဖေက မေမေ ကြီးကို 'ကြီးဒေါ်'လို့ ခေါ်ပါတယ်။

တနေ့ ဖေဖေတို့အိမ်မှာ ကျွန်မအလည်ရောက်နေတုန်း ဖေဖေက ရုံးသွားခါနီးမှာ ကျွန်မကိုကြည့်ပြီး ''နင်တို့မြေးအဖွား သခင်တရားပွဲတွေကို ကျပ်ကျပ်သွား။ ဘယ်တော့ အဖမ်းခံရ မလဲ။ ခံရလိမ့်မယ်''လို့ ပြောသွားပါတယ်။ ညနေကျတော့ ကျွန်မက မေမေကြီးကို ဖေဖေက ပြောတာတွေ ပြန်ပြောပြပြီး၊ ''ဖေဖေပြောတာမှန်သလား''လို့ မေမေကြီးကို မေး ကြည့်ပါတယ်။

''မမှန်ဘူး။ သူ့စကားကို နားထောင်မနေနဲ့။ သူက ကျွန်စိတ်ပေါက်နေတာ။ ဘာ နိုင်ငံရေးမှ နားမလည်၊ စိတ်လည်းမဝင်စားတဲ့ 'ငို့ဘ'သမားပဲ''တဲ့။ မေမေကြီးက ပြန်ပြော ပါတော့တယ်။

''အမေ့ ... နိုင်ငံရေးဆိုတာ ဘာလဲ။ 'ငို့ဘ'ဆိုတာကော ဘာကိုပြောတာလဲ''

''နိုင်ငံရေးဆိုတာ တနိုင်ငံလုံးကလူတွေရဲ့ အရေးပေ့ါ။ အဲဒီအထဲမှာ အမေတို့၊ ငါ့မြေးတို့ အရေးကော ကျန်တဲ့လူတွေ အားလုံးရဲ့ အရေးကော ပါတာပေ့ါ။ အားလုံးကောင်း စားမှ ကိုယ်လည်း ကောင်းစားမှာ။ သခင်ဟာ လူကောင်းတွေ။ ကုလားဖြူရဲ့ ကျွန်သဘောက် ဘဝက လွတ်မြောက်အောင် ကိုယ့်အတွက် ဘာမှမကြည့်ဘဲ အဆင်းရဲခံ၊ ဒုက္ခခံလုပ်နေကြတဲ့၊ လူသူတော်ကောင်းတွေ။ ဒါဟာ မြင့်မြတ်တယ်။ 'ငို့ဘ'ဆိုတာက 'ငါ့ဘို့'ပေ့ါ။ ဘာစဉ်းစား, စဉ်းစား၊ ငါ့ဖို့–ငါကောင်းစားဖို့၊ ငါ့ အတွက်ပေ့ါ''

''ဟင်–မေမေကြီးကလည်း သခင်တွေက လုပ်တာတော့ ကောင်းပါရဲ့။ သခင်လုပ် တာ ငွေလည်းမရဘူး။ ပြီးတော့ ဆင်းရဲ ဒုက္ခလည်း ခံရသေးတယ်။ ထောင်လည်း အကျခံရ သေးတယ်။ ကောင်းတာ ဘာရှိသေးလဲ''

ကျွန်မက စိတ်ထဲရှိတာ ကလေးပီပီ၊ ကိုယ်စဉ်းစားရသလောက် ပြောလိုက်တော့ မေမေကြီးက ပြာပြာသလဲနဲ့ ''အို ... ငါ့မြေးလေးနှယ်၊ အဲဒီလို စဉ်းစားရင် မှားတာပေ့ါ။ ညည်းဖေဖေလို 'ငို့ဘ'သမားဖြစ်သွားမယ်။ ငါ့မြေး တသက်လုံး မှတ်ထား။ လူဆိုတာ ဘာစဉ်း စား,စဉ်းစား၊ 'ငါ့ဘို့'တခုပဲ စဉ်းစားတဲ့လူဟာ မကောင်းဘူး။ ဒါဟာ လူမဟုတ်ဘူး။ နွားပဲ။ ငါ့မြေးလေး နွားတွေကို မြင်ဖူး တယ် မဟုတ်လား။ နွားဆိုတာ သူ့ကိုယ်ပေါ်မှာ တဘို့ပဲရှိတယ်။ လူဆိုတာ နွားထက် မြင့်မြတ်တယ်။ အဆင့် မြင့်တယ်။ ဒါကြောင့် စဉ်းစားရင် 'ငါ့ဘို့'ဆိုတာကို အရင်မစဉ်းစားရဘူး။ သူများအတွက်ပါ စဉ်းစားပေးရတယ်။ လုပ်ပေးရတယ်။ ဒါမှ လူကောင်း ဖြစ်တယ်။ မြင့်မြတ်တယ်။ ဂုဏ်ရှိတယ်။ အခုသခင်တွေ ဒုက္ခဆင်းရဲခံ၊ ထောင်ကျခံတယ်ဆိုတာ ဘာဟုတ်သေးလဲ။ ဒါဟာ အပေ့ါစားပဲ ရှိသေးတယ်။ ကိုယ်တိုင်းပြည် ကိုယ်လူမျိုးအတွက်ဆို အသက်ကိုတောင် စွန့်ရသေးတယ်။ ဒါမျိုးမှ မြင့်မြတ်တယ်။ ဂုဏ်ရှိတယ်လို့ခေါ်တယ်။ ငွေရှိ တာဟာ ဂုဏ်ရှိတာမဟုတ်ဘူးသိလား။ ငါ့မြေး ကောင်းကောင်းမှတ်ထားနော်''

''ဟုတ်ကဲ့'' ကျွန်မဟာ မေမေကြီးပြောတာတွေကို နားထောင်ပြီး 'ငို့ဘ'ဖြစ်သွား မှာကို စဉ်းစားပြီး ကြောက်နေပါတယ်။ ကြီးလာရင် လူကောင်းဖြစ်ဖို့၊ နွားမဖြစ်အောင် ငါကြိုး စားမယ်လို့ စဉ်းစားနေပါတယ်။

## ကိုယ့်ဘုရင်–ကိုယ့်သခင်ကို မျှော်မှန်းရည်

ကျောင်းပိတ်ရက်တနေ့၊ ကျွန်မဟာ နေ့ခင်းပျင်းပျင်း ရှိတာနဲ့ မေမေကြီးအနားမှာ ထိုင်ပြီး 'ပါတော်မူ'သီချင်းကို ဆိုနေမိတယ်။ အဲဒီအချိန်တုန်းက ဒီပါတော်မူသီချင်းဟာ သိပ် ခေတ်စားတာပဲ။

***''(ကိုယ့်ဘုရင် – ကိုယ့်သခင်ကိုမျှော်မှန်းရည် ××× ယနေ့တိုင် မမေ့နိုင်ပါတော့ × ပြီ)၂***

***(ဘိရှိပေါ် မောင်နံ့တင်လို့ ×× ဆောင်ပြန်အရှင် × ဇာတာနွမ်းလို့ × မြန်းရရှာလေသည်)၂***

***ကမ္ဘာအလီလီ တအားယုတ်စေဖို့ × အာဇ္ဇာဝီတခါးက ထုတ်လို့× ရာဇာသမုတိကို ဆောင်သည် ×××***

''ဟဲ့–ကလေး''မေမေကြီးက ကျွန်မကိုခေါ်နေတယ်။ မေမေကြီးရော၊ မေမေပါ ကျွန်မကို 'ကလေး'လို့ပဲ အမြဲခေါ်ပါတယ်။

မေမေကြီး ခေါ်သံကြောင့် သီချင်းဆိုတာရပ်ပြီး မေမေကြီးကို လှမ်းကြည့်လိုက်တော့ မေမေကြီးဟာ အဝေးကိုလှမ်းပြီး ငေးကြည့်နေရာက ကျွန်မဘက်ကို လှည့်လာတယ်။ မျက်နှာ ကလည်း တော်တော်မကောင်းဘူး။ ကျွန်မကလည်း ကျွန်မ ဒီသီချင်းဆိုတာ မကြိုက်လို့လား လို့ ရင်ထဲမှာ တဒိတ်ဒိတ်နဲ့။

''မေမေကြီး ဘာလဲ ဟင်၊ ဘာဖြစ်လို့လဲ''

''ဘာမှ မဖြစ်ပါဘူး။ ငါ့မြေးက သီချင်း တော်တော်ဆိုတတ်တာပဲ။ အခုဆိုတဲ့သီချင်း က နားထောင်လို့ တော်တော်ကောင်းတယ်။ ငါ့မြေးအစအဆုံး ရသလား''

ကျွန်မမှာ မေမေကြီးရဲ့စကားကို ကြားရတော့ ရင်ထဲကအပူလုံးကြီး ကျသွား တယ်။

''ဟုတ်ကဲ့။ ရတယ်အမေ''

''အေးရရင်၊ အမေ့ကို အစအဆုံး ဆိုပြစမ်းပါအေ''

ကျွန်မမှာ အံ့သြလို့မဆုံးဖြစ်ပြီး မေမေကြီးမျက်နှာကို ကြည့်နေမိတယ်။ အရင်က ဒီလို တခါမှ မခိုင်းဖူးဘူး။

''လုပ်လေ ... ဆိုပါ၊ ငါ့မြေးရဲ့။ အမေနားထောင်ချင်လို့ပါ။ ကောင်းကောင်းလေး ဆိုနော် ...''

ကျွန်မမှာ မေမေကြီးက ခုလိုပြောနေတော့ အသံကို ဘယ်ကစပြီး၊ ဘယ်လိုထား ရမှန်း မသိဖြစ်နေပါတယ်။ အသံက ကပ်နေသလိုလို ဘာလိုလို။

''ကဲ ... ကဲ၊ ဆိုပါ။ ငါ့မြေးဆိုတတ်သလိုသာ ဆိုပါ''

ကျွန်မက ချောင်းနှစ်ချက်သုံးချက် ဟန့်လိုက်ပြီးမှ သီချင်းစဆိုလိုက်ပါတယ်။

*ရတနာပုံနေပြည် × မင်း ဆယ့်တဆက် (အုပ်စိုးခဲ့သည်)၂ × ရှေးရှေးတုန်းကတော့ × အလွန်သာယာစည် × သီပေါရာဇာ × နန်းစံ ၇ နှစ်မှာ × ဖြစ်ရတဲ့အရေးကို × တွေးမိပါတော့ × ×သည်။*

*(မြန်မာပြည် ဇာတ်လမ်းရှုတ်သမျှကို × ရွှေကညစ်နဲ့ရေးကာ စာကိုစီ × ရာဇဌာနီ × မြနန်းသရုပ်ဇာတ်မှာတော့ × × ကေရာဇ်နဲ့ ဝေးတာ ကြာလေပြီ) ၂ × × ၁၂၄၇ ခုနှစ်မှာ အတည်၊ တန်ဆောင်မုန်းလဆုပ် ၈ ရက်နေ့ကိုတော့ × ယနေ့တိုင်ပါပြီ × မမေ့နိုင် ပါပြီ × အော် × ယနေ့တိုင်ပါပြီ × မမေ့နိုင်ပါသည် × ရေမြေ့ရှင်ကို ယူငင်သွားတော့ × × လူရှင်အများတို့ × ကြေကွဲကြလို့ × ရေနည်း ငါးပုံအတည် × ဩော် × × သီပေါရာဇာ ပါတော်မူရှာသည် × ×*

*(ကိုယ့်ဘုရင် × ကိုယ့်သခင်ကို × မျှော် × မှန်း × ရည် × ယနေ့တိုင် × မမေ့နိုင်ပါတော့သည်)၂*

ကျွန်မဟာ သီချင်းကို အစအဆုံး ဆိုပြီးတာနဲ့ မေမေကြီးကို ကြည့်လိုက်ပါတယ်။ မေမေကြီးဟာ ဘယ်အချိန်က စပြီး ငိုနေတယ် မသိ။ မျက်နှာမှာ နီရဲနေပြီး မျက်ရည်တွေ ရွှဲနေပါတယ်။

"မေမေကြီး ဘာလို့ငိုနေတာလဲ ဟင်၊ ဘာလို့ငိုနေတာလဲ"

ကျွန်မဟာ ပြောပြောဆိုဆို မေမေကြီးရဲ့ လည်ပင်းကို ဖက်ပြီး ကျွန်မပါ ငိုချင်သလို လို ဖြစ်လာတယ်။

မေမေကြီးဟာ သူ့ရဲ့ထုံးစံအတိုင်း ကျွန်မကို ဆွဲပွေ့ပြီး ရင်ခွင်ထဲ ထည့်ထားလိုက် တယ်။ ပြီးတော့မှ လေသံအေးအေးနဲ့ ...

"မငိုပါဘူးငါ့မြေးရယ်။ အမေ မငိုပါဘူး။ ငါ့မြေးလည်း မငိုပါနဲ့။ အမေက ဟိုး –အတိတ်က အဖြစ်တွေကို ပြန်စဉ်းစားမိလို့ပါ"

"နေပါအုံး။ ငါ့မြေးက အဲဒီသီချင်း အဓိပ္ပာယ်ကော နားလည်းလို့လား"

"ဟုတ်ကဲ့ နားလည်တယ်။ မေမေက အဓိပ္ပာယ်တွေ ပြောပြတယ်"

မေမေကြီးဟာ ကျွန်မပါးကို တချက်နမ်းလိုက်တယ်။ ကျွန်မမျက်နှာကို အကဲခတ် လိုက်ပြီးမှ ...

"ဒီလိုကွဲ့ ငါ့မြေးရဲ့။ အဲဒီလို တို့အရှင် နှစ်ပါး၊ ကြမ္မာဆိုးဝင်ပြီး ဒုက္ခရောက်ခဲ့ရသလို တို့ပြည်သူတရပ်လုံးဟာလည်း ကြမ္မာဆိုးဝင်ပြီး ကုလားဖြူရဲ့ ကျွန်သဘောက်ဘဝကို ရောက်ခဲ့ ရတယ်။ အမေကြီးရဲ့ ဘဝဟာလည်း အဲဒီအချိန်ကပဲ စခဲ့ရတာပေါ့ကွယ်"

"ဘာ ... ဘာ ... ဘာ ပြောတယ်အမေ။ အမေကြီး ပြောတာကျွန်မ နားမလည်ဘူး။ ကြမ္မာဆိုးဆိုတာ ဘာလဲ။ ကုလားဖြူဆိုတာကကော ဘာလဲ"

"အေး ... အေး၊ ငါ့မြေးလေးက ငယ်တော့ သိပ်နားမလည်ဘူးပေါ့။ ဒီလိုကွဲ့။ ကြမ္မာဆိုးဆိုတာ ဂြိုဟ်ဆိုးဝင်တယ်လို့ ပြောတာ။ ကံဆိုးတယ်ပေါ့။ ကုလားဖြူဆိုတာ အခု အင်္ဂလိပ်ကို ခေါ်တာပေါ့"

"ပြီးတော့  မေမေကြီးရဲ့ဘဝကို စခဲ့တယ်ဆိုတာကကော ဘာပြောတာလဲ အမေ့"

"ဩော် ... ဩော် ... စကားကို ခဏရပ်လိုက်တယ်။ ကျွန်မကတော့ မေမေကြီး ပြောလာမယ့် စကားကို မျှော်လင့်တကြီး နားထောင် နေပါတယ်။ မေမေကြီးက စကားပြောရင် စိတ်လည်း ရှည်တယ်။ နောက်သူ့စကားတွေက ထူးထူးဆန်းဆန်းတွေချည်းပဲ များတယ်။

"အဲဒီ အရှင်နှစ်ပါး ပါတော်မူတဲ့နေ့က မေမေကြီးရဲ့ အမေက ပုန်းတပ်ကို ထွက် ပြေးရင်း လမ်းတဝက်လောက်မှာ မီးဖွားတာပေါ့။ အတူပါလာတဲ့ မိန်းမအဖော်တွေကပဲ အမေကြီးရဲ့ အမေကို ဝိုင်းဝန်းပြုစု ချီပွေ့ခေါ်သွားကြရတယ်တဲ့။ ပုန်းတပ်ဆိုတာက ရန်သူ ကုလားဖြူတပ်တွေ မတွေ့အောင် တောထဲမှာ ပုန်းတဲ့စခန်းကို ခေါ်တာ။ အဲဒီပုန်းတပ်မှာ ရိက္ခာတွေ၊ အဖိုးတန်ပစ္စည်းတွေ၊ သက်ကြီးရွယ်အိုတွေနဲ့ ကလေးတွေ၊ မိန်းမတွေ အားလုံး နေကြတဲ့ နေရာပေါ့။ ပုန်းတပ်ကို အဆင့်ဆင့် ထားတယ်တဲ့။ ယောက်ျားဆိုလို့ တယောက်မှ မရှိဘူးတဲ့"

"ဟင်–ယောက်ျားတွေက ဘယ်သွားနေလို့လဲ"

"ယောက်ျားတွေက အားလုံး ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် ကျူးကျော်လာ တဲ့ ရန်သူ(ကုလားဖြူ)တွေကို ထွက်တိုက် နေကြရတယ်လေ"

"ဒါဖြင့် မေမေကြီးရဲ့ အဖေလည်း ပါသွားတာပေါ့နော် ..."

"အို–ပါတာပေါ့ ငါ့မြေးရဲ့။ မေမေကြီးရဲ့ အဖေက သူကြီးပဲ။ သူကခေါင်းဆောင်ပြီး ရှေ့က ထွက်တာ။ ရန်သူကို တိုက်တာကွဲ့"

"မေမေကြီးရဲ့ ဖေဖေက ဘယ်သူတဲ့လဲ။ ဘယ်မှာနေတာလဲ ဟင်"

"အေး ... ငါ့မြေးကြားဖူးတယ် မှတ်လား။ မန္တလေးဆိုတာလေ။ အဲဒီမန္တလေး နဲ့ သိပ်မဝေးဘူးကွဲ့။ ဟံဇား–သဲတော ဆိုတာ ရှိတယ်။ ဒီ ဟံဇား–သဲတောက သူကြီး ဖိုးရွှေလူ တဲ့။ သူ့ဇနီးက ရှင်အေးညိုလို့ခေါ်တယ်။

"ညတချက်တီးကျော်လောက် လထွက်ချိန်မှာ ... ဖိုးရွှေလူ ပုန်းတပ်ကို ရောက်လာ တယ်။ ဇနီးက ကိုယ်ဝန်အရင့်အမာကြီးနဲ့မို့ စိတ်မချလို့ ပုန်းတပ်အထိ လာကြည့်တာပေါ့။ ပုန်းတပ်ရောက်တော့ နန္ဒင်းတဝင်းဝင်းနဲ့ ရှင်အေးညိုကို ကျန်းကျန်းမာမာနဲ့ တွေ့ရတယ်။ "ကလေးကော" လို့မေးတော့၊ "ကလေးက အမှာပူးလေးလေ၊ မွေးလာပြီး မကြာခင်မှာပဲ ယောက်ျားလေးက သေသွားတယ်။ အဲဒါနဲ့ အမှာပူးဆိုတော့ ကျန်တဲ့မိန်းကလေးလည်း သေမှာပဲဆိုပြီး လမ်းဘေးက ခြုံတန်းပေါ် လွှင့်ပစ်ခဲ့တယ်"လို့ ဘေးကဝိုင်း ပြုစုနေကြတဲ့ မိန်းမဖော်တသိုက်က အကျိုးအကြောင်း ပြောပြတော့ "ဖိုးရွှေလူဟာ မမြင်လိုက်ရတဲ့ ရင်သွေးလေးအတွက် ရင်ထုမနာ ဖြစ်ခဲ့ရပြီး ရင်သွေးလေးတွေ မျက်နှာကို မြင်ရရင် တော်သေး လို့စဉ်းစားမိတယ်။ ဒါနဲ့ပုန်းတပ်က ချက်ချင်း နောက်ရင်း ပြန်လှည့်ထွက်သွားပြီး ရင်သွေး လေးတွေကို ရှာပုံတော် ထွက်ခဲ့တယ်။

သူတို့ပြောလိုက်တဲ့ လမ်းခုလတ်က ခြုံတန်းတဝိုက်နားရောက်တော့ ... နားထဲမှာ 'အဲ့ ... အဲ့'နဲ့ ခလေးငိုသံလိုလို ကြားလိုက်မိသလိုလိုပဲတဲ့။ ဒါနဲ့ ဖိုးရွှေလူဟာ အား တက်သရောနဲ့ ခြုံတန်းပေါ်ကို ဂရုတစိုက်နဲ့ ရှာကြည့်တော့ ... လပြည့်ကျော် ၈ ရက် လရောင် အောက်မှာ တလှုပ်လှုပ် 'အဲ့ ... အဲ့'နဲ့ငိုနေတဲ့ လက်မောင်းလောက် ကလေးငယ်လေးကို တွေ့ရတယ်တဲ့။

ကံအားလျော်စွာပဲ ကလေးနှစ်ယောက်ဟာ အမှာပူးဆိုပေမယ့် အချင်းတိုင် ကတော့ တခုစီတဲ့။ အဲဒါနဲ့ ဖိုးရွှေလူဟာ လက်က ကိုင်ထားတဲ့ ငှက်ကြီးတောင်ဓားနဲ့ အချင်း တိုင်ကို ဖြတ်၊ ချက်ကြိုးကို ချည်လိုက်ပြီး ကလေးကို ခါးပုံစထဲ ထည့်ကာ ဝမ်းသာ အားရနဲ့ ပုန်းတပ်ကို အပြေးကလေးပြန်ခဲ့တယ်တဲ့။ ပုန်းတပ်ရောက်တော့ ညရဲ့အအေးဒဏ်ကြောင့် တကိုယ်လုံးပြာနေတဲ့ ကလေးကို လိုအပ်သလို

ဝိုင်းဝန်းပြုစုထားလိုက်ကြတယ်တဲ့''

မေမေကြီးဟာ မောသွားတဲ့ဟန်နဲ့ ခဏနားလိုက်တယ်။

''အမေ့–အမေ့–အဲဒီကလေးလေးက အခုဘယ်မှာလဲ။ အခုဘယ်မှာလဲ'' ကျွန်မ အားမလို၊ အားမရ မေမေကြီးရဲ့ လက်မောင်းကို ကိုင်လှုပ်ရမ်းပြီး မေးနေမိတယ်။

''ရှိတာပေ့ါ–ငါ့မြေးရဲ့။ အဲဒီကလေးလေးဟာ ဒီမေမေကြီးပဲပေ့ါ''လို့ ပြုံးပြုံးကြီးနဲ့ ပြောနေရှာတယ်။

''အမေ့–'ခါးပုံစ'ဆိုတာဘာလဲဟင်။ ပြီးတော့ အဲဒီဘိုးဘိုးကြီးက ကျွန်မတို့နဲ့ ဘယ်လိုတော်သလဲ။ ဘယ်လိုခေါ်ရမှာလဲ''

''သြော် ... သြော်...ဟုတ်တာပေ့ါ။ ရှေးတုန်းကယောကျ်ားတွေ ပုဆိုးဝတ်တယ် ဆိုတာ အတောင်နှစ်ဆယ်မှ ဝတ်တယ်။ ဟို ဇာတ်မင်းသားတွေ ဝတ်တာ တွေ့တယ် မှုတ် လား။ ခါးမှာ ဝတ်ပြီးတဲ့နောက် အစအရှည်ကြီးကျနေတဲ့ ပုဆိုးစလေ။ အဲဒါခါးပုံစပေ့ါ။ အဲဒါထဲ ထည့်ပြီး ထုပ်လိုက်တာပေ့ါ။ အဲဒီဘိုးဘိုးကြီးက ငါ့မြေးတို့ရဲ့ ဘေးကြီးပေ့ါ။ မှတ်ထားနော် ... ဖိုးရွှေလူ ... တဲ့။ ဘေးမ, ကြီးကတော့ ရှင်အေးညို တဲ့''

''အဲဒီဘိုးဘိုးကြီးက စစ်ထွက်နေရာက သူတယောက်တည်း ပုန်းတပ်ကို ပြန်လာ တာ ပေ့ါ ... နော်''

''အို ... ဘယ်ဟုတ်မလဲကွယ့်။ ဒီလိုလေ ... အဲဒီနေ့မှာပဲ အရှင်နှစ်ပါးဟာ ရန်သူ့ လက်တွင်း ကျသွားပြီဆိုတဲ့ သတင်းဆိုးကြီးကို အားလုံးသိခဲ့ကြရလို့ ဝမ်းနည်းပက်လက် ဖြစ်ကြရပြီး အားလုံး တပ်ဆုတ်ခဲ့ကြရတာ။ အဲဒီမှာ ... ငါ့မြေးရဲ့ဘိုးဘိုးကြီးဟာ ဘွားဘွားကြီး က ကိုယ်ဝန်အရင့်အမာနဲ့မို့ စိတ်မချလို့ ပုန်းတပ်အထိ လိုက်လာတာပေ့ါ''

''မေမေကြီး ... မေမေကြီး အဲဒီဘိုးဘိုးကြီးက လှသလားဟင်–ဘွားဘွားကြီး ကကော လှသလား''

''အေး ... ဘွားဘွားကြီးကတော့ မျက်လုံးမျက်ဖန် ကောင်းတယ်ကွဲ့။ နှာတံလည်း တင် ထားသလိုပဲ။ ညိုချော,ချောတယ်လို့ တွေ့တဲ့လူတိုင်းက ချီးကျူးတယ်။ ဘိုးဘိုးကြီး ကတော့ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း အသားက ဖြူဝင်းနေတာပဲတဲ့။ မျက်လုံးမျက်ဖန် ကောင်းကောင်း နှာတံပေါ်ပေါ်နဲ့ ခန့်ချော–ချောတယ်လို့ပြောကြတယ်။ မေမေကြီး ကတော့ မမှတ်မိပါဘူး။ အဲဒီ အဖေကြီးဟာ မေမေကြီး ၂ ခါလည် ကျော် ကျော်လောက် ညီမလေး 'စံစံ' မွေးခါနီးမှာ ကုလားဖြူနဲ့ တိုက်ရင်း ကျသွားရှာတယ်ကွဲ့''

''ဟယ် ... ဘိုးဘိုးကြီးက ကုလားဖြူတွေနဲ့တိုက်ရင်း ကျသွားတယ်ဆိုတော့ သူရဲ ကောင်းကြီးပေ့ါနော်... အမေ''

ကျွန်မဟာ မမြင်ဘူးလိုက်တဲ့ ဘိုးဘိုးကြီးဟာ ကုလားဖြူတွေနဲ့တိုက်ရင်း ကျသွား တဲ့ သူရဲကောင်းကြီးတယောက်ဆိုတာ သိရတော့ ရင်ကော့ပြီး ကြွားချင်သလိုလို မော်ချင် သလိုလို စိတ်ထဲမှာ တမျိုးဖြစ်လာပါတယ်။

''ဒါပေ့ါ ငါ့မြေးရဲ့ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် သေရတာဟာ သိပ်ကို ဂုဏ်ရှိ တယ်။ သိလား။ ဒါမှသေရကျိုးနပ်တာပေ့ါ အေ့။ ဒါဟာ သူရဲကောင်း ခေါ်တာပေ့ါကွဲ့''

အလို ... လက်စသပ်တော့ ငါတို့ဟာ ... နယ်နယ်ရရ မဟုတ်ပါလား ...သူရဲ ကောင်းကြီး ဖိုးရွှေလူရဲ့ 'မြစ်'ပါလားလို့လည်း စဉ်းစားပြီး ဝမ်းသာလိုက်တာ။

အဲဒီနေ့က မေမေကြီး ပြောပြထားတာတွေပဲ ကျွန်မစိတ်ကို လွှမ်းမိုးနေတယ်။

နောက်တပတ် ကျောင်းပိတ်ရင် မမဆီသွားပြီး ဒီအကြောင်းတွေ ပြောပြဦးမယ်လို့ ကျောင်းပိတ်ရက်ကိုပဲ စောင့်နေမိတယ်။ တရက် ... နှစ်ရက် ... ကြာလိုက်တာနော်။

ကျောင်းပိတ်ရက်လည်း ရောက်ရော မေမေကြီးကို ပြောပြီး မမတို့အိမ်ကို အပြေး လေး သွားခဲ့တယ်။ မမတို့ဆီလည်း ရောက်ရော၊ အခန့်သင့်ပဲ။ မမကလည်း မျှော်နေတာ။ မေမေကတော့ စာဖတ်နေတယ်။

ရောက်ရောက်ခြင်းပဲ မမက ဇယ်ခုတ်ရအောင်ဆိုပြီး မန်ကျည်းစေ့တွေ သံပုံးထဲက ထုတ်ယူနေတယ်။

''မမ ခဏနေဦး။ ခဏလေး ... မမကို ပြောပြစရာတခု ရှိတယ်။ သိလား''

''ဘာများ ပြောစရာ ရှိလို့လဲ။ ကဲ–ပြောပါဦး။ ကြီးကြီးကျယ်ကျယ်၊ နင်တကယ် ပြောတာနော်။ ကဲ–ပြော''

''တကယ်ပါ မမရဲ့။ မညာပါဘူး။ တကယ်၊ တကယ်''

ကျွန်မက မမကို ပါတော်မူသီချင်းဆိုရာကစ ဆက်စပ်မိပြီး မေမေကြီးပြောပြတာ တွေ၊ အစကအဆုံး ပြောပြလိုက်တယ်။

''ဟယ်–အဲလိုတဲ့လား။ မေမေကြီးက ငါ့တော့ ပြောမပြဘူး''

''အို ... မမကလည်း အခုဟာက ကျွန်မကိုပြောမယ်လို့ တမင်ရွေးပြောတာမှ မဟုတ်တာ။ သီချင်းဆိုတာကစပြီး စပ်မိသွားတာပဲဟာ''

မမဟာ နှုတ်ခမ်းစူရာက ပြေသွားပြီး စာဖတ်နေတဲ့ မေမေ့ဘက်လှည့်ပြီး–

''အမေ့ အကြည်ပြောတာ ဟုတ်ရဲ့လား။ အဲဒီဘွားဘွားကြီးကို မေမေရော မြင်ဖူး လား''

မေမေက ဖတ်လက်စ စာအုပ်ကိုပိတ်လိုက်ပြီး ''မြင်ဖူးရုံ ဘယ်ကမလဲ။ အဲဒီမေမေ ကြီးက မေမေအပျိုဖြစ်တဲ့အထိ အတူနေရတာကွဲ့။ မေမေကြီးရော၊ ဒွေးလေးတို့ရော မိသားစု တစုလုံး အတူနေရတာ။ မေမေကြီးက နောက်အိမ်ထောင် မပြုဘူး။ (ဒွေးလေးဆိုတာ မေမေ ကြီးရဲ့ ညီမ ဒေါ်စံကို ပြောတာပါ။)

''အဲဒီမေမေကြီး စကားပြောတဲ့ အသုံးအနှုန်းက ရှေးတုန်းကပြောသလို ပြော တာ။ သိပ်ယဉ်ကျေးတာ။ မေမေတို့ အခုပြောသလို မပြောဘူး။ အဝတ်ကစပြီး မေမေတို့ ဝတ်တာနဲ့ မတူဘူး''

ကျွန်မတို့ ညီအစ်မနှစ်ယောက်လုံး မေမေထိုင်နေတဲ့ နေရာကို အပြေးသွား၊ မေမေ နဲ့ နီးနိုင်သမျှနီးအောင် အလုအယက်ထိုင်ကြရင်း မေမေဆက်ပြောမယ့်စကားကို ပါးစပ် လေးတွေ အဟောင်းသားနဲ့ နားစိုက်နေကြပါတယ်။

''အမေကိုလည်း တို့လို မေမေလို့မခေါ်ဘူး။ 'မယ်မယ်'လို့ခေါ်တာ။ မေမေကြီးက ပြောတာလည်း 'ဘာလဲ'ဆိုရင် 'ဘဇာလဲအိမ်း'။ အဲလိုပြောတာ။ 'အိမ်း'ဆိုတာ 'အေး'လို့ ပြောတာလေ။ တခါတခါ တို့ညီအစ်မတတွေဟာ မေမေကြီးက ဘာပြောတယ်ဆိုတာ သိပ်နား လည်တာ မဟုတ်တော့ ရယ်ရတယ်။ တို့ညီအစ်မထဲမှာ မေမေက အကြီးဆုံးဆိုတော့ မေမေကြီးပြောတာ နားအလည်ဆုံးပေ့ါ ကွယ်။ မြေးထဲမှာလည်း အကြီးဆုံးဆိုတော့ မေမေ့ကို ပိုလည်းချစ်တယ်။ အဝတ်ဝတ်တော့လည်း ထဘီဆို၊ တို့လိုကွင်းမဟုတ်ဘူး။ ပြန့်ထဘီကို ရင်ရှားဝတ်ပြီးမှ အပေါ်က

ထိုင်မသိမ်းအင်္ကျီကို ဝတ်တာ။ နောက်က ကတောင်တော့ မပါဘူး ပေါ့။ အဲဒါ သူသေတဲ့အထိ ဒီအတိုင်းပဲ ဝတ်တာပဲ"

ဒီတော့ မမက "အော် ... သိပြီ။ ဟို ဇာတ်ထဲမှာ ဝန်ကြီးတွေ၊ ဘုရင်တွေ ပြောတဲ့ ... ..."

"အေး ... အေး ... ဟုတ်တယ်။ ဟုတ်တယ်။ အဲဒီစကားမျိုးတွေပဲ။ အဲဒါ ရှေးလူကြီး တွေ ပြောတဲ့ အသုံးအနှုန်းပဲ"

ဒီတွင် ကျွန်မက "မေမေ အဲဒီဘွားဘွားကြီးက လှသလား ဟင်"

"လှတာပေါ့ကွဲ့။ အသားညို ဆိုပေမယ့် မဲနေတာမဟုတ်ဘူး။ အသားက ဝင်းပြီး စိုနေတာ။ မေမေ့ထက် အရပ်လည်း နည်းနည်း ပိုမြင့်ပြီး ငါးရံ့ကိုယ်လေးနဲ့ သေးသေး သွယ်သွယ်၊ မဟာနဖူးနဲ့ ဆံပင်ကလည်း ကောင်းသလား မပြောနဲ့၊ သေကာနီးအထိ မဲမှောင်ပြီး ဆံထုံးက အကြီးကြီး၊ နားကလည်း ရွှေဖက်လိပ် နားဒေါင်းကြီးနဲ့၊ မဟာနဖူးနဲ့ဆိုတော့ ကြည့်လို့သိပ်ကျက်သရေရှိတာပဲ"

ကျွန်မတို့ ညီအစ်မက မဟာနဖူးဆိုတာကို နားမလည်တော့ ...

"အေး ... အေး ... နေဦး၊ နေဦး။ မေမေပြမယ်။ ဒီမှာကြည့် မေမေ့နဖူးကို။ ကျယ်လည်း ကျယ်တယ်။ အပေါ်ဘက်ဘေးနှစ်ဘက်မှာ ဒေါင့်ရှိတယ်။ တွေ့လားဒီမှာ"မေမေဟာ ပြောပြောဆိုဆို သူ့နဖူးကို လက်ညှိုးနဲ့ ထောက်ပြနေတယ်။

"သြော် ... မဟာနဖူး ဆိုတာ ဒါလား"

"အေး–ဟုတ်တယ်။ ဒါပဲ"

ထိုအခိုက် ခြံတခါးဝမှ "ဟေ့–သားအမိတတွေ ဘာတွေလုပ်နေကြတာလဲ။ တိတ်လို့ ဆိတ်လို့ပါလား"ဆိုတဲ့ မေမေကြီးရဲ့ အသံကို ကြားလိုက်ရလို့ လှမ်းကြည့်လိုက်တော့ စားစရာ အထုပ်တွေကိုင်ပြီး ဝင်လာတဲ့ မေမေကြီးကို လှမ်းတွေ့လိုက်ရတယ်။ ညီအစ်မ နှစ် ယောက် အပြေးအလွှား သွားကြို ယူလာလိုက်တယ်။

"မေမေက ထိုင်ရာကထလိုက်ပြီး ဆီးကြိုကာ"မေမေလာတာနဲ့ အတော်ပဲ။ ဟော ဒီမှာ အမေ့မြေးတွေက သေသွားတဲ့ဘိုးဘိုးကြီးအကြောင်း သူတို့ဘွားဘွားကြီးအကြောင်းကို မေးနေလို့ ပြောနေရတာ"

"သြော် ... သြော် ..."ဆိုပြီး မေမေကြီးဟာ ပြုံးပြုံးလေး ထိုင်ချလိုက်တယ်။ မေမေ ဟာ သောက်ရေအေးတခွက် ခပ်ယူလာပြီး မေမေကြီးကိုပေးရင်း "ဘာတွေ ဝယ်လာတာလဲ။ အမေ့ အထုပ်တွေက များလိုက်တာ"

"အို ... အေ ... မများပါဘူး။ နေ့လည်စာ ငါ့မြေးလေးတွေ စားရအောင်လို့ သူတို့ ကြိုက်တဲ့ ကြာဇံသုပ်။ သားရေပွကြော်၊ ပြီးတော့ အာလူးစမူဆာသုပ်ရယ်၊ အဲဒါစားပြီး အစပ်ပြေရအောင် မြေပဲယို ကြွပ်ကြွပ်ရွရွလေးရယ်ပါ"

"ကဲ သမီး၊ မမရေ စားရအောင် ပြင်ဟေ့"

မမဟာ မီးဖိုထဲကို အထုပ်တွေယူသွားပြီး ပြင်ဆင်ကာ ပြန်ထွက်လာတယ်။ ကြွေပန်းကန်ပြား ကြီးကြီးထဲမှာ ကြာဇံသုပ်ရော၊ အကြော်တွေပါ တကန့်စီ ထည့်လာတယ်။ ပြီးတော့ မေမေကြီးအတွက် ဦးဦးဖျားဖျားတပန်းကန်၊ မေ့မေ့ကိုလည်း တပန်းကန်၊ ဇွန်းတ ချောင်းစီ တပ်ပေးကာ နောက်ဆုံးကျွန်မတို့ညီအစ်မအတွက် တပန်းကန်။ ကျွန်မတို့က ဇွန်းနဲ့ မစား တော့ဘဲ လက်နဲ့ပဲ စားလိုက်ကြပါ တယ်။

မေမေက လက်ဖက်ရည်ကြမ်း ငှဲ့ထည့်ပေးပြီး မေမေကြီးအနားကို ဦးဦးဖျားဖျား တပန်းကန်ချပေးပါတယ်။ စားသောက်ဝိုင်း သိမ်းပြီး အစပ်ပြေ မြေပဲယို ကြွပ်ကြွပ်ရွရွလေး များကို စားကြရင်း မေမေက စကားကိုဆက်လိုက်တယ်။

"ကဲ–သမီးတို့ကြည့်လေ။ မေမေပြောတဲ့ မဟာနဖူးဆိုတာ ညည်းတို့မေမေကြီး နဖူးကိုလည်း ကြည့်ပါအုံး"

"ဟာ ... ဟုတ်တယ်နော်။ မေမေရော၊ မေမေကြီးရော နဖူးပုံ အတူတူပဲ"

"ကဲ ... သမီး–မမရေ ဟိုမှာချိတ်ထားတဲ့ ဒေါ်ဒေါ်မအုံးခင် ဓာတ်ပုံကော ဖြုတ်ယူ လာပါအုံး"

မမဟာ မေမေပြောတဲ့အတိုင်း ဒေါ်ဒေါ်မအုံးခင်ရဲ့ ဓာတ်ပုံကို ဖြုတ်ယူလာပြီး ဝိုင်းကြည့် ကြတယ်။

အဲဒီဓာတ်ပုံထဲက ဒေါ်ဒေါ်မအုံးခင်ဆိုတာ မေမေကြီးလို သေးသေးသွယ်သွယ် မဟုတ်ပါ။ ဝဝတုတ်တုတ်ပါ။ နှစ်ယောက်ထိုင် ကုလားထိုင်ပေါ်မှာ ထိုင်ရင်း သူ့ဘယ်ဘက် ဘေးက ကပ်ပြီးထိုင်နေတဲ့ အခါလည်ကျော်သမီးလေးကို ဖက်ထားတဲ့ပုံပါ။ ခေါင်းမှာ ဘီးဆံထုံး ကြီးထုံးထားပါတယ်။ သူကလည်း မဟာနဖူးနဲ့ပါ။ အဲဒီဓာတ်ပုံကြည့်ပြီး ကျွန်မဟာ မမနဖူးကို အမှတ်မထင် ကြည့်မိပါတယ်။ မမကလည်း မဟာနဖူးနဲ့ပါ။

"အမေ့ အကုန်လုံးဟာ နဖူးတွေက အတူတူပဲနော်"

"အင်း–မျိုးရိုးဗီဇဆိုတာ ဒီလိုပဲငါ့မြေးရဲ့။ ဒါကြောင့် ချောင်းရိုးမြောင်းရိုးသာ တိမ်ကောတယ်။ လူမျိုးရိုးဆိုတာ မတိမ်ကောဘူးလို့ ဆိုတာပေါ့"

"ဒေါ်ဒေါ်မအုံးခင်က ဝ တယ်နော်။ မေမေကြီးနဲ့မတူဘူး"

"အေး။ ဟုတ်တယ်။ မအုံးခင်က အရပ်အမောင်းကော အသားအရေရော သူ့ အဖေဘက် လိုက်တယ်။ အဘိုးဘက်လည်း လိုက်တယ်လို့ပြောနိုင်တယ်။ ငါ့သမီးမအုံးရင် ကတော့ အမေ့ဘက် လိုက်လို့ သေးသေးပဲ။ ကြည့်ပါလား"

ကျွန်မ မေမေ့ကို ဖျတ်ကနဲ ကြည့်လိုက်မိတယ်။ ဟုတ်ပါတယ်။ မေမေဟာ မျက်နှာသွယ်ပုံ၊ ကိုယ်လုံးကိုယ်ထည် နွဲ့နွဲ့လျလျလေးနေပုံကအစ မေမေကြီးနဲ့ အတော်တူ ပါတယ်။ အသားလတ်ပုံရော ဘာရော အားလုံးပါပဲ။

"မအုံးခင်က ဖေဖေနဲ့ တော်တော်တူတယ်လေ။ ဒါကြောင့်ထင်ပါရဲ့။ မေမေက မအုံးခင်ကို ပိုချစ်တာ"

မေမေက ပြုံးစစမျက်နှာနဲ့ မေမေကြီးကို လှမ်းစလိုက်တော့ ကျွန်မတို့က ဝိုင်းရယ် လိုက်ကြတယ်။ ဒီတော့ မေမေကြီးက "အို အေ ... သူကသမီးအငယ်ဆိုတော့ ပိုချစ်ရတာပေါ့ အေ့။ ညည်းကလည်း ကလေးတွေရှေ့မှာ မဟုတ်တာတွေ ပြောမနေစမ်းပါနဲ့"

ဒီမှာတင် မမက ဘာစိတ်ကူးပေါက်တယ်မသိ။ စကားကို ပြန်ဆက်ပြန်တယ်။

"မေမေကြီး ကျွန်မတို့အမျိုးထဲမှာ မဟာနဖူးမဟုတ်တာ သူတယောက်ပဲ ထူးထူး ခြားခြား"

"ဟင်း–မမကလဲ"

"မမကလည်း လုပ်မနေနဲ့။ ငါပြောတာ မယုံရင် ဒီမှာကြည့်ပေါ့။ ကိုယ့်နဖူးကို။ နဖူးဝိုင်းကြီးနဲ့"တဲ့။ ပြောပြောဆိုဆို မှန်ကို ယူလာပြီး အတင်းပြတော့တာပါပဲ။ ကျွန်မလည်း မရဲတရဲနဲ့ မှန်ကိုငုံ့ကြည့်လိုက်တယ်။

ဘုရားရေ–ဟုတ်ပါရဲ့။ ကျွန်မနဖူးက တမျိုးကြီးပါလား။ သူတို့လို မဟာနဖူးလည်း မဟုတ်ဘူး။

"တွေ့လား–တွေ့လား … ငါပြောတာ။ ဘယ့်နှယ်ရှိစ။ ငါပြောတာ မမှန်ဘူးလား"

ကျွန်မဟာ ငိုချင်သလိုလို ဝမ်းနည်းလာတယ်။ ငါ့နယ်နော်၊ ငါဘာကြောင့်များ မေမေကြီးတို့နဲ့ မတူရတာပါလိမ့်။ ကျွန်မရဲ့ ငိုမဲ့မဲ့မျက်နှာကို ဘေးကကြည့်နေတဲ့ မေမေကြီးက ဝင်ပြီး–

"ကဲ–ကဲ တော်ပြီတော်ပြီ။ မမက သိပ်မစပါနဲ့ကွယ်။ မျိုးရိုးဆိုပေမယ့် တမိပေါက် တယောက်ထွန်းဆိုတာ ကြားဖူးတယ် မဟုတ်လား။ ငါ့မြေးလေးက ရုပ်က နဖူးက မတူ ပေမယ့် စိတ်ဓာတ်ကျတော့ သူ့ဘိုးဘိုးကြီးအတိုင်းပဲ သိပ်သတ္တိရှိတာ။ မှတ်ဖူးလား"

"ဟုတ်တယ်၊ ဟုတ်တယ်။ အမေ့သမီးလေးက သတ္တိရှိတယ်။ အဲဒါမျိုးရိုး တူတာပဲ ပေါ့။ ဘိုးဘိုးကြီးနဲ့ တူတာပေါ့"လို့မေမေကဝင်ပြီး နှစ်သိမ့်ရှာတယ်။ ဒီလိုနဲ့ပဲ အဲဒီနေ့က မမနဲ့ မကစားတော့ပဲ မေမေကြီးနဲ့အတူ အိမ်ပြန်လာခဲ့တော့တယ်။

## ငွေများတရားနိုင် မျက်နှာကြီးရာ ဟင်းဖတ်ပါ

"ကလေးရေ … ကလေး … လာပါအုံး။ ငါ့မြေးရဲ့။ အမေ့ကို သတင်းစာ လာဖတ်ပြ ပါဦး"

မေမေကြီးဟာ ပြောပြောဆိုဆို သတင်းစာကိုင်ပြီး အိမ်ရှေ့ထွက်လာတယ်။

ကျွန်မလည်း မလွှဲသာလို့ ကစားနေရာက ပြန်လာခဲ့ရပေမယ့် စိတ်ထဲမှာ သိပ်တော့ မကြည်မိဘူး။ မေမေကြီးဟာ ကျွန်မမျက် နှာကို ကြည့်ပြီး အခြေအနေကို ရိပ်မိပုံပေါက် တယ်။

"အမေ့မြေးက လိမ်မာပါတယ်။ လာ လာ ဖတ်ကြရအောင်။ အမေ့ကို ဒီလိုဖတ်ပြ တော့ ငါ့မြေးလေးလည်း စာပိုတတ်တယ်။ ကုသိုလ်လည်း ရတာပေါ့အေ။ ပြီးတော့လည်း ကမ္ဘာမှာ စစ်ဖြစ်နေတာတွေ၊ အခြေအနေတွေ သိရတာပေါ့"

ဟုတ်ပါတယ်။ မေမေကြီးဟာ ဘယ်လိုလည်းမသိ။ သတင်းစာကိုလည်း နေ့တိုင်း ဖတ်ခိုင်း၊ ပြီးတော့ သူလိုဝါသနာတူသူတွေနဲ့ ဝိုင်းထိုင်ပြောကြဆိုကြ အမြဲလုပ်တယ်။ ဖေဖေနဲ့ ကို မတူဘူး။ နိုင်ငံရေးကို အတော်ဝါသနာကြီးတယ်။ ကျွန်မဟာ သတင်းစာ၊ တရားစာအုပ်၊ ရုပ်ရှင်ကြည့်ရင်လည်း အဲဒီခေတ်က စာတန်းထိုးတွေဆိုတော့ မဖတ်တတ်ရင် စာလုံးပေါင်း ဖတ်၊ အစုံ ဘာဖတ်ခိုင်း–ဖတ်ခိုင်းပျင်းတယ်လို့ မရှိပါဘူး။ အကုန်ဖတ်ပြပါတယ်။ ဒီတခါတော့ ဘယ်လိုဖြစ်တယ်မသိဘူး။ သတင်းစာဖတ်ရမှာကို ပျင်းနေတယ်။ ဒါကြောင့် စကားအတွန့် နည်းနည်း တက်လိုက်မိတယ်။

"အမေကြီးကလည်း ကမ္ဘာကြီးမှာ စစ်ဖြစ်တာပဲ။ သူ့ဟာသူ ဖြစ်တာ ကိုယ်နဲ့ဘာ ဆိုင်တာမှ မှတ်ပဲနဲ့"

"အို … ဆိုင်ပါသော်ကောအေရယ် … ဆိုင်ပါသော်ကော။ ငါ့မြေးက ကလေးမို့ နားမလည် တာ။ အခုစစ်ဖြစ်နေတာက ကုလားဖြူတွေနဲ့လေ။ သူက ကျွန်ပိုင်ရှင်ကြီးလေ။ တို့တိုင်းပြည်က လူတွေကို အမိန့်ချပြီး စစ်ထဲဝင်တိုက်ခိုင်းနေရင် ဘယ်နှယ့်လုပ်မလဲ"

ဒီတချီတော့ ကျွန်မလည်းလန့်သွားတယ်။ ကလေးပီပီ၊ ကြောက်လည်းကြောက် လာတယ်။ အဲဒါနဲ့သတင်းစာကိုပဲ ကောင်းကောင်း ဖတ်နေမိပါတယ်။

ညကျတော့ လသာသာ အိမ်ရှေ့မှာ ထိုင်ရင်း မေမေကြီးနဲ့ စကားပြောနေမိတယ်။

ကျွန်မဟာ သုံးတန်းရောက်နေပါပြီ။ မေမေကြီးနဲ့ ကျွန်မဟာ နေ့တိုးတိုး၊ ညတိုး တိုးနဲ့ ကျွန်မကို လူကြီးလိုသဘောထားပြီး မေမေကြီးက ဆုံးမစရာရှိရင် ဆုံးမ၊ သင်စရာရှိရင် သင်၊ ပြောစရာရှိရင် ပြော၊ ကျွန်မအပေါ် မျှော်လင့်ချက် ကြီးပါတယ်။ ကျွန်မတို့ နှစ်ယောက် ဟာ တိုးတိုးဖော်တိုင်ပင်ဖက် ဆိုလည်းမမှားပါဘူး။

နေ့လည်က ကိစ္စကို ကျွန်မက ပြန်သတိရပြီး မေမေကြီးဟာ ကျွန်မတို့အိမ်ဘေး က ဒေါ်ပုံလို မျက်မှန်ဝယ်တပ်ရင် ကောင်းမှာ။ ကျွန်မ ဖတ်မပေးလည်း အရေးမကြီးဘူး။ ကိုယ့်ဟာ ကိုယ်လည်း ဖတ်ချင်တဲ့အချိန် ဖတ်လို့ရတယ်လို့ စဉ်းစားမိပါတယ်။ အဲဒါနဲ့ မေမေကြီးကို အကြံပေးမိပါတယ်။

"မေမေကြီး … မေမေကြီး … ဟိုလေ ဖွားဖွားဒေါ်ပုံလို မျက်မှန်မျိုးတခု ဝယ်ထား ပါလား ဟင်။ အဲဒါဆိုရင် ကျွန်မအနားမှာ မရှိလည်း မေမေကြီး ဖတ်ချင်တဲ့အချိန် ကိုယ့်ဟာ ကိုယ် ဖတ်လို့ရတာ ပေါ့နော် … အမေ့"

"ဩော် … ဩော် … ငါ့မြေးက စာဖတ်ပေးရမှာ ပျင်းလာပြီးနဲ့တူတယ် ဟုတ်လား။ အမေ့ကို ပြောပါဦး"

"မဟုတ်ပါဘူး မေမေကြီးရဲ့။ ကျွန်မအနားမှာ မရှိတဲ့အချိန် အဲဒီလိုမျက်မှန်ကြီး ရှိရင် အမေ့ဟာအမေ ကိုယ်ဖတ်ချင်တာ ဖတ်ရတာပေါ့"

ကျွန်မက စကားကို လှည့်ပြောလိုက်ပါတယ်။

"ဩော် … အမေ့မြေးလေးက နားမှမလည်ဘဲကိုးကွဲ့။ အဲဒီဖွားဖွားဒေါ်ပုံလို မျက်မှန်မျိုး ဝယ်တပ်လည်း စာဖတ်လို့ ဘယ်ရမလဲ ငါ့မြေးရဲ့။ အမေက စာမှမတတ်တာ"

"ဟယ် … မေမေကြီးက စာမတတ်ဘူးဟုတ်လားအမေ့။ အမေက ငယ်ငယ်တုန်း က ကျောင်းမနေဘူးလားဟင်"

ကျွန်မဟာ အံ့ဩတကြီးနဲ့ အမေကြီးကို ပြန်မေးလိုက်ပြီး အမေကြီးမျက်နှာကို သေသေ ချာချာကြည့်နေမိတယ်။ အမေကြီးက မျက်နှာသိပ် မသာလှပါ။ ဒါပေမယ့် ကျွန်မ ကိုတော့ ဆက်ပြီး စကားပြောနေပါတယ်။

"အမေကြီးတို့ ငယ်ငယ်တုန်းက ဒီခေတ်လို တန်းကျောင်းဆိုတာ မရှိဘူးကွဲ့။ ဘုန်း ကြီး ကျောင်းပဲရှိတာ။ ဘုန်းကြီးကျောင်းကလည်း ယောကျ်ားလေးတွေပဲ စာသင်ပေးတာ။ မိန်းကလေး တွေကို လက်မခံဘူး။ အဲတော့ အမေကြီးတို့ မယ်သီလရင်ကျောင်းမှာပဲ နေရ တာ"

"အမေကြီးက မယ်သီလရင်ကျောင်းမှာ စာကောင်းကောင်း မသင်ရဘူးလား"

"ဒီလိုကွဲ့–ငါ့မြေးရဲ့။ အမေက ကျောင်းမှာနေတော့ နေရတယ်။ ဒါပေမယ့် မုဆိုးမ သမီး၊ ဆင်းရဲသားဆိုတော့ နောက်ဆုံးမှာ ကျောင်းထုတ်ခံလိုက်ရတယ်"

ကျွန်မက အမေကြီးပြောတဲ့စကားကို ကောင်းကောင်းနားမလည်လိုက်ပါ။ ဒါကြောင့် မေမေကြီးကိုပဲ ကြောင်တောင်ငေးပြီး ကြည့်နေမိတယ်။

ဒါကိုရိပ်မိတဲ့ အမေကြီးဟာ သူစာမတတ်ခဲ့ရတဲ့ အဖြစ်အပျက်တွေကို အပြည့် အစုံ ကျွန်မကို ပြောပြခဲ့ပါတယ်။

အမေကြီး မယ်သီလရင်ကျောင်းမှာနေစဉ် သူငယ်ချင်းထဲက 'ရွှေချို'ဆိုတဲ့ သူငယ် ချင်းဟာ အလွန်ဆိုးပြီး အလွန်လည်း ဗိုလ်ကျ

မတရားလုပ်တာတွေများပါတယ်။ အမေကြီး ကလည်း မိခင်လုပ်သူက အရာရာကို သည်းခံခိုင်း၊ ရန်ဖြစ်တာမကြိုက်ဆိုတော့ သူက ဘာ လုပ်လုပ် အောင့်အီးသည်းခံနေရတယ်။ ဒီလိုနဲ့ တနေ့မှာ အမေကြီးတို့ 'ကြက်ခွပ်တမ်း' ကစားရာကို ရောက်လာပြီး ကစားခွင် ကိုလည်းဖျက်၊ ကြက်ခွပ်နေတဲ့ အမေကြီးကိုလည်း တွန်းလှဲ။ ကစားဖက် အဖော်တွေကိုလည်း 'မယ်မြနဲ့ မကစားနဲ့လို့ ပြောပြီးအားလုံးကို ခေါ်သွားတော့ အမေကြီးဟာ ဒီမတရားမှုကို မခံနိုင်လွန်းလို့ စကားများရန်ဖြစ်ပြီး၊ နပန်းလုံး ကြ၊ ရိုက်ကြပုတ်ကြတဲ့အထိ ဖြစ်ကုန်ကြတယ်။ ဘေးကအဖော် သူငယ်ချင်းတွေက သူတို့နှစ် ယောက်ကို လာခေါ်တော့မှ ကျောင်းတက်မှန်းသိကြတော့တယ်။ ကျောင်းတက်ပြီဆိုတော့ 'ရွှေချို'က ကျောင်းကိုအရင်ပြန်ပြီး သီလရှင်ကြီးကို ရန်ဖြစ်တုန်းက နီးရာမိရာကိုဆွဲထားလို့ ပြဲသွားတဲ့ အင်္ကျီကိုပြပြီး အရင်ဦးအောင် ငိုယိုတိုင်တန်းပါတယ်။

"ဟဲ့–မိမြ မြန်မြန်လာခဲ့။ ဒါလောက်တောင် ဆိုးတဲ့ကောင်မတော့ သိရော့မယ်" ဆိုပြီး ကြိမ်လုံးတဝင့်ဝင့်ဖြစ်နေတဲ့ သီလရင်ဆရာတော်ကြီးကို မဝံ့မရဲနဲ့ အကျိုးအကြောင်းကို ဘယ်လိုပဲ လျှောက်ထားပေမယ့် မရတော့ဘူး။ နင့်မှာ အပြစ်ရှိတယ်။ ကြိမ်ဒဏ်လို့ တချက် လွှတ် ဆုံးဖြတ်လိုက်တယ်။ နောက်ဆုံးမှာတော့ တိုင်မှာကြိုးနဲ့တုပ်ပြီး ရိုက်တော့တာပဲ။ အဲဒီလို ရိုက်နေတဲ့ ဆရာတော်ကြီးကို မယ်မြဟာ အော်ဟစ်ငိုယိုနေတဲ့ အကြားက အသံကုန် ဟစ်ပြီး "ဆရာတော်ကြီး မတရားဘူး၊ မျက်နှာလိုက်တယ်။ မတရားဘူး"လို့ ထပ်ခါတလဲလဲ အော်ဟစ်ပြောလိုက်တယ်။ အဲဒီလိုပြောလေ ဆရာတော်ကြီးဟာ ယမ်းပုံမီးကျ ဒေါသူပုန် ထပြီး ရိုက်လေ ဖြစ်တော့တာပဲတဲ့။ ခေါင်းကနေပြီး ခြေထောက်အထိ အားရအောင်ရိုက်ပြီး အနားမှာ ရှိတဲ့ ကလေးတယောက်ကို "သူ့ အမေသွားခေါ်ချေ"လို့ အမိန့်ပေးလိုက်တယ်။ တအောင့်လောက်ကြာတော့ တဘက်ကလေး ပခုန်းပေါ်တင်ပြီး ဘုမသိဘမသိနဲ့ လိုက်လာ ရှာတဲ့ 'ရှင်အေးညို'လည်း ရောက်လာရော "ရှင်အေးညို ဒါလောက်တောင် ဆိုးတဲ့ ကလေး မျိုး ငါ့ကျောင်းနဲ့မတန်ဘူး။ ငါ့ကိုလည်း အော်ဟစ်ပြီး မတရာဘူးလေး၊ ဘာလေးနဲ့ ပြန်ပြော သေးတယ်။ နင့်သမီးကို အခုခေါ်သွား"ဆိုပြီး၊ သူ့တပည့်တွေကို အမိန့်ပေးလို့ အမေကြီးကို တိုင်မှာချည်းထားတဲ့ကြိုးကို ဖြေပေးလိုက်တဲ့အခါ အမေကြီးဟာ မတ်တတ်မရပ် နိုင်တော့ဘဲ ပုံလျက်သား လဲကျသွားရှာတယ်။

အဲဒီမှာ သီလရှင်ကြီးကိုလည်း တောင်းပန်ပြီး မရတဲ့အဆုံး အမေကြီးရဲ့ အမေဟာ ကလေးကို ကျောပိုး၊ မျက်ရည်စက်လက်နဲ့ အိမ်ပြန်လာခဲ့ရတယ်။ ဒဏ်ရာကပြင်းတော့ ကလေးဟာ အိပ်ယာထဲမှာ ကောင်းကောင်းမနေနိုင် ငိုယိုအော်ဟစ်ပြီး ညည်းညူနေရသတဲ့။ ဒါနဲ့ငှက်ပျောဖက်တွေ မြေပေါ်မှာခင်းပေးပြီး သိပ်ရတယ်တဲ့။ ဒဏ်ရာကပြင်းတော့ အဖျား လည်း ဝင်လာတယ်တဲ့။ ဒါနဲ့ ဗိန္ဓောဆေးတွေ တိုက်၊ အနာတွေကို ငှက်ပျောသီးနဲ့ နယ်နိုပ် ပေးရတယ်။ အဲဒီလိုကုသရင်းနဲ့ တလလောက်ကြာတော့ အနာရော၊ အဖျားပါပျောက် လမ်းကောင်းကောင်း သွားနိုင်လာတယ်။

အဲဒီအချိန်ကစပြီး ရှင်အေးညိုဟာ ဆွေမျိုးနီးစပ်လည်းဖြစ် အင်မတန်လည်း ရင်းနှီးတဲ့ အောက်ပြည်က အဒေါ်ကြီးတယောက်နဲ့ အဆက်အသွယ်ရလာပြီး အင်မတန် ချစ်ခင် ကိုးစားခဲ့ရတဲ့ ခင်ပွန်းသည် ဖိုးရွှေလူကိုလည်း တမ်းတငိုယိုကာ အသက်မက စွဲမြဲခင်တွယ်ခဲ့တဲ့ ဇာတိမြေ 'ပဲခူး–သဲတော'ကို စွန့်ခွာခဲ့တယ်။ သမီးလေးနှစ်ယောက်ကို လက်စွဲကာ အောက်ပြေအောက်ရွာကို စွန့်စားထွက် လာခဲ့တယ်။ ဒီလိုနဲ့ မြေလတ်ပိုင်းက ပျော်ဘွယ်ဆိုတဲ့ မြို့ကလေးမှာ အခြေချမိတော့တယ်။ အဲဒီမှာ ထမင်းဆိုင်လေးဖွင့် ရောင်းချ လုပ်ကိုင် စားကြတယ်တဲ့။

ကျွန်မလည်း အမေကြီးစာမတတ်ရတဲ့အကြောင်းကို သိရတဲ့အချိန်ကစပြီး 'နောက်နောင်ဆို အမေကြီးက စာဖတ်ခိုင်းရင် ငါ ဘယ်တော့မှ မပျင်းတော့ဘူး'လို့ စိတ်ထဲမှာ ဆုံးဖြတ်လိုက်မိတယ်။ အမေကြီးအတွက်လည်း စိတ်တော်တော် ထိခိုက်ခဲ့ရတယ်။

ဒီလိုနဲ့ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာတော့တယ်။ ကျွန်မတို့မြို့ကလေးကို ဗုံးတွေလာ ကြဲ၊ စက်သေနတ်တွေနဲ့ပစ်၊ တမြို့လုံး သေသူသေ၊ ဒဏ်ရာရသူရ၊ ကျွန်မတို့ မြေးအဘိုးအဘွား ၃ယောက်ဟာ မီးဖိုတိုက်ခန်းလေးထဲမှာ ဒေါင့်လေးတခု ကပ်ပြီး ဝပ်နေလိုက်တာ လေယဉ်ပျံတွေ ပြန်သွားတာတောင် မသိလိုက်ဘူး။ အိမ်ရှေ့တံခါးမကြီးကို တဒုန်းဒုန်းနဲ့ထုပြီး 'ကြီးတော်–ကြီးတော်' 'ကလေးရေ–ကလေးရေ' 'တုတ်တုတ်ရေ'နဲ့ လာခေါ်နေတဲ့ ဦးလေးကြီး ကိုထွန်းရင်ရဲ့ အသံကြားမှ တံခါးကို အမြန်ဖွင့်လိုက်တယ်။ ဦး လေးကြီးကိုတွေ့တော့ ကျွန်မဟာ ဝမ်းနည်းဝမ်းသာဖြစ်ပြီး တအားငိုချလိုက်တယ်။ ဦးလေးကြီးဟာ တဘက်က ကျွန်မကိုချော့၊ တဘက်ကလည်း အမေကြီး ကိုတွဲရင်း "လာ ... လာ ... ကြီးတော်၊ အမြန်လာ ဟိုကောင်တွေ စိတ်မကျေနပ်သေးလို့ တခေါက်ပြန် လှည့်လာရင် မလွယ်ဘူး။ ဒီနေရာက အမြန်ထွက် ရအောင်"လို့ ပြောပြောဆိုဆို အတင်း ဆွဲထုတ်သွားတော့မှ ကျွန်မတို့ရဲ့ အိမ်ဘေးက အိမ်ကြီးဟာ အိမ်ပေါ်တည့်တည့် ဗုံးကျလို့ အိမ်နေရာမှာ တွင်းကြီးတခုပဲ တွေ့ရတော့တယ်။ အို ... လမ်းပေါ်မှာ ခါးတပိုင်းပြတ်၊ ပေါင်ပြတ်၊ ခေါင်းပြတ်၊ လူသေကောင်တွေ၊ သွပ်ပြားအစတွေ၊ အော်ဟစ်ငိုယိုသံတွေ ပွက်ပွက်ရိုက်နေတာ ကမ္ဘာကြီး ပျက်နေသလိုပါပဲ။ ယမ်းခိုးတွေကလည်း မှောင်နေတာပဲ။ ကျွန်မတို့ မျက်နှာ တွေကလည်း မဲမဲကြီးတွေ၊ ကြောက်အားလန့်အားနဲ့ ဆိုတော့ 'ခါးချိ'နေလို့ ပြေးလို့မရပါဘူး။ ကျွန်မတို့ မြို့အရှေ့ဘက် 'ကင်မွန်းတန်း'ဆိုတဲ့ ရွာကလေး ကိုရောက်ရုံပဲရှိသေးတယ်။ လေ ယာဉ်ပျံမဲမဲကြီး နှစ်စင်း တပတ်လာပြီး စက်သေနတ် နဲ့ပစ်တာ တော်တော်ကြာတယ်။ ဒီလိုနဲ့ ကျွန်မတို့ မြေးအဖွားသုံးယောက်လည်း အဝတ်တထည်ကိုယ်တခု၊ စစ်ပြေးဘဝနဲ့ ဘွားလေးတို့ရွာမှာပဲ နေလိုက်ကြတယ်။ အဲဒီ ဘွားလေး ဆိုတာ ကျွန်မတို့အဘိုးရဲ့ ညီမအရင်း မေမေကြီးရဲ့ယောင်းမပေ့ါ။ ဦးလေးကြီး ကိုထွန်းရင်ရဲ့ အမေပါ။ ကျွန်မရဲ့ ဘဝဟာ အဲဒီဂျပန် ခေတ်က အဆင်းရဲဆုံးပါပဲ။ ဒါပေမယ့် ကလေးဆိုတော့ သူငယ်ချင်းတွေနဲ့မို့ ပျော်နေတာပေ့ါ။

## နေရိရိ...ရွှေချိုးရယ် ကူလာနဲ့...

အဲဒီလိုဆင်းဆင်းရဲရဲနဲ့ နေလာရာက အချိန်တွေ တရွေ့ရွေ့ကုန်လာလိုက်တာ တောမှာလည်း နေသားအတော်ကျလာပါပြီ။ တညနေခင်းမှာတော့ ထင်းရှာသွားပါတယ်။ ရွာအနောက်ဘက်ချောင်း မရောက်ခင် လယ်ကွင်းပြင်ကြီးထဲမှာ ကန်သင်းခုံပေါ် လျှောက် ရင်းက စပါးခင်းကြီးကို မေမေကြီးက လက်ညှိုးထိုးပြတယ်။

"ဒီမှာကြည့်စမ်း ငါ့မြေး ဒီစပါးဟာ စပါးနက်လို့ခေါ်တယ်။ နမသလေးစပါးလို့လည်း ခေါ်တယ်။ သူဌေးတွေမှ စားနိုင်တာ၊ တို့ဆင်းရဲသားတွေ မစားနိုင်ဘူး"

ကျွန်မဟာ မေမေကြီးပြတဲ့ စပါးတွေကို ကြည့်လိုက် တော့ ဘေးလယ်ကွက်ထဲက စပါးတွေနဲ့မတူတဲ့ စပါးခင်းကြီးက မွှေးလိုက်တာလည်း အလွန်ပဲ။ တခြားစပါးခင်းတွေလို မှည့်နေတာ အဝါရောင် မဟုတ်ဘူး။ ဒီစပါးက အနက်ပဲ။

"ဟုတ်ပါရဲ့ အမေ့။ ဒီစပါးက ဘာလို့ ဆင်းရဲသားတွေ မစားနိုင်ရတာလဲ ... ဟင်"

"ဒီလိုကွဲ့ ငါ့မြေးရဲ့။ တို့ဆင်းရဲသားတွေ မစားနိုင်ဘူးဆိုတာက ဆန်ကသိပ်ကောင်း လွန်းတော့ အိုးမတက်ဘူး။ တို့ဆင်းရဲသားတွေက မိုးလင်းက မိုးချုပ်၊ တနေကုန်အလုပ်ကြမ်း လုပ်နေရတော့ ဆန်ပျော့ဆို အဆာမခံဘူး။ ခဏခဏဆာတယ်။ ဒါကြောင့်အဆာခံ ဗိုက်တောင့်အောင်

ဆန်ကြမ်းပဲစားရတယ်။ နည်းနည်းချက်ရင် ထမင်းများများရအောင် အိုး တက်တဲ့ဆန်ကို စားရတာကွဲ့။ အခုလည်း ကြည့်လေ ဒီစပါးခင်းဟာ ဟိုမှာမြင်လား။ အိမ် ကြီး(တခေါ်လောက်ဝေးတဲ့ နေရာက သွပ်မိုးအိမ်ကြီးကို လက်ညှိုးထိုးပြရင်း) အဲဒီအိမ်ကြီး ဟာ မြို့ပေါ်က ပျဉ်းမနားမြို့က သူဌေးဦးရန်အောင်(ကုလားလူမျိုး)ရဲ့အိမ်ကြီးပဲ။ အဲဒီ သူဌေးမိသားစု စားဖို့စိုက် ထားတာလေ''

''အမေ့ ဒီစပါးခင်းကြီးက အဲဒီသူဌေးကြီးမိသားစု ကိုယ်တိုင် လာစိုက်ထားတာ လား ဟင်''

အမေကြီးက အသံထွက်အောင် ရယ်လိုက်တယ်။ ပြီးတော့မှဆက်ပြီး

''ဘယ်က လာ စိုက်ရမှာလဲ ... အေ။ ငါ့သမီးကလည်း သူဌေးပါဆိုနေ။ တို့ဆင်း ရဲသားတွေကပဲ အစက အဆုံး စပါးကို စပါးကျီထဲအရောက် သွင်းပေး၊ လုပ်ပေး ရတာ ပေါ့အေ့''

ကျွန်မဟာ အမေကြီးပြောတာတွေကို နားထောင်ရင်း ရင်ထဲမှာတမျိုးကြီး ခံစား ရပါတယ်။ အဲဒီဆင်းရဲသားဆိုတဲ့ လယ်သမားတွေကို စာနာသလိုလို ခံစားရပါတယ်။ ဩော် ... ကိုယ်စိုက်တဲ့ စပါးတောင် ကိုယ်မစားရဘူးလို့ပဲ။ ဖြစ်မှဖြစ်ရလေ ...

''အမေ့ အဲဒီဆင်းရဲသားတွေက ကိုယ်စိုက်ပေးတဲ့ စပါးလေးတောင် ကိုယ်မစား ရဘူးဆို မစိုက်ပေးနဲ့ပေါ့။ ဒီလိုပဲ နေပေါ့''

''ဩော် ... ငါ့မြေးလေးက နားမှမလည်ပဲကိုး ... ကွဲ့။ တို့ဆင်းရဲသားတွေက မလုပ် ပေးပဲနေရင် ဘယ်ကလာ ငွေရတော့မလဲ။ အဲဒီလို ငွေမရရင် ဆန်တို့၊ ဆီတို့၊ ဆားတို့ ဘာနဲ့သွားဝယ်မလဲ။ ပြီးတော့ အဝတ်အထည် ဝယ်ဖို့ကော ... ''

ဩော်–ဒီလိုဆိုတော့ ဟုတ်ပေသားပဲ။ အမေကြီးက စကားကို ခဏဖြတ်ထား လိုက်ရင်း ဘေးပတ်ဝန်းကျင်ကို လိုက်ကြည့်နေ ပါတယ်။ ပြီးတော့မှ

''ဟိုမှာကြည့်လေ ... ငါ့မြေးလေး မြင်တယ် မဟုတ်လား၊ ကြံခင်းတွေလေ။ ဘယ်လောက်များလဲ။ ဒါတွေအားလုံးဟာ ဒီသူဌေးကြီးပဲပိုင်တာပဲ''

''ဟုတ်တယ်အမေ့ ဒီသူဌေးကြီးက သိပ်ဆိုးတယ်။ ကြံတချောင်းချိုးရင် ဒဏ်ငွေ ၅ကျပ်တဲ့။ မနေ့က ချောင်းကရေချိုးပြီးအပြန် ကျွန်မ ကြံစားချင်တယ်ဆိုလို့ မမထွေး(ဒွေးလေး အငယ်ဆုံးပါ။ ဒါကြောင့် ဒွေးလေးမခေါ်ဘဲ မမထွေးလို့ခေါ်ရပါတယ်)ကို ပူဆာတော့ ''နေဦးအေ့–လူပြတ်မှ ခိုးချိုးပေးမယ်။ လူမိသွားလို့ သွားတိုင်ရင်၊ ညည်းကြံတချောင်း ငွေ ၅ကျပ်–တော့''

ဒါနဲ့ပဲ ကျွန်မလည်း မစားရတော့ပါဘူး။

''အမလေး ငါ့မြေးရယ်။ သူဌေးဆိုအားလုံး အတူတူပါပဲ။ ဒီသူဌေးမှ ပိုဆိုးတာ မဟုတ် ပါဘူးကွယ်''

ထိုအခိုက် အိမ်ကြီးဘက်က အလုပ်သမား(ရွာသား) လေး–ငါးယောက် ရွာဘက် ကို ပြန်သွားကြတာကို တွေ့လိုက်ရတော့–

''အမေ့ ဟိုမှာကြည့်ပါဦး။ ကြံကြိတ်ဖိုက လူတွေ တဆိုင်း(ကြံကြိတ်ဖိုတွင် ကြိတ် သူကကြိတ်၊ မီးထိုးသူကထိုး၊ ချက်သူကချက်၊ အလုပ်တွဲလုပ်ရတဲ့ အဖွဲ့ကို တဆိုင်းဟု ခေါ်ပါ တယ်)တောင် ပြန်သွားပြီ။ ဒီရွာက လူတွေအားလုံးဟာ ဒီသူဌေးကြီးရဲ့ ကြိတ်ဖိုကြီးမှာပဲ အားလုံး အလုပ်လုပ်ကြရတယ်နော် ... အမေ့''

''ဒါပေါ့ ငါ့မြေးရဲ့။ ညည်းတို့ ဦးလေးကြီးအပါ ဒီတရွာလုံးဟာ ဒီသူဌေးကြီးကို မှီခိုလုပ်ကိုင် စားသောက်နေရတာ''

ဟုတ်ပါတယ်။ တရွာလုံးဟာ ဒီသူဌေးကြီးကိုပဲ မှီခိုလုပ်ကိုင်စားသောက်နေ ကြရတာ။ မိုးတွင်းဆိုလည်း ဒီသူဌေးကြီးရဲ့လယ်မှာ လုပ်၊ မိုးကုန်တော့ ဒီသူဌေးကြီးရဲ့ ကြံ ခင်းတွေမှာ။ အဲဒီကပြီးတော့ ဒီကြံကြိတ်ဖိုကြီးမှာ ကျွန်မဟာ သူဌေးရဲ့ အိမ်ကြီးဘေးက တ ဂျုန်းဂျုန်း နဲ့မြည်ပြီး မီးခိုးငွေ့တွေ တလူလူထွက်နေတဲ့ ကြံကြိတ်ဖိုကြီးကို လှမ်းကြည့်ရင်း နဲ့–

''အမေ့ ဒီရွာက လူအားလုံးဟာ တနှစ်ပတ်လုံး ဒီသူဌေးကြီးရဲ့ အလုပ်တွေကိုပဲ လုပ်နေရတဲ့ လယ်ကူလီတွေပဲနော်။ ဟို ... ဟို တမျိုးပြောရင် ဒီသူဌေးကြီးရဲ့ ကျွန်တွေပဲနော်''

''ဟုတ်တာပေါ့ ငါ့မြေးလေးရယ်။ ဟိုး ... အရင်တုန်းကတော့ ဒီရွာက လူ တွေအားလုံးဟာ လယ်ပိုင်ယာပိုင်တွေအဖြစ်နဲ့ နေခဲ့ကြတာ။ ပျော်စရာကြီးပဲပေါ့အေ'' အမေကြီး က တောင်ဘက်ကို လက်ညှိုးထိုးပြလိုက်ရင်း

''ဟိုး ... မှာကြည့်ငါ့မြေးလေး။ ဟိုလယ်ထိပ်မှာ မန်ကျည်းပင် နှစ်ပင် မြင်တယ် မဟုတ်လားအေ။ အဲဒါ အမေကြီးတို့လယ်ပဲ။ အဲဒီမန်ကျည်း နှစ်ပင်ဟာ ငါ့မြေးရဲ့ဘိုးဘိုး၊ ဦးဖိုးသာ ကိုယ်တိုင် စိုက်ခဲ့တာပေါ့အေရယ်''

''ဟင် ... အမေ့၊ အဲဒါ အမေတို့လယ် ဟုတ်လား။ အခုကော အမေ့လယ်ပဲ မှတ်ဖူးလား။ အဲဒီဘိုးဘိုးကြီးကကော ဘယ်မှာလဲ''ကျွန်မဟာ ကိုယ်သိချင်တာတွေက များ တာကြောင့် တသီကြီး မေးလိုက်ပါတယ်။

''အေး–ဟုတ်တာပေါ့ငါ့မြေးရယ်။ ဟုတ်သမှ အမေကြီးတို့လယ်မှ အစစ်ပေါ့။ အမေကြီးရယ်၊ ဘိုးဘိုးကြီးရယ် ကိုယ်တိုင်ဓားမဦးချ ခုတ်ပြီး တိုးထား၊ ထွန်ထားတဲ့ လယ်သစ် ပေါ့အေ့။ အရင်က ဒီနေရာဟာ တောရိုင်းကြီးပေါ့။ အများစုသစ်ပင်ကြီးတွေက ရုံးပင်တွေများ သကွဲ့။ ဒါကြောင့် ဒီရွာကို 'ရုံးပင်ဇောင်း' လို့ ခေါ်တာ''

''အမေ့ဓားမဦးချဆိုတာ ဘာကို ပြောတာလဲဟင်။ အဲဒီဘိုးဘိုးကြီးကကော''

''ဩော် ... ဩော် ... အဲဒါလား။ ဓားမဦးချ ဆိုတာက ကိုယ်ကိုယ်တိုင် တောတွေကို ခုတ်ရ၊ ရှင်းရ၊ ထွင်ရလို့ ကိုယ့်ရဲ့ ဓားဦးဓားသွားဟာ မြေပေါ်ကိုကျလို့ 'ဓားမဦးချ' လို့ခေါ်တာ ပေါ့ငါ့မြေးရယ်။ ဘိုးဘိုးကြီးလား။ ဘိုးဘိုးကြီးကတော့ ဆုံးရှာပြီပေါ့ ငါ့မြေးရဲ့''

အမေကြီးရဲ့ အသံဟာ နောက်ဆုံး တိမ်ဝင် သွားတယ်။ ဒီအခိုက်မှာပဲ ချောင်း အောက်ဘက် ခပ်လှမ်းလှမ်း ဆီက ဆွဲဆွဲငင်ငင်နဲ့ ကူနေရှာတဲ့ ချိုးကူသံလေးကိုလည်း ကြား လိုက်ရတယ်။ ကျွန်မက အမေကြီးရဲ့မျက်နှာကို မော့ကြည့်လိုက်တော့ အမေကြီးက မျက်နှာ လွှဲသွားတယ်။ သိပါပြီ။ ကျွန်မလည်း အမေကြီး စိတ်ထိခိုက်နေရှာတယ်ဆိုတာ ရိပ်မိလို့ ဘာမှဆက်မမေးတော့ဘဲ ငြိမ်နေလိုက်တယ်။

''ဟော ... နေတောင်ဝင်တော့မယ်ကွဲ့။ အမေတို့ထင်းရှာပြီး ပြန်ကြရအောင် '' ပြောပြောဆိုဆိုနဲ့ အမေကြီးက ရှေ့ကချုံတန်းထဲက ထင်းခြောက်လေးတွေကို ကောက်ပြီး နွယ်ကြိုးတချောင်း ဆွဲဖြတ် ချည်တုပ်လိုက်တယ်။ ကျွန်မအတွက်လည်း ထင်းစည်းငယ်လေး တစည်း လုပ်၊ ပါလာတဲ့ တဘက်ကို ခေါင်းခုလုပ်ပေးကာ ကျွန်မခေါင်းပေါ်တင်လိုက်တယ်။ ကျန်နေတဲ့ ထင်းသုံးလေးချောင်းကို အမေကြီးကပွေ့ပြီး အိမ်ပြန်လာခဲ့တယ်။

**ငယ်ကျွမ်းဆွေရယ်**

ညကျတော့ မေမေကြီး ဘယ်တုန်းကမှ မပြောခဲ့ဘူးတဲ့ အဲဒီလယ်အကြောင်းနဲ့ ဘိုးဘိုး ကြီး အကြောင်းပါ အပြည့်အစုံ ကျွန်မကို ပြောပြ

ပါတော့တယ်။

“မေမေကြီး အိမ်ထောင်ကျစ အချိန်တုန်းကပေါ့ ငါ့မြေးရယ် ... အစိုးရက လယ်ရှင်တွေကို လယ်သစ်ဖော်ဖို့ အားပေး။ ကုလား သူဌေးတွေကလည်း ငွေတွေချေးပေးနဲ့ လယ်သမားတွေ ငွေစလေးတွေရှုင်နေတဲ့အချိန်။ အဲဒီအချိန်မှာ လယ်သစ်တိုးဖို့ စီစဉ်ကြတဲ့ ဘိုးဘိုးကြီးတို့ ညီအစ်ကို အိမ်ထောင်စုလေးစု(ဘိုးဘိုးကြီး ကိုဖိုးသာ၊ နှစ်မဖြစ်သူ မစင်နဲ့ ကိုဖိုးမောင်၊ ညီဖြစ်သူ ကိုဖိုးအောင်၊ ညီဝမ်းကွဲတော်သူ ကိုဖိုးလုံ့ရယ်)ဟာ အားလုံး လူငယ်လူရွယ်တွေ၊ သားသမီးကလည်း မရကြသေးဘဲ၊ အိမ်ထောင်စုလေးစု လူငယ် ၈ ယောက်၊ အားလုံးက ပျိုပျိုရွယ်ရွယ် သန်သန်မာမာတွေ ဆိုတော့ တက်ညီလက်ညီနဲ့ လုပ်လိုက်ကြတာ လယ်သစ်တွေလည်း ပေါ်လာတာပေါ့။ အဲဒီတုန်းက ပျော်လိုက်ကြတာ ဘာပြောကောင်းမလဲ ငါ့မြေးရယ်။

ဒီလိုနဲ့ငါ့မြေးရယ် အမေကြီးတို့မှာ သားဦးလေး မောင်ဖိုးဦးကို ရလာပါရော။ ဘိုးဘိုး ကြီး ဆိုတာလေ မြေကြီးပေါ် ခြေမကျတော့ဘူး။ အလုပ်တွေလည်း အရင်ကထက် ပိုကြိုးစား လိုက်တာ၊ မောရပန်းရမှန်းမသိ ဖြစ်နေတာပေါ့။ သားလေးကို ရှင်ပြုရမယ်ဆိုတဲ့ အတွေးနဲ့ ပျော်နေရှာတယ်လေ။ အဲဒီတုန်းက အမေကြီးတို့အားလုံးဟာ လုပ်ငန်းတွေက အဆင်ပြေ တော့ အခါကြီး ရက်ကြီးတွေမှာ ဘုန်းကြီးကျောင်းကို သွားကြတယ်ဆိုရင် ဘုန်းကြီးကို ကန် တော့ဖို့ လူ့ဖွယ်ပစ္စည်းတွေ ကလည်းစုံ၊ လူကြီးတွေကလည်း ဝတ်ကောင်းစားလှတွေနဲ့ က လေးတွေဆိုလည်း ဒေါင်းဘယက်ခွက်ကို ခါင်းစည်းကြိုးအနီနဲ့တပ်ပြီး ဆွဲလို့ပေါ့အေ့။ စပါးဈေး ကလည်း ၂၄ ကျပ်ဈေး၊ ရွှေဒင်္ဂါးတခု တကျပ်သားကလည်း ၂၄ ကျပ်ဈေးပဲကွဲ့။

နောက်တော့ မောင်ဖိုးဦးလေးဟာ အခါလည်ကျော်အရွယ်မှာပဲ ဆုံးသွားရှာတယ်။ အမေကြီးက သားသမီး၅ယောက် ထွန်းကားခဲ့တယ်။ သား၃ယောက်၊ သမီး၂ယောက်။ သမီး၂ ယောက်ပဲ အဖတ်တင်တယ်။ အငယ်ဆုံး ဖိုးထွေးလေးနဲ့ သူ့အဖေဟာ ဖျားပြီး ဆုံးသွားတာ၊ တလပဲ ကွာတာ ငါ့မြေးရဲ့။ ကုန်လိုက်တဲ့ငွေကလည်း လယ်ပေါင်ရတဲ့အထိလေ။ ကြွေးတွေ တင်နေလို့ နွားတရှဉ်းလည်း ရောင်းလိုက်ရတယ်။ ဒါပေမယ့် ကလေးရော အဖေပါ အသက် ကယ်လို့ မရလိုက်ပါဘူး။ အဲဒီတုန်းက အမေကြီးဘဝဟာ ‘လင်သေ၊ သားဆုံး ယူကြုံးမရ ပေါ့အေ’။ အမေ့အသက်ကလည်း ၂၄ နှစ် ကျော်ရုံလေး ရှိသေးတာ။ ရူးမတတ်ပါပဲ ငါ့မြေး ရယ်။

ဒီလိုနဲ့ အမေကြီးလည်း မိခင်အိုကြီးရယ်၊ သမီးလေး ၂ ယောက်ရယ်နဲ့အတူ တောကနေ မြို့ပေါ်ကို စွန့်စွန့်စားစား တက်လာတာ။ အဲဒီတုန်းက ပျဉ်းမနားဆိုတာ ဈေးနားတဝိုက်ပဲ စည်ကားတယ်။ ကျန်တဲ့နေရာတွေက တောတွေပဲ။ ပျင်းလို့တောင် မနားနဲ့တဲ့။ ဘာလို့လည်းဆိုတော့ တော ကြီး။ ငှက်ကြီးလို့ ငှက်ဖျားက သိပ်ကြမ်းတယ်ဆိုပဲ။ ဒါကြောင့် ပျဉ်းမနားလို့ ခေါ်တာလို့ ရှေးလူကြီးတွေက ပြောစမှတ် ပြုကြတယ်ကွဲ့။ အမေကြီးတို့ ရောက်ပြီး၃–၄ နှစ်လောက်ရှိမှ စည်ကားလာတာ၊ မြို့နဲ့တူလာခဲ့တာ။

အမေလည်း ဟင်းသီးဟင်းရွက်ကလေးရောင်းလိုက်၊ နေ့ပြန်တိုးယူပြီး ကောက် ညှင်းပေါင်း၊ ပဲပေါင်းရောင်းလိုက်နဲ့ အမေကြီးဟာ မိသားစု၄ ယောက်ကို ရှာဖွေ ကျွေးလာခဲ့တာပေါ့ ငါ့မြေးရယ်။ ဒီလို ရုန်းရင်း ကန်ရင်းနဲ့ အမေကြီးဟာ ဆေးလိပ်ခုံလေး ထောင်တယ်။ အမေကြီးက တောရောမြို့ပါ မိတ်ဆွေများတော့ တော်တော် အားပေး ကြတယ်ကွဲ့။ စီးပွားလည်း ဖြစ်လာတယ်လို့ ဆိုပါစို့ ငါ့မြေးရယ် ...”

### မိန်းမဆိုတာ

ဒုတိယ ကမ္ဘာစစ်ကြီးလည်း ပြီးသွားပြီ။ စစ်ကြီးပြီးပြီဆိုတော့ ပြည်သူတရပ်လုံး ဝမ်းပန်းတသာနဲ့ပေါ့။ မြို့ပေါ်ကလူတွေ မြို့ကို ပြန်ကြတော့မယ်။ ဖက်ဆစ်ဂျပန်ကို အောင်နိုင်ခဲ့ တာမို့ အောင်ပွဲခံတဲ့ အငြိမ့်ပွဲတွေဟာ ညစဉ်ညတိုင်း။ မင်္ဂလာဆောင်တွေကလည်း တခြိမ်းခြိမ်း နဲ့။ ကျွန်မတို့လည်း ကလေးတွေဆိုတော့ မြို့ကိုပြန်ရောက်တော့မှာကို တွေးပြီး ပျော် နေမိတယ်။ မကြာခင်မှာပဲ မြို့ကိုပြန် ပြောင်းရပါတယ်။ အိမ်သစ်အိုးသစ် အဆောက် အဦးသစ်တွေချည့်ပါပဲ။ ဒီတခါတော့ မေမေတို့ မမတို့အိမ်နဲ့ ကျွန်မတို့အိမ်ဟာ လမ်းတခု ပဲ ခြားပါတယ်။ အနီးလေးမို့ ပျော်လိုက်တာ။ ဟို တချက်တော့ မပျော်နိုင်တာ ရှိတယ်။ အဲဒါကတော့ ကျွန်မ ငယ်ငယ် လေးကတည်းက ‘ကြီးလာရင် ဘာ လုပ်မလဲ’ လို့မေးလာရင် ‘ဆရာမ လုပ်မယ်’လို့ အမြဲ ပြန်ဖြေခဲ့တယ်။ ဒီအချက်ကို ကျွန်မ စိတ်ထဲမှာ အစွဲအလန်း ကြီးခဲ့တယ်။ ကျွန်မတို့ ငယ်ငယ်တုန်းက ကျောင်းမှာစာသင်ပေးခဲ့တဲ့ ဆရာမလေး ဒေါ်စောရင် ကို သိပ်အားကျမိတယ်။ အဲဒီဆရာမလေးက ဆင်းရဲတယ်။ လှသလောက် သဘောလည်း ကောင်း၊ အသင်အပြလည်း ကောင်း၊ ကလေးတွေကိုလည်း သိပ်ချစ်တတ်တယ်။ စိတ်ရှည် တယ်။ ကျွန်မတို့ ကလေးများကလည်း ဆရာမလေးကို ချစ်ခင်လေးစားကြတယ်။ အဲဒါတွေ ကို မေမေကြီးကို ပြောပြတော့ ‘ငါ့မြေးလေးလည်း ဆရာမ ဖြစ်ကိုဖြစ်စေရမယ်’လို့ အကြိမ် ကြိမ် ပြောခဲ့တယ်။

အခုတော့ စစ်ကြီးလည်း ပြီးသွားပြီ၊ စာဆက်သင်ချင်ပေမယ့် ဖေဖေကလုံးဝ သဘောမတူ။ ဖျက်တယ်။ “ကြီးတော် စဉ်းစားနော်။ ပေါ့ပေါ့ဆဆ တွေးလို့မရဘူး။ ကလေး တွေက ကြီးလာပြီ။ မိန်းမလေး စာတွေတတ်တော့ ဘာလုပ်မှာလဲ၊ ကြီးလာ လင်ရ၊ လင် နောက် လိုက်သွားမှာတွေ။ ယောကျ်ားလုပ်စာ စားမယ့်သူတွေ။ ဘာမှထူးလာမှာ မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တော့ မမ(သူ့သမီး အကြီးကို မမ လို့ပဲခေါ်တယ်)ကိုတောင် ကျောင်း ဆက် မထားဘူး။ အိမ်မှာပဲ အိမ်ထောင်မှု ထိန်းသိမ်းတာ ကျွမ်းကျင်အောင် လေ့ကျင့်ပေး တယ်။ မိန်းကလေး ပီသရင်တော်ပြီပေါ့”လို့ မေမေကြီးကို ဆီမန်းမန်းသလို ခဏ ခဏပြောနေတယ်။

ဒါနဲ့ မေမေကြီးက ဖေဖေ့စကားကို နားထောင်ပြီး ကျွန်မလည်း ကျောင်းမနေ ရတော့ဘူး။ ကျွန်မဒါတွေသိရတော့ ဖေဖေ့ကို စိတ်လည်းဆိုးတယ်။ မုန်းလည်းမုန်းတယ်။ ကိုယ့်ဘဝကို ဝမ်းလည်းနည်းတယ်။

### ဧည့်သည်ကြီး စောစောစီးစီး ဘယ်ကလာ

၁၉၄၇ ခုနှစ်လောက်ကလို့ထင်ပါတယ်။ ရက်လတွေတော့ တိတိကျကျ မမှတ် မိတော့ ပါဘူး။ မိုးအကုန် ဆောင်းအကူးလို့ ထင်ပါတယ်။ မနက်ခင်း ၈–၉ နာရီလောက်မှာ ဧည့်သည် တယောက် လာပါတယ်။ ဘူတာက လာတယ်ပြောတယ်။ လက်က လက်ဆွဲ သားရေသေတ္တာ တလုံးကို ဆွဲထားတယ်။ အလုပ်သမား တယောက်လည်း ပါတယ်။ အိပ်ရာ လိပ် တခုပါတယ်။ ရွှေနီငှက်ပျောခိုင် တခိုင်လည်း ပါတယ်။ အဲဒီဧည့်သည်ကြီးဟာ အသား ဖြူဖြူ၊ အရပ်မြင့်မြင့်နဲ့ ဘန်ကောက်လုံချည် ရေညှိရောင်နဲ့ သားသားနားနားပါပဲ။ အသက် ကတော့ ၄၀ကျော်လောက် လို့ထင်ပါတယ်။ အိမ်မှာက ကျွန်မနဲ့ ဘိုးဘိုး ရှိပါတယ်။ မေမေ ကြီးက အပြင်ထွက်သွားနေတုန်းမို့ မရှိပါဘူး။ ဒါနဲ့ အဲဒီဧည့်သည်ကြီးဟာ ဘိုးဘိုးနဲ့ပဲ စကား ပြောနေကြတယ်။ ကျွန်မကတော့ အပြင်မှာပဲ ကစားနေပါတယ်။ အတော်လေးကြာတော့ မေမေကြီးပြန်လာတာကို မြင်လိုက်ရလို့ အမေကြီးဆီကို အပြေးအလွှားသွားရင်း

ဆီးကြိုကာ အမေ့လက်က လက်ဆွဲခြင်းကို ဆွဲယူလိုက်ပေမယ့် အမေကြီးက လေးတယ်ဆိုပြီး မပေးပါဘူး။

ကျွန်မက အမေကြီးကို လက်ဆွဲပြီး "အမေ့ အိမ်မှာလေ ဘယ်ကလူကြီးမှန်းလဲ မသိဘူး။ ဧည့်သည်ရောက်နေတယ်"လို့ ပြောလိုက်တော့ အမေကြီးက "ဟုတ်လား"လို့ ဖြေလိုက်တယ်။ ဒီအခိုက်မှာပဲ ဧည့်သည်ကြီးက အိမ်ထဲက ကမန်းကတန်းထွက်လာပြီး "အ မေ့ ပြန်လာပြီးလား။ ပေးပေး လက်ဆွဲခြင်း ကျွန်တော့်ကိုပေး"လို့ ပြောပြောဆိုဆို အမေကြီး ဆီက ခြင်းကို အတင်းဆွဲယူလိုက် ချိန်မှာပဲ အမေကြီးက "ဟင် ... မောင်ဖိုးရွှေ" လို့ တိုးတိုးလေး ခေါ်လိုက်တယ်။

အိမ်ထဲကိုရောက်တော့ ကျွန်မဟာ မေမေကြီး ပေါင်ပေါ်တက်ထိုင်ရင်း မျက်နှာ ချင်းဆိုင်မှာ ထိုင်နေတဲ့ ဧည့်သည်ကြီးကို မသိမသာ အကဲခတ်နေမိတယ်။ ဧည့်သည်ကြီးက "အမေ့ ကလေးကော ... ကလေး"လို့ အလောတကြီးနဲ့ မေးလိုက်တဲ့အခါ မေမေကြီးက "ဒါပဲလေ ... ကလေး ... ဒါပဲ"တဲ့။

ဧည့်သည်ကြီးက ကျွန်မကို ခြေဆုံးခေါင်းဆုံး စေ့စေ့စပ်စပ် ကြည့်နေရင်းက "ဟင်... ကြီးလာလိုက်တာနော်။ တော်တော် ထွားတာပဲ။ အသားအရေက မအုံးခင်အသားနဲ့ သိပ် တူ တာပဲနော်အမေ့။ နားရွက်ကလေးက ပိုတူသေးတယ်"တဲ့။ အဲဒီလိုပြောရင်း ဧည့် သည်ကြီးက ကျွန်မမျက်နှာကို သေသေချာချာစိုက်ကြည့်နေလို့ ကျွန်မမှာ ဘယ်လိုနေရမှန်း မသိဖြစ်နေတုန်း ပြုန်းဆို အမေကြီးက "မအုံးခင်ရေ ... တို့မြေးအဖွားအဖြစ်တွေကို လာကြည့်လှည့် ပါဦး"... လို့ အော်ပြီး ငိုလိုက်တာ အိမ်နီးနားချင်းတွေလည်း ဝိုင်းလာလို့ တအိမ်လုံး ပြည့်သွား တယ်။ မေမေနဲ့ မမလည်း ပြေးလာကြတယ်။ "အမေ ဘာဖြစ်တာလဲ ... အမေ ဘာဖြစ်တာလဲ"နဲ့ မေမေက ပြာပြာသလဲနဲ့ မေးတော့၊ အိမ်းနီးနားချင်း တွေကလည်း ဝိုင်းမေးနဲ့ ဆူညံသွားတော့တယ်။

မေမေကြီးက ငိုရင်း "အမယ်လေး ကောင်းကြသေးရဲ့လား။ ကြည့်ကြပါအုံး။ သမီးနဲ့ အဖေ။ အဖေမှန်းမသိ သမီးမှန်းမသိ ဖြစ်နေကြတယ်လေ ... ကြည့်ကြပါအုံး။ ကောင်းကြသေးရဲ့လားလို့ ... မအုံးခင်ရေ ... လာကြည့်လှည့်ပါအုံး"လို့ ပြောပြောပြီး ငိုလိုက်တာ မေမေနဲ့ မမကလည်းငို၊ ကျွန်မကလည်း ဘုမသိ ဘ,မသိနဲ့လိုက်ငို။ အဲဒီဧည့် သည်ကြီးကလည်း ငိုနဲ့ လာမေးတဲ့ အိမ်နီးနားချင်း တွေထဲက လည်းငို။ အို ... မတိုင်းကောင်း၊ မနှိုင်းကောင်း မသာအိမ် ကျနေတာပါပဲ။

ငိုလို့အားရတော့မှပဲ အဲဒီဧည့်သည်ကြီးက ငှက်ပျောခိုင်ကြီးကို အမေကြီးရဲ့ ဘေးမှာချ သူလည်းအောက်မှာ ဆင်းထိုင်ပြီး မေမေကြီးကို ကန်တော့ရင်း "အမေ ကျွန်တော် ငယ်တုန်းက မှားခဲ့တဲ့အမှားတွေကို ကျွန်တော်တောင်းပန် ပါတယ်။ ခွင့်လွှတ်ပါ အမေ ရယ်"တဲ့။ အမေကြီးဟာ ငိုရင်းရှိုက်ရင်း အဲဒီဧည့်သည်ကြီးကိုလည်း သာဓုခေါ်၊ ဆုတွေ ပေးနေပါတယ်။ လူကြီးတွေငိုတာတော့ ငြိမ်သက်သွားပါပြီ။ မမနဲ့ ကျွန်မပဲ ကျန်တော့တယ်။ မေမေကြီးက "တိတ် ... တိတ် ကလေးတို့။ ငါ့မြေးတို့ တိတ်ကြတော့"လို့ ကျွန်မတို့ကို ချော့မော့ရင်း ဧည့်သည်တွေကို ငှက်ပျောသီးများနဲ့ ဧည့်ခံကျွေး မွေးနေပါတယ်။

ညကျလည်း တော်တော်နဲ့ မအိပ်ဘဲ အဲဒီဧည့်သည်ကြီးနဲ့ မေမေကြီးတို့ဟာ တိုးတိုးတခါ ကျယ်ကျယ်တလှည့် ပြောနေကြတယ်။

## ဘဝဇာတ်ဆရာ ဆိုသမျှအလိုကျ

နောက်တနေ့ မနက်စာစားပြီး မေမေကြီးနဲ့ ကျွန်မဟာ မေမေ့အိမ်မှာ မိသားစု စုမိကြပါ တယ်။ မိသားစု ညှိနှိုင်းတိုင်ပင်ကြဖို့ပါ။ ဖေဖေကတော့ သူ့သဘောထားကို မေမေ့ ကိုပြောခဲ့ပြီး အပြင်သို့ထွက်သွားခဲ့တယ်။ မေမေကြီးကစပြီး ကျွန်မ ပခုံးလေးကိုကိုင်ကာ "ငါ့မြေး လေးရဲ့ အခုရောက်နေတဲ့ ဧည့်သည်က ငါ့မြေးလေးရဲ့ 'ဖေဖေ' အရင်းပဲကွဲ့။ သူ့အမည် 'ကိုဖိုးရွှေ'၊ သမီးမေမေက မအုံးခင်။ သားသမီး၃ယောက် ထွန်းကားခဲ့တာပေါ့..."လို့ဆိုပြီး ကျွန်မ ဘဝကို ဇာတ်ကြောင်းပြန်ပါ တော့တယ်။

ကျွန်မကို မွေးပြီးနောက် ခုတ်ပုံထဲပါတဲ့ သမီးအကြီးလေး၂နှစ်သမီးအရွယ်ဟာ ဆုံးသွားခဲ့တယ်။ နောက် ကျွန်မအောက် မောင်လေးမွေး ရှိလာတဲ့အတွက် ကျွန်မဟာ 'နို့မျက်'ပြီး မိခင်နို့ကို မစို့ရတော့ဘဲ မေမေကြီးဆီကို ရောက်ခဲ့ရတယ်။ မေမေကြီးက နို့ဘူးတိုက် မွေးခဲ့ရတယ်တဲ့။ မေမေ မအုံးခင်ဟာ အငယ်လေး မွေးပြီးကတည်းက ကောင်းကောင်း မကျန်းမာဘူး။ မောင်လေးတနှစ်ခွဲ အရွယ်မှာ မေမေမအုံးခင်ဟာ မီးယပ်ရောဂါနဲ့ပဲ ဆုံးတယ်။ အဲဒီညနေမှာပဲ မောင်လေးလည်း ဆုံးသွားတယ်တဲ့။ ဖေဖေကိုဖိုးရွှေဟာ မေမေရော မောင်လေး ပါ တပါတည်း ဆုံးသွားရတာမို့ ဖြေမဆည်နိုင်အောင် ဖြစ်သွားခဲ့ရတယ်။ ဒါကြောင့် နာမည် ကြီး ဗေဒင်ဆရာကြီး တဦးထံ သွားမေးခဲ့တယ်။ မိသားစုအားလုံးရဲ့ ဇာတာတွေကိုလည်း ယူဆောင် သွားပြီး ပြကြည့်သတဲ့။ ဒီအခါ ဗေဒင်ဆရာကြီးက ကျွန်မ ဇာတာကို ကြည့်ပြီး တော့ "ဒီဇာ တာရှင်ရဲ့ နက္ခတ်ဟာ ဘီလူးနက္ခတ်နဲ့ယှဉ်ပြီး မွေးခဲ့တယ်။ ဒါကြောင့် သူ့မွေးပြီး သမီးဦးလေး သေခဲ့ရတယ်။ နောက်ဆုံးမှာ မိခင်နဲ့ သားပါ ဆုံးပါးခဲ့ရတာ ဖြစ်တယ်"လို့ ဟောလိုက်သတဲ့။ ဒီတော့ ဖေဖေကိုဖိုးရွှေဟာ ကျွန်မအပေါ် စိတ်နာကာ ဖခင်တဦးရဲ့ မေတ္တာ တောင် မထားနိုင်တော့ပဲ သူ့ရဲ့ဆရာလည်းဖြစ်၊ မိတ်ဆွေကြီးလည်းဖြစ်တဲ့ ဦးဖိုးစိန်ဆိုသူကို ခေါ်လာပြီး ကျွန်မကို ပေးပစ်ပါတော့တယ်။

ဦးဖိုးစိန်ဟာ လူကြီးလူကောင်း တယောက်ပီသစွာ မေမေကြီးကို အကြောင်းစုံ ပြောပြပြီး ကလေးကို ပေးဖို့ရာ တောင်းပန်တယ်။ ဒီမှာတင် မေမေကြီးဟာ ရင်ထုမနာဖြစ်ပြီး "ဒီ ကလေးကိုတော့ မပေးနိုင်ဘူး။ သမီးလေးရဲ့ကိုယ်စား ငါ့မှာ ဒါလေးပဲရှိတယ်။ မောင် ဖိုးရွှေ မင်းလူလား။ ခွေးလား။ လူဆိုရင်ဖြင့် နောက်ထပ် ဒီစကားမျိုး ထပ်မပြောနဲ့တော့။ မင်းဟာ အဖေမို့ဆိုင်တယ်။ ငါက ဒီကလေး အခါလည်ကျော်ကျော်ကလေးကတည်းက မွေးလာတာ။ အခု၂နှစ်ခွဲသမီးရှိနေပြီ။ ဒီကလေးဟာ ငါ့ကလေး၊ ငါပဲဆက်မွေးမယ်။ ငါပိုင်တယ်။ နောက်ထပ် ဘာစကားမှ ငါမကြားချင်ဘူး"လို့ ခပ်ပြတ်ပြတ်ပြောလိုက်သတဲ့။

ဒီတော့ ဖေဖေကိုဖိုးရွှေလည်း ဘာမှမတတ်နိုင်တော့ဘူး။ ဦးဖိုးစိန်ကလည်း အမေကြီးကို ကောင်းကောင်းမွန်မွန် တောင်းပန်ပြီး ပြန်သွားခဲ့တယ်တဲ့။

ဗေဒင်ဆရာကြီးရဲ့ ဟောစာတမ်းကြောင့် စနက်မီးက ဒါနဲ့တင်မငြိမ်းသွားဘူး။ ညကျ တော့ ဖေဖေကိုဖိုးရွှေဟာ ငိုယိုပြီး မေမေကြီးကို ပြောလာပြန်သတဲ့။ "အမေ ... ကျွန်တော် ဒီကလေးရဲ့ မျက်နှာကို ဘယ်လိုလုပ်လို့မှ မကြည့်ချင်ဘူး။ သူမျက်နှာကို မကြည့်ပါရ စေနဲ့ အမေ။ သူများကို ပေးလိုက်ပါရစေ"တဲ့။ မေမေကြီးကလည်း ရှင်းရှင်းပြတ်ပြတ်ပဲ။ "မောင်ဖိုး ရွှေ ကလေးကို ဘယ်သူ့မှ မပေးနိုင်ဘူး။ မင်း–ကလေးကို ဘယ်လိုမှ မကြည့်နိုင်ရင် ဒီနေရာက မင်းထွက်သွား"လို့ ပြောလိုက် တယ်တဲ့။

ဒီအကြောင်းတွေကို ပြောရင်း အဟောင်းက အသစ်ဖြစ်ရပြန်လို့ မိသားစုအားလုံး ငိုကြ ရပါသေးတယ်။

## သမီးဆိုးမို့ စိုးနှောင့်ဗျာပွေ မရှိလေဘဲ့

နောက်တနေ့ နံနက်စာ စားပြီးချိန်မှာ ဖေဖေကိုဖိုးရွှေဟာ မေမေကြီးဆီ ရောက် လာပြီး“အမေ … ကျွန်တော် ဒီမှာနေလို့ မဖြစ်တော့ပါဘူး။ ဒါကြောင့် ကျွန်တော် အဝေး တနေရာကို သွားတော့မယ်။ ကလေးနဲ့ အတူ ဒီအိမ်မှာရှိတဲ့ ပစ္စည်းအားလုံး ကျွန်တော် ထားခဲ့ပါတယ်။ ကျွန်တော်ပိုင်တဲ့ ဟောဒီ အဝတ်အစား သေတ္တာတလုံးနဲ့ ခရီးစရိတ် နည်းနည်းပဲ ယူသွားပါမယ်”လို့ဆိုပြီး အမေကြီးကို ထိုင်ကန်တော့တယ်တဲ့။ ပြီးတော့ သားရေသေတ္တာကို လက်ကဆွဲပြီး ကျွန်မဘက်လှည့်၊ ကျွန်မမျက်နှာကို စေ့စေ့စပ် စပ်ကြည့်ပြီးတော့ “နင့်ကြောင့် ငါ့သမီး ကြီးရော၊ ငါအလွန်ချစ်ရတဲ့ဇနီးရော သားလေးပါ အားလုံးသေကြရတယ်။ ငါနဲ့ ကွဲခဲ့ကြရတယ်။ ငါ့ဘဝလည်း ပျက်ခဲ့ရတယ်။ နင့်ကို ငါ ဘယ်တော့မှ မကျေနပ်နိုင်ဘူး”လို့ပြောပြီး ကျွန်မမျက်နှာကို တံတွေးတချက်လှမ်းထွေးပြီး ချာကနဲ လှည့်ထွက်သွားလိုက်တာ ဘာသတင်းမှ တခါမှလည်း မကြားရတော့ပါဘူးတဲ့။

အခုလာတာလည်း သူ့မှာရှိတဲ့ရောဂါ အဆုပ်တီဘီဟာ ပိုဆိုးလာတယ်။ ဒါကြောင့် သူတို့ကိုးကွယ်တဲ့ ဗေဒင်ဆရာကြီးဆီမှာ ဗေဒင်ကြည့်တော့ “မင်းဟာ ဒီနှစ်ထဲမှာ မုချသေမယ်။ ဒါကြောင့် အဝေးက မင်းပစ်ထားတဲ့ သားကြီးသမီးကြီးတွေကို တွေ့ဖြစ်အောင် သွားတွေ့ ပါတော့။ မင်းငယ်စဉ်က အမှားတွေ ပြန်ဖြေပါ”လို့ ပြောလို့ လာတွေ့ရတာတဲ့။ သူကရန်ကုန် မှာနေတယ်။ နောက်အိမ်ထောင် ပြုထားတယ်။ ကလေး၃ယောက်ရှိတယ်။ ဇနီးသည်က တရုတ်ကပြားမ ဖြစ်တယ်တဲ့။

အမေကြီးက သူ့စကားကို ဆက်ပြောတယ်။“အဲဒါ သူနဲ့တပါတည်း ကလေးကို ခဏလောက် ထည့်ပေးပါ။ အမေပါမှ ဖြစ်မယ်ဆိုရင်လည်း အမေတို့ မြေးအဖွား နှစ်ယောက် လုံးပေါ့။ သူနဲ့ အတူလိုက်ခဲ့ပါ”လို့ ဆိုနေတာ။ အဲဒါကို ဘယ်လိုလုပ်ကြမလဲ ဆိုတာတိုင်ပင် ကြည့်ချင်လို့။

“မောင်ဖိုးအောင်ကကော ဘာတွေပြောထားခဲ့သေးသလဲ”လို့ မေးတော့ မေမေက “တခြားတော့ မပြောပါဘူး။ ကလေးတော့ မထည့်ပါနဲ့တဲ့။ ကောင်းအောင်သာ ကြည့်ပြော လိုက်ပါ”လို့ပဲ မှာသွားတယ်လို့ ပြောပါတယ်။

“ကဲ … ကဲ မအုံးရင်သဘောကကော”လို့ မေမေကို လှည့်မေးတော့ “ကျွန်မ သဘော ကလည်း ကိုဖိုးအောင်ပြောသလိုပါပဲ။ အတူတူပါပဲ”လို့ မေမေကလည်း ပြောတယ်။

ဒီတင် မေမေကြီးက “အေး … အမေလည်း ဒီလိုပဲ စဉ်းစားမိတယ်။ အဲတော့ ဒီလို လုပ်မယ်လေ။ ကလေးကိုတော့ အခုမထည့်နိုင်သေးဘူး။ ဒီလကုန်လောက်မှ အမေလည်း ရန်ကုန် မရောက်တာကြာပြီ၊ ဘုရားဖူးရင်းနဲ့ တို့မြေးအဖွား လိုက်လာခဲ့တော့မယ်လို့ပဲ ပြော လိုက် တော့မယ်”လို့ ပြောပါတယ်။ အားလုံးက သဘောတူတယ်။

ပြီးတော့ အမေကြီးက ဆက်ပြောပါတယ်။ “မောင်ဖိုးရွှေက ညနေကျရင် ဘုရားသွား ဖူးချင်တယ် တဲ့။ အဲဒါ ငါ့မြေးမမကပဲ လမ်းပြရင်း ညီမလေးပါအတူတူ သွားကြ ပေါ့ကွယ်”တဲ့။ ကျွန်မက“မလိုက်ချင်ဘူး”လို့ငြင်းတော့ မေမေကြီးရော၊ မေမေကပါ “လိုက် သွားပါ ကလေးရယ်။ မမလည်းပါတာပဲ။ လိုက်သွားပါ။ လိမ်မာပါတယ်”လို့ ဝိုင်းပြောကြ တယ်။ ဒါကြောင့် ကျွန်မလည်း မမနဲ့အတူ ဖေဖေကိုဖိုးရွှေကို ဘုရားဖူးလိုက်ပို့ခဲ့တယ်။

## ဘဝဇာတ်ဆရာထံတွင်
## ပန်ကြားချက်တရပ်အနေနဲ့ပင်

ကျွန်မကို ငယ်ငယ်လေးနဲ့ ဘာကြောင့် ယူမွေးထားရတယ် ဆိုတာကို ကျွန်မက မေးလို့ မေမေတို့က ခုလို ပြန်ရှင်းပြဖူးတယ်။

နေ့တနေ့မှာ အိမ်နီးနားချင်း မိတ်ဆွေအဒေါ်ကြီးတယောက် မနက်စောစော ရောက်လာပြီး အမေကြီးကို ““အဒေါ် … အဒေါ်” အမြန်လာပါ။ မအုံးခင်တို့ ကလေးကို နှိပ်စက်နေတယ်။ အမြန်လာပါ”လို့ အမောတကော လာခေါ်လို့ မေမေကြီးက ဘုမသိ၊ ဘ,မ သိ လိုက်သွားရတယ်။ ဟိုရောက်တော့မှ အကြောင်းစုံသိရတယ်တဲ့။

ဖြစ်ပုံက ဒီလိုတဲ့။ ကျွန်မက ညညမှာ ငိုတယ်။ အဲဒါကို မိဘနှစ်ပါးက မကြိုက်ဘူး။ သည်းမခံနိုင်ဘူး။ ဒါကြောင့် မနေ့ညက “ဒီလောက်တောင်ငိုတာ ငိုအုံးဟာ၊ နင်အငိုတိတ်မှ ခေါ်မယ်။ မတိတ်မချင်း မခေါ်ဘူး”လို့ဆိုပြီး အပြင်ဝရံတာမှာ ထုတ်ပြီး ထားတယ်။ အိမ်ခန်း တံခါးကို အတွင်းက ပိတ်ထားလိုက်တယ်။ တညလုံး ငိုသံမစဲဘူး။ အိမ်နီးနားချင်းတွေလည်း မအိပ်ရဘူး။ မနက် မိုးလင်းတော့ ကလေးဟာ အအေးမိပြီး အသံတွေလည်း ဝင်နေတယ်။ ဒါကိုသိလိုက်ရတဲ့ အမေကြီးဟာ ငိုလည်းငို၊ ဆူလည်းဆူ၊ ဒေါသလည်းဖြစ်ပြီး မေမေမအုံးခင် ကိုလည်း ပါးနှစ်ချက်သုံးချက် ရိုက်ပစ်သေးတယ်။

“ခွေးလင်မယား၊ ငါ့မြေးလေးကို တမင်သက်သက် နှိပ်စက်နေတယ်။ လူကြား လို့တောင် မကောင်းဘူး။ တော်ပြီ။ ဒီနေ့ကစ ငါ့မြေးလေးကို ငါပဲခေါ်သွားပြီး မွေးတော့မယ်” လို့ ပြောပြီး ကျွန်မကို ခေါ်လာပြီး နို့ဘူးတိုက် မွေးထားခဲ့တာ …”တဲ့။

ဒီနည်းနဲ့ ကျွန်မဟာ မေမေကြီးဆီ ရောက်လာပြီး မေမေကြီးကပဲ ကျွန်မကို ကြီးပြင်း လာတဲ့အထိ ကျွေးမွေးပြုစု စောင့်ရှောက် လာခဲ့တာပါ။ ကြီးလာတဲ့အထိ မေမေ ကြီးက ကျွန်မကို တခါမှလည်း မရိုက်ဖူးဘူး။ ဘာမှ လိုလေးသေးမရှိရအောင် ‘ရွှေပေါ် မြတင်’ထားတာ။ လူတိုင်းက အံ့သြယူရတယ်။

ကျွန်မရဲ့ အဖေရင်း ကိုဖိုးရွှေဟာ တရုတ်ပါ။ ကွမ်တုန်းတရုတ်၊ ဗုဒ္ဓဘာသာဝင် တဦးပါ။ သူ့မျိုးရိုးအမည်က ‘ကျင်း’တဲ့။ ဒါကြောင့် သူ့ကို ဗမာနာမည် ‘ကိုဖိုးရွှေ’လို့ ပေး ထားတာတဲ့။ လူကြီးတွေက ပြောတာကြားဖူးတယ်။ မေမေမအုံးခင်က ငယ်ငယ်လေး ကတည်းက သိပ်စိတ် ကြီးတယ်။ သူ့ကိုအပြစ်ရှိလို့ရိုက်ရင် ‘ကြောက်ပါပြီ’လို့ ပြောခိုင်း လို့ ကတော့ ဘယ်လောက် ရိုက်ရိုက် မပြောဘူးတဲ့။ အဲ … ကျွန်မလည်း သိပ်စိတ်ကြီးတယ်တဲ့။ အဖေတူတာလား။ အမေတူတာလား။ ဒါမှမဟုတ် အဖေ၊ အမေ နှစ်ခုပေါင်းလားတော့ မသိပါ။

အဖေနဲ့ အမေက ကျွန်မကို ကျန်တဲ့ကလေးတွေလောက် မချစ်တာတော့ အမှန် ပဲတဲ့။ အကြောင်းက ကျွန်မမွေးပြီး စီးပွားတော့တက်တယ်။ ဒါပေမယ့် သမီးကြီးသားဦးမလေး ဆုံးသွားတယ်။ နောက် အမေရော၊ အငယ်ဆုံးမောင်လေးပါ တနေ့တည်း ဆုံးသွားခဲ့ရတယ်။ အမေက ဆုံးသွားတော့ အသက်က ၂၆ နှစ်။ မောင်လေးက တနှစ်ခွဲ။ ကျွန်မက ၂နှစ်ခွဲ။ သမီး အကြီးမမနဲ့ မောင်လေးဟာ ရုပ်က တထေရာတည်း။ မမကိုပြန်ဝင်စားတယ်လို့ ဆိုကြ တယ်။ ကလေး၃ယောက်ထဲမှာ ကျွန်မက ရုပ်အဆိုးဆုံး။

အဲဒီတော့ မေမေကြီးတို့က ဇာတ်စုံခင်းပြလို့ အခြေအနေတွေသိရလေ ကျွန်မဟာ မိဘအရင်းကို စိတ်နာလေလေပါပဲ။ ဒါကြောင့် ဒေ့ဒ်သည်ကြီးက 'အဖေ'လို့ ခေါ်ခိုင်းတာ ကျွန်မ မခေါ်ခဲ့ဘူး။ မမကခေါ်သလို 'ဦး'လို့ပဲခေါ်တယ်။ မခေါ်ချင်ပါဘူး။ ကျွန်မလည်း စိတ် နာတယ်။

## နောင်သံသရာ ဘဝဆက်တိုင်း

ညနေ လေးနာရီလောက်မှာ ကျွန်မတို့၃ ယောက် ဘုရားကို သွားကြတယ်။ မေမေ တို့ မှာလိုက်တဲ့အတိုင်း အရင်ဆုံး အရှေ့က 'လောကမာရဇိန်ဘုရား'ကို ဝင်ဖူးကြတယ်။ ဒေ့ဒ်သည်ကြီးက ဘုရားပန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင် အများကြီးဝယ်ပြီး မမနဲ့ ကျွန်မ အတွက်လည်း ပေးတယ်။ ပန်းတွေကို ဘုရားကပ်။ ဖယောင်းတိုင်နဲ့ အမွှေးတိုင်များကို ထွန်းညှိ ပူဇော်ပြီး ၃ ယောက်လုံး ဘုရားရှိခိုးကြတယ်။ ကျွန်မကတော့ ဘုရားရှိခိုးပြီး ဒီလို ဆုတောင်း လိုက်ပါတယ်။ "တပည့်တော်မ သံသရာဘဝ ဆက်တိုင်းဆက်တိုင်း ဒီလို မိဘမျိုးနဲ့ မတွေ့ ပါရစေနဲ့ဘုရား။ အတုန့်ရှိရင်လည်း ကျေပါစေ။ အလှည့်ရှိရင်လည်း မတင်ပါရပါစေနဲ့။ တောင်းတဲ့ဆုနဲ့ ပြည့်စုံရ ပါလို၏ ဘုရား"လို့ ဆုတောင်းလိုက်ပါတယ်။ ကျွန်မတို့ညီအစ်မက ရှိခိုးပြီးနေပါပြီ။ 'ဦး'က မပြီးသေးဘူး။ ဘာတွေဆုတောင်းနေသလဲ မသိပါဘူး။ ကြာလိုက်တာ။

အဲဒီနေ့က ဘုရားတွေအကုန် နှံ့နေအောင် သွားဖူးတယ်။ ရောက်တဲ့ဘုရား တိုင်းမှာ ပန်းတွေ၊ အမွှေးတိုင်တွေ၊ ဆီမီးတိုင်တွေ ကပ်လှူပူဇော်ပြီး ဆုတွေတောင်းတယ်။ ဟို 'ဦး'ကတော့ ဘုရား တခါဖူးရင် အကြာကြီး။ ကျွန်မတို့ ညီအစ်မကတော့ သူ့အနား စောင့်မနေဘဲ၊ ဘုရားကို လှည့်ပတ်ပြီး ခေါင်းလောင်းသွားထိုးနေလိုက် ကြတယ်။ ညမီးထွန်း ချိန်လောက်မှ အိမ်ကို ပြန်ရောက်တော့တယ်။

## သမီး ဖေဖေမျှော်နေမယ်နော်

ဒီနေ့ကတော့ ဒေ့ဒ်သည်ကြီး ရန်ကုန်ပြန်တဲ့နေ့ပဲ။ ကျွန်မကတော့ အဲဒီဒေ့ဒ်သည် ကြီး မြန်မြန်ပြန်ပါစေလို့ ဆုတောင်းနေတာ။ ဒီနေ့တော့ ဆုတောင်းပြည့်ပါပြီ။ ကျွန်မတို့ မြေးအဖွား သုံးယောက် ဘူတာကို လိုက်ပို့ကြတယ်။ အဲဒီနေ့က မေမေကြီးရဲ့ မျက်နှာဟာ တော်တော့ကို မကောင်းဘူး။ အတိတ်က အရိပ်တွေက မေမေကြီးကို လွှမ်းခြုံထားတဲ့ပုံပါပဲ။ မီးရထားထွက်ခါနီးမှာ ဒေ့ဒ်သည်ကြီးက မေမေကြီးကို ထိုင်ကန်တော့ပါတယ်။ ငိုလည်း ငိုပါ တယ်။ မေမေကြီးကလည်း ငိုရင်းဆုတွေပေးလိုက်တာ စုံနေတာပဲ။ မမက ကျွန်မကို ကြည့်ပြီး မျက်စပစ် ပြတယ်။ ကြည့်ပါဒအုံးဆိုတဲ့ သဘောပေ့ါ။ ဒေ့ဒ်သည်ကြီးက "သမီး ... ဖေဖေသွား တော့မယ်နော်။ ဒီလကုန်ရင် သမီးတို့ မြေးအဖွား ဆက်ဆက်လာဖြစ်အောင်လာခဲ့ကြ။ သမီး ... ဖေဖေမျှော် နေမယ် ... နော်"တဲ့။

မေမေကြီးက ကျွန်မပခုံးကို ပုတ်ပြီး "ပြောလိုက်လေ ငါ့မြေး 'ဟုတ်ကဲ့'လို့ ပြော လိုက်လေ" တဲ့။

အို ... ကျွန်မဟာ ဘယ်ပြောနိုင်မှာလဲ ... ကျွန်မရင်ထဲမှာ အဲဒီအချိန်က နာကျည်း ဝမ်းနည်းမှု လှိုင်းလုံးတွေဟာ ရင်ထဲမှာ အပြည့်မို့ ဘာတလုံးမှ မပြောလိုက်နိုင်ပါဘူး။

ကျွန်မတို့ မြေးအဖွား သုံးယောက်ဟာ မီးရထားကြီး မြင်ကွင်းထဲက ပျောက်သွား တဲ့အထိ ရပ်ကြည့်နေကြတယ်။ ရထားကြီး မြင်ကွင်းထဲက ပျောက်သွားမှ မေမေတို့ အိမ်ကို ပြန်လာခဲ့တယ်။

အိမ်ရောက်လို့ တအောင့်လောက်ကြာတော့ မေမေကစပြီး "အမေ့ မောင်ဖိုးရွှေက ဘာတွေပြောသွားသေးလဲ"လို့ မေးတော့ မေမေကြီးက"မထူးပါဘူးအေ ... အရင်ပြော တာတွေ ပါပဲ"လို့ တိုတိုပဲ ပြန်ဖြေလိုက်တယ်။

ဒီတင် မမက ဘူတာမှာ ပြောတာတွေ အပြည့်အစုံကို ပြန်ပြောပြတော့ မေမေက ကျွန်မကို "ငါ့သမီးက 'ဟုတ်ကဲ့'လို့တောင် ပြန်မပြောဘူးလား။ ဒီလိုဆို သမီးလေးက ရိုင်းရာ ကျတော့မှာပေ့ါ"လို့ ပြောတယ်။ ကျွန်မကတော့ ဘာတခွန်းမှ မပြောတော့ဘဲ တိတ်တိတ် ကလေး နေလိုက်တယ်။

မေမေက မေမေကြီးကို ကြည့်ပြီး "အမေလည်း ပင်ပန်းလှပြီ။ ခဏလောက် လှဲပြီး အနားယူလိုက်ပါအုံးလား အမေ"လို့ဆိုပြီး မေမေကြီးကို အိပ်ယာထဲ တွဲခေါ်သွားပါတယ်။

## ဆက်ရန်ရှိသေးသည်တဲ့

အမေကြီးနဲ့မေမေတို့ သားအမိ မရှိတော့ဘဲ မမနဲ့ကျွန်မပဲ ကျန်ခဲ့တဲ့အချိန် မမက "အကြည် နင် ရန်ကုန်လိုက်မသွားတာ သိပ်ကံကောင်းတာပဲသိလား။ နင့်အဖေ လာတဲ့ကိစ္စ က နင့်ကို တွေ့ရုံသက်သက် မဟုတ်ဘူး။ သူမသေခင် နင့်ကိုခေါ်သွားပြီး ရန်ကုန်က သူ့မိတ် ဆွေ တရုတ်သူဌေးရဲ့သားနဲ့ စေ့စပ်ကြောင်းလမ်းပေးမယ်လို့ ဟိုမှာပြောထား ခဲ့ပြီးသားတဲ့ သိလား"

ကျွန်မဒီစကားကို ကြားလိုက်ရတော့ ကြောက်လည်းကြောက်တယ်။ ရှက်လည်း ရှက် မိပါတယ်။ ဒါတွေ ကျွန်မကို ဘယ်သူကမှ မပြောပါ။ တကယ်တော့ ကျွန်မဟာ ကလေး ပဲ။

ပြီးတော့ မမက တိုးတိုးလေး ဆက်ပြောပြပြန်တယ်။ "အမေကြီးက ဘာရမလဲ။ ဒေါ်ဒေါ်တုန်းကလည်း ဒီဦးနဲ့ လူမျိုးခြားမို့ သဘောမတူဘူး သိရတော့ ဒေါ်ဒေါ်က ခိုးရာလိုက် ပြေးတယ်တဲ့။ မေမေကြီးက ဒေါ်သူပုန်ထပြီး သူတို့ပြေးတဲ့နေရာ မသိ သိအောင်စုံစမ်း ပြီး၊ သတင်းလည်းရရော ထဘီကို တိုတိုဝတ်ပြီး "ခွေးမ၊ မျိုးဖျက်မ၊ ငါ့မျက်နှာကိုတင်မက ငါ့မျိုးရိုး ဂုဏ်ကိုပါ ဖျက်တဲ့ကောင်မ အသေသတ်မယ်။ ကိုယ့်ဗမာအမျိုးသားချင်းဆို ဘာတပြားမှ မပါနဲ့။ ငါဆီးပြီးဆင်မယ်။ လူမျိုးခြားမို့ မယူပါနဲ့လို့ ငါအတန်တန်ပြောတာ မရဘူးဆိုပြီး ဒေါ်ဒေါ်ကို လည်းတွေ့ရော ဆံပင်ဆွဲပြီး ရိုက်ပစ်တာ တကိုယ်လုံး အညိုအမည်းတွေချည်း ပဲတဲ့။ နောက်ဆုံး အိမ်နီးနားချင်း မိတ်ဆွေတွေက ဝိုင်းဆွဲလို့တဲ့။ ဒါတောင် တလလောက် ဆေးကုယူရတယ်တဲ့။ နောက်သမီးဦး ကလေးလေး(မကျင်စိန်) တလသမီး လောက်ကျမှ အင်မတန်ခင်တဲ့ မိတ်ဆွေတွေကိုပါ ခေါ်လာပြီး ဒေါ်ဒေါ်တို့၊ ဦးတို့က ကန်တော့ကြ။ တောင်း ပန်ကြတယ်တဲ့။ မိတ်ဆွေတွေကလည်း မေမေကြီးစိတ်ကျေနပ်အောင် အမျိုးမျိုးဖြောင်းဖြ တောင်းပန်ကြ။ ကလေးလေးကိုလည်း ပြကြနဲ့။ ဒီတော့မှ မေမေကြီးက သနားပြီး ကျေနပ် လက်ခံတာ–တဲ့"

ကျွန်မက မမပြောတာတွေကို တအံ့တသြနားထောင်ရင်း "မမ–ကလေးလေး နာမည်က 'မကျင်စိန်'တဲ့။ ဟုတ်လား။ ဟိုခေတ် ပုံထဲမှာ

ဒေါ်ဒေါ်ပွေ့ထားတဲ့ ကလေးလေးကို ပြောတာလား''လို့ ကျွန်မကမေးလိုက်တော့ မမက ''အေး … ဟုတ်တယ်။ အဲဒါ နင့်အစ်မ အရင်းပဲ။ သူ့နာမည်က မကျင် စိန်တဲ့။ နင့်နာမည်က 'မကျင်ရိမ်'တဲ့။ အငယ်ဆုံးမောင်လေး နာမည်က 'အမူ'တဲ့။ သိပ်လှတာ သိလား။ သေတော့လေ အလောင်းပြင်ထားတာ အိပ်နေတဲ့ အတိုင်းပဲ။ နင့်ရုပ်နဲ့တော့ တခြားစီပဲ။ အဲဒီ ကလေးလေးကို မသာချတော့ ရှင်ပြုပြီးချ တာသိ လား။ နင်ကသိပ်ငယ်လို့ မမှတ်မိတာ ။ အခုလည်း ကြည့်လေ၊ နင့်ကို တရုတ်နဲ့ပဲ ပေးစားဦး မလို့တဲ့။ မေမေကြီးက ဘာရမလဲ။ နောက်မှ လာမယ်လို့ လှည့်ပြောလိုက်တာပေါ့''

ကျွန်မလည်း ခုမှဇာတ်စုံသိရပြီး မေမေကြီးကို ကျေးဇူးတင်လို့မဆုံး ဖြစ်မိပါတယ်။

## အလှကမ္ဘာ ညို ပြာရီမှောင်

ဒီလိုနဲ့ ဒွေ့သည်ကြီးပြန်သွားလို့ ၃ လလောက်ကြာတော့ ရန်ကုန်က သံကြိုး တစောင် ရောက်လာတယ်။ ''အမေ ကိုဖိုးရွှေ ဆုံးပြီ။ အမြန်လာပါ''တဲ့။ ကျန်တဲ့ဇနီးက အ ကြောင်းကြား ခေါ်တာပါ။ ဖေဖေနဲ့မေမေက အမြန်ပြန်ပြီး သံကြိုးရိုက်လိုက်ပါတယ်။ ''အမေ နေမကောင်းဘူး။ မလာနိုင်ပါ''တဲ့။ ဒီနည်းနဲ့ ကိစ္စတခုကို အပြီးဖြတ်လိုက်ရပါတယ်။

နောက် ၃–၄ လလောက်ရှိတော့ မိုးတွင်းတနေ့မှာ မေမေကြီးရဲ့ရောဂါ(ပန်းနာ) ထလာပါတယ်။ ခါတိုင်းသုံးနေကျ၊ ကုနေကျ ဆေးတွေနဲ့ကု။ ဆရာဝန်ကလည်း ဂရုစိုက်ပါ တယ်။ ဒီတချီတော်တော်ဆိုးပါတယ်။ တနေ့မှာ မေမေကြီးက ထူထူထောင်နဲ့ အိမ်ရှေ့မှာ ပက်လက် ကုလားထိုင်တလုံး ထုတ်ခိုင်းပြီး ထိုင်ပါတယ်။ လူကတော့ ရှင်ရှင်လန်းလန်းနဲ့ပါ။ ထိုင်နေရင်းကနေ ''သမီးလေး … မေမေတို့မမတို့ကို သွားခေါ်ချေစမ်း။ ဦးလေးကြီးကိုပါ ခေါ်လာခဲ့''လို့ ပြောတာနဲ့ ကျွန်မလည်း ဝမ်းသာအားရနဲ့ အပြေးကလေး သွားခေါ် လိုက် တယ်။ လူလည်းအားလုံးစုံရော မေမေကြီးက ''ငါ့သမီးတို့၊ ငါ့မြေးတို့၊ ငါ့တူတို့ … အမေ မရှိတဲ့နောက်မှာ အားလုံးစည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင် နေကြပါ။ မာန်မာနတွေ မထား ကြပါနဲ့။ အထူးသဖြင့် အမေမှာချင်တာကတော့ ဒီကလေးနဲ့ ပတ်သက်လို့ပါပဲ''

မေမေက''အို … မေမေကလည်း မဟုတ်တာတွေ မပြောပါနဲ့အမေရယ်''လို့ ပြောတော့။ မေမေကြီးက တချက်ပြုံးပြီး ''မအုံးရင် ငါ့သမီး၊ အမေကိုယ့်ဟာကိုယ် သိပါတယ် အေ … ငါ့သမီး စိတ်မကောင်း မဖြစ်ပါနဲ့။ အချိန်ရှိတုန်း အမေမှာခဲ့ချင်တာလေးတွေ မှာခဲ့ပါရ စေ''။ မေမေကြီးဟာ လူကောင်းပကတိ ပြောနေသလိုပါပဲ။ အရင်နေ့တွေကတော့ အိပ်ရာ ကတောင် မထနိုင်ဘူး။ အခုတော့လည်း သူမဟုတ်သလိုဘဲ။ မေမေနဲ့ ဦးလေးကြီးတို့ မောင် နှစ်မ နှစ်ယောက်လုံး မျက်ရည်တွေဝဲလို့။ မေမေကြီးရဲ့ ဘေးတဘက်တချက်စီမှာ မြေပေါ် ထိုင်ချ လိုက်ပြီး မေမေကြီးရဲ့လက်ကို တယောက် တဘက်စီ ဆုပ်ကိုင်ထားလိုက်ကြတယ်။

''အမေ့စိတ်ထဲမှာ စိတ်မချနိုင်တာက ဒီကလေးပဲ။ မလိမ်မိုး မလိမ်မာကလေး။ အရွယ်လည်း မရောက်သေးဘူး။ အမေမရှိတဲ့ နောက်မှာ မျက်စိသူငယ်၊ နားသူငယ်နဲ့ ဖြစ်နေ မှာ စိုးတယ်။ ငါ့တူ–ကြီးတော်ပြောတာ ကြားတယ်နော်။ ဒီကလေးကို ပစ်မထားကြပါနဲ့။ မတော်တာရှိရင်၊ မလိမ်မာတာရှိရင် ပြင်ပေးကြပါ။ ဆုံးမကြပါ။ ကျောသား ရင်သား မခွဲခြား ကြပါနဲ့။ ငါ့မြေးကလည်း ဖေဖေတို့၊ မေမေတို့၊ ဦးလေးကြီးတို့ကပြောရင် နားထောင်နော်။ လူကြီးဆိုရင် ဘယ်လူကြီးကပဲဖြစ်ဖြစ် ပြောရင်၊ ဆုံးမရင် ကောင်းကောင်း နားထောင်ပါကွယ်။ ကြားလား ငါ့မြေးလေး။ လိမ်လိမ်မာမာနေနော်။ 'အမာ'ငါ့မြေးကလည်း ညီမလေးကို သည်းခံပါနော်။ ညီမလေးက ငယ်လည်းငယ်တယ်။ မိဘလည်း မရှိဘူး။ မမက အကြီးမို့ အရာရာ စိတ်ရှည်ပါ။ အငယ်လေးကလည်း မမကပြောရင် နားထောင်နော်''

မေမေကြီး ပြောတာတွေကို နားထောင်ရင်း မေမေဟာ ရှိုက်ကြီးတငင် ငိုရှာပါတယ်။ ဦးလေးကြီးကလည်း ငိုရင်း မေမေကြီးကို ကန်တော့ပါတယ်။ ''ကြီးတော် အစစအရာရာ စိတ်ချပါ။ ဒီကလေးအတွက် စိတ်ချပါ။ ကျွန်တော် အသက်ရှင်နေသရွေ့ ဒီကလေးကို ကြည့်ရှု စောင့်ရှောက် သွားပါ့မယ်''

မေမေကလည်း ''အမေစိတ်ချပါ။ ဒီကလေးအပေါ်မှာ ကျွန်မကျောသားရင်သား ခွဲခြားခဲ့တာ တခါမှ မရှိခဲ့ပါဘူး။ ဒီကလေးကို ကျွန်မ အချစ်ဆုံးပါ။ သူ့ကိုသနားချစ် ချစ်ပြီး အစစ အရာရာ ဂရုစိုက် ပြုစုစောင့်ရှောက်ခဲ့ပါတယ် အမေရယ်။ အမေစိတ်ချပါ'' ပြောရင်းငို ရင်းနဲ့ မေမေက မေမေကြီးကို ကန်တော့ပါတယ်။ ကျွန်မတို့ ညီအမကိုလည်း ကန်တော့ခိုင်း ပါတယ်။ ကျွန်မဟာ ကန်တော့ရင်းနဲ့ စဉ်းစား နေမိတယ်။ ဘာပြုလို့ ဒါတွေပြောနေ ကြ တာလဲ။ ငိုစရာလည်း မဟုတ်။ အမှန်အတိုင်းပြောရရင် ကျွန်မကတော့ ကနေ့ဟာ အပျော် ဆုံးပဲ။ မေမေကြီး စပြီး နေမကောင်း ဖြစ်ကတည်းက ဒီနေ့လောက်သက်သာတာ ရှင်လန်း တာ တခါမှ မတွေ့ခဲ့လို့ပါပဲ။ အခု မေမေကြီးစပြီး နေကောင်းလာနေပြီ။ မေမေကြီး နေကောင်း မှ ရုပ်ရှင် သွားကြည့်ဦးမယ်လို့ ကျွန်မက စဉ်းစား ထားတာပါ။

''မေမေကြီးက သာခုပါကွယ်၊ သာခု၊ သာခု။ အမေစိတ်အေးရပါပြီ။ မိသားစုအား လုံး ကျန်းမာကြပါစေ။ ချမ်းသာကြပါစေ။ ဘေးမသီရန်မခ ကောင်းကောင်းမွန်မွန် နေနိုင်ကြပါ စေ''လို့ ဆုတွေပေးနေပါတယ်။

ညမှာလည်း မေမေကြီးက ''ငါ့မြေးလေး–သမီးအမေ့ကို ဘုရားရှိခိုးပြစမ်းပါအုံး။ မှတ်မိသေးရဲ့လား။ ဆိုတတ်သေးရဲ့လားလို့လေ''တဲ့။ ကျွန်မလည်း ဘုရားပင့်တာကစပြီး ကောင်းကောင်းဆိုပြ၊ ဘုရားရှိခိုးပြပါတယ်။ နောက်ဆုံး အမျှဝေတာအထိ အသံထွက် ရှိခိုးပြပါ တယ်။

''အေး … အေး ကောင်းတယ်။ ကောင်းတယ်။ ငါ့မြေးက မှတ်မိသားပဲ။ လိမ်မာ တယ်။ ကဲ–ကဲ ဆက်ဆိုပါအုံး။ မင်္ဂလသုတ် မှတ်မိသေးရဲ့လားလို့''

ကျွန်မကလည်း မင်္ဂလသုတ်၊ သံဗုဒ္ဓေ၊ စက်ကြီးတဆယ့်သုံးပါး ရသမျှတွေ တခုပြီး တခု ဆိုပြရွတ်ပြပါတယ်။ အားလုံးပြီးတော့မှ မေမေကြီးက နားခိုင်း၊ အိပ်ခိုင်းပါတယ်။ ကျွန်မ လည်း မေမေကြီးကို ကန်တော့ပြီးမှ မေမေကြီးဘေးမှာ ဝင်အိပ်ပါတယ်။ မေမေကြီးက ကျွန်မကို တချက်နမ်း လိုက်ပြီး တခုမေးလာပါတယ်။ ''ငါ့မြေးလေးက မေမေမအုံးရင်ကို ချစ်သလား …''တဲ့။

ကျွန်မကလည်း ''ချစ်တယ်။ မေမေ့ကိုလေ။ မေမေကလည်းချစ်တယ်။ တခါမှ မရိုက်ဖူးဘူး။ မမသာ အရိုက်ခံရတယ်။ မမက ပြောရင် နားမထောင်ဘူး''။ ကျွန်မဟာ တကယ် ပဲ မေမေမအုံးရင်ကို မေမေကြီးကလွဲရင် အချစ်ဆုံးလို့ ပြောနိုင်ပါတယ်။ ဦးလေးတွေ၊ ဒေါ်လေးတွေထဲမှာလည်း ဦးလေးကြီး ကိုထွန်းရင်ကို အချစ်ဆုံးဖြစ်ပါတယ်။

''အေး … အေး ငါ့မြေးလေးက လိမ်မာတော့ ချစ်တာပေါ့။ ငါ့မြေးလေး တသက်လုံး လိမ်လိမ် မာမာနေနော်။ ရတနာသုံးပါးကို ဘယ်တော့မှ မမေ့နဲ့။ အနန္တော၊ အနန္တငါးပါး ဂုဏ်ကျေးဇူးကိုလည်း ဘယ်တော့မှ မမေ့ရဘူး။ ကြားလားသမီး။ မမ မကောင်းတာတွေ လုပ်ရင်လည်း လိုက်အတု

မခိုးနဲ့။ အမေပြောတာ ကောင်းကောင်းမှတ်ထားနော်''တဲ့။

''ဟုတ်ကဲ့မေမေကြီး''

''ကဲ ... ကဲ သမီးလေး အိပ်တော့'' ဆိုတာနဲ့ ကျွန်မလည်း မေမေကြီးလက်ကို ကိုင်ပြီး အိပ်လိုက်ပါတယ်။ နေကောင်းတုန်းကတော့ မေမေကြီးကို 'ခွပြီးဖက်အိပ်'နေကျ။ အခုတော့ မေမေကြီးက နေမကောင်းတော့ ခေါင်းအုံးတွေ အမြင့်ကြီးနဲ့ အိပ်တာဆိုတော့ ဖက်လို့မရ၊ ခွလို့မရလို့ လက်ကိုပဲ ကိုင်ပြီး အိပ်လိုက်ပါတယ်။

## မွေးကြိုင်သင်းပျံ့စွာ ဘုရားမြတ် လှိုဏ်ဂူအတွင်းမှာ

ကျွန်မဟာ ကျယ်ပြန့်သန့်ရှင်းတဲ့ လှိုဏ်ဂူကြီးအတွင်းမှာ ရောက်နေပါတယ်။ ဘေးမှာလည်း အင်မတန်သပ္ပာယ်လှတဲ့ ဗုဒ္ဓရုပ်ပွားတော် ဘုရားငါးဆူပုံတော် တွေ့ပါ။ ကျွန်မ ဟာ ဘုရားရှေ့ခုံတန်းတခုပေါ်က ဘုရားပန်းအိုးတလုံးကို ယူပြီး ကျွန်မအလွန်နှစ်သက်လှတဲ့ စံပယ်ပန်းတွေကို အခိုင်လိုက်တွေ့ရော၊ ပန်းကုံးတွေပါ အများကြီး စိတ်တိုင်းကျထည့်လှူကာ ဘုရားကို ပူဇော် လိုက်ပါတယ်။ ဘုရားရှိခိုး ပြီးတော့ ခေါင်းလောင်းထိုး အမျှပေးဝေနေတုန်း အမွှေးနံ့ပြင်းပြင်း အနံ့တခုကိုရလို့ ဘေးကိုကြည့်လိုက်တော့ ဧည့်သည်ကြီး ဦးဖိုးရွှေလေ။ ဘုရားမှာ အမွှေးတိုင်လှူနေတာကို တွေ့လိုက်ရတယ်။ ကျွန်မ အဲဒီအမွှေးတိုင်အနံ့ကို မကြိုက်လှပါဘူး။ အရင်တခါ ကျွန်မတို့သုံးယောက် ဘုရားသွားတုန်းကလည်း ဒီအမွှေး တိုင်မျိုးပဲ'ဦး'လှူခဲ့တာကို ကျွန်မ မှတ်မိပါတယ်။ ကျွန်မ, မကြိုက်တာ အမွှေးနံ့က သိပ်ပြင်း လို့ပါ။ ဒီအခိုက်မှာပဲ ''ကလေးရေ ... ဟဲ့–ကလေး ... သမီး''လို့ ခေါ်တဲ့အသံ ကြားလိုက်ရ တော့မှ အိပ်ရာက လန့်နိုး လာတယ်။ မနက်အစော လင်းရောင်ခြည်လာလို့ ကျေးငှက်သံ လေးတွေ ကြားနေရပါပြီ။

''ငါ့မြေးလေး နိုးပြီလား ... အမေ့ကို ရေနည်းနည်းလောက် ပေးပါအုံးကွယ်'' အမေကြီးဟာ ခေါင်းအုံးအမြင့်ကြီးကိုမှီပြီး ပက်လက်ကုလားထိုင်မှာ လှဲထိုင်နေတဲ့ပုံစံမျိုး လှဲနေ ပါတယ်။ ကျွန်မလည်း ချက်ချင်းထပြီး မေမေကြီးကို ရေနည်းနည်း ခပ်ပြီးပေးလိုက်တော့ သူ့ဘာသာ လှမ်းယူ သောက်လိုက်ပြီးတာနဲ့ ''အေး ... အေး ... သာဓုကွယ်၊ သာဓု၊ သာဓု။ ငါ့မြေးလေး ဘုန်းကြီးပါစေ။ သက်ရှည်ပါစေ။ ဘေးရန်အပေါင်း ကင်းပါစေ။ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ နေရပါစေ။ ရတနာသုံးပါးကို တသက်လုံး မမေ့နဲ့နော် ... သမီး''တဲ့။ အဲဒီ လို ခပ်လေးလေး ခပ်နှေးနှေးပြောပြီး ခေါင်းကို ညာဘက် ဖြေးဖြေးလေးစောင်းထား လိုက်ပါ တယ်။

ကျွန်မလည်း မေမေကြီး နောက်ထပ်ဘာတွေများ ဆက်ပြောအုံးမလဲလို့ ဆက်ပြီး နား ထောင်နေမိတယ်။ အတော်ကြာတဲ့အထိ ဘာမှ မပြောပါဘူး။ ဒါနဲ့ကျွန်မလည်း သြော်–အမေ စကားပြောတာ များလို့ မောသွားတာပဲလို့ပဲ ထင်နေတယ်။ ဒါကြောင့် ''အမေ့၊ မေမေကြီး မောသလားဟင်''လို့ မေးပြီး မေမေကြီးရဲ့ မေးကလေးကို ဆွဲကာ လှုပ်မေးလည်း မပြောတော့ပါ။ သြော် ... လက်စသတ်တော့ မေမေကြီးက အင်မတန်ချစ်လှတဲ့ အမေ့မြေးကို ဘာမှမရိပ်စားမိအောင် စကားလေးတပြောပြောနဲ့ ညင်ညင်သာသာလေးနဲ့ ထာဝရခွဲခွာ သွား တာပါကလား။

၁၉၄၇ ခုနှစ်၊ မိုးတွင်းမှာပေါ့။ မေမေကြီးဆုံးတော့ အသက် ၆၂နှစ်ပါ။

## ဘဝရဲ့အလှည့်အပြောင်း

ကျွန်မရဲ့ကမ္ဘာကြီး ရွှေတောင်ကြီး ပြိုလဲသွားတာ ၂နှစ်ထဲကို ရောက်ပြီပေ့ါ။ ကျွန်မ လူမှန်းသိတတ်စ အရွယ်ကစပြီး ဒါဟာ ပထဆုံးတွေ့ထိ ခံစားလိုက်ရတဲ့ အပူမီးပါပဲ။ မေမေကြီး ကို တနေ့မှ မမေ့ပါဘူး။ ဖေဖေတို့မေမေတို့လည်း ကျွန်မကို သနားလို့ ပွဲတို့၊ ရုပ်ရှင်တို့ ပျော်စရာ ရွှင်စရာတွေနဲ့ အစားထိုးပြီး အရင်ကထက် ပိုဂရုစိုက်၊ ပိုအလိုလိုက်ပါတယ်။ ဒါပေမယ့် မေမေကြီးကို ချစ်တဲ့အချစ်ကို အစားထိုးလို့ မရပါဘူး။ တယောက်တည်းနေရင် စိတ်ကပိုဆိုး၊ ပိုသတိရဖြစ်လို့ ကျွန်မဟာ မေမေတို့ သားအမိနဲ့ မခွဲပါဘူး။ ခေတ်ကြီးက လည်း ပျက်နေတယ်။ ပြည်တွင်းစစ် ဖြစ်နေလို့ မြို့ထဲမှာနေရပေမယ့် ညဘက်ကျရင် တော်တော်ကြောက် ရပါတယ်။ သူပုန်တပ်၊ ကွန်မြူနစ်တပ်တွေ မြို့ကို မကြာခဏ လာဝိုင်း တတ်ပါတယ်။ မြို့စောင့်တပ် ဗိုလ်စောလင်းတပ်နဲ့ သူမနိုင် ကိုယ်မနိုင် ဖြစ်နေတဲ့အချိန်။ ခဲးပြတိုက်တာ၊ အနုကြမ်းစီးတာ၊ သူခိုး,ခိုးတာတွေ အားလုံးကို မြို့လူထုက ကြောက် နေရချိန်။ တောမီးလောင် တောကြောင် လက်ပန်းပေါင်းခတ်ဆိုသလို ဖြစ်နေတော့ ကျီးလန့် စာစား ဖြစ်နေပါတယ်။

ဖေဖေကလည်း အိမ်မှာ ကျွန်မတို့သားအမိ သားအဖ သုံးယောက်တည်းဆိုတော့ အားငယ်နေမှာစိုးလို့ မမတို့ဇနီးမောင်နှံကို အိမ်မှာခေါ်ထားပါတယ်။ ကျွန်မကတော့ ပိုပျော်ရ ပါတယ်။ မေမေကြီးဆုံးပြီး ၂နှစ်ကျော်ကျော်လောက်အထိ အိမ်မှာကျန်နေတဲ့ ဘကြီး (ဘကြီးအရင်း မဟုတ် ပေမယ့် ဘကြီးက အေးဆေးပြီး စိတ်သဘောကောင်းပါတယ်။ ကျောင်း ဆရာဟောင်း တယောက်လည်း ဖြစ်ပါတယ်။)ကို နေ့ခင်းမှာ ကူညီလုပ်စရာ ရှိတာတွေ ကူညီလုပ်ပေးပြီး ညနေမှ မေမေတို့ ဆီပြန်အိပ်ပါတယ်။ နောက်ပိုင်းမှာ ဘကြီးလည်း နောက် အိမ်ထောင်ပြုသွားပါတယ်။ နောက်ဇနီးက သားသမီး ၄ ယောက်တောင်ပါလာတာမို့ ဘကြီး အိမ်မှာ စည်စည်ကားကား ဖြစ်နေတာကြောင့် ကျွန်မလည်း ကူလုပ်ပေးစရာ မလိုတော့လို့ မသွားတော့ပါ။

အိမ်မှာပဲ မေမေတို့၊ မမတို့နဲ့ပဲ နေတော့တယ်။ ကျွန်မဟာ ဖေဖေတို့ဆီမှာနေတော့ စည်းကမ်းတမျိုးဖြစ်ပါတယ်။ ဈေးသွားတာ၊ သူငယ်ချင်းတွေဆီ အလည်သွားလို့ မရပါ။ ဘယ်သွား,သွား မိဘ ဒါမှမဟုတ် မမတို့၊ လူကြီးတွေပါမှ သွားရပါတယ်။ မမတို့က ရုပ်ရှင်၊ ပွဲသွား၊ ဘုရားသွား၊ ဘယ်သွားသွား ခေါ်သွားတာမို့ ပျော်ပါတယ်။ မမနဲ့အစ်ကိုကြီးတို့မှာ ကလေးမရှိသေးပါ။ ဈေးထဲမှာ အထည်ဆိုင်နဲ့ စက်ချုပ်ဆိုင် တွဲဖွင့်ထားပါတယ်။ အခြား ဈေး ပတ်(ဈေးငယ်လေး)တွေလည်း လိုက်ရောင်းပါတယ်။ အဲဒီလိုဈေးပတ်တွေ (လမ်းပျဉ်းမနား ဈေး၊ ဆင်းညံ့တုန်းဈေး၊ လယ်ဝေးဈေး)စတာတွေကို လိုက်ရောင်းတာက ပင်ပန်းသလောက် အကျိုးအမြတ်ကြီးပါတယ်။ ဒါကြောင့် မမတို့က ကလေးမရှိသေးခင် စီးပွားရှာ နေခြင်း ဖြစ်ပါတယ်။

## မင်းသားခေါင်းစွပ် ကျွတ်ကျသွားပြီ

ဆင်းညံ့တုန်း(ဆင်းနံတုန်းလို့ရေးပါတယ်) ဈေးနေ့ တနေ့မှာပေ့ါ။ ညနေ ၃ နာရီ လောက်မှာ ဈေးပတ်မြင်းလှည်းနဲ့ မမတို့ဇနီးမောင်နှံ ပျော်ပျော်ရွှင်ရွှင်နဲ့ အချိန်စောပြီး ပြန်ရောက်လာပါတယ်။ သူတို့နဲ့အတူ မိန်းကလေးတယောက် ပါလာတယ်။ မမဟာ အိမ်ကို ရောက်ရောက်ခြင်း

မီးဖိုထဲမှာ မေမေနဲ့ တိုးတိုး တိုးတိုးနဲ့ ဘာတွေပြောနေတယ်လို့ မသိပါ။ ကျွန်မလည်း အလိုက်သိစွာ ဧည့်ခန်းမှာပဲ ထိုင်ရင်း ဧည့်သည်မိန်းကလေးကို ခေါ်ပြီးထိုင်ခိုင်း ထားပါတယ်။ အဲဒီမိန်းကလေးဟာ ကျွန်မနဲ့ မတိမ်းမယိမ်းလောက် ရှိပါတယ်။ အသားဖြူဖြူ သွယ်သွယ်လေးပါ။ မျက်တောင်ကော့ကော့လေးနဲ့ မျက်လုံးဝိုင်းဝိုင်း မဲမဲလေးတွေကြောင့် တော်တော်လေး လှတယ်လို ပြောနိုင်ပါတယ်။ ခေါင်းမှာလည်း အမောက်ကလေးနဲ့ အဝတ် အစားလည်း ခေတ်ဆန်ဆန် ဝတ်ထားပါတယ်။

မမဟာ မီးဖိုခန်းထဲက ပြန်ထွက်လာပြီး "အလှရေ ... လာ ... ညီမလေး၊ အဝတ် လဲရအောင်။ အဝတ်တွေက ဖုံတွေသိပ်များ တယ်ကွဲ့"လို့ ပြောပြီး အခန်းထဲ ဝင်သွား တော့ မိန်းကလေးလည်း လိုက်သွားတယ်။

"ကလေးရေ ... ကလေး ... သမီးရေ လာပါအုံးကွယ်"လို့ မေမေက ကျွန်မကို လှမ်းခေါ်လိုက်တာနဲ့ မေမေရှိရာ မီးဖိုထဲသို့ ထ,သွားလိုက်ပါတယ်။ (ကျွန်မတို့အိမ်မှာ မိဘ နှစ်ပါးလုံးက 'မမ'ကို မမလို့ခေါ်ကြပြီး၊ ကျွန်မကိုတော့ 'ကလေး'လို့ပဲ ခေါ်ပါတယ်။ မမက ကျွန်မကို 'အကြည်'လို့ ခေါ်ပါတယ်။) ကျွန်မက မေမေ့အနားကို ဝင်ထိုင်လိုက်တော့ မေမေက "ကလေး ... မြင်ရဲ့လား၊ ဟိုကလေးမလေးကို သနားစရာကွယ်။ မြို့အနောက်ဘက်တောမှာ အခုသိပ် ဆူပူနေတယ်တဲ့။ အစိုးရစစ်တပ်(ကချင်သေနတ်ကိုင်တပ်ရင်း–အဲဒီ ကချင် သေနတ်ကိုင် တပ်ရင်းဆိုတာ ဗိုလ်နော်ဆိုင်းတပ်ပါ။ နောင်မှာ ဗိုလ်နော်ဆိုင်းဦးဆောင်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီ ဦးဆောင်တဲ့ ပြည်သူ့တပ်မတော် ဖြစ်လာတယ်။)က သိပ်သောင်းကျန်း တာပဲတဲ့။ ရွာတွေ ရောက်ရင် သူပုန်ရွာ(ကွန်မြူနစ်ရွာ)ဆိုပြီး ယောကျ်ား ကြီးငယ်အားလုံး ဖမ်းပြီးသတ်၊ မိန်းမဆို ကြီးကြီးငယ်ငယ် အားလုံးဖမ်းခေါ်၊ မတရား စော်ကားပြီး၊ အိမ်မှာရှိတဲ့ ကျွဲနွားတိရစ္ဆာန်အားလုံးဖမ်း ပစ်သတ်စားပစ်တယ်တဲ့။ အဲဒီရန်ကို ကြောက်လို့ သူ့အမေက မမတို့နဲ့ ထည့်လိုက်တာလေ။ သမီးလည်း အဖော်ရတာပေါ့။ ဟုတ်ဖူးလား။ သမီးလေးက အိမ်ရှင်၊ သူက ဒုက္ခရောက်လို့ ကိုယ့်ဆီမှာလာပြီး မှီခိုရတာ၊ လာနေရတာ အရာရာကိုယ်က စိတ်ရှည်ရှည်နဲ့ ဆက်ဆံပါ။ သဘောထား ကောင်း ကောင်းထားပါ"တဲ့။

ကျွန်မလည်း မေမေပြောပြတာတွေ နားထောင်ရင်း အံ့သြခြင်းမက အံ့သြမိပါ တယ်။ ကိုယ့်နားကိုယ်တောင် မယုံချင်ပါဘူး။

အဲဒီကလေးမလေးက 'အလှ'တဲ့။ နာမည်ကလေးကလည်း ချစ်စရာ၊ ရုပ်ကလေး ကလည်း ချစ်စရာ။ မမနဲ့ကျွန်မတို့ကလည်း ညီအစ်မအရင်းချာပမာ သဘောတားကာ သွား အတူ လာအတူ၊ လုပ်အတူမို့ တတွဲတွဲနဲ့ ပျော်စရာကောင်းပါတယ်။ အလှက တောသူ ဆိုပေမယ့် ဝတ်တာစားတာ တော်တော် ခေတ်ဆန်ပါတယ်။ အဲဒီခေတ်က ခေါင်းမှာ အမောက် တွေကို အရွယ်အမျိုးမျိုးထားကြပြီး အင်္ကျီက ဘလောက်အင်္ကျီမှာ လက်ဖောင်း ထည့်ထား ပါတယ်။ ဒါမျိုးတွေ သိပ်ခေတ်စားတယ်။ ကျွန်မတို့ ညီအစ်မကတော့ ဖေဖေတို့ အလိုကျ ခေါင်းမှာ အမောက်မရှိပါဘူး။ အဝတ်ဝတ်တာကလည်း ဒီလိုပါပဲ။ ရိုးရိုးသင့်တင့်စွာပဲ ဝတ်ပါ တယ်။

ညဘက်မှာ ဖေဖေပါရှိနေလေ့ရှိပြီး၊ အစ်ကိုကြီး(ခဲအို)လည်း ရှိနေတတ်တာမို့ အိမ်သားအားလုံး စုံတတ်ပါတယ်။ အဲဒီအခါမျိုးမှာ ဖေဖေက ဟာသတွေပြောတတ်တာမို့ တဝါးဝါးရီနေရပါတယ်။ ဖေဖေရဲ့ဝါသနာက ပျော်တတ်တယ်။ သူစိတ်ထင်တဲ့အခါ ရယ်ရယ် မောမော ပျော်ပျော်ရွှင်ရွှင် နေတတ်တယ်။ သူစိတ်မထင် တဲ့အခါမျိုးဆိုရင် တအိမ်လုံးက ဖေဖေ့ အရိပ် အခြေအနေကို ကြည့်နေရတာပဲ။ အဲဒီလိုအချိန်မျိုးမှာ တအိမ်သားလုံးဘာသံမှ မကြားရဘူး။ အပ်ကျရင်တောင် ကြားရမတတ်ပါပဲ။ ကျွန်မတို့အားလုံးဟာ ဧည့်ခန်းထဲမှာ ထိုင်နေကြပါတယ်။ အလှတယောက်ပဲ မပါတာပါ။ သူကရောက်စမို့ ဖေဖေ့ကို ကြောက်နေ ပုံပေါ်ပါတယ်။ ဒါကို ဖေဖေကလည်း ရိပ်မိပုံ ပေါက်ပါတယ်။ ဖေဖေက–

"ဟ–ဟိုတောသူမလေးကော ဘယ်သွားလဲ။ လာစမ်းပါအုံး။ စကားပြောကြ ရအောင်"

မမနဲ့ ကျွန်မတို့ကလည်း "အလှရေ ... လာလေ ... ဖေဖေက ခေါ်နေတယ်။ လာ–လာ"လို့ လှမ်းခေါ်လိုက်တယ်။ တအောင့် လောက်ကြာတော့မှ အလှဟာ ဖြေးဖြေး လေး ထွက်လာပြီး ကျွန်မရဲ့ ဘေးမှာ ထွက်ထိုင်လိုက်ပါတယ်။

ဖေဖေက "ဟ–နာမည်က အလှဆိုတော့ ငါကတော်တော်လှတယ် ထင်နေတာ။ ဒီလောက်လည်း မလှပါဘူး။ မြို့မှာနေရတာ ပျော်ရဲ့လား"

အလှက ဖေဖေ့ကို လှမ်းကြည့်ပြီး "ဟုတ်ကဲ့။ ပျော်ပါတယ်"

"ပျော်တယ်ဆိုပြီး တို့မသိအောင် ခိုးခိုးငိုမနေနဲ့နော်။ မြို့ထဲမှာ လယ်ချင်ရင် မမကို ပြောပေါ့"

"မငိုပါဘူး။ မမကလည်း လိုက်ပို့ပါတယ်။ ကျွန်မအားလုံး အနှံ့ ရောက်ပြီးပါပြီ"

"ခေါင်းပေါ်ကလည်း သန်းမျှော်စင်တွေ ဘာတွေနဲ့ပါလား။ တယ်ခေတ်ဆန် တာကိုး"

ကျွန်မတို့အားလုံးကလည်း ဝိုင်းရီလိုက်ကြပါတယ်။ အလှဟာ သူ့ခေါင်းပေါ် က လက် ၄ လုံးလောက်မြင့်တဲ့ အမောက်ကလေးကို သူ့ဖာသာ လက်နဲ့ပြန်စမ်းရင်း ပြုံးနေပါ တယ်။ "ဦးကလည်း မဟုတ်ပါဘူး"

"ဟုတ်တယ်လေ။ အဲဒါ သန်းမျှော်စင်မဟုတ်လို့ ဘာတုန်း။ ဘာခေါ်လဲ။ ဒါဖြင့်ရင် ပြောပါအုံး။ တို့ကတော့ ဒါမျိုးကို သန်းမျှော်စင်လို့ ခေါ်တာပဲ"။

"ဦးကလည်း သန်းမျှော်စင် မဟုတ်ပါဘူး။ အမောက်လို့ ခေါ်တာပါ"

"ဩော် ... အမောက်တဲ့လား။ မသိပါဘူးဗျာ။ ငါက အမောက်ဆိုတာ ကြက်ဖကြီး မှ ရှိသလားလို့"။ အားလုံးဝိုင်း ရယ်လိုက်ကြတယ်။ အလှလည်း လိုက်ရယ်ပြီး နောက်ထပ် ဘာမှ မပြောတော့ပါ။ အဲဒီလို မိသားစုဝိုင်းဖွဲ့ပြီး ပျော်ပျော်ပါးပါး နေကြပါတယ်။

ဒီလိုနဲ့ တပါတ်လောက်ရှိတော့ ဆိတ်နံတုန်း ဈေးပတ်အပြန်မှာ မမတို့နဲ့အတူ အ ရပ်မြင့်မြင့်နဲ့ အဒေါ်ကြီးတယောက် ပါလာပါတယ်။ မမက အဒေါ်ကြီးကို အိမ်ပေါ်ခေါ်လာပြီး မေမေနဲ့ မိတ်ဆက်ပေးပါတယ်။ အလှကိုလည်း လှမ်းခေါ်လိုက်ပါတယ်။ အလှလည်း အိပ်ခန်းထဲက ထွက်လာပြီး အဒေါ်ကြီးကိုတွေ့တော့ "ဟယ် ... အမေ့"လို့ ခေါ်ပြီး အမေ့နား ကို တိုးဝှေ့ထိုင်လိုက်တယ်။ သူ့အမေက သမီးလေးကို ဖက်ထားရင်း မျက်ရည်တွေ ပါးပြင် ပေါ်လိမ့်ဆင်းကျလာတယ်။

"သမီးပျော်ရဲ့လား ... အမေ့ကို သတိရနေသလား"

"ရတာပေါ့ အမေကလဲ။ ပျော်ပါတယ်။ ဦးတို့ဒေါ်ဒေါ်တို့ကလည်း သဘော ကောင်းတယ်။ အစ်ကိုကြီးတို့မမတို့ အကြည်တို့ရော၊ အို ... တအိမ်သားလုံး သဘော ကောင်းကြ တယ်အမေရဲ့။ မြို့ထဲလည်း မမတို့က အနှံ့ပဲလိုက်ပို့တယ်။ ဘုရားတွေလည်း အကုန် ဖူးပြီးပါပြီ။ ရုပ်ရှင်လည်း ခဏခဏကြည့်ရတယ်။ သိလား" အမေလုပ်သူက ခေါင်း လေး တဆတ်ဆတ် ညိတ်ရင်းက ...

"အင်း ... အင်း ငါ့သမီးလေး ပျော်နေတယ်ဆိုရင် အမေက ဝမ်းသာပါတယ် အေ။ အမေက တခါမှ မခွဲဘူးတော့ စိုးရိမ်နေတာ၊ ညည်းမမကတော့ ပြောပါတယ်။ 'ပျော်နေတာပဲ' လို့"

ဒီနောက်တော့ အဒေါ်က အမေ့ဘက်ကို လှည့်ပြီး "သူ့အဖေဆုံးသွားတော့ အခါ လည်သမီးလေး ကျန်နေရစ်တာ အစ်မရဲ့။ ကျွန်မမှာ ဖတဆိုးလေးလည်းဖြစ် အငယ်ဆုံး လေး လည်းဖြစ်မို့ တခါမှလည်း မခွဲဘူးတော့ ညကျရင် ဟိုစဉ်းစားဒီစဉ်းစားနဲ့ တော်တော်နဲ့ အိပ်မရပါဘူးအစ်မရယ်"။ အဒေါ်ရဲ့ အသံဟာ တိမ်ဝင်သွားပြီး မျက်ရည်တွေလည်း ဝဲလာ တယ်။ ဘေးကထိုင်နေတဲ့ မေမေနဲ့ ကျွန်မဟာလည်း အဒေါ့်ကိုကြည့်ပြီး စိတ်ထိခိုက်ပါတယ်။ မေမေ က–

"အို ... စိတ်မကောင်း မဖြစ်ပါနဲ့။ ကျွန်မတို့မှာလည်း သားသမီးမများပါဘူး။ ဒီညီအစ်မလေး ၂ ယောက်ပဲ ရှိတာ။ ကျွန်မတို့လည်း သားသမီးချင်းစာနာပါတယ်။ အစစအရာရာ စိတ်ချပါ။ သမီးလေးကို ဆက်ထားလို့ရပါတယ်။ ရွာမှာအေးအေးချမ်းချမ်း ရှိသွားမှ စိတ်ချရမှ ပြန် ခေါ်တာပေ့ါ။ သမီးကလေးကလည်း လိမ်မာပါတယ်။ ဒီမှာ သူလည်း ပျော်နေတာပဲ။ ကျွန်မ တို့ဆီမှာ စိတ်ချပါ"

## သူတို့ပြောတော့ ကွန်မြူနစ်တွေဟာ
## လူရိုင်းတွေဆို၊ တိရိစ္ဆာန်တွေဆို ...

"စိတ်ချပါတယ် အစ်မရယ်။ ကျေးဇူးလည်း အများကြီးတင်ပါတယ်။ နို့မို့ရင် ဒီသမီး လေးကို ဘယ်မှာသွားထားရမှန်း မသိပါဘူး။ သူများတွေကတော့ ငွေကလည်းရှိ။ မြို့ပေါ်မှာ မိတ်ဆွေတွေ အမျိုးတွေကလည်းရှိတော့ သူတို့သမီးလေးတွေကို အလျှိုလျှိုပို့ လိုက်ကြတာ။ ကျွန်မမှာတော့ မြို့ပေါ်မှာ မိတ်ဆွေလည်းမရှိ။ အမျိုးလည်းမရှိမို့ ပို့စရာ နေရာလည်း မရှိနဲ့ ဒုက္ခရောက်နေတုန်း 'ကျမသမီးလေး တော့ ရေတိမ်နစ်တော့မှာပဲ' လို့ အောက်မေ့နေတုန်း ဘုရားမ,တာပါပဲ အစ်မရယ်။ မမတို့လင်မယား ဈေးလာတာနဲ့တိုးပြီး အကျိုးအကြောင်း ပြောပြတော့ မမတို့က 'သူတို့ကူညီပါ့မယ်'လို့ပြောပြီး ခေါ်သွားလို့သာပဲ။ ကျေးဇူးကြီးလှပါတယ်"

"အို ... ကိုယ့်အချင်းချင်းတွေပဲ လိုအပ်ရင် လိုအပ်သလို ကူညီကြရမှာပေ့ါ။ ကျွန်မ တို့ကို ကျေးဇူးတင်စရာမလိုပါဘူး။ ဒါထက် နေပါအုံး။ အဲဒီတောမှာ အစိုးရတပ်တွေ သောင်း ကျန်းနေတယ်ဆိုတာ ဘယ်နေရာမှာတုန်း။ ဘယ်လိုတွေ ဖြစ်နေတယ်ဆိုတာ ပြောပြပါ ဦး"

မေမေဟာ အဒေါ်ရဲ့ စိတ်သောကများနေမှုကို လမ်းကြောင်းလွှဲပေးလိုက်တယ်။

"ပြောပြမယ် အစ်မရေ။ ပြောပြမယ်။ ကျွန်မတို့ တသက်တာမှာ ဒါလောက် ရိုင်းတဲ့ စစ်တပ်မျိုး ဒါလောက်ဆိုးတဲ့ စစ်တပ်မျိုးကို တခါမှ မတွေ့ဖူးဘူး။ ရွာတွေရောက်ရင် အိမ်မှာ မွေးထားတဲ့ ကြက်၊ ဝက်၊ ဘဲ၊ ကျွဲနွား တိရစ္ဆာန်အားလုံး ပစ်ခတ်ယူစားပစ်တာပဲ။ လူတွေလည်း ချမ်းသာမပေးဘူး။ ယောကျ်ားဆိုရင် ကြီးကြီးငယ်ငယ် တွေ့တာနဲ့ တခါတည်း ဖမ်းတာပဲ။ လက်ပြန်ကြိုးတုပ်ခေါ်သွား။ တန်းစီပြီးတခါတည်း ပစ်သတ်တာပဲ။ မိန်းမတွေ လည်း မိဘမောင်ဘွား ရှေ့သောဘာသော မရှောင် ဘူး။ နားနဲ့မနာ ဖဝါးနဲ့နာပါ အစ်မရေ။ တခါတည်း ဆွဲပြီး စော်ကား ပစ်တာပါပဲ။ တချို့ဆို ဆယ်နှစ်ကျော်ကျော် အရွယ်လေးတွေ ကစပြီး အသက်(၅၀)ကျော် အဖွားကြီးတွေအထိ အကုန်လုံးကို ဆွဲတာပဲ။ လူတွေမဟုတ်ဘူး အစ်မရေ။ တိရစ္ဆာန်တွေပဲ။ စားလို့ရတဲ့ အစားအစာ မှန်သမျှလည်း အကုန်ယူတာပဲ။ နောက်ဆုံး ရွာတွေကို မီးရှို့ သေးတယ်"

"ဟင် ... ဒီလောက်ဆိုးတာ သူတို့အထက်လူကြီးကို မတိုင်ဘူးလား။ သူတို့ဗိုလ်ကို သွားတိုင်ပေ့ါ"

"အမယ်လေး ... မရဘူးအစ်မရေ။ သူတို့ဗိုလ်ကြီးဆိုတာက ပိုတောင်ဆိုးသေး။ ကချင်စစ်ဗိုလ်ကြီး။ မြို့ပေါ်မှာ မိန်းမနဲ့။ ကလေးတွေတောင် ကြီးလှပြီတဲ့။ အဲဒီဗိုလ်ကြီးကပဲ နတ်တောင် တောင်ခြေရင်း၊ လယ်ပြင်မရွာက ရွာသူကြီးရဲ့သမီးလေးကို အဖေသူကြီး ရှေ့မှာတင် အတင်းဆွဲ ယူထားတာပဲ။ အားလုံးအတူတူပဲ အစ်မရေ"

"ဟယ် ... ဒါဖြင့် အရင်က သူတို့ပြောတော့ 'ကွန်မြူနစ်တွေဆိုတာ လူရိုင်းတွေ၊ တိရစ္ဆာန်တွေဆို။ ခုတော့ သူတို့က လူမဆန်ပဲ တိရစ္ဆာန်တွေ ဖြစ်နေပြီ။ ဒီအကြောင်းတွေ သတင်းစာတွေထဲလည်း မပါဘူးနော်"

"ဘယ်ပါလိမ့်မလဲ အစ်မရယ်။ သတင်းစာထဲ ဘယ်သူက ထည့်ရဲမှာလဲ။ သတင်း စာထဲ ပါသွားရင် တတိုင်းတပြည်လုံးက အဖြစ်မှန်တွေသိပြီး သူတို့အစိုးရလည်း 'ကိုယ့်ပေါင် ကိုယ် လှန်ထောင်းသလို' ဖြစ်သွားမှာပေ့ါ။ အစိုးရလည်း အရှက်ကွဲသွားမှာပေ့ါ အစ်မရဲ့"

"ဒီအကြောင်းတွေကို မြို့ပေါ်ကလူတွေက ဘာမှသိတာမဟုတ်ဘူး။ တောမှာ တော့ အကုန်လုံး သိကြမှာပေ့ါ"

"အို ... သိတာပေ့ါ အစ်မရယ်။ ***တောင်ညိုနယ်*** တနယ်လုံး အကုန်ပါ။ အကုန်ပါ အစ်မရယ်။ မအူလေးပင် ဆိုတဲ့ရွာများ ယောကျ်ား ဆိုတာ တယောက်မှမကျန်ဘူးတဲ့။ ရှေ့နှစ် ခါ လယ်လုပ်ချိန်ကျရင် ဘယ်လိုလုပ်ကြရမလဲ မသိသေးဘူးတဲ့"

"ဟင် ... ကျွတ် × ကျွတ် × ကျွတ် "

မေမေဟာ မျက်စိမျက်နှာပျက်ပြီး စုတ်တသပ်သပ်နဲ့ ဖြစ်နေပါတယ်။

"ဘုရား၊ ဘုရား။ ဒီလောက်ရိုင်းတာ၊ ရက်စက်ကြတာ လူတွေမှ ဟုတ်ကြသေး ရဲ့လား"

"ဒါကြောင့်ပြောတာပေ့ါ အစ်မရဲ့။ တိရစ္ဆာန်တွေပါဆို။ မြို့ရဲ့အနောက်ဘက်ခြမ်း တခြမ်းလုံး ဒီလိုဖြစ်နေတာလေ။ ကွန်မြူနစ် တပ်တွေနဲ့ တွေ့ပြီးတိုက်ရင် ခွေးတွေ၊ တိရစ္ဆာန် တွေ ရှုံးပါစေ။ သေကုန်ပါစေတော်။ ဘုရားသိကြားမလို့ ကွန်မြူနစ်တပ်တွေ နိုင်ပါစေ"

အဒေါ်ဟာ ပြောရင်းဆိုရင်း လက်အုပ်ချီပြီး ဘုရားသိကြားကို တိုင်တယ်နေ ပါ တယ်။

ကျွန်မလည်း ကြားရတာ ရှက်လည်းရှက်၊ ကြောက်လည်းကြောက်။ သနားလည်း သနား။ ဝမ်းလည်းနည်း ... ခံစားမှုမျိုးစုံ ဖြစ်ရပါတယ်။

(***တောင်ညို*** ဆိုတာ ရွာအမည်ပါ။ ၄၈ခုနှစ်မှာ ပါတီတောခိုရပြီး တောင်ညို နယ်ထဲမှာပဲ ပါတီဗဟို အခြေခံစခန်း စိုက်ခဲ့တယ်။ ပါတီရဲ့ အခြေခံဒေသဖြစ်ပါတယ်။)

အဲဒီမှာ သောင်းကျန်း နေတဲ့ ကချင်တပ်ဆိုတာ ဗိုလ်နော်ဆိုင်း(သူ့တပ်ဖွဲ့တွေဟာ နောင်မှာ သူခေါင်းဆောင်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီ ဦးဆောင်တဲ့ပြည်သူ့တပ်မတော်အဖြစ် ပြောင်းလာခဲ့တယ်။ တော်လှန်ရေးအတွက် များစွာ ကောင်းမှုပြုခဲ့တယ်။) ခေါင်းဆောင်တဲ့ အမှတ်(၁)ကချင် သေနတ်ကိုင်တပ်ရင်း ဖြစ်တယ်။ အကုန်လု၊ အကုန်ရှို့၊ အကုန်သတ်ဆိုတဲ့ (၃)ပြောင်စနစ်အရ ကျင့်သုံးနေတယ်။ ဒီပေါ်လစီအရ လုပ်နေတဲ့ စစ်တပ်ဖြစ်တယ်။

အဲဒီအချိန်က ပါတီရဲ့ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (နောင်မှာ ပြည်သူ့ တပ်မတော် လို့ အမည်ပြောင်းခဲ့)ကို ဦးစီး တိုက်ခဲ့တာက ဗိုလ်မှူးရဲထွန်းပါ။ (အခုနောက်ပိုင်းမှာ ကျွန်မတို့ ရဲဘော်တွေအားလုံးက 'ဦးလေး'လို့ ခေါ်နေတဲ့ 'ဦးလေး ရဲထွန်း'ပါ။ ဗိုလ်ရဲထွန်းဟာ ၁၉၄၆ ခုနှစ်၊

ပါတီကို ‘ဘရောက်ဒါဝါဒ’ လွှမ်းမိုးခဲ့စဉ်၊ လက်နက်တွေ အားလုံး ပြန်အပ် ရတဲ့အချိန်တုန်းက အကုန်ပြန်မအပ်ဘဲ၊ လက်နက်တချို့ကို ဝှက်ထားခဲ့ပြီး နောင်တချိန် ‘လယ်သမားသူပုန်’ကို ခေါင်း ဆောင်ခဲ့တယ်။ ပါတီထဲမှာ အဆင့်အသီးသီးက ရဲဘော်တွေရဲ့ ခင်မင်လေးစားမကိုခံရသူ။ ပြဿနာကို စိတ် ရှည်လက်ရှည် ကိုင်တွယ်ဖြေရှင်း တတ်သူ။ စည်းရုံးရေးစွမ်းရည် ကောင်းသူ။ ရိုးသား ဖြောင့် မတ်သူ။ ပါတီအပေါ်မှာ သစ္စာရှိသူ။ ပါတီအဆင့်နေရာကို ရာထူး ဂုဏ်ရှိန်အဖြစ် သဘော မထားဘဲ တာဝန်တရပ်အနေဖြင့်သာ လက်ခံတတ်သူ။ ပါတီက တပ်ပေါင်းစု တည်ဆောက် ခဲ့စဉ်ကာလမှာ ပါတီအနေနဲ့ ဗဟိုကော် မတီကို တိုးချဲ့ဖွဲ့စည်းရန် လုပ်ခဲ့စဉ်က အချိန် စောစွာ ကတည်းက ပါတီထဲမှာ ဗဟိုကော် မတီဖြစ်ခဲ့တဲ့ ဦးရဲထွန်းအပါ ဗဟိုကော်မတီအချို့ကို တိုင်းကော်မတီအဆင့်သို့ ပြန်ဆင်းခိုင်းတာကို ကျေကျေနပ်နပ်နဲ့ ပါတီကတာဝန်ပေးတဲ့ အတိုင်း ကောင်းကောင်းမွန်မွန် တာဝန် ထမ်းဆောင်ခဲ့သူလည်း ဖြစ်ပါတယ်။ အမျိုးသမီး ရဲဘော်များ အပေါ်မှာလည်း မှန်မှန်ကန်ကန် သဘောထားပြီး တန်းတူရည်တူ ဆက်ဆံနိုင် သူဖြစ်တယ်။

တော်လှန်ရေးအစပိုင်းက ဖြစ်ရပ်တခုကို အမှတ်ထင်ထင် ရှိခဲ့ဖူးပါတယ်။ တောင်ညိုနယ်မှ မိဘမဲ့ကလေးမလေးတယောက် တော်လှန်ရေးတပ်ဖွဲ့အတွင်း ရှိခဲ့ဖူးတယ်။ ဖြူဖြူတုတ်တုတ်၊ ရုပ်ကလေးကလည်း ချစ်စရာ။ လူကလည်းသွက် စကားကလည်းတတ်။ အသက်ကလည်း ၁၃–၁၄ နှစ်အရွယ်၊ ကလေးစိတ်ကလည်းမကုန်။ နာမည်က ‘ခင်တုတ်’တဲ့။ သူဟာ အမျိုးသမီးကေဒါ တွေနဲ့ အတူ နေရတယ်။ ကလေးဆိုတော့ သိသိသမျှ ကြားကြား သမျှတွေ မှတ်ထားပြီး စကားကြီးစကားကျယ် သိပ်ပြောသတဲ့။ ရဲဘော်တွေနဲ့ စကားပြောရာ မှာလည်း သူ့ကိုစီးပိုးပြောတယ် ထင်ရင်လည်း နည်းနည်းမှ မခံဘူး။ ပြန်တွယ်တာပဲတဲ့။ အဲဒီမှာ ရဲဘော်တွေကလည်း ခင်တုတ်ကို မျက်စိစပါးမွေးစူးလာသတဲ့။ တနေ့မှာ ရဲဘော် တယောက်က ကိစ္စရှိလို့ ‘အမျိုးသမီးဆောင်’ကို ရောက်လာသတဲ့။ သတင်းစာကို ရဲဘော် တွေ တလှည့်စီ ဖတ်နေရတဲ့အချိန် ဖြစ်ပါတယ်။

ရဲဘော်တယောက်ဟာ သတင်းစာယူဖို့ လာတောင်းသတဲ့။ အဲဒီအချိန်က ရာသီဥတုဟာလည်း အလွန်ပူနေပါပြီ။ ဒီရဲဘော်ဆီကို ခင်တုတ်က သတင်းစာလာပေး တော့ အဲဒီရဲဘော်က သတင်းစာယူပြီး ပြန်သာလာရတယ်။ စိတ်ထဲမှာ တော်တော်ကို မကျေမနပ် ဖြစ်လာတယ်တဲ့။

ဖြစ်ပုံက ဒီလိုပါ။ သူ့ကို သတင်းစာလာပေးတဲ့အခါ ခင်တုတ်က ဘော်လီအင်္ကျီတို လေးနဲ့ ဘောင်းဘီတိုလေးသာ ဝတ်ထား တယ်ဆိုပဲ။ အပေါ်က ဘာအဝတ်မှ မပါဘူး။ အဲဒါကို အဲဒီရဲဘော်က “ခင်တုတ်က ငါ့ကို မလေးစားဘူး။ လူပါးဝတယ်။ သက်သက် ငါ့ကို စော်ကား တယ်”နဲ့ မကျေနိုင် မချမ်းနိုင်ဖြစ်ပြီး ကျန်သူငယ်ချင်းရဲဘော်တွေကို ပြောပြတော့ ကျန်ရဲဘော် တွေကလည်း (နေရှင်ပေါက်စတွေဆိုတော့) ဝိုင်းပြီးစိတ်ဆိုးကြ၊ ပြဿနာဖြစ်ကြသတဲ့။ နောက်ဆုံးတော့ ပြဿနာက ဗိုလ်မှူးရဲထွန်းဆီ ရောက်သွားပါတယ်။

ဗိုလ်မှူးက ပြဿနာဖြစ်တဲ့ရဲဘော်ကို ခေါ်ပြီးဆွေးနွေးတယ်တဲ့။ “သတင်းစာပေးတာ ဘယ်နေရာမှာလဲ”လို့ မေးတော့ အဲဒီရဲဘော်က “အမျိုးသမီး ဆောင်ထဲမှာပါ”လို့ ဖြေသတဲ့။ ဒီတော့ ဗိုလ်မှူးက “ဒီလောက်ပူအိုက်တဲ့ ရာသီမှာ သူ့အဆောင်ထဲမှာ သူနေတာ သူ့စိတ် ကြိုက် ဝတ်မှာပေါ့။ တို့ယောကျာ်းလေးတွေလည်း သိပ်ပူလာရင် ပုဆိုးမဝတ်တော့ဘဲ၊ ဘောင်းဘီတိုလေးနဲ့ နေတာပဲ မဟုတ်လား”လို့ ပြောတော့ ရဲဘော်က ဆက်ပြောသတဲ့။ “ယောကျာ်းလေးက ဘယ်လိုနေနေ၊ မိန်းမလေးက မနေသင့်ဘူး”လို့ ပြောသတဲ့။ “ဟ–မိန်းမလည်း လူပဲ။ ယောကျာ်းလည်း လူပဲ။ လူချင်း အတူတူပဲ။ သူ့အဆောင်ထဲ သူနေတာ။ လွတ်လွတ်လပ်လပ် နေခွင့်ရှိတာပေါ့။ အိမ်သာထဲမှာနေရင် ခင်တုတ် ဖင်ပေါ်တာတောင် မြင်ရအုံးမယ်။ ‘ရဲဘော်ကို စော်ကားတယ်’ဆိုရအောင်လည်း ခင်တုတ်က ရဲဘော်တို့ အဆောင်ထဲလာပြီး လမ်းသလား ပြနေတာလည်း မဟုတ်။ သူ့အဆောင်ထဲ သူနေတာပဲ။ သူ့ဟာသူ လွတ်လွတ်လပ်လပ်နေတာ ဘာဖြစ်သလဲ။ မိန်းမလည်း လူပဲ။ ယောကျာ်းလည်း လူပဲ။ လူချင်းအတူတူပဲ။ ဘာဖြစ်သလဲ” လို့ ပြောတော့မှ အဲဒီရဲဘော်လည်း သဘော ပေါက်သွားတော့သတဲ့။

လမ်းစဉ်ဆိုင်ရာပြဿနာမှာလည်း ဒီလိုပဲ။ တချိန်က ပါတီကချမှတ်ခဲ့တဲ့ ‘၅၅ လမ်း စဉ်’ကို လက်မခံဘူး။ သဘောမတူဘူး။ ဒါပေမယ့် ပါတီစည်းကမ်းအတိုင်း လိုက်နာပြီး မှတ်တမ်း တင်ထားတာပဲ ရှိတာပဲ။ ဘေးကရဲဘော်တွေ ဘယ်သူမှမသိပါဘူး။ ပါတီကဆုံးဖြတ် ထားတဲ့အတိုင်း လိုက်နာပြီး ကျရာတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပါတယ်။ နောင် အခါမှာ ပါတီက ‘၅၅လမ်းစဉ်’မှားကြောင်း၊ လမ်းစဉ်အသစ် ချမှတ်တဲ့ အချိန်ကျမှ ဦးရဲထွန်းက သဘောမတူခဲ့တဲ့အကြောင်းကို ဖော်ထုတ်ခဲ့တာဖြစ်တယ်။ ပါတီရဲ့ စည်းရုံးရေးစည်းကမ်းကို ကောင်းကောင်းမွန်မွန် လိုက်နာခဲ့သူဖြစ်တယ်။

အဲဒီဦးလေးဦးရဲထွန်းဟာ ၁၉၇၅ခုနှစ်မှာ ပါတီဗဟိုကော်မတီဝင် ပြန်လည်ဖြစ် လာခဲ့ပြီး ၁၉၈၅ခုနှစ် ပါတီရဲ့ တတိယအကြိမ် ပြည်လုံးဆိုင်ရာ ကွန်ဂရက်တွင်လည်း ဗဟို ကော်မတီအဖြစ် ထပ်မံရွေးချယ်ခြင်း ခံရပါတယ်။ ၁၉၉၂ခု၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဗဟိုစည်းရုံးရေးကော်မတီအသစ် ပေါ်ထွက်လာတဲ့အခါ ဗဟိုနာယကအဖွဲ့ဝင် ဖြစ်သွား ပါတယ်။ ၁၉၉၈ခုနှစ်၊ နိုဝင်ဘာလမှာ ကွယ်လွန်ခဲ့ပါတယ်။

မေမေဟာ ညကျတော့ အဒေါ်ပြောတဲ့အခြေအနေတွေကို ဖေဖေ့အား တဆင့် ပြောပြတော့ ဖေဖေဟာ အဒေါ်ပြောတဲ့သတင်းတွေကို သိပ်မယုံချင်ဘူး။ ဒါပေမယ့် ‘လုံးဝ မယုံဘူး’လို့ ပြန်မပြောဘဲ ငြိမ်နေတယ်တဲ့။

နောက်နေ့မှာပဲ အဒေါ်ဟာ ပြန်သွားတယ်။ သူ့သမီးလေးကို လာထားရတာမို့ သူတတ်နိုင်သလောက် ‘ဆန်’ကို ပို့ပေးပါတယ်။ မပေးဖို့ပြောလည်း မရပါ။ နောင်လ အချို့ ကြာတော့ တောဘက်မှာ နည်းနည်းအေးဆေးလာပေမယ့် ကျမတို့မြို့မှာ ပိုဆူလာပါတယ်။ မြို့ပေါ်မှာ ဗိုလ်စောလင်းတပ်က မြို့စောင့်တပ်ဖြစ်ပြီး တောကကွန်မြူနစ်တပ်တွေက မြို့ အနောက်ဘက်ခြမ်းက လာတိုက်တာ မြို့ကိုလာဝိုင်းတာ နှစ်ကြိမ်ရှိသွားပါပြီ။ ညတညလုံး ပစ်ခတ်လိုက်တဲ့ အသံတွေဟာ မစဲပါဘူး။ လူတွေ အော်တဲ့ အသံဟာလည်း ဆူညံနေတာ ပါပဲ။ ကျမတို့ဖြင့် ကြောက်လိုက်တာ နေစရာမရှိဘူး။ အလှကိုလည်း သူ့အမေက ပြန်ခေါ် သွားပါပြီ။ အလှက ဒီမှာပျော်နေတာပါ။ သိပ်မပြန်ချင်ပါဘူး။ မတတ်သာလို့ ပြန်သွားတာပါ။

ကွန်မြူနစ်တွေက မြို့အနောက်ဘက်အခြမ်းက လာတိုက်တာဆိုတော့ အခြေ အနေကလည်း မကောင်းပါဘူး။ မြို့စောင့်တပ်ဟာ တဖြည်းဖြည်းနဲ့ မြို့အနောက်ခြမ်းကို လွှတ်ပေးပြီး မြို့အရှေ့စက ဘုန်းကြီးကျောင်းတကျောင်းကို ပြောင်းရွှေ့တပ်စွဲနေပါတယ်။ (အဲဒီဘုန်းကြီးကျောင်းကို ဇေယျာသိမ် ကျောင်းတိုက်လို့ခေါ်ပါတယ်။ သူဌေးကျောင်းမို့ တိုက် ကျောင်းကြီးကလည်း ဟိန်းနေရုံမက ကျောင်းကလည်း ကျယ်ပြီး အုတ်တံတိုင်း ကာထား ပါတယ်။ စစ်တပ်က အဲဒီရောက်သွားတော့ မြို့ထဲက လူတွေလည်း အဲဒီကျောင်းကို ပြောင်းလိုက် သွားကြပါတယ်။ ဒီအထဲ ကျမတို့အိမ်လည်း ပါတယ်။ မြို့ထဲက ဓားပြတိုက် တာ၊ အနုကြမ်းစီးတာ၊ သူခိုးလည်း ပူတာမို့ ဘယ်သူမှ မနေရဲကြပါ။ ဒါကြောင့် ဘုန်းကြီး ကျောင်းအောက် အိမ်ထောင်လိုက် နေရာယူပြီး နေကြရတာ ဇာတ်သမားတွေ ကျနေတာပဲ။ ဘာအကာအရံမှ မရှိဘူး။ တိုက်ကျောင်းကြီးအောက်မှာ ကိုယ့်သေတ္တာ၊ ကုလားထိုင် စတာ တွေကို စည်းတားပြီး ချထား။ အဲဒီလို ပစ္စည်းတွေအတွင်းမှာ မိသားစု အိပ်သာရုံပဲ။ အလယ်ကောင်မှာ ဖျာခင်း အိပ်ကြပါတယ်။ မီးဖိုဆိုရင်လည်း

ကျောင်းအပြင်ဘက်မှာ တန်းစီပြီး ချက်စားကြပါတယ်။ ပွဲဈေးတန်းနဲ့ တူလိုက်တာ။ တခါတရံတော့ ပျော်သလိုလိုပဲ။

## မြို့သိမ်းပွဲ အောင်ပွဲခံပြီ

၁၉၄၉ခုနှစ်၊ မတ်လကုန်လောက် ဖြစ်မယ်ထင်ပါတယ်။ ရက်တော့ မမှတ်မိတော့ ပါဘူး။ နေ့တနေ့မှာ ကျမတို့အားလုံး နံနက်စာထမင်းတောင် မစားရသေးဘူး။ ချက်ပြုတ် နေတုန်းပဲ ရှိသေးတယ်။ အနောက်ဘက်ရှိ ငွေတောင်ကျောင်းတိုက် ဘုရားကုန်းကနေပြီး သူပုန် တပ် (ကွန် မြူ နစ်တပ်)က သေနတ်နဲ့ လှမ်းပစ်နေတယ်။ ကျောင်းဝိုင်းထဲက မြို့စောင့် တပ်ကလည်း ကတုတ်ကျင်းကနေ ခံပစ်နေတယ်။ တခါတရံ ကျည်ဆန်တွေဟာ ထမင်းချက်တဲ့နေရာကို ရောက်လာတတ်ပါတယ်။ လူတွေလည်း အော်ကြ၊ ဟစ်ကြနဲ့ ဆူညံနေပြီး ကြောက်လန့်တကြား ပြေးကြလွှားကြ ဖြစ်ကုန်ပါပြီ။ အဲဒီနေ့က ဖေဖေလည်း ရှိတယ်။ အစ်ကို ကြီးလည်း ရှိပါတယ်။ "မီးဖိုက မီးတွေကို ငြိမ်းပစ်ကြ၊ ကျောင်းအောက်မှာ ဝင်နေ၊ ကောင်းကောင်းနေကြ၊ မပြေးကြနဲ့"လို့ ဘုန်းဘုရားက အော်ဟစ်သတိပေးနေတာကြောင့် ကျောင်းအောက်က ကိုယ့်အိပ်ရာထဲမှာပဲ အားလုံးထိုင်နေကြပါတယ်။ "ဒုက္ခပါပဲ။ ပြေးစရာ လည်း မရှိတော့ဘူး"

## မကြောက်ကြပါနဲ့–ကျနော်တို့က
## ကွန်မြူနစ်တပ်မတော်ကပါ
## မိဘပြည်သူများရဲ့ သားသမီးတွေပါ

သေနတ်သံဟာ တဖြည်းဖြည်းနဲ့ စဲလာပါပြီ။ အကြာကြီးနေမှ တချက်တချက် လောက်ပဲ ကြားရပါတော့တယ်။ နေ့လည် တနာရီလောက်ကျတော့ ကျောင်းဝိုင်းထဲက လူငယ်တယောက် ပြေးလာပြီး ကျမဖေဖေကို လာပြောပါတယ်။

"ဦးလေးအောင် ကျောင်းဝိုင်းထဲက မြို့စောင့်တပ် ဆုတ်ပြေးသွားပြီ။ တယောက်မှ မရှိတော့ဘူး"

ဖေဖေဟာ မျက်နှာတွေမဲပြီး ဆောက်တည်ရာမရ ဖြစ်သွားပါတယ်။

"ဒုက္ခပါပဲ။ ကွန်မြူနစ်တပ်တွေတော့ ရောက်လာ တော့မှာပဲ။ မရင်ရေ တို့တော့ ဒုက္ခပဲ။ ဘယ်လိုလုပ်ကြမလဲ "

ဖေဖေ့စကားကြောင့် မေမေလည်း တုန်တုန်ရီရီ ဖြစ်သွားပါတယ်။ ဖေဖေဟာ ရွှေငွေ ပစ္စည်းတွေ ထည့်ထားတဲ့ သေတ္တာကြီးကိုမ,ပြီး ဘယ်နေရာ ထားရမှန်း မသိဖြစ်နေပါတယ်။ (အဲဒီသေတ္တာထဲမှာ ကျမတို့မိသားစု ဝတ်တဲ့ လက်ဝတ်ရတနာလေးတွေ အားလုံးရှိပါတယ်။ ငွေသားတချို့ ရှိပါတယ်။) ကျမလည်း တွေးပြီး ကြောက်နေပါတယ်။ "ဘုရား၊ ဘုရား ဒီပစ္စည်း တွေ ပါကုန်ရင်တော့ ဒုက္ခပါပဲ"။ အစ်ကိုကြီးနဲ့မမတို့လည်း ပြာယာခတ်နေပါတယ်။

အားလုံးဟာ တည်တည်ငြိမ်ငြိမ်ကို မရှိတော့ပါဘူး။ သေတ္တာကြီးတွေ မ,မပြီး ဟို သွား ထားရမလို၊ ဒီသွား ထားရမလို ဖြစ်နေကြတယ်။

ညနေ (၃)နာရီလောက်မှာ လူငယ်တချို့ ပြေးလာပါတယ်။ "ကျောင်းဝိုင်းဝင်း တံခါးပေါက်မှာ ကွန်မြူနစ်တပ်တွေ ရောက်လာကုန်ပြီ"လို့ လာအော်ပြောပါတယ်။

နောက်တယောက် ထပ်လာပြီး ပြောပြန်ပါတယ်။

"ကွန်မြူနစ်တပ်တွေ ကျောင်း ဝိုင်းထဲ ရောက်လာကုန်ပြီ။ ဗိုလ်လုပ်တဲ့သူနဲ့ ဘုန်းဘုန်းနဲ့ အပြန်အလှန် ဘာတွေ ပြောနေကြလဲ မသိဘူး။ ပြောနေကြတယ်"တဲ့။

လူတွေ ဟာ ပိုပြီး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြတယ်။

"ဟေ့–ကိုယ့်ပစ္စည်းတွေအနားမှာပဲ ကိုယ်ထိုင်ကြ။ ဘယ်သူမှ မသွားကြနဲ့။ ကလေးမလေးတွေလည်း ရုပ်ဖျက်၊ ဘယ်မှ မထွက်ကြနဲ့။ လူကြီးတွေ အနားမှာပဲ ထိုင်နေ ကြ"တဲ့။

လူကြီးတယောက်က အော်ပြောလိုက်တော့ အားလုံးက သဘောတူကြတယ်။ ဒီတော့ ကလေးမလေးတွေလည်း မီးဖိုကို သွားကြပြီး ဒယ်အိုးဖင်က အိုးမဲတွေနဲ့ မျက်နှာကို သုတ်ကြလုပ်ကြနဲ့ အလုပ်ရှုပ်နေကြပါတယ်။

ကျမလည်း သွားမယ်လုပ်တော့ မေမေက "ဟဲ့–ကလေး သွား မနေနဲ့။ ရေချိုးရင် ခြုံတဲ့ တဘက်ကြီး ခေါင်းမြီးခြုံထား။ မေမေတို့ အနားမှာပဲ ထိုင်။ ဘယ်မှ မသွားနဲ့။ လာ ... လာ ... တဲ့"။ ဒါနဲ့ ကျမလည်း မွေးပွတဘက်ကြီးကို ခေါင်းမြီးခြုံပြီးတော့ မေမေနဲ့ ဖေဖေကြားမှာ ဝင်ထိုင် နေလိုက်ပါတယ်။ ဘေးမှာ အစ်ကိုကြီးနဲ့ မမလည်းရှိတယ်။

"အေး ... ဟုတ်ပြီ။ ခေါင်းကိုငုံ့ထား။ မော့မကြည့်နဲ့"

ခဏလောက်နေတော့ စစ်သားတွေ ကျောင်းအောက်ကို ဝင်လာနေပါပြီ။ အစိတ် သုံးဆယ်လောက် ရှိမယ်။ ယူနီဖောင်း အစိမ်းရောင်နဲ့ပဲ။ တဖြည်းဖြည်းနဲ့ ကျမတို့ ရှိတဲ့နေရာ နဲ့ နီးလာပါပြီ။ အဲဒီထဲက ဗိုလ်လုပ်တဲ့လူက ရှေ့က ဖြည်းဖြည်းချင်း လျှောက်လာပြီး ဒီလိုပြော လိုက် ပါတယ်။

"မိဘပြည်သူများခင်ဗျား ... ကျနော်တို့ကို မကြောက်ကြပါနဲ့။ ကျနော်တို့ဟာ ဗမာပြည် ကွန်မြူနစ်ပါတီက ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သားတွေပါ။ ကျနော်တို့ ဟာ မိဘပြည် သူများရဲ့ သားသမီးတွေပါ။ ဘာမှ မစိုးရိမ်ကြပါနဲ့။ အခု ကျနော်တို့ ဘိနပ်တွေ စီးထားတာလည်း စစ်ရေးလိုအပ်ချက်ကြောင့်ပါ။ ဘုန်းဘုရားဆီမှာ ခွင့်တောင်းပြီး စီးခွင့်ရမှ စီးထားတာပါခင်ဗျား။ ဦးတို့ဒေါ်ဒေါ်တို့အားလုံး ကိုယ့်နေရာမှာပဲ ကိုယ်နေကြပါခင်ဗျား။ ဟိုသွားဒီလာ မလုပ်ကြပါနဲ့။ မေတ္တာရပ်ခံပါတယ်ခင်ဗျား"

ကျန်တဲ့ ရဲဘော်တွေ ဟာ သူတို့ခေါင်းဆောင်ရဲ့ ဘေးနဲ့ နောက်မှာပဲ ဝန်းရံထားပြီး မျက်လုံးများက ကျောင်းအောက် တခုလုံးကို အနှံ့ သတိထားကြည့်နေတဲ့ပုံ ပေါ်ပါတယ်။ နာရီဝက်လောက်ရှိတော့ ရဲဘော်တယောက်က ဗိုလ်လုပ်သူထံကို သတင်းပို့ပါတယ်။ ကျောင်းဝိုင်းတခုလုံး ရှင်းပြီးပြီ ဖြစ်ကြောင်းပြောပါတယ်။ ဗိုလ်လုပ်သူက အေးအေးဆေးဆေးပဲ စကားကို ဆက်ပြောနေပါတယ်။

"မိဘပြည်သူများခင်ဗျား–စိတ်အေးအေးချမ်းချမ်းနဲ့ ပင်ကိုယ်အတိုင်းပဲ အလုပ်များကို ဆက်ပြီး လုပ်နိုင်ကြပါတယ်။ ကျနော် တို့ ကွန်မြူနစ်တပ်က တမြို့လုံးကို သိမ်းပိုက် ပြီးပါပြီ။ ဒီနေ့ည၊ ဒီကျောင်းအောက်မှာပဲ ကျနော်တို့ တရားပွဲ ကျင်းပပါမယ်။ မိဘ ပြည်သူ များ အားလုံး တရားပွဲကို ကြွရောက်ပါရန် အလေးအနက် ဖိတ်ကြားအပ်ပါတယ်ခင်ဗျား" လို့ပြောပြီး ဖြည်းဖြည်းချင်း ပြန်ထွက်သွား တယ်။

ကျောင်းအောက်က အပေါက်ဝ အထွက်မှာ တကြိမ် ထပ်အော်ပြောပြီး ဒီည တရားပွဲကို အားလုံးတက်ရောက်ကြဖို့ ဖိတ်ကြားပြန်ပါတယ်။

ကျောင်း အောက်ကထွက်ပြီး ကျောင်းဝင်းထဲမှာ ကွန်မြူနစ်တပ်တွေ တန်းစီလူစစ်လုပ်နေတာ လူတော် တော်များပါတယ်။ အဲဒါ ပြီးတော့ ကွန်မြူနစ်တပ်တွေ အားလုံးပြန်ထွက်သွားပါပြီ။

### ငိုအားထက်ရယ်အားသန်

ကွန်မြူနစ်တပ်တွေ ထွက်သွားပြီးနောက် ကျွန်မတို့လူအုပ်ကြီးဟာ တဝါးဝါးနဲ့ ပွဲကျနေပါတယ်။ အဲဒီမှာ 'ဦးရွှေ'ဆိုတဲ့ ဦးလေးကြီးက အလွန်ပျော်တတ်၊ နောက်တတ် ပါတယ်။ ကွန်မြူနစ်တပ်တွေ ကျောင်းဝိုင်းထဲ ရောက်လာတော့ သူက အိမ်သာ ခဏခဏ တက်ချင်တာ ကြောက်လို့ မသွားရဲဘဲ ဖင်ကို ဖနောင့်နဲ့ ပိတ်ပြီးထိုင်နေရတယ် ဆိုတဲ့ အ ကြောင်း၊ အရင်က ကြားဖူးတာက

"ကွန်မြူ နစ်တွေဆိုတာ လူရိုင်းတွေ၊ ဘာယဉ်ကျေးမှုမှ မရှိ၊ ဆံပင်ကလည်း အရှည်ကြီး၊ နှုတ်ခမ်းမွေးတွေ မုတ်ဆိတ်မွေးတွေကလည်း အရှည်ကြီးတွေနဲ့ အဝတ်အစား တွေကလည်း စုတ်စုတ်ပြတ်ပြတ်နဲ့ ဘာပစ္စည်းတွေ့တွေ့ အကုန် သိမ်းယူတာပဲတဲ့။ မိန်းကလေးတွေ တွေ့ရင်လည်း သူ့ရဲ့သူ့ဘက်တွေလိုပဲ ဝိုင်းဆွဲကြ တယ်ဆိုတော့ ကြောက် လိုက်ရတာ။ တကယ့်တကယ် တွေ့တော့လည်း ဘာမှမဟုတ်ဘူး။ ယဉ်ကျေး လိုက်တာမှ အလွန်ပဲ။ ဟို – ဗိုလ်လုပ်တဲ့လူက ရုပ်ကလည်းချော၊ အပြောကလည်း ကောင်း၊ အသံ ကလည်းကောင်းသလား မမေးနဲ့ ကြည့်ရင်းနဲ့ သားမက်တောင် တော်လိုက်ချင် သေး" လို့ ပြောလိုက်တော့ ဘေးကလူတွေ အားလုံးက ဝါးကနဲ ဝိုင်းရယ်လိုက်ကြတယ်။

ဘေးကသူ့တူမလေး 'မေရီ'က သူ့ဦးလေးကို လှမ်းပြီး မျက်စောင်းတချက်ထိုး လိုက်ပါတယ်။ ဦးရွှေရဲ့ဇနီး'ဒေါ်ငယ်'ကလည်း "တော်ကလည်းတော် … ဘာတွေ ရှောက်ပြောနေမှန်း မသိပါဘူး။ ကလေးမက ငယ်ပါသေးတယ်"လို့ ပြောလိုက်တော့–

ဦးလေးရွှေက ဆက်ပြီး "အမလေးဟဲ့–မုန့်ဆီကြော်ပဲ ရ,ရပါအုံး … နှုတ်ခမ်းနာနဲ့ တည့်ပါ့မလား လုပ်မနေစမ်းပါနဲ့"လို့ မဲ့ရွဲ့ပြီး ပြောနေတုန်း … ဖြန်းကနဲ

"ဟေ့–သိပ်လည်း ပျော်မနေကြနဲ့ဦး။ အခုဟာက အစပဲရှိသေးတယ်။ ကွန်မြူနစ်ဆိုတာ နာမည်ကြီး။ ကမ္ဘာနဲ့ချီပြီး ကြောက်နေရတာ သိလား။ ဟင်း … ဟင်း … ဟင်း။ နောင်ကျောချမှ ဓားပြမှန်း သိကြမယ်နော်"

အသံကြားလို့ လှည့်ကြည့်လိုက်တော့ (စက်ရှင်တရားသူကြီးကတော်) မင်းက တော်ကြီး ဖြစ်နေပါတယ်။ မင်းကတော်ကြီးဟာ ပြောပြောဆိုဆိုနဲ့ သူ့ခန္ဓာကြီးကို တရွေ့ရွေ့ သယ်ယူရင်း ကျောင်းတံခါးမကြီးဆီ ထွက်သွားပါတယ်။ ဦးလေးရွှေကြီး အမူးပြုတဲ့ လူငယ် တသိုက် ပျော်ရွှင်နေတာကို မကြိုက်တဲ့ဟန်နဲ့ လာပြီး 'ဟောက်'သွားတာပါ။

ဦးလေးရွှေက မင်းကတော်ကြီးရဲ့ နောက်ကျောပြင်ကြီးကို လှမ်းကြည့်ရင်း စည်ပိုင်း ကြီး လိမ့်သွားသလို သွားနေတဲ့ မင်းကတော်ကြီးရဲ့ ဟန်ကို လုပ်ပြပြီး

"သင်းတို့ပဲ ကြောက်ကြ။ တို့နဲ့ ဘာဆိုင်လို့လဲ။ တို့က ဆင်းရဲသားပဲ"လို့ ပြောလိုက်ပါတယ်။

"ကိုရွှေကလည်းတော် စကားနည်း ရန်စဲတဲ့။ နေစမ်းပါ။ ဘာတွေ ရှောက်ပြော နေမှန်းကို မသိဘူး"

"ဟ–ငါ့ဘာသာ ပျော်ပျော်ပါးပါး နေတာ။ သင်းက မဆီမဆိုင် လာ 'ဟောက်'နေတာ။ သင်းက ဘာကြီးမို့လဲ"ကွ။

ဦးလေးရွှေရဲ့ အသံဟာ မာလာပါတယ်။

"အို–ကိုရွှေကလည်း ပြောလေ ကဲလေပါလား။ တိုးတိုးပြောပါတော်။ ဟိုက ကြား သွားမှဖြင့်…"

"အို–ကြားတော့လည်း ဘာဖြစ်လဲကွ။ အောင်မာ–ကိုယ်လုပ်မှ ကိုယ်စားရတာ–ဟင်း"

ဦးလေးရွှေဟာ ပြောရင်းဆိုရင်း ဒေါသဖြစ်လာပုံပေါက်ပါတယ်။ အသံဟာ မာ လည်းမာ၊ ကျယ်လည်းကျယ်လာပါတယ်။ စောစောက ပျော်ပျော်ပါးပါးနဲ့ စည်ကားနေတဲ့ စကား ဝိုင်းလေးဟာ မင်းကတော်ကြီးရဲ့ စကားကြောင့် ဆန့်ကျင်ဘက်ကို ပြောင်းသွားခဲ့ပါပြီ။

### ဝမ်းနည်းဝမ်းသာ

ညဟာ တိတ်ဆိတ် ငြိမ်သက်နေသလို ကွန်မြူနစ်တရားပွဲကလည်း စ,ပါပြီ။ အောက်လင်းဓာတ်မီးကြီးနှစ်လုံးကလည်း ကျောင်းအောက်တခုလုံး လင်းထိန်လို့နေတာပါပဲ။ ပရိသတ် တော်တော်များပါတယ်။ မင်းကတော်ကြီးလည်း နောက်နားမှာ ပါ,ပါတယ်။ ခါတိုင်းလို စွာကျယ်စွာကျယ် မဟုတ်တော့ဘဲ ခပ်ကုပ်ကုပ်လေးထိုင်နေပါတယ်။ တရားဟော စင်မြင့် ပေါ်မှာ လူ ၁၄–၅ ယောက်လောက် ရှိပါတယ်။ ခုံတန်းလျား နှစ်လုံးကို ဆက်ချထားပြီး လူအပြည့် ထိုင်နေကြပါတယ်။ စစ်ယူနီဖောင်းနဲ့ ၃ ယောက်လောက်ပဲပါပြီး အဲဒီလူ တွေကလွဲရင် ကျန်အားလုံးက အရပ်ဝတ်တွေနဲ့ပါ။ သူတို့အားလုံးမှာ ခြောက်လုံးပြူးတွေ ချိတ် ထားပါတယ်။ ယူနီဖောင်းနဲ့ ၃ ယောက်ကလည်း တယောက်က ကာဘိုင်၊ နှစ်ယောက်က စတင်းဂန်း ကိုင်ထားတယ်။ နောက်က အနီရောင်ပေါ်မှာ အဝါရောင် တူတံစဉ်ဟာ နောက် ခံအနီရောင်နဲ့ အလွန်ကို ပနံရလှပြီး ကြည့်လို့လည်း မငြီးနိုင်ပါဘူး။ တရားပွဲကို 'အောင်လံနီ'သီချင်းနဲ့ စဖွင့်ပါတယ်။ အဖြူရောင် ရင်ဖုံးအင်္ကျီလေးနဲ့ အစိမ်းရင့် ရောင်လုံ ချည်ကို သပ်သပ်ရပ်ရပ် ဝတ်ထားတဲ့ အဲဒီအမျိုးသမီးလေးဟာ ရဲဘော်မထွေးရင်တဲ့။ အောင်လံနီသီချင်းဆိုတာ ဒီတခါပဲ ကြားဖူးပါတယ်။

#### ***အောင်လံနီသီချင်း***

*အနီရောင်ကို နောက်ခံထားပါလို့ မဖောက်ပြန်ကြပါတဲ့ × တို့–အလုပ်သမား × လယ်သမားတွေရယ်×× အားစုခြင်းကို အဓိပ္ပာယ်ပြတယ်× ကွန်မြူနစ်လောက ×ထူထောင်မယ် × × × × × × × × × × ×*

*အောင်လံနီဟာကွယ် × ရဲရင့်တဲ့အဓိပ္ပာယ်ရတယ် × တူရယ် × တံစဉ်ရယ် × အားစုတဲ့ ဉပမာပြတယ် × × × × × ထူးတဲ့ အောင်လံနီရယ် × ကမ္ဘာတဝှမ်းမှာ လွှမ်းလို့နေပြီကွယ်×*

*(သံပြိုင်)…တူကိုကိုင်စွဲကြတဲ့ × အလုပ်သမားလူထုရယ် × တံစဉ်ကို ကိုင်စွဲကြတဲ့ × လယ်သမားလူထုရယ် × ပေါင်းရမယ် × × × × × × × မှန်းမျှော်ရည် မြေရှင်စနစ်ကို တိုက်ဖြက်ပစ်ရမယ်။ မှန်းမျှော်ရည် အရင်းရှင်စနစ်ကို တိုက်ဖျက်ပစ်ရမယ်။*

(သီချင်းစာသားတွေ အကုန် မမှတ်မိတော့ပါ)

သီချင်းလည်းဆုံးရော … အို–တီးလိုက်တဲ့ လက်ခုပ်သြဘာသံတွေဟာ တော်တော်နဲ့ မစဲပါဘူး။ သူ့ရဲ့အသံက လေးနက်တည်ငြိမ်ပြီး

တက်ကြွမှုလည်း ပါ, ပါတယ်။ အသံ ကလည်း ကောင်း၊ ဆိုလည်းဆိုတတ်တယ်။ သံပြိုင်အပိုဒ်မှာ ကျန်တဲ့လူတွေအားလုံး ရပ်ပြီးဝိုင်းဆို ကြတယ်။ နားထောင်လို့ အင်မတန်ကောင်းပါတယ်။

သီချင်းလည်းဆုံးရော လူကြီးတယောက် ထွက်လာပြီး တရားဟောပါတယ်။

## ကွန်မြူနစ်ဆိုတာ

ဟောပြောတာတွေက အများကြီးပါပဲ။ ဒါပေမယ့် ကျွန်မနားလည်တာကတော့ နည်းနည်းပါပဲ။

"ကွန်မြူနစ်ဆိုတာ လူသတ်ဝါဒသမားတွေ မဟုတ်ဘူး။ ကျေးလက်မှာ အင်မတန် ဆိုးသွမ်းပြီး လူထုအပေါ် ဗိုလ်ကျရမ်းကားနေတဲ့ သူကြီးဆိုးတွေ၊ အရာရှိဆိုး တွေကိုသာ ဆုံးမတဲ့ အနေနဲ့ သတ်တာပါ"။

"တချို့ရွာတွေမှာ မြေရှင်ဆိုးတွေ ရှိတယ်။ ဆင်းရဲသားတွေအပေါ် မတရား ဖိနှိပ် သွေးစုပ်ပြီးတော့ သမီးပျိုလေးတွေကိုလည်း ဖျက်ဆီးတယ်။ ဒီလိုမြေရှင်ဆိုးတွေကို ပစ္စည်းတွေ သိမ်းရုံမက လူကိုလည်း ဆုံးမပစ်ရတယ်"တဲ့။

"ပစ္စည်းတွေသိမ်းတယ်ဆိုတာ လူတိုင်းဆီက သိမ်းတာမဟုတ်ဘူး။ ကျေးလက်မှာ ဆိုရင် လယ်သမားတွေဆီက မတရားသွေးစုပ်ယူထားတဲ့ မြေရှင်တွေရဲ့ ပစ္စည်းတွေ၊ မြို့ပေါ် ဆိုရင်လည်း ဒီလိုပဲ။ ဆင်းရဲသားတွေအပေါ် မတရားဖိနှိပ်သွေးစုပ်တဲ့ အတိုးကြီးစားနေရှင်၊ အရင်းရှင်ကြီးတွေရဲ့ ပစ္စည်းတွေကိုဆိုရင် သိမ်းတယ်။ လူထုအပေါ် မတရား ဗိုလ်ကျရမ်းကား နေတဲ့ အရာရှိဆိုးတွေရှိတယ်။ အဲလိုလူမျိုးတွေ ဆိုရင်လည်း ရှင်းပစ်ရမယ်"

"ကျွန်တော်တို့ ကွန်မြူနစ်တွေဟာ ဆင်းရဲသား အဖိနှိပ်ခံပြည်သူတွေနဲ့ အတူ ရပ်တည်ပြီး အဖိနှိပ်ခံပြည်သူတွေရဲ့ အကျိုးကို လုပ်ဆောင်သူတွေပါ။ နောက်ဆုံးရည်မှန်းချက် ကတော့ လူလူချင်း သွေးစုပ်မှုကင်းတဲ့ ကွန်မြူနစ်လောကအထိ ချီတက်ကြရပါမယ်"

အဲဒီလို ဟောပြီးသွားတဲ့နောက် ဩဘာသံတွေ ဆူညံသွားတာပါပဲ။ နောက် အခမ်းအနားမှူးက "အခု–ရဲဘော်ဝင်းဆွေက လက်ရှိအခြေအနေတွေကို တင်ပြပါလိမ့်မယ်။ ရဲဘော်ဝင်းဆွေ ကြွပါခင်ဗျား"လို့ ဖိတ်ခေါ်လိုက်တော့ မီးရောင်အောက်ကို ထွက်လာတဲ့ သူကတော့ တခြားလူ မဟုတ်ပါဘူး။ နေ့လည်တုန်းက ကျောင်းဝိုင်းထဲ တပ်နဲ့ဝင်လာခဲ့ တုန်းက ဗိုလ်လုပ်တဲ့သူ ဖြစ်နေပါတယ်။ သူပြော တာကတော့–

"မိဘပြည်သူများခင်ဗျား ... ကျွန်တော်တို့ဟာ အစိုးရက ဝါဒဖြန့်နေသလို လူရိုင်း လူဆိုးတွေ သူခိုးဓားပြတွေ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ *"မတိုက်ရင် သေမှာမို့ မသေ အောင် ပြန်တိုက်နေရသူတွေပါ"* ။ လက်ရှိအစိုးရဟာ လက်နက်အားနဲ့ တဘက်သတ် အနိုင်ကျင့်ပြီး ဘာမှမပြော ဘာမှစစ်မကြေညာဘဲ မတ်လ(၂၈)ရက်နေ့မှာ အလစ်အငိုက် ဖမ်းပြီး တပြည်လုံးမှာရှိတဲ့ ကွန်မြူနစ်တွေကို မတရား ဖမ်းဆီးထောင်ချ၊ မတရား နှိပ်စက် ညှဉ်းပန်း နေတယ်။ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးတောင် ကံကောင်းလို့ သီသီလေး လွတ်တယ်။ ကျွန်တော်တို့ ကွန်မြူနစ်ပါတီက ရဲဘော်တွေ အင်အားတဝက်လောက် အဖမ်းခံရပြီး ထောင် ထဲရောက်ကုန်ပါတယ်။

ဗမာပြည် လွတ်လပ်ရေးရအောင် နယ်ချဲ့သမားကို ဆန့်ကျင်တိုက်ခိုက်တာလည်း အတူတူ၊ ဖက်ဆစ်ဂျပန်ကို တော်လှန်တိုက်ခိုက်တော့လည်း အတူတူ အခု လွတ်လပ်ရေးရပြီး သူတို့အာဏာရလာတော့မှ တလျှောက်လုံး အသက်ပေးပြီး လက်တွဲလာခဲ့တဲ့ ကိုယ့် ရဲဘော် တွေကို ဘာမပြော၊ ညာမပြော အလစ်အငိုက်ဖမ်းပြီး ထောင်ချ သတ်ဖြတ်နေတာ တရား သလား။ ဒါတင် မကသေးပါဘူး။ ပါတီအခြေခံစခန်းရှိရာ တောင်ညိုနယ်တဝိုက်မှာရှိတဲ့ ကျေးရွာတွေအားလုံးမှာလည်း ယောက်ျားမှန်သမျှ အကုန်ဖမ်းသတ်၊ အမျိုးသမီးမှန်သမျှ ဆယ်နှစ်သမီးအရွယ်ကနေ အသက်(၅၀)ကျော်အထိ အားလုံးကို မတရားစော်ကား။ စားလို့ရတဲ့ ပစ္စည်းမှန်သမျှ အကုန်လုယက်ယူငင် စား။ စားမကုန်ရင် ဖျက်ဆီးပစ်ပြီးတော့ ရွာတွေအကုန် မီးရှို့။ "အကုန်လု၊ အကုန်သတ်၊ အကုန်မီးရှို့ဆိုတဲ့ (၃)ပြောင်စနစ်နဲ့ အကုန်လုပ် နေပါတယ်။ အခု တောင်ညိုတဝိုက်က ပြည်သူတွေ စားစရာမရှိလို့ တော်ပြတ်ပြီး တောထဲမှာရှိတဲ့ ကြွေးဥတွေ လိုက်တူးရင်း သေသူကသေ၊ ကြွေးဥတွေစားတော့ စားနေကျ မဟုတ်တော့ (မတောက်အောင်၊ အဆိပ်မဖြစ်အောင် မစားတတ်လို့) ကြွေးဥစားပြီး တအိမ်လုံး သေသူကသေနဲ့ ဒုက္ခပင်လယ်ဝေနေပါတယ်။ အခုကျွန်တော်ပြောတာကို မယုံရင် မိဘပြည်သူများ ဝေးဝေးသွား စုံစမ်းစရာ မလိုပါဘူးခင်ဗျား။ ပျဉ်းမနားမြို့နဲ့ (၃)မိုင်ပဲဝေးတဲ့ 'ပြန်ကပြေး' 'ဆိတ်နံ့ကုန်း' ရွာမှာသွားပြီး စုံစမ်းကြည့်ရင် အခုကျွန်တော်ပြောတာထက် ပိုပြီး စုံစုံလင်လင် သိရပါ လိမ့်မယ်။

သူခိုးဓားပြ သောင်းကျန်းသူတွေဟာ ကျွန်တော်တို့ မဟုတ်ပါဘူး။ သူတို့ဖြစ်ပါ တယ်။ ဦးနုအစိုးရဟာ အာဏာအားကိုး လက်နက်အားကိုးနဲ့ မတရားအနိုင်ကျင့် ကျွန်တော် တို့ကို လိုက်သတ်နေတယ်။

ဒါကြောင့် ***"မတိုက်ရင်သေမှာမို့ မသေအောင် ပြန်တိုက်ရပါ တယ်"။***

ဗိုလ်ဝင်းဆွေ ပြောပြတာဟာ အလှရဲ့ အမေပြောပြတာထက် ပိုစုံလင်ပါတယ်။ သူက ခံစားမှု အပြည့်နဲ့ ပြောတယ်။ အပြောအဟောကလည်း ကောင်းတော့ ပရိသတ်ကြီး ဟာ ငြိမ်ကျနေပါတယ်။ သူပြောတာလည်းပြီးရော 'ဓားမိုးရွာသီချင်း' ကို ဝိုင်းဆိုကြပါတယ်။

## ဓားမိုးရွာသီချင်း

*(မတရားတာလုပ်ရင် × တို့မခံဘူးဟေ့ × မထူးတဲ့ အတူတော့ အသေခံကာ × ချမယ် × ချမယ်။ တသက်အပြင် နှစ်သက်ဟာ မသေပါဘူးကွဲ့ × ရဲတဲ့ဗမာရဲ့ ဂုဏ်ရောင် ပြောင်စေ့မယ်× တိုက်မယ်ခိုက်မယ်)၂ တို့ရွာတွေ မီးရှို့ပြီးတော့ တိရိစ္ဆာန်နည်းနဲ့ ရွာသားတွေ လည်း သတ်ပြန်ပါလေတယ်။ မတရားလေခြင်းနော် × အတင်းဆော်ကြပါမယ်။*

***သံပြိုင်*** *... (ရှေ့ကိုချီမယ်လေ × တက်ဟေ × တက်ဟေ × အင်္ဂလိပ်ကမွေးတဲ့ ဟိုခွေးတွေ × သတ်ဟေ × သတ်ဟေ) ၂ ကျူးပင်ခုတ်သလို မတရား အမျိုးတွေ ဓားမိုးရွာမယ်လေ။*

*(တို့ပါတီရှေ့ဆောင်ကာရယ် × သင်းတို့တတွေကို တိုက်ဖျက်ပစ်မယ်)၂ × (လမ်းမှန်လို့ရယ် × ကြိုက်တယ် × လိုက်မယ် × တ ရားတာမို့ကွယ် × တို့နိုင်ရမယ်)၂ × ဟယ် ... နေအစိုးရကိုပြုတ်အောင် တို့တိုက်မယ် × တို့ကြက်ကို × အတင်းဆွဲခဲ့သလို × တို့ဝက်ကို အတင်းဆွဲခဲ့ သလို ဖြစ်စေမယ် × × ကြက်ဝက်သေသလို အသေဆိုးနဲ့ ရန်သူအပေါင်းကို အလောင်းချင်း ထပ်စေမယ် ×*

*ရှေ့ကိုချီမယ်လေ ... ... ... ... ... ... ဓားမိုးရွာမယ်လေ×*

လူထုပရိသတ်ကြီးဟာ အရှိန်တက်လာနေပါပြီ။ ရဲဘော်ဝင်းဆွေ ဟောပြောပွဲလည်း ပြီးရော တီးလိုက်တဲ့ လက်ခုပ်ဩဘာသံတွေ။

လက်ခေါက်မှုတ်သံတွေဟာ တော်တော် နဲ့ မစဲပါဘူး။ သူတို့ ဆိုသွားတဲ့ 'ဓားမိုးရွာ' သီချင်းကလည်းကောင်း၊ အားမာန်ကလည်းပါ။ အခြေအနေနဲ့လည်း ကိုက်ညီတော့ ကြားရသူတိုင်း ကြက်သီးတဖြန်းဖြန်း ထစေပါတယ်။ ပရိသတ်ဟာ တော်တော်နဲ့ မငြိမ်ဘူး။

အခမ်းအ နားမှူးဟာ ပရိသတ်ကြီး ငြိမ်အသွားမှာ "အခုဆက်လက်ပြီး ရဲဘော်(မ) တင်သိန်းက 'အမျိုးသမီးဘ၀ လွတ်မြောက်ရေး'နဲ့ ပတ်သက်ပြီး တင်ပြပါ့မယ်။ ရဲဘော် တင်သိန်း ကြွပါခင်ဗျား"လို့ ပြောအပြီးမှာ အမျိုးသမီးတယောက် ထွက်လာပြီး ပရိသတ်ကို ဦးညွှတ်အရိုအသေ ပေးလိုက်ပါတယ်။ ဒီအချိန်မှာပဲ အခမ်းအနားမှူးက "မိဘပြည်သူများ ခင်ဗျား ... ဒီရဲဘော်ဟာ ပြည်သူများဘက်က ရပ်တည်ပြီး ရန်သူကို ဘာမထီစိတ်ဓာတ်နဲ့ ရဲဝံ့စွာ အမျိုးသားများနဲ့ တန်းတူ ရှေ့တန်းက တိုက်ခိုက်နေတဲ့ 'မြင်းဖြူရှင် မခင်ညွန့်'ဆိုတာ သူပါပဲခင်ဗျား။ အမျိုးသမီးခေါင်းဆောင် တဦးလည်းဖြစ်ပါတယ်"လို့ ထပ်ပြီးမိတ်ဆက်ပေး လိုက်ရော ပရိသတ်ကြီးဟာ 'ဟာ''ဟယ်' နဲ့ တအံ့တသြ အသံတွေဟာ သြဘာသံကြီးနဲ့ အတူထွက်လာပါတယ်။

ကျမလည်း ဝမ်းသာအားရနဲ့ သြဘာပေးပြီး 'မြင်းဖြူရှင် မခင်ညွန့်'ကို သေသေ ချာချာ ကြည့်နေမိတယ်။ အသားညိုညို ကိုယ်လုံး တုတ်တုတ်ခိုင်ခိုင်နဲ့ အသက်(၃၀) ပတ်ဝန်း ကျင်လောက် ရှိပါအုံးမယ်။ မဲနက်နေတဲ့ ဆံပင်ကို သပ်သပ်ရပ်ရပ်ဖြီးပြီး၊ နောက်မှာ ဆံထုံး,ထုံး ထားပါတယ်။ ဆံပင်လည်း တော်တော်ကောင်းပါတယ်။ ရင်ဖုံးအင်္ကျီအဖြူလက်ရှည်နဲ့ အစိမ်းရင့်ရောင် ခြည်လုံချည် တပတ်နွမ်းလေးကို ဝတ်ထားပါတယ်။ ဘယ်လက်မှာ နာရီ တလုံး ပတ်ထားတာကလွဲလို့ ဘာဝတ်စား ပြင်ဆင်မှုမှ မရှိဘူး။ ရုပ်မလှပေမယ့် တည်ကြည် ခန့်ညားပြီး ကြည့်ရတာ အင်မတန် ကျက်သရေရှိပါတယ်။ စကားပြောလည်းကောင်းတယ်။ ပြတ်သား တယ်။ သူရဲ့ထူးခြားချက်က အသံပဲ။ အသံဟာ အောင်မြင်ပြီးတော့ သာယာ တယ်။

နောင်မှာမှ သိရတာက မြင်းဖြူရှင် မခင်ညွန့်ဟာ တပ်မဟာမှူး ဗိုလ်မှူးတင်ယုရဲ့ ဇနီးဖြစ်ပြီး တကယ်ကို တိုက်စွမ်းရည်ကောင်းသူ ရဲဘော်တဦးဖြစ်သလို အမျိုးသမီး ခေါင်း ဆောင်တဦးလည်း ဖြစ်ပါတယ်။ ဆက်ဆံရေးကောင်းပြီး ရဲဘော်အားလုံးကို ခင်မင် တတ်သူ ဖြစ်ပါတယ်။ ဇာတိက အေလာနယ်ကပါတဲ့။

ကျွန်မဟာ တရားဟောတာ နားထောင်နေရင်း ဟိုကပြောသွားတာတွေဟာ ကျွန်မ သိထားတွေနဲ့ ကိုက်ညီသွားရင် လျှပ်လက်သလို လက်ခနဲလက်ခနဲ ဖြစ်သွားပါတယ်။ အမျိုးသမီးတွေဟာ လူဖြစ်ပေမယ့် အရာရာမှာ အနှိမ်ခံရပုံတွေ ကိုပြောတဲ့အခါ မေမေ့ကို မသိမသာ အကဲခပ် ကြည့်မိပါတယ်။ မေမေက ခေါင်းအောက်ငုံ့ထားပြီး ဖေဖေကတော့ မျက် နှာထား ခပ်တင်းတင်းနဲ့ မကြိုက်တဲ့ပုံပါပဲ။ ဟိုကပြောတာတွေကို "ဟုတ်တယ်။ မှန်တယ်။ ဒီအတိုင်းဖြစ်နေတာပဲ"နဲ့ ထောက်ခံပြောနေတာကတော့ မမပါပဲ။ "အမျိုးသမီးဘ၀ လွတ်မြောက်ရေး"ပြီးတော့ "ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် စစ်ချီသီချင်း"နဲ့ တရား ပွဲကို ရုပ်သိမ်းပါတယ်။ သူတို့အားလုံး မတ်တပ်ရပ်ပြီး ညီညီညာညာ ဝိုင်းဆိုကြပါတယ်။ သီချင်းကလည်းကောင်းလိုက်တာ။ နားထောင်ရတာ အားရစရာကြီး။

## ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ချီသီချင်း

*[ပြည်သူ့လွတ်မြောက်ရေးတပ်မတော် × (ချီလာပါပြီ)၂ တိုက်ပွဲတိုင်းအောင်ပွဲ ဆင်မည် × ရဲရင့်ဇာနည်၊ ကြယ်နီအဆင်းလို ပြောင်လင်းပေသည်(စစ်ဖွဲ့စုံညီ)၂ ရဲရဲကြီးပဲ ရှေ့ကိုတက်ကြမည်]*

*သံပြိုင် ...(ရဲရင့်ကြတဲ့ အာဇာနည် × ပြည်သူလူထုသား ဖြစ်သည်)၂ လူထုနဲ့အမြဲညီ ရှေ့တန်းကနေကြမည် × ရန်သူမှန်ရင် အပြုတ်နှံပါမည် × (ဒုက္ခလည်း တို့က× ဘာမထီ × ကျရင်လည်း × ကျလို့သေပါစေ)၂ တို့ရာဇဝင်သစ်တည် × ပြည်သူ့စစ်ပွဲ နိုင်အောင်တိုက်လေမည်*

*(လက်စားချေပွဲကိုလေ × × တိုက်ကြတော့မည် × တုတ်ဓားတွေ စွဲကာလေ × လိုက်ပါတော့အတည်)၂ ပြည်သူတွေသည် × မခံနိုင်ပေပြီ ×ဒီမိုကရေစီ ×အောင်လံ တော်×လွှင့်ခဲ့ပြီ × ရန်သူတွေဆီ × တို့တပ်မတော်ချီ*

*ရဲရင့်ကြတဲ့အာဇာနည် ... ... ... ... ... ... ... ပြည်သူ့စစ်ပွဲ နိုင်အောင်တိုက်လေမည်*

## စက်လည်းပျော်ပါနိုင်

တရားပွဲပြီးညဟာ ကျွန်မခေါင်းထဲ အတိတ်ကအရိပ်တွေ တခုပြီးတခု ရုပ်ရှင် ပြနေသလိုပဲ 'ဟိုအစ်မကြီးပြောတာတွေဟာ သွေးထွက်အောင် မှန်တယ်''လောကကြီး မှာ မိန်းမဖြစ်ရတာ တိရစ္ဆာန်နဲ့ အတူတူပဲ'လို့ ထင်မိပါတယ်။ ဟိုလွန်ခဲ့တဲ့ (၂)ရက်လောက်က ပဲ မေရီတို့အိမ်က 'ကျားဗို'က မီးဖိုနားလာအိပ်နေတာ ဒီခွေးကမောင်းလိုက်လဲ ခဏပဲ။ ပြီးရင် ဒီနေရာမှာပဲ လာအိပ်တာပဲ။ ဒါကြောင့် ချက်ရင်းပြုတ်ရင်းနဲ့ သူ့ကိုကျော်လိုက်၊ ခွလိုက် နဲ့လုပ် နေရတယ်။ ဒါကိုမေမေက မြင်တော့ "ဟဲ့ ... ဟဲ့ ခွေးကိုမကျော်နဲ့ ငရဲကြီးတတ် တယ်"တဲ့ လှမ်းအော်လိုက်တယ်။ ကျွန်မဟာ မေမေ့ကိုတော့ ပြန်မပြောရဲဘူး။ မမကိုတော့ ရင်ဖွင့်မိတယ်။ "ကြည့်ပါအုံးမမရယ် ... ကြည်တို့ မိန်းမတွေက ခွေးလောက်တောင် မမြတ်ဘူးတဲ့။ ကြည်တို့ မိန်းမဆိုတာ လူတွေပဲ။ ရဟန်းအစ်မလည်း ဖြစ်နိုင်တယ်။ ဘုန်းကြီး မယ်တော်လည်း ဖြစ်နိုင်တယ်။ ပြီးတော့ အလှူဒါန မျိုးစုံလည်း လှူဒါန်းနိုင်တယ်။ ဒါတင် မကသေးဘူး။ ဥပုသ်သီတင်းလည်း စောင့်နိုင်သေးတယ် မှုတ်ဖူးလား"လို့ မမကိုပြောတော့ မမက–

"အလကားပါဟာ ရှေးလူကြီးတွေက တယူသန်တွေ။ တော်တော်ခက်ပါတယ်။ အဲဒီခွေး နောက်ကို ဒီနေရာ လာမအိပ်ရဲအောင် ဒီတခါ နင် နာနာသာ ရိုက်လွှတ်လိုက်။ သိလား"တဲ့။ ဒီလိုနဲ့ပဲ ဒီကိစ္စ ပြီးခဲ့ရတယ်။ စိတ်ထဲကတော့ မခံချိ မခံသာ။

"ဘူးကောင်းတော့ စင်ခံ။ လင်ကောင်းတော့ စံရ။ လင်ကိုဘုရား၊ သားကိုသခင်၊ ရှိသေမှုပြုရအစဉ်"တဲ့။ ဩော်–မိန်းမဘ၀၊ မိန်းမဘ၀။ တချို့ ယောကျ်ားတွေဟာ ကိုယ့်သား မယားအပေါ် ကျွန်လိုသဘောထားပြီး ရက်စက်ကြတယ်။ ယုတ်မာကြတယ်။ အနိုင်ကျင့် ကြတယ်။ အဲဒီလို စဉ်းစားရင်းနဲ့ 'မကံယုံ'တို့ သားအမိရဲ့ သနားစဖွယ် မျက်နှာငယ်လေး နှစ်ခုကို ပြန်မြင်ယောင်လာတယ်။

ဟိုလွန်ခဲ့တဲ့ ၄ နှစ်ကျော်လောက်က ဂျပန်တော်လှန်ရေးအပြီး စစ်အပြီးမှာ မြို့ပေါ်က လူတွေဟာ တဖြည်းဖြည်းနဲ့ မြို့ပေါ် ပြန်လာ အခြေချကြတယ်။ ကျွန်မတို့လည်း မြို့အရှေ့စက စက်ဝင်းကြီးတခုထဲက တဲတန်းလျား အရှည်ကြီးမှာ မိတ်ဆွေ ၄ ဦး စုပြီး ငှား နေ ကြတယ်။ အဲဒီမှာ ကျွန်မတို့ကစားဖော် ၃ ယောက်ရှိတယ်။ တယောက်က တရုတ် ကပြားမလေး။ မျက်နှာသွယ်သွယ်လေးနဲ့ သိပ်လှတယ်။ သူနာမည်က 'အားမေ'တဲ့။ နောက်တ ယောက်က 'မကံယုံ'တဲ့။ အသားညိုညို၊ ဝတုတ်တုတ် အညာသူလေး။ သူက ကျွန်မတို့ ၃ ယောက်ထဲမှာ အကြီးဆုံး။ ဆံရစ်ဆံထောက

(ဂျပန်ဆံထောက်)လေးနဲ့။ ၁၃ နှစ်ကျော် လောက်ပေါ့။ တနေ့ ညသန်းကောင် အချိန် လောက်မှာ

"ငါ့ကို ဘာမှတ်သလဲ။ ငါမွေးလို့ ကြီးလာတာ။ နောက်ကို ငါပြောရင် နားထောင်မလားခွေးမလေး။ သေသွားမယ်–ဟင်း"

"အမယ်လေး–ကြောက်ပါပြီတော့။ အမေရေ ကယ်ပါအုံး"

"ကိုမှုံ–တော် ဘာလုပ်တာတုန်း။ ဒီလို မတော်မတရား မလုပ်ပါနဲ့"

"ကဲ–လုပ်တော့ ဘာဖြစ်သေးလဲဟာ။ နင်က ဘာကောင်မလဲ။ ကဲ–ဟာ။ ကဲ–ဟာ"

ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ ဆဲသံ၊ ရိုက်သံ၊ ငိုသံများဟာ ညရဲ့တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက် ပါတယ်။

"အမယ်လေး ... အရပ်ကတို့ရေ။ လာကြပါအုံး။ ကယ်ကြပါအုံး။ ကျုပ်တို့ သား အမိကို မတရား ..."

နောက်ထပ် ဗလုံးဗထွေး မပီမသ အသံတွေပဲ ကြားရပါတယ်။

"ကဲဟာ ... ကဲဟာ သေနာမ။ ဘယ်လင်အားကိုးနဲ့ အော်နေတာလဲ။ ဩော်–ဦးဟာ။ အော်–ဦးဟာ"

"အမယ်လေး–အဖေရဲ့ ကြောက်ပါပြီတော့။ အမေ့ကိုတော့ မလုပ်ပါနဲ့။ လည်ပင်း ကို ညှစ်နေတာ အမေသေပါတော့မယ်"

"ဟော့–ဘယ်ကောင်လာမလဲ။ သတ္တိရှိလာခဲ့စမ်း။ ငမှုံအကြောင်း သိသွားမယ်။ ဘယ်သူ့မှ မကြောက်ဘူးကွ"လို့ အော်ဟစ် ကြိမ်းမောင်းပြီး တဝုန်းဝုန်းတဒိုင်းဒိုင်းနဲ့ ဆက်ရိုက် နေပါတယ်။

တနာရီလောက်ကြာပြီးမှ ငြိမ်သွားပါတယ်။ ကျမဟာ မေမေကြီးကို–

"အမေ့ သနားပါတယ်အမေရယ်။ သွားကူပြောပြီး ဖြန်ပေးလိုက်ပါ"

"အို ... ဘာကြောင့် ဖြစ်မှန်းလည်း မသိဘဲနဲ့။ အရမ်းဝင်ပြောလို့ မရဘူး။ ဒါမျိုး ဆိုတာ ကိုယ့်ပါ ဆက်ရမ်းတတ်တယ်"

နောက်တနေ့ ထမင်းစားပြီး ကစားချိန်ရောက်လည်း မကံယုံကို မတွေ့ရဘူး။ ဒါနဲ့ ကျမနဲ့ အားမေလည်း ဦးမှုံကြီး ဈေးသွားချိန် ခိုးပြီး မကံယုံဆီ သွားတွေ့ပါတယ်။ မကံယုံဟာ သူ့အခန်း လေးထဲမှာ အိပ်နေပါတယ်။ ကျမတို့ အိမ်ထဲဝင်သွားတော့ သူ့အမေက

"ဟဲ့–ဘယ်သူတွေလဲ" လှမ်းမေးလို့ "ကျမတို့ပါ ဒေါ်ဒေါ်"လို့ ပြောလိုက်တော့–

"ဟဲ့–ဟဲ့ မလာကြနဲ့။ သွားကြသွားကြ။ သူ့အဖေ ပြန်လာလို့တွေ့သွားရင် ထပ် အရိုက်ခံ နေရဦးမယ်"လို့ ပြောနေပါတယ်။

ကျမက "မကံယုံ ညက မကံယုံ အဖေကြီးရိုက်တာ ပြောစကား နားမထောင်လို့ ဟုတ်လား။ နားထောင်လိုက်ပေါ့။ မကံယုံကလည်း ကိုယ့်မိဘက ပြောတာပဲ"

"နင် မသိပါဘူးဟာ ... သူက ငါ့ကို အတင်းလာအိပ်တာဟ–အဲဒါ ငါကသဘော မတူလို့ ရိုက်တာ ..."

"ဟယ် ... သူက အဖေမဟုတ်ဘူးလား"

"မဟုတ်ဘူး။ ငါ့အဖေဟာ ငါငယ်ငယ်လေးကတည်းက သေသွားပြီ။ ဒီမှာကြည့် ရိုက်ထားတာ။ တကိုယ်လုံး အညိုအမည်းတွေချည်းပဲ။ နင်တို့ အမြန်ပြန်ပါဟာ။ အဖေက ဘယ်သူနဲ့မှ မခေါ်ရဘူး။ စကားမပြောရဘူးတဲ့။ ပြောရင် သတ်ပစ်မယ်တဲ့။ ငါကြောက်တယ်။ နင်တို့ ငါ့ကိုသနားရင် အမြန်ပြန်ကြပါ"။

ပြောပြောဆိုဆို ကျွန်မတို့(၂)ယောက်ကို အတင်း တွန်းလွှတ်ပြီး ငိုနေပါတယ်။ ကျွန်မတို့ဟာ သူ့ကိုလည်းသနား၊ ဦးမှုန်ကြီးကိုလည်း ကြောက်တာမို့ အမြန်ပြန် ပြေး လာခဲ့ ပါတယ်။

အိမ်ရောက်တော့ မေမေကြီးကို အကုန်ပြန်ပြောပြ လိုက်တယ်။ မေမေကြီးဟာ စုတ်တသပ်သပ်နဲ့။

"ဩော် ... သနားစရာ။ သူတို့ဘဝနယ် ဆိုးလိုက်တာနော်...ဒါမျိုးဟာ လူမဟုတ် ဘူး။ တိရစ္ဆာန်ပဲ။ ငါ့မြေးလေး အဲဒီလူကြီးရှိတဲ့နေရာ မသွားနဲ့နော်။ ဒီအကြောင်း ဘေးကို လည်း မပြောရဘူး။ ကြားလား။ ကိုယ့်ကို အမှုပတ်တတ်တယ်"

"မေမေ ဒါလောက်တောင် ဆိုးတာ ရုံးကိုသွားတိုင်ပေါ့။ ဒီလူကြီးကိုလည်း မပေါင်း နဲ့။ ကွာပစ်"

"အို ... ငါ့မြေး နားမလည်ပါဘူး။ မိန်းမက မပေါင်းချင်လို့ ကွာချင်လို့ မရဘူး။ ယောကျ်ားက ကွာချင်မှ ရတာ။ ဥပဒေအရကိုက ဒီလိုပဲရှိတာ။ ငါ့မြေးလေး ငယ်ပါသေးတယ်။ နားမလည်ပါဘူး။ အဲဒီလို ကွဲချင်တိုင်း ကွဲလို့ရရင် မမြကြည်နဲ့ အောင်ရင်တို့ ကွဲတာကြာပြီ။ ယောကျ်ားက မကွဲပေးလို့ နေ့တိုင်း အရိုက်အနှက်ခံ၊ နှိပ်စက်ခံ မျက်ရည်သုတ်ပြီး ပေါင်းနေရ တာ မတွေ့ဘူးလား"

ဘုရားရေ–ဟုတ်ပါရဲ့။ ကျွန်မတို့နဲ့ လေးအိမ်ကျော်လောက်မှာ ကိုအောင်ရင် မမြကြည် ဆိုတဲ့ လင်မယားရှိပါတယ်။ မမြကြည်က ကုန်စိမ်းရောင်း၊ ကိုအောင်ရင်က အိမ်မှာ ဘာမှမလုပ်။ မယ်ဒလင်လေး တဒေါင်ဒေါင်နဲ့။ လူပျိုကျနေတာပဲ။ နေတော့ ကျော့ကျော့လေး။ ရုပ်ကလေးကလည်း သနားကမားနဲ့။ တော်တော်ဆိုးတဲ့လူ။ ညနေတိုင်း မူးတယ်။ မိန်းမက ညနေဈေးသိမ်းပြီး မောမော ပန်းပန်းနဲ့ ပြန်လာ၊ ခလေးနှစ်ယောက်နဲ့ လင်ကို ချက်ပြုတ် ကျွေးမွေး။ အရက်မူးလာတော့ မိန်းမကို အပြစ်ရှာရန်ဖြစ် ဆဲကြရိုက်ကြ။ နောက်ဆုံး ရိုက်လို့ ဆဲလို့အားမရသေးရင် အိုးတွေခွက်တွေ ပန်းကန်တွေ ထုခွဲလွှင့်ပြစ်။ ဒါဟာ နေ့စဉ် လုပ်နေ ကျပဲ။ မိန်းမက "ကယ်ကြပါ။ ယူကြပါ" လို့ တစာစာ အော်ဟစ် အကူအညီတောင်းလည်း တောင်းတာပဲ အဖတ်တင်တယ်။ ဘယ်သူကမှ သွားကူတာလည်း မရှိဘူး။ "လင်နဲ့ မယား လျှာနဲ့သွား"တဲ့။ တခါတလေများ ရိုက်ထားတာ ၃–၄ ရက်၊ ဈေးတောင် မထွက်နိုင်ဘူး။ "မပေါင်းဘူးကွာမယ်"ပြောလည်း မရဘူး။ ဩော် ... ဆိုးလိုက်တဲ့ မိန်းမဘဝ။

ယောကျ်ားက သနားမှ၊ ကောင်းမှ၊ တချို့ယောကျ်ားများ ဆိုးလိုက်တာ အပြစ်မရှိ ရင် ဟင်းအိုးထဲ ဆားခပ်ပြီးမှ ရိုက်တယ်တဲ့။ မိန်းမက လူဆိုပေမယ့် အိမ်ထောင်ကျသွား ကတည်းက ကျွန်ဘဝ ရောက်သွားတာပဲနော်။ အရာရာ ယောကျ်ားက ဦးစီးပြီး ယောကျ်ား အဆုံးအဖြတ်ကို နာခံရတယ်။ "လင်ဆိုးမယား တဖားဖား""သားဆိုးမအေ တပေပေ"တဲ့။

တဆက်တည်း ဖေဖေနဲ့မေမေတို့အကြောင်း စဉ်းစားမိတယ်။ အမြဲတမ်းဆဲနေတာ ရိုက်နေတာတွေ မရှိပေမယ့် ကိစ္စတခုရှိရင် ဖေဖေသဘောမတူရင် ဘာမှလုပ်ပိုင်ခွင့်မရှိဘူး။ လုပ်လည်း မလုပ်ရဲဘူး။ သိပ်ကြောက်တာပဲ။ ဒါကြောင့် မေမေကြီးက ခဏခဏပြောတယ်။

"ဒီကောင်မက အလကား။ အ,အမ။ လင်ကိုသိပ်ကြောက်တာ။ လင်က 'ငါး ခြေခက်' ဆိုရင် သူက 'ဖုတ်ပြီးကင်ပြီး ဆီဆမ်းပြီး ပါဘုရား' ဆိုတဲ့အမျိုးအစား။ ငါ့သမီး အငယ် မ၊ မအုံးခင်ကမှ လင်က အရောင်းအဝယ်လုပ်တာ လုပ်တာပဲ။ သူက အိမ်က ငွေတိုး ပေးပြီး ရွှေပေါင်ခံတယ်။ ဆွေမျိုးတွေ မိတ်ဆွေတွေ သာရေးနာရေး အခက်အခဲရှိရင် သူကရှေ့ဆုံးက ကူညီတတ်တယ်။ ယောကျ်ားဆီ ဘယ်တော့မှ လက်ဖြန့်ခံ မတောင်းဘူး။

ဘယ်ကိစ္စမဆို သူ့ယောကျ်ားတယောက်တည်း ဆုံးဖြတ်လို့မရဘူး။ သူကော သဘောတူမှ ရတယ်။ အရာရာ တန်းတူပဲ။ အမေကြီး အိမ်ထောင်လည်း ဒီလိုပဲ။ တို့အမျိုးထဲမှာ "'စုံး ပြူး' ပါနေ တာ မအုံးရင် တယောက်ပဲ"

## မွေးတုန်းတော့ဖြင့် ပန်ချင်ပြန်တယ်

ကျွန်မဟာ ဘယ်လိုမှ အိပ်မရတော့ဘူး။ မိန်းမတွေအကြောင်း စဉ်းစားရင်းက မကုန်နိုင် မခမ်းနိုင် အတိတ်က အရိပ်တွေဟာ ရုပ်ရှင်ကြည့်နေရသလို ပေါ်ပေါ်လာတယ်။ နေ့တနေ့မှာ မမနဲ့ ညီအစ်မ နှစ်ယောက် ကစားနေတုန်း မြင်းလှည်းတစီး အိမ်ရှေ့မှာ လာ ရပ်တယ်။ လှမ်းကြည့်လိုက်တော့ မြင်းလှည်းပေါ်မှာ ဦးလေးကြီးတယောက်။ အဒေါ်ကြီးက ၄ ယောက်။ တယောက်က လမ်းကောင်း,ကောင်း မသွားနိုင်လို့ ကျန်တဲ့အဒေါ်ကြီးတွေက တွဲပြီးချော့ခေါ်လာတယ်။ အိမ်ထဲ ရောက်လို့ ကြည့်လိုက်တော့ တွဲခေါ်ခံရတဲ့ အဒေါ်ဟာ တခြားလူမဟုတ်ပါဘူး။ ကျွန်မတို့ဒေါ်လေး မအုံးကြင်(မေမေရဲ့ ညီမတဝမ်းကွဲ)။ သူဟာ ကိုဖိုးလှဆိုသူနဲ့ အိမ်ထောင်ကျပြီး လယ်ပိုင်ယာပိုင်နဲ့ တင့်တင့်တယ်တယ် နေထိုင်နိုင်တဲ့ လယ်သမားတဦးပါ။ ဒေါ်လေးဟာ အဝတ်အစားတွေကလည်း ဖရိုဖရဲ။ လူကလည်း ပိန် ခြောက် ပေရေနေတာပဲ။ ခေါင်းကလည်း ခြောက်ပွပြီး ဆံပင်ကိုလည်း မထုံး၊ ဖို့ရို့ဖားရားနဲ့။ တွဲခေါ်လာတဲ့ အဒေါ်ကြီးတွေက–

"ဟဲ့–မအုံးကြင် ထိုင်လေ။ နင့်မမဆီ ရောက်ပြီ"လို့ပြောပြီး ဆွဲထိုင်ချလည်း မထိုင်။ သူ့မျက်လုံးက ကျီးကန်းတောင်းမှောက် ကြည့်နေတယ်။ မေမေက မျက်နှာငယ်လေးနဲ့–

"မအုံးကြင် ထိုင်လေညီမလေး ... ထိုင်ပါဦး ... ဘုရား ... ဘုရား ဘယ်လိုဖြစ်လာ တာလဲ ညီမလေးရယ်" ဒေါ်လေးဟာ မေမေက ဘာပြောပြော မကြားသလို။ သူ့ကို မပြော သလိုပဲ။ အတူလာတဲ့ အဒေါ်ကြီးတယောက်က မေမေ့ကို လက်ကုတ်ပြီး ခဏလာဆိုပြီး အိမ်ရှေ့ကို ခေါ်ထုတ်သွားရင်း တိုးတိုးလေးပြောပြတယ်။

"ဖြစ်ပုံက ဒီလို။ သူ့ယောကျ်ားကိုဖိုးလှကြီးဟာ အလုပ်ကိစ္စတခုနဲ့ 'အေလာ' (ရေတာရှည်–အေလာ၊ ပျဉ်းမနားတောင်ဘက်) ဘက်ကို ထွက်သွားလိုက်တာ (၅)လ လောက်ရှိပြီး သူသွား တော့ ဒေါ်လေးက ကိုယ်ဝန်ကြီး အရင့်အမာနဲ့ အိမ်မှာကျန်ရစ်ခဲ့တာ။ မီးဖွားတော့ "ပြန်လာခဲ့ဖို့" လူကြုံနဲ့ လှမ်းမှာတာ။ ပြန်မလာဘူးတဲ့။ ဟိုမှာ နောက်မိန်းမ ရနေတယ်တဲ့။ ကလေးက သားဦးဆိုတော့ အတွေ့အကြုံလည်းမရှိလို့ တော်တော် ဒုက္ခ ရောက်တယ်။ အဲဒါ အိမ်နီးနားချင်းတွေနဲ့ ကိုဖိုးလှကြီးရဲ့ အမျိုးတွေကပဲ သနားလို့ ဝိုင်းဝန်း စောင့်ရှောက်ထားတယ်။ မီးတွင်းထဲမှာ အစားအအိပ်ကလည်း မမှန်။ ကိုဖိုးလှကိုပဲ တတမ်း တမ်း တ,တတနဲ့ နေရင်းက စိတ်မမှန်ပဲ အခု လိုဖြစ်သွားတာပဲ။ လသာတဲ့ ရက်တွေမှာ ဆို ပိုဆိုးတယ်။ နည်းနည်းလေးမှ လစ်လို့မရဘူး။ လမ်းဖက်ကို ထွက်ထွက်ပြေးပြီး တွေ့တဲ့ ယောကျ်ားကို လိုက်ဆွဲတာတဲ့။ ကလေးက စနေသမီးလေး။ ရုပ်က ဖအေနဲ့ တပုံစံတည်း ဝဝတုတ်တုတ် မျက်လုံးပြူးကြီးနဲ့တဲ့။ ဒေါ်လေးရဲ့ ယောင်းမနှစ်ဝမ်းကွဲ တော်သူကလည်း မီးဖွားပြီး သားလေးက သေသွားလို့ ဒေါ်လေးရဲ့သမီးလေးကိုပဲ နို့တိုက်ပြီး မွေးထားရတယ် တဲ့။ ဒေါ်လေးက ကလေးလည်း ပြန်မကြည့်ဘူး။ ထမင်းဟင်းလည်း သတိမရဘူး။ ၂–၃ ရက် လောက်နေမှ တခါလောက် အတင်းချော့မော့ကျွေးရတာ။ အခု လာတာ တောရကျောင်း (မြို့မြောက်ဘက်မှာရှိ)က ကျောင်းထိုင်ဘုန်းကြီးက စိတ္တဇရောဂါသည် တွေကို ကုတာ တော် တော်ကောင်းတယ်ဆိုလို့ အခုသွားပို့ကုမလို့တဲ့။ အခုပါလာတဲ့ ဦးကြီးက ဦးကြီးလှနဲ့ အစ်ကို တဝမ်းကွဲတဲ့။ အခုသူက တာဝန်ယူ စီမံပြီးလာတာ။ မေမေ့ကို အိမ်ရှေ့ခေါ်သွားပြီး အဖြစ်စုံကို ပြောပြတဲ့ အဒေါ်ကြီးက အခုလာတဲ့ ဦးကြီးရဲ့ဇနီးတဲ့။ မေမေဟာလေ အကြောင်းစုံသိရတော့ ငိုလိုက်တာ။

"မအုံးကြင် ညီမလေး။ မမလေ မမကိုကြည့်ပါအုံးညီမလေးရယ်။ မအုံးကြင် ညီမလေးရေ ဒီမှာကြည့်ပါအုံး မမလေ"

ဒေါ်လေးရဲ့ ပခုံးလေးကိုကိုင် အသာအယာလှုပ်ပြီး တတွတ်တွတ် ပြောနေပေမယ့် ဒေါ်လေးက ဘာမှမကြားသလို သူနဲ့မဆိုင်သလို သူမျက်လုံးဟာ မေမေကိုတော့ မကြည့်။ အဝေးကိုပဲ တလှုပ်လှုပ် လိုက်ကြည့်နေတယ်။ ပါးစပ်ကလည်း ဘာမှမပြောဘူး။ မလှုပ်ဘူး။ လှုပ်တာက သူမျက်လုံးပဲ။ ဒေါ်လေးကြည့်ရတာ ကြောက်စရာ ကြီး နာရီဝက်လောက်ကြာမှ ငိုနေတဲ့ ကျွန်မတို့ ၃ ယောက်ကို တခါမှ မမြင်ဘူးသလို စိမ်းစိမ်းကြီး စိုက်ကြည့်နေတာ အကြာကြီး။ ကျွန်မဖြင့် ကြောက်လိုက်တာ ကြက်သီးတောင် ထမိ တယ်။ မေမေကတော့ "ညီ မ လေး ရေ မအုံးကြင် မမကို မမှတ်မိတော့ဘူးလား ညီမလေး ရယ်"

လို့ တတွတ် တွတ်ပြောနေတာ အကြာကြီးနေမှ "မမ"တဲ့။

တခွန်းတည်း ခေါ်လာတယ်။ မေမေဖြင့်လေ ဝမ်းသာလွန်းလို့ ဘေးက အဒေါ်ကြီးတွေရော အကုန်လုံးကလည်း ဝမ်းသာလွန်းလို့

"ဟဲ့–အုံးကြင်၊ အုံးကြင် ဒါနင့်မမလေ"လို့ ဝိုင်းပြောကြတယ်။ မေမေကလေ ချက်ချင်း ပဲ

"မအုံးကြင်ရေ ... မမနဲ့ထမင်းစားရအောင်နော် ညီမ"လို့ ပြောပြောဆိုဆို ထမင်းနဲ့ဟင်းကို ယူလာပြီး ဒေါ်လေးကို ချော့ကျွေးတာ ပထမ မစားဘူး။ ဝိုင်းပြီးအတင်း ချော့မော့ ကျွေးတော့မှ စားတယ်။ ထမင်းတပန်းကန်လည်း ကုန်ရော ပါးစပ်ကို အတင်း စေ့ထား တာနဲ့ လက်လျှော့ လိုက်ရတယ်။ အဝတ်လဲပေးဖို့ ပြင်တော့လည်း သူ့ကို အကိုင် မခံလို့ မလဲရတော့ဘဲ ဝတ်ထား တဲ့အဝတ်ကိုပဲ သပ်သပ်ရပ်ရပ်လေးဖြစ်အောင် ဝတ်ပေး ရတယ်။ လိုက်လာတဲ့ဦးကြီးက "ရှေ့ ခရီး ဆက်တော့မယ်"လို့ပြောတော့

"မေမေက ဖေဖေ ရုံးကပြန်လာတဲ့အထိစောင့်ပါ။ သူရော တခါတည်း လိုက်ခဲ့ မယ်"လို့ ဘယ်လိုပြောပေမယ့် ဦးကြီးတို့က မစောင့်နိုင်။ ဒီနေ့နေ့ချင်းအိမ် အရောက် ပြန်ရမှာ။ မရောက်ရင် မဖြစ်ဘူး။ မြင်းလှည်းဆရာက "သူ့အလုပ်တွေက တပုံ ကြီးရယ်။ ပျက်လို့မဖြစ်ဘူး"တဲ့။

ဒေါ်လေးကို မြင်းလှည်းပေါ်ချော့တင်။ မေမေလည်း ငိုပြီး ကျန်နေခဲ့ရော။ ညနေဖေဖေ ရုံးကလည်းပြန်လာရော မေမေဟာ ဘာမှမဖြစ်သလို ဟန်မပျက်နေ နေတယ်။ ညကျမှ အကြောင်းစုံ ဖေဖေ့ကို ပြောပြနေတာ ကြားရတယ်။ ဖေဖေဟာ ဒေါ်လေးကို သွားပြုစုဖို့ဆိုတာ ဝေလောဝေး ဆေးဖိုးဝါးခလေး ကူညီချင်တယ်ဆိုတာလည်း မပြောနဲ့ နေ့ချင်းပြန်ခဏလောက် သွားကြည့်ဖို့ ဆိုတာတောင် သဘောမတူဘူး။

"မင်းလိုက် သွားတော့ အိမ်က ကလေးနှစ်ယောက်နဲ့ အိမ်ကို ဘယ်သူက ကြည့်ပေးမှာလဲ။ ငါက ငါ့အလုပ် ကို အပျက်မခံနိုင်ဘူး"တဲ့။ ကဲ–ပြတ်ရော။

နောက်တနေ့ ဖေဖေလည်း ရုံးသွားရော မမက မေမေ့ကို "မေမေ့ ဒေါ်လေးဆီ သွားဖို့ ဖေဖေက သဘောတူသလား"လို့ မေးကြည့်တော့မှ မေမေက မချိတင်ကဲဖြစ်ပြီး ...

"မတူဘူး။ ဘာတခုမှ သဘောမတူဘူး။ ငါ့ဘဝကိုက ဆိုးပါတယ်။ မအုံးကြင်ဟာ မိဘလည်း မရှိတော့ဘူး။ လင်ကလည်း ပစ်ထားဆိုတော့

ဒုက္ခရောက်နေပြီ။ ဒီလိုအချိန် မျိုးမှာတောင် ငါက အစ်မလုပ်နေပြီး ဘာတခုမှ မကူညီနိုင်ဘူး။ ကူဖို့မဆိုထားနဲ့ ခဏလေး သွားကြည့်တာတောင် မရဘူး။ ငါ့ကံသိပ်ဆိုးတယ်။ အမေနဲ့ မအုံးခင် သေမယ့်အစား ငါအရင်သေသွားရင် ကောင်းတယ်''

မေမေဟာ ပြောရင်းဆိုရင်း ဝမ်းနည်းပက်လက် ဖြစ်လာပြီး ငိုနေတော့ ကျွန်မတို့ ညီအစ်မလည်း ဝိုင်းပြီးငိုကြပြန်ရော။ ဒါတွေ အားလုံး ရုပ်ရှင်ပြနေသလို အစီအရီ ပြန်ပေါ် လာတယ်။

ဒီအနိဋ္ဌာရုံတွေအားလုံးက ကင်းဝေးဖို့ ဘယ်လိုလုပ်ရပ့်မလဲ။

ဟို ... အစ်မကြီးက ပြောတယ်။ မိန်းမဆိုတာ လင်ရမှ အနိမ်ခံရတာ မဟုတ်ဘူး။ လူ့ဘဝထဲ 'အူဝဲ'ဆိုပြီးရောက်လာကတည်းက အိမ်က ယောကျ်ားကရော ဆွေမျိုးတွေကပါ ''ဘာလေးလဲဟေ့''လို့ လှမ်းမေးလိုက်ရင် ''မိန်းကလေးဟေ့–မိန်းမ၊ မိန်းမ''လို့ ပြောရင် ကြားရသူအားလုံးက ဘာမှမထူးခြား။ နားရှိလို့သာ ကြားလိုက်ရတာပဲ။

''ယောကျ်ားလေးဟေ့–ယောကျ်ားလေး''လို့ ပြောသံ ကြားလိုက်ရင် အဖေ လုပ်တဲ့လူကလည်း ''ငါကွ–မိုးကို ဒူးနဲ့တိုက်ချင်တယ်။ ငါ့သားလေးတော့ ကောင်းကောင်း ရှင်ပြုရတော့မယ်''ဆိုပြီး ဝမ်းသာအားရနဲ့ ရေထမ်းပေးနေရတာတောင် မမောရုံမက မြေကြီးနဲ့ခြေထောက် ထိတယ်လို့တောင် မထင်ရဖူးတဲ့။

(ရှမ်းပြည်အလယ်ပိုင်းမှာဆိုရင် ပြောစမှတ်ပြုကြတာ တခုရှိသတဲ့။ သူငယ်ချင်းခြင်း ဇနီးဖြစ်သူ မီးဖွားကာနီးရင် အလောင်းအစားလုပ်ကြသတဲ့။ သားလေးမွေးရင်မွေး၊ မိန်းမ သာမွေးရင် မွေးလားတဲ့ကလေးကို ပေါင်းလောင်းမြစ်နံဘေးမှာ သွားပြီး ''ငါးစာ ထောင် ပစ်မယ်''တဲ့။ အဲဒီလို ပြောတတ်ကြသတဲ့။)

ဆွေမျိုးတွေကလည်း ဒီလိုပဲ 'သား'ဆိုမှ ဝမ်းသာတာ။ မိန်းမဆိုရင် မွေးမိခင် ကိုယ်တိုင် မပျော်နိုင်ဘူး။ မိသားစုထဲမှာရော ဆွေမျိုးအသိုင်းအဝိုင်းမှာရော မျက်နှာငယ် ရှာ တယ်။ တချို့များဆိုရင် ပထမ ဇနီးက မိန်းမလေးတွေချည်ပဲမွေးပြီး 'သား'မမွေးလို့ ဒီဇနီး ကို ပစ်ပြီး ဒုတိယဇနီးရှာ ယူတယ်။ အဲဒီဇနီးကျမှ 'သားလေး'မွေးလို့ ရာသက်ပန်ပေါင်း သတဲ့။ ''ဒါကြောင့် လူ့ဘဝထဲ စရောက်လာကတည်းက မိန်းမဆိုတာ 'အနိမ်ခံဘဝ'ကိုစပြီး ပိုင်ဆိုင် ခဲ့ကြရတယ်''တဲ့။

''မိန်းမဆိုတာ လူဖြစ်ပေမယ့် လူနဲ့မတူဘူး။ ကုန်ပစ္စည်းနဲ့ တူတယ်။ ကုန်ပစ္စည်း လို သဘောထားတယ်။ ယောကျ်ားဖြစ်သူက ငွေဘယ်လောက်အကုန်ခံ တောင်းတယ်ဆိုတာ မိဘရော ဆွေမျိုးတွေရော အားလုံးက ဂုဏ်ရှိတယ်လို့ ထင်ကြတယ်။ တကယ်က ရောင်းလိုက် တာပဲ''တဲ့။ အင်း ... ဒါလည်း သေချာစဥ်းစားကြည့်ရင် ဟုတ်သလိုလိုဘဲ။ ကြည့်ပါလား။ ချေးထားတဲ့ 'အကြွေး'ကို ပြန်မဆပ်နိုင်ရင် သမီးကို ပေးရတာပဲ။ အောက်ဗမာပြည်မှ ချစ်တီး ကြွေး မဆပ်နိုင်ရင် လယ်လည်းသိမ်း၊ သမီးပျိုလည်း သိမ်းသတဲ့။

### အခါတော်ပေးတာက နတ်ရေး ... ငယ်... ရွှေစာ

ဒုတိယကမ္ဘာစစ်ကြီး ဗမာပြည်ကို ရောက်လာကာနီး ကာလမှာပေါ့။ မှတ်မိသေး တယ်။ တနေ့မှာ ဖေဖေ ရုံးကပြန်လာပြီး မေမေ့ကို ပြောပြနေတယ်။ ကျမတို့အိမ်နဲ့ မျက် စောင်းထိုးအိမ်က (ကားလမ်းတခုပဲ ခြားတယ်)''အထည်ရောင်းတဲ့ ပထန်ကုလားကြီး ကြွေးတွေ ပြန်မဆပ်နိုင်လို့''တဲ့။ ''ဒေဝါလီခံလိုက်ရတယ်''တဲ့။ ''ဒေဝါလီခံတယ်''ဆိုတာ ဘာလဲလို့ ဖေဖေ့ကို မေးကြည့်တော့ ''ကြွေးတွေ ပြန်မဆပ်နိုင်တဲ့လူဟာ သိပ်ဆင်းရဲ သိပ်မွဲတဲ့လူ။ စာမတတ်၊ ပေမတတ်နဲ့ အရူးလိုလူပေ့ါ။ အဲဒါမျိုးကို ရုံးမှာတရားစွဲရင်လည်း ကြွေးမပေးလည်း ရတယ်–တဲ့။ အဲဒီကုလားကြီးက မိန်းမ မရှိတော့ဘူး။ ကလေး ၃ ယောက်နဲ့ အထည်ပဲ ရောင်းစားတာ။ လုပ်ရင်းလုပ်ရင်းနဲ့ ကြွေးတွေ ပြန်မဆပ်နိုင်တော့ဘူး–တဲ့။ အဲဒါကြွေးရှင်က အဲဒီကုလားကြီးရဲ့ သမီးအကြီးဆုံးမလေးကို ''ကြွေးသိမ်းမယ်''တဲ့။ အရပ်ထဲမှာ အဲဒီ သတင်းဟာ အထူးအဆန်းပဲ။ လူတွေစုမိရင် ဒီအကြောင်းပဲ ပြောနေတယ်။ ကြွေးရှင်က သူဌေးကြီးဦးမင်းဆင်တဲ့။ ပျဥ်းမနားမှာ သူဌေးကြီး ၄ ယောက်ရှိတယ်။ ဗမာ မူဆလင်က ၃ ယောက်။ ဗမာသူဌေးက ဦးလမ်းတဲ့။ ဦးမင်းဒင်၊ ဦးမင်းဆင်ဆိုတာ ညီအစ်ကိုအရင်း။ ဦးမင်းဆင်ဆိုတာက အငယ်။ အသက် ၄၀ ကျော်လောက် ရှိပြီ။ မယားကြီး ကုလားမကြီး ရှိတယ်။ သားသမီးတွေက ကြီးနေပြီ။ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းနေတယ်။ အခုကုလားမလေးကို ကြွေးသိမ်းပြီး မယားငယ်လုပ်ထားမှာ။

ပထန်ကုလားကြီးမှာ သမီးအကြီးဆုံးက ၁၆ နှစ်။ အလတ်သမီးလေးက ၁၄ နှစ်။ အငယ်ဆုံးသားလေးက ၁၂ နှစ်တဲ့။ အခုကြွေးသိမ်းခံရမယ့် သမီးလေးက အလှဆုံးတဲ့။ ကောင်းကောင်း မမြင်ဘူးပါဘူး။ သူတို့က အိမ်တွင်း ပုန်းပဲ။ တခါတခါ ပြတင်းပေါက်မှာ ရိပ်ခနဲ လောက်သာ မြင်ဖူးပါတယ်။ ခေါင်းမြီးခြုံထားလို့ မျက်နှာကို ကောင်းကောင်း မမြင်ဖူးပါဘူး။

အဲဒီ သူဌေးကြီးဦးမင်းဆင် ဆိုတာကတော့ အသက် ၄၀ ကျော်လောက်။ မဲမဲပုပု ဝဝတုပ်တုပ်ကြီး မျက်နှာကလည်း ကျောက်ပေါက်မာတွေနဲ့ တော်တော်အရုပ်ဆိုးတယ်တဲ့။ တချို့ကပြောတယ်။ ''ကိုယ့်သမီး လောက်ပဲရှိတယ်။ ကိုယ့်မှာလည်း မယားကြီးရှိရက်သားနဲ့ သက်သက် ငွေဂုဏ်မောက်တာ''တဲ့။ ''ငါ့သမီးလေးဆို မပေးဘူး''တဲ့။ တချို့ကလည်း သနားလို့ စုတ်တသပ်သပ်နဲ့ စုံနေအောင် ပြောနေကြတယ်။ သမီးလေးကို သိမ်းယူပြီး ကြွေးတွေလျှော်ပစ်မယ်။ ပြီးတော့လက်ထပ်တဲ့ နေ့မှာ ''ရွှေတပိဿာ –မဟာတင်'' တောင်း မယ်တဲ့။ သူဌေးကြီးရဲ့ တိုက်အိမ်မှာ အကြီး အကျယ် လက်ထပ်ပွဲကျင်း ပမှာ–တဲ့။

ဒီလိုနဲ့ လက်ထပ်တဲ့နေ့ရောက် လာပါရော။ နေ့လည်ကျတော့ ကိုယ်ပိုင်ကား လှလှကြီး ၃ စီး လူတွေအပြည့်နဲ့ ရောက်လာတယ်။ ကားပေါ်က လူတွေကလည်း လှလှပပ ဝတ်စားထားတဲ့ ယောကျ်ားတွေ၊ မိန်းမတွေအများကြီးပဲ။ အဲဒီအထဲမှာ မိန်းမကြီး ၂ ယောက်က လက်ဆွဲအိတ်ကြီးကြီးတွေကိုင်လို့။ ကားပေါ်ကဆင်း တန်းပြီးကုလားမလေး နေတဲ့ အိမ်ပေါ်ထပ်ကို တက်သွားတယ်။ ကျွန်မတို့ကလေးတသိုက်ဟာလည်း တိုးဝှေ့ပြီး အိမ်ပေါ်ထိ လိုက်တက်သွားကြတယ်။ အိမ်ထဲမှာ မမလေး (ကုလားမလေး)တို့ မောင်နှစ်မလေး သုံး ယောက် ထိုင်နေတာ တွေ့လိုက်ရတယ်။ အဲဒီမမလေး(ကုလားမလေး)ဟာ ငိုနေတယ်နဲ့ တူ တယ်။ ကားပေါ်ကဆင်းလာတဲ့ အဒေါ်ကြီး ၂ ယောက်က ဘာတွေပြောသလဲ မသိဘူး။ (ကုလား စကားနဲ့) အကြာကြီးပြောပြီးမှ မမလေး(ကုလားမလေး)ဟာ ခေါင်းမြီးခြုံထားတာ လှပ်လိုက်ပါတယ်။

ဟယ် ... လှလိုက်တာ။ မမလေးငိုထားတာ မျက်နှာလေးကို ရဲနေတာပဲ။ အသား ကလည်း ဖြူလိုက်တာ။ အရောင်က စိမ်းနုနုလေး။ အဲဒီ အဒေါ်ကြီး နှစ်ယောက်ဟာ ဆီမန်း, မန်းသလို တတွတ်တွတ် ပြောနေတယ်။ ကြည့်ရတာ 'ချော့'နေတယ်နဲ့ တူတယ်။ မမလေးဟာ ငြိမ်ငြိမ်လေးနဲ့ ခပ်ငိုင်ငိုင် ထိုင်နေတယ်။ အဒေါ်ကြီးတွေဟာ သူတို့ပါလာတဲ့ ပစ္စည်းတွေ ထုတ်ပြီး မမလေးကို ဖီးလိမ်းပြင် ဆင်ပေးနေတယ်။ မမလေးဟာ ဘာမှမပြောဘူး။ နီရဲ ပါးလွှာတဲ့ နှုတ်ခမ်းလေးကို တင်းတင်းလေး ပိတ်ပြီး လုပ်ပေးသမျှကို ခံနေတယ်။ ပါးပြင်မှာ တော့ မျက်ရည်ပေါက်တွေ တလိမ့်လိမ့် စီးကျနေတယ်။

မမလေးရဲ့ မျက်လုံးကြီးတွေဟာ မဲမှောင်ပြီး အရောင်တဖျပ်ဖျပ် တောက်နေတယ်။ မျက်တောင်နက်ကလည်း အရှည်ကြီးတွေ။ ကော့ပျံနေတာပဲ။ မျက်ခုံးကလည်း တန်းနေပြီး အဖျားကမှ ကွေးညွတ်ကျသွားတယ်။ နှာတံ ကလည်း တင်ထားသလိုပဲ။ နှာခေါင်းချွန်းကလေးနဲ့။ ကိုယ်လုံးကိုယ်ပေါက်ကလည်း ခါးသေး တင်ကားလေး လှလိုက်တာ။ ဘယ်လိုလှမှန်းမသိဘူး။ လည်တိုင် လှလှ လေးမှာ 'ဘယက်တွေ လည်တံ့တွေ' ဆွဲပေးထားပြီး မျက်နှာမှာလည်း ပန်းနုရောင်လေး လိမ်းပေးထားတာ ထိရက်စရာတောင် မရှိဘူး။ အဝတ်တွေကလည်း ပိုးထည်တွေချည်းပဲ၊ လဲပေးထားတာ။ မျက်နှာမှာတော့ ပိုးပဝါဖြူပါးပါး လှလှလေးကို ဖုံးအုပ်ပေးထားတယ်။

အောက်ထပ်ကလူတွေကလည်း တဝါးဝါး တဟားဟား စားလိုက်သောက် လိုက်ကြတာ ဆူလို့(လက်ဖက်ရည်နဲ့ကိတ်မုန့်)၊ ပြီးတော့ သကြားလုံး၊ ချော့ကလက် အကောင်း စားတွေ အများကြီး လာပို့ပေးတယ်။ အဒေါ်ကြီးတွေက မမလေးကို ကျွေးတယ်။ မမလေးက မစားဘူး။ အငယ် မောင်နှစ်မလေး နှစ်ယောက်ကလည်း မစားဘူး။ သူတို့အစ်မ ကိုပဲ ကြည့် နေတယ်။ကျွန်မတို့ ကလေးသိုက်တွေနဲ့ အဒေါ်ကြီးနှစ်ယောက်ပဲ စားကြတယ်။ တော်တော် ကြာတော့ လူကြီးတယောက် တက်လာပြီး လာပြောတယ်။ အဲဒီမှာ အဒေါ်ကြီး က ကလေး နှစ်ယောက်ကို လှမ်းပြောတော့ မောင်နှစ်မလေး နှစ်ယောက်က ခေါင်းတွေပဲ ရမ်းပြနေတယ်။ ခဏနေတော့ အဒေါ်ကြီး နှစ်ယောက်က မမလေးကို ဆွဲထူလိုက်တော့ မမလေးက အလိုက် သင့်လေး ပါသွားတယ်။ သွားဖို့ပြင်တာနဲ့ တူပါတယ်။ မမလေးဟာ ဖြည်း ဖြည်းလေး တလှမ်းချင်း သွားနေရာက သူ့မောင်လေးက လှမ်းခေါ်လိုက်တော့ တုန့်ကနဲ ရပ်သွားပြီး လှေကားထိပ်မှ ရပ်ကာ မောင်လေးနဲ့ ညီမလေးကို ရပ်ကြည့်နေတာ အကြာကြီး။ အဒေါ်ကြီး နှစ်ယောက်က ပြောတော့မှ ခေါင်းကလေးကို အောက်စိုက်ချပြီး တလှမ်းချင်း ပါသွားတယ်။ အဲဒီလို လှမ်းသွားရင်းက ဝမ်းနည်းပန်းနည်း ရှိုက်ရှိုက်ပြီး ငိုနေပါတယ်။ ကယ်မယ့် သူလည်း မရှိ။ သူ့အဖေကြီးကလည်း မိုးလင်းကတည်းက ဘယ်ကိုသွားတယ် မသိဘူး။ အဒေါ်ကြီး နှစ်ယောက်က အတင်းချုပ်ပြီး ခေါ်သွားတယ်။ ကျမတို့ ကလေးသိုက်တွေလည်း လိုက်ဆင်း သွားကြတယ်။ မောင်နှစ်မလေး နှစ်ယောက်လည်း ဆင်းလိုက်လာ တယ်။

အောက်ထပ်ရောက်တော့ မမလေးကို ကားကြီးရှိရာ တန်းခေါ်သွားပြီး ရှေ့ဆုံးက အလှဆုံးကားကြီးရဲ့ နောက်ပိုင်းကို ဆွဲခေါ်သွားတယ်။ လူတွေအားလုံး ကားပေါ်တက်ပြီးတော့ ကား ၃ စင်းလည်း စထွက်ရော ကျန်ခဲ့တဲ့ မောင်နှစ်မလေး နှစ်ယောက်ဟာ အသံ ကုန်အော် ဟစ်ပြီး ပြောလည်းပြော ငိုလည်းငိုလိုက်ကြတာ ကားပေါ်က မမလေးတယောက်တော့ ဘယ် ပုံစံနဲ့ ပါသွားတယ်ဆိုတာ မသိရပေမယ့် အိမ်မှာ ကျန်ခဲ့တဲ့ ကလေးနှစ်ယောက်ကတော့ ပဋာမြေလူး ပုံစံနဲ့ ကျန်ခဲ့ကြတယ်။ သြော် ... မမလေး၊ မမလေး ရုပ်ကလေး လှသလောက် ကံတရား ကတော့ ... ...

အိမ်ပြန်ရောက်တော့ အဖြစ်အပျက် အလုံးစုံကို မေမေ့ကို ပြောပြတော့ နား ထောင်နေတဲ့ မေမေက မျက်ရည်တွေ ကျလာပြီး "ဖြစ်မှဖြစ်ရလေ"လို့ ပါးစပ်ကလည်း တဖွဖွ ပြောရှာပါတယ်။

ဒီဖြစ်ရပ်ကို ပြန်စဉ်းစားမိတိုင်း ကျွန်မလည်း မျက်ရည်ကျရတယ်။

ဒီလို မိန်းမတွေအပေါ် သဘောထား မမှန်တာတွေ၊ လူလိုသဘောမထားတာတွေ၊ ယောက်ျားတွေနဲ့ တန်းတူရည်တူထား မဆက်ဆံတာတွေ၊ လင်ယောက်ျားတွေရဲ့ အရိုက် အနှက်ခံရတာတွေ အားလုံးဟာ ယောက်ျားတွေ ဆိုးလို့မဟုတ်ဘူးတဲ့။ ယောက်ျားတွေမှာ အပြစ်မရှိဘူးတဲ့။ အဲဒီ အစ်မကြီးတရားဟောတုန်းကပြောတယ်။

"ယောက်ျားတွေကို မမုန်းရ ဘူးတဲ့။ ဒီလိုဖြစ်ရတာ စနစ်ဆိုးကြောင့် ဖြစ်ရတာ။ ဒါကြောင့် ဒီစနစ်ဆိုးကို တိုက်ရမယ်"တဲ့။

"လူဆိုတာ ဥစ္စာရှင်လို ဥစ္စာရှင်ခဲရမယ်(ဥပမာ–ထမင်းစားချင်တယ်ဆိုရင် ကိုယ် တိုင် ထမင်းချက်ပေ့ါ)။ အမျိုးသမီးတွေ ဘဝ လွတ်မြောက်ချင်ရင် အမျိုးသမီးတွေ ကိုယ် တိုင် တိုက်ပွဲဝင်မှရမယ်။ ဒါကြောင့် ကျွန်မတို့ဟာ ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှု အောက် မှာ ပါဝင်ပြီး အခုလို တိုက်ပွဲဝင်နေတာပါ။ ဘာကြောင့် ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုကို ခံယူရသလဲ။ ကွန်မြူနစ် ပါတီဆိုတာ ဆင်းရဲသားတွေအကျိုး၊ အဖိနှိပ်ခံ ပြည်သူတရပ်လုံး အကျိုးအတွက် ရပ်ခံပြီး တိုက်ပွဲဝင်နေတာပါ။ ပြီးတော့ ကမ္ဘာပေါ်မှာ အမျိုးသမီးတွေကို ယောက်ျားတွေနဲ့ တန်းတူရည်တူ သဘောထား မှန်တာ ကွန်မြူနစ်ပါတီတခုပဲ ရှိတယ်။ ဒါကြောင့် ကျွန်မတို့ဟာ ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုကို ခံယူပါတယ်"တဲ့။

ယောက်ျားတွေ ဒီလောက်ဆိုးတာတောင် သူတို့ကို မမုန်းရဘူးတဲ့။ မုန်းရင် ယောက်ျား ဆန့်ကျင်ရေး ဖြစ်သွားမယ်။ မမှန်ဘူးတဲ့။ ဒီလိုဖြစ်ရတာ စနစ်ကြောင့် ဖြစ်ရတာ။ ဒါကြောင့် ဒီစနစ်ကို တော်လှန်တိုက်ခိုက်ရမယ်တဲ့။ အစ်မကြီးက ပြောပြရှင်းပြတာတွေထဲ ဒီစနစ်ဆိုတာလည်း ခဏခဏ ပါတယ်။ ဒီစနစ်ဆိုတာ လူမဟုတ်ဘူးဆိုတာတော့ ကျွန်မ ရိပ်စားမိတယ်။ ဒါဖြစ်ရင် စနစ်ဆိုတာ ဘာကြီးလဲ။ ဒါတော့ ကျွန်မ မသိဘူး။ နောင်တော့ တဖြည်းဖြည်း သိလာရမှာပေ့ါ။ ကျွန်မခေါင်းထဲမှာ ပေါ်လာတာ မေမေ ဘုရားရှိခိုးတိုင်း အမြဲဆု တောင်းတယ်။ "တပည့်တော်မ နိဗ္ဗာန်မရောက်ခင် စပ်ကြား ဘဝဆက်တိုင်း ယောက်ျား စင်စစ်ကေန် ဖြစ်ရပါလို၏ အရှင်ဘုရား"ဆိုတာ ခဏခဏ ကြားဖူးတယ်။ ဒါဖြစ်ရင် ငါကော ဘယ်လိုလုပ်မလဲ။ မေမေ ဘုရားဆုတောင်းတာက နောင်ဘဝကျမှပဲ။ အခုဒီဘဝအတွက်က ဘဝဆိုးထဲမှာ မသေမချင်း ဒုက္ခခံနေရမှာလေ။

ဒါဖြင့် ငါဘာလုပ်ရမလဲ။ ဟိုအစ်မကြီးက ပြောတယ်။

"ဥစ္စာရှင်လို ဥစ္စာရှင်ခဲ ရမယ်တဲ့။ ဟုတ်တာပေ့ါ။ ငါ့ဘဝ လွတ်မြောက် ရေးအတွက် ငါကိုယ်တိုင် တိုက်ရ၊ လုပ်ရမှာ ပေ့ါ။ ဟော ... ကျောင်းအပေါ်ထပ်က ထိုးစည်တွေတောင် တီးနေပြီ။ ဘုရားရေ ... မိုးလင်း တော့မယ်။ ငါဘာလုပ်ရမလဲ။ ငါဘာလုပ်ရမလဲ။ အဲဒီလို နင်က တော်လှန်တိုက်ခိုက်မယ် ဆိုတော့ နင်သေမှာ မကြောက်ဖူးလား။ အို ... ဘာလို့ ကြောက်ရမှာလဲ။ ဒီလို တိုက်တိုင်း သေမယ်ဆိုရင် ကမ္ဘာပေါ်မှာ စစ်တပ်တွေ၊ စစ်သား တွေတောင် ရှိမှာ မဟုတ်ဘူး။ အခု လက် တွေ့ပဲ ကြည့်လေ။ စစ်တိုက်တိုင်း သေတယ်ဆိုရင်၊ ဟို–အစ်မကြီး မခင်ညွန့်ကိုတောင် ငါမြင် ဖူးလိုက်မှာ မဟုတ်ဘူး။ အခု ငါ ကွန်မြူနစ်တပ်ထဲ ဝင်ပြီး တော်လှန်မယ်။ တိုက်ခိုက် မယ်ဆို တာလည်း ငါတယောက်တည်း အကျိုးမှ မဟုတ်ဘဲ။ ဆင်းရဲသားတွေ ဒုက္ခရောက်နေတဲ့ အဖိနှိပ်ခံ ပြည်သူတွေရဲ့ အကျိုး၊ အမျိုးသမီးတွေရဲ့ အကျိုးပဲ။ သေလည်း ဘာဖြစ်လဲ"

မေမေကြီးက ပြောဖူးတယ်။ "လူဆိုတာ ကိုယ့်တဘို့တည်း မကြည့်နဲ့တဲ့။ တဘို့ တည်း ကြည့်ရင် နွားဖြစ်တယ်"တဲ့။ "လူဆိုတာ တိုင်းပြည်အတွက်၊ ကိုယ့်လူမျိုးအတွက် သေရတာဟာ 'ဂုဏ်'ရှိတယ်။ 'မြင့်မြတ်' တယ်တဲ့။ ဒီလိုပဲ ငါ့ရဲ့ဘေးကြီး 'ဘိုးရွှေလူ' သေခဲ့ ရတယ်မဟုတ်လား။ ငါလည်းသေဖို့ မကြောက်ပါဘူး။

ကောင်းပြီ။ ဒါဖြင့်ရင် ဘာလုပ်မလဲ။ ငါကွန်မြူနစ်တပ်ထဲကို ဝင်မယ်။ ဘယ်လိုနည်း နဲ့ ဝင်မလဲ။ ဖေဖေ၊ မေမေတို့ သဘောတူပဲ့မလား။ ... ... အို–သူတို့ကိုပြောလို့ ဘယ်ဖြစ်မလဲ။ သူတို့သဘောတူမှုဆို တသက်လုံး သဘောမတူဘူး။ ဒါဖြင့် ဘယ်လို လုပ်မလဲ။ အို ... အလွယ် လေးပါ။ မနက်ဖြန်ကာ ငါအိမ်က ခိုးပြီးထွက်ပြေးသွားမယ်။ နည်းလမ်းက ဒါပဲရှိတယ်။ အို ... ငါလုပ်မှ ဖြစ်မယ်။ လုပ်ကိုလုပ်မယ်။

ကျွန်မဟာ ဆုံးဖြတ်ချက် ချလိုက်ပါပြီ။ ဒီတော့မှပဲ ရင်ထဲကအေးပြီး အသာလေး မှေးစက် လိုက်ရပါတယ်။ မကြာခင် မိုးလင်း လာပါပြီ။

မိုးလင်းလာတော့ ချက်ပြုတ်စားသောက်ပြီးလို့ မမလည်း အစ်ကိုကြီး အတွက် ထမင်းပို့သွားပြီ။ မေမေလည်း သူ့ထုံးစံအတိုင်း တရားစာအုပ်နဲ့ အိပ်ရာထဲ ရောက်သွားပြီ။ ဖေဖေလည်း စာအုပ်နဲ့ ဖြစ်နေပြီ။ ကျွန်မကလည်း ရှုမဝ စာအုပ်ထဲက ကဗျာတပုဒ်ကို ကူးချင် ဟန်ဆောင်ပြီး စာတစောင်ရေးနေပါတယ်။

## ဘဝသစ်ဆီ မှန်းမျှော်ရည်

ကျေးဇူးရှင်ဖေဖေနဲ့မေမေ–

သမီးရိုသေစွာ ကန်တော့ခဲ့ပါတယ်။ မေမေတို့ ဒီစာကို ဖတ်ရတဲ့အချိန်မှာ သမီး ဟာ ဘဝသစ်ကို ကူးပြောင်းသွားပါပြီ။ အခုဒီစာနဲ့အတူ သမီးဝတ်တဲ့ နားဆွဲ၊ လက်စွပ်နဲ့ သေတ္တာသော့ကိုပါ ထားခဲ့ပါတယ်။ သမီးမှားခဲ့တာတွေ ရှိခဲ့ရင်လည်း ခွင့်လွှတ်ပါ။

ရိုသေစွာဖြင့်

ကြည်

၁၂–၄–၄၉

မေမေဟာ စာကို စိတ်ဝင်စားနေပါတယ်။ ကျွန်မလည်း ပစ္စည်းတွေကို ခေါင်းအုံး စွပ်ထဲ ထည့်ခဲ့ပြီး "မေမေ–အိမ်သာသွားချင်တယ်" လို့ လှမ်းခွင့်တောင်းလိုက်တော့ မေမေဟာ ကျွန်မကို တချက်လှမ်းကြည့်လိုက်ပြီး "အေး ... အေး"လို့ပြောကာ စာအုပ်ကိုပဲပြန်ဆက် ကြည့်နေ ပါတယ်။ ကျွန်မလည်း ထုံးစံအတိုင်း မွေးပွတဘက်ကြီးကိုယူ ခေါင်းပေါ်တင်ရင်း ထွက်ခဲ့တယ်။ (အိမ်သာက ကျောင်းဝိုင်း အနောက်ဘက်ခြမ်းမှာ ရှိတာမို့ ဝေးလည်းဝေးတယ်။ ထီးဆောင်းခွင့်၊ ဖိနပ်စီးခွင့်မရှိပါ။ ဒါကြောင့် တဘက်ကိုပဲ ဆောင်းရပါတယ်။)

နေကလည်း ပူလိုက်တာ ခြစ်ခြစ်တောက်။ အိမ်သာဘေးနားရောက်တော့ ဝဲယာ ပတ်လည် ကြည့်လိုက်တယ်။ လူတယောက်မှ မရှိ။ တော်သေးရဲ့။ အိမ်သာဘေးမှာ မလှယ် ပေါက် တပေါက်ရှိနေတယ်။ အဲဒီအတိုင်း ခပ်သုတ်သုတ် လေးထွက်လာခဲ့တယ်။

ကျောင်းအနောက်ဘက် ထွက်လာကတည်းက လမ်းမကြီးဟာ လူတယောက်မှ မတွေ့ရ ပါဘူး။ ကျွန်မကံကောင်းတယ်။ တန်ခူးလ မွန်းတည့်ကာနီး နေဒဏ်ကို မခံနိုင်ကြလို့ ဒီလိုအချိန်မျိုးမှာ သက်တောင့်သက်သာ အရိပ်ထဲမှာ အနားယူနေကြတဲ့ အချိန်။ ကျွန်မ တယောက်သာ ကိုယ့်ရည်ရွယ်ချက် အောင်မြင်ရေးအတွက် မဟာစွန့်စားခန်းကြီး ထုတ်ကာ ပြေးလွှားနေတာပါ။ လူကြီးမိဘ မပါဘဲ တယောက်တည်း သွားနေကြ မဟုတ်လို့ ကြောက် တာက တမျိုး။ အသိတယောက်ယောက် သို့မဟုတ် မမဈေးကအပြန်နဲ့ တွေ့မှာ စိုးရိမ် တာက တမျိုး။ အို ... ကြောက်လန့်စိုးရိမ် ပူပင်စိတ်သောက များရတာများ အရင်က တခါမှ မရှိခဲ့ဖူးဘူး။ လမ်းမကြီးကလည်း ရှည်လိုက်တာ။ လမ်းဆုံးကို မရောက်နိုင်ဘူး။ ကျမဟာ တန်ခူးလရဲ့ မွန်းတည့်ကာနီး နေပူရှိန်ကို အံတုပြီး ဘိနပ်မပါ။ ထီးမပါ။ ခြေပလာသက်သက် နဲ့ ခေါင်းပေါ်က တဘက်ကြီးကို မျက်နှာတဝက်နီးပါး အုပ်ထားလိုက်ပါတယ်။ ဟော ... လမ်းဆုံးကြီးကို ရောက်ပါပြီ။ မြောက်ဘက်ကို ကွေ့သွားတဲ့လမ်းကို လိုက်သွားရင် ဈေးတောင် ဘက် အပေါက်ကို ရောက်သွားမယ်။ အို ... မသွားဘူး။ မသွားဘူး။ လမ်းရဲ့အနောက်ဘက် မီးရထားဝင်းကြီးထဲကို ခပ်သုတ်သုတ်ဝင်လိုက်ပြီး ရထားသံလမ်းကို အရှေ့ဘက်ကနေ အနောက်ဘက်ကို ဖြတ်ကူး လိုက်တယ်။

ဟော–ဒီမှာ အခက်အခဲက တမျိုး။ ခုနက လမ်းမကြီးပေါ်သွားတုန်းကတော့ ပူလိုက်တာ။ စွေ့စွေ့ခုန်လောက်အောင် ပူလို့ ဘိနပ်မပါတဲ့ ကျွန်မရဲ့ခြေထောက်ကလေး(ဖိနပ် မပါဘဲ တခါမှ မသွားဖူးတဲ့)က ပူလိုက်တာ စွေ့စွေ့ခုန်နေတာပဲ။ ဟော–ခုတော့တမျိုး။ သံလမ်းက ကျောက်ခဲကြီးငယ်တွေက ထိပ်ချွန်တွေ။ အို–ကျွတ် ... ကျွတ် ... ကျွတ် ... သိပ်ကို စူးတာပဲ။ ကျွန်မဟာ အံကြိတ်ပြီး ခုန်ဆွခုန်ဆွနဲ့ ဖြတ်ကူးလာလိုက်တာ။ ကဲ–ဘာတတ်နိုင် သေးလဲ ... ဟင်း ... ဘူတာရုံကြီးတောင်ဘက် အုတ်ခုံလေးပေါ် ရောက် လာပြီး(ကျွန်မဟာ တခုခုကို လုပ်မယ်လို့ ဆုံးဖြတ်ပြီးပြီဆိုရင် ရှေ့မှာ ဘာကြီးရှိရှိ၊ ဘာတွေ တားထား–တားထား၊ မရ–ရအောင် လုပ်တတ်ပါတယ်။ ဒါဟာ ကျွန်မရဲ့ မွေးရာပါ စိတ် ဓာတ်ပါပဲ။) ဟော–အခုတော့ အသက်ရှူနည်းနည်း ချောင်လာပြီ။ ဘူတာရုံကြီး တောင်ဘက် ကနေ၊ လူရှင်းတဲ့နေရာရွေးပြီး မီးရထားဝင်းထဲက အနောက်ဘက်ကို ထွက်လာခဲ့တယ်။ ဂုဏ်တန်ရပ်ကို ဖြတ်လိုက်ပါပြီ။ ဟို ငယ်ငယ်ကဘဝကို ပြန်စဉ်းစားမိတယ်။ ဒီလမ်းထဲမှာ သူငယ်ချင်းတွေနဲ့ လူးလာ ခေါက်တုန့် ပြေးလွှား ကစားနေကျ။ အော် ... ဆရာမကြီးတို့၊ ဆရာမလေးတို့ကိုလည်း ပြန်သတိရမိတယ်။ ဆရာမကြီးတို့၊ ဆရာမလေးတို့ဟာ ကျွန်မကို သိပ်ချစ်ကြတယ်။ ဒါကြောင့်တခါမှ အရိုက်မခံရဘူးပါ။

ဒါပေမယ့် အပေါင်းအသင်း မကောင်းလို့ ကျွန်မတို့ ၄ ယောက် ရှမ်းကန်(အခု မင်္ဂလာ ကန်လို့ခေါ်တယ်)အရှေ့ဘက် ပန်းခြံထဲက နှင်းဆီပန်းတွေ သွားခိုးတာ ဒရဝမ်ကြီးက အတင်းလိုက် ဖမ်းတာနဲ့ လေးယောက်သား သေပြေးရှင်ပြေး ပြေးလာတာ ကျောင်းရောက် တော့ ကျောင်းကတက်နေပြီ။ ဒရဝမ်ကြီးကလည်း ကျောင်းအထိလိုက်လာလို့ လေးယောက် သား ကျောင်းနောက်ဘက် အိမ်သာရှိရာ ပြေးပြီး၊ အိမ်သာထဲ ဝင်ပုန်းနေလိုက်တယ်။ ပန်းတွေ ကိုတော့ အိမ်သာထဲ လွှင့်ပစ်ခဲ့တယ်။ တနာရီလောက်ကြာမှ အတန်းထဲကို ဟန်မပျက် ဝင်ထိုင် နေလိုက်တယ်။ ဘာရမလဲ။ ဆရာမကြီးက ကျွန်မတို့ လေးယောက်လုံးကို နာမည် ခေါ်လိုက်ပြီး၊ အားလုံးရှေ့မှာ ရပ်ခိုင်း၊ အမှုစစ်ပြီးတော့ ဆရာမကြီးကိုယ်တိုင် ကြိမ်လုံးနဲ့ တင်ပါးကို တယောက် ၄ ချက်စီ ရိုက်ပေး လိုက်တယ်။ မှတ်ကရော။ ကျွန်မ တသက်လုံးမှာ ဒါမျိုး ဒီတခါပဲ လုပ်ဖူးတယ်။ အိမ်ရောက်တော့ မေမေကြီးကို ပြောပြတော့ မေမေကြီးက "ငါ့မြေးလေးက မလိမ္မာလို့ ဆုံးမတာ တသက်လုံး မှတ်ထားရမယ်" လို့ပြောပြီး ဆေးလူးပေး ပါတယ်။

သြော် ... အခု အဲဒီပန်းခြံကြီးနားကို ပြန်ရောက်လာပြီ။ ပန်းခြံကြီးဟာ အရင် ကထက်ပိုပြီး ပန်းတွေစုံလင် လှပနေတယ်။ ခဏလောက် ငေးကြည့်နေမိသေးတယ်။ ဒီအခိုက် မှာပဲ ကန်ရဲ့အနီးက ဘုရားကိုးဆူ စေတီတော်မြတ်က ဆည်းလည်းသံလေးဟာ သာယာစွာ ထွက်ပေါ် လာပါတယ်။ "မြတ်စွာဘုရား တပည့်တော်မ ကောင်းသောအလုပ်ကို လုပ်ရန် ထွက်လာတာပါ အရှင်ဘုရား။ ကိစ္စအားလုံး အောင်မြင်ချောမောအောင် ကယ်မ, တော်မူ ပါဘုရား" လို့ တိုးတိုးရွတ်ဆို ကန်တော့လိုက်ပါတယ်။ ခေါင်းထဲမှာ ပူပင်သောကတွေက ပေါ်လာပြန်တယ်။ "ငါ့ကို လက်ခံပါ့မလား။ လက်မခံရင်တော့ ဒုက္ခပဲ"လို့ ပူပင်သောက ရောက်မိတယ်။ အို ... ဘာလို့ လက်မခံရမှာလဲ။ ဟိုနေ့ညက သေချာကြေညာထားတာပဲ။ လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျား–မ မရွေးတပ်သားသစ်များ လက်ခံမည်–တဲ့။ ရှမ်းကန် မြောက်ဘက်က မြူနီစပါယ်ရုံးဟောင်းမှာ တပ်သားသစ် စုဆောင်းရေးဌာနရုံး ဖွင့်ထားပါတယ် လို့ ပြောထားတာပဲလို့ စိတ်ကို ပြန်တင်းထားလိုက်တယ်။ ကျွန်မခြေထောက်တွေဟာ စော စောကလောက် မသွက်တော့ပါ။

ကြောက်စိတ်လွှမ်းနေပါတယ်။ အရှေ့ဘက် ကန်ပေါင်ရိုး ကနေ လမ်းကွေ့လိုက်ပြီး မြောက်ဘက် ကန်ပေါင်ရိုးအတိုင်း ဖြည်းဖြည်း လျှောက်လာရင်း မျက်လုံးကလည်း လမ်းမြောက်ဘက် မြူနီစပါယ်ရုံးကြီးကို ရှာနေမိတယ်။

ကန်ပေါင်ရိုး လမ်းကလေး တဝက်လောက်သွားမိတော့၊ ဟော ... တွေ့ပါပြီ။ ရုံးအဝင် တံခါးမကြီးရဲ့ အုတ်နံရံ ဘေးတဘက်တချက်စီမှာလည်း "တပ်သားသစ်များကို ကြိုဆိုပါ၏" "တပ်သားသစ်များကို လက်ခံသည်"ဆိုတဲ့ စာလုံးမည်းမည်းကြီးတွေကိုလည်း ရေးထားပါတယ်။ ကျွန်မစိတ်ထဲ ဝမ်းသာလိုက်တာ။ မြူနီစပါယ်ရုံးကြီး အောက်ထပ်ကို တဖြည်းဖြည်း ဝင်ပြီး ကြည့်လိုက်တော့ "တပ်သားသစ် စုဆောင်းရေးဌာနရုံး"ဆိုတဲ့ စာတမ်းကြီးကို အပေါ် မှာ ချိတ်ဆွဲထားပြီး အောက်မှာတော့ စားပွဲတလုံး၊ ကုလားထိုင်နှစ်လုံးနဲ့ စားပွဲဘေး တဘက် တချက်မှာတော့ ခုံတန်းလျား နှစ်လုံးချ ထားပါတယ်။ စားပွဲမှာ ယူနီဖောင်း အစုံဝတ် ထားပြီး ရဲဘော်တယောက် စာရေးနေတယ်။ စားပွဲပေါ်မှာ ဖိုင်တွဲတချို့နဲ့ စာအုပ် တချို့ရှိတယ်။ ရေတကောင်း အသစ်တလုံး၊ ဒန်ဖလားလေး တလုံးကို မှောက်စွပ်ထားတယ်။ တဘက် ညာဘက်အစွန်းမှာတော့ တယ်လီဖုန်းတလုံး တင်ထားတယ်။

ကျွန်မက စားပွဲရှေ့ မလှမ်းမကမ်းလေးမှာ ရပ်၊ ငြိမ်ငြိမ်လေးနေရင်း အဲဒီရဲဘော်ကြီး ခေါင်းပြန်မော့အလာကို စောင့်နေပါတယ်။ တော်တော်နဲ့ မော့မလာလို့ ကျွန်မလည်း မစောင့်နိုင်တော့တာနဲ့ အသံပြုလိုက်ပါတယ်။

"ဒီမှာ ... ဒီမှာ ... အစ်ကိုကြီး"

ကျွန်မက အရဲစွန့်ပြီး ခေါ်လိုက်ပါတယ်။ ရဲဘော်ကြီးက ခေါင်းဆတ်ကနဲ မော့  လာပြီး ကျွန်မကို မြင်တော့ အံ့ဩသွားသလို ပါးစပ်ကို ဟလိုက်ကာ ခဏလောက် ငြိမ် ကြည့်နေပါတယ်။ ပြီးတော့မှ–

"သြော် ... သြော် ... ညီမလေးက ဘာကိစ္စရှိလို့လဲ။ ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"ဘယ်သူနဲ့မှ မတွေ့ချင်ပါဘူး။ ဟို ... ဟို ... အစ်ကိုကြီး ဒီရုံးကပဲနော်"လို့ ထစ် ထစ်ငေါ့ငေါ့နဲ့ ကျွန်မသိချင်တာကိုပဲ စွတ်ပြီးမေး နေမိပါတယ်။

"အေးကွဲ့။ ဟုတ်တယ်။ ညီမလေးက ဘာကိစ္စရှိလို့လဲ။ ထိုင်ပါအုံးလေ။ ညီမလေး ကိစ္စရှိရင်လည်း ပြောပြပါ"

ကျွန်မက သူညွှန်ပြတဲ့ သူ့ရှေ့တည့်တည့်က ကုလားထိုင်မှာ မရဲတရဲ ဝင်ထိုင်လိုက် တယ်။ ကျွန်မဟာ တကိုယ်လုံး ချွေးတွေ ရွှဲရွှဲစိုနေတယ်။ ဒါကြောင့် မျက်နှာရော လည်ပင်း တွေပါ ချွေးတွေကို တဘက်နဲ့ ခဏခဏသုတ်နေရပါတယ်။ အဲဒီအစ်ကိုကြီးဟာ ကျွန်မ အဖြစ်ကို ကြည့်လိုက်ပြီး သနားသွားဟန်တူပါတယ်။

"နေကြီးကလည်း ပူလိုက်တာ။ ညီမလေး ရေသောက်လိုက်အုံး ... ရော့–ရော့"တဲ့။

ပြောပြောဆိုဆိုနဲ့ ကျွန်မကို ရေတခွက် ပေးလာတယ်။

ကျွန်မလည်း ရေတခွက်လုံးကို အကုန်သောက်လိုက်ရင်း–"ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရယ်။ အခုမှပဲ အေးသွားတော့တယ်"လို့ ပြောလိုက်မိပါတယ်။ အဲဒီ အစ်ကိုကြီး ဟာ မသိမသာ ကျွန်မကို အကဲခတ် ကြည့်နေပုံရပါတယ်။ ခဏနေတော့မှ အဲဒီအစ်ကိုကြီးက စပြီး–

"ကဲ–ညီမလေး ဒီကို ဘာကိစ္စနဲ့ လာတယ်ဆိုတာ ပြောပါအုံး"လို့ မေးလာပါ တယ်။

"ကျွန်မ တပ်ထဲဝင်ချင်လို့ပါ"

"ဟင် ... တပ်ထဲဝင်ချင်တယ်။ ဟုတ်လား။ ညီမလေး မိဘကကော သဘောတူ သလား"

"ဟင့်အင်–တူမှာမဟုတ်ဘူး။ ဒါကြောင့် ကျွန်မအခုလာတာတောင် တိတ်တိတ် လေး ခိုးထွက်ပြေးလာတာ"

"အလို ... ညီမလေးက မိဘမသိအောင် ထွက်ပြေးလာတာ ဆိုတော့ ဟို ... တခြား ကိုယ်ရေးကိုယ်တာ ကိစ္စများ ရှိနေလို့လားကွယ်"

အဲဒီလို မေးလာတော့ ကျွန်မ တော်တော်ရှက်သွားမိပါတယ်။ (အမှန်က ကျွန်မဟာ  ဒီအချိန်အထိ ရည်းစားတခါမှ မထားဖူးပါဘူး။ ဝိုင်းပြီး ကြိုးစားကြသူတွေ များပါ တယ်။ ဒါပေမယ့် ကျွန်မမှာ ပိုင်းဖြတ်ချက်တခု ရှိနေပါတယ်။ ဒါကတော့ ကိုယ်တိုင်လည်း သဘောကျ ဖြစ်ရမယ်။ မိဘကလည်း သဘောတူသူ ဖြစ်ရမယ်။ ဒါနဲ့ မကိုက်ညီရင် မယူဘူး။) ကျွန်မက ချက်ချင်း ပြန်မပြော နိုင်တော့ အစ်ကိုကြီးက ကျွန်မကို ပိုပြီး အကဲခတ်နေပါတယ်။

"အို ... အို ... မရှိပါဘူးအစ်ကိုကြီးရယ်။ အဲဒီလိုဟာမျိုး ကျွန်မမှာ မရှိပါဘူး"

"ဒါဖြင့်ရင် ညီမလေးက အိမ်ကထွက်ပြေးရလောက်အောင် အကြောင်းက ဘာတွေ ရှိသလဲကွယ်"

"ဒီလိုပါ အစ်ကိုကြီးရယ် ... ကျွန်မအိမ်က ထွက်ပြေးလာရတယ်ဆိုတာက ဟိုအ ကြောင်း၊ ဒီအကြောင်းတွေကြောင့် မဟုတ်ပါဘူး။ ကျွန်မတို့ အိမ်မှာ စည်းကမ်းက အပြင် ထွက်ရင် လူကြီးမိဘ ပါရမယ်။ လူကြီးတွေက သဘောတူမှ ထွက်ရမယ်။ ဒီလို မဟုတ်ဘဲ အပြင်ထွက်ရင် ဖေဖေက ရိုက်တတ်တယ်။ အဲဒီတော့ ကျွန်မတပ်ထဲ ဝင်ချင်တယ် ပြောရင် ဖေဖေတို့က သဘောတူမှာ မဟုတ်ဘူး။ မတူရုံတင် မကဘူး။ ဖေဖေက ရိုက်နိုင်တယ်။ ဒါ ကြောင့် ဘာမှ မပြောဘဲ ထွက်ပြေးလာတာပါ"

"သြော် ... သြော် ... ဒါဖြင့်ရင် ညီမလေးက ဘာကြောင့် တပ်ထဲဝင်ချင်ရတာလဲ။ အစ်ကိုကြီးက မေးရမယ့် တာဝန်ရှိလို့ မေးတာပါကွယ်။ စိတ်မရှိပါနဲ့"

ကျွန်မရင်ထဲမှာတော့ တဒိန်းဒိန်း ကုလားဘုရား လှည့်နေပါပြီ။ တပ်ထဲဝင်ဖို့ လက်မခံ ရင်တော့ ဒုက္ခပါပဲ။ အိမ်လည်း မပြန်ရဲဘူး။ ဘယ်သွားနေရပါ့မလဲ ... လို့။

"အစ်ကိုကြီးရယ်–ကျွန်မ တပ်ထဲဝင်ချင်တာက'အမျိုးသမီးဘဝ လွတ်မြောက်  ရေး'အတွက် တိုက်ပွဲဝင်ချင်လို့ပါ"

သူဟာ ကျွန်မ ပြောပြတာကို စိတ်ဝင်တစားနဲ့ နားထောင်နေပါတယ်။ ဒါနဲ့ ကျွန်မလည်း တရားပွဲမှာ ကျွန်မ နားထောင်ရတာ တွေဟာ ကျွန်မတွေ့ခဲ့၊ သိခဲ့၊ ကြားခဲ့၊ မြင်ခဲ့ရတာတွေနဲ့ အလွန်ကိုက်ညီကြောင်း။ ဒါကြောင့်

"အမျိုးသမီးဘဝ လွတ်မြောက်ချင်ရင် အမျိုးသမီးတွေကိုယ်တိုင် တိုက်ပွဲဝင် ရမယ်လို့ ယူဆတာကြောင့် တပ်ထဲဝင်ဖို့ လာခဲ့တာ ပါ" လို့ ထပ်ပြီးပြောပြပါတယ်။

အစ်ကိုကြီးဟာ ကျွန်မပြောတာတွေကို သေသေချာချာ နားထောင်ပြီးမှ–

"အင်း–အင်း–ဒါထက် ညီမလေး အသက်က ဘယ်လောက်ရှိပြီလဲ"

"ကျွန်မအသက် ၁၅နှစ် ရှိပါပြီရှင်"

အဲဒီ အစ်ကိုကြီးဟာ ဘာမှ ဆက်မပြောတော့ဘဲ၊ တခုခုကို စဉ်းစားနေသလို ခပ်ဆိုင်းဆိုင်း ခပ်တွေတွေ လုပ်နေပါတယ်။ သူက ဒီလို ဖြစ်နေတာ

မြင်ရလေလေ ကျွန်မက ပိုပြီး ရင်ခုန်လေလေ ... ...

"အင်း ... ညီမလေး စိတ်ဓာတ်ကတော့ ကောင်းပါတယ်။ ဒါပေမယ့် ... ညီမလေး က ငယ်သေးတယ်"

ဟာ–ဒုက္ခပါပဲ။ ကျွန်မ တော်တော် စိတ်ညစ်သွားမိတယ်။

"အစ်ကိုကြီးရယ် ... ကျွန်မကို ဘာလုပ်ခိုင်းခိုင်း ကျွန်မလုပ်နိုင်ပါတယ်"

"ဒီမယ် ညီမလေး–အစ်ကိုကြီး ပြောပြမယ်။ မင်းငယ်ပါသေးတယ်ကွာ။ စိတ်လိုက် မာန်ပါ မဆုံးဖြတ်ပါနဲ့။ ခေါင်းအေးအေးထား စဉ်းစားပါ။ မင်းတော်လှန်ရေးတပ်ထဲကို ဝင်မယ်ဆိုရင် မင်းအိမ်မှာ နေသလို နေထိုင်စားသောက်ရမှာ မဟုတ်ဘူး။ တို့က အဖိနှိပ်ခံ လူတန်းစား ဆင်းရဲသား လုပ်သားပြည်သူတွေအတွက် လုပ်တာ။ တို့မှာ လခမရှိဘူး။ လူထုဆီမှာ အလှူခံစားရတာ။ တို့တောမှာ နေတယ်ဆိုတာ လူထုက သဒ္ဓါလို့ပေးလာသမျှ ကျွေးသမျှနဲ့ ရပ်တည်ပြီး ရန်သူကို တိုက်နေရတာ အစ်ကိုကြီးတို့ အခြေခံဒေသမှာ ရန်သူ က မီးရှို့မခံရတဲ့ရွာဆိုတာ မရှိသလောက်ပါပဲ။ တခါနှစ်ခါ လောက်တော့ မီးရှို့ခံကြရတာချည့်ပဲ။ အဲဒီတော့ ထမင်းစားတာလည်း ဆန်ထမင်းချည်း စားရတာ မဟုတ်ပါဘူး။ နှစ်လွှန်းတင်၊ သုံးလွှန်းတင် ထမင်း(စားလို့ရတဲ့ အသီးအနှံ၊ ဉ၊ သစ်ခေါက်စတာတွေနဲ့ ဆန် ၃ မျိုး ရောချက် စားရရင်'သုံးလွှန်းတင် ထမင်း'ခေါ်တယ်။ ဆန်နဲ့ စားလို့ရတဲ့ ဉ၊ အသီးအနှံ တခုခုရောချက်ရင် နှစ်မျိုးရောချက်လို့'နှစ်လွှန်းတင် ထမင်း'လို့ ခေါ်တယ်)။ အဲဒါတွေ ညီမလေး ခံနိုင်ရည် ရှိပါ့မလားကွယ်"

"အို–အစ်ကိုကြီးရယ်၊ အဲဒီလို ထမင်းမျိုးဆိုတာ ဂျပန်ခေတ်တုံးက ဆန်ဝယ်မရလို့ ပြောင်းတို့၊ ပဲတို့နဲ့ ရောချက်တာတွေကို ကျွန်မ စားဖူးပါတယ်။ အဲဒီတုန်းက ကျွန်မကလေးပဲ ရှိပါသေးတယ်။ အခု ကြီးလာပြီပဲ။ ပိုရတာပေါ့"

"ရေရှည် စားရမှာနော် ညီမလေး။ တနေ့တရက် မဟုတ်ဘူး။ ပြီးတော့ ဟင်းက အသား ဆိုတာ တလမှ တခါလောက် စားရတတ်တာမျိုး။ အဝတ်အစားလည်း ဒီလိုပဲ။ ကောင်းတာ ဝယ် မဝတ်နိုင်ဘူး။ ရွာက လှူတဲ့ ဖျင်ကြမ်းပဲ ဝတ်ရမှာ။ ရွာမှာ ရက်ကန်းစင်တွေ ရှိတယ်"

"ကျွန်မက အသားမမက်ပါဘူး အစ်ကိုကြီးရယ်။ အသားဆို ငါးနဲ့ပုဇွန်ပဲ စားပါ တယ်။ ပြီးတော့ နှစ်စဉ် ဝါတွင်း သုံးလပတ်လုံး ကျွန်မက သက်သတ်လွတ် စားတာပါ။ ဟင်းဆို ငရုတ်သီးနဲ့ဆားရှိရင် ရပါတယ်။ (တကယ်ပဲ ကျွန်မဟာ တော်လှန်ရေးထဲ ရောက်မှ ဝက်သားနဲ့အမဲသားကို လေ့ကျင့် စားခဲ့ရပါတယ်။ ဒါကြောင့် ကျွန်မဟာ အရိုးပျော့ပါတယ်။ ခွန်အား သိပ်မရှိပါဘူး။) အဝတ် အစားလည်း အများဝတ်သလို ဝတ်နိုင်ပါတယ်။ ဒါတွေ အရေးမကြီးပါဘူး အစ်ကိုကြီးရယ်"

"ညီမလေး ခပ်ပေါ့ပေါ့ မပြောနဲ့။ အချိန်တွေ ရှိသေးတယ်။ အစ်ကိုကြီး ပြောတာ တွေကို သေသေချာချာ ပြန်ပြီး စဉ်းစားပါအုံး။ များများ မဟုတ်ဘူး။ ခုနစ်ရက်လောက် အိမ်မှာ ကောင်းကောင်း ပြန်စဉ်းစားပါ။ အခုဏ အိမ်ပြန်ဦး။ ဟုတ်ပြီလား"

ကျွန်မဟာ ဘာမှ ပြန်မပြော။ လှုပ်လည်းမလှုပ်။ ဒီလိုပဲ အစ်ကိုကြီးကို ကြည့်ပြီး ပေကပ် ထိုင်နေပါတယ်။ စိတ်ထဲမှာလည်း ကြံရာမရ ဖြစ်ပြီး ငိုချင်လာတယ်။ (မျက်စိထဲမှာ လည်း ဒေါသတကြီးနဲ့ တုတ်ကောက်ကြီးကိုင်ပြီး ဆီးရိုက်မယ့် ဖေဖေရဲ့ ပုံကိုပဲ မြင်နေပါ တယ်။) ဒုက္ခပါပဲ။ ငါပြော တာတွေ ယုံအောင် ငါဘယ်လို လုပ်ရပါ့မလဲ။

ကျွန်မရဲ့ အမူအရာကို ကြည့်ပြီး အစ်ကိုကြီးဟာ စိတ်ပျက်ပုံရပါတယ်။ ကျွန်မကို လည်း အကဲခတ်နေတယ်။ နာရီဝက်လောက်ကြာတော့ အစ်ကိုကြီးဟာ သက်ပြင်းရှည်ကြီး တချက်ချလိုက်ပါတယ်။ သူဟာ စိတ်မရှည်တော့တဲ့ ဟန်နဲ့ ကျွန်မကို ကြည့်ပြီး–

"ကဲ–ညီမလေး။ အစ်ကိုကြီး ပြောသမျှကို မင်းက ဒါတွေ အရေးမကြီး ပါဘူးလို့ ချည့် ပြောနေတာ။ မင်းမှာ အရေးကြီးတာ ဘာရှိလဲ။ ကဲ– ပြောစမ်း ပါအုံး"

"ကျွန်မ အိမ်မှာထဲက သေသေချာချာ စဉ်းစားပြီးမှ လာတာပါ။ ကျွန်မတပ်ထဲ ဝင်ရင် ဖေဖေတို့က ပြန်လှည့်ကြည့်မှာလဲ မဟုတ်ပါဘူး။ သေခန်းဖြတ်ထားမှာပါ။ ဒါတွေ အားလုံး ကျွန်မ စဉ်းစားပြီးပါပြီ"(ဖေဖေဟာ မာနကြီးသလောက် အင်မတန်လည်း စိတ်ကြီး ပါတယ်။ သူ့အစ်မ ဝမ်းကွဲတယောက်ကို သူတို့အားလုံးက ချစ်ကြတယ်။ အဲဒါ သူတို့သဘော မတူတဲ့ ယောကျ်ားကို ယူလို့'သေခန်းဖြတ်'ထားတယ်။ နောက် မကျန်းမာလို့ ရောဂါ ပြင်းပြင်းထန်ထန် ဖြစ်နေတာတောင် သွားမကြည့်ပါဘူး။ နောက်ဆုံးသေသွားလို့ အိမ်ရှေ့က မသာချသွားတာတောင်'အခုမှ အမိုက်မျိုး ပြုတ်သွားသဟ'ဆိုပြီး တံခါးထပိတ်လိုက်ပါ တယ်။)

"ကျွန်မပြောတောတွေကို အစ်ကိုကြီးကမှ မယုံဘဲ။ ကျွန်မကို ကလေးလို သဘော ထားနေတယ်။ ကျွန်မ ကလေးမှ မဟုတ်ဘဲ။ လူကြီးဖြစ်နေပါပြီ။ အရေးကြီးတာက ကျွန်မ ပြော တာတွေကို ယုံပြီး တပ်ထဲဝင်ခွင့် ပေးဖို့ပါပဲ"လို့ ကျွန်မက ငိုသံပါကြီးနဲ့ ပြောလိုက်ပါ တယ်။

"အင်း ... ရုံးဆင်းချိန်တောင် ရောက်နေပြီ"သူဟာ သူ့ဘာသာ တဦးတည်း ပြောရင်း တနေရာကို ဖုန်းဆက်နေပါတယ်။ ကျွန်မလာနေတဲ့ အခြေအနေကို ပြောပါတယ်။ "သူ့ကို အိမ်ပြန်ခိုင်းတာလည်း မရဘူး။ အခု ဒီမှာ ရှိနေတယ်"လို့ ဖုန်းဆက် ပြောပါတယ်။ "အင်း ... အင်း ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ..."နဲ့ ပြောနေတုန်းပါပဲ။

ဘုရား ... ဘုရား ... ဟိုဘက်က ဘာတွေများ ပြောနေတယ် မသိပါဘူး။ ကျွန်မ မှာတော့ တရားသူကြီးက စီရင်ချက်ချလာမှာကို ရင်တဒိတ်ဒိတ်နဲ့ စောင့်နေရတဲ့ တရားခံ တဦးပမာ ...

"ကဲ ... ကဲ ... ညီမလေး ဒီလိုလုပ်ပါ။ မိုးလည်းချုပ်တော့မယ်။ မင်း အိမ်လည်း မပြန်ချင်ဘူးဆိုရင် အမျိုးသမီးခေါင်းဆောင်ဆီမှာ ခဏသွားနေပါ။ အဲဒီမှာနေရင်း ကောင်း ကောင်း ပြန်စဉ်းစား ဟုတ်လား။ ကောင်းကောင်း စဉ်းစားပြီးတဲ့နောက် ဖြစ်နိုင်ပြီ ဆိုရင်တော့ မင်းပြောသလို တပ်ထဲဝင်ပေါ့ကွာ– မှတ်ဖူးလား"

"ဟုတ်ကဲ့"ကျွန်မဖြင့် ဝမ်းသာလိုက်တာ။ ပြောမပြတတ်လောက်အောင် ပါပဲ။

သူဟာ ကျွန်မကို မသိမသာနဲ့အကဲခတ်နေရင်း ...

"ဩော် ... ညီမလေးကို တခုမေးရအုံးမယ်ကွယ်။ ညီမလေး နာမည် ဘယ်လို ခေါ်သလဲ။ ဘာလူမျိုးလဲ"

လာပြန်ပြီတမျိုး။ ကျွန်မတော့ ဒုက္ခပါပဲ။ ကျွန်မကို ဆက်ပြီး အကဲခတ် နေပြန် ပါတယ်။ ကျွန်မဟာ မနေတတ်၊ မထိုင်တတ် ဖြစ်နေပြီး ဘာဆက်ပြောရမှန်း မသိဖြစ် နေပါ တယ်။ တအောင့်လောက် နေမှ–

"ကျွန်မနာမည် မစန်းကြည်လို့ ခေါ်ပါတယ်။ ကျွန်မ ဗမာလူမျိုးပါ"

ကျွန်မဟာ ခပ်တည်တည်နဲ့ ပင်ကိုယ်က စဉ်းစားထားတဲ့အတိုင်း နာမည်ရင်း 'မခင်ကြည်'ကို အလယ်က 'ခင်'နေရာမှာ 'စန်း'လို့

ပြောင်းထည့်လိုက်ပါတယ်။

တပ်သား သိမ်းသွင်းရေးဌာနက ရဲဘော်အစ်ကိုကြီးဟာ ကျွန်မပြောနေတာကို မကျေနပ်သေးသလို ဘာမှ ပြန်မပြောဘဲ ဆက်ပြီး အကဲခတ်နေပြန်ပါတယ်။

ဘုရား ... ဘုရား ... ငါပြောတာကို မယုံသလိုပဲ။ တခုခုတော့ ဖြစ်တော့မယ် ထင်တယ်။

အဲဒီနေ့ကမှ ကျွန်မလည်း တပ်ထဲဝင်မှာမို့ လူကြီးဂိုက်ဖမ်းပြီး အင်္ကျီလက်တို မဝတ် ဘဲ၊ ပေါ်ပလင်အဖြူရောင်လက်ရှည်၊ ရင်ဖုံးအင်္ကျီကို ဝတ်ထားပြီး အောက်ပိုင်းမှာတော့ စပန့် လုံချည် အနက်ရောင် ပြောင်ပေါ်မှာ ဒူးအောက်နားက ဇာအနား အဖြူရောင် သုံးဆင့် တပ်ထားတဲ့ လုံချည်နဲ့ ခေါင်းကလည်း ကျစ်ဆံမြီးနှစ်ခုကို ခါတိုင်းလို ချမထားဘဲ ခေါင်းမှာပဲ ပြန်ခွေထားပြီး ဖဲကြိုး အနက်ရောင်နဲ့ နှစ်ဖက်ချည်ထားတယ်။ လူက အသားဖြူဖြူ၊ မျက်နှာ ဝိုင်းဝိုင်း (မမပြောသလို) နဖူးဝိုင်းကြီးနဲ့ မေးရိုးက ကားကား ...

"ဟော ... ဟိုမှာ မအုံးမြလာနေပြီ"

သူပြောတဲ့ဆီကို လှမ်းကြည့်လိုက်တော့ ကျွန်မနဲ့ရွယ်တူလောက် မိန်းကလေး တယောက် လာနေပါတယ်။ သူ့လက်ထဲမှာ ဖက်နဲ့ထုပ်ထားတဲ့ အထုပ်ကြီး ၃ ထုပ်ကို ကိုင် လို့။ အနားရောက် လာတော့ သူက ကျွန်မကို ဖော်ရွေတဲ့ အပြုံးနဲ့ ပြုံးပြနှုတ်ဆက် ပါတယ်။ ကျွန်မကလည်း ပြန်ပြုံးပြလိုက်တယ်။ အသားညိုညို၊ သွယ်သွယ်မြင့်မြင့်နဲ့ ချစ်စရာလေး။

သူကပဲ"အစ်ကိုကြီး မမက ရုံးဆင်းလာပြီး ရေချိုးချင်လို့ ကျမနဲ့ပဲ ထည့်လိုက် ပါတဲ့"

"သြော် ... သြော် ... ဟုတ်လား။ ဒီလိုဆိုလည်း ကောင်းသားပဲ။ ကဲ ... ကဲ ... ညီမလေး၊ မအုံးမြနဲ့ တခါတည်း လိုက်သွားနော်။ အနီးလေးပါ။ ခဏဆိုရင် ရောက်သွားမှာ"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ကျွန်မဟာ ဝမ်းသာအားရနဲ့ ထလိုက်တယ်။ မအုံးမြကလည်း ကျွန်မလက်ကို လှမ်းဆွဲလိုက်ပါတယ်။

ကျွန်မရဲ့ အိမ်ပြေးဘဝ။ ဒီလိုနဲ့ တနေ့တာ ပြီးခဲ့ရပါတယ်။

လမ်းမှာ ကျွန်မက မအုံးမြရဲ့ ဖက်ထုပ်တွေကို ကူယူမယ်လုပ်တော့ မအုံးမြက–

"နေပါစေ။ မလေးပါဘူး။ မမယူခဲ့ပါမယ်"တဲ့။

ဆယ်မိနစ်လောက်ပဲ သွားလိုက်ရပါတယ်။ ရောက်ပြီဆိုတော့ အိမ်ဝိုင်းတခုထဲမှာ အိမ်အမြင့်လှလှလေး တအိမ်ကို တွေ့လိုက်ရတယ်။

အိမ်ပေါ်တက်တော့ ကျွန်မက နောက်က တဖြည်းဖြည်းချင်း တက်သွားပါတယ်။ အိမ်ပေါက်ဝမှာ ရပ်နေတဲ့ မမ(လှလှ)တယောက်က ကျွန်မကို ပြုံးကြည့်ပြီး–

"လာ ... လာ ... ညီမလေး"

ပြောပြာဆိုဆို ကျွန်မလက်ကို လှမ်းဆွဲပြီး အခန်းထဲက စားပွဲဘေးမှာ အထိုင်ခိုင်း လိုက်ပါတယ်။ ကျွန်မက အဲဒီမမကို သေချာကြည့်လိုက်ပါတယ်။

မြတ်စွာဘုရား ... ကယ်တော်မူပါ ... ကျွန်မ မျက်လုံးတွေ ပြာကုန်ပါတယ်။ ကျွန်မ, မသိမသာ အကဲခတ်ကြည့်လိုက်ပါတယ်။ ဟုတ်ပါတယ်။ ကျွန်မ, မမရဲ့ မိတ်ဆွေဆို လည်းဟုတ်။ ခေါင်းဆောင်လည်းဖြစ်တဲ့ ဟိုမမ–မှ၊ ဟိုမမ အစစ်ပါပဲ။ သူ့ရဲ့ ရုပ်ရည်ဟာ အရင်အတိုင်းပါပဲ။ အရင်နဲ့ မတူတာကတော့ ခေါင်းပေါ်မှာ 'အမောက်ကြီး' မရှိတော့ တာရယ်။ နှုတ်ခမ်းနီနီကြီး မဟုတ်တော့တာရယ်။ ပြီးတော့ လက်ကလည်း လက်သည်းရှည်ကြီးတွေ မရှိတော့တာရယ်။ ဒါပဲ ထူးခြားတယ်။ ကျန်တာတွေကတော့ ဟိုမမ–မှ၊ ဟိုမမ အစစ်ပါပဲ။ သူဟာ ကျွန်မကို ခပ်စိမ်းစိမ်းပဲ ဆက်ဆံနေပါတယ်။ ဘာမှ မှတ်မိတဲ့ပုံ မပေါ်ပါဘူး။ ဒါကိုပဲ ဝမ်းသာနေရပါတယ်။

ကျွန်မကိုလည်း ဘယ်မှတ်မိနိုင်ပါ့မလဲ။ ဟို ... လွန်ခဲ့တဲ့ ၂နှစ်ကျော်လောက်က တခါပဲ တွေ့ဖူးတာဆိုတော့ ပြီးတော့ ကျွန်မကလည်း ရုပ်ပြောင်းသွားပြီလေ။ ဟိုတခါ တွေ့ တုန်းက ကျွန်မက ဆံတိုလေးနဲ့ (ဆံပင်အရှည် လက်၅လုံးလောက် ရှိတော့မပေါ့) ဆံကုတ် လေးနဲ့။ နားဆွဲလေးနဲ့။ အခုတော့ ဆံပင်က တင်ပါးအဆုံး ရောက်နေပြီလေ။ ပြီးတော့ လူကြီးဂိုက် ဖမ်းထားတာ။ ဘယ်မှတ် မိနိုင်ပါ့မလဲ။

ဒီမမက တခြားလူ ဟုတ်ပါရိုးလား။ ကျွန်မတို့မြို့က နာမည်ကြီး မြို့မျက်နှာဖုံး အထက်တန်းရှေ့နေကြီး ဦးမြဘူးရဲ့ အငယ်ဆုံး သမီးချောလေး ... လေ။ 'ဒေါ်သိန်းနု'တဲ့။ အိမ်မှာ ခေါ်တဲ့ နာမည်က 'ကစ်တီ'။ အိမ်သားတွေက ချစ်စနိုးနဲ့ 'အတီ'လို့ခေါ်ကြတယ်။ ကျွန်မတို့မြို့က ကွန်မြူနစ် အမတ် 'သခင်ဖေတင့်'ရဲ့ ခယ်မလေးပေါ့။

ရုပ်ချောဥစ္စာပေါ၊ ပညာတတ်ဆိုတော့ ဒိတ်ဒိတ်ကြဲပေါ့။ မင်းပေါက်စိုးပေါက်၊ ရုံးတော်ပေါ်မှာ အခြေခံဒေသက လယ်သမားကြီး တွေရဲ့ အမှုအခင်းမှန်သမျှ သူမပါတာ မရှိသလောက် ရှားတယ်။ တော်ရုံတန်ရုံမြို့အုပ်တို့၊ ဝန်ထောက်တို့ကို ဂရုစိုက်တာ မဟုတ် ဘူး။ ဒါတောင် သူ့အဖေမရှိတော့လို့။ ကျွန်မတို့အဖေက ရုံးကပြန်လာရင် ဒီမမအကြောင်းကို အတင်းအဖျင်း ပြောတတ်တယ်။

"ဟင်း ... ဒီကောင်မလေးနဲ့တော့ မလွယ်ဘူး။ သူ့အဖေမျက်နှာကြောင့် သည်းခံ နေတာ။ သူက အဟုတ်ကြီးမှတ်လို့။ ခေါင်းပေါ်က အမောက်ကြီးကလည်း တတောင်လောက် မြင့်တယ်။ ပါးစပ်ကလည်း ကျီအာသီးကျနေတာပဲ။ ဒေါက်ဖိနပ်ကလည်း တဒေါက်ဒေါက်နဲ့ မနေ့က ငါ့ဘေးက မြို့အုပ်ပေါက်စ (ငအေ)က မလည်ရှုပ်လုပ်ပြီး သူ့သွားပြောတာ ဟိုက ဘာခံမလဲ။ ဗိုလ်လိုမှုတ်ပြီး ပြန်တီးလိုက်တာ။ (ငအေ)ဘာမှ မပြောရဲတော့ဘူး။ ပါးစပ်လည်း တခါတည်း ပိတ်သွားတာပဲ။ ကောင်းတယ်။ ဝမ်းသာတယ်။ ဒီကောင်မျိုးကလည်း ဒါမျိုးနဲ့မှ ကိုက်တယ်။ နို့မဟုတ်ရင် ခေါင်းပေါင်းစလေး တထောင်ထောင်။ ကြွစောင်းကြွစောင်းနဲ့။ အခု တော့ ငြိမ်ကျသွားလိုက်တာ ဟိုကောင်မလေး အသံကြားရင်ကို လန့်ဖျပ်နေတာ ခေါင်းတောင် မဖော်ရဲဘူး။ ဟင်း ... ဟင်း ... ငါတို့ကိုတော့ လာမစမ်းနဲ့။ ငါတို့က စည်းနဲ့ကမ်းနဲ့ နေတာ။ ကိုယ်နဲ့မဆိုင်တာ ဘာမှ ဝင်မပြောဘူး။ ပြောလည်း မပြောချင်ပါဘူး။ ရွှေမျက်မှန်လေး တဝင်း ဝင်းနဲ့ မျက်စိထဲ တော်တော် စပါးမွေးစူးတယ်။ လူကြည့်တော့ ကိုယ့်သမီးလောက်လေး ရှိတယ်။ ဂိုက်က ဖမ်းထားလိုက်တာ ပြောမပြောချင်တော့ပါဘူး"

မေမေက ဘာမှမပြောဘဲ ဖေဖေ ဒေါကန်နေတာကို ကြည့်နေတယ်။ ဖေဖေပြော သမျှ ကြိတ်ပြီးဝမ်းသာနေတာကတော့ မမနဲ့ ကျွန်မပဲ။ မမဟာ အသာအယာထပြီး ကျွန်မ ကို မျက်စပြစ်ကာ အထဲကို ခေါ်သွားတယ်။ အထဲရောက်တော့ မမက–

"ဟော့–အကြည်။ နင်အဲဒီမမကို မတွေ့ချင်ဘူးလား။ နင်မြင်ဖူးချင်ရင် သန်ဘက်ခါ ငါတို့ အစည်းအဝေးရှိတယ်။ မမက ငါတို့ ခေါင်းဆောင်ပဲ။

သူ့အိမ်မှာပဲ လုပ်မှာ။ (အဲဒီ အချိန်က ကျွန်မအစ်မဟာ ကွန်မြူနစ်လူငယ်ဝင် တယောက်ဖြစ်နေပြီ။ ဖေဖေ မသိအောင် ခိုးပြီးဝင်ထားတာ) နင်ခိုးလိုက်ခဲ့ပါလား။ မေမေ့ကို ပြောခဲ့ရင် ရတာပဲ။ ညနေ ဖေဖေမရောက်ခင် တို့က စောစော ရောက်အောင်ပြန်ခဲ့ရင် ရတာပေါ့”လို့တိုးတိုးလေး ပြောပြနေတယ်။

ကျွန်မဟာ ဖေဖေ ရုံးကပြန်လာတိုင်း ဒေါ်နဲ့မောနဲ့ ပြောပြလေ့ရှိတဲ့ အဲဒီမမကို စိတ်ဝင် စားနေတာ ကြာပါပြီ။ ကျွန်မ လူမှန်းသိလာကတည်းက မိန်းမတွေဟာ ယောကျ်ား နှိပ်စက်တာ ခံနေကြရတာတွေပဲ တွေ့ဖူးတယ်။ အခုလို မိန်းကလေးတယောက်က ရုံးပေါ်မှာ မင်းပေါက်စိုးပေါက် လုပ်ရှားလုပ်ကိုင်နေတယ်ဆိုတာ ကြားရတော့ ဝမ်းသာလိုက်တာမှ အတိုင်းထက်အလွန်ပဲ။ ကိုယ်လည်း အဲဒီလို ဖြစ်ချင်လိုက်တာ။ အဲဒီမမကို မြင်လည်း သိပ်မြင်ချင် တာပဲ။ ဘယ်လို လုပ်ရပါ့။

“မမ ... ကြည်လည်း အဲဒီမမကို သိပ်တွေ့ဖူးချင်တာပဲ။ မမသွားတဲ့အခါ တခါ တည်း လိုက်လာလို့ ရပါ့မလားမမရယ်”

“ဘာလဲ နင်က မမကို ကြောက်နေသလား။ ဒီမှာ အကြည် နင် ငါနဲ့တခါတည်း လိုက်ခဲ့။ ဟိုရောက်တော့ နင်တွေ့လိမ့်မယ်။ မမကသိပ် သဘောကောင်းတာ။ မာနလည်း မကြီးဘူးဟ။ နင့်ကို တွေ့ရင် ချစ်မှာ”

ဒီလိုနဲ့ မမအစည်းဝေးသွားတဲ့နေ့ မမနဲ့လိုက်သွားပါတယ်။ အဲဒီမှာ မမနဲ့ တွေ့ တော့–

“ဟော–မမြသွင်လည်း လာပြီ။ လာ ... လာ ... မမတို့လည်း စောင့်နေတာကြာပြီ။ သူလေးက ဘယ်သူလေးလဲ”

အဲဒီမမက ပြောပြောဆိုဆိုနဲ့ ကောက်ကာငင်ကာ တဆက်တည်း ကျွန်မကိုပါ မေးလိုက်ပါရော။ ဒီတော့မမက–

“မမ ဒါလေးက မြရဲ့ ညီမလေး အကြည်တဲ့”

အော် ... ဟုတ်လား။ မမတို့အိမ်က ပျော်စရာကောင်းတယ်ကွဲ့ ... ညီမလေး လည်း နောက်တော့ ပျော်လာမှာပါ”

“ဟုတ်ကဲ့မမ”ကျွန်မက တိုးတိုးလေး ပြောလိုက်တယ်။

အဲဒီတုန်းက တခါပဲ တွေ့လိုက်ဖူးတာပါ။ အခုတော့ ဒီမမနဲ့ တအိမ်တည်းမှာ လာနေရပြီပေါ့။ ဝမ်းသာလိုက်တာ ...

ဒီအိမ်ရှင်က သားအမိ ၂ယောက်တည်းနေတာ။ သမီးက ဒီမမရဲ့သူငယ်ချင်း။ အပျို ကြီး။ ဗိုလ်ကပြား။ တော်တော်လှတယ်။ သူ့အမေကတော့ ကွန်မြူနစ်ကို တော်တော် မုန်းတယ်။ ကြောက်လည်း သိပ်ကြောက်တယ်။ မမနေ့တိုင်း ရုံးတက်ရတယ်။ နေ့စဉ်အိမ်မှာ ကျွန်မတို့ ၃ယောက်ပဲ ကျန်တယ်။ မအုံးမြက ဟိုသွားလိုက်ရ၊ ဒီသွားလိုက်ရဆိုတော့ ကျွန်မ နဲ့ အဒေါ်ကြီးပဲ ရှိတယ်။ အဲဒီလို ၂ယောက်တည်း ကျန်ရင် ကွန်မြူနစ်မကောင်းကြောင်း သိပ်ပြောတာပဲ။ ပြီးတော့ ကျွန်မကိုလည်း တပ်ထဲမဝင်ဖို့ “ကိုယ့်မိဘလောက် ဘယ်ဟာမှ မကောင်းဘူး။ ညည်း ကိုယ့်အိမ်ကိုယ် ပြန်ပေါ့။ ငါပြောတာတွေ ဟိုဟာမကို ပြန်မပြောနဲ့နော်။ ငါလည်း သိပ်ကြောက်တာ”နဲ့ အမျိုးမျိုး လှည့်ပြောနေတာပဲ။

တနေ့ မနက်စာစားပြီး မမရုံးမသွားခင် ရဲဘော် ၄–၅ ယောက် အိမ်ကို ရောက် လာပြီး အစည်းအဝေးရှိတယ်။ စောစောသွားရအောင်ဆိုပြီး မမကို လာခေါ်တယ်။ မမလည်း အမြန် အဝတ်လဲပြီး ရုံးဖိုင်တွဲတွေထည့်တဲ့ လွယ်အိတ်တလုံးနဲ့ ဘေးလွယ်အိတ်တလုံး(ဒီ ဘေးလွယ် အိတ်ထဲမှာ သေနတ်ပါ)ပါတယ်။ ဂျစ်ကားနဲ့ လာခေါ်တာမို့ မမလည်း ဒီကားနဲ့ပဲ ပါသွား တယ်။ မမတို့ကားလည်း ထွက်သွားရော အဒေါ်ကြီးက မဲ့ရွဲ့ပြီး “ညည်းမြင် တယ် ဟုတ်လား။ ယောကျ်ားတွေ တပုံကြီးနဲ့ ထွက်တာ။ မိန်းမဆို သူတယောက်တည်း။ ညည်း ကော အဲဒီလို နေနိုင်သလား”တဲ့။

ကျွန်မက ဘာမျှပြန်မပြောဘဲ စဉ်းစားနေမိတယ်။ ယောကျ်ားတွေကြားထဲ မမက တယောက်တည်းတော့ ဟုတ်တယ်။ ဒါပေမယ့် သူတို့အားလုံးဟာ စည်းကမ်းရှိတဲ့ ရဲဘော်တွေပဲ။ သူတို့အားလုံးဟာ တည်တည်ကြည်ကြည်ရှိတယ်။ ဆက်ဆံရေးကလည်း ရိုးသား ပွင့်လင်းတယ်။ ကြမ်းပိုးသူခိုးတွေမှ မဟုတ်ဘဲ။ ကျွန်မ ဘာသိဘာသာ နေလိုက်တယ်။ အဒေါ် ကြီးနဲ့ စကားဆက်ပြောနေလို့ ဘာမှ အကျိုးမရှိဘူး။

## တပ်နဲ့ပြည်သူ ချစ်ကြည်ဖြူ

ကျွန်မ ထွက်ပြေးလာတဲ့နေ့မှာပဲ တပ်သားသစ်သိမ်းသွင်းရေးဌာနက ရဲဘော် အစ်ကိုကြီး ပြောတဲ့ လူထုပေးတဲ့ ထမင်းထုပ်ဆိုတာကို အဲဒီနေ့ညနေစာက စတင်ပြီး စား ရတယ်။ ပျော်လိုက်တာ။ ကျွန်မကို လာခေါ်ရင်း မအုံးမြကိုင်လာတဲ့ အထုပ်ကြီး ၃ ထုပ်ဟာ ထမင်းထုပ်ပါပဲ။ ညနေ ထမင်းစားရအောင်လို့ ခေါ်တော့ ထမင်းဝိုင်းမှာ မအုံးမြက ထမင်း ထုပ်တွေကို ကျွန်မရှေ့တထုပ်၊ မမရှေ့တထုပ်၊ သူ့အတွက် တထုပ်ယူလိုက်တယ်။ ထမင်း ထုပ်ကို ဖြည်လိုက်တော့ မမက ပဲသီးသုပ်၊ မအုံးမြက ဘဲဥကြော်ပါလာတယ်။ ကျွန်မရဲ့ အ ထုပ်က ဟင်းမပါပဲ။ စာတိုလေး တစောင်ပါလာတယ်။ အဲဒီစာတိုလေးက ခဲတံနဲ့ ရေးထား တယ်။

***အချိန်မရလို့ ဟင်းမထည့်လိုက်နိုင်ဘူး။ ဟင်းဖိုး ပိုက်ဆံငါးမူးထည့်ပေး လိုက်တယ်။***

***အေးမ***

ဆိုတဲ့ စာတိုလေး။ ဆင်းရဲသား ပြည်သူတွေက ထားတဲ့စေတနာကို ဖော်ပြနေ ပါတယ်။ မအုံးမြက အကြောင်းသိဆိုတော့ ကျွန်မ ထမင်းထုပ်ကို ဆွဲယူလိုက်ပြီး ထမင်းထုပ် ထားတဲ့ အင်ဖက်ရွက်တရွက်ကို မြှောက်လိုက်တယ်။ ဖက်က နှစ်ထပ်ဆိုတော့ အဲဒီကြားထဲ က ၅မူး စေ့လေး ထွက်လာပါတယ်။

အချိန်တိုလေးအတွင်း ကျွန်မစိတ်ထဲမှာ ရင်တွင်းခံစားချက်တွေ အမျိုးမျိုးပြောင်း နေတယ်။ ပထမ ဟင်းမပါလာတော့ ဝမ်းနည်း သလိုလို၊ ရှက်သလိုလို။ နောက် စာတိုလေးနဲ့ ဟင်းဖိုးငွေကို တွေ့တော့ ထမင်းထုပ်ရှင်ကို သနားသလိုလို။ နောက်မမက ထမင်းစားရင်း ရှင်းပြတော့–

“စား–စား ညီမလေး။ ဒီထမင်းထုပ်တွေက ဒီမြို့အနောက်ဘက်အထွက် ကား လမ်းဘေးက ရွာလေးနှစ်ရွာ ရှိတယ်။ ‘ပေါက်စအင်း’လို့ခေါ်တယ်။ အလွန်ဆင်းရဲတယ်။ ဒါပေ မယ့် မမတို့ ကွန်မြူနစ်တပ်မတော်အပေါ် အလွန်စေတနာ ကြီးတယ်။ မြို့သိမ်းပွဲတိုက် တုန်းကလည်း “သူတို့ကပဲ တာဝန်ယူပါရစေ”ဆိုပြီး နေ့စဉ်ကျွေးနေလို့ တောင်းပန်ပြီး တခြားရွာတွေက ပြန်ယူရတယ်ကွဲ့။ ညီမလေးကတော့ ပထမဆုံးအကြိမ် စ,စားတဲ့အချိန်မှာ ဟင်းမပါလည်း ဟင်းဖိုးငွေ ၅မူး တောင် ရတယ်ဆိုတော့ နိမိတ်ကောင်းတာပေါ့ကွယ်။ နောင် မှာ ပြည်သူချစ်တဲ့ သမီးကောင်းဖြစ်ရမှာပေါ့”လို့ပြောနေတယ်။ ကျွန်မရင်ထဲမှာတော့ ဖော် မပြတတ်တဲ့ ဝေဒနာတမျိုး ခံစားနေရ ပါတယ်။

ဩော် ... ပြည်သူတွေ၊ ပြည်သူတွေ တနေ့လုပ်မှတနေ့စားရတဲ့ ပြည်သူတွေ။ ဟင်းချက်ဖို့ အချိန်မမီလို့ ဟင်းဖိုးငွေ ၅မူး ငါ့ကို ထည့်ပေးလိုက်တော့ သူတို့မိသားစုအ တွက် ...

အဲဒီနေ့က မှတ်မှတ်ရရ။ အိမ်ရှင်က ကုလားပဲဟင်း မဆလာမွှေးမွှေးနဲ့တခွက်၊ ငရုတ်သီးကြော်ကတခွက်၊ မမနဲ့ မအုံးမြကလည်း

သူတို့ရတဲ့ဟင်းတွေပါ ပန်းကန်ထဲ ထည့်ထားလိုက်တော့ များလိုက်တဲ့ဟင်း။ ကျွန်မက ရှမ်းဟင်းထုပ်ဖြစ်ဖြစ်၊ တခုခု ထပ်ဝယ်မယ်ဆိုတော့ မမက "မဝယ်နဲ့"တဲ့။ "ဟင်းတွေ ဒါလောက်များတာ ရှိတာနဲ့ပဲ စားပါ။ ပိုက်ဆံကို ညီမလေး သိမ်းထား။ နောက်လိုတာရှိမှ ဝယ်ပါ"တဲ့။

## သွားအတူတူ–လာအတူတူ

ကျွန်မဟာ မမတို့နဲ့ အတူနေရင်း အိမ်လွမ်းတာ၊ စိတ်ညစ်တာတွေမရှိဘဲ ပျော် နေပါတယ်။ အိမ်ရှင်အဒေါ်ကြီးဟာ မအုံးမြနဲ့ ကျွန်မကို ခွဲခြားဆက်ဆံပါတယ်။ မအုံးမြကို တောသူဆိုပြီးတော့ ရွံသလိုလို၊ တန်းတူမထားချင်သလိုလို။ မမကတော့ ကျွန်မကိုရော၊ မ အုံးမြကိုပါ တန်းတူ ဆက်ဆံတယ်။ ဂရုစိုက်တယ်။ ခါးဝတ်ခါးစားကလွဲလို့ ဘာမှမပါတဲ့ ကျွန်မကိုလည်း သူ့ရဲ့အဝတ် အစားထဲက သူနဲ့ ငယ်တဲ့၊ ကျပ်နေတဲ့ အဝတ်တွေကို ရွေးပြီး ၃စုံ၊ မအုံးမြအတွက်လည်း ပိုငယ်တာ ကိုရွေးပြီး ၃စုံပေးလိုက်ပါတယ်။ သားရေဖိနပ် တရံလည်း ကျွန်မအတွက် ပေးပါတယ်။ မအုံးမြက ကျွန်မထက် ၄–၅လကြီးပေမယ့် ကိုယ်လုံး ကလေးက ညိုညိုသွယ်သွယ်လေး။ ကျွန်မက ဖြူဖြူတုတ်တုတ်။ လူကိုကြည့်ရင် ကျွန်မက ကြီးနေပေမယ့် မအုံးမြက အကြီးပီပီ ကျွန်မကို အရာရာမှာ သိပ်ညှာတယ်။ စိတ်ကောင်း ရှိတယ်။ ရိုးသားတယ်။ ဒါကြောင့် ကျွန်မသူ့ကို ချစ်ခင်လေးစားတယ်။ မအုံးမြက "သီတင်းကျွတ်လို့ အိမ်ခွင့်ပြန်ရင် ကျွန်မကိုပါ အလည်ခေါ်သွားမယ်တဲ့။ အမေတို့ အဘတို့က ကျွန်မကိုတွေ့ရင် သိပ်ခင်မှာ"တဲ့။ ကျွန်မကလည်း "မမကိုခွင့်တောင်းပြီး ရရင် လိုက်ခဲ့မယ်" လို့ ပြောထားတယ်။

ဒီမှာ တခုထူးခြားတာက တနေ့ကို နှစ်ကြိမ်ထမင်းထုပ် သွားယူရတယ်။ အဲဒါ နေ့တိုင်း မအုံးမြ တယောက်တည်း သွားယူတယ်။ "ကျွန်မပါလိုက်ပြီး ကူယူမယ်"လို့ပြောရင် မအုံးမြက သဘောမတူဘူး။ မမကလည်း–

"ကြည်လေး မသွားနဲ့ နေပါစေ။ မအုံးမြတယောက်တည်းလည်း ရပါတယ်ကွယ်။ အားနားစရာမဟုတ်တာ။ အားမနာပါနဲ့"ဒီလိုပဲ အမြဲပြောပြီး တားလို့ ကျွန်မလည်း တခါမှ လိုက်မယူရဘူး။

ညနေတိုင်း မမရုံးက ပြန်လာရင် ရှမ်းကန် ကန်ပေါင်ရိုးအတိုင်း တောင်နဲ့မြောက်၊ အရှေ့နဲ့အနောက် လမ်းလျှောက်ကြတယ်။ လမ်းလျှောက်ထွက်တိုင်း မအုံးမြကို ခေါ်ရင် ဟိုအကြောင်းပြ၊ ဒီအကြောင်းပြနဲ့ တခါမှ မလိုက်ဘူး။ ကျွန်မနဲ့ မမပဲ နေ့တိုင်းနှစ်ယောက် သား စကားတပြောပြောနဲ့ မိုးချုပ်လို့မှောင်မှ(အိမ်ကလည်း အနီးလေးဆိုတော့)အိမ်ပြန် လာတယ်။ တနေ့မှာ မမက လမ်းလျှောက်ရင်း ပြောလာတယ်။

"ကြည်လေး အမေတို့ အဖေတို့ကို မလွမ်းဘူးလား"တဲ့။ ကျွန်မက–

"မေမေ့ကိုတော့ လွမ်းတယ်။ ဖေဖေ့ကိုတော့ ဒါလောက် မလွမ်းဘူး"

"ဖေဖေ့ကို ဘာလို့ မလွမ်းတာလဲ။ မိဘဆိုတာ အတူတူပေါ့။ မေမေ့ကိုတော့ လွမ်း တယ်ဆိုတာ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ"

"ဒီလိုလေ မမရဲ့။ မိဘဖြစ်ပေမယ့် မတူတာက မေမေက သိပ်အေး၊ သိပ်ရိုးတယ်။ ဘာမဆို ဖေဖေပြီးမှ ပြီးရတယ်။ ဖေဖေကတော့ မေမေနဲ့ ဆန့်ကျင်ဘက်ပဲ။ ဒါကြောင့် မေမေကို သနားလည်း သနားတယ်။ ပိုလည်းချစ်တယ်။ လွမ်းလည်း လွမ်းတယ်။

"ကြည်လေးမှာ ရည်းစားရော ရှိသလား"

"အို … မမကလည်း … ဘယ်ကလာရှိရမှာလဲ"

"ရှိရင် ရှိတယ်ပြောနော်။ မမကို ဘာမှ ရှက်စရာ မလိုဘူး။ ကွန်မြူနစ်တပ်သား လုပ်မယ့်လူဟာ ရိုးသားရတယ်။ မညာရဘူး"မမဟာ ပြောရင်းဆိုရင်း ကျွန်မမျက်နှာကို စိုက် ကြည့်နေပါတယ်။

"မရှိဘူး မမရယ်။ ကျွန်မ, မညာပါဘူး။ ကျွန်မ တခါမှ ရည်းစားမထားဖူးပါဘူး"

"အေးအေး။ မရှိရင် ပြီးရော။ မမက ရှိများရှိသလားလို့ မေးကြည့်တာပါကွယ်" အဲဒီလိုနဲ့ စကားတပြောပြောနဲ့ အိမ်ကို ခါတိုင်းလိုပဲ မှောင်မှ ပြန်ရောက်တယ်။

## ဟော…တွေ့ပါပြီ…တခါ

တညနေမှာ မမလည်း ရုံးကပြန်မရောက်လာသေး။ အိမ်ရှင်ဒေါ်ဒေါ်ကလည်း ဈေးခဏသွားနေ။ မအုံးမြကလည်း ထမင်းထုပ် သွားယူနဲ့။ အိမ်မှာ ကျွန်မတယောက်တည်း ပျင်းပျင်း ရှိတာနဲ့ အိမ်ရှေ့လသာဆောင် ထွက်ပြီး ရှုမဝမဂ္ဂဇင်း ဖတ်နေပါတယ်။ အိမ်ရှေ့ကနေ လူတယောက် အိမ်ပေါ်ကို တက်လာနေတယ်။

"မမနု … မမနု … ဟာ–လူလည်း တယောက်မှ မရှိဘူးလား" ယူနီဖောင်း အပြည့်အစုံ ဝတ်ထားတဲ့ ရဲဘော်တယောက်။ ပါးစပ်ကလည်း ဆက်ပြီး အော်ခေါ်နေတယ်။

"မမနု … မမနု … ဟာ–ဒီအိမ်က ဒေါ်ဒေါ်ရော၊ မရှိကြဘူးလား" ကျွန်မလည်း မနေသာ တော့ဘဲ …

"ရှိပါတယ်။ မမနု ရုံးက ပြန်မရောက်သေးဘူး။ ဘာကိစ္စရှိလို့ပါလဲ"လို့ပြောရင်း ဧည့်ခန်းထဲ ဝင်လိုက်ပါတယ်။

"ဩော် … ဩော် … ကိစ္စအထူးမရှိပါဘူး။ ဒီစာစောင်တွေ ပြန်ပေးချင်လို့။ မမနု ပြန်လာရင် ပေး,,ပေးပါခင်ဗျာ" ပြောပြောဆိုဆို စာစောင်တွေ လှမ်းပေးပါတယ်။

"ဟုတ်ကဲ့"လို့ပြောရင်း လှမ်းယူလိုက်ပါတယ်။ အဲဒီရဲဘော်ဟာ ကိစ္စပြီးသွား လည်း မပြန်သေးဘဲ ကျွန်မကို ခြေဆုံးခေါင်းဆုံး ကြည့်ရင်း "ခင်ဗျား … ကိုစိန့်ခယ်မလေး မဟုတ်လား" လို့မေးပါတယ်။ ကျွန်မလည်း မိုးကြိုးအပစ်ခံလိုက်ရသူလို လန့်သွားပြီး–

"အို … မဟုတ်ပါဘူး"လို့ ခပ်တိုတိုပဲ ပြန်ပြောလိုက်ပါတယ်။ အဲဒီလူဟာ မပြီး နိုင်သေးဘဲ–

"ဘာလို့ မဟုတ်ရမှာလဲ။ ခင်ဗျားဟာ မအမာရဲ့ ညီမလေးပဲ"တဲ့။ ပြီးတော့ ဆက်ပြီး ပြောနေပါတယ်။

"ခင်ဗျား ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် ရှမ်းကလေး 'ဘိုနီ'လေ။ ကိုစိန်နဲ့ လာ–လာ စကားပြောနေတဲ့ ရှမ်းကလေးဘိုနီလေ"။

သူဟာ ပြောပြော ဆိုဆိုနဲ့ ခေါင်းကဦးထုပ်ကို ချွတ်လိုက်ပြီး ကျွန်မကို ပြုံးပြ နေပါတယ်။ ကျွန်မ သူ့ကို ကြည့်လိုက်တော့ ဟုတ်ပါတယ်။ အစ်ကိုကြီးတို့ မမတို့ရဲ့ ဧည့်သည်ကြီး ရှမ်းကလေးဘိုနီဆိုတဲ့ လူပါပဲ။

ကျွန်မတို့ အိမ်ကို သူရောက်လာရင် ကျွန်မက မမတို့၊ အစ်ကိုကြီးတို့ တယောက် ယောက်ကို သွားခေါ်ပေးလိုက်ရုံပါပဲ။ သူက ကျွန်မကို

သိသလို၊ ကျွန်မကလည်း သူ့ကိုသိ ပါတယ်။ ဒါပေမယ့် စကားတော့ မပြောဖူးပါဘူး။ အခုတော့ မတတ်နိုင်ပါ။ ကျွန်မလည်း ညာလက်စနဲ့ ညာရဦးတော့မှာပဲ။

“အို–ဘယ်က ကိုစိန်လဲ။ ကျွန်မ မသိဘူး” အဲဒီလို ခပ်တည်တည် ပြောလိုက်မှ–

“သြော် ... သြော် ... ဟုတ်ပါပြီလေ။ မသိဘူးဆိုလည်း ထားပါတော့။ မမနု ပြန်လာ ရင်သာ အဲဒီစာစောင်တွေ ပေးလိုက်ပါ”

“ဟုတ်ကဲ့”။ သူလည်း ပြောပြောဆိုဆိုနဲ့ ပြန်သွားပါတယ်။ ဒီတော့မှ ကျွန်မ လည်း စိတ်ဆင်းရဲရတာ ပေ့ါသွားတော့တယ်။ အင်း–ကြုံကြုံဖန်ဖန် ဒီလူနဲ့မှ လာတွေ့ရတယ်။ အိမ်မှာ အစ်ကိုကြီးတို့ကိုများ သွားပြောလိုက်ရင်တော့ ဒုက္ခပါပဲလို့ တွေးနေမိတယ်။ နောက် ၃ ရက်လောက် ရှိတော့ ညနေလမ်းလျှောက်ရင်း မမက မမျှော်လင့်ဘဲ စကားတခွန်း ပြောလာ တယ်။

“ကြည်လေး ... မနက်ဖြန်ညနေ၊ ကြည်လေး ဖေဖေ အိမ်ကိုလာပြီး ကြည်လေးကို ခေါ်လိမ့်မယ်။ အဲဒါ ကြည်လေး လိုက်ချင်တယ်ဆိုရင် ပြန်လိုက်သွားပါနော်။ မမတို့ကတော့ ကြည်လေးရဲ့ ဆန္ဒအတိုင်း အားလုံးသဘောတူပါတယ်”

ကျွန်မဟာ မမက အဲဒီလိုပြောတာ ကြားလိုက်ရတော့ မိုးကြိုးပစ်ခံလိုက်ရသလို ဖြစ်သွားပါတယ်။

“ဟင်–မမဘယ်လို ... မနက်ဖြန်ညနေ ဖေဖေလာမယ် ... ဟုတ်လား”

“ဟုတ်တယ်လေညီမလေးရဲ့။ ညီမလေး ပျောက်သွားလို့ သူတို့ကလည်း ရှာနေ တာ။ အခုတော့ ရှမ်းကလေးဘိုနီက အကြောင်းအကျိုး အစုံသွားပြောပြထားလို့ သိသွားပြီး လာခေါ်မှာလေ”

“ဟင် ... မမ ကျွန်မ ဖေဖေ့ကို ကြောက်တယ်။ မတွေ့ချင်ဘူး။ အိမ်လည်း မပြန်ချင် ဘူး။ ကြောက်တယ်မမ”

“အဲဒီလို မလုပ်ပါနဲ့ ညီမလေးရယ်။ ကိုယ့်မိဘပဲ လာရင်တွေ့လိုက်ပါ။ ကိုယ့်ဆန္ဒ ကိုလည်း ပွင့်ပွင့်လင်းလင်း ပြောပြပါ။ နို့မဟုတ်ရင် မမတို့က ဖျားယောင်းပြီး ခေါ်ထားတယ် လို့ ထင်နေမယ်”

“အို ... ဘာလို့ထင်ရမှာလဲ။ ကျွန်မကိုယ်တိုင်က တပ်ထဲဝင်ချင်လို့ အိမ်က ပြေး လာပြီး ဒီမှာလာနေတာ”

“အိုကွယ် ကိစ္စတခု ပြတ်သွားအောင် ညီမလေးအနေနဲ့ အဖေကိုတွေ့ပြီး ပွင့်ပွင့် လင်းလင်း ပြောလိုက်တာ အကောင်းဆုံးပါပဲ”

ဒါနဲ့ ကျွန်မလည်း ဘာမှ ဆက်မပြောတော့ဘဲ ငြိမ်နေလိုက်တယ်။ ညကျတော့ တညလုံး ကောင်းကောင်း အိပ်မရတော့ဘူး။ နောက်တနေ့ ဖေဖေနဲ့တွေ့ရင် “မပြန်ချင် ဘူး”ဆိုတာ ဘယ်လိုပြောရမလဲ။ မမကလည်း အတင်းပဲ တွေ့ခိုင်းနေတယ်။ အို ... မ တတ်နိုင်ဘူး။ အိမ်ကို ပြန်လိုက်ရင်တော့ တသက်လုံး ငါ့ရဲ့ဆန္ဒကို ပြည့်မှာမဟုတ်ဘူး။ တပ်ထဲဝင်ဖို့ တသက်လုံး ဘယ်လိုမှ သဘောတူမှာ မဟုတ်ဘူး။ အဲဒီတော့ ဖြစ်လာမှတော့ မီးစင်ကြည့် ကရတော့မှာပဲလို့ စိတ်ကိုပြန်တင်းမိပါတယ်။

## ဖေဖေကတော့လာပြီ...

ညနေ မမတောင် ရုံးဆင်းလို့ ပြန်ရောက်နေပါပြီ။ ဖေဖေကတော့ ရောက်မလာ သေးပါ။ မလာပါစေနဲ့လို့တောင် ဆုတောင်းမိပါတယ်။ မီးဖိုထဲမှာ မအုံးမြနဲ့ စကားပြောနေ တုန်း မမ ဝင်လာပြီး–

“ကြည်လေး ... ကြည်လေး ဖေဖေရောက်နေပြီ။ သွားတွေ့လိုက်ပါအုံး”

“ဟင် ... မမ တယောက်တည်းတော့ သွားမတွေ့ရဲဘူး။ မမရောလိုက်ခဲ့ပါမမ” ကျွန်မဟာ ပြောပြောဆိုဆို မမလက်ကို အတင်းဆွဲပြီး ခေါ်နေမိတယ်။

မမက ကျွန်မလက်ကို အသာအယာ ဖယ်ရင်း–

“ကြည်လေးကလဲကွယ် ... မမလည်း အိမ်ထဲမှာ ရှိနေတာပဲ။ ဒါလောက်လည်း မကြောက်ပါနဲ့။ ကိုယ်ပြောစရာရှိတာ ပွင့်ပွင့် လင်းလင်းနဲ့ အေးအေးဆေးဆေး ပြောပြ ပေ့ါ ... လာ ... လာ ... မမလိုက်ပို့ပေးမယ်”

ကျွန်မချက်ချင်း မသွားသေးဘဲ မီးဖိုထရံပေါက်ကနေ အိမ်ရှေ့ ဖေဖေရှိရာကို ချောင်း ကြည့်လိုက်ပါတယ်။ ဖေဖေဟာ ဆေးလိပ် သောက်ရင်း ငြိမ်နေပါတယ်။ အဲဒါကို မြင်လိုက် တော့ ကျွန်မရင်ထဲမှာ ဖေဖေကို သနားမိပါတယ်။ သြော် ... ဖေဖေ ... ဖေဖေ အင်မတန် မာနကြီးတဲ့ ဖေဖေ။ ကွန်မြူနစ်ဆိုလည်း အလွန်မုန်း။ မုန်းသလောက် ကြောက်လည်း ကြောက်တယ်။ ဘယ်တော့မှ မဆက်စပ်ချင်ဘူး။ အခုတော့ ကျွန်မကိစ္စနဲ့ မလွှဲမရှောင်သာ လာနေရရှာတာပဲလို့ ကျွန်မ စဉ်းစားနေမိတယ်။ ဒါကြောင့် မမနဲ့အတူ ထွက်လိုက် သွား ပါတယ်။ ကျွန်မတို့ နှစ်ယောက်ဟာ ဖေဖေနဲ့ မလှမ်းမကမ်းမှာ ထိုင်လိုက်ပြီး၊ မမက စပြော ပါတယ်။

“ဦးလေးအောင်–ဟောဒီမှာ ဦးလေးအောင်ရဲ့သမီးက မတွေ့ရဲဘူး ဆိုလို့ ကျွန်မ လာ ပို့ပေးတာ။ ပြောစရာရှိတာ အေးအေး ဆေးဆေးပြောကြပါ။ တခုတော့ရှိတယ်။ ကလေးကို ရိုက်လားနှက်လားနဲ့ အကြမ်းဖက်တဲ့နည်းနဲ့တော့ မခေါ်ပါနဲ့။ သူ့ဆန္ဒနဲ့သူ လိုက် ပါစေ။ ဒါတခုတော့ ကျွန်မ ကြိုတင်တောင်းပန် ထားချင်ပါတယ်။ ကြည်လေးဟာ တော်လှန် ရေး တပ်မတော်ထဲ ဝင်ချင်လို့ဆိုပြီး အိမ်က ထွက်ပြေးလာတာ။ ရုံးရောက်တော့ အိမ်ပြန်ခိုင်း လည်း မပြန်လို့ ငယ်လည်း ငယ်သေးတယ်။ မိန်းကလေးလည်း ဖြစ်လို့ ပါတီရုံးက ယာယီ ထိန်းသိမ်း ထားပါတယ်။ ကျွန်မတို့ အနေနဲ့ ဒီနေ့ဒီအချိန်အထိ ဘာတခုမှ စည်းရုံး မထား ပါဘူး။ အိမ်ကို ပြန်ဖို့ အမြဲတိုက် တွန်းနေပါတယ်။ သူ့ရဲ့ဆန္ဒက အဓိကပါ။ ကြည်လေး ကိုယ်တိုင်ကလည်း ကိုယ်ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်း ပြောပြပါ။ ကဲ–ဦးလေးအောင်တို့ သားအဖ ပြောစရာရှိတာ ဆက်ပြောကြပါဦး။ ကျွန်မ လုပ်စရာ အလုပ် ကလေးရှိနေသေးလို့ ကျွန်မကို ခွင့်ပြုပါဦး”

မမဟာ ပြောပြောဆိုဆိုနဲ့ ထပြီး သူ့အခန်းလေးထဲသို့ ဝင်သွားပါတော့ တယ်။

ကျွန်မလည်း ဖေဖေဘာများပြောမလဲလို့ ငြိမ်နေပါတယ်။ အတော်ကြာမှ “နင့်အမေ လည်း နင့်စိတ်နဲ့ အိပ်ရာထဲလဲနေပြီ။ နေ့ရှိသရွေ့ နင့်အကြောင်းပဲ ပြောနေတာ။ အစာလည်း မစားဘူး။ အဲဒါ ဖေဖေပြန်ရင် တခါတည်း ပြန်လိုက်မလား”

“ပြန်မလိုက်ချင်ဘူး ဖေဖေ။ ကျွန်မတပ်ထဲဝင်ချင်လို့ပါ”

“နင့်အမေကို မသနားဘူးလား”

“မေမေ့ကိုတော့ သနားပါတယ်။ ဒါပေမယ့် ကျွန်မက တပ်ထဲဝင်ချင်တာ”

“အေး–အဲဒါ ကောင်းကောင်း စဉ်းစားထားပေ့ါ။ မိုးလည်း ချုပ်ပြီ။ ဖေဖေ ပြန်တော့ မယ်” ဖေဖေဟာ ပြောပြောဆိုဆို ထလိုက်ပါတယ်။

ကျွန်မဟာ ပြန်သွားတဲ့ဖေဖေရဲ့ ကျောပြင် ကို ငေးစိုက်ကြည့်နေမိတုန်း မမက ဘေးမှာလာရပ်ပါတယ်။

အောက် လမ်းမကြီးပေါ်က အဟမ်း–အဟမ်း–ဖွီး–ဖွီးနဲ့ ဖေဖေရဲ့ ချောင်းဆိုးသံ၊ တံတွေးထွေးသံကို ကြားလိုက်ရပါတယ်။ ခုတ်သိဖြစ်တဲ့ ကျွန်မဟာ ဖေဖေဒေါသကို ဘယ် လောက် ထိန်းချုပ်ထားတယ်ဆိုတာကို တွက်ဆမိလိုက်ပါတယ်။ ဖေဖေဟာ ဒေါသဖြစ်ပြီး စိတ်တိုလာရင် ချောင်းမဆိုးချင်လည်း ဖြစ်ညှစ်ဆိုးပြီး၊ တံတွေးကို ဖွီ–ဖွီနဲ့ထွေးတတ်ပါတယ်။ ညနေ ရုံးကအပြန် အိမ်မရောက်ခင် အဝေးကြီးကတည်းက အဟမ်း–အဟမ်း–ဖွီ–ဖွီဆိုတဲ့ အသံ ကြားနေရတတ်ပါတယ်။

ကျွန်မဟာ နေ့စဉ် ဖေဖေ့ကို ကြိုနေကျမို့ ဖေဖေ့လက်က ဖိုင်တွဲတွေကို ကူယူပြီး လိုက်ခဲ့ရပေမယ့် စိတ်ကတော့ တထိတ်ထိတ်ပါ။ အဲဒီလိုနေ့မျိုးမှာ အပြောအဆို အလုပ် အကိုင် ဘာတခုမှ တိမ်းမရပါ။ တိမ်းရင် လူကြီးသော ကလေးပါ ခွင့်မလွှတ်တတ်ပါ။ အားလုံး သတိထားနေရပါတယ်။ တအိမ်လုံး ဖေဖေ့အသံကလွဲရင် တိတ်ဆိတ်ငြိမ်သက် နေပါတယ်။ တိမ်းလိုက်မယ်ဆိုရင်တော့ မရိုက်တောင် အနည်းဆုံး အော်–ငေါက်ဆူပူတာ ခံရပါတယ်။ ညှော့သည်ဘယ်လောက်များများ လူစိမ်းဘယ်လောက်ရှိရှိ မရပါ။ ရိုက်မယ်ဆို ဘယ်သူက ဆွဲဆွဲ မရပါ။ ဒါမျိုးတွေ မမ ခံရတာ များပါတယ်။ ကျွန်မကတော့ ဒီလိုအချိန်မျိုးဆိုရင် ကိုယ် လုပ်စရာရှိတာတွေကို အထူးသတိထားပြီး ဘာမှ မလစ်ဟင်းရလေအောင် ပိုဂရုစိုက်ပါတယ်။

မမကတော့ ဖြစ်ကာမှဖြစ်။ သူက အခွင့်ထူးခံဆိုတော့ သိပ်မကြောက်ပါဘူး။ ကျွန်မတို့ အမျိုးထဲမှာ ပထမဆုံး ပေါ်လာတဲ့ ကလေးမို့(မြေးဦးမို့)အဘိုး၊ အဘွား မိဘများနဲ့ တကွ တဆွေလုံးတမျိုးလုံးက 'မမ''မမ'နဲ့ ဖူးဖူးမှုတ် ထားတာ ခံရသူပါ။ အမှန်ပြောရရင် ဖေဖေ့ကိုလည်း သိပ်မကြောက်ပါ။ သူလုပ်ချင်တာ လုပ်ရမှ ကျေနပ်သူပါ။ ဒါကြောင့် ဒီလို အချိန်မျိုးမှာ အများဆုံး အထိခံရသူဟာ 'မမ'ပါပဲ။ ကျွန်မကတော့ လူကြီးတွေ မကြိုက်တာ ဘာတခုမှ မလုပ်ပါ။ ရိုက်တာ၊ ငေါက်တာမပြောနဲ့ အသံမာမာ ပြောရင်တောင် မခံနိုင်ပါ။ အလွန်ဝမ်းနည်းတတ်ပါတယ်။ ဒါကြောင့် ကိုယ့်အကြောင်း ကိုယ်သိလို့ ကိုယ့်ဘက်က အမှား မရှိအောင် ကြိုးစားနေတာပါ။ ဒီလို အခြေအနေမျိုးတွေကြောင့် ကျွန်မတို့အိမ်မှာ ဖေဖေမရှိတဲ့အချိန်မှာ(ကြောင်မရှိရင် ကြွက်မြူးသလို)ပျော်ရွှင်မြူးထူးကြပါတယ်။ အများအားဖြင့်ကတော့ ခုတ်စက်ဖွင့်၊ သီချင်းတွေလိုက်ဆို၊ မမနဲ့ညီအစ်မနှစ်ယောက် တခါတရံ တလှည့် စီ အပြိုင်ကကြတယ်။

ဖေဖေဟာ ပွဲတွေ၊ ရုပ်ရှင်တွေ အလွန်ကြိုက်ပါတယ်။ ပွဲဆိုရင် လာကတဲ့ ဇာတ်ပွဲ မှန်သမျှ မလွတ်တမ်း ကြည့်ရပါတယ်။ ရုပ်ရှင်ကိုတော့ သူတယောက်တည်း အရင်ကြည့်ပြီးမှ ခေတ်ဆန်ဆန် (ချစ်ခန်းကြိုက်ခန်းတွေ)သိပ်မပါမှ တအိမ်လုံးကို ခေါ်ပြပါတယ်။ အဲဒီအချိန်မှာ မမဟာ အပျိုပေါက်အရွယ် ရောက်နေပါပြီ။ ဒါကြောင့် ကျွန်မတို့ အများစု ကြည့်ရတာက သိုက်သမိုင်းကား၊ ရာဇဝင်ကားတွေပါ။ ကျွန်မတို့က ခေတ်ဆန်ဆန်ကားတွေကို ကြည့်ချင် တာပါ။ ဖေဖေ့ကို မပြောရဲ။ ပြောလည်း ရမှာမဟုတ်ပါ။

## ပျော်စရာ ရွှင်စရာ ဆန်းပြားလှတဲ့သဘင်ပွဲပမာ

အိမ်မှာ ပျော်စရာအကောင်းဆုံးကတော့ ဖေဖေလိုက်ပေးနေတဲ့အမှု နိုင်တဲ့နေ့ပါပဲ။ အမှုသည်တွေက ငွေရော၊ လက်ဆောင်ပစ္စည်း၊ စားစရာတွေကိုပါ အစုံဝယ်ပေးကြလို့ စားကြ သောက်ကြနဲ့ ညှော့သည်တွေလည်း ပြန်သွားရော ဖေဖေက ပျော်ရွှင်စရာအခန်းကို စတော့ တာပါပဲ။ ကျွန်မတို့ဖေဖေက သူများနဲ့မတူ။ အရက်မူးရင် စိတ်ထားပျော့ပျောင်းသွားပြီး အ လွန်ချစ်စရာကောင်း ပါတယ်။ ဇနီးသည်ကိုလည်း "မရင်ရေ ... မရင်ရေ"နဲ့ တရင်တည်း ရင်နေတတ်ပါတယ်။ ကျွန်မတို့ ကိုလည်း "မမရေ ... ကလေးရေ ..."နဲ့ အလွန်ဂရုစိုက် ပါ တယ်။ စားချင်တဲ့သကြားလုံး၊ ချော့ကလက် အကုန်ချကျွေးတတ်ပါတယ်။ ပြီးရင် သူကိုယ် တိုင် ကပြတတ်ပါသေးတယ်။

"ဟောဒါက ဘိုးစိန်အက၊ ဟောဒါက ဦးစိန်ကတုံးအက၊ ဟောဒါက မယ်အောင် ဗလ အက၊ ဒါက ဘိုးစိန်ကြီးရဲ့အဟဲ၊ ဟောဒါက အောင်ဗလရဲ့ အခွဲ"အမျိုးစုံအောင် လုပ်ပြ၊ ကပြနဲ့ ရယ်နေရပါတယ်။ ကျွန်မတို့က ကြိုက်တဲ့အကတွေ့ရင် ထပ်ပြန်တလဲလဲ ပွဲတောင်း ပါတယ်။ အဲဒါဆိုရင် ဖေဖေက သဘောတွေကျပြီး ကြိုးစားက,ပါတယ်။ အဲဒီလို က,လေ ကျွန်မတို့က ဝမ်းစ်မိုး၊ ဝမ်းစ်မိုးနဲ့ အော်အော်ပြီး သြဘာပေးနေတာမို့ ဖေဖေ့ခမျာ ချွေးပြိုက်ပြိုက်ကျ မောလာတဲ့အထိ က,ရပါတော့တယ်။ သိပ်မောလာရင်တော့ "တို့တာဝန် တော့ ပြီးပြီ။ နင်တို့ အမေ အလှည့်ပဲ" လို့ပြောပြီး ထိုင်ချလိုက်တော့တာပါပဲ။

ထူးဆန်းတာကတော့ မေမေဟာ နည်းနည်းလေးမှ မက, တတ်ပါဘူး။ သီချင်းလေး တအေးအေးနဲ့သာ နေတတ်ပြီး စိတ်အေးချမ်းသူ ဖြစ်ပါတယ်။ ဝမ်းနည်းစရာရှိရင်လည်း သူ့ဝမ်းထဲမှာ တနုံ့နုံ့ခံစားတတ်သူလည်း ဖြစ်ပါတယ်။ မေမေ့ကို အတင်းက, ခိုင်းရင်လည်း မေမေက မက, တတ်တော့ ပွဲ ပြီးသွားတတ်ပါတယ်။

ဖေဖေနဲ့မေမေ လက်ထပ်ပြီး တနှစ်လောက်(ကလေးမရခင်) အချိန်မှာ ဖေဖေ ကလည်း သစ်တောဘက်မှာ အလုပ်လုပ်၊ ဝင်ငွေကလည်းကောင်း၊ နှစ်ဘက်မိဘတွေကလည်း တောင့်တော့ ပူပင်စရာမရှိ၊ လာသမျှဇာတ်ပွဲ မကြည့်ဖူးတာ မရှိ။ နှစ်ယောက်တည်း ပျော်ပွဲ ရွှင်ပွဲတွေ သွားလိုက်၊ လှူလိုက်တန်းလိုက်၊ စားလိုက်သောက်လိုက်နဲ့ နေခဲ့ကြတာလို့ မေမေက တခါတရံမှာ ကျွန်မတို့ကို ပြောပြ တတ်ပါတယ်။ အိမ်မှာ လာပျော်နေတဲ့ ဝမ်းကွဲညီအစ်ကို မောင်နှစ်မတွေကလည်း များမှများ၊ ဘယ်သွားသွား အုပ်လိုက်ကြီး အလွန်ပျော်စရာကောင်း တယ်လို့ ပြောပြဖူးတာကိုလည်း သတိရနေမိသေးတယ်။

## ဘဝအလှည့်အပြောင်း

မေမေတို့ဘဝမှာ မမကစပြီး ဝင်လာပါတယ်။ မမ လအချို့လည်းရရော ဖေဖေ ဟာ အတွင်းပိုင်း ပဋိပက္ခကြောင့် အလုပ်ပြုတ် ခဲ့ရတယ်။ ရှေ့နေစာရေး အလုပ်သင်ဘဝမှာ အရင်ကလောက် ဝင်ငွေမကောင်းတော့ နေထိုင်မှုဘဝ ပြောင်းလဲသွားတယ်။ ဖေဖေဟာ ကိုယ့်မှာ ကျပ်တည်းပေမယ့် မိဘက ကူညီတာ ဘာတခုမှ မယူဘူး။ ဒီလိုနဲ့ အိမ်မှာလာနေတဲ့ အမျိုးတွေ တယောက်ပျောက်၊ တယောက်ပျောက်နဲ့ နောက်ဆုံးတော့ မေမေတို့ သားအမိပဲ ကျန်ခဲ့တော့ တယ်။ မေမေဟာ လောကဓံတရားကို ပထမဆုံး ရင်ဆိုင်လိုက်ရခြင်းလို့ ပြောပြ ပါတယ်။ ရှေ့နေစာရေး (အလုပ်သင်ဘဝ)ဟာ ဖေဖေရဲ့ ကြိုးစားမှုကြောင့် အချိန်မကြာ လိုက် ပါဘူး။ ဖေဖေဟာ အောင်မြင်တဲ့ ရှေ့နေစာရေးကြီး တယောက်ဖြစ်လာပါတယ်။ အိမ်မှာလည်း အမှုသည်ညှော့သည်တွေ တရုန်းရုန်းနဲ့ မေမေဟာလည်း စာရေးကြီးကတော်၊ စာရေးကြီးက တော်နဲ့ ဖြစ်လာပါတယ်။ စီးပွားကလည်း တက်လာပါတယ်။ အိမ်မှာ လယ်ယာထွက် ပစ္စည်းတွေ အလျှံ ပယ်ဖြစ်လာပါတယ်။ (ဆန်၊ ဆီ၊ မြေပဲ၊ နှမ်း၊ ပြောင်းဖူး၊ ငှက်ပျောခိုင်) စတာတွေ အိမ်မှာမပြတ် ပေါများလာပါတယ်။ ဖေဖေဟာ အဲဒီအချိန်ကစပြီး ငွေတိုးပေးတာ၊ ရွှေပေါင်ခံတာတွေပါ လုပ်လာပါတယ်။ မေမေကတော့ ဝင်လာတဲ့ငွေကို ကောင်းကောင်း

ထိန်း သိမ်းသုံးစွဲတာ လောက်ပဲ တတ်ပါတယ်။

## အမိမဲ့သား ရေနည်းငါးသို့

ဒီနေ့ညနေတော့ ဖေဖေဟာ စကားတွေ အများကြီး ပြောပါတယ်။

"တေတုတ် ဒီနေ့တော့ နင်ကောင်းကောင်း စဉ်းစားပြီးမှ အဖြေပေး(ဖေဖေဟာ ကောင်းနေတဲ့အခါ ကျွန်မကို 'ကလေး' လို့ခေါ်ပြီး ဒေါသဖြစ်တဲ့အခါ 'တေတုတ်' လို့ခေါ်တတ် ပါတယ်) ငါနေ့တိုင်းလာလာပြီး အကျိုးနဲ့အကြောင်းနဲ့ပြောပြီး ပြန်ခေါ်နေတာ ၁၀ ရက်ကျော်ပြီ။ နင့်အမေကလည်း ဒီသမီးကိုပဲ တတ,တဖြစ်နေတယ်။ ဒီမှာ ငါပြောမယ်။ နားထောင်။ နင်ဟာ ငါတို့ရဲ့ သမီးအရင်းမဟုတ်ဘူးဆိုပေမယ့် အခုရှိနေတဲ့ နင့်အမေဟာ သူကိုယ်တိုင် မမွေးရတာပဲ ရှိတယ်။ နင်ဟာ ငါ့အိမ်ကို ငယ်ငယ်ကလေးကတည်းက ရောက် လာတာ သိရဲ့လား။ ငါ့စိတ်မှာလည်း ငါ့မှာသမီး နှစ်ယောက်ရှိတယ်လို့ အမြဲစွဲမှတ် ထားတယ်။ ငါသေသွားရင် ညီအစ်မ နှစ်ယောက်ကို ငါ့မှာရှိတဲ့ ပစ္စည်းအားလုံး သရက်စေ့ ထက်ခြမ်းခွဲ အညီအမျှ ခွဲဝေပေးဖို့ ငါ့မှာသဘောထား အမြဲရှိတယ်"

"ဟုတ်ပါတယ်ဖေဖေ။ သမီးစိတ်ထဲမှာလည်း ဖေဖေတို့မေမေတို့ကို မိဘအရင်း လိုပဲ အမြဲစွဲမှတ်ထားပါတယ်။ အခုပြန်မလိုက်တာက သမီးအလွန်ဝင်ချင်တဲ့ တပ်ထဲမဝင်ရမှာ စိုးလို့ပါ။ ပြီးတော့ဖေဖေတို့မေမေတို့ ပစ္စည်းနဲ့ ပတ်သက်ရင်လည်း သမီးနဲ့မသက်ဆိုင်ပါဘူး။ မမနဲ့သာ အားလုံးသက်ဆိုင်ပါတယ်။ မမသာလျှင် ခံစားသင့်ပါတယ်"

"အေး ကောင်းပြီ။ နင်က အဲဒီလို ပြတ်တော့ ငါကလည်းပြတ်ရတာပေါ့။ မှတ် ထား။ ငါ့အကြောင်း နင်သိတယ် မဟုတ်လား။ ဒီတပ်ထဲ ဝင်ပြီးနောက် ငါ့အိမ်ကို ပြန်လာ ဖို့ မစဉ်းစားနဲ့။ အိမ်ပေါ်ကို တက်ဖို့မဆိုထားနဲ့ ငါ့အိမ်ရိပ်ကိုတောင် မနင်းရဘူး။ လမ်းမှာ ငါ့ကို တွေ့ရင်လည်း အဖေလို့ မခေါ်နဲ့ သိလား။ ဒါပဲ။ မှတ်ထား။ ငါသွားမယ်"

ဖေဖေရဲ့ အော်ဟစ် ဆူသံကြောင့် တအိမ်လုံးရှိတဲ့လူတွေအားလုံး ကျွန်မဘေးနား မှာ ရောက်လာကြပါတယ်။ ဖေဖေဟာ ဒေါသဖြစ်လွန်းလို့ထင့်ပါရဲ့ အသားတွေ တဆတ်ဆတ် တုန်နေပါတယ်။ ပြောပြောဆိုဆိုနဲ့ ဖေဖေပြန်သွားပါပြီ။

ကျွန်မလည်း ဘာမှဆက်မပြောနိုင်တော့ဘဲ ဝမ်းနည်းပက်လက်ဖြစ်ကာ အားပါး တရ ငိုလိုက်မိပါတယ်။

မမကတော့ ချော့ပါတယ်။

"တိတ်ပါ ကြည်လေးရယ်။ မိဘဆိုတာ ဒီလိုပဲ။ စိတ်ဆိုးတဲ့အခါ ပြောတာပေါ့။ နောင် စိတ်ပြေသွားတဲ့အခါကျတော့လည်း ပြန် ကောင်းလာမှာပေါ့။ ညီမလေးက မကောင်း တာ လုပ်တာမှ မဟုတ်ဘဲ။ တနေ့ကျတော့ ညီမလေးကို နားလည်လာမှာပါ" လို့ အားပေးရှာ တယ်။

ညအိပ်ရာထဲ ရောက်တော့လည်း ဖေဖေရဲ့စကားသံတွေကိုပဲ ပြန်ကြားပြီး အိပ်မရ တော့ပါဘူး။ ကျွန်မဟာ မေမေကြီး မရှိတော့တဲ့နောက် ဖေဖေတို့မေမေတို့ကိုပဲ မှီခိုအားကိုးပြီး နေခဲ့ရတာပါ။ တပ်ထဲဝင်မှာမို့ အခုလို စွန့်ပစ်လိုက်ပြီဆိုတော့ ကျွန်မမှာ ခိုကိုးရာမဲ့၊ လောက အလယ်မှာ တကောင်ကြွက် တမျက်နှာ ဖြစ်ခဲ့ရပါတယ်။ အို … ဖြစ်လာမှတော့ မတတ်နိုင် ပါဘူး။ ပါတီဟာ ငါ့ရဲ့မိဘပေ့ါ။ တပ်ထဲရှိတဲ့ ရဲဘော်တွေအားလုံး၊ ပြည်သူတွေအားလုံးဟာ ငါ့ရဲ့ဆွေမျိုးသားချင်းတွေပဲပေ့ါလို့ အားတင်းပြီး စိတ်ကို ဖြေလိုက်ရပါတယ်။

## လှောင်ချိုင့်စံဘဝ လွတ်မြောက်လာရ
## တောင်ပံရိုက်ခတ် ရှင်မြူးနေ

ကျွန်မဟာ ဖေဖေရဲ့ စွန့်ပစ်မှုကို ခံလိုက်ရပြီးနောက် ကွန်မြူနစ်တပ်သားဘဝကို အပြည့်အဝ ရောက်သွားခဲ့ပြီလို့ပဲ ဆိုရတော့မှာပါ။

နေရတာလည်း အရင်နေရာ မဟုတ်ဘဲ၊ မြို့ထဲမှာပဲ မီးရထားမြောက်ဘက်ဂိတ် အနီးမှ တိုက်တလုံးကို ရွှေ့ရပါတယ်။ အဲဒီ တိုက်ပိုင်ရှင် ဇနီးမောင်နှံဟာ ပါတီကိုထောက်ခံ သူများ ဖြစ်ပြီး သဘောလည်းကောင်းသူများ ဖြစ်ကြပါတယ်။ ပါတီကရဲဘော် ၄–၅ ယောက်ပဲ နေပါတယ်။ ပါတီက ရဲဘော်များမှာ ဒေါ်ခင်ကြီး(ကျဆုံးသွားတဲ့တပ်နီ ဗိုလ်သိန်းရွှေ၏ဇနီး) (မောင်မင်းဆွေလို့ခေါ်တဲ့ ၎င်းရဲ့ ၈ နှစ်အရွယ် ကလေးတယောက်) နောက် ကျွန်မ။ အမျိုးသမီး ရဲဘော်နှစ်ယောက်။ တယောက်က ရဲဘော်တင်။ နောက်တယောက်က ဂျမ်း လို့ခေါ်တဲ့ ရဲဘော် ခင်မြင့်တို့ဖြစ်ပါတယ်။ အဲဒီတုန်းက တပ်နီ ဗိုလ်သိန်းရွှေ လုပ်ကြံသတ်ဖြတ်ခံရပြီး လတချို့ လောက်သာ ရှိသေးတယ်လို့ ထင်ပါတယ်။

အမျိုးသမီးခေါင်းဆောင် ဒေါ်ခင်ကြီးဟာ မြို့နယ်ပါတီကော်မတီဝင် ကေဒါကြီး တယောက် ဖြစ်သလို တာဝန်အရ စည်းရုံးရေးလိုင်းကို ကိုင်ပါတယ်။ ကျန်တဲ့မြင်းဖြူရှင် မခင် ညွန့်တို့၊ (မမ) မသိန်းနုတို့ အားလုံးဟာလည်း မြို့နယ်ကော်မတီဝင်များ ဖြစ်ကြပါတယ်။ တာဝန် အရသာ ကွဲပြားကြတာပါ။ မခင်ညွန့်က စစ်ရေး။ မသိန်းနုက အုပ်ချုပ်ရေးလိုင်းက ဖြစ်ပါတယ်။ ဒေါ်ခင်ကြီးက အသားဖြူဖြူ တုတ်တုတ်၊ ရုပ်ချောတယ်။ တရားဟောလည်း အလွန် ကောင်းပါတယ်။ ရဲဘော်တွေ အားလုံးက လေးလေးစားစားနဲ့ 'အစ်မကြီး' လို့ ခေါ်ကြ တယ်။ စိတ်နေသဘောထားကောင်းပြီး ရဲဘော်တွေအပေါ် ခင်မင်ဖော်ရွေစွာ ဆက်ဆံတတ်လို့ လူချစ်လူခင် များပါတယ်။

ကျွန်မအရင်ရောက်နေတဲ့ အမျိုးသမီးရဲဘော်များကတော့ 'အမေ' လို့ ခေါ်ကြ တယ်။ ဒါကြောင့် ကျွန်မကလည်း အမေတော်နေသူဖြစ်တော့ 'အမေ' လို့ပဲ နှစ်နှစ်ခြိုက်ခြိုက် ခေါ်မိပါတယ်။ သူကလည်း ကျွန်မတို့ကို တော်တော်ချစ်ချစ်ခင်ခင် ရှိပါတယ်။ ကျွန်မကို ဘယ်ဘက် တာဝန်ယူချင် သလဲ မေးပါတယ်။ ကျွန်မဆန္ဒက စည်းရုံးရေးဘက်မှာ တာဝန်ယူ ချင်တယ်လို့ ပြောတော့ "ငါ့သမီးက အေးလွန်းတယ်။ ဒီဘက်မှာပဲ ကောင်းပါတယ်" လို့ ပြောပါတယ်။

ကျွန်မရယ်၊ ဂျမ်း(ရဲဘော်ခင်မြင့်)ရယ် နှစ်ယောက်ဟာ စည်းရုံးရေးလိုင်းဘက်မှာ တာဝန်ယူရမယ့်သူများ ဖြစ်ပါတယ်။ တင်(ရဲဘော်တင်)ကတော့ စစ်ရေးဘက်ကဖြစ်လို့ သင်တန်းဆင်းလေ့ကျင့်ပြီး 'မြို့သိမ်းပွဲ' တွေ အကြိမ်ကြိမ် တိုက်ပွဲဝင်ဖူးသူ ဖြစ်ပါတယ်။ တင်ဟာ မိန်းကလေးသာဆိုပေမယ့် သူ့လှုပ်ရှားမှုတွေက သွက်လက်ဖျတ်လတ်ပြီး ယောကျ်ားလေးနဲ့ တူပါတယ်။ နောက်တတ် ပြောင်တတ် ပြီး သူက ရဲဘော်ဟောင်းဖြစ်တယ်။ ကျွန်မနဲ့ ဂျမ်းတို့ကတော့ တပ်သားသစ်တွေဖြစ်လို့ တင်ရဲ့ သွန်သင်မှုကို ခံယူရပါတယ်။ သူက အသက်အရလည်း နည်းနည်း ကြီးတယ်။ ဂျမ်းကလည်း ကျွန်မထက် နည်းနည်းကြီးပြီး ကျွန်မက အငယ်ဆုံး ပါပဲ။

ဒေါ်ခင်ကြီးက ကျွန်မတို့ကို လုပ်ငန်းအတွက်သုံးဖို့ ဘလာစာအုပ် ၂ အုပ်စီ ထုတ် ပေးပါတယ်။ တရားဟောနည်း၊ မှတ်စုထုတ်နည်း၊

နိုင်ငံရေးလေ့လာနည်း အစုံသင်ပေးပါတယ်။ မြို့ပေါ်မှာ တရားပွဲရှိတိုင်း ကျွန်မတို့ လိုက်ရပါတယ်။ ခေါင်းဆောင်တွေ ဟောသမျှ မှတ်စု လိုက်ရတယ်။ နောက်နေ့ဆိုရင် ဘယ်အချက်အလက်ကကောင်းတယ်။ ဘယ်ဟာက လိုတယ်။ အားလုံး ပြန်ဆွေးနွေးရပါတယ်။ ကိုယ်ဟန်အမူအရာက အစ ပါ, ပါတယ်။ နေ့စဉ် ထမင်းစားပြီး တဦးချင်းလေ့လာရေး လုပ်ရပါတယ်။ တနေ့အနည်းဆုံး ၁ –၂ နာရီဖတ်ရ။ မှတ်ရပါတယ်။ ရုံးလုပ်ငန်းကိုလည်း ကူညီလုပ်ကိုင်ရပါတယ်။ စာစောင်တွေ ကာဗွန်ခံပြီး လက်ရေးနဲ့ ပွားပေးရတယ်။ ကျွန်မနဲ့တင် ဒီနှစ်ယောက်က နေ့စဉ်ရေးရပါတယ်။

အင်မတန် အရေးကြီးတဲ့အခါ ဂျမ်းပါရေးပြီး၊ နည်းနည်းပဲလိုအပ်ရင် ဂျမ်းက စာ ဖတ် ပေးရပါတယ်။ ညနေ ထမင်းစားချိန်ကျမှ နားပြီး ညဘက်ဆိုရင် ‘တော်လှန်ရေးသီ ချင်း’တွေ သင်ပေး၊ သီချင်းတွေဆို၊ ကျွန်မတို့ အငယ်တွေက ကကြနဲ့ ပျော်စရာ ကောင်း လှပါတယ်။ တင်ဟာ တခါတရံ အနက်ရောင် ယူနီဖောင်းဝတ်၊ ယောကျ်ားလေးလုပ်ပြီး ကျွန်မကို သူ့ရည်းစားဖြစ်ကြောင်း၊ ဒီည မိန်းမခိုးလာတာဖြစ်ကြောင်း ရီစရာတွေပြော တဝေါဝေါနဲ့ ပွဲကျနေ တတ်ပါတယ်။ အိမ်ရှင် ဦးလေးကြီးကလည်း သူ့ပျင်းရင် တင်, ကို–

“ဟ–မိုးနက်ရ ဒီညငြိမ်လှချည့်လား။ လုပ်စမ်းပါဦး။ မင်းပြဇာတ်ကလေး ဘာလေး က,စမ်းပါဦး”

အဲဒီလိုပြောလာလို့ တင်ဟာ သူ့အပျင်းထူနေရင် ပါးစပ်နဲ့ပဲ လှည့်ပတ်ပြီး ကျမကို စ, တတ်ပါတယ်။

“ဟေ့–ကြည် … မင်းကတော့ စားနောက်ကျ၊ သွားနောက်ကျ၊ ကျားကိုက်တော့ သူများအရင် ဆိုတာ မင်းပဲဖြစ်မှာပဲ”လို့ပြော တော့၊ ဒေါ်ခင်ကြီးက–

“ဟဲ့–မိတင်ရဲ့ စားနောက်ကျ၊ သွားနောက်ကျ၊ ကျားကိုက်တော့လည်း နောက်ကျ ရမှာပေါ့။ ဘယ့်နှယ်ကြောင့် အရင်ဖြစ်ရမှာလဲ”

“ဟာ … အမေကလည်း အမေ့သမီးကို ကြည့်လေ။ နှေးတုံ့နှေးတုံ့နဲ့ တောထဲသွားလို့ ကျားတွေ့ရင် သူများတွေက ‘ကျား’ဟေ့ဆိုကတည်းက ပြေးကြမှာ။ အမေ့သမီး တယောက်တည်းပဲ နှေးတုံ့နှေးတုံ့နဲ့ ကျန်နေရစ်ခဲ့မှာ။ အဲတော့ ကျားက သူ့မကိုက်လို့ ဘယ်သူ့ အရင်သွားကိုက် ရဦးမှာလဲ။ ဒါကြောင့် ကျားကိုက်တော့ သူများအရင်လို့ ပြောတာ”

“အင်း … အင်း … ဒီလိုဆိုတော့လည်း ဟုတ်သဟဲ့”လို့ပြောပြီး ဝိုင်းရယ်ကြ ပြန်ပါရော။ ကျွန်မကလည်း ကျွန်မပါပဲ။ အိမ်မှာ မမနဲ့ ကျွန်မဟာ ဆန့်ကျင်ဘက်ပါပဲ။ မမ က လူသွက်၊ ပါးစပ်ကလည်း သွက်တယ်။ မမဟာ သူပြောချင်ရာပြောပြီး သူလုပ်ချင်ရာ အကုန် လုပ်တယ်။ မမက ဘာမဆို ပြန်းပြန်းကွဲပါ။ ကျွန်မကတော့ လှုပ်ရှားမှုအားလုံး နှေးပါ တယ်။ အလုပ်လုပ်ရင် စေ့စပ် သေချာတယ်။ မေမေက ကျွန်မကို ကြည့်ပြီး“ငါ့သမီးလေးဟာ လူအိုနောက်ကျ သားကျနေတာပဲ။ နှေးလိုက်တာ။ ငါ့အသက် အစိတ်ပတ်ဝန်းကျင်မှာ မွေး ထားတာပါ”လို့ ခဏခဏ ပြောတတ်ပါတယ်။ ဒါပေမယ့် ကျွန်မကတော့ အကျင့် ဖြစ်နေပါပြီ။

ဒီလိုနဲ့ ကျွန်မတို့ဟာ လုပ်ငန်းအတွက် ကြိုးစားလေ့လာရင်း မေဒေးနေ့ဖြစ်ပေါ် လာပုံ။ ကမ္ဘာ့အမျိုးသမီးများနေ့ဖြစ်ပေါ်လာပုံ၊ မဟာ အောက်တိုဘာ ဆိုရှယ်လစ်တော်လှန် ရေးအကြောင်း၊ ရုရှားအမျိုးသမီးများ တော်လှန်ရေးထဲ အမျိုးသားများနဲ့တန်းတူ ပါဝင် ဆင် နွှဲကြပုံ၊ ဘဝလွတ်မြောက်ရေးအတွက် ကိုယ်ကျိုးစွန့်ပြီး ဘယ်ပုံ ပါဝင်ဆင်နွှဲကြတယ် ဆိုတာတွေကို အရင်လေ့လာ ရပါတယ်။ နောက် ကိုယ်ပိုင်စာအုပ်ထဲမှာလည်း အဲဒီ အကြောင်းအရာ တွေကို ကူးရေးရပါတယ်။ အဲဒီနောက်မှာ ခေါင်းဆောင်ဖြစ်သူက ဟောပြော ရှင်းလင်းပြတာတွေလည်း ရှိပါတယ်။

တဆက်တည်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်ပေါက်လာပုံ၊ လက်နက်ကိုင် တော်လှန်ရေးနေ့ ဖြစ်ပေါ်လာရပုံ၊ ဆရာစံ လယ်သမား သူပုန်အကြောင်း၊ တရုတ်ပြည်တော် လှန်ရေးအကြောင်း စာအုပ်တွေ၊ တရုတ်ပြည်မှ အမျိုးသမီး သူရဲကောင်းများအကြောင်း စာအုပ်တွေလည်း ဖတ်ရလေ့လာ ရပါတယ်။ တခါတရံ ညဘက် မအိပ်ခင် စကားပြော လေ့ ကျင့်တဲ့အနေနဲ့ အကြောင်းအရာတခုခုကို ရွေးပေးပြီး ကျွန်မတို့အငယ်တွေက တယောက် တလှည့်စီ ပြောရပါတယ်။ အဲဒီလို အခါမျိုးမှာ ပျော်လည်း အင်မတန် ပျော်ပါတယ်။ စိတ်ထဲ ကလည်း တထိတ်ထိတ်နဲ့ ကြောက်နေတတ်ပါတယ်။ ခေါင်းဆောင်ဖြစ်သူက အားလုံး မှတ်ထားပြီး နောက်နေ့နေ့လည်မှာ ဘယ်နေရာကမှားတယ်၊ ပြောတာ မရှင်းဘူး စသဖြင့် ထောက်ပြ ပြင်ခိုင်းပါတယ်။ နောက်ညမှာ ဆက်ပြောရတယ်။ ဒီလိုနဲ့ တဖြည်းဖြည်း စကား ပြော အလေ့အကျင့် ရလာစေပါတယ်။

တရားပွဲတိုင်းမှာလည်း ကျွန်မတို့ တက်ရပါတယ်။ နောက်ကျတော့ တရားမဟော ခင် သီချင်းတွေ ဆိုပေးရတယ်။ ပထမဆုံး သီချင်းဆိုရတဲ့နေ့ကိုတော့ မှတ်မှတ်ရရ ရှိနေဆဲပါ။ ဗမာပြည်လုံးဆိုင်ရာ လယ်သမားညီလာခံ တနှစ်မြောက် အထိမ်းအမှတ် တောရောမြို့ပါ လူထုတရားပွဲကြီး ကျင်းပရန် ညဘက်မှာ တမြို့လုံး လှုံ့ဆော်ရေး တရားပွဲလုပ်ပါတယ်။ လုပ် နည်းက ဒီလိုပါ။ ဂျစ်ကားတစီးနဲ့ ခရိုင်ရုံးက ခရိုင်ကော်မတီလူကြီး (ဦးကျော်ညွှန့်)၊ မြို့နယ်က အမျိုးသမီး ခေါင်းဆောင်(မမြင့်ဦး)၊ ကျွန်မနဲ့ ခရိုင်က ရဲဘော် တဦးရယ် ပေါင်း ၄ ယောက် ပါ,ပါတယ်။ ကျွန်မက အရင်ဆုံး သီချင်းဆိုရပါတယ်။ (သီချင်းဆိုတဲ့ အခါ ဦးကျော်ညွှန့်က တယောထိုး ပါတယ်)။ ဒါပြီးရင် ခရိုင်ခေါင်းဆောင် ဦးကျော်ညွှန့်က လှုံ့ဆော်ရေးတရား ဟောပါတယ်။ ပြီးတော့ အမျိုးသမီးခေါင်းဆောင် မမြင့်ဦးက ဆက်ဟောပါတယ်။ နောက်နေ့ လူထု တရားပွဲကို တက်ရောက်ရန် အသေးစိတ် လှုံ့ဆော်ကြတာပါ။

တမြို့လုံး ရပ်ကွက်တခုကို ရောက်ပြီဆိုရင် ပထမဆုံးက တနေရာမှာ ကားကိုရပ်၊ အသံချဲ့စက်နဲ့ သီချင်းဆို၊ တရားဟောပြီးရင် နောက်တနေရာကို ပြောင်း။ ဒီလိုနဲ့ ကျွန်မနေခဲ့ တဲ့ ရပ်ကွက်ထဲကို ရောက်လာပါပြီ။ ကျွန်မတို့ရပ်ကွက်က မင်္ဂလာရပ်ကွက်ပါ။ ကားရပ်လိုက် တာနဲ့ တပြုံနက် ကလေးတွေ စုပြုံရောက်လာပြီး “ဟေ့–ကားထဲမှာ မကြည်လေးလည်း ပါတယ်ဟေ့”လို့ တိုးတိုးတမျိုး၊ ကျယ်ကျယ်တမျိုး ပြောကာ တိုးဝှေ့ပြီး လာကြည့်ကြပါတယ်။ ကျွန်မလည်း ရှက်ရှက်နဲ့ အခက်တွေ့နေရပါတယ်။ ခဏနေတော့ အဒေါ်ကြီး၂–၃ယောက်ပါ ရောက်လာပြီး ကျွန်မကို နှုတ်ဆက်ကြပါတယ်။

“ဟဲ့–အကြည် တပ်ထဲ ရောက်နေတယ်ပေါ့နော်။ အေး … ကောင်းတယ်။ ကောင်းတယ်။ လိမ်လိမ်မာမာ နေနော်”နဲ့ အားပေးကြ ပါတယ်။

ဟော–သီချင်းဆိုဖို့ အချက်ပြပြီ။ ရှေ့က အတောလေးတောင် စနေပြီ။ ကျွန်မ လည်း ရှက်ရှက်ကြောက်ကြောက်နဲ့ စဆိုလိုက်ပါတယ်။ စောစောက ဆိုတာလောက် မချော တော့ပါ။ ကလေးတွေကတော့ “ဟေ့ကောင်းတယ်ဟေ့၊ ကောင်းတယ်ဟ”နဲ့ပြောနေတာ ကြားရမှ အားတက်လာပြီး ရဲရဲ ဆိုနိုင်ပါတော့တယ်။

## အေးချမ်းသာယာ ပြည်ချမ်းသာ

အခု ဒီအိမ်ကို ရောက်လာပြီးမှ ထမင်းထုပ် မစားရတော့ပါ။ အိမ်ရှင်က အမြဲတမ်း ကျွေးနေပါတယ်။ သူတို့ကလည်း လူမများ။ အိမ်ရှင်ဇနီးမောင်နှံနဲ့ ထမင်းချက် ကလေးမလေး အပါ လူ၃ ယောက်ပဲရှိတော့ ကျွန်မတို့ တနေရာ ပြောင်းသွားမှာကို စိုးရိမ်နေကြပါတယ်။ အဲဒီအချိန်က

မြို့ကို သိမ်းထားချိန် အာဏာရှိနေတဲ့ ပါတီဖြစ်လို့ တော်တော်စန်းပွင့်ပါတယ်။ ပါတီက ခေါင်းဆောင်တွေကို ထမင်း ဖိတ်ကျွေးတာမျိုးတွေလည်း များပါတယ်။ ရုပ်ရှင်ရုံ ကလည်း ကားသစ်လဲတိုင်း မေတ္တာလက်ဆောင် လက်မှတ်တွေ ရပါတယ်။ အထူးတန်း လက်မှတ်တွေပါ။ ပွဲရှိရင်လည်း စနေ၊ တနင်္ဂနွေဆိုရင် လက်မှတ်တွေ ရောက်လာတတ် ပါတယ်။ အဲဒီအချိန်က မြို့ထဲမှာ သူခိုးဓားပြမရှိ။ အင်မတန် အေးချမ်းသာယာလှပါတယ်။ ကွန်မြူနစ်ကို ဘယ်လောက် မုန်းတဲ့သူ ဖြစ်ပါစေ ဒီအချက်ကိုတော့ အသိအမှတ် မပြုဘဲ မနေနိုင်ပါ။ သူတို့ ကိုယ်တိုင် ဖွင့်ဟ ဝန်ခံခဲ့ကြပါတယ်။

ထူးခြားတာက ထမင်းစားဝိုင်းမှာ အရက်မပါ။ ပါလည်း ဘယ်သူမှ မသောက်။ ဆေးလိပ်သောက်သူတောင် အင်မတန် နည်းပါတယ်။ ရုံးအားချိန်မှာ ဖဲမရိုက်။ ကျားထိုးတာ၊ ချက်စ်ထိုးတာ ရှိတယ်။ အမျိုးသမီးတွေက အနည်းအကျဉ်းလောက်ပဲ တတ်ကြ၊ ကစား ကြတယ်။ ကျွန်မလည်း ချက်စ်ထိုးတာ ဝါသနာပါတယ်။ ပါတီထဲမှာ ကျား–မ, မရွေး၊ နာမည် ရှေ့မှာ ရဲဘော်တပ်ခေါ်ပါတယ်။ (အလံနီကတော့ အမျိုးသမီးကို ရဲမေလို့ ခေါ်ပါတယ်)။ ထမင်း စားဖိတ်ရင် ကျွန်မက မလိုက်ချင်ပါ။ မတက်ကြွပါ။(မေမေ ဒေါ်ခင်ကြီးက မလိုက်မနေရ) အတွေ့အကြုံရအောင်လိုက်၊ လူကြီးတွေပြောတာ ဆိုတာ ဆက်ဆံတာ လေ့လာ၊ မှတ် ထား။ အနာဂတ်မှာ ကိုယ်လည်း လူကြီးဖြစ် လာမှာ–တဲ့။

မှန်ပါတယ်။ ကျွန်မဟာ စကားပြော ရမှာ အလွန်ကြောက်ပါတယ်။ လူများများ နဲ့ထိုင်ရမှာ စကားပြောရမှာ ပိုကြောက်ပါတယ်။

“အမယ်။ ကွန်မြူနစ်လုပ်ပြီး တိုင်းပြည် အုပ်ချုပ် မင်းလုပ်မယ့်သူက နေရာမရွေး၊ လူမရွေး၊ ပြောဆိုတတ်၊ ဆက်ဆံတတ်ရမယ်။ အ,အကြီးလို နေလို့မရဘူး။ ဒီလို ပြောနိုင်အောင်လည်း စာများများ ဘတ်ရမယ်။ လူကြီးတွေ ပြောရင် အလေးထားမှတ်သား နာယူရမယ်”လို့ အမြဲတမ်း ပညာပေးပါတယ်။

တကယ်ပါပဲ။ ကျွန်မတို့ ကြီးလာတဲ့အခါ ပြောဆိုစည်းရုံးနိုင်အောင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံ ဖတ်ရှုလေ့လာ ကြရပါတယ်။ အခုထက်တိုင်အောင် ပါပဲ။ မေမေ ဒေါ်ခင်ကြီးကိုယ်တိုင်လည်း အင်မတန် စကားပြောကောင်း ပါတယ်။

## သစ်ငုတ်တွေလို သဘောထားပါတယ်

ကျွန်မတို့ တရားဟော မတတ်ခင် သီချင်းဆို အရင် လေ့ကျင့်ရပါတယ်။ တရားပွဲ အဖွင့်အပိတ်၊ တရားပွဲကြာရင် ပရိသတ်ကို ထိန်းထားနိုင်ရန် သီချင်းဆိုရပါတယ်။ သီချင်းဆို ကတော့ တော်တော်လေး ချောမော အောင်မြင်သွားပါပြီ။

တရားဟောတတ်အောင် နေ့တိုင်း လေ့ကျင့်ရပါတယ်။ တခါတရံ အိမ်နောက်ဖေး ဝါးတောထဲသွားပြီး အော်ဟစ်လေ့ကျင့်။ ညမှာ ကိုယ်နဲ့အတူနေတဲ့ ရဲဘော်တွေအကြား ဟော ပြော ရပါတယ်။ သူတို့ကလည်း လိုအပ်မှုတွေကို ဝေဖန်အကြံပေးကြပါတယ်။ ဒီအကြံပေး ချက်များကို မှတ်သားနာယူပြီး ထပ်မံလေ့ကျင့်ကြပါတယ်။

ဒီလို လေ့ကျင့်ပေးတဲ့အခါ သူတို့အတွေ့အကြုံတွေထဲက တဆင့် ပြန်ပြောပြပါ တယ်။ ရယ်စရာ ကောင်းပါတယ်။ ဖြစ်ပုံက ဒီလိုပါ။ တရားဟော လေ့ကျင့်ပေးတဲ့အခါ ခေါင်းဆောင်လုပ်သူက လူမကြောက်အောင် “ကိုယ့်ရှေ့မှာရှိနေတဲ့ လူတွေကို မကြည့်နဲ့။ အကုန်လုံး သစ်ငုတ်တွေလို သဘောထားရမယ်။ ကိုယ်ပြောစရာရှိတာ ပြောရမယ်” လို့ သင်ပေးပါတယ်။ ညကျတော့ တရားပွဲမှာ အဲဒီ ရဲဘော်က ခုလိုပြောပြီး ဟော လိုက်ပါသတဲ့။ “မိဘပြည်သူများခင်ဗျား အားလုံးကို သစ်ငုတ်တွေလိုပဲ သဘောထား ပါ တယ်”လို့ပြောချ လိုက်ဖူးတယ်တဲ့။

အဲဒီလို အလွဲလွဲအချော်ချော် ဖြစ်ခဲ့ရတာတွေ တပုံတခေါင်းကြီး ရှိခဲ့တယ်လို့ ကျွန်မတို့ကို တရားဟောတတ်အောင် သင်ပေးတဲ့ ခေါင်းဆောင်တွေက ပြန်လည်ပြောပြတာ တွေကို သတိရနေမိပါတယ်။

## ပြည်သူ့သားသမီးတွေ

ပျဉ်းမနားဈေးဟာ နေ့တိုင်းဈေး ဖြစ်ပါတယ်။ ဒါပေမယ့် နေ့စဉ်ဒီနေ့ဟာ ဘာဈေး နေ့ (လယ်ဝေးဈေး၊ လမ်းပျဉ်းမနားဈေး၊ ရွာကောက်ဈေး စသဖြင့်) အခေါ်ရှိပါတယ်။ နောက် ဆုံး ဈေးနေ့ကို “ဈေးကြီး”လို့ခေါ်ပါတယ်။ အဲဒီဈေးကြီးနေ့ဟာ လူလည်း အလွန်စည် ပါတယ်။ တောရော မြို့ပါ လာကြတာမို့ အရောင်းအဝယ်လည်း ကောင်းပါတယ်။ ဒီလို ဈေးကြီးနေ့မှာ ကျွန်မတို့ ပါတီက ဈေးထဲမှာ(ခြင်းကြားကြီးတလုံးကို ၂ ယောက်တတွဲ ဆွဲပြီး) အလှူခံရပါတယ်။ “နည်းများမဆို သဒ္ဓါတတ်အားသရွေ့ လှူကြပါ”လို့ အမျိုးသမီး ခေါင်း ဆောင်တွေက အော်လံတွေနဲ့ အော်ပြီး တရားဟောကြပါတယ်။ အထက်မှာ ပြောခဲ့သလို ကျွန်မတို့အငယ်တွေက ၂ ယောက်တတွဲ ခြင်းကြားကြီး တွေကိုဆွဲပြီး လိုက်ရပါတယ်။ ဈေးကြီးက ကြီးတော့ အကွက်ချ တာဝန်ခွဲပြီး အလှူခံရပါတယ်။ “အဖိနှိပ်ခံပြည်သူတွေ အတွက် တိုက်ပွဲဝင်နေတဲ့ ကွန်မြူနစ် တပ်သားတွေပါ။ လခ တပြားမှမရှိဘဲ မိဘပြည်သူ တွေက ပေးလှူတာကို စားပြီးအလုပ်လုပ် နေကြတာပါ”လို့ ပြောတာကို သဘောပေါက်ပြီး “သနားလိုက်တာဟယ်။ ငါတို့သာဆိုရင် လုပ်နိုင်မှာ မဟုတ်ဘူး”လို့ ပါးစပ်ကလည်းပြော လက်ကလည်း အထုပ်တွေကို ကောင်း ကောင်း ထုပ်ပြီး အလှူခံခြင်းကြီးထဲကို ထည့်ကြတယ်။

တချို့ကျွန်မနဲ့ ခင်တဲ့သိတဲ့ အဒေါ်တွေ က“ဩော်–အကြည်ရေ … ဒီအလှူခံလို့ ရတာတွေကို ဘယ်လိုလုပ်ပြီး စားကြသလဲ”လို့ မေးတတ်ပါတယ်။ ကျွန်မကလည်း “ဩော်–ဒေါ်ဒေါ်ရယ် အခု အလှူခံလို့ရတဲ့ ပစ္စည်းအားလုံးကို ရိက္ခာမှူးထံ အပ်ရပါတယ်။ ညနေဆို ဟင်းကောင်းပေါ့။ အသားဆီပြန်ချက်ပြီး ခေါင်းဆောင်ရော ရဲဘော်တွေပါ ပုံစံနဲ့ တယောက် နှစ်တုံးဆို နှစ်တုံးစီပဲ။ တခါတရံ အကြောင်းကြောင်းကြောင့် နည်းနည်းပါးပါး ပိုနေရင်လည်း နေမကောင်းတဲ့လူ။ ဒါမှမဟုတ်ကလေး။ ကလေးမရှိရင် အငယ်ဆုံးရဲဘော်ကို ပိုပေးတာပေါ့။ နေ့လည်ကျတော့ မုန့်ဟင်းခါးတို့၊ တို့ဟူးတို့ကို သုတ်ပြီး ပုံစံကျ နည်းနည်းစီ ဝေပေးတာပေါ့။ ခေါင်းဆောင်တွေက မတရားလုပ်တာ အခွင့် အရေး ပိုယူတာ မရှိဘူး။ အားလုံးတန်းတူပါပဲ”

“ဩော် … ဩော် … ကောင်းတယ်။ ကောင်းတယ်။ ပျော်စရာကြီးပဲနော်”

ဘာရောင်းရောင်း ကျွန်မတို့က အလှူခံတာပါပဲ။ နန္နင်းရောင်းရင် နန္နင်းအလှူခံ လိုက်တယ်။ ငရုတ်သီးမှုန့်ကအစ ဟင်းသီးဟင်း ရွက်အဆုံး အားလုံးအလှူခံတာပါပဲ။

တချို့အနည်းစု။ အင်မတန့်အနည်းတကာ့ အနည်းစုကတော့ သဘောမပေါက်။ မလှူချင်ဘူး။ ဆောင့်ဆောင့် အောင့်အောင့်နဲ့ ထည့်တယ်။ ဒါမျိုးတွေကိုလည်း ကျွန်မတို့က မသိချင်ယောင်ဆောင်ပြီး ဆက်ပြီးအလှူခံတာပါပဲ။ အိမ်(မိမိစခန်း) ရောက်ရင် ခေါင်းဆောင် တွေကို အကျိုး အကြောင်း ပြန်ပြောပြတယ်။ နောက်တပတ်ဈေးနေ့ တရားဟောတဲ့အခါ–

“တချို့အစ်မကြီးတွေ၊ အဒေါ်တွေက သဘောမပေါက်ကြဘူး။ ကျွန်မတို့ ရဲဘော် တွေ ကောင်းရာကောင်းကြောင်း အလှူခံစားတာကို

မလူချင်ကြတာမျိုး ရှိနေတယ်။ သေသေ ချာချာ ပြန်ပြီးစဉ်းစားကြပါဦး။ ပြည်သူတွေရဲ့ ဘဝစည်းစိမ်အိုးအိမ်တွေကို အေးချမ်းအောင်၊ လုံခြုံအောင် စောင့်ရှောက်ကာကွယ်ပေးနေတဲ့ ဒီရဲဘော်တွေကို ပြည်သူတွေကမှ မကူညီ မ စောင့်ရှောက်ဖူးဆိုရင် ဘယ်သူတွေက ကူညီစောင့်ရှောက်မှာလဲ။ အားလုံးပဲ စဉ်းစားကြပါ ဦး'' လို့လည်း တရားဟောလိုက်ရော ဈေးသည် အဒေါ်ကြီးတွေက တယောက်တပေါက်နဲ့ ဝိုင်းပြောလိုက်ကြတာ စုံလို့။ တဈေးလုံး ဆူညံသွားတော့ တာပါပဲ။

''အံ့ပါရဲ့တော်။ ကိုယ်ရောင်းတဲ့ ပစ္စည်းအားလုံးကို လှူလိုက်ရတာလည်းမဟုတ်။ နည်းနည်းပါးပါးလောက် လှူရတာကိုများ''

''ဟုတ်ပ့ါတော်။ ဘယ်လိုလူစားမျိုးတွေများ ဈေးထဲဈေးလာရောင်းနေသလဲ မသိ ဘူး။ ဒါလောက် မြို့ပြသာယာ ငြိမ်းချမ်းအောင် လုပ်ပေးနေတဲ့ လူတွေကို မသဒ္ဓါဘူးဆိုရင် ဘယ်လိုလူမျိုးကို ဒင်းတို့က သဒ္ဓါမှာလဲ။ တယ်လေ ငါပြောလိုက်ရတော့ မကောင်းဘူး–ဟင်း ... ဟင်း''

''အို ... အေ–ရှုပ်ပါတယ်။ အဲဒီလိုလူဟာ ဘယ်သူလဲ ဆိုတာကိုသာ လက်ညှိုး ထိုးပြ လိုက်စမ်းပါ။ ကျုပ်တို့ဘာသာ ကျုပ်တို့ ဆုံးမလိုက်စမ်းပ့ါမယ်''

''မဟုတ်ပါဘူး–ဒေါ်ဒေါ်ရယ်။ စိတ်မစိုးပါနဲ့။ လူဆိုတာ သဘောမပေါက်ခင် ဒီလိုပဲ ဖြစ်တတ်ပါတယ်။ သဘောပေါက်အောင် ပြောဖို့က ကျွန်မတို့တာဝန်ပါ''

''အမယ်လေး ... အဲဒီလောက်ကြီး စိတ်မရှည်စမ်းပါနဲ့။ စိတ်ရှည်လိုက်ကြတာ။ ကျုပ်တို့ကတော့ ရှင်းရှင်းပဲ။ ဒါလောက် စိတ်မရှည် နိုင်တော့ဘူး''

အမျိုးသမီးခေါင်းဆောင်က အေးအေးဆေးဆေး ဆက်ပြီးရှင်းပြနေတာနဲ့ အဒေါ် ကြီးတွေကလည်း ငြိမ်ကျသွားပါတယ်။ နောက် ဈေးကျတော့၊ ဟို–အဒေါ်ကြီးဟာ သဘော ပေါက်သွားတာလား။ ဒါမှမဟုတ် ကြောက်သွားတာလား။ ဘာရယ်လို့တော့ အတိအကျ မသိ။ ပြုံးပြုံးရွှင်ရွှင် ဖြစ်လာတာ တွေ့ရတယ်။

အစတုန်းက ကျွန်မဟာ ဒီလို ဈေးထဲမှာ လျှောက်အလှူခံနေရတာကို သိပ်ရှက် တာပဲ။ တမြို့လုံးကလည်း မသိတဲ့သူ မရှိသ လောက်ပါပဲ။ အသိတွေ သူငယ်ချင်းတွေနဲ့ တွေ့ရင် ပိုရှက်ပါတယ်။ နောက်တော့ စဉ်းစားမိပါတယ်။ ''ဒီလိုလုပ်ရတာ ရှက်စရာလား။ အို–ငါဘာလို့ ရှက်ရမှာလဲ။ မကောင်းတာလုပ်တာမှ မဟုတ်ဘဲ။ ဒါဟာ ရှက်စရာမဟုတ် ဘူး'' လို့ ကိုယ့်ကိုယ်ကိုယ် အားပေးတယ်။ နောက် ပိုင်းမှာ ရှက်တာ မရှိတော့ဘူး။ နောင်မှာ အသားကျလာတော့ ပျော်စရာတောင် ကောင်းသေးတယ်။ ဈေးခြင်းက တအားလေးလာရင် ကျန်တဲ့ ရဲဘော်တွေက လာကူညီပြီး ဆွဲသွားပါတယ်။ တခါတရံ တရားဟောနေတဲ့ ခေါင်း ဆောင်က လာကူညီပြီး ဆွဲယူသွားပါတယ်။ ကျွန်မတို့ဟာ အချင်းချင်း အင်မတန် ကြင်နာ ကြပါတယ်။ အစား အသောက်စားရင်လည်း ဒီလိုပါပဲ။ အင်မတန် စိတ်ချမ်းသာရပါတယ်။

ဈေးထဲက လူတွေအားလုံးနဲ့ ကျွန်မတို့လည်း ရင်းနှီးသွားပြီး အပြန်အလှန် နားလည်မှု ရှိလာကြပါတယ်။ တခါတရံ ဈေးသည်တွေ လက်မလည်လောက်အောင် သိပ် ရောင်းကောင်းနေရင် အလိုက်သိစွာ ရှောင်ပေးခဲ့ပါတယ်။ အဲလိုအခါမှာ–

''အေ့ ... ရဲဘော်မလေးတွေရေ မသွားပါနဲ့လေ။ လာလေ။ လာပါ။ ယူသွားပါ'' လို့ အော်ခေါ်ပြီး ပေးနေတတ်ပါတယ်။

ဒီအခါ ကျွန်မတို့က–

''ဖြည်းဖြည်းရောင်းပါဒေါ်ဒေါ်။ ခဏနေမှ ကျွန်မတို့ တခေါက် လာပါဦးမယ်'' လို့ ပြန်ပြောခဲ့ပြီး၊ ခဏနေလောက် တခေါက် ပြန်သွားရင် သူတို့က များများစားစား ပိုထုပ်ထားတဲ့ အထုပ်တွေကို ထည့်ပေးတတ်ကြပါတယ်။

ဈေးနေ့တိုင်း နေ့လည် တနာရီခွဲ၊ နှစ်နာရီလောက်ဆိုရင် အလှူခံတဲ့ကိစ္စက ပြီးသွား ပါပြီ။ နောက်က ရဲဘော်တွေ လိုက်လာပြီး ပြည့်မောက်နေတဲ့ အလှူခံခြင်းတောင်းများကို ဈေးပြင် ထုတ်တာ၊ မြင်းလှည်းပေါ်တင်တာအားလုံး ရဲဘော်တွေက တာဝန်ယူကြတယ်။ ကျွန်မတို့က အလှူခံခြင်းတောင်းတွေကို ရဲဘော်တွေလက်ထဲ အပ်လိုက်ပြီးရင် လူစုပြီး အမျိုး သမီးတသိုက် အိမ်ပြန်ကြပါတယ်။

## မေမေကြီးသာ ရှိရင်တော့

ကျွန်မက ဈေးထဲအလှူခံထွက်၊ ပွဲလမ်းသဘင် ရုပ်ရှင်များလည်း အမျိုးသမီး ခေါင်း ဆောင်များအပေါ ကျန်ရဲဘော် အငယ်လေးတွေပါ အုပ်လိုက်၊ အဖွဲ့လိုက် သွားလိုက် လာလိုက် လုပ်နေတာ တွေ့တော့ အရပ်ထဲက ခင်မင်တဲ့ အဒေါ်တချို့က–

''အကြည်ရေ ... ညည်းကို တွေ့ရတာ တို့ကဝမ်းသာပါတယ် ... အေ ... ညည်း အမေကြီးသာ ရှိနေရင်တော့ ညည်းအခုလို တပ်ထဲရောက်ချင်မှ ရောက်မှာ'' လို့ ပြောတတ် ကြပါတယ်။

အဲဒီလို သူတို့ကပြောလာတိုင်း ကျွန်မပါးစပ်က အသံထွက်မလာပေမယ့် စိတ်ထဲ ကတော့ ...

''အို ... ကျွန်မအမေကြီးသာ ရှိခဲ့ရင် ဒီတပ်ထဲကို အစောကြီးထဲက ကျွန်မ ရောက်မှာ သေချာပါတယ်။ မေမေကြီးဟာ နိုင်ငံရေးကို အလွန်စိတ်ဝင်စားပါတယ်။ အခုလို အဖိနှိပ်ခံ လူတန်းစားတွေ ဘဝလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေတဲ့ ပါတီ ဖြစ်တယ် ဆိုတာသိရင် သူ့မြေးလေးကို သူကိုယ်တိုင် တပ်ထဲကို ပို့ပေးမှာ သေချာပါတယ်'' လို့ အမြဲပဲ ပြန်ပြောနေ မိတယ်။

ကျွန်မတပ်ထဲကို ရောက်လာတော့ မေမေကြီးကို ပိုပြီး လွမ်းတယ်။ ပိုသတိရ မိ တယ်။ လွမ်းစရာ၊ သတိရစရာတွေကလည်း ရှိနေပါတယ်။

မေမေ ဒေါ်ခင်ကြီးရဲ့ မိခင်လာရင် သူတို့မိသားစုသာမက ကျွန်မတို့ ရဲဘော်တွေ အားလုံးပါ ပျော်ကြပါတယ်။ အားလုံးကလည်း 'အမေ' လို့ပဲ ခေါ်ကြတယ်။ အမေ့နားမှာ ဝိုင်းပြီး စားစရာရှိတာ ဝိုင်းစားကြ။ စပ်မိစပ်ရာ စကားတွေ ပြောကြနဲ့ မေမေကလည်း အားလုံးကို စေတနာသဒ္ဓါတရား ထက်သန်တယ်။ အားလုံးအတွက် ဟင်းချက်စရာ(အသား) လည်း ပါတယ်။ (ငါးပုဇွန်)လည်း ပါသေးတယ်။ ဆီ၊ ဆန်၊ ကြက်သွန်၊ အမွှေးအကြိုင်ကအစ အစုံပါ တယ်။ မုန့်ပဲသရေစာ(ပဲလှော်၊ ကြံသကာ၊ ကောက်ညှင်းထုပ်၊ အကြော်) အစုံပါတယ်။ တောင်ကြီးတောင်းငယ်နဲ့ လယ်ဝေးက လာရတယ်။ ခရီးက မနီးပါ။ ဒါပေမယ့် သမီးနဲ့မြေးကို အလွမ်းပြေ ခဏခဏ လာတယ်။ ကျန်တဲ့ ရဲဘော်တွေရဲ့ အိမ်တွေကလည်း ဒီလိုပဲ။ ကိုယ့် သားသမီးတွေကို လာတွေ့ကြတယ်။ တတ်အားသရွေ့ နည်းများမဆို ပါကြတယ်။ ကိုယ့်ရှိ တာသူကျွေး၊ သူ့ရှိလည်း ကိုယ်စား။ တမိတည်း သားတွေလို နေကြတယ်။ ပျော်စရာကြီးပါ။

တခါမှ မလာတာ၊ လာမတွေ့တာကတော့ ကျွန်မတယောက်တည်း ရှိပါတယ်။ ''အော်... မေမေကြီးသာ ရှိခဲ့ရင်၊ ဟို–လယ်ဝေး 'အမေ' လိုပဲ ခဏခဏ ပြေးလာမှာ။ စားစရာတွေ တပုံကြီးနဲ့။ ရေထွက်မတတ် လာနေရှာမှာ'' လို့ စဉ်းစာမိပြီး ဘယ်သူမှ မသိ အောင် ကြိတ်ပြီး ခဏခဏ မျက်ရည်

ကျမိတယ်။ ကျွန်မ အိမ်အကြောင်းကို သိပြီးဖြစ်တဲ့ သူငယ်ချင်းတွေက ကျွန်မ,မသိမ်ငယ်ရအောင် ဝိုင်းဝန်းအားပေး ဖြေသိမ့်ကြပါတယ်။ "ကြည်ရေ ... ကိုယ်တို့ မိဘဟာလည်း မင်းရဲ့မိဘပါပဲ။ ဘာမှ အားမငယ်ပါနဲ့။ မင်းမှာ မိဘတွေ ဆွေမျိုးသားချင်းတွေ များလိုက်တာ။ ညီအစ်ကို မောင်နှစ်မတွေလည်း များမှ များ"တဲ့။

"ဟုတ်ပါတယ်။ ပြည်သူတရပ်လုံးဟာ ကျွန်မရဲ့ မိဘဆွေမျိုး သားချင်းတွေပဲ။ များမှများ။ ဘာမှ အားငယ်စရာ မရှိပါဘူး။ မိခင်ပါတီ ရှိနေသရွေ့ပေါ့"

## မိခင်ပါတီရှိရာ ပေါင်းစည်းကာ

ကျွန်မတို့ဟာ ဒုတိယအိမ်မှာ ၃ လကျော်လောက်နေခဲ့ပြီး"ပျဉ်းမနားမြို့နယ်၊ ပါတီရုံးစိုက်ရာ၊ ပျဉ်းမနားမြို့အနောက်ဘက် ၃ မိုင်အကွာမှာရှိတဲ့ "ပြန်ကပြေးရွာ"ကို ပြောင်း လာခဲ့ရတယ်။ ဒီရွာက အိမ်ခြေ ၁၀၀၀ ကျော်ရှိပြီး အထက်တန်းကျောင်း လည်းရှိတယ်။ ချမ်းသာတဲ့ လူများတယ်။ ပါတီကို ထောက်ခံတဲ့လူလည်း များပါတယ်။ လူငယ်တွေ တော်တော် များများ ကျွန်မတို့တပ်ထဲမှာ ရှိပါတယ်။ ရွာက လူငယ်အမျိုးသား အမျိုးသမီး တွေများပြီး စည်းလုံးမှုလည်း ကောင်းပါတယ်။ ပါတီကလည်း ဒီရွာမှာ ပြည်သူ့အုပ်ချုပ် ရေးအဖွဲ့၊ တောင်သူလယ်သမားသမဂ္ဂ စတာတွေ၊ ပြည်သူ့စစ်အဖွဲ့(နှစ်မျိုးရှိပါတယ်။ တမျိုး က လက်နက်ကိုင် ပြည်သူ့စစ်။ ကျန်တမျိုးက လက်နက်မကိုင်တဲ့ ရိုးရိုးပြည်သူ့စစ်)စတဲ့ အဖွဲ့အစည်းတွေ အားလုံးဖွဲ့ပေးထားပြီးသားပါ။ ဒီရွာမှာ ဈေးလည်း ရှိပါတယ်။ ဈေးကလည်း စည်ပါတယ်။ (ပျဉ်းမနား၊ လယ်ဝေး၊ လမ်းပျဉ်းမနားစတဲ့မြို့တွေမှ ကုန်သည်တွေ တော်တော် များများ လာရောင်းကြပါတယ်။ လယ်ဝေး ဆိုတာကလည်း မြို့နယ်လေးပါ။ လမ်းပျဉ်းမနားနဲ့ ပိုနီးပါတယ်။ ပျဉ်းမနားနဲ့ လယ်ဝေးက တနေကုန် ကားရှိပါတယ်။ ကားခက တကျပ် ပါပဲ။) ရွာထဲက ပျဉ်ထောင်အိမ်ကြီးတလုံးမှာ ပျဉ်းမနားမြို့နယ် ပါတီရုံး ရုံးစိုက်ထားပါတယ်။ (အိမ်ရှင် ဖြစ်တဲ့ မြေရှင်ကြီးက ရန်ကုန်ကို ထွက်ပြေးသွားပါပြီ။) ဒီရုံးမှာ မြို့နယ်အမျိုးသမီးသမဂ္ဂရုံး၊ မြို့နယ်ကွန်မြူနစ် လူငယ်ရုံးတွေပါ ပေါင်းစည်းပြီး လာဖွင့်ထားပါတယ်။ အဓိက ရုံးကြီးကတော့ ပါတီရုံးဖြစ်ပြီး ဗိုင်တွဲတွေ၊ စာရွက်စာတမ်းတွေ၊ ရုံးနဲ့ဆိုင်တဲ့ ပစ္စည်းကိရိယာတွေ အစုံအလင် ရှိပါတယ်။ (ယာယီ) ရုံးအုပ် ထားပါတယ်။ အမျိုးသမီးသမဂ္ဂနဲ့ ကွန်မြူနစ်လူငယ်ရုံး၊ ဒီရုံးတွေ ကတော့ စားပွဲတလုံးစီလောက်နဲ့ ကုလားထိုင်တွေ သင့်တော်စွာရှိနေပေမယ့် အခြားလိုအပ် တဲ့ ရုံးပစ္စည်းများကိုတော့ ပါတီရုံးကို မှီခိုရ ပါတယ်။

ဒီမှာ "ဘုံရိပ်သာစနစ်"နဲ့ နေထိုင်ကြပါတယ်။ မနက် ၅နာရီ အိပ်ယာထ။ ခရာ မှုတ်ရင် အားလုံးတန်းစီ။ သစ္စာ ၄ ချက်ဆို၊ အဓိဋ္ဌာန်ပြု၊ တန်းဖြုတ်။ ပြီးမှ လုပ်စရာရှိတာများ လုပ်ရပါတယ်။ မနက် ၈နာရီ ရုံးတက်။ မနက် ၁၁ နာရီ ရုံးဆင်း။ ညနေ ၁နာရီ ရုံးပြန်တက်၊ ညနေ ၄ နာရီရုံးဆင်း။ ထမင်းစား။ ည ၉နာရီ အိပ်ချိန်။ စကားမပြောရ။

ကျွန်မတို့ရုံးက အမျိုးသမီးရဲဘော်များတယ်။ ညအိပ်တဲ့အခါ အိမ်အပေါ်ထပ်ရှိ အခန်းကျယ်ကြီး ၂ ခန်းမှာ အားလုံးအခန်းပြည့် အိပ်ကြပါတယ်။ ကြမ်းပေါ်မှာ တပြေးတည်း အိပ်ရာခင်း၊ သူ့ခြင်ထောင် ကိုယ့်ခြင်ထောင် တန်းစီထောင်ထားပြီး အိပ်ကြရတယ်။ စာဖတ် သူက ဖတ်။ စကားပြောသူက ပြော။ အိပ်ချိန်ခရာသံကြားမှ မီးခွက်မှုတ်ကြ။ အိပ်ကြတယ်။

ရဲဘော်တွေကလည်း အိမ်ခေါင်းရင်းခန်း ကြမ်းပြင်ပေါ်မှာ တန်းစီအိပ်ကြတယ်။

မီးဖိုခန်းထဲမှာလည်း ရဲဘော် ၂-၃ ယောက် အိပ်ကြပါတယ်။

## ခေါင်းဆောင်ငယ်သား မခွဲခြားပဲ တန်းတူရည်တူချစ်ကြည်ဖြူ

ဒီမြို့နယ် ပါတီရုံးမှာ အမျိုးသားထဲက ခေါင်းဆောင်ဆိုရင် ဗိုလ်ဝင်းဆွေ (မြို့နယ် ပါတီကော်မတီ၊ အတွင်းရေးမှူး)၊ အမျိုးသမီး ခေါင်းဆောင်နှစ်ဦး မေမေဒေါ်ခင်ကြီးနဲ့၊ မမမြင့် (ဒေါ်မြင့်ဦး)တို့ ဖြစ်ပါတယ်။ ဗိုလ်ဝင်းဆွေက မြို့သိမ်းပွဲတုန်းက တပ်နဲ့အတူပါတဲ့ ဗိုလ်ပဲ။ မြို့နယ်ပါတီကော်မတီ အဖြစ် တာဝန်ထမ်းဆောင်တော့ နာမည်ပြောင်းထားတယ်။ ရဲဘော် တင်ငွေတဲ့။ အားလုံးဟာ ချစ်ခင်ရင်းနှီးစွာ ရဲဘော်စိတ်အပြည့်နဲ့ အပြန်အလှန် ချစ်ခင်လေး စား၊ အပြန်အလှန် ကူညီကြတယ်။

ဒီစိတ်ဓာတ်ကို "ဘုံရိပ်သာ အစည်းအဝေး"လုပ်တိုင်း ချပြတယ်။ ဆွေးနွေးတယ်။ အားနည်းချက် ရှိသူတွေ ဝေဖန်တာ ခံရတယ်။ ဘက်စုံကောင်းတဲ့ ရဲဘော်တွေကို ချီးကျူးပေး တယ်။ ကျွန်မနဲ့ ဂျမ်းဟာ အစည်းအဝေး လုပ်ရင် သိပ်မမြင်ရတဲ့ နေရာမှာ ထိုင်ကြတယ်။ အစည်းအဝေးကို သိပ်ကြောက်တာပဲ။ (ကိုယ်လည်း အပြစ်တင် မခံရအောင် နေတယ်။) အားနည်းချက်ရှိတဲ့ သူဟာ ကိုယ့်အမှားကိုယ်ဝန်ခံ။ ပြုပြင်ရတယ်။ မပြင်နိုင်ရင် နောက် တကြိမ်ထပ်ပြီး ဝေဖန်တာခံရတယ်။ မိပေါင်းသားစုံဆိုတော့ စိတ်ဓာတ်အမျိုးမျိုး၊ အကျင့်ဓလေ့ အမျိုးမျိုး၊ ရိက္ခာမှူးမသိအောင် အသားဟင်းကို ပိုယူတာ။ မုန့်တွေယူစားပစ်တာ။ ပြဿနာ အစုံရှိတယ်။ ဒီပြဿနာတွေကို တခုစီ တခုစီ ရှင်းကာ နောက်ဆုံးကျတော့ ရယ်ရယ်မောမော နဲ့ အစည်းအဝေးပြီးသွားတယ်။ ဒီလိုဖြစ်တာ အများစုကတော့ ရဲဘော်သစ်တွေပါပဲ။ ဘုံရိပ် သာရဲ့ စည်းကမ်းအတိုင်း မလုပ်ဘဲ၊ အိမ်မှာနေသလို ကျင့်သုံးကြလို့ပါ။ တဖြည်းဖြည်းတော့ အလေ့အကျင့် ရသွားကြတယ်။

အနာဂတ်ဟာ လူငယ်တွေရဲ့ လက်ထဲမှာ ရှိတယ်။ လူငယ်တွေဟာ အနာဂတ်မှာ ခေါင်းဆောင်ဖြစ်နိုင်တယ်။ လူငယ့်အားဟာ အနာဂတ်ကို ပိုင်တယ်။ ဒါကြောင့်လူငယ်တွေဟာ ပညာတတ်ရုံနဲ့ မပြီးသေး။ လူငယ်တွေဟာ မိမိကိုယ်ကျိုးကို စွန့်ပယ်ရမယ်။ အရာရာမှာ အများအကျိုးအတွက် ဆောင်ရွက်ရမယ်။ ကိုယ်ကျင့်တရား ကောင်းရမယ်။ ဒါတွေကို ကျွန်မ တို့နားထဲမှာ အစဉ်အမြဲ ကြားနေရပြီး အများအကျိုးအတွက် လုပ်ချင်ကိုင်စိတ်တွေကို အစဉ် အမြဲ ပေါက်ဖွားစေခဲ့တယ်။

## လက်တွဲလို့သာ ညီညီချီ လှမ်းကြပါစို့အတည်

မြို့နယ် နိုင်ငံရေးသင်တန်းကျောင်းကြီး ပထမဆုံးအကြိမ်ဖွင့်ပြီး ကျွန်မတို့ မြို့နယ် ပါတီရုံးက ၆ ယောက် တက်ခွင့်ရပါတယ်။ အမျိုးသား ၄ ယောက်၊ အမျိုးသမီး ၂ ယောက် (ကျွန်မနဲ့ ဂျမ်း) တို့ပါ။ ခရိုင်က သဘောတူကြောင်း ပြန်ကြားချက် မနေ့က ညနေမှာ ရောက် လာလို့ ကျွန်မတို့ ကျောင်းသား ၆ ယောက်လုံးကို ခေါ်ဆွေးနွေး အသိပေးလို့ ဝမ်းသာ လိုက်တာ ပြောမပြတတ်လောက်အောင် ပါပဲ။ တဘက်ကလည်း ကြောက်နေမိတယ်။ (သင် တန်းသွားပြီး သင်တန်းတွင်း စာမေးပွဲတွေ အောင်,အောင် မဖြေနိုင်မှာကို တွေးကြောက် နေတာပါ။)

ဒါနဲ့ ဒီနေ့မနက်စာ စားပြီး ကျွန်မတို့သင်တန်းသား ၆ ယောက်ဟာ ရိက္ခာငွေ တလစာနဲ့ အဝတ်အစား၊ အိပ်ရာလိပ် အပြည့်အစုံယူပြီး သင်တန်းကျောင်းကို သွားရ ပါတယ်။ ရဲဘော်တွေ အားလုံးကို နှုတ်ဆက်ပြီး 'ဘုံရိပ်သာစခန်း'က ထွက်ဖို့ပြင်တော့ စခန်းရှိ ရဲဘော် အားလုံး လူ၂၀ လောက်က ဆူဆူညံညံ ပျော်ပျော်ပါးပါးနဲ့ ကျောင်းကို လိုက်ပို့ ကြပါတယ်။ ကျောင်းလိုက်ပို့ပြီး ပြန်ခါနီးတော့ သူတို့ အားလုံးက "ကျောင်းမှာ ကောင်းကောင်း လေ့လာခဲ့နော်။ သင်တန်းက ပို့ချတာတွေကို အားလုံးမှတ်မိအောင် လုပ်ခဲ့နော်။ ပြန်လာရင် အကုန် ပြန်ပြောရမယ်လို့ တယောက်တပေါက် ပြောကြရင်းနဲ့ နှုတ်ဆက် ပြန် သွားကြတယ်။ ဩော် ... ငါတို့ရဲဘော်တွေ။ လူတန်းစား ညီအစ်ကို မောင်နှမတွေ ပါလား လို့ ခံစားမိပါတယ်။

## အမှောင်ထုကို ပယ်ခွင်းမယ့် ကြယ်နီပေါ်လာပြီ

ကျောင်းမှာ ရောက်ခါစက တယောက်နဲ့တယောက် ခင်မင်ရင်းနှီးမှု မရှိသေး တော့ ကိုယ့်လာခဲ့သူအချင်းချင်း ပြောဆိုဆက်ဆံ နေထိုင်ရတာမို့ ပျင်းစရာလိုလို ဖြစ်နေခဲ့သေးတယ်။ နောက် ၂–၃ ရက်လောက် ရှိသွားတော့မှ အားလုံးသိရှိ ခင်ခင်မင်မင်ဖြစ်သွားကြလို့ ပျော်ပျော် ပါးပါး ဖြစ်လာပါတော့တယ်။

အစိုးရအဆက်ဆက်က "ရမည်းသင်ခရိုင်"ဖြစ်ပေမယ့် ကျွန်မတို့ တော်လှန်ရေး အစိုးရကတော့ "ပျဉ်းမနားခရိုင်"လို့ သတ်မှတ်သုံးစွဲပါတယ်။ ပျဉ်းမနားခရိုင်အတွင်းမှာ "ဗဟို အခြေခံ စခန်းဌာနချုပ်"ရှိပြီး ပါတီဗဟိုအတွက် တော်တော်အထောက်အကူ ပြုနိုင်ခဲ့ တယ်လို့ ပါတီဗဟိုမှ အသိအမှတ်ပြုခြင်းခံခဲ့ရဖူးတာကို ပြန်လည်သတိရနေပါသေးတယ်။ လက်နက် ကိုင် တော်လှန်ရေး စတင်ခဲ့တဲ့အချိန်က စပြီး ဗဟိုစခန်းကြီးနှစ်ခုဟာ ပျဉ်းမနားခရိုင်အတွင်း အလယ်ရိုးမ(ပဲခူးရိုးမ)အနီးက 'လယ်တာကြီး''ဝက်ပုတ်''ဘုရားတောင်''ပိုတက်' အစရှိ တဲ့ ရွာတွေအနားမှာပဲ လှည့်ပြီး ရုံးစိုက်ခဲ့တယ်။

အဲဒီတုန်းက ကျွန်မတို့ တော်လှန်ရေးအစိုးရ(ပြည်သူ့အစိုးရ)က ပျဉ်းမနားခရိုင်ကို အောက်ပါမြို့နယ် (၆)ခုနဲ့ ဖွဲ့စည်းထားခဲ့ တာပါ။ (၁)ပျဉ်းမနားမြို့နယ် (၂)လယ်ဝေးမြို့နယ် (၃)လမ်းပျဉ်းမနားမြို့နယ် (၄)ကျည်တောင်ကန်မြို့နယ် (၅)ပျော်ဘွယ်မြို့နယ် (၆)ရမည်းသင်းမြို့နယ်တို့ဖြစ်ပါတယ်။ အခုသင်တန်းကို လာတက်ကြတဲ့ ကျောင်းသားတွေဟာ အဲဒီ မြို့နယ်အသီးသီးက လက်ရွေးစဉ် ရဲဘော်တွေကို သင်တန်းလာတက်ခိုင်းလိုက်တာပါ။ သင် တန်းသားပေါင်း(၄၀–၅၀)လောက် ရှိပါတယ်။ (အတိအကျ မမှတ်မိတော့ပါ။)

သင်တန်းတက်ချိန်ဟာ ရုံးတက်ချိန်နဲ့ အတူတူပါပဲ။ နံနက် ၈ မှ ၁၁ နာရီအထိ၊ ညနေ ၁ မှ ၄ နာရီအထိ တက်ရပြီး ညဘက်မှာ အဖွဲ့လိုက် ပြန်လည်ဆွေးနွေးရပါတယ်။

ကျောင်းစည်းကမ်းကလည်း တင်းကျပ်ပါတယ်။ ရဲဘော်အားလုံးကလည်း ကိုယ် ပိုင် အသိနဲ့ စည်းကမ်းကို ကောင်းစွာလိုက်နာ ကြပါတယ်။

## ဆိုရှယ်လစ်ပြိုင်ဆိုင်မှု

သင်တန်းအစမှ အဆုံးအထိ သင်တန်းသားတွေဟာ–

လေ့လာရေးဘက်မှာ၊ စည်းကမ်းလိုက်နာမှုဘက်မှာ၊ ဆက်ဆံရေးဘက်မှာ၊ အပြန်အလှန်ကူညီမှုစတဲ့ ဘက်ပေါင်းစုံမှာ မနာလိုဝန်တိုတဲ့၊ သဘောထားသေးသိမ်တဲ့၊ စိတ် ဓာတ်မျိုးနဲ့ မဟုတ်ဘဲ၊ မှန်ကန်တဲ့ တက်ကြွတဲ့၊ မြင့်မြတ်တဲ့စိတ်ဓာတ်အပြည့်နဲ့ ပြိုင်ဆိုင် ကြတဲ့ "ဆိုရှယ်လစ်ပြိုင်ဆိုင်မှု" အဖွဲ့လိုက် ရှိပါတယ်။

ကျောင်းမှာ သင်တန်းမှူးက ရဲဘော်တင်ငွေ(ဗိုလ်ဝင်းဆွေ)ပဲ ဖြစ်ပြီး သူဟာ ဆက်ဆံ ရေး အလွန်ကောင်းသူ တယောက်မို့ အမျိုးသား၊ အမျိုးသမီး ကြီးငယ်မရွေး သူ့ကို ခင်မင်ကြ တယ်။ သူ့ရဲ့ ထူးခြားချက်က အစဉ်အမြဲ ပြုံးနေတတ်ပါတယ်။ နေထိုင်မှုမှာလည်း သန့်ရှင်း သပ်ရပ်ပြီး တည်ကြည်တယ်။

(ရဲဘော်တင်ငွေရဲ့ ဇာတိမှာ တောင်ငူအရှေ့ဘက် ဇရပ်ကြီး–ကင်မွန်းချုံရွာ ဖြစ်ပါ တယ်။ ဒီရွာတွေဟာ ရွာကြီးတွေဖြစ်ပြီး ဖခင်ဗမာ၊ မိခင်ပအို့ဝ်အမျိုးသမီးတို့မှ မွေးဖွား လာတဲ့ ပအို့ဝ်ဗမာ ကပြားဖြစ်ပါတယ်။ ၁၉၅၀ခုနှစ်မှာ ပါတီက ရှမ်းပြည်သို့ တာဝန်ပေး အပ် လိုက်ရာမှ နောက်ပိုင်းရှမ်းပြည် တောင်ပိုင်းခရိုင် ခရိုင်ကော်မတီတဦး ဖြစ်လာကာ စစ်ရေး ဘက်မှာ တာဝန်ကျပြီး ဗိုလ်မှူးဝင်းဆွေအဖြစ် ထင်ရှားလာခဲ့တယ်။ ၁၉၅၉ခုနှစ်၊ ရှမ်းပြည် တောင်ပိုင်းခရိုင်ကို ရန်သူက ထိုးစစ်ဆင်လာရာ ထိုးစစ်ကိုတွန်းလှန်ခုခံရင်း ကျဆုံးသွားတဲ့ အာဇာနည်ရဲဘော်တဦးပါ။)

သင်တန်းက စပါပြီ။ စ,စခြင်း ကွန်မြူနစ်တပ်သားတိုင်း နားလည်ထားရမယ့် အခြေခံ အချက်များဖြစ်တဲ့ ***ဗမာပြည်လူ့အဖွဲ့ အစည်းလက္ခဏာ၊ မိမိတို့ ချီတက်ရမယ့် လမ်းကြောင်း၊ ရန်သူ–မိတ်ဆွေ၊ ရည်မှန်းချက်ပန်းတိုင်၊ လက်ရှိဆင်နွှဲနေသည့် တော်လှန်ရေး အမျိုးအစား*** စသည် တို့ပါဝင်တဲ့ ***"လမ်းစဉ်"***ကို သိရှိနားလည်အောင် လေ့လာကြရတယ်။ ဒါကြောင့်***"ပါတီရဲ့ အခြေခံဝါဒ နဲ့လမ်းစဉ်"***ကို အသေးစိတ်ရှင်းပြ ဆွေးနွေးပြီး သင်တန်းမှာ ပို့ချပါတယ်။

**၁၉၄၈ခုနှစ်–အခြေခံဝါဒနဲ့ လမ်းစဉ်*

၁၉၄၈၊ မတ်လ ၂၈ ရက်နေ့မှာ ဖဆပလအစိုးရက ဗမာပြည်ကွန်မြူနစ်ပါတီကို စစ်မကြေညာဘဲ မတရား ဖမ်းဆီးနှိပ်ကွပ်ခဲ့လို့ ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုခဲ့ရတယ်။ အဲဒီအချိန်မှာ ပါတီအနေနှင့် အကြမ်းဖက်နှိပ်ကွပ်လာတဲ့ ဖဆအစိုးရကို ဘယ်လို တုံ့ပြန် တိုက်ခိုက်ကြမလဲဆိုတာကို ပါတီဗဟိုကော်မတီအတွင်း ဆွေးနွေးရာ လမ်းစဉ်အရ တိုက်ပွဲပြင်းထန်ခဲ့ရတယ်။

✱လမ်းစဉ်တခုက ***သပိတ်စုံသူပုန်ထလမ်းစဉ်***။ ဒီလမ်းစဉ်ကို ရဲဘော် ဂိုရှယ်က တင် ပြတယ်။ မြို့တွေပေါ်မှာ လူတန်းစား၊ လူ့အလွှာပေါင်းစုံရဲ့ သပိတ်တိုက်ပွဲများ ရင့်မှည့်ပြီးမှ လက်နက်ကိုင်တိုက်ပွဲလမ်းကြောင်းသို့ ကူးပြောင်းရေးဖြစ်တယ်။

✱ အဲဒီလမ်းစဉ်ကို ဆန့်ကျင်တဲ့ အခြားလမ်းစဉ်တခုက ရန်သူက တန်ပြန် တော် လှန်ရေးနဲ့ အကြမ်းဖက်နှိပ်ကွပ်လာတာမို့ ပါတီက "ကျေးလက်ကို အခြေခံ၊ မြို့ကိုဝိုင်းဆိုတဲ့ မိမိကိုယ်ကိုယ် ကာကွယ်တဲ့ ***ရေရှည်လက်နက်ကိုင် ပြည်သူ့စစ်ပွဲဖြင့် တုန့်ပြန်တဲ့လမ်းစဉ်။*** ဒီလမ်းစဉ်ကို ရဲဘော်သခင်သန်းထွန်းနဲ့ ရဲဘော်သခင်ဇသိန်းတင်တို့က တင်ပြခဲ့တယ်။

အထက်ပါ လမ်းစဉ်နှစ်ခုအနက် ဒုတိယလမ်းစဉ်ကို နိုင်ငံရေးဦးဆောင်အဖွဲ့ရဲ့ အများစုက လက်ခံခဲ့တယ်။ တဆက်တည်း ရန်ကုန်မြို့မှာ ဗဟိုကော်မတီ အစည်းအဝေး ခေါ်ပြီး အထက်ပါ လမ်းစဉ်နှစ်ရပ်တိုက်ပွဲကို ဆွေးနွေးခဲ့တယ်။ ဒုတိယလမ်းစဉ်ကို ဗဟိုကော် မတီအများစုက သဘောတူ အတည်ပြုလိုက်တယ်။ အဲဒီနောက် ကျောက်ကြီးပေါက် ဗဟို ကော်မတီအစည်းအဝေးမှာ ထပ်မံ အတည်ပြု ခဲ့ပြန်တယ်။

ဒီလိုနဲ့ ၁၉၄၉၊ မတ်လ စွယ်တော်မျှောင်မှာ ကျင်းပတဲ့ ဗဟိုကော်မတီ အစည်း အဝေးမှာ အထက်ပါ ပြည်သူ့စစ်ပွဲလမ်းစဉ်ကို မျက်နှာစုံညီ သဘောတူ ဆုံးဖြတ်ခဲ့ ကြပြန် တယ်။ အဲဒီဆုံးဖြတ်ချက်အရ မီးကျိုးမောင်းပျက် ရရာလက်နက်ကို စုစည်းကာ ရရှိတဲ့ လက် နက် ၁,၀၀၀ နဲ့ စတင်ခဲ့ရာ ပြောက်ကျားစစ်ဆင်နွှဲရင်း တနှစ်အတွင်း ပါတီတပ်မှာ အင်အား ၁၅,၀၀၀ အထိ ကြီးထွားလာခဲ့တယ်။

***လက်နက်ကိုင်တိုက်ပွဲ ကြီးထွားလာခြင်း***

၁၉၄၈ခုနှစ်၊ မတ်လ ၂၈ ရက် နောက်ပိုင်း ပါတီက ခုခံရေးလက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲပြီးနောက် မရှေးမနှောင်းမှာပဲ အခြားလက်နက်ကိုင် အဖွဲ့အစည်းများ ပေါ်ပေါက် လာခဲ့ တယ်။

ပထမဦးဆုံး (KNDO)က အစိုးရကိုဆန့်ကျင်၊ လက်နက်ကိုင်တိုက်ပွဲ ဆင်လာ သည်။ ၁၉၄၉ ဖေဖော်ဝါရီလလောက်တွင် ကချင်သေနတ်ကိုင် တပ်အချို့နဲ့ ကရင်သေနတ်ကိုင် တပ်အချို့ စုစည်းပြီး လက်နက်ကိုင်တော်လှန်ပုန်ကန်သည့် အဖွဲ့အစည်းအဖြစ်ထူထောင်ကာ အစိုးရကို တော်လှန်ပုန်ကန်လာခဲ့တယ်။

ဗမာ့တပ်မတော်က သရက်ခရိုင်၊ ပြည်ခရိုင်များကို လက်နက်ကိုင်အင်အားဖြင့် သိမ်းပိုက်ခဲ့တယ်။ ရန်ကုန်ရှိ ဗမာ့တပ်မတော် အချို့ဟာလည်း လက်နက်ကိုင်ပုန်ကန်ကာ 'တော်လှန် တဲ့ ဗမာ့တပ်မတော်' အဖြစ် ထူထောင်လာခဲ့တယ်။

ပြည်သူ့ရဲဘော်ဟာလည်း အဖြူ–အဝါကွဲသွားပြန်တယ်။ ရဲဘော်ဖြူက လက်နက် ကိုင်ပုန်ကန်ပြီး မကွေးတိုင်းကို ဗဟိုဌာနချုပ် အဖြစ်ထားပြီး တပ်ကိုဖွဲ့စည်း လိုက်တယ်။

ဒီလိုနဲ့ လက်နက်ကိုင်တပ်များ ကြီးထွားလာပြီးနောက် သာယာဝတီ၊ ပြည်၊ သရက်၊ မကွေး၊ ရေနံချောင်း၊ မြင်းခြံစတဲ့ မြို့များကို တော်လှန်တဲ့ လက်နက်ကိုင်တပ်များက သိမ်းပိုက် ထားလိုက်ကြပါတယ်။ တောင်ငူ၊ ပျဉ်းမနား၊ မေမြို့၊ မန္တလေးစတဲ့မြို့များကိုလည်း အစိုးရ ဆန့်ကျင်ရေး လက်နက်ကိုင်တပ်များက သိမ်းပိုက်လိုက်တယ်။

၁၉၄၉ခုနှစ်၊ အလယ်ပိုင်းလောက်မှာ ပါတီ၊ တော်လှန်တဲ့ ဗမာ့တပ်မတော်၊ ပြည် သူ့ရဲဘော်တို့ဟာ **'ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု'**ကိုဖွဲ့စည်းလိုက်တယ်။

နိုင်ငံခြားက အဲဒီတုန်းက လက်ရှိဖဆပလအစိုးရကို 'ရန်ကုန်အစိုးရ'လို့ ခေါ်ဝေါ် ခဲ့ကြတယ်။ အဲဒီ အခြေအနေတွေကို ဦးနုက သူ မကွယ်လွန်ခင်မှာ–

***"၁၉၄၉ခုနှစ်၊ နွေဦးလောက်မှာ နိုင်ငံခြားက လက်ရှိဖဆပလ အစိုးရကို 'ရန်ကုန်အစိုးရ'ဟု ခေါ်ကြသည်။ ထိုအချိန်က ဗမာပြည်၏ (၁၀ပုံ၁ပုံ)သာ အစိုးရလက်ထဲ ကျန်ပြီး ကျန်၉ပုံဟာ အထွေထွေလက်နက်ကိုင် တော်လှန်တဲ့တပ်တွေက သိမ်းထားလို့ ဖဆပလ အစိုးရမှာ ငွေလည်းမရှိ၊ လက်နက်လည်းမရှိ၊ အခက်အခဲ ကြီးမားလှကြောင်း "*** လို့ ကိုယ်တိုင်ရေး (တာတေစနေသား)မှာ ဝန်ခံ ထားခဲ့ပါတယ်။

ကျွန်မတို့သင်တန်းချိန်မှာ နေ့လည်ဆိုရင် ရာသီဥတုကလည်းပူ။ သင်ရတာက လည်း နိုင်ငံရေးတွေဆိုတော့ ကိုယ်နဲ့လက်လှမ်း မမီပါ။ ဒါပေမယ့် ပေါ့ပေါ့ဆဆလည်း မလုပ်ရဲပါ။ သင်တန်းပေးနေချိန် အိပ်ငိုက်သူများကို အငိုက်ဖမ်းပြီး မေးခွန်း ထုတ်မေး တတ် တယ်။ အဲဒါ မဖြေနိုင်ရင် တဝါးဝါးနဲ့ ပွဲကျနေတတ်တာမို့ အားလုံးအိပ်ချင်စိတ်တွေ ဘယ် ရောက်ကုန်မှန်း မသိတော့ပါဘူး။ ကိုယ့်ဘက်ကို လှည့်လာလေဦးမလားလို့လည်း တထိတ် ထိတ်နဲ့ ဖြစ်နေရတာပါ။

ကျွန်မနဲ့ဂျမ်းဟာ ရှေ့တန်းမှာ နေရာရထားတာမို့ အိပ်ငိုက်လို့မရပါ။ သိပ်အိပ် ချင်လွန်းတဲ့အခါ စာဖတ်နေယောင်ဆောင်ပြီး ခိုးငိုက်ရပါတယ်။ ၁ –၂ မိနစ်လောက် ငိုက်လိုက် ရရင်ကိုပဲ နည်းနည်းတော့ သက်သာသွားပါတယ်။

ညနေစာ ထမင်းစားချိန်မှာ ဘယ်သူက အိပ်ငိုက်နေလို့ မေးခွန်းတွေ အမေးခံရ တော့ ဘယ်လိုတလွဲတချော်တွေ ပြောနေတယ်နဲ့ ပြောကြဆိုကြတော့ ကိုယ်ကလည်း ဝင်လို့ သာ ရယ်နေရတာ၊ ကိုယ်ဘက်များ လှည့်လာနေမလားလို့ ကြောက်လို့ သိပ် မရယ်ရဲဘူး။ အခုမှ အတိုးချ ရယ်ရတယ်ဆိုပြီး နေ့လည်က အကြောင်းတွေ စားမြုံ့ပြန်ပြီး ပြောကြရယ်ကြနဲ့ တပျော်တပါးကြီးပေ့ါ။

ဗမာပြည် လူ့အဖွဲ့အစည်းလက္ခဏာဟာ ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း လူ့အဖွဲ့အစည်းဖြစ်တယ်။ ဗမာပြည်ဟာ လယ်ယာလုပ်ငန်းကို အဓိကထားတဲ့ နိုင်ငံဖြစ် တယ်။ လယ်သမား လူတန်းစားဟာ ၈၀%ရှိတယ်။

ဆရာစံ လယ်သမား တော်လှန်ရေးအကြောင်းကိုလည်း မိတ်ဆက်ပေးတယ်။ မြေရှင်ချစ်တီးတွေရဲ့ သွေးစုပ်မှု၊ ရက်စက်ယုတ်မာမှုတွေကို သိရတော့ မခံချင်တဲ့စိတ်ဓာတ်ဟာ ပြင်းပြင်းထန်ထန်ခံစားရတယ်။ အဲဒီအချိန်က လယ်သမားတွေရဲ့ ဒုက္ခ၊ လယ်သမားတွေရဲ့ ဘဝကို ပြန်တွေးကြည့်နေမိတယ်။ ချေးငှားထားတဲ့ ကြွေးတွေ ပြန်မဆပ်နိုင်ရင် လယ်မြေ တင်မက ရှိသမျှပစ္စည်းတွေရော သမီးပျိုလေးပါမကျန် ကြွေးသိမ်းခံရတယ်။ အဲဒီအဖြစ် အပျက်တွေကို နားထောင်ရင်း ရင်ထဲမှာ နာကြည်းလို့လည်း မဆုံးနိုင်။ ဒီစနစ်ဆိုး (လူတန်း စားရန်သူ)ကို ကမ္ဘာမကြေနိုင်တဲ့ ရန်သူလို့ပဲ စွဲမှတ်သွားပါတော့တယ်။

ငါတို့လယ်သမားရဲ့ဘဝဟာ ဆိုးလိုက်တာ"ကြွေးတင်ကျွန်ဖြစ်""ကံကြွေးချ ပဒေ သရာဇ်စနစ်"ဆိုတာကိုလည်း ရှင်းပြတယ်။

**နွားနဲ့တူတူ မိုးနေမရှောင်ဘဲ**

အဲဒီအချိန်က လယ်သမားတွေဟာ နယ်ချဲ့အင်္ဂလိပ်မှအစ အရာရှိဆိုးများနဲ့တကွ ကုလားချစ်တီးများရဲ့ သွေးစုပ်မှုဒဏ်ကိုလည်းခံရ၊ အခွန်ကလည်းရှိ။ ဒါ့အပြင် လူခွန်တော် လည်းပေးရ။ စပါးဈေးကလည်း ကျဆင်း(အဲဒီအချိန်က ကမ္ဘာမှာလည်း စီးပွားရေး ကျဆင်း နေချိန်၊ ကမ္ဘာ့စီးပွားရေးကပ် ဆိုက်နေချိန်) လယ်သမားများဟာ တနှစ်လုံးလုံး နွားနဲ့အတူတူ မိုးနေမရှောင်ပဲ ကုန်းရုန်းလုပ်နေရပေမယ့် အချိန်တန်လို့ စပါးသိမ်းပြီးနောက် အခွန်တော်မျိုးစုံ ပေးရ၊ ချစ်တီးဆိုးတွေကို ကြွေးပေးရနဲ့"ကြွေးတင်ကျွန်ဖြစ်"ဘဝမှာပဲ ထမင်းငတ်ပြီး ကျန်ခဲ့ရ တယ်။

ဒါကြောင့် ၁၉၃၀ခုနှစ်မှာ လယ်သမားထုကြီးရဲ့ အငတ်ဘေးနဲ့ အမျိုးသားရေးတို့ ပေါင်းစပ်မိပြီး"***ဆရာစံလယ်သမား တော်လှန်ရေးကြီး***" အုံကြွပေါက်ကွဲလာတာ ဖြစ်တယ်။ တဆက်တည်းမှာ လယ်သမားဘဝကို ဖော်ကျူးထားတဲ့ သီချင်းတပုဒ်ကိုလည်း ဆိုပြတယ်။

### *လယ်သမားဘဝသစ် တိုက်ကာစိုက်ထူမယ်(သီချင်း)*

*(မသေရုံလေး စားကြရတယ်× မအားအောင်× တကယ်× စုတ်ပြဲဗလချာ × × ခါးမှာ မြင်မကောင်း...တယ်)၂ နုံချာပေတယ်× တို့လယ်သမားရယ် × ကြုံရတယ်× အော်...နွားနဲ့တူတူ × × မိုးနေမရှောင်ပဲ...တနေလုံး ကုန်းကာ ရုန်းရပြန် တယ်× သို့ပေမယ့်ကွယ်... ကြွေးတွေဝိုင်းတယ်××× အရင်းစစ်ပြန်တော့ ... မြေရှင်စနစ်ဆိုး ကြောင့်...ကွယ်*

***သံပြိုင်**[(တိုက်မယ်ကွယ့် ညီညာစွာရယ်...တကယ်တမ်းကွယ်...မြေရှင်စနစ် နာလန်မထူနိုင်အောင် စနစ်ဆိုးပယ်)*

*(တိုက်မယ်ကွယ့် × × ×   × × ×     × × × ×     အနိုင်တိုက်မယ်)]၂*

*စိန်လိုက်ကွယ်...ညီစို့ကွယ်...ညီကြမယ်... အလျော်တွေ မပေးနိုင်ပေါင်ကွယ် × × မတရားယူထားတဲ့ × တို့မြေကြီးတွေ × ပြန်ကာ ပိုင်မယ် × လယ်သမား ဘဝသစ်တိုက်ကာ စိုက်ထူမယ်။*

*တိုက်မယ်ကွယ့် ... ... ... ...   လယ်သမား ဘဝသစ်တိုက်ကာ စိုက်ထူမယ်။*

ဒီသီချင်းကို နောင်မှာ နယ်စပ်၊ အရှေ့မြောက်ပိုင်းစစ်ဒေသ(လွတ်မြောက်ရေး အခြေခံဒေသ)ပေါ်ထွက်လာပြီး၊ ပါတီဗဟိုကော်မတီရဲ့အာဘော်၊ ဗမာပြည် ပြည်သူ့အသံ လွှင့်ရုံ ပေါ်လာတော့ အဲဒီကနေ မကြာခဏ အသံလွှင့်ခဲ့ပါတယ်။ သီဆိုသူကတော့ ရဲဘော် စံသူ(ဗဟိုကော်မတီ။ ကွယ်လွန်)ဖြစ်ပါတယ်။

သူဟာ ဗမာပြည်သူတွေရဲ့ ကိုလိုနီအင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွင်း ပါတီရဲ့ ကေဒါကောင်းတဦးအဖြစ် တာဝန်ယူ လုပ် ကိုင်ခဲ့သူ ပါ။ ၁၉၅၀ ခုနှစ်မှာ ပါတီဗဟိုက နိုင်ငံခြားသို့ ပညာသင်လွှတ်တဲ့အထဲ ပါဝင်ခဲ့သူ ရဲဘော်တဦးပါ။ အဲဒီတုန်းက သူဟာ ပျဉ်းမနားခရိုင် ပါတီကော်မတီဝင် တဦးဖြစ်ပါတယ်။ အနုပညာ ဝါသနာ အခြေခံရင့်သန်သူ တော်လှန်ရေး ရဲဘော်တဦးပါ။ ပန်းချီပညာလည်း စိတ်ဝင်စားပြီး အဆို အကလည်း ကောင်းသူ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ တရုတ်ပြည်ကနေ မော်စကိုသို့ ထပ်မံ ပညာသင် စေလွှတ်ခြင်း ခံရသူတဦးလည်း ဖြစ်ပါတယ်။ ဆိုဗီယက်နဲ့ တရုတ်အကွဲမှာ တရုတ် ပြည်သို့ ပြန်လည် ရောက်လာပါတယ်။ ၁၉၇၅ ခုနှစ်တွင် ပါတီဗဟို၊ အရံ ကော်မတီဝင် စတင်ဖြစ်လာခဲ့ပြီး၊ ဗဟိုထောက်ပံ့ရေး ဌာနကြီးမှူးတာဝန်၊ တပ်မ ဖ၈ နိုင်ငံရေးမှူး တာဝန် များကို ထမ်းဆောင်ခဲ့တယ်။ ၁၉၈၅ခု တတိယအကြိမ် ပြည်လုံးဆိုင် ရာကွန်ဂရက်မှာ ဗဟိုကော်မတီဝင်အဖြစ် ထပ်မံအရွေးခံ ရပြန်တယ်။ ဗဟိုအတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်၊ ဗဟိုရုံး ရုံးအုပ်နဲ့ နယ်စပ်တွင်ဖွင့်လှစ်ခဲ့တဲ့ ဗဟိုပါတီကျောင်းရဲ့ ကျောင်းအုပ်တာဝန်များကို ထမ်း ဆောင်ခဲ့တယ်။ နယ်စပ်အရေးအခင်း ဖြစ်တဲ့အခါ ပါတီဗဟိုနဲ့အတူ ရပ်တည်ခဲ့ပြီး ကွယ်လွန်ချိန်မှာ ပါတီဗဟိုကော်မတီ နာယကအဖွဲ့ဝင် ရဲဘော် ဖြစ်ပါတယ်။

**ဆရာစံလယ်သမား တော်လှန်ရေး**

၁၉၃၀ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်နေ့တွင် ဆရာစံဂဠုန်တပ်ဖွဲ့ဟာ ဖားရွှေကျော်ရွာ တဝိုက်တွင် စတင်တိုက်ပွဲဖြစ်ပွားခဲ့တယ်။ ၂၄ ရက်နေ့တွင် ဝဲရွာဗိုလ်တဲကို ဝိုင်းတိုက်ရာ သစ်တောအရာရှိ မစ္စတာပီးကလပ် ကျဆုံးတယ်။ ပလိပ်ဂတ်တဲစခန်းများကိုလည်း ဝင်ရောက် စီးနင်း လိုက်တယ်။ ဒီလိုနဲ့ ဆရာစံခေါင်းဆောင်တဲ့ လယ်သမားပုန်ကန်မှု ပေါက် ဖွား လာခဲ့တယ်။

ဆရာစံလယ်သမား တော်လှန်ရေးဟာ သာယာဝတီ၊ သုံးဆယ်နယ်မှ စတင် ပေါ်ပေါက်လာပြီး ရက်အနည်းငယ်အတွင်း ပေါင်းတည်၊ ကြံခင်း၊ အင်းစိန်၊ ပြည်၊ ပဲခူး၊ တောင်ငူ မှ ဟင်္သာတ၊ ဖျာပုံ၊ ပုသိမ်စတဲ့ မြစ်ဝကျွန်းပေါ်မှတဆင့် သရက်ခရိုင်နှင့် အထက် ဗမာပြည် အပါအဝင် ရှမ်းပြည်နယ်အထိ ပျံ့နှံ့လောင်ကျွမ်းသွားတယ်။ လယ်သမားတော် လှန်ရေးကို နှိမ်နင်းရာမှာ အင်္ဂလိပ်နယ်ချဲ့အစိုးရဟာ လယ်သမားများကို ရက်ရက်စက်စက် သတ်ဖြတ် ခဲ့တယ်။ မသင်္ကာသူမှန်သမျှ ခေါင်းဖြတ်ကာ သွေးသံရဲရဲဖြင့် ခေါင်းပြတ်များကို ရွာစဉ် လှည့် ပြပြီး ခြိမ်းခြောက်ခဲ့တယ်။ ဟင်္သာတ၊ သာယာဝတီ၊ ပြည်အကျဉ်းထောင် ကြိုးစင် များတွင် တနေ့တနေ့ လယ်သမား သူပုန် ၅၀မှ၁၀၀အထိ ကြိုးပေးသတ်ခဲ့ကြတယ်။

ခေါင်းဆောင်ခဲ့သူ ဆရာစံအား အသေရရ၊ အရှင်ရရ ဆုငွေ ၅,၀၀၀ကျပ်ဟု ထုတ် ပြန် ကြေညာခဲ့တယ်။

**ဆရာစံကို ဖမ်းမိခြင်း။**   ။ ၁၉၃၁ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် နောင်ချိုမြို့နယ် ဟိုခိုရွာအနီးမှာ ဖမ်းမိခဲ့ပါတယ်။

**ကြိုးမိန့်။**   ။ ၁၉၃၁ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက် စနေနေ့နံနက် အရုဏ်တက်မှာ သာယာဝတီထောင်တွင် ဆရာစံကို ကြိုးပေးသတ်ခဲ့တယ်။ အဲဒီလို ကြိုးပေးခံရပေမယ့် ဆရာစံ ဟာ ဘယ်သူတဦးတယောက်မှ တွဲစရာမလိုဘဲ ကြိုးစင်ပေါ်ကို ရဲရဲဝံ့ဝံ့ တက်သွားခဲ့တယ်။

**ရဲရဲတောက်မိန့်ခွန်း။**   ။ ဆရာစံဟာ ကြိုးစင်ပေါ်တက်ခါနီးမှာ သူရဲကောင်း  စိတ်ဓာတ်  အပြည့်အဝနဲ့ ဒီလိုပြောခဲ့တယ်။

"ငါ အခုလို တော်လှန်တာ မအောင်မြင်ရင် တနေ့မှာ ဒီလို ဖြစ်လိမ့်မယ်ဆိုတာ ငါစောစွာကတည်းက သိပြီးဖြစ်တယ်။ ဒါပေမယ့် ငါဟာတိုင်းပြည်နဲ့ အမျိုးကို ချစ်တဲ့စိတ်နဲ့ (အမျိုးဘာသာ၊ သာသနာ)ကောင်းစားရေးအတွက် ရည်ရွယ်ပြီး ငါတိုက်ခဲ့တာဖြစ်တယ်။ လုပ်ရဲရင် ခံရဲတယ်။ ဖယ်ကြ။ ငါ့ကို ဘယ်သူတယောက်မှ တွဲစရာ မလိုဘူး"

လို့ ဆိုပြီး တယောက်တည်း ကြိုးစင်ပေါ် ရဲဝံ့စွာ တက်သွားခဲ့တာကို မြင်ကြရတဲ့ ထောင်အရာရှိတွေနဲ့ မြင်ခဲ့တဲ့ လူအပေါင်းဟာ အံ့သြချီးကျူးလို့ မကုန်နိုင်ဘူး။ ဆရာစံရဲ့ အံ့မခန်းတဲ့ ရဲစွမ်းသတ္တိဟာ သာယာ ဝတီထောင်သမိုင်းမှာ စံတင်လောက်အောင် ဖြစ်ခဲ့တယ်။

ဆရာစံလယ်သမား တော်လှန်ရေး အကြောင်းမိတ်ဆက်ပေးတာကို နားထောင် ရတဲ့ ကျွန်မအနေနဲ့ ဒီလိုခံစားမိပါတယ်။

"ဆရာစံက သာမာန်အရပ်သားက နိုင်ငံရေးလုပ်တာ။ ဒါတောင် ရန်သူကို အရှုံး မပေး ဒူးမထောက်ဘူး။ ငါတို့က ကွန်မြူနစ်တွေပဲ။ ငါတို့တိုက်ပွဲဟာ အောင်နိုင်တာတွေ ရှိသလို ရှုံးနိမ့်တာတွေလည်း ရှိမယ်။ အောင်နိုင်တဲ့အခါ ဝင့်ကြွားမောက်မာတာတွေ မလုပ်မိ ဖို့လိုအပ် သလို ရှုံးနိမ့်တဲ့အခါမှာလည်း ဒူးထောက်အညံ့ခံဖို့ မလိုဘူး။ ဆရာစံရဲ့ တိုင်းပြည်နဲ့ လူမျိုး အပေါ် သစ္စာရှိမှုဟာ ချီးကျူးဂုဏ်ပြုရုံနဲ့ မလုံလောက်သေးပါဘူး။ နိုင်ငံရေးသမားတိုင်းဟာ သူ့ကိုအတုယူ လေ့လာရမယ်။ မိမိကိုယ်တိုင်ကို ဒီလိုရဲစွမ်းသတ္တိတွေရှိလာအောင် သံခဲတင် ရမယ်"

**ဆရာစံ လယ်သမားတော်လှန်ရေး ရှုံးနိမ့်ရခြင်း အကြောင်းရင်းများ**

ဒီလယ်သမားတော်လှန်ရေး ရှုံးနိမ့်ရခြင်းအကြောင်းရင်းကို ခုလို နိဂုံးချုပ်ပြတယ်။

(၁)တော်လှန်ရေးတရပ်ကို မှန်ကန်စွာ ဦးဆောင်ညွှန်ပြနိုင်တဲ့  ခေါင်းဆောင် ပါတီတရပ် မရှိခြင်း(ဒါဟာ အဓိက ဖြစ်တယ်။)

(၂)လက်နက်အင်အားခြင်း မမျှတခြင်း(ရန်သူ့လက်နက်မှာ အလွန်ခေတ်မီပြီး လယ်သမားများ ကိုင်စွဲရတဲ့ လက်နက်မှာ  အင်မတန်

ခေတ်နောက်ကျခြင်း)တို့ ဖြစ်ပါတယ်။

**မြေရှင်နဲ့လယ်သမား ခြားနားချက်။** ။ ရက်ပေါင်း ၁၂၀ လုံးလုံး လယ်မြေ နဲ့မကင်းကွာဘဲ ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းခြင်း ကိုယ်တိုင်ပြုလုပ်ပါမှ ''လယ်သမား'' လို့ခေါ်တယ်။

မြေယာ+အာဏာတို့ကို အမှီပြုပြီး သွေးစုပ်သူကို ပဒေသရာဇ်မြေရှင် လို့ခေါ် တယ်။

မြေယာ+ဓနဥစ္စာတို့ကို အမှီပြုပြီး သွေးစုပ်သူကို မြေရှင်လို့သတ်မှတ်တယ်။

**ဘာတော်လှန်ရေးလဲ။** ။ ဗမာပြည်ကွန်မြူနစ်ပါတီက ဦးဆောင်ဆင်နွှဲနေတဲ့ တော်လှန်ရေးဟာ ***ပြည်သူ့ဒီမိုကရေစီ တော်လှန် ရေး*** ဖြစ်တယ်။

(အရင်က အစည်းအဝေးမှာ စကားပြောရမှာ ကြောက်တဲ့ ကျွန်မဟာ သင်တန်း တက်ချိန်မှာ အရှိန်ရလာပြီး နားမလည်တာရှိရင် မေးတာ၊ မေးခွန်းတွေ မေးလာရင် ကိုယ်နား လည်သလောက် ဖြေတာ လုပ်ရဲလာပါတယ်။ မရှင်းတာ နားမလည်တာရှိရင်လည်း ထပြီး မေးရဲလာတယ်။ တချို့ကျောင်းသားတွေက ရှက်လို့ မမေးရဲလို့ ကျွန်မကိုပဲ မေးခိုင်းတယ်။ ကျွန်မကလည်း မေးပေးတယ်။ သင်တန်းမှူးကလည်း အဲဒီလိုမေးလို့ တခါမှ စိတ်မဆိုးပါ။ ပြုံးပြုံးရွှင်ရွှင်နဲ့ အမြဲဖြေရှင်းပြ၊ နားလည် သဘောပေါက်အောင် ပြောပြတာမို့ အားလုံးလည်း အကျိုးရှိ ကိုယ်လည်း အလေ့အကျင့်ရတာမို့ သင်တန်းမှာ အလွန်ပျော်ပါတယ်။

ကျွန်မတို့ဟာ သင်တန်းပေးချိန်မှာ အလေးအနက် နားထောင်၊ စာရွက်အကြမ်းနဲ့ မှတ်စုအမြန်လိုက်၊ သင်တန်းနားချိန်မှာ စာအုပ်ထဲ အချောပြန်ကူးထည့်နဲ့ အလုပ်တော့ များပါတယ်။)

**မြေယာတော်လှန်ရေးဟာ အဓိက ဝင်ရိုးဖြစ်တာ ဘာကြောင့်လဲ**

လက်ရှိဆင်နွှဲနေတဲ့တော်လှန်ရေးမှာ''မြေယာတော်လှန်ရေးဟာ အဓိကဝင်ရိုး'' ဖြစ်တယ် ဆိုတာ ဘာကြောင့်လဲ။ ကျွန်မဟာ ဒီမေးခွန်းကို ထမေးတော့ ဝါးကနဲ အားလုံးက ဝိုင်းရယ် လိုက်ကြတာ။ ကျွန်မကတော့ မရှက်ပေါင်။ ကိုယ်မှ နားမလည်ဘဲ။ မေးတော့တာ ပေါ့။ ဆရာက အခုလို ပြောပါတယ်။

''အင်း–အခုလိုမေးတာ မေးသင့်တဲ့ မေးခွန်းဖြစ်တယ်။ ကျွန်တော်က မမေးပဲ ဒီ အတိုင်း ရဲဘော်တို့ ကျော်ဖြတ်သွားမှာကို စိုးရိမ်နေတာ''

''ဒီလိုလေ။ လက်ရှိဆင်နွှဲနေတဲ့ ဒီတော်လှန်ရေးကြီး အောင်မြင်ဖို့ဆိုရင် 'မြေယာ တော်လှန်ရေးဟာ အဓိက ကျတယ်' ဆိုတာက ဗမာပြည်ဟာ မြေယာနိုင်ငံဖြစ်တယ်ဆိုတာ ရှေ့ပိုင်းမှာ သင်ခဲ့ပြီးဖြစ်တယ်။ လယ်သမား လူတန်းစားဟာ ၈၀% ဖြစ်တယ်။ (အလုပ်သမား လူတန်းစားက ၁၀%ရှိတယ်) အခု ကျွန်တော်တို့ တပ်မတော်ကိုပဲ ကြည့်ပါ။ တပ်ထဲမှာရှိတဲ့ တပ်သားအများစုဟာ လယ်သမား သားသမီးတွေပဲ ဖြစ်တယ်။ အလုပ်သမား လူတန်းစားနဲ့ ကျောင်းသားက လာတာ အင်မတန် အနည်းစုပဲ။ အဲဒီလို လူများစုကြီးက ထောက်ခံတယ် ဆိုရင်ဒီတော်လှန်ရေး အောင်ပွဲဟာ မြန်တာပေါ့''

**မြေယာတော်လှန်ရေးဆိုတာ ဘာလဲ**

မြေယာ တော်လှန်ရေးဆိုတာ မြေယာနဲ့ ပတ်သက်လို့ မတရားသွေးစုပ်နေတဲ့ မြေရှင်တွေကို တွန်းလှန်တိုက်ခိုက်ပစ်တယ်။ လယ်သမားတွေဆီက မတရား လုယူထားတဲ့ မြေယာတွေကို ပြန်သိမ်းပိုက်တယ်။ (လျော်ကြေးငွေ တပြားမှ မပေးဘူး)

–လယ်လုပ်သူလယ်ပိုင်ရေး။

–မြေရှင်တွေက မတရား အနိုင်ကျင့် ချုပ်ဆိုထားတဲ့ စာချုပ်တွေ၊ မတရား လုပ် ထားတဲ့ စည်းကမ်းတွေ အားလုံးဖျက်ပစ်တယ်။

–အဟောင်းတွေ အားလုံး ဖျက်သိမ်းပစ်၊ တိုက်ပစ်တယ်။

–မြေရှင်တွေရဲ့ ပစ္စည်းတွေအားလုံး သိမ်းယူတယ်။

–ဒါဟာ မြေယာတော်လှန်ရေးပဲ။

လှည်းတစီးမှာ 'ဝင်ရိုး' ဟာ ကောင်းရတယ်။ ခိုင်မာတောင့်တင်းရမယ်။ ဝင်ရိုး တောင့်မှ–လှည်းပေါ်မှာရှိတဲ့(လူ၊ ကုန်ပစ္စည်းများ)ကို လိုရာ ခရီးရောက်အောင် သယ်ယူ နိုင်တယ်။ လှည်းဘီးများ ကောင်းကောင်းလည်ပတ်ပြီး လိုရာခရီးရောက်အောင် သယ်ယူနိုင် မယ်။

ဒါကြောင့် ဒီတော်လှန်ရေး အောင်မြင်ဖို့အတွက် **မြေယာတော်လှန်ရေးဟာ အဓိက ဝင်ရိုးဖြစ်တယ်**လို့ ပြောတာပါ။

**ခေတ်ကြီး (၅) ခေတ်**

ဒီနေ့ဟာ ကျွန်မတို့ ကျောင်းသားတွေ ငြိမ်နေတဲ့နေ့ပါ။

ခေတ်ကြီး ၅ ခေတ်အကြောင်းကို ပုံပေါ်အောင် ချယ်မှုန်းသင်ပြပေးတာကို နား ထောင်ရင်း ကိုယ့်ဟာကိုယ် အသက်မှန်မှန်ရှူဖို့တောင် မေ့သွားသလို ဖြစ်ရပါတယ်။

၁။ ပဒေသပင်ခေတ်(ရှေးဦးကွန်မြူနစ်စနစ်)

၂။ ကျေးပိုင် ကျွန်ပိုင်ခေတ်(ကျေးကျွန်စနစ်)

၃။ ပဒေသရာဇ်ခေတ်

၄။ အရင်းရှင်ခေတ်

၅။ ဆိုရှယ်လစ်ခေတ်(ကွန်မြူနစ်ခေတ်)

လူသားသမိုင်း လူ့အဖွဲ့အစည်းရဲ့ တိုးတက်ပြောင်းလဲလာပုံကို ရှင်းပြတာ အလွန် စိတ်ဝင်စားစရာ ကောင်းပါတယ်။ ကျေးကျွန်စနစ်ဆိုရင် ဒီစနစ်အောက်မှာ ထူးခြားချက် တွေက–

–လူတန်းစားကွဲပြားလာတယ်(ကျေးကျွန်ပိုင်ရှင်တွေနဲ့ ကျေးကျွန်တွေ)

–ပုဂ္ဂလိကပိုင်ဆိုင်မှုရှိလာတယ်(အရင်ကထွက်ကုန်အားလုံးကို အားလုံးစုပေါင်း ပိုင်ဆိုင်တယ်)အခုတော့ ထွက်ကုန်အားလုံးကို ကျွန်ပိုင်ရှင်ကြီးကပိုင်တယ်။

–ယောကျ်ားနဲ့မိန်းမ(အလုပ်တာဝန် ခွဲဝေမှုအရ)ခွဲခြားလာတယ်။

–လူ့အဖွဲ့အစည်းဘဝထဲမှာ ကျွန်ပိုင်ရှင်တွေက ကျွန်တွေအပေါ် လူမဆန်ဆုံး၊ အရက်စက်ဆုံး၊ ညှာတာမှု အကင်းမဲ့ဆုံး ဖိနှိပ် သွေးစုပ်မှုတွေကို တွေ့နိုင်တယ်။ ကျေးကျွန် တွေဟာ နောက်ဆုံးမှာ ကျွန်ပိုင်ရှင်တွေကို ပြန်လည်တော်လှန် တိုက်ခိုက်ခဲ့တာတွေ။

–လယ်သမားတွေက ပဒေသရာဇ်တွေကို တော်လှန်တဲ့ 'လယ်သမား တော်လှန် ရေး'တွေကို ကြားရတော့ သိပ်အားရတာပဲ။ ဗမာပြည်နဲ့ အိမ်နီးနားချင်းဖြစ်တဲ့ တရုတ် ပြည်မှာ ဥက္ကဋ္ဌကြီးမော်အမှူးပြုတဲ့ တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်မှုနဲ့ တော်လှန်တိုက် ခိုက်ခဲ့ကြတာ နောက်ဆုံး ပြည်သူတွေက အောင်ပွဲရပြီး "ပြည်သူ့ဒီမိုကရေစီ အာဏာရှင် စနစ်"ကို ထူထောင် ထားတဲ့ အချိန်လည်းဖြစ်တယ်။ (ကျွန်မတို့ သင်တန်းတက်တဲ့ ကာလက ၁၉၅၀ခုနှစ်မို့ တရုတ်ပြည် လွတ်မြောက်ပြီးစ အောင်ပွဲရပြီးစ အချိန်ဖြစ်ပါတယ်။)

ခေတ်ကြီး(၅)ခေတ်အကြောင်းကို လေ့လာလို့ပြီးပါပြီ။ လူသားသမိုင်းမှာ လူ့အဖွဲ့ အစည်းဟာ လူတန်းစားစတင် ပေါ်ပေါက်တဲ့ ကျေးကျွန်ခေတ်ကစတင်ပြီး ဖိနှိပ်မှု၊ သွေးစုပ်မှု၊ ရက်စက်မှုတွေကို ပြန်လည် ခုခံတွန်းလှန်တဲ့ တော်လှန်ရေးတွေ(လူတန်းစား တိုက်ပွဲတွေ) ဟာ ဆက်တိုက်ရှိခဲ့တာ ဒီလိုနဲ့ လူ့အဖွဲ့အစည်းဟာ ပြောင်းလဲတိုးတက် လာခဲ့တာကို တွေ့ရ တယ်။

အဲဒီ ခေတ်ကြီး(၅)ခေတ်ရဲ့ နောက်ဆုံး ဆိုရှယ်လစ်ခေတ် ပြီးရင် "ကွန်မြူနစ်ခေတ်" ကို ချီတက်သွားမယ်လို့ ရှင်းပြတယ်။ အဲဒီ ကွန်မြူနစ်ခေတ်ဆိုတာ ***လူတန်းစားမရှိဘူး၊ ဖိနှိပ်သွေးစုပ်မှုမရှိဘူး၊ ကျူးကျော်လုယက်မှုမရှိဘူး။ လူလူချင်း တန်းတူပြီး ချစ်ကြည်လေးစား တဲ့ ဆက်ဆံမှုရှိတယ်။ သာယာဝပြောတဲ့ လောကနိဗ္ဗာန်ကို တည်ဆောက်ထားတာ ဖြစ်တယ်***–တဲ့။

ပြီးတော့ ***ဆိုရှယ်လစ်ခေတ်မှာ လူတွေဟာ စွမ်းအားရှိသလောက်လုပ်၊ လုပ်သလောက် ယူပြီး ခံစားနိုင်တယ်။ ကွန်မြူနစ်ခေတ် မှာတော့ စွမ်းအားရှိသလောက်လုပ်၊ လိုသလောက်ယူပြီး ခံစားနိုင်တယ်"***လို့ ပြောပါတယ်။

ကျွန်မတို့က ကလေးတွေး တွေးပြီး လိုသလောက်ယူပြီး ခံစားနိုင်တယ်ဆိုတဲ့ အချက်ကို သိပ်သဘောကျနေမိတယ်။ အစွမ်းကုန် အလုပ်လုပ်ပြီးရင် အကောင်းဆုံး တိုက် ကြီးတွေ၊ အကောင်းဆုံးကားတွေယူမှာပဲလို့ တွေးပြီး ဆရာကိုတင်ပြတယ်။

ဆရာက ရယ်လိုက်တာ။ အဲဒီလိုပြောတာ မဟုတ်ဘူး။ အဓိပ္ပာယ်က ဒီလိုတဲ့။ ကိုယ့်အလုပ်က တရာဖိုးလောက် လုပ်ထားတယ်ဆိုပါတော့။ ကိုယ်လိုတာက တဆယ်ဖိုး လောက်ပဲ လိုတယ်ဆိုရင် တဆယ်ဖိုးလောက်ပဲ ယူမယ်။ (လောဘ မကြီးဖူးပေါ့) ပြီးတော့ အဲဒီလို ကွန်မြူနစ်လောကကို တည်ဆောက်မယ်ဆိုရင် ခေါင်းဆောင်ကြီးလီနင်က ပြောတယ်။ အခြေခံ အားဖြင့် အချက်(၂)ချက် ပြည့်စုံရမယ်...တဲ့။

၁။ လူသားတွေမှာ အတွေးအခေါ်အရ ကွန်မြူနစ်အတွေးအခေါ် လွှမ်းနေရမယ်။

၂။ လူ့လောကကြီးမှာ ရုပ်ဝတ္ထုအရ ပေါများကြွယ်ဝရမယ်။ လျှပ်စစ်ခေတ် လွှမ်းနေ ရမယ် ... ဒီအချက်တွေနဲ့ပြည့်စုံနေမှ ကွန်မြူနစ်ခေတ်ကို တည်ဆောက်နိုင်မယ်တဲ့။

### အနုပဋိလောမ ရုပ်ဝါဒ

စတင် ပို့ချတာ ကြားလိုက်ရတော့ ကျွန်မစိတ်ထဲမှာ ဘုန်းကြီးတရားဟောနေတယ် လို့ ထင်မိတယ်။ ကြားရတာ တမျိုးပဲ။ အရင် ခေတ်ကြီး(၅)ခေတ်နဲ့ မတူ။ နားလည်ရ ခက်တယ်။ ရှုပ်လည်း သိပ်ရှုပ်တာပဲ။

တရက်နှစ်ရက်လောက်ကြာလာတော့ နားယဉ်လာတယ်။ နည်းနည်း နားလည် လာ သလိုပဲ။ တကယ်ပြောကြည့်စမ်း ဆိုရင် တော့ တကယ်နားလည်သေးတာ မဟုတ်ဘူး။

ဒီမှာ ရဲဘော်အများစုက အနုပဋိလောမခက်တယ်လို့ ငြီးကြတယ်။ ဆရာက အနုပဋိလောမကို မှတ်ရလွယ်အောင် အချက် ၄ ချက်အဖြစ် ချုပ်ပေးပါတယ်။

အရင်က ပါတီဝင်အဖြစ် သိမ်းသွင်းရင် ... ...

(၁)ကေဒါဖြစ်ရမယ်။(၂)အနုပဋိလောမကိုနားလည်ရမယ်တဲ့။ အဲဒီနှစ်ချက် နဲ့ကိုက်ညီမှ သိမ်းသွင်းတယ်တဲ့။ အခုသင် တန်းတက်နေတဲ့ ကျွန်မတို့ တတွေဟာ အများစုက ဒီနှစ်ချက်နဲ့ မညီပါဘူး။ ဒါပေမယ့် မျိုးဆက်သစ် အဖြစ်မွေးမြူဖို့ အလားအလာ ကောင်းသူတွေတော့ ဖြစ်လိမ့်မယ် ထင် ပါတယ်။

ဒီနေ့နေ့လည်မှာတော့–ရုပ်ဝါဒကို ဆွေးနွေးပါပြီ။ ရုပ်နဲ့စိတ်၊ ရုပ်က အဓိက ဖြစ်တယ်တဲ့။ စိတ်က သာမည(ဒုတိယ)အခန်းက ပါတယ်တဲ့။ နောက်တနေ့ကျတော့ တဈေ သူရဲ တွေ့ဖူးရင် ဘယ်မှာ တွေ့ဖူးတယ်ဆိုတာ ပြောပြစမ်းပါ လို့ ဆရာကတောင်း ဆိုတယ်။

### သူရဲစားတာလား၊ အနာပေါက်တာလား

ဒီနေ့တော့ ကျောင်းသားတွေ အလှည့်ပါ။ နေ့လည်ကျရင် ကျွန်မလည်း အဖြစ် အပျက်လေး တခုတော့ ပြောပြမယ်လို့ စဉ်းစား ထားပါတယ်။

ဖြစ်ပျက်ပုံက ဒီလိုပါ။ ကျွန်မတို့အခြေခံဒေသ(တောင်ညိုနယ်)ထဲမှာ လယ်တာ ကြီး၊ ဝက်ပုတ်ဆိုတဲ့ ရွာ(၂)ရွာရှိတယ်။ ဒီနှစ်ရွာဟာ တခြားရွာတွေနဲ့ ရွာဆက်ဝေးတယ်။ သိပ်တော ကျတယ်။ လယ်တာကြီးမှာ ဗဟိုဌာနချုပ်စခန်းရှိတယ်။ တနေ့မှာ ရွာဦးကျောင်းက ဘုန်းကြီးတပါး ပြင်းထန်စွာ ဖျားတယ်။ အဲဒီလို ဖျားလို့ ရွာက ဒကာဒကာမတွေက ခရိုင် ဆေးရုံကို လာအကြောင်းကြားပြီး ဆရာလာပင့်တယ်။ ဒါကြောင့် ဆေးရုံက (ခရိုင်ဆေးရုံအုပ် ကိုယ်တိုင်) လိုက်လာပြီး ဆေးကု ပေးတယ်။

အဲဒီဆေးရုံအုပ်က ကိုလှပေါ်ဦးတဲ့။ ထားဝယ်သား။ စကားပြောရင် ရှင်းရှင်း ပြတ် ပြတ် ပြောတတ်တယ်။ အပိုအလိုမရှိ။ တည်တယ်။ ရိုးတယ်။ ပွင့်လင်းတယ်။ စကားပြော ရင် ဟိုဒီ သွယ်ဝိုက်ပြောတာမျိုးကို မကြိုက်ဘူး။ သူလည်း မပြောဘူး။ အကြောင်းမသိရင် ပေါင်းရ ခက်တယ်။ လူ့ဂွစာလို့ ထင်ရတယ်။ အကြောင်းသိသွားရင်လည်း သူ့ကိုသိပ်ချစ်ခင် ကြတယ်။

ရွာရောက်လို့ လူနာကို စစ်ဆေးကြည့်တော့ တိုက်ဖွိုက်(အူရောင်ငန်းဖျား)ရောဂါ ဖြစ်နေတယ်။ ဒါကြောင့် ဆေးတိုက်ပေးပြီး အရေးကြီးချိန်မို့

သူကိုယ်တိုင် အနီးကပ် ပြုစုစောင့် ရှောက်ပေးတယ်။ နည်းနည်း သက်သာလာတော့ ဆရာကိုလုပ်ပေါ်ဦးက ဆေးရုံကို ခဏ ပြန်မယ်။ ဘုန်းကြီးနဲ့တကွ ဒကာဒကာမတွေအပေါ် ကျောင်းသားတွေကို သေသေချာချာ မှာခဲ့ တယ်။ ဘုန်းကြီး ရောဂါက အခုမှ နည်းနည်းပဲ သက်သာသေးတာ၊ လုံးဝမပျောက်သေးဘူး။ အဲဒါ အစာမာကို လုံးဝ မကျွေးရ။ အစာမစားရလို့ တောင်းရင် သနားတယ်ဆိုပြီး ဆက်ကပ် ပေး လိုက်ရင် သေနိုင်တယ်။ ဒီပြဿနာ ပေါ်လာရင် ဆရာဝန်က လုံးဝ တာဝန်မယူ။ ဖျော်ရည် လောက်သာ ဆက်ကပ်ရမယ်လို့ သေသေချာချာ မှာထားပြီးမှ ဆေးရုံကို ခဏပြန်တယ်။ ရောဂါ ဖြစ်တဲ့ ဘုန်းကြီးက ဗမာဗိန္ဒောဆေး နည်းနည်းတတ်တယ်။ အင်းအိုင်ဂါထာမန္တန်ယား တစုံတရာ တတ်တယ်။ အောက်လမ်းလိုလို ဘာလိုလိုနဲ့ ကျောင်းနားက ညောင်ပင်မှာလည်း သူရဲတကောင် မွေးထားသေးတယ် ဆိုသလိုလို(ရွာကပြောနေ၊ ယုံနေတာ)။

ဘုန်းကြီးက နေမကောင်းရင် ပထမ ကျောင်းသားလေးတွေကို နင်းခိုင်းနှိပ်ခိုင်း၊ နောက်ပိုင်း အပူကလဲ သိပ်တက်လာတော့ ဘုန်းကြီးက ကျောင်းသားလေးတွေကို ဆူငေါက်ပြီး နှင်ထုတ် လိုက် တယ်။ "နင်တို့ တယောက်မှ အသုံးမကျဘူး။ သွားကြ။ ငါ့ကောင် ကြီးပဲ ခေါ်ပြီးနင်းခိုင်းမယ်"လို့ပြောရင်း "ဟ–ကောင်ကြီး လာစမ်း။ ငါ့လာ နင်းပေးစမ်း"လို့ ခပ် ကျယ်ကျယ်ပြောလိုက်သတဲ့။ ဒီအခါမှာ ကျောင်းအောက်က ခွေးတွေကလည်း အူလိုက်တာ အလွန်ပဲတဲ့။ အဲဒီလို ခွေးတွေက ဆူဆူညံညံ အူနေပြီဆိုရင် ဘုန်းကြီးက "ဟုတ်ပြီ။ ကျောင်း ပေါ် မြန်မြန်တက်ခဲ့စမ်း"လို့ ပြောပြီး အားလျားမှောက်လိုက်တယ်။ ခဏကြာတော့ "အဲ–အဲ–ဟုတ်ပြီ၊ ဟုတ်ပြီ။ အလယ်လယ် နင့်ခြေသည်းကြီးက စူးလိုက်တာ"တဲ့။ နောက်တော့ "ဟုတ်ပြီ။ ဟုတ်ပြီ။ တော်ပြီ။ တော်ပြီ။ နင်ပြန်တော့"လို့ဆိုပြီး ခဏကြာတော့ ကျောင်း အောက်က ခွေးအူသံတွေ ကြားရပြီး နောက်ငြိမ်သွားတော့ ဘုန်းကြီးလဲ အိပ်ပစက်သွားရောတဲ့။ ဒီဖြစ်စဉ်က ဒီဘုန်းကြီး ဖျားတိုင်း ဖြစ်နေကျ၊ လုပ်နေကျပဲ။

ဒါတွေကို ကျောင်းသားလေးတွေကတဆင့် ရွာက မိဘတွေ ပြန်ကြားတော့ "ရွာက ဘုန်းကြီးဟာ တန်ခိုးကြီးတယ်"ပေါ့လေ။ ရွာသားတွေ တော်ရုံတန်ရုံဖျားရင်လည်း ဒီဘုန်းကြီး ဆေးနဲ့ပဲ ပျောက်သွားတာပဲတဲ့။ ဒီရွာက လူတွေဟာ ကျေးလက်ထုံးစံအတိုင်း အနောက် တိုင်းဆေးကိုလည်း မယုံကြည်ဘူး။ ဆေးရုံကိုလည်း အလွန်ကြောက်ကြတယ်တဲ့။

ဆရာကိုလုပ်ပေါ်ဦးလည်း ဆေးရုံပြန်ရော ဘုန်းကြီးဟာ တစခန်းထတော့တာပဲ။ "ငါ့ကို ဆွမ်းအမြန်ကပ်ကြစမ်း။ ငါဘုဉ်းပေး ချင်လှပြီ"ပေါ့။ ရွာက ဒကာဒကာမတွေကလည်း ဗဟုသုတက ခေါင်းပါး။ အနောက်တိုင်းဆေးကို အယုံအကြည်မရှိတာလည်း ပါဆိုတော့ ဘုန်း ကြီးကို သနား လှချည့်ရဲ့ဆိုပြီး ဆွမ်းကပ်ကြတော့တာပေါ့။ ရက်ပိုင်းအတွင်း ဘုန်းကြီးလည်း ပျံလွန်တော် မူပါလေရော။

ဒီမှာတင် ရွာသူရွာသားတွေက ဆရာကိုလုပ်ပေါ်ဦးကို သွားပြီး အကြောင်းကြား တော့တယ်။ ဆရာကိုလုပ်ပေါ်ဦးလည်း အကြီးအကျယ် စိတ်ဆိုး၊ သူ့စကား နားမထောင်လို့ အခုလိုသေရတာ သေသေချာချာ မှာထားလျက်နဲ့ ဖြစ်ရလေခြင်းလို့ အပြစ်တင်တယ်။ ကိစ္စ က ဒါနဲ့ မပြီးသေးဘူး။

ရွာသားတွေက "ဒီဘုန်းကြီး ခုလို ပျံလွန်တော်မူတာဟာ ရောဂါကြောင့်မဟုတ်။ သူမွေးထားတဲ့ သူရဲက စားလို့ အူတွေအသည်းတွေ ဘာမှ မကျန်တော့ဘူး။ သူရဲစား သွားပြီ" ပေါ့။

ဆရာကိုလုပ်ပေါ်ဦးကလည်း "မဟုတ်ဘူး။ အူတွေအသည်းတွေ အစုံရှိတယ်။ ရော ဂါကြောင့် သေတာ"

အဲဒါ မဟုတ်ဘူး၊ ဟုတ်တယ်နဲ့ ဘယ်သူ့ဘယ်သူမှ အလျှော့မပေးဘူး။ ဒီလိုနဲ့ နောက် ဆုံးတော့ ဆရာဝန်ကပြောတယ်။ လက်တွေ့ အလောင်းကို ခွဲကြည့်မယ်။ ရွာကလည်း သ ဘောတူတယ်။

**ကြည့်ကြစမ်းပါ**

ခွဲပါပြီ။ သတ္တိကောင်းတဲ့ ဦးကြီးတွေကလည်း ဆရာဝန်အနားမှာ ဝိုင်းလို့။ ဆရာ ဝန်က ဗိုက်ခွဲပြီး အူတွေ(အူသိမ်အူမ)အားလုံးကို ထုတ်ပြလိုက်တယ်။

"ဒီမှာကြည့်ကြ။ ဒီအူက အနာဖြစ်တဲ့ အူပဲ"

" ဟာ ... ဟုတ်ပါရဲ့။ ကျန်တဲ့ အူတွေနဲ့ မတူဘူး။ ရောင်ပြီး အရောင်ကလည်း ညိုပုပ်ပုပ်နဲ့။ အနာပေါက်နေတဲ့ နေရာကိုလည်း တွေ့ရတယ်"

ဗိုက်ညာဘက်ခြမ်း အပေါ်နားက အသည်းကိုပါ ဆွဲထုတ်ယူလိုက်တယ်။

" ကဲ ... ကြည့်လေ။ ဒါ အသည်းပဲ"

အညိုနုရောင် အသည်းက ကြီးမှကြီး။ အနံ့ကလည်း တော်တော်ဆိုးတယ်။ ဦးကြီး တွေနဲ့ မလုပ်မကမ်း အဒေါ်ကြီးတွေ အော့ကြ၊ အန်ကြနဲ့။ ယင်ကြီးတွေကလည်း တဝုန်းဝုန်း နဲ့။

ဆရာဝန်က "ကဲ–ကျွန်တော် ပြောတာ ဘယ့်နှယ်လဲ။ တွေ့ပြီမဟုတ်လား။ ဘာ သူရဲမှ စားတာ မဟုတ်ဘူး။ ဘာသူရဲမှလည်း မရှိဘူး။ အူက အနာမပျောက်ခင် အစာ အမာ တွေ စားလို့ အခုလို သေရတာ"

ဦးကြီးတွေဟာ ဘာတခွန်းမှ မဟရဲတော့ဘူး။ ဆရာဝန်ကိုတလှည့်၊ အလောင်း ကြီးကို တလှည့် ကြည့်နေကြတယ်။ ဆရာဝန်က ထုတ်ထားတဲ့ အူတွေအသည်းတွေ အားလုံး ကို ဗိုက်ထဲ ထည့်ပြီး ပြန်ချုပ်ပေးမယ်လို့ ပြောတော့၊ ဦးကြီးတွေက ဗိုက်ထဲ မထည့်ဘဲ ရေ အိုးကြီး တလုံးထဲမှာ ထည့်ခိုင်းတယ်။ အလောင်းမှာ အထဲက ကလီစာတွေ မရှိရင် ရက်ကြာ ကြာ ထားလို့ကောင်းတယ်။ အနံ့အသက် ကောင်းတယ်။ မီးသင်္ဂြိုဟ်တဲ့အခါ မီးစွဲလွယ်တယ် လို့ ပြောလို့ ကလီစာတွေ မထည့်ဘဲ ရိုးရိုး ဗိုက်ကိုပဲ ဆွဲချုပ်ပေးထားလိုက်တယ်။

**ဟိုးဟိုးကျော်သွားတာပေါ့**

ဒီအဖြစ်အပျက်ကလေးက ကြည့်တော့သာ ဘာမှ မဟုတ်တယ်။ ရွာအနီးတဝိုက် မှာတော့ ဟိုးလေးတကျော်ပေါ့။ ရွာကလူ တွေ ပြောစမှတ်ဖြစ် ကျန်ခဲ့တယ်။ အဲဒါ တကယ့် အဖြစ် အပျက်ပဲ။

ဒီနောက်မှာ ရွာကလူတွေ နေမကောင်းရင်၊ အဖျားပြင်းထန်ရင် ဆေးရုံလာတက် တာ။ ဆရာဝန် လာပင့်တာတို့ ရှိလာတယ်။ အရင်က ရောဂါ ဘယ်လောက်ပြင်းတန်၊ ပြင်းထန် ဆေးရုံမလာဘူး။ အသေခံတယ်။ အခုတော့ ဆရာကိုလုပ်ပေါ်ဦးရဲ့ ကျေးဇူးကြောင့် လူထုတွေရဲ့ ကျန်းမာရေးကို ဂရုစိုက် ကူညီပေးနိုင်ပါတော့တယ်။

**ကျောင်းဆင်း နှုတ်ဆက်ပွဲ**

ဒီနေ့တော့ ကျောင်းသားတွေ အပြန်အလှန် အမှတ်တရ ပစ္စည်းလေးတွေ ပေးကြ၊ နှုတ်ဆက်ကြနဲ့ ဝမ်းသာဝမ်းနည်းဖြစ်ကြ ရပါတယ်။ ညနေမှာ ထမင်းစားပွဲ၊ ညမှာ ကျောင်း ဆင်းပွဲ၊ ကပွဲရှိတယ်။ ကျွန်မတို့ ကျောင်းသူအငယ် ၁၂ ယောက်က လယ်သူမယိမ်းထဲမှာ ပါတယ်။ ကျွန်မလည်း

တခါမှ ဒီလိုမက ဖူးဘူး။ ကျွန်မတို့ကို အကသင်ပေးတဲ့ ဆရာက ရဲဘော်ထွန်းမြင့်တဲ့။ ရုပ်က ကုလားဆင်လေး။ စိတ်လည်း ရှည်တယ်။ စည်းနဲ့ဝါးနဲ့ ဘယ်လို–က။ ခေါင်း၊ ခါး၊ ခြေလက် ဘယ်လိုထား။ ကိုယ်တိုင်လည်း အကသိပ်ကောင်းတယ်။ ကျွန်မ တို့ကို သင်ပြရင်း ကျမတို့ အားလုံးက ခဏခဏပွဲတောင်းလို့ ဆရာခမျာ က,ပြရတာ အမော ပဲ။ ကြာတော့ မတတ်နိုင်တော့ဘူး။ "အေး–ငါက, ပြတဲ့အခါ မင်းတို့ကောင်းကောင်းကြည့်ထား။ ပြီးရင် ပြန်ကခိုင်းမယ်။ ငါပြသလို မကတတ်ရင် မရတော့ဘူး။ ဆက်ပြီး မသင်ပေးတော့ ဘူး"လို့ပြောလာတော့တယ်။ ကျွန်မတို့ အားလုံးကလည်း သဘောတူကြောင်း ကတိပေး တယ်။ ကျွန်မတို့အားလုံးက ဆရာကို အစ်ကိုကြီးလို့ပဲ ခေါ်ကြတယ်။ သူ့ဇနီးကိုတော့ မမရွှေလို့ ခေါ်ကြတယ်။ မမရွှေက မက,တတ်ဘူး။ ဒါပေမယ့် ညတိုင်းလာ အားပေးတယ်။

အကတိုက်ရင်း အမောပြေ စားဖို့ဆိုပြီး မြေပဲလှော်၊ ပဲလှော်စသဖြင့် စားစရာ တမျိုးမျိုး နေ့တိုင်းဝယ်လာ ကျွေးတယ်။

ညနေ ထမင်းစားပွဲမှာ လူကြီးတွေ အားလုံးလောက်နီးပါး ပါဝင်တယ်။ ထမင်းစားပွဲ အခမ်းအနား အစီအစဉ်အရ ခရိုင်ကော်မတီဥက္ကဋ္ဌ ဦးတင်ရှိန်က ပထမဆုံး မိန့်ခွန်းပြော ပါတယ်။ မိန့်ခွန်းမှာ ဥက္ကဋ္ဌက ကျောင်းသားအားလုံးကို နှုတ်ဆက် အားပေးစကား ပြော ရင်း 'မျိုးဆက်သစ်'တွေအနေနဲ့ တော်လှန်ရေး လမ်းခရီးမှာ ဆက်လက်ချီတက်ကြဖို့ ယုံကြည်မျှော်လင့်ကြောင်း ပြောပါတယ်။ အားလုံး ပြောဆို ပြီးတဲ့အခါ ထမင်းစားပွဲ ကျင်းပပါ တယ်။

ထမင်းစားပွဲတော့ ပြီးသွားပါပြီ။ ညကပွဲအတွက် ပူရ ပြန်ပါတယ်။ အဆင်မှ ပြေပပ့ါ မလား။ ဆရာကတော့ အားလုံးကို မှာထားတယ်။ "ကတဲ့အခါ ဇာတ်ခုံအောက်က ပရိ သတ်ကို ဘယ်တော့မှ မကြည့်နဲ့။ က,ရင်းနဲ့ ကိုယ့်ရှေ့က လူကိုကြည့်။ ကိုယ်မှားနေတာ ရှိ ရင် အသာလေးပြင်လိုက်"တဲ့။

### ရီရခက်၊ ငိုရခက်တဲ့ လယ်သူမယိမ်း

ရင်ထဲက တဒိတ်ဒိတ်နဲ့ ဇာတ်ခုံနောက်မှာ ကျွန်မတို့ အလှပြင်နေပါပြီ။ မမရွှေက သူကိုယ်တိုင် စိတ်တိုင်းကျ အလှပြင်ပေးနေပါတယ်။ ကျွန်မတို့ကလည်း ဘာအတွေ့အကြုံမှ မရှိ။ ဘာပစ္စည်းမှလည်း မရှိ။ မမရွှေ ပြင်ဆင်ပေးတဲ့အတိုင်း ဝတ်စားပြီးတော့ ဇာတ်ခုံပေါ်မှာ က,ရန် နေရာအသင့်ယူနေပါတယ်။ အစ်ကိုကြီး ကိုထွန်းမြင့်ကတော့ စိတ်ရဲရဲထားပြီး က ကြဖို့ အားပေးစကားတွေ တတွတ်တွတ်မှာရင်း ဘေးက ပုဏ္ဏားကွယ်မှာ ရပ်နေပါ တယ်။ ဟော ... ပြည်ဖုံးကားကြီး ဖွင့်လိုက်ပါပြီ။ ပရိသတ်ကလည်း ဩဘာ ပေးလိုက်ကြတာ ဆူညံ သွား တာပဲ။ အဲဒီအသံတွေ ကြားလိုက်တော့ ကျွန်မတို့လည်း မျက်လုံးတွေပြာပြီး ရှိန်းဖိန်း သွားလိုက်တာ ယိမ်းကကွက်ကို ဘယ်ညာမမှားရအောင် မနည်းသတိထားပြီး သီချင်းကို ဆိုနေရပါတယ်။ သီချင်း တဝက်တောင် မရောက်သေးဘူး ဘာလို့မှန်းမသိ ရှေ့ကပြည်ဖုံး ကားကြီးကျပြီး ပိတ်သွားပါတော့တယ်။

"ဟယ် ... ဘာဖြစ်တာလဲ–ဘာဖြစ်တာလဲ"နဲ့ ကျွန်မတို့အားလုံး ဆူဆူညံညံ ပြောနေတုန်း၊ ဆရာက"အားလုံး ဇာတ်ခုံနောက်ကို အမြန်လာကြ"လို့ လှမ်းခေါ်ပါတယ်။ ကျွန်မတို့အားလုံး နောက်ပိုင်းကို ပြေးဝင်သွားပြီး"အစ်ကိုကြီး ဘာဖြစ်လို့လဲ–ဘာဖြစ်လို့ လဲ"နဲ့ ဝိုင်းမေးကြတော့ "ဘာမှမဖြစ်ဘူး။ လယ်သူမလေးတွေ သဘာဝကျကျနဲ့ ပိုလှ အောင်လို့ ထပ်ပြင်ရမယ်"တဲ့။ ဒါပဲပြောပြီး "ကဲ–ကဲ–မြန်မြန် ပြင်ကြဟေ့။ ဆံထုံးတွေလည်း ပြင်ထုံး၊ ဖဲကြိုးတွေ ဘာတွေမစည်းနဲ့။ တပတ်လျှိုဆံထုံးလေးတွေထုံး၊ ညာဘက်မှာ ဆံမြိတ် ချ"တဲ့။ "ဟုတ်ပြီ။ နှုတ်ခမ်းနီတွေ အဝတ်နဲ့ တိုက်ဖျက်ပစ်၊ အားလုံး ပါးကွက်ကလေးတွေ ပါးပါးလေး တင်လိုက်ကြ။ ထူထူကြီး မလုပ်နဲ့နော်။ နဖူးပေါ်မှ ဆံပင်လေးတွေချကြ။ ခမောက်လေးတွေလည်း မေ့မထားကြနဲ့။ ကျောဘက်မှာ ချထား။ အဲ–ဟုတ်ပြီ။ ဟုတ်ပြီ။ ပြေး–ပြေး။ ရှေ့မှာ နေရာယူကြ"

ဒုတိယအကြိမ် ကားလိပ်ဖွင့်တော့လည်း ပရိသတ်ကြီးက အုတ်အုတ်ကျက်ကျက် တက်ကြွစွာပဲ ကြိုဆိုကြပါတယ်။ ဒီလိုနဲ့ အဲဒီညက ကပွဲလည်း အောင်မြင်စွာ ပြီးဆုံးသွား ခဲ့ပါပြီ။ ညက အဖြစ်အပျက်ကိုတော့ ဘုမသိ ဘမသိနဲ့ပဲ ပြီးခဲ့ရတယ်။ နောက်နေ့ရုံးပြန် ရောက်ပြီး၊ ကိုအောင်ထူး(မြို့နယ်ပါတီရုံးအုပ်)နဲ့ တွေ့တော့မှ ဇာတ်ရည်လည်တော့တယ်။

"ဟာ–ညကတော့ မပြောပါနဲ့တော့။ ရဲဘော် တင်ငွေကို ခရိုင်ကော်မတီတွေက ဝိုင်းပြီး ဝေဖန်လိုက်ကြတာဟာ ငါတော့ ရဲဘော်တင်ငွေကို သနားသွားတယ်"

"ကျွန်တော်လည်း အတွေ့အကြုံမရှိတော့ ရဲဘော်ထွန်းမြင့်ကိုပဲ ပုံပြီးထား လိုက်တာ။ ပွဲမထွက်ခင် တခါလောက်တော့ အနည်းဆုံး စစ်ဆေးကြည့်မိရင် ပိုကောင်းတာပေ့ါ။ အခုတော့ ကျွန်တော် မှားပါတယ်။ ကျွန်တော့်မှာ လုံးဝတာဝန်ရှိတယ်နဲ့ ပြောတယ်ဟ"

"နင်တို့ကလည်း လွန်ပါတယ်ဟာ ပွဲမှာ ကြေညာသွားတော့ 'လယ်သူမယိမ်း' တဲ့။ ထွက်လာလိုက်တော့ ဖဲကြိုးတွေ စည်းပြီး၊ နှုတ်ခမ်းနီတွေကလည်း ရဲလို့။ ကောလိပ် ကျောင်းသူတွေ ကျနေတာပဲ။ အဲဒီတော့ ဝိုင်းဝေဖန်တော့တာပေ့ါ။ ဒါကြောင့်ကားကို အမြန်ချခိုင်းပြီး ပြန်ပြင်ပစ်ရတာ"တဲ့။

အဲဒီလို ကျွန်မတို့ စကားပြောနေတုန်းမှာပဲ ရဲဘော်တင်ငွေနဲ့ အစ်ကိုကြီး ကို ထွန်းမြင့်တို့လည်း ရောက်လာပါတယ်။ ရဲဘော် တင်ငွေကို လှမ်းကြည့်လိုက်တော့ သူ့မျက် နှာဟာ ခါတိုင်းလို ပါပဲ။ ပြုံးပြုံးရွှင်ရွှင်နဲ့။

"ရဲဘော်တင်ငွေ–ညက အဖြစ်အပျက်တွေဟာ ကျွန်တော့်မှာ လုံးဝတာဝန်ရှိ ပါတယ်။ အရွှေကလည်း သူ့ရှိတာလေးတွေ အကုန်ထုတ်ပြီး အလှပြင်ပေးလိုက်တာ။ ကျွန်တော်ကလည်း ကြည့်ကောင်းကောင်းနဲ့ ကြည့်နေပြီး၊ ကိုယ့်ယိမ်းကိုတောင် ဘာယိမ်းလဲ ဆိုတာမေ့သွားတဲ့ အထိဖြစ်သွားတာပဲ။ ရဲဘော်တင်ငွေကို တောင်းပန်ပါတယ်ဗျာ"လို့ပြောပြီး အစ်ကိုကြီး ကိုထွန်းမြင့်က တောင်းပန်ပါ တယ်။

"အေးဗျာ။ အတွေ့အကြုံရတာပေ့ါ။ တောင်းပန်ဖို့ မလိုပါဘူး။ သင်ခန်းစာ ယူရ တာပေ့ါ"လို့ပြောရင်း ရဲဘော်တင်ငွေကလည်း ရယ်နေပါတယ်။

## လူထုထံမှ လူထုထံသို့

ပျဉ်းမနားမြို့နယ် အမျိုးသမီးသမဂ္ဂကို ဖွဲ့စည်းလိုက်ပါပြီ။ ကျွန်မနဲ့ ဂျမ်းဟာ မြို့ နယ်အမျိုးသမီးသမဂ္ဂ စည်းရုံးရေးကော်မတီ အမှုဆောင်ကော်မတီအဖွဲ့ဝင်များ ဖြစ်လာ ပါတယ်။ ရက်ပိုင်းအတွင်း လူထုစည်းရုံးရေး ခရီးထွက်ရပါတော့မယ်။ တခါမှ ခရီးမထွက်ဖူး သေးပါ။ ဝမ်းသာသလိုလို ကြောက်သလိုလို တမျိုးကြီး ဖြစ်နေပါတယ်။ မြို့နယ်အမျိုးသမီး သမဂ္ဂ အမှုဆောင်အစည်းအဝေးထိုင်ပြီး နယ်ဆင်းရမယ့် အဖွဲ့ ၃ ဖွဲ့ ဖွဲ့ပေးလိုက်ပါတယ်။ အဖွဲ့တဖွဲ့မှာ ၃ ယောက်စီ ပါဝင်တယ်။ ကျွန်မတို့ အဖွဲ့မှာ ကျွန်မရယ်၊ ဂျမ်းရယ်၊ အငယ်ရယ်။။

အဖွဲ့မှူးအဖြစ် ကျွန်မကို အားလုံးရဲ့ ဆန္ဒအရ တာဝန်ပေးလိုက်ပါတယ်။ ကျွန်မတို့က ကျွန်မတို့ထက် ဝါရင့်တဲ့ အမျိုးသမီးရဲဘော်ကြီးတွေ

ပါဝင်စေချင်ပါတယ်။ သူတို့ကလည်း “လုပ်ရင်းသင်၊ သင်ရင်းလုပ်”ဆိုပြီး ကျွန်မတို့ကို အမှိုခိုကင်းကင်း လုပ်ကိုင် နိုင်အောင် တာဝန်ပေး လိုက်ကြတယ်။ ရွာတွေရောက်ရင် လူထုနဲ့ဆက်ဆံရေး၊ လူထုအပေါ် သဘောထား စတာတွေကို အားလုံးရှင်းလင်းညွှန်ကြား ပေးပါတယ်။ လုပ်ငန်း တွေကတော့–(၁) လက်ရှိအခြေအနေ ရှင်းပြ(၂) အမျိုးသမီးသမဂ္ဂဖွဲ့စည်း(၃) လူထု အခြေ အနေလေ့လာ(၄) ပါတီသီချင်းတွေ ဝါဒဖြန့် ... စတာတွေ ဖြစ်ပါတယ်။

တာဝန်ကျတဲ့ ရွာ ၆ ရွာဟာ မြို့နယ်ရုံးနဲ့ မဝေးပါဘူး။ ပျဉ်းမနား–တောင်ညိုသွား ကားလမ်းဘေးကရွာတွေ ဖြစ်ပါတယ်။ ကျွန်မတို့ တာဝန်ကျတဲ့ ရွာတရွာမှာ ခရိုင်ပါတီရုံး ရှိပါတယ်။ ဒါကိုလည်း တွေးပြီးလန့်နေမိပါတယ်။ (တရားဟောရင် အမှားတွေ ပါမှာကို လန့်နေမိတာပါ။)

အဲဒီနေ့က မနက်စာစားပြီး ခရီးထွက်ခဲ့ကြတယ်။ အဖွဲ့ ၃ ဖွဲ့လုံး အတူခရီးထွက်ပြီး ကားလမ်းအတိုင်း ၂ မိုင်လောက် လျှောက်လိုက်တော့ ကျွန်မတို့ တာဝန်ကျရွာကို ရောက် ပါပြီ။ အရင်ဆုံး ကိုယ့်ရဲဘော်တွေနဲ့ ခွဲပြီး ကျွန်မတို့အဖွဲ့ ရွာထဲကို ဝင်ခဲ့ပါတယ်။

ရွာလည်ကောင် ညောင်ပင်အောက်မှာ ပြည်သူ့စစ်ရဲဘော်တယောက် ကင်းစောင့် နေပါတယ်။ ‘ရပ်’လို့ အသံကြားလိုက်တာနဲ့ ကျွန်မတို့ ၃ ယောက်လုံး ရပ်နေလိုက်ပြီး ကင်း ရဲဘော်ရဲ့ အမေးကို ဖြေနေပါတယ်။

“ထောက်ခံစာပါရဲ့လား။ ပြပါ”

ကျွန်မတို့ ၃ ယောက်လုံးက ထောက်ခံစာကို ပြလိုက်တော့ ကင်းရဲဘော်က သေ သေချာချာ ဖတ်ကြည့်ပြီး–

“ရုံးထဲမှာ သွားပြီး အနားယူကြပါ။ အလှည့်ကျတဲ့ ဦးကြီးညို ထမင်းပြန်စားနေပါ တယ်။ ခဏဆိုရင် ပြန်လာမယ်”

နာရီဝက်လောက် ကြာတဲ့အထိ ဦးကြီးညို ပြန်မရောက်သေးတော့ ကင်းရဲဘော် ဟာ ရုံးရှေ့မှာ ဆွဲထားတဲ့ သံချောင်းကို ခေါက်နေပါတယ်။ ခဏလောက်ကြာတော့ ဦးကြီးညို ဆိုတဲ့ ဦးလေးကြီးတယောက် ရောက်လာပါပြီ။ ကျွန်မတို့ကို ပြုံးရယ်နှုတ်ဆက်ပြီး ထောက်ခံ စာကို တောင်းကြည့်ပါတယ်။ လာရင်းကိစ္စကိုလည်း မေးပါတယ်။ ဒီရွာမှာ နေမယ့်အချိန် ကိုလည်း မေးပါတယ်။ ကျွန်မတို့က ၅ ရက်လောက် နေမယ်ပြောတော့ ရွာက အမျိုးသမီး ခေါင်းဆောင် အိမ်ကို ပို့ပေးပါတယ်။ “ထမင်းကိုတော့ အလှည့်ကျအိမ်တွေက ပို့ပေးမယ်”လို့ ရှင်းပြပါ တယ်။

တည်းရမယ့် အိမ်ကို ရောက်တော့ အိမ်ရှင် အမျိုးသမီးခေါင်းဆောင်နဲ့ တွေ့ပါတယ်။ ဦးကြီးညိုက ကျွန်မတို့နဲ့ မိတ်ဆက် ပေးပြီးတော့ ပြန်သွားပါတယ်။ အိမ်ရှင် အမျိုးသမီး ခေါင်းဆောင်ဟာ အပျိုကြီးပါ။ မိဘနှစ်ပါးနဲ့ အတူနေပါတယ်။ အိမ်က ကျယ်တယ်။ သန့်ရှင်း တယ်။ တအိမ်သားလုံးကလည်း သဘောကောင်းကြပါတယ်။ ရေခပ်၊ မောင်းထောင်းဆန်ဖွပ်၊ ထမင်းချက်စတဲ့ လုပ်ငန်းတွေကို ကျွန်မတို့ကလည်း ကူညီတယ်။ ညကျတော့ ရွာထဲက အမျိုးသမီးကြီးငယ် ၂၀ လောက်ရှိမယ်။ အလည်လာကြတယ်။ ပြည်သူ့စစ်ခေါင်းဆောင်က ခေါင်းဆောင်ပြီး လူငယ်တချို့လည်း လာလည်ကြတယ်။ မြို့နယ်က ရဲဘော်တွေမို့ ရောက်လာ တာ အလွန်ဝမ်းသာကြောင်း၊ နောင်လည်း မကြာခဏ လာဖို့တောင်းဆိုပါတယ်။ “မြို့နယ်က ကွန်မြူနစ် လူငယ်စည်းရုံးရေးအဖွဲ့ မကြာခင် လာတော့မယ့်”အကြောင်း ပြောပြတော့ သူတို့ အားလုံး တော်တော် ဝမ်းသာကြပါတယ်။ အခြေအနေတွေ ပြောပြပြီးနောက် တော်လှန်ရေး သီချင်းတွေ ဆိုပြပါတယ်။ နောက် သီချင်းလိုချင်သူများကို သီချင်းရေးပေးလိုက်၊ ထပ်ဆိုပြ လိုက်နဲ့ ည ၁၀ နာရီလောက်ကျမှ ပြန်ကြပါတယ်။ အမျိုးသမီးလေးတွေက နောက်တနေ့ နေ့လည် အိမ်လည်လာဖို့ ဖိတ်ခေါ်ကြပါတယ်။ ကျွန်မတို့က“လာမယ်”လို့ ပြောလိုက် တော့ ဝမ်းပန်းတသာနဲ့ ပြန်ကြပါတယ်။

## လွတ်လပ်တဲ့ မောင်တို့ဆီဝယ် အလွန်သာယာတယ်

ကျွန်မတို့ လွတ်မြောက်ဒေသဟာ အလွန်ပျော်စရာ ကောင်းပါတယ်။ ရွာတိုင်းမှာ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၊ တောင်သူ လယ်သမားသမဂ္ဂ၊ အမျိုးသမီးသမဂ္ဂ၊ ကွန်မြူနစ်လူငယ် အဖွဲ့၊ ပြည်သူ့စစ်(ပြည်သူ့စစ်အဖွဲ့မှာ လက်နက်ကိုင်ပြည်သူ့စစ်၊ ရိုးရိုးပြည်သူ့ စစ်ရယ်လို့ ၂မျိုးရှိ)၊ လယ်သမား ဦးကြီးတွေကလည်း ရုံးမှာ အလှည့်ကျထိုင်ပြီး အုပ်ချုပ်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ပါတယ်။ ကင်းတဲမှာလည်း နေ့ကင်းညကင်း စနစ်ရှိပါတယ်။ သူခိုး ဓားပြရန်လည်း မရှိ။ အေးချမ်းသာယာခဲ့ပါတယ်။ လူထုတရပ်လုံးဟာ စည်းလုံးညီညွတ်ပြီး ပျော်ရွှင်ချမ်းမြေ့ဖွယ် ကောင်းလှပါတယ်။

မနက်ဖန်မှာ ကျွန်မတို့ တည်းခိုတဲ့ အိမ်နဲ့ တအိမ်ကျော်က လယ်စိုက်မှာမို့ သူတို့ အိမ်မှာ ထမင်းစားဖို့ ခေါ်ထားပါတယ်။ ဒါကြောင့်ညကတည်းကသွားပြီး လုပ်စရာရှိတာ ကူလုပ်ပေးပါတယ်။ ကျွန်မတို့က အဲဒီလိုကူညီလို့ သူတို့က အားနာတယ်။ သိပ်လည်း ဝမ်းသာကြတယ်လို့ အိမ်ရှင်အဒေါ်ကြီးက ပြောပြပါတယ်။

“အခုလုပ်တဲ့လယ်ဟာ မြေရှင်ဆီမှာ သီးစားခပေးပြီး လုပ်လာတာ။ (၁၀)နှစ် ကျော်ပြီ။ ရာသီဥတု မကောင်းလို့ စပါးထွက်လျော့လို့ လျှော့ယူဖို့ တောင်းပန်ပေမယ့် တခါမှ မရခဲ့ဘူး။ အကြွေးတွေနဲ့ ပတ်ချာလည်ခဲ့တယ်။ အခုတော့ ကြွေးတွေလည်း ကျေလို့ အသက် ရှူချောင်ပါတယ်။ လွတ်မြောက်လာပြီမို့ လူချင်းတူတူ နေနိုင်ပါပြီ။ ဒီနှစ်တော့ ချောမော အဆင် ပြေမယ်ဆိုရင် သားလေးရှင်ပြုဖို့ မှန်းထားတယ်”လို့ အဒေါ်က ပြုံးပြုံးရွှင်ရွှင်နဲ့ ပြော ပြနေ ပါတယ်။ သြော် ... အဒေါ်တို့ ဘဝ သာယာရွှင်လန်းနိုင်ပါစေ။

လယ်ထဲကို ထမင်းသွားပို့တော့ ကျွန်မတို့လည်း လိုက်သွားပါတယ်။ ကောက်စိုက်သမတွေ လုံချည်လေးတွေ ဒူးလောက်ဝတ်ပြီး ခမောက်တွေ ကိုယ်စီဆောင်းလို့ သီချင်းတွေ သံပြိုင်ဟစ်နေကြတယ်။ နေမွန်းတည့်ခါနီးပြီမို့ ထမင်းစားကြပါပြီ။ ဟင်းက ပဲပြုတ် ဆီဆမ်း၊ လက်ဖက်ရည်ကြမ်းနဲ့ စားလို့ အလွန်ကောင်းပါတယ်။ ငရုတ်သီး ထောင်းကလည်း ပါသေးတယ်။ စားပြီးမကြာလိုက်ပါဘူး။ ဘုတ်သူကြီး အရီးညံ့က “ဟေ့–ဆင်းကြဟေ့ မြန် မြန်။ ညနေ စောစော တက်ရအောင်။ ကြိုးစားလိုက် စမ်း။ ညနေဝက်သား ဆီပြန်ဟင်းဟေ့။ ဒီဟင်းမျိုး ဘယ်အိမ်မှ မကျွေးနိုင်သေးဘူး။ ဒီအိမ်က စျေးဦးပေါက်ပဲ။ စိုက်လိုက်ဟေ့နော်။ လက်ကွက် ကောင်းကောင်းလေး”လို့ အော်ပြီး အားပေးနေပါတယ်။

ဂျမ်းနဲ့ အငယ်တို့က ကောက်စိုက်တတ်တော့ စိုက်ကူကြ။ ကျွန်မကတော့ မစိုက် တတ်လို့ ဗာဟီရ ကူညီပေး။ ဟော–ပြီးခါတောင် နီးနေပြီ။

“ကြိတ်လိုက်ကြစမ်းဟေ့။ ပြီးတော့မယ်” အလို–ဟိုနားက အစုက ဘာဖြစ်တာ လဲမသိ။ စီစီညံညံ လုပ်နေကြတယ်။

“ဟေ့–ပေါက်စတို့အစု ဘာစီညံ၊ စီညံလုပ်နေတာလဲ”

“အရီးညံ့ ... ဟောဒီမှာ ပျိုးထုံးထဲက သားရပ်ကလေး ပါလာလို့”

“ဟေ့–ကောင်းတယ်။ ကောင်းတယ်။ ဘယ်သူ့ဆီ ပါလာသလဲ။ ဘယ်သူ ရသလဲဟေ့”

“ပေါက်စဆီမှာ အရီးရေ ... ဟောဒီမှာ။ ဟောဒီမှာ”

မပေါက်စဆီကို ဆူဆူညံညံနဲ့ အော်ဟစ်ပြီး ဝိုင်းလာကြလို့ အရီးညံ့က တော်တော် အော်ငေါက်နေရတယ်။

“ဟေ့–ကောင်မတွေ ကိုယ့်နေရာကိုယ်ပြန်ကြ။ ကိုယ့်အလုပ်ကိုယ် ပြီးအောင် လုပ် ကြ”

“ဟေ့–ပေါက်စပေးပေး။ အဲဒီသားရုပ်လေး။ ငါ့ဗဏ ထိန်းထားမယ်။ညည်းအလုပ် ပြီးအောင်လုပ်” အရီးညံ့ဟာ ပြောပြောဆိုဆိုနဲ့ မပေါက်စဆီက သားရုပ်ကလေးကို ပွေ့ပြီး ကန်သင်းခုံပေါ် ထိုင်ချကာ ကလေးချော့နေပါတယ်။

(အဲဒီလို ပျိုးရုပ်ကလေးရရင် လယ်ရှင်ရော ကောက်စိုက်မအဖွဲ့ပါ အင်မတန် လာဘ်ကောင်းတယ်လို့ အယူအဆရှိပါတယ်။ ပျိုးနှုတ်သမားက ပျိုးပင်ကလေးနဲ့ ကလေး ရုပ်လုပ်ပြီး ပျိုးထုံးထဲမှာ ခိုးထည့်ထား။ ကောက်စိုက်သမက ပျိုးထုံးဖြည်ပြီး ကောက်စိုက် မယ်လုပ်တော့ ပျိုးရုပ်ကလေးကိုတွေ့။ အဲဒီလို တွေ့သူက ကလေးအမေ ဖြစ်သွား ပါတယ်။ ဘေးက အဖော်တွေပါ ကလေးအဖေကို ဝိုင်းကူ ရှာပေးကြနဲ့ ပျော်စရာကြီးပါ။ ကလေး အမေက သားချော့သီချင်းတွေဆို၊ ကလေးချော့။ လယ်ရှင်အိမ် ရောက်တဲ့အခါ ကလေးချော့ တေးတွေ ဆိုကြ၊ တီးကြ၊ ကခုန်ကြပေါ့။ ပြီးတော့ လယ်ရှင်နဲ့ ကလေးအမေတို့က အပြန်အလှန်စကားဆိုပြီး လယ်ရှင်က ပျိုးရုပ်သားကလေးကို ရွေးယူရပါတယ်။ ယူတဲ့အခါ တချို့တတ်နိုင်သူများက ရွှေစင်ရေ၊ ငွေစင်ရေများနဲ့ ပက်ဖျန်းပြီးမှ အမြတ်တနိုး လက်ခံယူ ပါတယ်။ ဒါက မင်္ဂလာရှိအောင် လုပ်နည်းပါ။ လယ်ရှင်က ပေးတဲ့ငွေကို ကလေးအမေက ကိုယ်ပိုင်မယူရဘဲ။ ကောက်စိုက်သမ အဖွဲ့ကိုပေးပြီး ရန်ပုံငွေအဖြစ်ထား ရပါတယ်။ နွေ ရောက်တော့ ကောက်စိုက်သမအဖွဲ့ရဲ့ ကုသိုလ်ဒါနအဖြစ် တခုခု လှူဒါန်းကြပါတယ်။ အင် မတန် ကောင်းတဲ့ အစဉ်အလာ တခုပါ။)

ပျိုးရုပ်ကလေးတွေ့ပြီး မကြာမီ လယ်စိုက်လို့ ပြီးပါပြီ။ အချိန်က စောပါသေး တယ်။ ညနေ(၃)နာရီလောက်ပဲ ရှိပါအုံးမယ်။ အိုးစည်တွေတီး။ သီချင်းတွေဆို။ တလမ်းလုံး ပျော်ရွှင် လာပါတယ်။ လမ်းပေါ်မှာ တွေ့သမျှလူတွေကိုလည်း ဘုတ်သူကြီး အရီးညံ့က ကြွားလို့ မဆုံးနိုင်အောင် ဖြစ်နေရပါတယ်။

“ဟေး … ကောင်မတွေ။ ငါတို့အဖွဲ့ ပျိုးရုပ်ကလေး ရထားတယ်ဟေ့”နဲ့ တလမ်း လုံး ကြွားရင်းနဲ့ လာလိုက်တာ၊ ဟော … ရွာ အဝင် ညောင်ပင်ကြီးကို ရောက်လာပါပြီ။

“ဟေ့–နေကြအုံးဟေ့။ ငါတို့ ဒီလိုကြီးဝင်လို့ မကောင်းဘူး။ နှစ်ယောက်တတွဲ ညီညီ တန်းပြီး အောင်ပါလေသီချင်းကို ဆိုက,ကရင်း ဝင်ကြမယ်။ ပေါက်စက ကလေးကို ပုခက်ထဲ ထည့်ပြီး လွှဲရင်းလိုက်ခဲ့”

အားလုံးဝိုင်းပြီး ညီညီညာညာ ဆိုကြတော့ အိုးစည်သမားကလည်း စည်တော်သံ တီးပေးနဲ့ နားထောင်လို့ တော်တော် ကောင်းပါတယ်။ မပေါက်စနဲ့ အဖော်တယောက်ဟာ ကလေးကို တဘက်ငယ် အဖြူကလေးတထည်နဲ့ ထုပ်ထားပြီး တဘက်ကြီး တထည်ကို ပုခက်ပုံသဏ္ဍာန်လုပ်၊ ကလေးကို ထည့်လွှဲရင်း သီချင်းဆိုကာ သွားနေပါတယ်။

အို … များလိုက်တဲ့ လူတွေ။ ပွဲကျနေတာပဲ။ စည်ကားလိုက်တာ တရွာလုံးက ကလေးလူကြီး အကုန်ပါပဲလား။ လယ်ရှင်က အရီးမှုန်တဲ့။ အိမ်ဝိုင်းထဲမှာရော၊ အိမ်ပေါ်မှာရော လူတွေဖွေးဖွေးလှုပ်နေတာပဲ။ အခြေအနေတွေအားလုံး သတင်း ကြိုရထားပြီမို့ အိမ် ရှေ့မှာ သပြေပန်းအိုးနဲ့။ ပြီးတော့ ငွေဖလား အငယ်တလုံးထဲမှာ အရီးမှုန်နားကပ်ရယ်၊ ငွေဒင်္ဂါး တပြားရယ် ထည့်စိမ်ထားတဲ့ ရွှေစင်ငွေစင်ရေကလည်း အရံသင့်ပေါ့။

အရီးညံ့က အိမ်ဝိုင်းထဲ ဝင်မယ့်လုပ်တော့ အောင်ပါလေ သီချင်းဆိုပြီး၊ စည်တော် တီးခိုင်းတယ်။ ကျွန်မတို့ ၃ ယောက်ကို သူ့နောက်က လိုက်ခိုင်းတယ်။ သူက ရှေ့ဆုံးက ဦးဆောင်က,တော့ … ကျွန်မတို့လည်း မနေသာဘဲ အားလုံး ကကြပါတယ်။ အရီးမှုန်က ငွေဖလားကိုပိုက်ပြီး သပြေခက်နဲ့ ရွှေစင်ငွေစင်ရေတွေ အရီးညံ့ကစလို့ တဖွဲ့လုံးကို ပက်ဖျန်း ပါတော့တယ်။ အိမ်ပေါ်မှာ အတော်ကြာ က,ပြီး တော့ “ကဲ–ငါတို့တာဝန် ကျေပြီဟေ့။ ပေါက်စ အလှည့်ပဲ ကျန်တော့တယ်”လို့ အရီးညံ့က ပြောလိုက်တော့ မပေါက်စကလည်း သားချော့ သီချင်းနဲ့ ပုခက်လွှဲပြီး ကလေးချော့ပါတယ်။ အသံလည်း တော်တော်ကောင်း ပါတယ်။ နာရီဝက်လောက် ကြာတော့ မပေါက်စ ကပြောပါတယ်။

“ကလေးက အမေတယောက်တည်း ချော့ရတာမို့ မတိတ်ဘူး။ အဖေကလည်း အလည် လွန်နေတယ်။ ကလေးက မောလှပြီ” ဆိုတဲ့အကြောင်း သီချင်းနဲ့ ဆိုလာတယ်။

ဒီတွင် အရီးညံ့က ကာလသားခေါင်း ကိုဖိုးလှဘက်ကို လှည့်ကာ “ဟေ့–ဖိုးလှ”လို့ ဆိုလိုက်ပါတယ်။ ဘာရမလဲ။ ကိုဖိုးလှကလည်း ပြေးဖို့ ဖင်တကြွကြွဖြစ်နေတဲ့ ကိုအောင်ပုကို ဖမ်းချုပ်လိုက်ပါတော့တယ်။ (ကိုအောင်ပုနဲ့ မပေါက်စဟာ နွေပေါက်ရင် လက်ထပ်ဖို့ နှစ်ဘက်သော မိဘများက သဘောတူထားတဲ့ စုံတွဲပါ။)

အရီးညံ့က ထတဲ့ပြီး “ဟေ့–အောင်ပု ကလေးရင်ချော့မလား။ ဒါမှမဟုတ် ရွှေအိုး စည် ကကို က, မလား။ ကြိုက်တာတခုရွေး။ ဒါပဲ”လို့ပြောလိုက်တော့ လူစုကြီးက ‘ဟေး’ လို့အော်ပြီး ဝိုင်းထောက်ခံလိုက်ပါတယ်။

ကိုအောင်ပုက“ဟာ … အရီးညံ့ကလည်း ကျုပ်ဘာသာ အေးအေးဆေးဆေး နေစမ်း ပါရစေ။ မဟုတ်တာ မလုပ်စမ်းပါနဲ့” လို့ ညည်းညည်းညူ ပြောနေရှာတယ်။

“မရဘူးဟေ့–မရဘူး။ တခုခုတော့ လုပ်မှရမယ်” အရီးညံ့က အလျှော့မပေး။

“ကဲဗျာ … အိုးစည်ကပဲ က,တော့မယ်”

“အေး … ဒီလိုမှပေါ့” ပရိသတ်ကြီးကလည်း ‘ဟေး’လို့အော်ပြီး ဩဘာ ပေး လိုက်ပါပြီ။ ကိုကြီးလှကလည်း အိုးစည်ကို လာယူ သွားပြီး ‘ထုံ–ထုံ’နဲ့လက်စမ်းရင်း မင်းသား ကို ခေါ်နေပါတယ်။ တအောင့်လောက်ကြာတော့ ပုလွေဆရာ ဖိုးနီလည်း ရောက်လာပါ တယ်။ အိုးစည်ဝိုင်းက စတီးပါပြီ။ နှစ်ကျော့လောက် တီးပြီးတော့ အိုးစည်မင်းသား ထွက်လာ ပါတယ်။ အရီးမှုံက ပြင်ပေးလိုက်တာ မဆိုးပါဘူး။ သနပ်ခါး ပါးကွက်တွေ ဘာတွေနဲ့ဆိုတော့ ကိုအောင်ပုကြီးက အလှသား။ မပေါက်စ ခမျာလည်း အငြိမ်မနေရ။ သူငယ်ချင်းတွေက ဝိုင်းစလို့ နေပါတယ်။ တရုန်းရုန်းနဲ့ပေါ့။ ကလေးလေး ကတော့ တဘက်နဲ့တဘက် ဈေး တည့်သွားပြီမို့ အရီးမှုံတို့ အိမ်ထဲမှာ အကျအနပေါ့။

မှောင်ရီလည်း ပျိုးလာတော့ အရီးမှုံက “ကဲ–ကဲ၊ ဒါလောက်ဆိုရလောက်ပါပြီ” လို့ အော်ပြောလိုက်တော့မှ အားလုံး ငြိမ်သွား ကြတယ်။ ဒီတော့မှပဲ ထမင်းစားရမှန်း သိလာ ပါ တော့တယ်။ စားသောက်ပြီးတော့လည်း သိမ်းစရာရှိတာတွေ သိမ်းကြဆေးကြောကြနဲ့။ အားလုံးပြီးမှ ပြန်လာတယ်။

အိမ်ရောက်တော့ အိမ်ရှင်အစ်မကြီးက ကျွန်မကို မေးပါတယ်။ “ပျော်ရဲ့လား”တဲ့။

“ပျော်ပါတယ်”လို့ ကျွန်မကဖြေတော့ “တို့တောမှာတော့ ဒီလိုပဲ။ မြို့လိုတော့ ရုပ်ရှင်တွေ ဘာတွေ မရှိဘူး။ မြို့မှာတော့ ပျော်စရာတွေ များတယ်။ တို့တောမှာတော့ ဒီနေ့ လိုဟာ မျိုးလေးတွေပေါ့”တဲ့။

ကျွန်မအနေနဲ့ စဉ်းစားမိပါတယ်။ "အင်း ... တောခလေ့၊ တောဘာသာဘာဝ၊ သူ့ဟာနဲ့သူ ပျော်ရတာပါပဲလား"လို့။

ဒီရွာမှာနေရင်း နောက်ထပ် ကောက်စိုက်တဲ့အိမ် နှစ်အိမ်သုံးအိမ်လောက် လိုက် စားရ ပါသေးတယ်။ ဒါပေမယ့် အရီးမှုံ အိမ်လောက်တော့ ပျော်စရာမကောင်း တော့ဘူး။

မနက်ဖန် ရုံးကို ပြန်ရပါတော့မယ်။ တာဝန်ကျတဲ့ရွာ ၆ ရွာလုံး အမျိုးသမီးသမဂ္ဂ ဖွဲ့စည်းလို့ ပြီးပါပြီ။ ရောက်တဲ့ နေရာတိုင်းက အဖွဲ့အစည်းအားလုံး၊ လူထုတွေအားလုံးက လိုလေးသေးမရှိအောင် ဝိုင်းဝန်းကူညီကြပါတယ်။ သာယာကုန်းဆိုတဲ့ရွာမှာ တရားပွဲ လုပ်တဲ့ညက ရင်ထဲ တဒိတ်ဒိတ်နဲ့။ ဂျမ်းကလည်း "လန့်တယ်။ တရား မဟောရဲဘူး"လို့ ပြောနေ၊ ငြင်းနေလို့၊ မနည်းအားပေးပြီး လုပ်နေရပါတယ်။ အကြောင်းကတော့ ဒီအနီး တဝိုက်မှာ ခရိုင်ပါတီရုံး ရှိနေလို့ပါပဲ။ "ကိုယ်တရားဟောတဲ့အထဲ အမှားတွေ ပါသွားမလား" လို့ စိုးရိမ်စိတ်က လွှမ်းနေလို့ပါ။ "အို–ကိုယ်ပြောတဲ့ အချက်အလက်တွေဟာ အခိုင်အမာ အကြောင်းအချက်တွေပဲ။ ညာနေတာမှ မဟုတ်ဘဲ" လို့ ကိုယ့်ဘာသာလည်း အားပေးရင်း ဂျမ်းကိုလည်း အတင်းတွန်းတင်နေရပါတယ်။

အဲဒီညက တာဝန်ခွဲတဲ့နေရာမှာ ဂျမ်းက သူအမျိုးသမီးသမဂ္ဂ ဖွဲ့စည်းရေးကိုပဲ တာဝန်ယူမယ်ဆိုလို့ ကျွန်မက လက်ရှိ အခြေအနေကို ရှင်းပြတဲ့ တာဝန်ယူရပါတယ်။ ည တရားပွဲမှာ ခရိုင်ရုံးက ရဲဘော် ၄–၅ ယောက် လာတာတွေ့ရပါတယ်။ ကိုယ်ဟောပြောမယ့် အချက်တွေကို ကောင်းကောင်းပြင်ပြီး ဟောပြောခဲ့ပါတယ်။ တရားပွဲကတော့ ချောမောစွာ ပြီးသွားခဲ့ပါပြီ။

မနက်လင်းတာနဲ့ ရွာဦးကျောင်းက ဆရာတော်ဘုရားကိုလည်း သွားကန်တော့ ခဲ့ပါတယ်။ ဒီဆရာတော်ဟာ အိမ်ရှင်အဒေါ်ရဲ့ ဦးရီးတော် ဖြစ်ပါတယ်။ ဆရာတော်က ရွာထဲက လှူထားတဲ့ ကောက်ညှင်းပေါင်းကို ချကျွေးနေလို့ မနက်စာကို ကောင်းကောင်းမစားနိုင် တော့ပါ။ ရွာထဲက အဖော်သူငယ်ချင်း မိန်းကလေးတသိုက်ကလည်း လာနှုတ်ဆက်ရင်း "သူတို့သီချင်း မရသေးလို့ ထပ်ဆိုပြပါဦး"ဆိုလို့ ဆိုပြနေရပါတယ်။

အိမ်က အဒေါ်က "ဟဲ့–သူတို့လမ်းမှာ နေပူမိနေပါ့မယ်တော်။ ညည်းတို့ကလည်း ဒီတခေါက်မရသေးလည်း နောက်တခေါက်ပေါ့အေ့"

"အို ... အရီးကလည်း သူတို့က လမ်းများတယ်။ နောက်တခေါက် မလာတော့ ဘယ်နှယ့်လုပ်မလဲ"လို့ အတင်းပြောနေလို့ ကျွန်မတို့က–

"အို–စိတ်ချပါ။ တခြားနေရာ တာဝန်ကျလည်း ဒီလမ်းကပဲ သွားရမှာ။ ဝင်လည် ဖြစ်အောင် လည်ပါ့မယ်။ မကြာခင် တော်လှန်ရေးနေ့ လူထုတရားပွဲလုပ်ရင် လိုက်ခဲ့ကြနော်။ ကျွန်မတို့ သီချင်းတွေ ထပ်သင်ပေးအုံးမယ်"လို့ ပြောလိုက်တော့ အားလုံးက သဘောကျ သွားတယ်။

"ကဲ–ကလေးမတို့ နေပူနေတော့မယ်။ သွားကြစို့"လို့ ကျွန်မတို့ကို ပို့ရမယ့် ဦးလေးကြီးကလည်း လှမ်းသတိပေးရင်း ခေါ်လိုက်တော့မှ အားလုံးနေရာကထပြီး ရွာထိပ် အထိ လိုက်ပို့ကြတယ်။ လူချင်းခွဲကြတော့ ကျွန်မစိတ်ထဲမှာ ဆွေမျိုးသားချင်းတွေနဲ့ ခွဲရသလို ခံစားမိပြီး မျက်ရည်လည်မိခဲ့တာကို မနေ့တနေ့ကလိုပဲ စိတ်ထဲ ခံစားနေရတယ်။

## သဘောဖြူ မနောဖြူ တောသူပျိုယမင်းတို့

တော်တော်ဝေးဝေး ရောက်သွားလို့ နောက်ကို ပြန်လှည့်ကြည့်လိုက်တော့ မနက် ခင်း နေရောင်ခြည်အောက်မှာ လူစုစုလေးကို လှမ်းမြင်နေရပါတယ်။ သြော် ... သူတို့ ခုထိ ရွာထဲ မဝင်သေးဘဲ ကြည့်နေကြတုန်းပဲလို့ တွေးမိရင်း ဘာရယ်လို့ မဖော်ပြနိုင်တဲ့ ခံစားမှု တမျိုးကို ခံစားလိုက်ရပါတယ်။

"ဂျမ်းရေ ... ဟိုမှာ ပြန်ကြည့်ပါအုံး။ အစ်မကြီးတို့တတွေ အခုထိ အိမ်မပြန် သေးဘူး"လို့ တအံ့တသြ အော်ပြောလိုက်တော့ ဂျမ်းကပါ ပြန်လှည့်ကြည့်ပြီး "ဟယ် ... ဟုတ်ပါရဲ့နော်။ အခုအထိ သူတို့မပြန်ကြသေးဘူး"။ လှမ်းအော် နှုတ်ဆက်ကြည့်ပါတယ်။ မရတော့ပါ။ နေရာက တော်တော် ဝေးနေပြီမို့ မကြားတော့ပါ။

"ကြည်ရေ ... သူတို့–တို့ကို တော်တော်ခင်ကြတယ်နော်"

"ဟုတ်တယ်။ ကြည်တို့ကလည်း တော်တော်ခင်ပါတယ်။ ဒါပေမယ့် မပြန်လို့ မရဘူးလေ။ အစည်းအဝေး နောက်ကျရင် အဝေဖန်ခံရမှာ"

"ဟုတ်တယ်။ နောက်တခေါက်ပေါ့ကွာ။ နောက်တခေါက်တော့ ဝင်ဖြစ်အောင်ကို ဝင်မယ်"

ကျွန်မလည်း လမ်းသွားရင်း ငယ်ငယ်တုန်းက ကျောင်းပိတ်ရင် အဘိုးဘက်အမျိုး တွေဆီ အလည်သွားရတယ်။ တရွာလုံးက ဆင်းရဲလိုက်တာ အလွန်ပါပဲ။ အမျိုးမတော် စပ်သူရယ်လို့လည်း မရှိပါ။ ပိုရင်းတာနဲ့ နည်းနည်းဝေးတာ။ ဒါပဲကွာတယ်။ ခင်လိုက်တာ။ အားလုံးက သူ့အိမ်လာပါ။ ငါ့အိမ်လာပါနဲ့ အလုအယက် ခေါ်ကြတာ။ မနက်စာ စားပြီး ကတည်းက ဦးလေးကြီးနဲ့အတူ အလည် ထွက်ကြတာ။ သူတို့ဆီရောက်ရင် မရှိ,ရှိတာလေး တွေကျွေး။ သီချင်းဆိုခိုင်း၊ ကခိုင်းနဲ့ အနည်းဆုံး သီချင်းတပုဒ်လောက်တော့ ဆိုပြရတယ်။ မဆိုရင် ပြန်မလွှတ်ပါ။ တရွာလုံး ကလေးလူကြီးအားလုံးက အလွန်ခင်ကြတယ်။ ကျွန်မလည်း အလွန်ပျော်တယ်။ သူတို့တတွေ ကျွန်မကို ခင်တာ "အမျိုးမို့ ခင်တယ်"လို့ ထင်တာ အခု တော့ ရှင်းသွားပါပြီ။ ဘာဆွေမျိုးမှ တော်တော်–မတော်တော်၊ တောခလေ့ တောစရိုက်ကိုက လူချင်းတွေ့ရင် အလွန်ခင်မင်တတ်ပြီး သဘောဖြူ မနောဖြူ အလွန်ရိုးသား ဖြူစင်တယ်။ စေတနာ သဒ္ဓါတရား ထက်သန်လှတယ်။ ဟန်ဆောင်မှု လုံးဝမရှိ။ တောနဲ့မြို့ မတူပါလား။ ဒီအသိကို ကျွန်မ လက်တွေ့ထဲက ရလိုက်တယ်။

## နိဂုံးချုပ်အစည်းအဝေး

ကျွန်မတို့ လုပ်ငန်းတာဝန်နဲ့ ခရီးထွက်တဲ့အဖွဲ့ ၃ ဖွဲ့လုံးအချိန်မီပြန်ရောက် ပါတယ်။ နိဂုံးချုပ်တော့ လုပ်ငန်းတွေ အားလုံး အောင်မြင်ကြပါတယ်။ ခရီးထွက်က ပြန်လာပြီး အားလုံး အလုပ်တွေ ပိုများလာပါတယ်။ အထူးသဖြင့် ရုံးလုပ်ငန်းတွေ များလာတာပါ။ ကျေးရွာ အမျိုးသမီးသမဂ္ဂဝင် စာရင်းတွေ မှတ်ပုံတင်၊ သမဂ္ဂဝင်ကြေးငွေတွေကိုတော့ ခေါင်း ဆောင်တွေထံ အပ်ပေး။ အစည်းအဝေးက ဆုံးဖြတ်ချက်အရ ဘဏ္ဍာရေးမှူး(ယာယီ)တာဝန် ကျွန်မကို ပေးလို့၊ ဘယ်လိုမှ ငြင်းမရလို့ ကြောက်ကြောက်နဲ့ တာဝန် ယူလိုက်ရတယ်။ ရလာတဲ့ သမဂ္ဂကြေးငွေ အားလုံးထဲက ၁၀%ကို အထက်(ခရိုင်အမျိုးသမီးသမဂ္ဂ)ကို အပ်ရ ပါတယ်။ ငွေစာရင်းမလုပ်တတ်တဲ့ ကျွန်မကို သင်ပေးပါတယ်။ ရုံးလုပ်ငန်းလုပ်နည်းတွေ ကိုလည်း လေ့လာရပါတယ်။

ရွာထဲက ဦးကြီးတွေက တင်ပြလိုက်တဲ့ လူထုအသံက အားလုံးလာ တူနေ ပါတယ်။ "မြို့နယ်က ခေါင်းဆောင်တွေ မလာတာ ကြာပြီ။ လာခဲ့ကြပါဦး"တဲ့။ (ဟုတ်ပါ တယ်။ နိုင်ငံရေးသင်တန်းကျောင်း ဖွင့်တာရော၊ တခြားလုပ်ငန်းတွေရောမို့ နယ်မထွက် နိုင်တာ ကြာပါပြီ။)

## လယ်သမားကြီး ဦးဆား

တနေ့မှာ မနက်စာစားပြီး ရုံးလုပ်ငန်းလက်ကျန်တွေကို လက်စသတ်မလို့ ရုံးစားပွဲမှာ ဂျမ်းနဲ့ အတူထိုင်နေတုန်း ဖြုန်းကနဲ "လာကြပါအုံး။ ကယ်ကြပါအုံး–အရပ်တို့ရေ။ ကယ်ကြပါအုံး" ပါတီရုံး(ရုံးအုပ်) ရဲဘော်အောင်ထူးရဲ့ ထူးထူးခြားခြား အော်သံကို နားထောင် ရင်း ကျွန်မတို့နှစ်ယောက်လည်း ရယ်နေမိပါတယ်။

"ဟောဗျား ... တော်တယ်ဟေ့။ သူများ ဒုက္ခရောက်နေပါတယ်ဆိုမှ ရယ်နေကြ တယ်။ "လာကြပါအုံးဟ။ ငါ့ကို ကူညီကြပါအုံး ဆိုမှ နင်တို့ကလည်းဟာ ..."

"ကိုအောင်ထူးကလည်း ဘာမှန်းလဲ မသိဘူး။ အကူအညီလိုတယ်ဆိုလည်း ကောင်းကောင်းပြောတာ မဟုတ်ဘူး"

"အေးကွာ ငါလည်းစိတ်ရှုပ်ရှုပ်နဲ့ အော်နေမိတာပါကွာ။ ဒီနေ့တမနက်ခင်းလုံး ငါ့ကို ဒုက္ခပေးနေတာ ငါဘယ်လို လုပ်ရမှန်း မသိတော့ဘူး။ ရူးချင်လာပြီ"

"ဒီမှာလေ ကျည်တောင်ကန်မြို့နယ်က အစီရင်ခံစာ။ ငါတော့ ဘယ်လိုမှကို ဖတ်လို့ အဓိပ္ပာယ်မထွက်ဘူး။ အဲဒါ မင်းတို့နှစ် ယောက်ပါဖတ်ပြီး အဓိပ္ပာယ် ရှာကြည့် ကြပါအုံး"

ပြောပြောဆိုဆိုနဲ့ ပေးလာတဲ့စာကို ယူပြီး ကျွန်မတို့ နှစ်ယောက်ကြည့်လိုက် ပါ တယ်။ လက်ရေးက ဘုန်းကြီးကျောင်းသား လက်ရေးပါ။ သတ်ပုံအမှားတွေလည်း များပါ တယ်။ အပေါ်မှာ ရေးထားတာကတော့ ရန်သူ့သတင်းပေးပို့ခြင်းလို့ ပါ–ပါတယ်။ ဒီတုန်းက အောက်ခြေမြို့နယ်တွေက တလတကြိမ် ပုံမှန် အစီရင်ခံစာ ပို့ရပါတယ်။ ထူးခြားတာရှိရင် ကြားဖြတ် အစီရင်ခံရပါတယ်။ အားလုံးအစီရင်ခံစာ ရေးတတ်အောင် နမူနာပြပြီး သင်ပေးပါ တယ်။ အားလုံးကလည်း တက်တက်ကြွကြွ အစီရင်ခံကြပါတယ်။ သူ့အစီရင်ခံစာကို ဖတ်ပြီး ကျွန်မတို့၃ ယောက် ပြန်ညှိနှိုင်းလိုက်၊ ဆက်ဖတ်လိုက်၊ ပြန်ညှိနှိုင်းလိုက်နဲ့ အဓိပ္ပာယ် အ တော် ဖော်ယူရပါတယ်။ ***(ဗမာပြည်လို ခေတ်နောက်ကျတဲ့ လယ်သမားတိုင်းပြည်မှာ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးဆိုတာ ကျေးလက်ကို အခြေခံတဲ့ လယ်သမား အများစု ပါဝင်တဲ့ လယ်သမားစစ်ပွဲဖြစ်လို့ အစီရင်ခံစာ မရေးတတ်။ ရေးပြန်တော့လည်း ခုလိုအဓိပ္ပာယ် ဖော်ရ ခက်တတ်ပါတယ်။ ဒါဟာ ရှောင်လွှဲမရတဲ့ ပြဿနာတရပ်ပါ။)*** ဖော်လို့ရလိုက်တဲ့ အစီရင်ခံစာ ကတော့–

သို့

အတွင်းရေးမှူး

ပြည်သူ့အုပ်ချုပ်ရေး

ပျဉ်းမနားမြို့နယ်

ကိစ္စ။ ။ ရန်သူ့သတင်းပေးပို့ခြင်း

ကျွန်တော် ဦးဆား အစီရင်ခံပါသည်။ ... ... ... ... ... ... ... ရက်နေ့က ကျည်တောင်ကန်ဈေးထဲ မှာ ပုလိပ်နှစ်ယောက် လာ။ ဘာကိစ္စလဲမေး။ ဩဇာသီးဝယ် ဖြစ်ပါသည်။

အလေးနီဖြင့်

ဦးဆား

ကျည်တောင်ကန်မြို့နယ်

## ယုံကြည်ချက်ဟာ ထက်မြက်လှသည်၊
## ယုံကြည်ချက်ကို လက်နက်အဖြစ်ရည်

နွေရာသီတနေ့မှာ မမျှော်လင့်တဲ့ သတင်းဆိုးတခု ရောက်လာပါတယ်။ ... ... ... ... ...ရက်နေ့မနက် လင်းအားကြီး အချိန်မှာ ကျည်တောင်ကန်မြို့နယ်၊ ပါတီရုံးဌာနကို ရန်သူ က အလစ်ဝင်ရောက်တိုက်ခိုက်လို့ မြို့နယ်တပ်နဲ့ တိုက်ပွဲဖြစ်။ တိုက်ပွဲတွင် မိမိဘက်မှ တ ယောက် ဒဏ်ရာရ။ ရန်သူ ဖမ်းမိသွား။ အသတ်ခံရ။ ရုံးပစ္စည်းအားလုံး ဆုံးရှုံးမှုမရှိ။ ရန်သူ ချက်ချင်းပြန် ဆုတ်သွား။

သတင်းအပြည့်အစုံက ဒီလိုပါ။ တိုက်ပွဲအတွင်း ဒဏ်ရာနဲ့မို့ အဖမ်းခံရသူကတော့ ကျည်တောင်ကန်မြို့နယ် အတွင်းရေးမှူး ဦးဆားဖြစ်ပါတယ်။ ပေါင်မှာ ဒဏ်ရာရတာမို့ မသွားနိုင်တော့ ရန်သူ့လက်တွင်း ကျရောက်ခဲ့ပါတယ်။

## မင်းတို့ကို ငါ မပြောနိုင်ဘူး–ကြိုက်သလိုလုပ်

ရန်သူက ရိုက်နှက်ပြီး ခရိုင်ခေါင်းဆောင် ဦးမြမင်း(ပျဉ်းမနားခရိုင်ပါတီ ကော်မတီ ဥက္ကဋ္ဌ) ဘယ်မှာရှိသလဲ မေးပါတယ်။ (ဒီအချိန်က ရဲဘော်မြမင်းဟာ ကျည်တောင်ကန် မြို့ နယ် ဘက်မှာ ရှိနေပါတယ်။) ဦးဆားက "ဘာမေး, မေး၊ မပြော။ မင်းတို့ကြိုက်သလို လုပ်နိုင် တယ်"လို့သာပြောလိုက်တယ်။

ရန်သူက ဦးဆားကို အကြမ်းနည်း၊ အနုနည်း ပေါင်းစုံဖြင့် "လက်နက်ချ"ဖို့ မြူ ဆွယ် ပြန်တယ်။ ဦးဆားဟာ တော်လှန်ရေးသမားကောင်း တယောက်ရဲ့ ဘာမထီဇွဲသတ္တိဖြင့် ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ပြရင်း "ဘယ်တော့မှ လက်နက်မချဘူး"လို့ ရန်သူကို စိန်ခေါ်လိုက် ပါတယ်။ ရန်သူဟာ ဘယ်လိုမှ မြူဆွယ်လို့ မရနိုင်တော့တဲ့အဆုံးမှာ ဦးဆားကို ခေါင်းဖြတ် သတ်ပစ်လိုက်ပါတယ်။ သွေးဆာနေတဲ့ ရန်သူဟာ ဒီလောက်နဲ့တင်အားမရသေးဘဲ ဦးဆား ရဲ့ခေါင်းပြတ်ကို ယူသွားပြီး ကျည်တောင်ကန်ဈေးအနီးမှာ တိုင်တတိုင်စိုက် ချိတ်ဆွဲပြ ထားပါတယ်။ ဒီနယ်တဝိုက်က တက်ကြွသူတွေကို စိတ်ဓာတ်ကျသွားအောင် ဦးချိုးပစ် လိုက်တာပါ။

ဒါပေမယ့် ရန်သူရဲ့ ထင်မြင်ယူဆချက်ဟာ တက်တက်စင်အောင် မှားသွားပါတယ်။ ဦးဆားကျသွား ပြီးတဲ့နောက် ပါတီရဲ့ 'တဖိုလ်ကျ၊ တဖိုလ်တက်စနစ်'အရ မြို့နယ် ဒုအတွင်း ရေးမှူးဟာ အတွင်းရေးမှူးအဖြစ် ဆက်ခံလိုက်ပါတယ်။ တပတ်အတွင်း ရန်သူကို "လမ်းဖြတ် တိုက်ပွဲ"ဆင်နွှဲပြီး လက်စားချေလိုက်ပါတယ်။ အဲဒီတိုက်ပွဲမှာ ရန်သူ ၂ယောက်သေ၊ တ ယောက်ကို သုံ့ပန်းအဖြစ် ဖမ်းမိခဲ့တာပါ။

## လက်စားချေပွဲကိုလေ နွှဲပါတော့မည်

ရန်သူကို လက်စားချေ တိုက်လို့အပြီး ဝမ်းသာကြည်နူး အူမြူးနေတာကတော့ ဖိုးသာမောင်ပေါ့။ ရန်သူတယောက်မိထား တယ်။"အဲဒီရန်သူကို သူကိုယ်တိုင် သတ်ပါရ စေ"လို့တောင် တင်ပြတောင်းဆိုထားပါတယ်။ ဒီအချိန်ကစပြီး မြို့နယ်တပ်မှူးနဲ့ နိုင်ငံရေး မှူးတို့ဟာ ခေါင်းကိုက်ရပါတယ်။ ဖိုးသာမောင်ကို ခေါ်ပြီး ဆွေးနွေးပါတယ်။ ပါတီရဲ့ သုံ့ပန်း ပေါ်လစီအရ သတ်ဖို့ဟာ မဆိုထားနဲ့ ရိုက်နှက် ညှဉ်းဆဲတာတောင် မလုပ်ရ။ (ကိုယ်ခန္ဓာအရ လည်းကောင်း၊ စိတ်ဓာတ် အရလည်းကောင်း)ညှဉ်းပန်းနှိပ်စက်ခြင်း လုံးဝမပြုရ။

"ဖိုးသာမောင် မင်းစိတ်ကို လျှော့ပါ။ ငါတို့ တပ်ဟာ ကွန်မြူနစ်တပ်ပါ"

"တပ်မှူး ကျွန်တော် တရားသဖြင့် တောင်းဆိုနေတာပါ။ ကျွန်တော်တို့ ရဲဘော်ကို မိတုန်းက ဒဏ်ရာကြီးနဲ့ ဒီဒဏ်ရာကို ဆေးကုမပေးရုံမက ရိုက်နှက်ညှဉ်းဆဲလိုက်သေး။ ဒါနဲ့ အားမရ သေးဘူး။ နောက်ဆုံး သတ်ပစ်တယ်။ ကျွန်တော် ဘယ်တော့မှ မကျေဘူး။ ဦးကြီး အတွက် လက်စား ချေရမှ ကျွန်တော် ကျေနပ်မယ်။ ဒါမှ မဟုတ်ရင် ကျွန်တော်ဦးကြီးအတွက် နာကြည်းလွန်းလို့ပါ။ ဦးကြီးအတွက် တာဝန်မကျေရာ ရောက်လွန်း လို့ပါ ..." ဖိုးသာမောင် ဟာ သူတောင်းဆိုတာ မရတဲ့အဆုံး သူ့စိတ်ကို မထိန်းနိုင်တော့ပဲ အားပါးတရ ငိုချ လိုက်ပါတယ်။

"ဖိုးသာမောင် ရဲဘော်ရေ စိတ်ကိုထိန်းပါ။ ပထမဆုံး ညီလေးစဉ်းစားရမှာက 'ငါဘာလဲ' ဆိုတာ အလေးအနက် စဉ်းစား အဖြေ ရှာကြည့်ပါ။ ငါဟာ ကွန်မြူနစ်တပ်သား တယောက်ဆိုတာ တွေ့ရပါ့မယ်။ အဲဒီကွန်မြူနစ် တပ်သားတယောက်အနေနဲ့ အင်မတန် လူမဆန်တဲ့ ရိုင်းစိုင်းတဲ့ အပြုအမူလုပ်ဟန်မှန်သမျှ ဘာကိုမှ မလုပ်ရဘူး။ ရန်သူက ကွန်မြူနစ် တွေကို အင်မတန် ရိုင်းစိုင်းတဲ့ အင်မတန် ကြမ်းတမ်းတဲ့ အင်မတန်ဆိုးဝါးတဲ့ ဘီလူးသဘက် တွေပမာ ပြည်သူလူထု ကြောက်လန့်အောင် ခြောက်လန့်၊ လိမ်ညာဝါဒဖြန့်ထားတာ တွေနဲ့ ဆန့်ကျင်စွာပဲ ကွန်မြူနစ်ဆိုတာ အင်မတန် လူသားဆန်ပြီး ယဉ်ကျေးသိမ်မွေ့တယ်။ 'မူ'ဆိုင်ရာ ပြဿနာပေါ်မှာ ခိုင်မာသလောက် ကျန်ပြဿနာများ အပေါ် ချဉ်းကပ်တဲ့အခါ အင်မတန် ပျော့ပျောင်းနူးညံ့လှတယ်ဆိုတာ အခွင့်သင့်တိုင်း လုပ်ဟန်နဲ့ ပြကြရမယ်။ ရန်သူနဲ့ စစ်မြေပြင်မှာ ယှဉ်ပြိုင်တိုက်ခိုက်ချိန်မှလွဲလို့ ပြင်ပအချိန်မှာ ကွန်မြူနစ်တွေဟာ လူသတ် ဝါဒသမားတွေ မဟုတ်ဘူးဆိုတာ ပြကြရမယ်"

"ကွန်မြူနစ်ဝါ'အပေါ် ယုံကြည်ချက် ခိုင်မာထက်မြက်လှတဲ့၊ ရဲရင့်လှတဲ့ 'လယ် သမားကြီး ဦးဆား'ရဲ့ နောက်ဆုံးအထိ ရန်သူကို ဒူးမထောက်အညံ့မခံတဲ့ လုပ်ဟန်ကို လေး စားစွာ အတုယူ၊ သူလျှောက်လှမ်းခဲ့တဲ့ လမ်းအတိုင်း တို့ရဲဘော်အားလုံး လျှောက်လှမ်း။ ပါတီရဲ့ ရည်မှန်းချက် ပန်းတိုက်အတွက် ဆက်လက်တိုက်ပွဲဝင်သွားကြပါမယ်ဆိုတာကို အလေးအနက် အဓိဋ္ဌာန်ပြုရင်း ဦးဆားအတွက် လက်စားချေကြပါစို့..."

ကျွန်မ အထက်နားက တနေရာမှာ ရေးသားခဲ့တဲ့ ဦးမြမင်း(ရဲဘော်မြမင်းခေါ် ရဲဘော်မျိုးလွင်) အကြောင်း ကိုဆက်လက် ရေးရပါလိမ့်ဦးမယ်။ ဒါမှသာ ကျွန်မ ဒီစာအုပ် ရေးသားနေတဲ့ ရည်ရွယ်ချက်ကို ပိုမိုပြည့်စုံသွားစေပါလိမ့်မယ်။ ရဲဘော်မြမင်းဆိုတာ တောင်တွင်းကြီးဇာတိ ဖြစ်ပါတယ်။ ဗမာပြည်ပြည်သူတွေရဲ့ ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ် ဂျပန်တော်လှန်ရေးတို့မှာပါဝင်ခဲ့သူပါ။ လက်နက်ကိုင်တော်လှန်ရေး အစက ပျဉ်းမနားခရိုင် ကော်မတီဥက္ကဋ္ဌအဖြစ် ဆက်တိုက် တာဝန်ထမ်း ဆောင်ခဲ့ရသူ ဝါရင့် ရဲဘော် ဟောင်းကြီး တဦးဖြစ်ပါတယ်။

သူ့ဇနီးရဲဘော်ခင်နု(ဒေါ်ခင်နု)ဟာလည်း ပျဉ်းမနားခရိုင် အမျိုးသမီးသမဂ္ဂဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ ၁၉၅၅ခုနှစ် လမ်းစဉ်အရ ကလေးတွေရော မိခင်ပါ မြို့ပေါ်ပြန်ပို့ ခဲ့ရတယ်။ မြို့ပေါ်ရောက်တဲ့အခါ ရန်သူရဲ့ဖမ်းဆီးထောင်ချခံရပြီး မိခင်နဲ့အတူ ပါလာတဲ့ နို့စို့အရွယ် သားကလေးဟာ ထောင်တွင်းမှာပဲ သေဆုံးသွားခဲ့ရရှာတယ်။ အဲဒီတုန်း ကတည်းက  မိသားစု တကွဲတပြားစီ ဖြစ်သွားခဲ့ရတာ ရဲဘော်မြမင်း ကွယ်လွန်သွားတဲ့ အချိန်အထိပါပဲ။

ရဲဘော်မြမင်းဟာ အလယ်ပိုင်းတိုင်းကော်မတီအဖြစ် တာဝန် ထမ်းဆောင်ရင်း ဗမာပြည် ပြောက်ကျားအခြေခံဒေသများမှာ လှည့်လည်ပြီး ရန်သူကို တိုက်ပွဲဝင်ခဲ့သူပါ။ ၁၉၇၅ခုနှစ်မှာ ဗမာပြည်ကွန်မြူနစ်ပါတီ အရံဗဟိုကော်မတီဝင်ဖြစ်လာပြီး ၁၉၇၉ခုနှစ် ရောက်တော့ ဗဟိုကော်မတီဖြစ်လာခဲ့တယ်။ ၁၉၈၀ခုနှစ်နောက်ပိုင်းမှာ အလယ် ပိုင်းဗျူရိုပါတီကော်မတီဝင် ခေါင်းဆောင်တဦး ဖြစ်လာခဲ့ပြန်တယ်။ ၁၉၈၅ခု၊ ဗမာပြည် ကွန်မြူနစ်ပါတီ တတိယအကြိမ် ပြည်လုံးကျွတ်ပါတီကွန်ဂရက်တွင် ပါတီဗဟိုကော်မတီဝင် အဖြစ်ထပ်မံ ရွေးချယ်ခြင်း ခံရပြန်ပါတယ်။ အဲဒီနောက် အလယ်ပိုင်းဗျူရိုပါတီကော်မတီ အတွင်းရေးမှူးဖြစ်လာခဲ့ပြန်တယ်။ ၁၉၈၉ခုနှစ် နယ်စပ်အရေးအခင်း ဖြစ်လာတဲ့အခါ ပါတီနဲ့ အတူ ပြည်ပသို့ထွက်လာခဲ့ရတယ်။

၁၉၉၂ခုနှစ်ရောက်တဲ့ အခါ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပေါ်ပေါက်လာပြီး ပါတီရဲ့ဆုံးဖြတ်ချက်အရ ဗဟိုကော်မတီဝင် ရဲဘော်ဟောင်းကြီးများဟာ ပါတီရဲ့ နာယက ခေါင်းဆောင်များဖြစ်သွား ခဲ့ရပါတယ်။ ရဲဘော်မြမင်းဟာ ဂျပန် ဖက်ဆစ် တော်လှန်ရေး၊ အင်္ဂလိပ် ကိုလိုနီလက်အောက်မှ တိုင်းပြည်လွတ်မြောက်ရေးနဲ့ ၁၉၄၈ – ၄၉ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးအစမှ ၂၀၀၂ခုနှစ် သူ ကွယ်လွန် သွားချိန်အထိ ပါတီနဲ့အတူ လိုက်ပါတိုက်ပွဲဝင်ခဲ့တဲ့ ပါတီရဲ့ မွန်မြတ်တဲ့ သား ကောင်း ရတနာ ဗဟိုနာယက ခေါင်းဆောင်တဦး ဖြစ်ပါတယ်။

## တို့တိုင်းပြည် နိုးကြားတဲ့ အမျိုးသမီးတွေမှန်သည်

ပွင့်လင်းရာသီနေ့တနေ့ရဲ့ မနက်ခင်းမှာ ဖြစ်ပါတယ်။ ခရိုင်းရုံးက ဆင် ၃ ကောင် ရောက်လာတယ်။ (အဲဒီတုန်းက လွတ်မြောက်ဒေသဌာနတိုင်းမှာ ဆင်ရှိတယ်။ ဌာနကြီးရင်၊ လုပ်ငန်းများရင် များသလောက် ဆင်ကလည်း များပါတယ်။ ဈေးသွား ခရီးထွက်၊ လူနာဆေးရုံတက် အားလုံး ဆင်ကိုပဲသုံးတယ်) အခုလည်း'ဗဟိုအမျိုးသမီးသမဂ္ဂ'က အမျိုးသမီး သမဂ္ဂလုပ်ငန်း စစ်ဆေးရန် ခရီးထွက် လာတာ ခရိုင်ရုံးကို အရင်ရောက်ပြီး လုပ်ငန်းများ ပြီးစီးလို့ မြို့နယ်များကို လှည့်လည် စစ်ဆေးရန် 'ပျဉ်းမနားမြို့နယ်'ကို ပထမဆုံး ရောက်ရှိ လာခြင်း ဖြစ်ပါတယ်။

ရှေ့ဆုံးက ဆင်ပေါ်မှာ အမျိုးသမီး ၄ ယောက်။ ကျန်တဲ့ ဆင် ၂ စီးက ခရိုင်ရုံးက ရဲဘော်တွေ တပ်စိတ်တစိတ် ပါ,ပါတယ်။

"ဟော ... အစ်မကြီးတို့ ရောက်လာပြီ။ ကျွန်တော်တို့က မနေ့က၊ ကတည်းက မျှော်နေတာ"

"အေးလေ ... မနေ့ကတည်းက လာမလို့ပဲ။ ခရိုင်က ရဲဘော်တွေက နေပါအုံးလို့ တားနေလို့။ ဒီနေ့တောင် မနည်းပြောပြီး လာခဲ့ရတာ။ တခေါက်တခေါက် လာဖို့ဆိုတာ မလွယ်ဘူး လေ"

"ဒါတော့ ဒါပေ့ါလေ ... ကျန်တဲ့ရဲဘော်တွေကလည်း ဒီလိုလာတဲ့အခါကလေးမှပဲ တွေ့ကြ ရတာကိုး"

"အမယ်လေး–ဟုတ်ပါသတဲ့တော်။ ဟုတ်ပါသတဲ့"

အစ်မကြီးရဲ့စကားအဆုံးမှာ ရဲဘော်တွေ အားလုံးက ဝိုင်းရယ်ကြပြီး ပစ္စည်းတွေ ဆင်ပေါ်ကချ။ ရုံးခန်းထဲမှာ နေရာယူ ထိုင်လိုက်ကြတယ်။

စားပွဲပေါ်မှာတော့ ပဲလှော်ကြွပ်ကြွပ်ရွရွကလေးကို သုတ်ထားတာရယ်။ ဝင်းပြီး ပါးနေတဲ့ ကြံသကာတွေရယ်။ လက်ဖက်ရည် ကြမ်းနဲ့ ဇမာဆန်ဆန် ဧည့်ခံထား ပါတယ်။

"ကဲ ... ရဲဘော်တို့ အကုန်လုံး လာကြ–လာကြ။ ဒီမှာ အစ်မကြီးတို့အဖွဲ့နဲ့ မိတ်ဆက်ပေးရအောင်။ အစ်မကြီး ဒေါ်ခင်ပုတို့ အဖွဲ့ကလည်း အကုန်လာကြပါ" မြို့နယ် ကော်မတီ အတွင်းရေးမှူး ရဲဘော်တင်ငွေက အားလုံးကို ခေါ်လိုက်ပါတယ်။

လူစုံပါပြီ။ ရဲဘော်တင်ငွေက တာဝန်ယူ မိတ်ဆက်ပေးပါတယ်။ အခုလာတဲ့ အမျိုး သမီး ၄ ယောက်အဖွဲ့ထဲက အကြီးဆုံး အစ်မကြီးက ဒေါ်သန်းမြင့်တဲ့။ ဗဟိုအမျိုးသမီး ဥက္ကဋ္ဌ တာဝန်ပါ။(သူက ကျွန်တော်တို့ ပါတီဗဟိုခေါင်းဆောင် ရဲဘော်သခင်ဗဟိန်း(ကွယ်လွန်)ရဲ့ ဇနီး ဒေါ်ခင် ကြီးပါ) နောက်တယောက်က ဒေါ်မြင့်မြင့်တဲ့။ သူ့တာဝန်က ဗဟို အမျိုးသမီး သမဂ္ဂ၊ အမှုဆောင် ကော်မတီဝင်တဦးပါ။ (သူက ဗိုလ်ချုပ် အောင်မင်းရဲ့ဇနီး။ ပဲခူးရိုးမမှာ ကျဆုံးသွား တဲ့ ရဲဘော် အညွန့်ရဲ့ အစ်မ) ကျန်တဲ့ အငယ် နှစ်ယောက်ကိုတော့ ဒေါ်မြင့်မြင့် က တာဝန်ယူ မိတ်ဆက်ပေးပါတယ်။ တယောက်က ရဲဘော်(မ)လှိုင်လှိုင်တဲ့။ တာဝန်က ဗဟိုအမျိုးသမီး သမဂ္ဂ ရုံးအုပ်။ အငယ်ဆုံးတယောက်ကတော့ ရဲဘော်(မ)လှမေ။ ရုံးလုပ် သားပါ။

ကျွန်မတို့ ရုံးကလည်း အမျိုးသမီးသမဂ္ဂရုံး၊ ကွန်မြူနစ် လူငယ်ရုံး၊ မြို့နယ်ပါတီရုံး၊ နောက်ရိက္ခာရုံအဖွဲ့ အားလုံးကို စုံစုံလင်လင် မိတ်ဆက်ပေးပါတယ်။ ရိက္ခာမှူးအစ်မကြီး ဒေါ်ခင်ပုကိုတော့ အထူးပွဲထုတ်မိတ်ဆက်ပေးပါတယ်။ "ရဲဘော်အားလုံးရဲ့ အစ်မကြီးဆို လည်းဟုတ်။ အမေဆိုလည်း ဟုတ်တယ်"လို့ ခုလို မိတ်ဆက်ပေးပါတယ်။

"ကျွန်တော်တို့ ရဲဘော်တွေ အားလုံးရဲ့ အစ်မကြီး ဖြစ်ပါတယ်။ အားလုံးကြီးငယ် မရွေး၊ ကျောသားရင်သား မခွဲခြားဘဲ အင်မတန် ဂရုစိုက်ပါတယ်။ စားသောက်ရေးတင်မက ရဲဘော်တွေရဲ့ ကျန်းမာရေးကိုပါ။ ဂရုစိုက်ပါတယ်။ ကျွန်တော်တို့မှာ ဒီအစ်မကြီး ရှိနေတာ အင်မတန် ကံကောင်းတယ်လို့ ယူဆမိပါတယ်" အဲဒီလို မိတ်ဆက်ပေးပြီးအဆုံး ရဲ ဘော်အားလုံးက လက်ခုပ်တီး ဩဘာပေးကြပါ တယ်။

မှန်ပါတယ်။ အစ်မကြီး ဒေါ်ခင်ပုဟာ ပြည်သူများက လှူဒါန်းလာတဲ့ ရသမျှ ပစ္စည်းတွေကို ကောင်းစွာ ထိန်းသိမ်း၊ မလေလွင့် မပျက်စီးရအောင် အထူးဂရုစိုက်ပြီး စနစ်နဲ့ ကိုင်တွယ်ပါတယ်။ စားစရာရှိလည်း အားလုံးညီတူညီမျှ ခွဲဝေပေးတတ်တယ်။ ရိက္ခာမှူး ဆိုပေမယ့် သူက အခွင့်အရေး ပိုယူတာမျိုး မရှိဘဲ လိုအပ်ရင် သူ့ဝေစုထဲက ပြန်ပြီးမျှဝေပေး တတ်ပါတယ်။ အထူးသဖြင့် မကျန်းမာတဲ့ ရဲဘော်များရှိရင် သူ့မှာရှိသမျှ သူပိုင်တဲ့ဝေ စုကိုတောင် မယူတော့ပဲ ပေးတတ်တယ်။ သူဟာ ကျေးတောသူ ဆိုပေမယ့် အလွန်ယဉ်ကျေး သိမ်မွေ့ပြီး ဆက်ဆံရေး အင်မတန် ကောင်းပါတယ်။ အသားညိုညို တုတ်တုတ်ခိုင်ခိုင် မျက်လုံးမျက်ဖန်လည်းကောင်း၊ ဆံပင်လည်း ကောင်း၊ အကင်းလည်း ပါးပါတယ်။ အသက် သုံးဆယ် ပတ်ဝန်းကျင်လောက် ရှိပါမယ်။ ကလေးမရှိ မုဆိုးမပါ။ စာမတတ်ပေမယ့် အင်မတန် ဉာဏ်ကောင်းပါတယ်။ (နောင်အခါ ခရိုင်ပြည်သူ့ဆေးရုံမှာ သူနာပြု ဆရာမကြီးလုပ်ပြီး သင်တန်းတက်တာ 'သားဖွားမီးယပ်' ဆိုင်ရာမှာ၊ စာမေးပွဲဖြေတာ၊ လက်တွေ့နဲ့ အောင်လာပြီး သူနာပြုဆရာမလေးတွေရော၊ လူနာတွေပါ အားလုံးရဲ့ ချစ်ခင် လေးစားမှုခံရပါတယ်)

ဗဟိုခေါင်းဆောင်တွေ ရောက်လာပြီး လုပ်ငန်းဆိုင်ရာတွေ အစီရင်ခံ၊ လက်တွေ့ လည်း စစ်ဆေး။ သမဂ္ဂကြေးတွေ၊ ဘဏ္ဍာရေး ဆိုင်ရာ စာရင်းဇယားများကိုလည်း စစ်ဆေး၊ အားလုံး ၂–၃ ရက်အတွင်း ပြီးသွားပါတယ်။ ကျွန်မတို့လည်း ဘာအတွေ့အကြုံမှ မရှိတော့ မလုပ်တတ် မကိုင်တတ်မို့ အစပိုင်းမှာ တော်တော်ကြောက်ပါတယ်။ နောင် လက်တွေ့ လုပ်ရင်း အလုပ်သဘောကို နားလည်လာတော့ မကြောက်တော့ပါ။ အချင်းချင်းလည်း ပိုရင်းနှီးလာပြီး ဆက်ဆံရတာ ပျော်လာပါတယ်။

အစ်မကြီး ဒေါ်သန်းမြင့်နဲ့ ဒေါ်မြင့်မြင့်တို့ဟာ ရဲဘော်တင်ငွေနဲ့ ပြောမနာ ဆိုမနာ အင်မတန်ရင်နှီးပြီး၊ ဟိုအရင် တောမခိုခင် အချိန်ကတည်းက ပါတီရုံးမှာ အတူနေခဲ့ကြရ။ အတူစားခဲ့ကြရတဲ့ ရှေးဟောင်းနှောင်းဖြစ်များကို ပြောကြဆိုကြရင်းနဲ့ ရုံးမှာ တော်တော် စည်ကားပါတယ်။ သူတို့က မောင်ဝင်းဆွေ၊ မောင်ဝင်းဆွေလို့ ခေါ်ကြပြီး သူငယ်ငယ်တုန်းက ရဲဘော်သခင်ဗဟိန်းကို (အစ်ကိုလေး အစ်ကိုလေးနဲ့ ခေါ်ပြီး) ညီငယ်တယောက်က အစ်ကို အပေါ် နွဲ့ဆိုး,ဆိုးသလို ဆိုးတတ်တာတွေကိုပါ အမှတ်တရ ပြန်ပြောကြ၊ ရယ်မောကြနဲ့ ဖြစ်နေပါတယ်။

ရဲဘော်တင်ငွေ ငယ်စဉ်က ဘယ်လောက်ဆိုးခဲ့သလဲဆိုတာကို ရဲဘော်သခင်ဗဟိန်း ရဲ့ဇနီး ဒေါ်ခင်ကြီးက ခုလိုပြန်လည် ဖောက်သည်ချခဲ့တာကိုလည်း ကနေ့ထက်တိုင် ကျွန်မ မှတ်မိနေပါ သေးတယ်။ ဒီလိုပါ။

ရဲဘော်သခင်ဗဟိန်းက ဒေါ်ခင်ကြီးနဲ့လက်ထပ်ပြီးစ မန္တလေး–ရန်ကုန် အပြန် လား၊ အသွားလား(မမှတ်မိတော့ပါ)ရထားနဲ့ လာတာကို ကြိုတင်ပြောထားလို့ တောင်ငူပါတီ ရုံးက ရဲဘော်များအားလုံး ဘူတာမှာ စောင့်ပြီး ဆီးကြိုကြတယ်တဲ့။ ဒါနဲ့ ရထားဆိုက်လာတော့ အားလုံးက ဝမ်းသာအားရ ဝိုင်းနှုတ်ဆက်ကြ။ စကားပြောကြနဲ့ပေါ့။ ဒီအချိန်မှာ ဘာမပြော ညာမပြောနဲ့ မောင်ဝင်းဆွေက ဝင်တဲ့ပြီး "အစ်ကိုလေး ... အစ်ကိုလေး မိန်းမရပြီဆို။ ဘယ်မလဲ အစ်ကိုလေး မိန်းမ"လို့ မေးသတဲ့။ ဒီတော့ ... သခင်ဗဟိန်းက ဘေးနား ထိုင်နေတဲ့ ဒေါ်ခင်ကြီး ကို မေးငေါ့ပြပြီး"ဒါပဲလေ"လို့ပြောတော့ "ဟင်–အစ်ကိုလေးကလည်း ဒါလောက်အရုပ်ဆိုး တဲ့ မိန်းမကြီးကို ယူရသလား ... ဘီလူးမကြီး ကျနေတာပဲ"လို့ပြောပြီး မောင်ဝင်းဆွေက ဝမ်းနည်း ပက်လက် ဖြစ်နေသတဲ့။ သခင်ဗဟိန်းကတော့ အပြုံးမပျက် ဒီလိုပဲ နေသတဲ့။

အစ်မကြီးက အဲဒီလို ရှေးဟောင်းနှောင်းဖြစ်တွေ ပြောပြီး ရယ်နေရာက "ဝင်းဆွေ ... နင်ငယ်ငယ်တုန်းက တော်တော်ဆိုးတယ် နော်။ ငါ့ကို အဲဒီလိုပြောပြီး နင်ပဲအိမ်ကို ခဏခဏ လာပြီး ဟိုဟာဝယ်ကျွေးခိုင်း၊ ဒီဟာ ဝယ်ကျွေးခိုင်း။ အမြဲလာပြီး နှိပ်စက်တာ"

"ဒါလောက်တော့ ရှိမှာပေါ့ဗျာ။ ကိုယ့်အစ်ကိုလေး တယောက်လုံး ပေးထား ရတာ"

"အမယ် ... အမယ် ... ဝင်းဆွေနော် ... ဟင်း ... ဟင်း ... ဒီတခါ နင်ကကျွေးရ မယ့် အလှည့် သိရဲ့လား။ နင်က အိမ်ရှင် ဖြစ်နေပြီ"

"ဟာဗျာ ... အစ်မကြီးကလည်း ကျွန်တော်က အိမ်ရှင်သာဆိုရပေမယ့် ကျွန် တော့်မှာ အိမ်ထောင်လည်း မရှိ။ ငွေလည်း မရှိ။ ဘယ်လိုလုပ် ဧည့်ခံပြုစုနိုင်မှာလဲ။ စေတနာပဲ ရှိတာ"

"ကြားလား ... မြင့်မြင့်။ သူ့ဘက်ကျတော့ လည်လိုက်တာ။ မရဘူးဟေ့ မရဘူး။ မြင့်မြင့် မနက်တိုင်း ငါကချည်း မနက်စာ ဝယ်ကျွေးနေရတာ။ စာရင်းလုပ်ထား ကြားလား။ မနက်ဖြန်မနက်က စပြီး စာရင်းမှတ်ထား"

"မှတ်လေ ... ရပါတယ် ... တော်လှန်ရေးအောင်တော့ အကုန်လုံးဆပ်မယ်" အားလုံးက ဝိုင်းပြီး ရယ်ကြပါတယ်။ မမြင့်က အစ်မကြီးဘက် လှည့်ပြီး–

“ဒီမှာ ကြာကြာ နေလို့တော့ မဖြစ်ဘူး အစ်မကြီးရေ … မြန်မြန်ပြန်မှ … မပြန်ရင် ရှိတဲ့ ပိုက်ဆံလေး အကုန် ကုန်လိမ့်မယ်”ဝါးကနဲ ထပ်ရယ်လိုက်ပြီး စကားစစ်ထိုးပွဲ ပြီးသွား ပါတယ်။

အစ်မကြီးတို့အဖွဲ့ကို ကျွန်မက သေသေချာချာ အာရုံစိုက်ကြည့်တယ်။ အစ်မကြီး ဒေါ်သန်းမြင့်ဟာ အသားညိုညို၊ အရပ် မြင့်မြင့်၊ မျက်ခုံးကောင်းကောင်း၊ ဆံပင်ကောင်းကောင်း၊ အညာသူ(ပခုက္ကူသူ) ဆိုပေမယ့် မဲချိတ်ချိတ် မဟုတ်ပါ။ အသားညိုက ဝင်းပြီးစို နေပါတယ်။ လုံးကြီး ပေါက်လှပါ။ သူ့ရုပ်ကို ဖျက်နေတာ ‘မျက်လုံး’ ပါ။ မျက်လုံးက လူနဲ့မလိုက်အောင် သေးသေး ရှည်ရှည် လေးပါ။ ရုတ်တရက်ကြည့်ရင် မဆိုး။ သေသေချာချာ တခုချင်းကြည့်လိုက် မှ မျက်လုံးက ဖျက်ပါတယ်။ သဘောထား ကောင်းပါတယ်။ ဒါပေမယ့် အကြောင်းမသိရင် တော့ ကြောက်စရာပါ။ စကားပြောရင် ဒိုးဒိုးဒေါက်ဒေါက်(အသံကလည်းကျယ်)။ ရောက်စက ကျွန်မတို့က သူ့ကိုကြောက်ပါတယ်။

မမြင့်(ဒေါ်မြင့်မြင့်)။ သူကတော့ ဟသ်ာတသူပါ။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ မျက်နှာ ဝိုင်းဝိုင်း၊ မေးရိုးကားကား။ ထူးခြားတာက (မေးကသွယ်သွယ်လေးပါ)လှတယ်။ ဘယ်လို ကြည့်ကြည့် လှပါတယ်။ သဘောထားလည်း ကောင်းတယ်။ ဆက်ဆံရေးလည်း အလွန်ကောင်းတယ်။

နောက်တယောက်က မမလှိုင်(မလှိုင်လှိုင်)ပါ။ သူက စစ်ကိုင်းသူတဲ့။ သူကတော့ ဒေါ်သန်းမြင့် အငယ်စားပါ။ စကားပြောရင် စားပွဲကို လက်နဲ့ပုတ်ပုတ်ပြီး အော်ကြီးဟစ်ကျယ် ပြောတတ်တယ်။ ခေါင်းမှာလည်း တဘက်(မျက်နှာသုတ်ပုဝါ)အငယ်စားကို တပတ်–ပတ်။ ထိပ်တည့်တည့်မှာ တင်းနေအောင် ဆွဲချည်ထားပြီး တဘက်စနှစ်စက ယုန်နားရွက်လို ထောင်နေတာပဲ။ အသားကမဲမဲ၊ ဝတုတ်တုတ်။ အသံက တော်တော်ကောင်းတယ်။ သူ့ကိုတော့ ကျွန်မက ကပ်ကို မကပ်ရဲပါ။ ကျွန်မက စကားပြောရင်(နင်ဟဲ့–ငါဟဲ့နဲ့)အော်ကြီး ဟစ်ကျယ် ပြောတတ်သူများကို ဝေးဝေးက ရှောင်တယ်။ (ကျွန်မက အဲဒီလိုမပြောတတ်ဘူး)

နောက်ဆုံးတယောက်ကတော့ မလှမေ။ သူက မြစ်ဝကျွန်းပေါ်သူ–အောက်သူ လေးတဲ့။ ပြုံးပြုံးလေး၊ အေးအေးလေးနေတတ်တယ်။ သူ့အစ်မက မမြမေတဲ့။ ဗဟိုရုံး လက်နှိပ်စက် တာဝန်ခံလို့ ပြောပါတယ်။ သူက အသံလည်းကောင်းတယ်။ သီချင်းလည်း ဆို တတ်တယ်။ တညမှာ လသာသာနဲ့ အစ်မကြီးက ပွဲတောင်းပြီး မလှမေကို သီချင်းဆို ခိုင်းတယ်။ မန်းတောင်လက်ျာသီချင်း ဆိုလိုက်တာ။ အို … ကောင်းမှကောင်း။ နားထောင်လို့ မငြီးဘူး။ သူဆိုလို့ ပြီးတော့ ကျွန်မကို ကခိုင်းတယ်။ အားလုံးက သီချင်းဝိုင်းဆိုပေး၊ လက်ခုပ် တီးပေးနဲ့ တပျော်တပါးကြီးပါ။ အဲဒီညက အိပ်ယာထဲကိုသာ ဝင်ခဲ့တယ်။ မလှမေရဲ့ သီချင်း သံလေးကိုပဲ နားထဲမှာ ကြားယောင်နေမိတယ်။ ကျွန်မ ဒီသီချင်းကို ဒီတခါပဲ ကြားဖူးပါတယ်။ မန်းတောင် လက်ျာဟာ သီချင်းကြီးမို့ ဆိုရတာလည်း အတော်ခက်ပါတယ်။ မနက်ဖန်ကျရင် စာသားရေးပြီး သူ့ဆီမှာ ဒီသီချင်းကို သင်ဦးမယ်လို့ စဉ်းစားထားပါတယ်။ သူက ဗဟိုရုံးမှာ တီးဝိုင်းနဲ့ ဆိုနေကျတဲ့။ သြော် … သူက ဒါကြောင့် ဆိုတတ်တာကိုး။ (သူက နောက်ပိုင်းမှာ ကျွန်မတို့နဲ့ တော်တော်ရင်းနှီးခဲ့ပါတယ်။ သူက ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးအဖွဲ့ ဒုတာဝန်ခံ ရဲဘော်သန်းဖေနဲ့ အိမ်ထောင်ကျပြီး ပျဉ်းမနားခရိုင်အတွင်းမှာပဲ နေပါတယ်။ ကလေး ၃ ယောက်ရှိပါတယ်) ၁၉၅၅ခုနှစ်လောက်အထိ တွေ့ရပြီး နောက်ပိုင်း မတွေ့ရတော့ပါ။ ကျွန်မက တာဝန်နဲ့ အထက်ဗမာပြည်ကို ရောက်သွားခဲ့ပါပြီ။

အစ်မကြီးက ပါးစပ်ကသာ ဟိုပြောဒီပြော ပြောတာပါ။ မနက်မိုးလင်းလာရင် အိပ်ယာကထ။ အားလုံးကို မနက်စာကျွေးဖို့ သူ့ရှိတဲ့ ပိုက်ဆံကို နှိုက်ပြီး စားစရာ တခုခု (ဘူးသီးကြော်။ အကြော်စုံ) တခါတရံ အကြော်စုံမရရင် မြေပဲပြုတ်၊ မြေပဲလှော် သို့မဟုတ် ပဲလှော်ဖြစ်ဖြစ် ဝယ်ရပါတယ်။ ရဲဘော်နှစ်ယောက်က နေ့တိုင်းသွားဝယ်ပေးရပါတယ်။ (ကျွန်မတို့ ရုံးစိုက်ထားတဲ့ ပြန်ကပြေး ရွာက မြို့အတိုင်းပါပဲ။ ဈေးဆိုင်တွေက အစုံပါ) အဲဒီက ဝယ်လာတဲ့ အကြော်နဲ့ ထမင်းကြမ်း၊ လက်ဖက်ရည်ကြမ်းဝိုင်းနဲ့ရဲဘော်တွေ တပျော်တပါးကြီး စားရတာ အင်မတန် အရသာရှိလှပါတယ်။ မေ့နိုင်စရာ မရှိပါ။ အစ်မကြီးက နေ့တိုင်း ဝယ်ကျွေးနေရင် မမြင့်က အတင်းလုပြီး သူ့ပိုက်ဆံနဲ့ တလှည့်ဝယ်ကျွေး ပြန်ပါတယ်။ ကျွန်မ တို့က အိမ်ရှင်ဖြစ်ပေမယ့် ငွေမရှိတော့ ဘယ်လိုမှ မတတ်နိုင်ပါ။

တော်လှန်ရေးထဲ လိုက်လာတော့ ပထမဆုံး ကြုံရတဲ့ အခက်အခဲက မိုးလင်းလာလို့ ဘာမှမစားရရင် ခေါင်းကိုက်သလိုလို နေလို့မပျော် ပါဘူး။ နောင် နေသား ကျသွားတော့လည်း ရပါတယ်။ နေသားမကျခင် ကျွန်မ ဒုက္ခတော်တော် ရောက်ခဲ့ရဖူး ပါ တယ်။

## ရဲဘော်ရဲဘက်ဆိုတာ

ညဘက်မှာ အားတယ်ဆိုရင် မမြင့်က ရှေးဟောင်းနှောင်းဖြစ်များကို ပြော ပြတတ်ပါတယ်၊ တညမှာ ဒီလိုပဲ မမြင့်အနားမှာ ကျွန်မတို့စုထိုင်မိကြတယ်။ မမြင့် က“သူ့ရဲ့ မိဘများက ဟသ်ာတမှာ ကုန်သည်တွေဖြစ်ပြီး၊ အခုအထိရှိကြတယ်။ မမြင့်က သမီးအ ကြီးဆုံးဖြစ်တယ်။ ၁၀ တန်းအောင်ပြီး စာတိုက်စာရေးမ လုပ်နေချိန်မှာ ဗိုလ်အောင် မင်းနဲ့တွေ့ (ဗိုလ်အောင်မင်း မိဘက ရန်ကုန်မှာနေ) တာတဲ့။ မမြင့်တို့က သားချင်း(၅) ယောက် ရှိတယ်။ အငယ်ဆုံးလေးကလည်း မိန်းကလေးပါပဲ။ မမြင့်နဲ့ ညီမလေး ညွှန့်ညွှန့်၊ ညီမ ၂ ယောက် တော်လှန်ရေးထဲ ပါခဲ့ကြတယ်။ (အဲဒီညွှန့်ညွှန့်ဟာ ဖ၇–ဖဂပဲခူးရိုးမ တနေ ရာမှာ ကျဆုံးသွားတဲ့ ရဲဘော်အညွှန့်ဖြစ်တယ်။) မမြင့်ဟာ ဗိုလ်အောင်မင်းနဲ့ရပြီး ပါတီ ရုံး“ဘုံရိပ်သာ”မှာ လိုက်နေရတာပါတဲ့။ အဲဒီမှာ နေရင်း မမြင့်ဟာ တဦးနဲ့တဦး ဘယ် လောက် ချစ်ခင်ကြတယ်။ တဦးမှာ အခက်အခဲရှိရင် တဦးက မိမိကိုယ်တိုင် အနစ်နာခံပြီး ကူညီကြတယ်။ (ညီအစ်ကို မောင်နှစ်မ အရင်းထက် အရာရာပိုတယ်)ဆိုတာ နားလည်ခံစား လာမိတယ်တဲ့။ အဲဒီလို နားလည် ခံစားမိတာနဲ့အတူ မိမိကိုယ်တိုင်လည်း ဒီလိုစိတ်ဓာတ်မျိုး ရှိလာအောင် ဒီလိုလုပ်နိုင်အောင် လေ့ကျင့်ယူတယ်။ “ဘုံရိပ်သာ”မှာ နေတယ်ဆိုတာ တော်ရုံတန်ရုံ စိတ်ဓာတ်နဲ့ မနေနိုင်ပါ။ အကြောင်းက ဘေးပတ်ဝန်းကျင် (လူ့အဖွဲ့အစည်း)က တမျိုး။ “ဘုံရိပ်သာ” ပုံစံ(ကွန်မြူနစ် လူ့အဖွဲ့အစည်းပုံစံ)က တမျိုးဖြစ် တယ်။ မြို့ကြီး ပြကြီးပေါ်မှာ ဆိုတော့ သဘော မပေါက်ရင် မလွယ်ပါ။ “ဘုံရိပ်သာ”ရိက္ခာငွေက ရဲဘော်တွေ (ကွန်မြူနစ်နေ့စဉ်)သတင်းစာ ရောင်းလို့ ကော်မရှင်ရတဲ့ ငွေ။ တဦးချင်းအိမ်တွေက ပေးလို့ ရတဲ့ငွေ။ ဒါပဲ ရှိတာပါ။ တခါတရံ စားသောက်ရေး သိပ်ခက်ခဲလာရင် သို့မဟုတ် ရဲဘော် တယောက်ယောက် ကျန်းမာရေးမကောင်းရင် သို့မဟုတ် ကိုယ်ရေးကိုယ်တာကိစ္စ အခက် အခဲ ပေါ်လာရင် မမြင့်အိမ်က ပါလာတဲ့ နားကပ်ကလေးကို ချွတ်၊ နားမှာ (တုတ်ချောင်း တခုခု) အစားထိုးထားပြီး အပေါင်ဆိုင်ကို ပို့ရတယ်။ သို့မဟုတ် အိမ်ကပါလာတဲ့ ဘန် ကောက်လုံချည် အသစ်တထည်၊ နှစ်ထည်လောက်ကို အပေါင်ဆိုင်ပို့ပြီး အပေါင်ဆိုင်ရဲ့ စည်းကမ်းအရ ဆုံးတော့မယ့်ဆဲဆဲ နောက်ဆုံးအချိန် ရောက်တော့ မှ ပြန်ရွေးရတယ်။ အဲဒီ ဘန်ကောက်လုံချည်လေး တထည်နှစ်ထည်ကိုလည်း ဝတ်မပစ်ရဲဘူး။ ဝတ်လို့ဟောင်းသွားရင် အပေါင်ဆိုင်က လက်မခံတော့မှာ သို့မဟုတ် ဈေးလျှော့ပေးမှာ စိုးလို့ ကောင်းကောင်း သိမ်း ထားရတယ်။ ဒီလိုနဲ့ မမြင့်ရဲ့ နားကပ်ကလေးနဲ့ ဘန်ကောက်လုံချည်တွေကတော့ အပေါင် ဆိုင်နဲ့ မမြင့်ဆီ ကူးချည်သန်းချည် လုပ်နေတာပဲတဲ့။

အခု တော်လှန်ရေးထဲ ရောက်လာတာလည်း ဇနီးမောင်နှံနှစ်ယောက်လုံး မိမိ တဦးချင်း ကိုယ်ကျိုးကိုစွန့်၊ အများအကျိုး ပြည်သူအကျိုးအတွက်

လုပ်မယ်ဆိုတဲ့ သံန္နိဋ္ဌာန်နဲ့ တောခိုလာတယ်။ သားလေးတဦးရှိတယ်။ ကလေးနဲ့ဆိုရင် ကလေးလည်း ဒုက္ခ ရောက်နိုင်။ ကိုယ်လည်းအလုပ် မဖြစ်မှာ စိုးလို့ သားလေး(အောင်မျိုးမင်း)ကို မခွဲချင်ပေမယ့် ခွဲခဲ့ရတယ်တဲ့။ အခု ရန်ကုန်က အဘိုးအဘွားတွေ(ဗိုလ်အောင်မင်း မိဘများ)ဆီမှာ ထားခဲ့တယ်။ တော်လှန် ရေးထဲမှာဆိုတော့ ရဲဘော်ချင်းချစ်ခင်မှု၊ စည်းလုံးမှု၊ အနစ်နာခံမှုတွေဟာ အစစအရာရာ အသိစိတ်ဓာတ် ပိုမြင့်မားရတယ်။

***"ရဲဘော်တွေဟာ တယောက်နဲ့တယောက်ဟာ အသက်ကိုအပ်ခါ နွဲကြပါတဲ့× တော်လှန် ရေး လမ်းခရီးပေါ်မှာလေ"*** ဆိုသလို "တို့တတွေဟာ ရန်သူနဲ့ 'သူသေကိုယ်ရှင်' တိုက်နေရတဲ့ အချိန်မှာ ရဲဘော်အချင်းချင်း ပိုမိုစည်းလုံး၊ ပိုမိုချစ်ခင်၊ ပိုမိုညီညွတ်ကြမှ ရမယ်။ မိမိတဦး ချင်းအကျိုး၊ ကိုယ်ကျိုးကိုစွန့်၊ အများအကျိုးအတွက်ကိုပဲ ဦးထိပ်ပန်ထား၊ စဉ်းစားရမယ်။ အရာရာမှာ စံပြဖြစ်အောင် ကြိုးစားနိုင်ရမယ်ဆိုတဲ့ မြင့်မားတဲ့အသိစိတ်ဓာတ်ကို ရရှိအောင် ကြိုးစား တည်ဆောက်ကြရမယ်"လို့ မမမြင့်က ပြောခဲ့တယ်။

ကျွန်မတို့ဟာ အိပ်ချိန်ရောက်နေပြီမို့ လူစုခွဲပြီး အိပ်ယာထဲ ဝင်ခဲ့ရပေမယ့် မမမြင့် ပြောပြနေတဲ့ အသံတွေဟာ နားထဲမှာ ဝဲပျံနေတယ်။ ဘုံရိပ်သာနေစဉ် အတွေ့အကြုံတချို့ ရယ်စရာ လေးတွေ ပြောပြတော့ ဝိုင်းရယ်လိုက်ကြ။ နောက် မမမြင့်တောခိုဖို့ ဆုံးဖြတ် ချက် ချပြီး သားလေးကို ခွဲခဲ့ရတော့ မိခင်စိတ်ဓာတ်နဲ့ မမမြင့်ရဲ့ခံစားမှု ဒါတွေကို ပြောပြတော့ ဝမ်းနည်း လိုက်တာ ငိုချင်လာတယ်။

"ငါက ကွန်မြူနစ်တယောက်ရဲ့ ဇနီးဖြစ်တယ်။ အများအကျိုးအတွက်လုပ်နိုင်ဖို့ မိမိတဦးချင်းအကျိုးကို ဒါလောက်လေးတောင် မစွန့်လွှတ်နိုင်ဖူးလား။ သူများတွေ အသက် ကိုတောင် စွန့်လွှတ်သွားကြတယ်။ အရာရာကို စွန့်လွှတ်နိုင်ရမှာပေါ့"လို့ ကိုယ့်ကိုယ်ကိုယ် အားတင်းပြီး အသိစိတ်ဓာတ်ကို မြှင့်တင်ယူရတယ်ဆိုတာတွေ ပြန်စဉ်းစားပြီး တော်တော်နဲ့ မအိပ်နိုင်ခဲ့ပါဘူး။

"ငါလည်း ဒီလိုစိတ်ဓာတ်မျိုး ရရှိအောင်၊ ခိုင်မာအောင်၊ တည်ဆောက်ယူမယ်။ ငါလည်း ကွန်မြူနစ်ပါတီဝင် တယောက်ဖြစ် အောင် ကြိုးစားမယ်"ဆိုတဲ့ စိတ်တွေ တဖွားဖွား ပေါ်လာမိတယ်။

နောက်ည အစ်မကြီး ဒေါ်သန်းမြင့်ရော၊ မမမြင့်တို့အားလုံးနဲ့ ကျွန်မတို့တတွေ ထိုင်မိကြပြီး ထွေရာလေးပါး စကားပြောဖြစ်ခဲ့ ကြပါသေးတယ်။

## အမျိုးသမီးဘဝ လွတ်မြောက်ရေးတိုက်ပွဲ ဖွဲ့ရှိကြ

ဒီညမှာတော့ အစ်မကြီးက "အမျိုးသမီးဘဝ လွတ်မြောက်ရေးအတွက် တိုက်ပွဲ ဝင်ဖို့ တော်လှန်ရေးထဲ ရောက်လာကြတယ်။ ဒီရည်ရွယ်ချက်ကို မမေ့ပျောက်ဖို့ အရေးကြီး တယ်။ အမျိုးသမီးတယောက်အနေနဲ့ တော်လှန်ရေးတာဝန်တွေကို ထမ်းဆောင်တဲ့အခါမှာ အကန့်အသတ်တွေက သိပ်များတယ်။ တပြည်လုံးက အမျိုးသမီးထု တရပ်လုံး လွတ် မြောက်ရေးအတွက် အလုပ် လုပ်မယ့် မိမိကိုယ်၌က ဘဝလွတ်မြောက်ဖို့ ပထမ ကြိုးစား ရမယ်။ ဒါကပြောတာလွယ်တယ်။ လက်တွေ့လုပ်တော့ မလွယ်ဘူး။ အခု မင်းတို့အားလုံး အိမ်ထောင် မရှိသေးဘူး။ လွတ်လွတ်လပ်လပ် တွေဆိုတော့ အားလုံးဟာ လွယ်ကူနေတာပဲ။ ဒါပေမယ့် လူဆိုတာ သီးချိန်တန်ရင်သီး၊ ပွင့်ချိန်တန်ရင် ပွင့်ရစမြဲပဲ။ လောက ဓမ္မတာ လူ့ဘဝရဲ့ တာဝန်ကို အဲဒီမှာ စတင်ရတော့တယ်။ ဒီမှာတွေ့ရှိလာတဲ့ အခက်အခဲအားလုံးကိုရင် ဆိုင်ကျော်နင်းနိုင်ဖို့ အထူးလိုအပ်တယ်။ (အဲဒီအချိန်က ကျွန်မတို့အားလုံး အိမ်ထောင် မကျသေးပါ)ဒီမှာ စပ်မိလို့ အစ်မကြီးတို့က ဗဟိုအမျိုးသမီးသမဂ္ဂရုံးက အတွေ့အကြုံ တခုကို ပြောပြပါတယ်။

တို့ဗဟိုအမျိုးသမီးသမဂ္ဂ အလုပ်အမှုဆောင်တွေ (ရုံးမှာရှိတဲ့)အမျိုးသမီးတွေ အားလုံးမှာ ရဲဘော်(မ)ခင်တင့်က အတွင်းရေးမှူး (ပဲခူးဦးကြီးမြင့်ရဲ့ခယ်မ၊ ငြိမ်းချမ်းရေး ကာလမှာ အလုပ်သမား ခေါင်းဆောင် ရဲဘော်ထွန်းစိန်နဲ့ အိမ်ထောင်ကျသွားတယ်လို့ ကြားသိရ။) တယောက်ပဲ အပျိုရှိတာ၊ ကျန်တာအားလုံးက အိမ်ထောင်သည်တွေ။ ဒီမှာ ဘာတွေ့ရသလဲ ဆိုတော့ စည်းရုံးရေး လုပ်ငန်းအတွက် အားလုံးဟာ အနည်းဆုံး တလတကြိမ် နယ်ထွက် ရတယ်။ တခါတရံ အခြေ အနေအရ ၂လ–၃လ ကြာတတ်တယ်။ အစည်းအဝေး ထိုင် အပြီး နယ်ဆင်းတော့မယ်လုပ်တော့ ရဲဘော်(မ)ရင်ရင်(ရဲဘော်ဋ္ဌေးရဲ့ဇနီး)မှာ ပြဿနာ ပေါ်လာ တယ်။ ဖြစ်ပုံက ဒီလို။ မရင်ရင်မှာ ကလေး ၃ ယောက် ရှိတယ်။ (အကြီးက ဖိုးပြူးခေါ် မောင်တင်အောင်၊ ဒုတိယက ဖိုးထူးခေါ်မောင်စိုးသိမ်း–ပဲခူးရိုးမမှာ ကျဆုံး)တို့က ကြီးပြီဆိုတော့ ဝိုင်းပြီးစောင့်ရှောက်ထားလို့ ရတယ်။ တတိယသားကလေးက ချစ်စနိုးနဲ့ အာလူးလို့ခေါ်တယ်။ ကလေးက အခါလည် ကျော်ကျော်လေးဆိုတော့ ပိုးအိတ်တလုံးနဲ့ တရွာဝင် တရွာထွက် သွားရမယ့် အမေက ဒီကလေးကိုလည်း ခေါ်မသွားနိုင်။ အိမ်မှာ အဖေနဲ့ ထားခဲ့ ရအောင် ဆိုတော့လည်း အဖေ(ရဲဘော်ဋ္ဌေး)က ခေါင်းဆောင်တယောက်ဆိုတော့ အိမ်မှာ အမြဲမရှိ။ လုပ်ငန်းနဲ့ အမြဲနယ်ဆင်း နေရတာ။ ဒါနဲ့ ဇနီးမောင်နှံနှစ်ဦးသဘောတူ၊ ရွာထဲက သမဂ္ဂ ခေါင်းဆောင်(သားသမီးမရှိလို့ ကလေးလိုချင်သူ) ဦးကြီးတို့ကို အကျိုးအကြောင်း ပြောပြီး ကလေးကို ပေးခဲ့တယ်။ ဦးကြီးတို့ ဇနီးမောင်နှံကလည်း ကလေးကိုချစ်လိုက်တာ။ ဝမ်းသာ အားရနဲ့ လက်ခံ ယူထားကြတယ်။ ဒါနဲ့ မရင်ရင်လည်း နယ်ထွက်ခဲ့တယ်။

ဖြစ်ချင်တော့ ကလေးက တရက်နှစ်ရက်အတွင်းမှာပဲ ဖျားလိုက်တာ။ ပါးစပ် ကလည်း "အမေ–အမေ"နဲ့ အမေကိုပဲ တတမ်းတ,တ ခေါ်နေရှာတယ်။ ဦးကြီးတို့လည်း ရွာထဲက ဆေးဆရာကြီးကို အမြန်ပင့်ကုသ၊ တဘက်ကလည်း မရင်ရင်ကို ခေါ်တဲ့စာ အမြန်ပို့ ရတာပေါ့။ မရင်ရင်က ရှေ့ကထွက်။ စာကနောက်ကလိုက်တော့ တပတ်ကျော်လောက်ကြာမှ လက်ခံရတယ်။ စာထဲမှာ "ကလေး ဖျားတာ ပြင်းထန်တယ်။ အမြန်လာပါ"လို့ ပါတော့ မရင်ရင်ကလည်း ကလေးစိတ်နဲ့ နေ့မအိပ်ညမနား၊ ပြန်လာခဲ့တာ ကလေး ရှိတဲ့ရွာကို နှစ်ရက် တည်းနဲ့ ပြန်ရောက် လာခဲ့တယ်။ ဒါပေမယ့် ... သားကလေးက မရှိတော့ဘူး။ ဆုံးသွားလို့ အမေကို စောင့်တာ မလာနိုင်လို့၊ အလောင်းကလည်း ကြာကြာထားလို့ မရ ... မြေမြှုပ် သင်္ဂြိုဟ်လိုက်ရပြီ။ အို ... မရင်ရင်ဆိုတာ ပဋ္ဌာမြေလူးပေ့ါ။ ခရီးကလည်းပန်း၊ စိတ်ပန်း ကိုယ်ပန်းဖြစ် အိပ်ရာထဲ လဲခဲ့ရှာတယ်။ တရွာလုံးက လူထုကလည်း သနားလို့မဆုံး၊ ကြားရသူအပေါင်း ဝမ်းနည်းလို့ မဆုံးဖြစ်ကြရတယ်။ (ဒေါ်ရင်ရင်ဟာ ပဲခူးရိုးမမှာ ကျဆုံးခဲ့ တယ်။)

အစ်မကြီးက ဒါကိုပြောနေတာ မင်းတို့ကိုကြောက်သွားအောင်လို့ ခြောက်နေတာ မဟုတ်ဘူး။ မရင်ရင်လို ဖြစ်လာတဲ့အခါ အခက်အခဲကို ကြံ့ကြံ့ခိုင် ရင်ဆိုင်ကျော်နင်းပြီး ကိုယ့် ရည်မှန်းချက် ပန်းတိုင်ကို ဆက်လျှောက်နိုင်ဖို့၊ ရဲဘော်(မ)ရင်ရင်ကို အတုယူ လေ့လာနိုင်ကြဖို့ ပြောတာပါတဲ့။

အို ... ကျွန်မတို့အားလုံးဟာ နားထောင်ရင်းနဲ့ မျက်ရည်မဆည်နိုင်ဘူး။ အစ်မ ကြီးကလည်း ပြောသာပြောရတာ မျက်ရည်စက်လက်နဲ့ပေ့ါ။

အဲဒီညမှာလည်း အိပ်ရာထဲရောက်ပြီး ဂျမ်းနဲ့ ကျွန်မဟာ တမြေ့မြေ့ခံစားရင်း စကားပြော နေမိတာ ညဉ့်နက်မှ အိပ်ကြတယ်။

## ပြည်သူ့လွတ်မြောက်ရေးအတွက်
## အသက်နဲ့လဲလို့ ဆောင်ရွက်ခဲ့ကြသည်

## တို့အမျိုးသမီးတွေ မကျန်ပါသည်

ဒီနေ့မနက်မှာတော့ အစ်မကြီးနဲ့ မမမြင့်တို့က သူတို့ဗဟိုရုံးမှာ စပ်ထားတဲ့ "အ မျိုးသမီးသမဂ္ဂ"သီချင်းတပုဒ်ကို ရေးပေး။ သီချင်းတက်ပေးနဲ့ ပျော်စရာကြီး ပါပဲ။

**အမျိုးသမီးသမဂ္ဂသီချင်း**

***(ပြည်သူ့လွတ်မြောက်ရေးအတွက်×အသက်နဲ့လဲလို့× ဆောင်ရွက်ကြရမည်။ တို့အမျိုးသမီးတွေ မကျန်ပါသည်×သွေးစည်းလို့ ညီ×အမျိုးသားများနဲ့တန်းတူချီတက်မည်)၂***

***(ခေတ်သစ်ပြောင်းလို့ ခေတ်ဟောင်းစနစ်ကို ပယ်ကာအတည်× ရှေးတုန်းကရယ်… ငွေဝယ်ကျွန်လိုလုပ်ခဲ့ကြတဲ့×မြေရှင်စနစ်ကို×အမြစ်ပါ×တော်လှန်မည်)၂×××(ရာဇဝင် စာတင်ရေးမည်)၂××ခေတ်မီစွာ အသိညဏ်တိုးလို့ တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက် မည်×***

***သံပြိုင်…(အမှောင်ထုကို ပယ်ခွင်းမယ့်×ကြယ်နီပေါ်လာပြီ×တို့တိုင်းပြည် နိုးကြားတဲ့ အမျိုးသမီးတွေမှန်သည်/စုံညီ)၂×ရောင် နီကျင်းလို့ လင်းချိန်တန်ပါပြီ… ပစ္စည်းမဲ့အောင်လံအောက်ဆီ× တပ်ပေါင်းစုကာ ×ရန်သူတွေကို × တို့ချေမှုန်းမည်×ချေမှုန်းမည်×ဒီမိုကရေစီ ပြည်သူ့အခွင့်အရေး အ တွက်× အသက်နဲ့လဲလို့ တို့ထုထောင်ရမည်××***

မနက်ထမင်းမစားခင် ကျွန်မတို့လည်း သီချင်းရသွားကြပါပြီ။ ဝမ်းသာလိုက်တာ၊ နောက်ကို "အမျိုးသမီးသမဂ္ဂ"အစည်းအဝေးလုပ်တိုင်း ဒီသီချင်းနဲ့ အစည်းအဝေး အ ဖွင့်အပိတ်လုပ်လို့ရပြီလို့ စဉ်းစားပြီး ဝမ်းသာရပါတယ်။ (လက်တွေ့လည်း အဲဒီလို လုပ်ခဲ့ပါ တယ်။)

မကြာခင်မှာပဲ ပျဉ်းမနား(မြို့ပေါ်မှာ) အမျိုးသမီးသမဂ္ဂဖွဲ့စည်းရေးမှာ မြို့နယ်က ကျွန်မတို့ လူငယ်တွေချည်းဆိုတော့ အင်အား မတောင့်တင်းပါ။ ဒါကြောင့် ဗဟိုက အစ်မကြီး တို့ပါ ဝိုင်းဝန်းကူညီပေးဖို့ မေတ္တာရပ်ခံပါတယ်။ မြို့နယ်ပါတီ အတွင်းရေးမှူး ရဲဘော်တင်ထွေရဲ့ ဒီမေတ္တာ ရပ်ခံချက်ကို အစ်မကြီးတို့ကလည်း လှိုက်လှဲစွာ လက်ခံပါတယ်။

ဒီလိုနဲ့ ပျဉ်းမနားမြို့ပေါ် အခိုင်အမာ စည်းရုံးရေးအတွက် လုပ်ငန်းကို စတင်လိုက် ပါပြီ။ ခရိုင်က ညွှန်ကြားချက်အရ ပျဉ်းမနားမြို့မ ပါတီကော်မတီကလည်း "မြို့ပေါ်စည်းရုံးရေး လုပ်ငန်းအတွက် လိုအပ်သည်များကို ကူညီသွားမည် ဖြစ်ကြောင်း၊ လာရောက်ပါရန် ဘိတ် ကြားစာ" ရောက်လာပါတယ်။ အရင်က ခရီးထွက်တာနဲ့ ပြောင်းပြန်ပေါ့။ အရင်က ခရီးထွက် တယ်ဆိုတာက ကျေးလက်တောကို။ အခု ခရီးထွက်ရတာက မြို့ပေါ်ကိုပေါ့။ မြို့နယ်အနေနဲ့ ကျွန်မနဲ့ ဂျမ်းနှစ်ယောက်ပဲ လိုက်ပါတယ်။ အစ်မကြီးတို့အဖွဲ့က ၄ ယောက်၊ ပေါင်း ၆ ယောက် မြို့ပေါ်ကို ပိုးအိတ်ကိုယ်စီနဲ့ ခရီးထွက်ခဲ့ပါတယ်။ မြို့ပေါ်ရောက်တော့ "ညွှေ့ခံကော် မတီ"က အသင့်စောင့်ကြိုနေတာ တွေ့ရပါတယ်။

ကျွန်မတို့အဖွဲ့ နေထိုင်စားသောက်မှုကို မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးက တာဝန် ယူပြီး အစည်းအဝေး ကျင်းပရန် နေရာထိုင်ခင်းမှအစ လုံ့ဆော်ရေးအပါ အခိုင်အမာ လုပ်ငန်း အားလုံးကို မြို့မပါတီကော်မတီမှ တာဝန်ယူသွားမယ်ဆိုတဲ့ တာဝန်ခွဲဝေမှုများပါ မိတ်ဆက် ပေးပြီး အစီအစဉ်အတိုင်း မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးရုံးကို လိုက်သွားရပါတယ်။ ကျွန်မတို့ ၆ ယောက်အတွက် အခန်းကျယ်ကြီးတခု အတွင်းမှာ ခုတင်များ တန်းစီထားပြီး သန့်ရှင်း သပ်ရပ်တဲ့ အိပ်ရာများပါ တွေ့ရပါတယ်။

မနက်အစောမှာ အကြော်စုံ သို့မဟုတ် မုန့်ပျားသလက်ကို လက်ဖက်ရည်ကြမ်း နဲ့ ညွှေ့ခံပါတယ်။ အကြော်စုံကျွေးတဲ့နေ့ဆိုရင် အုပ်ချုပ်ရေးရုံး ရိက္ခာရုံ(မီးဖို)က ထမင်းချက် ရဲဘော် အဒေါ်ကြီးဆီမှာ ထမင်းကြမ်းတောင်းဖို့က ကျွန်မ အမြဲတာဝန် ကျပါတယ်။ လူ ချင်းလည်း မသိ။ အဲဒီအဒေါ်ကြီးကလည်း အပေါက်ခပ်ဆိုးဆိုးမို့ ကျွန်မလည်း ကြောက်ပါ တယ်။ ဒါပေမယ့် ကျွန်မစဉ်းစားမိတာက ကိုယ်ကအငယ်ပဲ၊ ပြီးတော့ ကိုယ့်လုပ်ငန်းကို လာကူညီပေးနေတာ။ တို့မှာတာဝန် ရှိတယ်။ ဒီလိုပဲ စဉ်းစားပြီး သွားတောင်းတော့ အဒေါ် ကြီးက သနားလို့ဆိုပြီး ပေးလိုက်ပါတယ်။ နောက်လည်း စားချင်ရင် လာခဲ့လို့ဆိုတာနဲ့ ကျေးဇူးတင်ကြောင်း ပြောပြီး နောက်လည်း အကြော်ရတဲ့နေ့တိုင်း အမြဲသွားတောင်းပြီး စားကြပါတယ်။

ပျဉ်းမနားမြို့ပေါ် စည်းရုံးရေး တလလောက် ကြာပါတယ်။ ရပ်ကွက် ၁၀ ခု (အတိအကျ မမှတ်မိတော့ပါ)လုံး "အမျိုးသမီသမဂ္ဂ"ကို စနစ်တကျ ဖွဲ့စည်းပြီးပါပြီ။ သမဂ္ဂ ဖွဲ့စည်းရန် အစည်းအဝေးခေါ်တိုင်း အမျိုးသမီးများသာမက အမျိုးသားများပါ တက်တက်ကြွ ကြွ လာလေ့ရှိကြပါတယ်။ အစည်းအဝေးများဟာလည်း ကျွန်မတို့ မှန်းထားတာထက် အမြဲ တမ်းလူပိုများပါတယ်။ အစည်းအဝေးမတိုင်ခင် ကြိုတင်လှုံ့ဆော်ရေး လုပ်စဉ်ကတည်းက 'မြို့မပါတီကော်မတီ'က လှုံ့ဆော်ရေး အလွန်ကောင်းပါတယ်။ "အမျိုးသမီးသမဂ္ဂဖွဲ့စည်း ရေးကို ပါဝင်လုပ်ဆောင်မယ့် သူများမှာ ဗဟိုကလာတဲ့ အမျိုးသမီးခေါင်းဆောင်များ ဖြစ်တဲ့အ ကြောင်း။ အဲဒီအမျိုးသမီးများအနက် တဦးက ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုခေါင်းဆောင် လည်းဖြစ်၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်လည်းဖြစ်ခဲ့တဲ့ ကွယ်လွန်သူ ရဲဘော်သခင်ဗဟိန်းရဲ့ ဇနီးဖြစ်ကြောင်း တဦးက တပ်နီ ဗိုလ်အောင်မင်းရဲ့ ဇနီးဖြစ်ကြောင်း" ကြိုတင် မိတ်ဆက်ပေးပါတယ်။

အခိုင်အမာ အစည်းအဝေး ကျင်းပတဲ့အခါမှာလည်း အခမ်းအနားမှူးဖြစ်တဲ့ မြို့မ ပါတီကော်မတီဝင် ရဲဘော်က စကားပြော အလွန်ကောင်းပါတယ်။ အစ်မကြီး ဒေါ်သန်းမြင့်နဲ့ မမမြင့်တို့နှစ်ယောက် တရားဟောဖို့ ရှေ့ကိုထွက်လာတိုင်း ဗဟိုမှာလည်း အလုပ်များတဲ့ အကြောင်း၊ မြို့နယ်တွေကို ကူညီချင်ပေမယ့် လာရောက်မကူညီနိုင်ကြောင်း။ အခုဟာက ကြုံတောင့်ကြုံခဲ အလွန် ရခဲတဲ့ အခွင့်ရေးကောင်းတခုဖြစ်ကြောင်း မိတ်ဆက်ပေးလေ့ ရှိပါတယ်။ ပရိသတ်ကြီးကလည်း အားရဝမ်းသာ လက်ခုပ်သြဘာ ပေးကြပါတယ်။ တရား ဟောတဲ့အခါမှာလည်း ဘယ်သူတွေဖြစ်ကြတယ်ဆိုတာကို ထပ်မံမိတ်ဆက်ပေးပါသေး တယ်။ မှန်ပါတယ်။ အင်မတန်ရခဲတဲ့ အခွင့်ရေးကောင်း တခုပါ။ ကျွန်မတို့မြို့နယ် ကံကောင်းတယ်လို့ ပြောရင်ရပါတယ်။ အစည်းအဝေး လုပ်တဲ့အခါ လူထု အသံကို သိရအောင် လူထုတွင်း ကျွန်မ တို့ရဲဘော်တွေကို လွှတ်ထားပါတယ်။ အစ်မကြီးကိုရော၊ မမမြင့်ကိုပါ ခင်ပွန်းကိုချစ်တဲ့စိတ်နဲ့ တော်လှန်ရေးထဲ လိုက်ပါလာမှုကို ချီးကျူးကြပါတယ်။ အမျိုးသမီးဘဝတူချင်းမို့ စာနာကြ ကြောင်း၊ ရဲဘော်သခင်ဗဟိန်းကိုလည်း ချီးကျူးကြောင်း လူထုအသံကို ပြန်လည်သိရတဲ့အခါ ကျွန်မတို့လည်း ဝမ်းသာရပါတယ်။

တရားဟောတဲ့အခါ အစ်မကြီးရော၊ မမမြင့်ပါ ပြင်ဆင်မှုကောင်းပြီး အချက်အ လက်တွေ ဝေဝေဆာဆာနဲ့ ပြောကြဟောကြ ပါတယ်။ စကားပြောလည်း တမျိုးစီ ကောင်းကြ ပါတယ်။ (အစ်မကြီးက အာဘောင်အာရင်း သန်သန်၊ လက်သီးလက်မောင်းတန်းပြီး ပြော တာမို့ တက်ကြွမှုရှိပါတယ်။ မမမြင့်ကတော့ လေယူလေသိမ်းကောင်းပြီး အပြော ကောင်း ပါတယ်) ကျွန်မတို့အတွက်လည်း အတွေ့အကြုံ

ကောင်းကောင်းရပါတယ်။ အများကြီး ပညာရပါတယ်။

ကျွန်မတဦးချင်း စဉ်းစားမိပါတယ်။ ကျွန်မတို့ ကြားဖူးတာ ရဲဘော်သခင်ဗဟိန်း တယောက်၊ ရဲဘော်သခင်သန်းဖေတယောက် သူတို့ဟာ လူချစ်လူခင် အင်မတန်ပေါတယ်။ သခင်ဗဟိန်းဆိုလည်း စကားမပြောခဲ့ဉီး၊ လူကိုမြင်လိုက်တာနဲ့ ချစ်ခင်လေးစားကြတယ်။ သခင်သန်းဖေ(တောင်ငူ)ဆိုလည်း (တရားဟော အလွန်ကောင်းတယ်လို့ နာမည်ကြီးသူပါ။ အထက်က အမိန့်ချလိုက်လို့ ဖမ်းဝရမ်းကိုင်ပြီး ဖမ်းရအောင်လာတဲ့ ပုလိပ်ကတောင် သခင် သန်းဖေ တရားဟောတာကို ကြားလိုက်ရတာနဲ မဖမ်းနိုင်သေးဘဲ ဝင်နားထောင်နေပြီး) တရားဟောတာ ပြီးသွားမှ ဖမ်းတယ်ဆိုတဲ့အကြောင်းကို လူကြီးတွေပြောပြတာကို တဆင့် ပြောပြတာ ကြားဖူးပါတယ်။ အခုလည်း ရဲဘော် သခင်ဗဟိန်းက လူကိုယ်တိုင် မရှိတော့ဘဲ (ကွယ်လွန်သွားပြီး)ဖြစ်တာတောင်မှ လူထုတွေက လေးစားမပျက်၊ ချစ်ခင်မှုမပျက်တာ ကို တွေးမိပြီး ပါတီခေါင်းဆောင်တွေကို ကြည်ညိုလေးစားမဆုံး ဖြစ်မိပါတော့တယ်။

တရားပွဲအတွင်းမှာပဲ အမျိုးသမီးသမဂ္ဂခေါင်းဆောင်များကို ချက်ချင်းလက်ငင်း မဲနဲ့ ရွေးကောက် တင်မြှောက်ရပါတယ်။ သမဂ္ဂဝင်ဦးရေ အနည်းအများအလိုက် ခေါင်းဆောင်အဖွဲ့ ဟာ အနည်းဆုံး(၅)ဦးမှ အများဆုံး(၁၃)ဦးအထိ ရွေးကောက်နိုင်ပါတယ်။ ဒီလိုရွေး ကောက်တဲ့ အခါ၊ မဲပေးတဲ့အခါ အလွန်ပျော်စရာကောင်းပါတယ်။ တခါတရံ မဲချင်းတိုက်နေလို့ အချိန်ကြာ တာ ရှိပေမယ့် အားလုံးက ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ပြီးပါတယ်။

သက်ဆိုင်ရာ အိမ်ထောင်ရှင် အမျိုးသားပါ မထင်မှတ်ဘဲ ပါလာတာ တွေ့ရလို့ ကျွန်မတို့က စိတ်ထဲမှာ နည်းနည်းသံသယဖြစ်တာ ရှိခဲ့ပေမယ့် လက်တွေ့မှာ ကျွန်မတို့ ထင်သလို မဟုတ်ဘဲ အချို့ကိစ္စတွေအတွက် အခက်အခဲ ရှိနေရင် ပါဝင်အကြံပေးတာတွေ၊ ကူညီတာတွေ ရှိပါတယ်။ အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းတဲ့အခါ လုပ်ဆောင်ရမယ့် တာဝန်များပါ ရှင်းပြ တယ်။

(၁)ဥက္ကဋ္ဌ (အဖွဲ့အစည်းတခုလုံးကို အတွေးအခေါ်အရ ခေါင်းဆောင်မှု ပေးရန်)

(၂)အတွင်းရေးမှူး (လုပ်ငန်းတာဝန်အားလုံးအောင်မြင်ရေး တာဝန် ခံရန်)

(၃)ဘဏ္ဍာရေးမှူး (စိုက်ပျိုးရေး+မွေးမြူရေး)

(၄)အမှုဆောင် (ကျန်းမာရေး+ပညာရေး)

(၅)အမှုဆောင် (စစ်အောင်နိုင်ရေး)

အမှုဆောင်ရွေးတဲ့အခါ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ဟာ နည်းနည်းအသက်ကြီးသူ၊ တစုံတရာ ဩဇာရှိသူလည်း ဖြစ်ရမယ်လို့ မဲပေးတဲ့အခါ အားလုံးစဉ်းစားနိုင်ဖို့ အကြံပေး ရပါတယ်။ ကျန်အမှုဆောင် ၃ ယောက်ကတော့ အသက်ငယ်သူ(အိမ်လုပ်ငန်းနည်းပါးသူ) ဖြစ်ရပါမယ်။

ဒီမှာ နံပါတ် ၅ အမှုဆောင် တာဝန်ကို ပြောတဲ့အခါ နားလည်မှု လွဲတတ်ကြ ပါ တယ်။ "စစ်အောင်နိုင်ရေး"ဆိုတော့ စစ်တပ်ထဲ လိုက်ရမယ်လို့ ထင်တတ်ကြပါတယ်။ တကယ်က အဲဒီလို မဟုတ်ပါဘူး။ တပ်ထဲမလိုက်ရပါဘူး။ "အမျိုးသမီးသမဂ္ဂ"ဆိုတာ လူထု အဖွဲ့အစည်းဖြစ်ပါတယ်။ အမျိုးသမီးဘဝ လွတ်မြောက်ရေးဆိုတာဟာ ပြည်သူတရပ်လုံး ဘဝလွတ်မြောက်ရေးနဲ့ ဆက်စပ်နေတယ်။ အမျိုးသမီးတွေချည်း သီးသန့်လွတ်မြောက်ရေး လုပ်လို့မရဘူး။ ဒါကြောင့်ပြည်သူလူထု ဘဝတရပ်လုံး လွတ်မြောက်ရေးအတွက် မိမိတပ်က ရန်သူနဲ့ တိုက်နေတဲ့အခါ သီးနှံတွေ ပိုမိုစိုက်ပျိုး၊ တပ်မတော်ကို လှူတာ၊ စစ်တိုက်နေတဲ့အခါ တပ်အတွက် လက်နက်ခဲယမ်းမီးကျောက် ပို့ပေးတာ။ တပ်နဲ့နီးရင် ထမင်းထုပ်ပေးတာ။ ရန်ပုံငွေ အလှူခံတဲ့အခါ တတ်အားသရွေ့ နည်းများမဆို အလှူပါဝင်တာ။ ဒါတွေ အားလုံးဟာ စစ်အောင်နိုင်ရေး လုပ်ငန်းတွေထဲ အကျုံးဝင်ပါတယ်။ လက်ရှိ ဆင်နွှဲနေတဲ့ ဒီစစ်ပွဲ အောင်မြင်ဖို့ အရေးကြီးပါတယ်။ အောင်မြင်ပါမှ ပြည်သူတရပ်လုံး လက်ရှိဒုက္ခပေါင်းစုံ ခံစားနေရတဲ့ ဘဝဆိုးမှ လွတ်မြောက်မယ်။ ငြိမ်းချမ်းမယ်။ ဒီမိုကရေစီရမယ်။ အဲဒီ ပြည်သူများအထဲမှ အမျိုးသမီးများပါ ဒီအခွင့်အရေးကို ခံစားကြရမယ်။ ဒါကြောင့် အားလုံးရဲ့ အဓိက တာဝန်ဟာ ဒီစစ်ပွဲ အောင်နိုင်ရေးဖြစ်ပါတယ်။ အရေးလည်း ကြီးပါတယ်။ လူတိုင်းမှာ တာဝန်ရှိပါတယ်။

အမှုဆောင်အဖွဲ့မှာ တဦးချင်းတာဝန် ခွဲဝေထားတာက လုပ်ငန်းလုပ်တဲ့အခါ စနစ်ကျဖို့ ပိုမိုလွယ်ကူဖို့အတွက်ပဲ။ အားလုံးဟာ စုပေါင်းခေါင်းဆောင်မှုနဲ့ လုပ်ရမယ်။ ဒါဟာ ကော်မတီစနစ်ရဲ့ သဘာဝပဲ။ စုပေါင်းမှုရှိသလို တာဝန်ခွဲဝေမှုလည်း ရှိတယ်။ အချင်းချင်း အပြန်အလှန် လေးစားရမယ်။ စည်းလုံးရမယ်။ အပြန်အလှန် ကူညီရမယ်။ တလတကြိမ် အမှုဆောင် အစည်းအဝေး ပုံမှန်ထိုင်ပါ။ လုပ်ငန်းတွေကို ပြန်လည် စစ်ဆေးတာတွေ လုပ် ရမယ်။ အလုပ်ကတော့ "လုပ်ရင်းသင်၊ သင်ရင်းလုပ်"ပါပဲ။ ဘာမှ စိုးရိမ်စရာ မရှိပါဘူးလို့ အားပေး စကား ပြောရတယ်။

နောက်ဆုံးမှာ အားလုံးက သဘောပေါက်ပြီး တက်တက်ကြွကြွ လက်ခံကြပါ တယ်။

ကျွန်မတို့ ရုံးကိုမပြန်ခင် ရပ်ကွက်လိုက် အမျိုးသမီးသမဂ္ဂ အမှုဆောင်တွေ အား လုံးနဲ့ တွေ့ဆုံ အစည်းအဝေးလုပ်ပါတယ်။ (၆၀–၇၀)လောက် အစည်းအဝေး တက်ပါ တယ်။ အဲဒီမှာ ကျွန်မတို့ အတွေ့အကြုံတခု ရပါတယ်။ အဲဒါက မရင်ရင်ဆိုတဲ့ အမျိုးသမီး အမှု ဆောင်တဦးက သူ့ရဲ့ကိုယ်တွေ့ အတွေ့အကြုံတခုကို ပြောပြပါတယ်။ ဒီလိုပါ။

"ကျွန်မရဲ့ ခင်ပွန်းကိုထွန်းက ပြောပါတယ်။ အမျိုးသမီးသမဂ္ဂ ဖွဲ့စည်းရေးအတွက် အစည်းအဝေးလုပ်တဲ့ညက အမျိုးသမီးတွေကိုပဲ ဖိတ်မှန်းသိပေမယ့် မသိချင်ယောင်ဆောင်ပြီး အစည်းအဝေးကို လိုက်လာတာ အမျိုးသမီးသမဂ္ဂဆိုတော့ 'ယောကျ်ားဆန့်ကျင်ရေးတွေ'ပဲ ဟောမှာပဲ။ လုပ်တော့လည်း ဒါပဲ လုပ်မှာပဲလို စဉ်းစားမိတာ အစည်းအဝေးထဲရောက်မှ အထင်နဲ့အမြင် လုံးဝမမှန်ဘူးဆိုတာကို သိလိုက်တော့ ကိုယ့်ဟာကိုယ် ရှက်လိုက်တာ။ ငါဒီ လောက် ညံ့ရသလားလို့ ကိုယ့်ကိုယ်ကိုယ်လည်း ဒေါသဖြစ်မိတယ်ကွာ။ ဟို–အစ်မကြီး ဟော တာ နားထောင် ရတော့မှ အမျိုးသမီးတွေရဲ့ ဘဝကို နားလည်မိတော့တယ်။ အမျိုးသမီး ဆိုတာ လူတယောက် ဖြစ်ပါလျက်နဲ့ လူလိုသူလို သဘောထားမခံရဘူးဆိုတာ တော်တော် ဆိုးတာပဲနော်။ အလုပ်တူရင် အခတူရရေးတို့၊ အရွယ်ရောက်လာရင် မဲပေးနိုင်ခွင့် တို့ဆိုတဲ့ အခွင့်အရေးအားလုံးဟာ အမျိုးသမီးတွေ အသက်နဲ့ ရင်းပြီး တိုက်ပွဲဝင်ခဲ့လို့သာ ရလာခဲ့တာ တဲ့။ အိန္ဒိယက အမျိုးသမီးတွေအကြောင်းသိရတော့ သနားစရာကွာ။ လင်သေရင် မိန်းမပါ လိုက် သေရတာ။ ငါဖြင့်အံ့ရော"တဲ့။

ဒီနေ့လည်း အမှုဆောင် အစည်းအဝေး ခေါ်ထားတယ်ဆိုတော့ "ရင်ရင်ရေ အစည်းအဝေး နောက်ကျနေမယ်။ အချိန်မီသွား။ အစ်မကြီးတို့ ပြောပြတာတွေ သေသေ ချာချာမှတ်။ ကြားလား။ ကိုယ်တိုးတက်ရာ တိုးတက်ကြောင်းပြောတာ။ ည(၈)နာရီလောက်မှ ငါလာကြို မယ်"လို့ ကျွန်မကို မှာလိုက်ပါတယ်လို့ ပြောပြပါတယ်။

ကျွန်မတို့လည်း ဩော် ... ဒါကြောင့် သမဂ္ဂဖွဲ့စည်းရေးမှာ အမျိုးသားတော်တော် များများ ပါလာတာ၊ လက်စသတ်တော့ ဒါကြောင့်ကိုး ...

လို့ သဘောပေါက်မိပါတော့တယ်။

ည(၉)နာရီလောက်မှာ အစည်းအဝေး အောင်မြင်စွာ ပြီးခဲ့ပါတယ်။

အချိန်ကတော့ ဖဆပလ အစိုးရကို(ရန်ကုန်အစိုးရ)လို့ အခေါ်ခံနေရချိန် လက်နက်ကိုင်တော်လှန်သူ ပေါင်းစုံတို့က အောင်ပွဲခံနေချိန် ဖြစ်ပါတယ်။ ပါတီကလည်း "နှစ်–နှစ်အတွင်း စစ်အနိုင်တိုက်ရေး လမ်းစဉ် ချထားချိန် ရဲဘော်တိုင်းဟာ အလွန်မတန် တက်ကြွ နေချိန် ဖြစ်ပါတယ်။ တပ်တွေက စစ်တိုက်တာတောင် 'ကိုတာ' ချပြီး တိုက်ကြတာ ကို မှတ်မိနေသေးတယ်။ (နောင်အခါ ခေါင်းဆောင်များက ဒီလမ်းစဉ်ကို 'လက်ဝဲအမှား' ဖြစ်တယ်လို့ သုံးသပ် ထားပါတယ်)

အဲဒီအချိန်က အစီရင်ခံစာတိုင်းမှာပဲဖြစ်ဖြစ်၊ ရဲဘော်အချင်းချင်း စာရေးတာပဲ ဖြစ်ဖြစ် အဆုံးသတ်မှာ "နှစ်–နှစ်အတွင်း စစ်နိုင်ရမည်" လို့ အမြဲပါပါတယ်။

အစ်မကြီးတို့အဖွဲ့ဟာ ကျွန်မတို့မြို့နယ်ကို ကူညီပြီး ကျန်တဲ့မြို့နယ်တွေကို ခရီး ထွက်သွား ပါပြီ။ ကျွန်မတို့လည်း နေ့ညမနား သမဂ္ဂဖွဲ့စည်းရေးတွေကို ဆက်တိုက်လုပ်ဆောင် လာခဲ့တာ ရွာဆက်ဝေး၊ အလှမ်းဝေးတဲ့ နေရာက ရွာအနည်းငယ်ပဲ ကျန်ပါတော့တယ်။

ဆောင်းတနေ့ မနက်စောစောမှာ ကျွန်မတို့အဖွဲ့(ကျွန်မ၊ ဂျမ်းနဲ့ အငယ် ၃ ယောက်)ဟာ ဘူးကွဲရွာမှာ သမဂ္ဂဖွဲ့စည်းတာ ပြီးလို့ နေပူမမိအောင် စောစောထပြီး ကိုင်း ဆိုတဲ့ရွာကို ကူးကြတယ်။ ရွာက ဦးကြီးတယောက် ဆက်သားအဖြစ် လိုက်ပို့ပါတယ်။ ဦးကြီး အပြောအရ ဘူးကွဲနဲ့ကိုင်းဟာ နည်းနည်းအလှမ်းတော့ ဝေးတယ်တဲ့။ ဒီ ကိုင်း ဆိုတဲ့ရွာဟာ ရွာဆက်ဝေးသလောက် တော်တော် ခေါင်ပုံရတယ်။ လှည်းလမ်းတောင် ကောင်းကောင်း မ ရှိဘူး။ တခါတရံ လှည်းလမ်းက ပျောက်သွားလိုက်၊ လူသွားလမ်းနဲ့ သွားလိုက်နဲ့ ဦးကြီးက ရှေ့က ပုဆိုးတထည်ကို ခေါင်းမြီးခြုံထားပြီး ပြောင်းဖူးဖက်ဆေးလိပ်ကြီး တဖွာဖွာနဲ့ သွားနေ တာကြည့်ပြီး ကျွန်မတို့ ၃ ယောက်က နောက်က မီအောင် လိုက်၊ မမီရင် ဦးကြီးက ရပ်စောင့် ပြီး "လာကြ ဟေ့–ကလေးမတို့၊ ကြိုးစားကြဟေ့" လို့ အမြဲပဲ အားပေးပါတယ်။ ကျွန်မတို့ မီလာမှ တခါ ဆက်သွားလိုက်နဲ့ ခရီးသွားရတာ သိပ်မချမ်း၊ မောလည်းမမောလှပါ။ ပိုးအိတ် လွယ်ထားတာမို့ နောက်ကျောက အချမ်းလုံနေပါတယ်။ ကျွန်မတို့က စကားတပြောပြောနဲ့ လိုက်နေရာက ဦးကြီးနဲ့ အတော်ကလေး အလှမ်းကွာသွားရင် အပြေးကလေးလိုက်၊ လိုက် မီပြီဆိုရင် ပုံမှန် သွားလိုက်နဲ့ တော်တော်အရှိန်ရနေပါပြီ။

## မေ့မရနိုင်ပါသော ... အညတရ ဗိမာန်

"ဟောတော့ ... ဦးကြီးကလည်း မြန်လိုက်တာ။ ကျွန်မတို့တောင် လိုက်မမီ တော့ ဘူး။ လာ–လာ၊ ခပ်သုတ်သုတ်လိုက်မှ ရတော့မယ်"

သွားနေတဲ့ ခြေလမ်းက လယ်ကွက်ထဲမှာ ခပ်ရေးရေးပဲ မြင်ရတယ်။ ဘေးနှစ် ဘက်က တောက ပိုကြီးလာတယ်။ လယ်ကွက်ကလည်း တောအုပ်နှစ်ခုကြားမှာ တဖြည်း ဖြည်း ကျဉ်းလာတယ်။

"ဂျမ်းရေ ... မြန်မြန်၊ မြန်မြန်။ အငယ်ကောာ။ ဦးကြီးကို အမီသွားမှ ဖြစ်မယ်" ကျွန်မက သတိပေးရင်း ခပ်သုတ်သုတ် လိုက်ရပါတယ်။

"ဦးကြီးကလည်း ဘယ်လိုဖြစ်တယ် မသိဘူးကွာ။ ဒီတခါ တို့ကိုတောင် မစောင့် တော့ ဘူး" ဂျမ်းက ဦးကြီးကို သိပ်မပြေလည်ဟန်နဲ့ ပြောရင်း ခပ်သုတ်သုတ် လိုက်နေပါတယ်။

"ဟော ... ဂျမ်းရေ၊ ဦးကြီးက ဟိုတဲလေးဘက်ကို ချိုးဝင်သွားပြီဟေ့။ လာ ... လာ တို့လည်း ရေနွေးလေး ဘာလေး သောက်ရအောင်"

ကျွန်မတို့ ၃ ယောက်လုံး အမောတကောနဲ့ လိုက်သွားပေမယ့် ဦးကြီးကိုတော့ မမီတော့ဘူး။ ဦးကြီးက တဲလေးထဲဝင်ရင်း ပြောလိုက်တဲ့ အသံကိုပဲ ကြားလိုက်ရပါတော့တယ်။

"လူလေးရေ ... အဘလာပြီလေ" တဲ့။

ဂျမ်းက "ဟေ့–ဟေ့ တဲထဲမှာ လူရှိတယ်ဟေ့။ တို့တော့ ရေနွေးသောက်ရတော့မှာ သေချာသွားပြီ"

ကျွန်မတို့ ၃ ယောက် မျှော်လင့်တကြီးနဲ့ တဲပေါက်ဝနားလည်း ရောက်ပါရော။ အို... ဟယ် ... ဟာ ... လို့ တပြိုင်တည်း အော်လိုက်မိသလို လှမ်းနေတဲ့ ခြေလှမ်းတွေဟာ လည်း တုန့်ကနဲ ရပ်သွားတော့တယ်။

ကျွန်မရင်ထဲမှာ ဒိန်းကနဲ ဖြစ်သွားပြီး ခေါင်းလည်း အကြီးကြီးဖြစ်သွားတယ်။ အထင်နဲ့အမြင်က ကွာလိုက်တာ။ အို ... မြင်မကောင်း ရှုမကောင်း လူရိုးတွေ၊ လူရိုးတွေ။ အပုံကြီးက ခါးလောက် ထိမြင့်တယ်။ မျက်လုံးဟောက်ပက်နဲ့ ခေါင်းကတခြား၊ နံရိုးပြိုင်းပြိုင်း ထနေတဲ့ ကိုယ်ထည်ကြီးက တခြား။ မှောက်တာမှောက် လှန်တာလှန်၊ ခြေထောက်ရိုးတွေ လက်ရိုးတွေကလည်း ထိုးထိုးထောင်ထောင်နဲ့ တပုံကြီး။ ကြောက်စရာကြီး။ တချက်တချက် ညှီဟောက်ဟောက် အနံ့ကလည်း နံသလိုလို။

"ဦးကြီးကလည်း ဘာလို့များ ဒီကို ဝင်လာပါလိမ့်။ ကြောက်စရာကြီး။ ရွံစရာ ကလည်း ကောင်းသေးတယ်"

ကျွန်မ အဲဒီလို စဉ်းစားနေတုန်း ဦးကြီးက အရိုးပုံကြီးထဲက လက်ရိုးနှစ်ချောင်းကို ကောက်ယူ၊ ရင်ဘတ်မှာ ပိုက်ထားပြီး–

"လူလေးရယ် ... အဘနဲ့ နောက်ဆုံးပြောခဲ့တဲ့ စကားလေးတွေကို ပြန်ပြော ပါဦးလားကွယ်။ မိဘက ခိုင်းရင် ဘယ်တုန်းကမှ မငြင်းခဲ့ဘူးတဲ့ သားအလိမ်မာကြီးရယ် ... ဟီး – ဟီး – ဟီး"

အို ... ဦးကြီးဟာ ဝမ်းနည်းပက်လက် ငိုနေပါပေါ့လား ... ငိုရင်းနဲ့ ဦးကြီးက ကျွန်မ တို့ကို မော့ကြည့်ရင်း ပြောပြန်ပါတယ်။

"သား ... အလိမ်မာလေးရယ်။ အဲဒီနေ့က ဘေးဆိုးနဲ့ တွေ့တော့မယ်ဆိုတာ သိနေသလိုပဲ မိဘစကားကို မငြင်းစဖူး ငြင်းနေတယ်။ မသွားချင်ဘူး။ မသွားချင်ဘူးတဲ့။ သာ အေးတို့၊ ခွေးညိုတို့၊ ဆိုးပေတို့လည်းမပါဘူး။ ကျုပ်တယောက်တည်းရယ်" တဲ့။

"လူလေးရယ် ... ဒီလိုဘေးဆိုးကြီးနဲ့ တွေ့မယ်လို့သာ သိခဲ့ရင် ... လူလေးကို အဘ မလွှတ်ပါဘူး။ အဘကိုယ်တိုင် နာလန်ထမို့ အားမရှိလည်း လေးဘက်ထောက်သွားရ သွားရ သွားပါတယ်။ လူလေးရယ် ... ခုတော့ ... ခုတော့" ဦကြီးရဲ့ အသံဟာ တိမ်ဝင်သွားပြီး ဗလုံးဗထွေးနဲ့ ဘာတွေပြော တယ်လို့မသိ ဆက်ပြောနေပါတယ်။

ဦးကြီးရဲ့ အဖြစ်ကိုမြင်တော့ ကျွန်မတို့၃ ယောက်လည်း ဝမ်းနည်းလာပြီး ငိုနေမိ တော့တယ်။ သုံးယောက်သား တယောက်ကို တယောက် တင်းနေအောင် ဖက်ထားမိတယ်။ အငယ်ကတော့ ကလေးသာသာဆိုတော့ အော်ကြီးဟစ်ကျယ် ငိုရှံမကဘူး။ "အမေရေ ... အမေရေ" နဲ့လည်း

ခေါ်နေပါတယ်။

ဦးကြီးဟာ ရှိုက်ကြီးတငင်နဲ့ "လူလေးရေ ... လိမ်မာ ပါတယ်ကွာ ... အဘနေ ကောင်းလာရင် လူလေးကို မလွှတ်တော့ပါဘူး။ အဘ သွားမှာပေါ့။ အခုတော့ လူလေးပဲ သွားလိုက်ပါဦးကွာ"ဆိုတော့ ... ထရံမှာ ချိတ်ထားတဲ့ လောက်စလုံးအိတ်ကလေးကို ဆွဲဖြုတ် လိုက်ပြီး–

"အဘကပြောတော့ လွယ်လိုက်တာ။ ညနေ အိမ်ပြန်တော့မယ်ဆိုရင် နပြာ (နွား ပြာ)ကြီးက သိပ်ချိုထောင်တာ။ တွေ့သမျှ နွားအုပ်ထဲ ဝင်ဆော့လား ဆော့ရဲ့။ ဖေ့လား ဖေ့ရဲ့။ သူများ ဗိုက်ဆာပါတယ်ဆိုမှ သူ့ကိုပဲ လိုက်မောင်းနေရတာ။ ဖတ်ဖတ်ကို မော နေတာ ဗျ။ ဒါကြောင့် ကျုပ်က သူ့ကိုသိပ်သောက်မြင်ကပ်တာတဲ့။

"ဩော် ... သားလေး ... သားလေး"

"မကပ်လိုက်ပါနဲ့ သားရယ်။ နပြာ(နွားပြာ)ကြီးခမျာလည်း အဲဒီနေ့က သားလေး လိုပဲ အသေဆိုးနဲ့ သေရတာပါ။ ဟို–ခွေး ကောင်တွေရဲ့ အောင်ပွဲပျော်ပွဲစားဖို့ အသုံးတော် ခံသွားရရှာတယ်။ အခု အဘတို့မှာ စာဥတကောင်တည်းရယ်" ဦးကြီးခမျာ မထိန်းနိုင်ပဲ ငိုပွဲဆင်ကောင်းတုန်းပါ။ အဲဒီလိုငိုရင်းက ဦးကြီးဟာ အရိုးပုံတွေထဲမှာ တခုခုကို ရှာနေသလိုလို။ ဟော ... ဟော ... ပြောရင်း ငိုရင်းက မျက်တွင်းဟောက်ပက်နဲ့ ကလေးခေါင်းခွံတခုကို ကောက်ပြီး ရင်ဘတ်မှာ ပိုက်ထားလိုက် ပြန်ပါပြီ။

လူလေးရေ အိမ်ကထွက်ခါနီး ထမင်းထုပ်ပါတဲ့ လွယ်အိတ်လေးကို လွယ်ရင်းနဲ့ လူလေးနောက်ဆုံး ပြောသွားတာလေ ...

"အင်း ... ဒီချိန်ဆို သာအေးတို့၊ ခွေးညိုတို့တော့ စာအံနေကြပြီပေါ့"တဲ့။

"သားလေးဟာ ဒါပဲပြောပြီး နောက်ထပ်ဘာသံမှ မကြားရတော့လို့ အဘက လူလေး မျက်နှာကို ကြည့်လိုက်တော့ ... အို ... လူလေးရယ်။ လူလေးက ရင်ထဲမှာ ခံစားနေရ တာတွေကို အဘတို့ရှေ့မှာ ... မပြောရက်လို့ မပြောခဲ့ပေမယ့် ... ဒါလောက်တော့ အဘ နားလည်ပါတယ်ကွာ။ လူလေးရဲ့ ငိုမဲ့မဲ့ မျက်နှာကလေးက သူငယ်ချင်းတွေက စာအံနေချိန်မှာ ကိုယ်က နွားကျောင်းနေရတဲ့အဖြစ်ကို တွေးပြီးဝမ်းနည်း ... ခံစားနေရတဲ့ ... အဖြစ်ကို ... အဘနားလည်ပါတယ် ... လူလေးရယ်။ ဒါတွေ ... အဘသိခဲ့ပေမယ့် ... မသိချင်ယောင် ဆောင်နေခဲ့ရတယ်။ အဘ ... ရင်ထဲမှာတော့ ... မီးတောက်နေတာ ... ပါကွာ"

ဦးကြီးရဲ့ တလိမ့်လိမ့်စီးဆင်းနေတဲ့ မျက်ရည်တွေဟာ ရင်ဘတ်မှာ ပိုက်ထားတဲ့ ခေါင်းခွံလေးပေါ်မှာ ရွှဲရွှဲစိုလို့ နေပါပြီ။ ဦးကြီးဟာ ခေါင်းခွံပေါ်က မျက်ရည်တွေကို ခြုံထားတဲ့ ပုဆိုးနဲ့ တယုတယ ပွတ်တိုက်သုတ်ပေးနေရင်းက–

"လူလေးရေ ... မင်းရဲ့သူငယ်ချင်းတွေနဲ့အတူ စပါးပေါ်ရင် လှူမယ်လို့ အားခဲထား ပေမယ့် ... ဂြိုဟ်ဆိုးက ဝင်မွှေတော့ ... အဘက ဝှက်ဖျားဖြစ်ပြီး လဲခဲ့လို့ ရှိစုမဲ့စု ငွေစလေးတွေ ကုန်ခဲ့တယ်။ ဆိုးလိုက်တဲ့ ... ကံ။ သားလေးကို သင်္ကန်းလေးတောင် ဆီးမပေးနိုင်ခဲ့ဘူး။ ဒါလောက်နဲ့တင် မရပ်သေးဘူး ... လူလေးနဲ့လည်း ... ဘဝ ... ခြားခဲ့ရတယ်။ ဒီနှစ်စပါးပေါ်ရင် ... ဖြစ်တဲ့နည်းနဲ့ လူလေးအတွက် ရည်မှန်းပြီး သင်္ကန်းတစုံ ဝယ်လှူပဲ့မယ် လူလေးရယ် ... ရောက်ရာ ဘဝက ... သာ ... ဓု ... ခေါ် ... ပါ ... တော့ ... နော် ... ဟီး ..."လို့ အသံရှည်ကြီး ဆွဲငို လိုက်တဲ့ ... ဦးကြီးကို ပြေးလှုပ်ပြီး "ဦးကြီး–ဦးကြီး"လို့ အတင်းလှုပ်ခါပြီး ခေါ်လိုက်တော့မှ "အင်း"လို့ သံရှည်ကြီးနဲ့ ပြန်ထူးရင်း ဆက်ပြီးငိုရှိုက်နေတာမို့–

"ဦးကြီး–ဦးကြီး သတိထားပါဦး–ဦးကြီးရယ်။ ကျွန်မတို့ ခရီးလည်း ဆက်ရဦးမယ် လေ ..." လို့ သတိပေးလိုက်ရပါတယ်။

တကယ်တော့ ဒီစကားကို မပြောရက်ပေမယ့် ပြောလိုက်ရပါတယ်။ (လူကြီးတွေ က ပြောဖူးတယ်။ သိပ်ငိုလွန်းအားကြီးရင် ငိုအူပေါက်ပြီး တက်သွားတတ်တယ်–တဲ့)မတော်လို့ ဦးကြီးတက်သွားရင် ဘယ့်နှယ်လုပ်ပါ့ မလဲ။

ဦးကြီးဟာ ငိုရှိုက်ရင်းက သတိပြန်ရသွားသလို ရင်ဘတ်ထဲက ခေါင်းခွံနဲ့ လက်ရိုး လေး နှစ်ချောင်းကို တယုတယ သူ့ပါးနဲ့ အကြိမ်ကြိမ် ပွတ်သပ်ပြီးနောက် အရိုးပုံပေါ် အသာ အရာ ချထားလိုက်ရင်း–

"လူလေးရေ ... အဘ ... သွားစရာ ရှိသေးလို့ ခဏသွားဦးမယ်နော် ... မကြာဘူး အဘ ... ပြန်လာခဲ့ ... မယ်နော် ..."လို့ပြောရင်း မျက်ရည်တွေကို သုတ်ပြီး ၁၀ ပေပတ်လည် လောက် ရှိတဲ့ တဲငယ်လေးကို တချက်စိုက်ကြည့်ပြီး မခွဲချင်ခွဲချင်နဲ့ ခွဲခဲ့ပါတော့တယ်။

လမ်းမှာ ကျွန်မတို့အားလုံး စကားတခွန်းမှ မပြောဖြစ်တော့ဘဲ အတွေးကိုယ်စီနဲ့ သွားလိုက်ကြတာ ကိုင်းရွာကို ရောက်ခဲ့ပါပြီ။ ရွာမှာ ပြည်သူ့စစ်ခေါင်းဆောင် ဦးကြီးစိုးအိမ်ကို ကျွန်မတို့ကို ပို့ပေးထားခဲ့ပြီး ဦးကြီးက ပြန်မယ်တကဲကဲ လုပ်နေလို့ အိမ်ရှင်ဦးကြီးစိုးက အတင်း တားပြီး–

"ငါသိပါတယ် ကိုရင်မောင်ရာ ... အပြန် မင်း လူလေးဆီ ဝင်ချင်လို့ မဟုတ်လား။ အချိန် အစောကြီး ရှိပါသေးတယ်ကွာ။ ထမင်း စားပြီးမှ ပြန်။ ဘယ်နှယ့်ဗျာ ရောက်တုန်း ရောက်ခိုက် စကားစမြီလေး ပြောပြီးမှ ပြန်ပေါ့။ မှတ်ဖူးလား မယ်လှရယ်"

"ဟုတ်ပါ့တော် ... ကိုဖိုးမောင်ကလည်း ကျုပ်တောင် ထမင်းအိုး တယ်ပြီးနေပြီ။ မကြာပါဘူးတော်။ ဒါနဲ့ နေပါဒံုး။ မစောတယောက်ကော နေကောင်းရဲ့လား"

"အင်း ... ကောင်းပါတယ်"

ဦးကြီးဟာ မပြောချင်ပြောချင်နဲ့ ပြန်ပြောရှာပါတယ်။

"ဒီမှာ ... ကိုရင်မောင်ရ ငါပြောမယ်။ သားလေးကို ချစ်တယ်ဆိုပြီး ငိုနေရုံနဲ့ မပြီးဘူး။ သားလေးတင်မကဘူး၊ အားလုံး ဒီဘဝဆိုးက လွတ်မြောက်ဖို့ ငါတို့ ဒီစစ်ကို နိုင်အောင်တိုက်ကြရမယ် ... သိလား။ အေး ... တဘက်ကလည်း သားလေးတွေ ကောင်းရာ သုဂတိလားအောင် ကုသိုလ်ကောင်းမှုလည်း တတ်အားသရွေ့ ပြုကြရမယ်"

"ဟုတ်ပါတယ် ... ကိုရင်စိုးရာ ... ကျုပ်လည်း ဒီလိုပဲ စဉ်းစားထားပါတယ်။ ဒီနှစ်နွေမှာတော့ ဖြစ်တဲ့နည်းနဲ့ လှူနိုင်အောင် ကျုပ်လည်း ကြိုးစားနေပါတယ်"

"ဟာ ... အဲလိုမှပေါ့ ... ကောင်းတယ်။ ကောင်းတယ်။ ငါလည်းဒီလိုပဲကွ။ 'ဒီနှစ်တော့ လှူဖြစ်အောင်ကို လှူမှာ။ အေး ... တဘက်ကလည်း ရန်သူကို မေ့နေလို့ မရဘူး နော်။ အဲဒါဒီခွေးကောင်တွေ ငါတို့ရွာတွေပေါ်ကို ထပ်တခါ ပြန်ခြေမချနိုင်အောင် သတိရှိရှိနဲ့ တိုက်ရ မယ်ကွ"

"ဟာ ... ဟုတ်တာပေါ့ ကိုရင်စိုးရာ။ ဒီစစ်ကို အနိုင်တိုက်ဖို့ တာဝန်ဟာ ကျုပ်တို့ရဲ့ တာဝန်ပဲ။ ဘယ်ပေါ့လို့ ရမလဲ"

ဦးကြီးတို့နှစ်ယောက် စကားကောင်းနေတုန်း ကျမတို့လည်း ဒေါ်ကြီးထမင်းချက် တဲ့နေရာမှာ ဝိုင်းကူညီလုပ်ကိုင် ပေးကြပါတယ်။ ဒေါ်ကြီးက–

"နေနေ ကလေးမတို့ မလုပ်ပါနဲ့။ ကျုပ်တယောက်တည်း နိုင်ပါတယ်။ ကလေးမ တို့က မောလာတာ မလုပ်ကြပါနဲ့"

''ကျမတို့ မမောပါဘူး အဒေါ်။ လုပ်လို့ရပါတယ်''

ဒီလိုနဲ့ မကြာမီ ထမင်းစားကြပါတယ်။ ထမင်းက ပြောင်းနဲ့ဆန်ရောချက်ထားတဲ့ နှစ်လွှန်းတင် ထမင်းပါ။ မျှစ်ချဉ်ဟင်းနဲ့ ငပိထောင်း။ စားလို့တော်တော်ကောင်းပါတယ်။

ထမင်းစားပြီး လက်ဖက်ရည်ကြမ်းဝိုင်းမှာ ဦးကြီးဟာ ခဏလောက်ပဲနေပြီး နူတ် ဆက် ပြန်သွားပါပြီ။

''ကလေးမတို့ ထမင်းစားလို့ မြိန်ကြရဲ့လားကွယ်။ ဟင်းက မကောင်းရတဲ့အထဲ ထမင်းကလည်း ပြောင်းဆန်နဲ့ ရောထားတာဆိုတော့ ကောင်းစရာ အကြောင်းကို မရှိတော့ ဘူး''ဦးကြီးစိုးက ဖော်ဖော်ရွေရွေနဲ့ စကားပြောနေပါတယ်။

ကောင်းပါတယ်ဦးကြီးရယ်။ ဒီလိုနှစ်လွှန်းတင်၊ သုံးလွှန်းတင်တို့ဆိုတာ ကျမတို့က စားနေကျပါ။ မအူလေးပင်တို့၊ မရမ်းခုံတို့ ဘက်မှာဆိုရင် သဘော်ခေါင်းတို့ (သဘော်ခေါင်း ဆိုတာ သဘော်ပင် တပင်လုံးကို ခုတ်လိုက်ပြီး အတွင်းအခေါင်းပွကြီးထဲက အူနုဖြူဖြူလေးတွေ ယူလိုက်တာ)ကြွေးဥတို့ နှမ်းပတ်ခဲ(နှမ်းဖတ် ဆီကြိတ်ပြီးအခဲကိုရေစိမ်ထားပြီး နွားစာထဲမှာ မြက်နဲ့ရောကျွေးရတယ်)တို့နဲ့ ချက်တာကို စားရတာ။ အခု ပြောင်းနဲ့ဆန်ရောချက်တဲ့ ထမင်း က အကောင်းစားပါ''

''အေး ... အေး ... ဒီလိုဆို တော်သေးတာပေါ့ကွာ။ ကျုပ်တို့ ဒီနားတဝိုက် ရွာစဉ် တလျှောက်ကတော့ ပြာပုံထဲက လူးလဲထလာကြရတာပေါ့ကွာ။ တို့ဒီရွာတွေ အားလုံးဟာ နှစ်ခါပြန် သုံးခါပြန် မီးရှို့ခံထားရတဲ့ ရွာချည့်ပဲ။ အနည်းဆုံးမခံရဘူးဆို တခါတော့ မီးရှို့ခံရတယ်။ စားလို့ရတဲ့ပစ္စည်း အကုန်ယူတာပဲကွ။ အိမ်မှာမွေးတဲ့ တိရစ္ဆာန် ကြက်၊ ဝက်၊ ဘဲ၊ ကျွဲ၊ နွား၊ ခွေး၊ ကြောင်ကအစ မကျန်ဘူး။ တွေ့တာမြင်တာ အကုန်ဆွဲယူပစ်ခတ် စားသောက်ပစ်တာ။ သူတို့စားမကုန်လို့ရှိရင် စားမရအောင် ဖျက်ဆီးပစ်တာ။ ယောကျ်ားဆို ၉ နှစ်၊ ၁၀ နှစ် အရွယ်လောက်ကစပြီး အဖိုးကြီးတွေအထိ တွေ့ရင်အကုန်ဖမ်း၊ လက်ပြန်ကြိုးတုပ် တန်းစီ ပစ်သတ်။ မိန်းမတွေ့ရင်လည်း ဒီလိုပဲ။ ကလေးမတွေ ရှေ့ပြောရဦးမယ်။ မရိုသေ့စကား။ ၉ နှစ် ၁၀ နှစ်အရွယ်လောက်ကစ၊ အဖွားကြီးတွေအထိ အလွတ်မပေးဘူး။ မတရားကျင့် တာ။ ထို့ ... ဒါလောက်ဆိုးတဲ့တပ်မျိုး။ ဒါလောက်ရိုင်းတဲ့လူတွေ။ တခါမှ မတွေ့ဘူးပေါင် ဗျာ။ တောက် – ရာဇဝင်ရိုင်းလိုက်လေ။ ဟင်း–ဒါကြောင့် ကျုပ်တို့ကလည်း ပါတီရဲ့ ခေါင်း ဆောင်မှုနဲ့ ရရာလက်နက်ဆွဲပြီး ပြန်တိုက်ခဲ့လို့ ဒင်းတို့ ခွေးသေ၊ ဝက်သေ၊သေခဲ့ကြ ရ တာ''

ကျွန်မတို့စကားပြောနေတာ နားထောင်နေတဲ့အဒေါ်ဟာ ငိုလာပါပြီ။ ရှိုက်‚ရှိုက်ပြီး ငိုနေတဲ့ အဒေါ်ကိုကြည့်ရင်း ...

''မငိုပါနဲ့ မယ်လှရယ် ... ငါတို့တဦးတယောက်တည်း ဖြစ်ရတာ မဟုတ်ပါဘူး။ တို့နယ် တနယ်လုံးချီပြီး တို့ပြည်သူ တရပ်လုံးခံခဲ့ ရတာပါ။ ကလေးမတို့ လမ်းမှာတွေ့ခဲ့ပြီ မဟုတ်လား။ အဲဒါ ဘူးကွဲနဲ့ကိုင်း။ ကျုပ်တို့ နှစ်ရွာပေါင်းက ရသမျှအလောင်းကို ရွာစုပေါင်း ထား တာ။ စုထားတဲ့ နေရာမှာကို တဝက်လောက်က တောကောင်(ကျား)က လာ‚လာဆွဲ စားပစ် တာ၊ ချီသွားတာ။ ဒါလောက်လေးပဲ ကျန်တော့တယ်။ အဲဒါလည်း စနစ်တကျ လုပ်ဖို့ တာဝန်ကရှိသေးတာ။ လုပ်ရင်တော့ ကောင်းကောင်းလုပ်မှ ဖြစ်မယ်''

ဦးကြီးက ကျမတို့ကို ပြောနေပေမယ့် ဇနီးဖြစ်သူကို အကဲခပ်ကြည့်နေရင်းက ဖြေသိမ့်ရှာပါတယ်။

''မယ်လှရယ် ... မင်းလိုပါပဲ။ ငါလည်း ဖအေတယောက်အနေနဲ့ စိတ်ထဲမှာ အမြဲ ထိခိုက်နေတာပါပဲ ... ကွာ။ ဒါပေမယ့် ကျန်တဲ့လူတွေနဲ့ နှိုင်းစာကြည့်စမ်း။ ကဲ–ဝေးဝေး မကြည့်နဲ့။ ကိုရင်မောင်နဲ့ပဲ နှိုင်းကြည့်ပါဦး။ သူ့ခမျာ သားလေးကလည်း သင်္ကန်းတောင် စည်း မပေးရသေးဘူး။ အသတ်ခံရတဲ့အထဲ ပါသွားတယ်။ ကျန်တဲ့သမီးလေးကျတော့ ပြေးတုန်း လွှားတုန်း ငှက်ဖျားဖြစ်ပြီး ဆေးမရှိ၊ ဝါးမ ရှိနဲ့။ ဒီလိုပဲ ဆုံးသွားတယ်။ အိမ်ထောင်ဦး ကတည်းက ပါလာတဲ့ နွားနှစ်ကောင် ရှိတာလည်း တကောင်က ခွေးကောင်တွေက သတ်စား ပစ်ကြတယ်။ ဒီလိုနဲ့ပဲ နွားတကောင်ငှားပြီး လုပ်စားနေကြရရှာတယ်။ တို့မှာက သားကြီး ဖိုးဝင်းက အသတ်ခံရတဲ့အထဲ ပါသွားတယ်ဆိုပေမယ့် သားငယ်လေးနဲ့ သမီးလေးတို့ ရှိ သေးတယ်။ အစားထိုးစရာအလွမ်းဖြေစရာ ကျန်ပါသေးတယ်။ အော် ... ကိုရင်မောင်တို့ အဖြစ်နယ် ... တောက်... ဆိုးလိုက်တာ။ အေးလေ ... ဒါကြောင့်လည်း မယ်စောခမျာ နလုံး ပျက် ရူးသွားရ ရှာတာ ...''

ဦးကြီးရဲ့စကားအဆုံးမှာ အဒေါ်ဟာ ငိုရှိုက်ရင်းက ခေါင်းပေါ်က တဘက်လေးနဲ့ တလိမ့်လိမ့် စီးဆင်းလာတဲ့ မျက်ရည်များကို သုတ်ပစ်ရင်း သူ့ဘာသာ စိတ်ကို ထိန်းတဲ့အနေ နဲ့ ဘေးနားမှာ ချထားထဲ့ ပြောင်းဖူးဖက် ဆေးလိပ်ကို မီးတို့ပြီး ဖွာရှိုက်နေပါတယ်။

ဩော် ... ဦးကြီးတို့ အဒေါ်တို့အဖြစ်တွေနှယ် ဆိုးလိုက်တာ။ ကမ္ဘာကျေတောင် ကျေနိုင်စရာ မရှိပါဘူး ... ဒါကြောင့်မို့ထင်တယ်။ မနေ့က ကျမတို့ တည်းလာခဲ့တဲ့အိမ်က အဒေါ် (ဦးကြီးရဲ့ဇနီး) တခါတရံ ကျမတို့နဲ့ စကားပြောရင်းက သူ့မျက်လုံးကြည့်ပုံတွေဟာ တခါ တခါ ... တမျိုးပဲ ... လို့ ကျမထင်ခဲ့တာ။ အခုမှပဲ ဇာတ်လမ်းက ရှင်းသွားတော့တယ်။

ကျွန်မအိမ်မှာ နေတုန်းက အလှရဲ့အမေ ပြောပြသွားတာတွေ ပြန်သတိရ နေမိပါတယ်။ အဒေါ်ရေ ... အဒေါ်ပြောပြခဲ့တာတွေလေ ... အခု‚ကျွန်မ လက်တွေ့ မြင်တွေ့ ကြားသိနေရပါပြီ။ အပြစ်မဲ့တဲ့ ပြည်သူတွေကို ဒါလောက် ရက်ရက်စက်စက် လုပ်ခဲ့ကြတဲ့ ရန်သူ။ ဒီရန်သူဟာ ကျွန်မတို့ရဲ့ (လူတန်းစားအရ)ရန်သူပဲ။ ဒီလောက်ယုတ်မာ ရက်စက်တဲ့ ''ရန်သူ''ကို ဘယ်တော့မှ မကျေဘူး။ အရှုံးမပေးဘူး။ ဦးမညွတ်ဘူး။ နိုင်အောင်တိုက်မယ်။ လက်စားချေမယ်။ ကျွန်မရဲ့စိတ်အလျင်ဟာ လွင့်ပါးပြီး တွေးမိတွေးရာ တွေးနေခိုက်မှာပဲ ဦးကြီးရဲ့ အသံကပေါ်လာတယ်။

''ကဲ ... ကလေးမတို့ရေ ... ကျုပ်တို့အဖြစ်တွေကတော့ ဆိုးသလားလို့ မမေးနဲ့တော့။ သေမထူးနေမထူးပဲ။ ဒါကြောင့်မထူးတဲ့ အတူတော့ အသေခံကာ ချမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ အခု ကျုပ်က တိုက်နယ်(ဒိုင်နယ်) ပြည်သူ့စစ်ခေါင်းဆောင်လုပ်ပြီး ရန်သူကို တိုက်နေတာပေါ့''

''အို ... သိပ်ကောင်းတာ။ သိပ်မှန်တာပေါ့ ဦးကြီးရယ် ... ဒါမှ ကိုယ့်အတွက်လည်း ဘဝဆိုးက လွတ်မြောက်ပြီး၊ ကျန်တဲ့ပြည်သူတွေလည်း ဘဝဆိုးနဲ့မတွေ့ရတော့ဘူးပေါ့။ ဒါမှ ငြိမ်းချမ်းတဲ့၊ သာယာတဲ့ဘဝကို တည်ဆောက်နိုင်တော့မှာပေါ့ ...''

ကျမနဲ့ဂျမ်းက ပြိုင်တူ ပြောလိုက်ပါတော့တယ်။

ပြီးတော့ ကျမစိတ်ထဲမှာရှိနေတာကိုပါ တဆက်တည်း ပြောလိုက်ပါသေးတယ်။

''ဦးကြီးရယ် ... ဟို ... အထိမ်းအမှတ်ဗိမာန်ကို လုပ်မယ်ဆိုရင် အကောင်းဆုံးနဲ့ လှလှပပ ခိုင်ခိုင်ခန့်ခန့်လည်းလုပ်ပါ ဦးကြီးရယ်။ အခုလိုမြင်ရတာ ကျမတော့ သိပ်စိတ်ထိခိုက် မိတယ် ... မြန်မြန်လည်းလုပ်ပါ ... နော်''

''အို ... လုပ်မှာလုပ်မှာ။ ဦးကြီးတို့နှစ်ရွာပေါင်း ခေါင်းဆောင်တွေ ဆွေးနွေးပြီးပြီ။ အခု လာမယ့်နွေမှာ လုပ်မှာပဲ''

ဂျမ်းက ဦးကြီးဇနီးပြန်ပြီး စိတ်ထိခိုက်လာမှာစိုးလို့ စကားစဖြတ်ဖို့ ကျမကို အချက်ပြ နေပါတယ်။ ဒါနဲ့ ကျမလည်း

ပြောလက်စ,စကားကိုပြောင်းလိုက်ပြီး–

“ဦးကြီး ကျမတို့ ဒီရွာမှာ အမျိုးသမီးသမဂ္ဂ ဖွဲ့စည်းဖို့ ရွာထဲက အသင်းအဖွဲ့ ပေါင်းစုံက ခေါင်းဆောင်များနဲ့ ကြိုတင်ညှိနှိုင်း ဆွေးနွေးချင်ပါတယ်။ အဲဒါ ဖြစ်နိုင်မယ် ဆိုရင်တော့ ဒီညမှာပဲ တွေ့ချင်ပါတယ်။ ကျေးဇူးပြုပြီး ဦးကြီးက စီစဉ်ပေးပါဦး”

“ဟာ … ရတယ်။ ရတယ်။ ကျုပ်အိမ်မှာပဲ ဆွေးနွေးတာပေ့ါ။ ကျုပ်လည်း ရုံးဘက် သွားလိုက်ဦးမယ်။ ရုံးထိုင်ကိုရင်မိုးနဲ့ သွားတွေ့လိုက်ဦးမယ်။ ကဲ–ကလေးမတို့လည်း ဘာမှ အားမနာနဲ့။ နားကြပါဦး။ မယ်လှရေ … ငါရွာထဲ သွားလိုက်ဦးမယ်ဟေ့”

ညမှာ အမျိုးသမီး၊ အမျိုးသားလူငယ်များ၊ ကျေးရွာရှိ အဖွဲ့ပေါင်းစုံမှ ခေါင်းဆောင် များပါ စုံစုံညီညီ ဆွေးနွေးကြပြီး လူငယ်များကို သီချင်းနှစ်ပုဒ်တက်ပေးပါတယ်။ ‘ခေါမိုးရွာ’နဲ့ ‘လက်စားချေပွဲ’သီချင်းနှစ်ပုဒ်လုံးဟာ သူတို့ဘဝနဲ့ အလွန်ကိုက်ညီတာမို့ အလွန် တက်ကြွ ကြတယ်။ ည ၁၁ နာရီကျော်လောက်မှ ပြန်သွားကြတယ်။

## ရွေ့ကိုချီမယ်လေ – တက်ဟေ – တက်ဟေ

လူထုအစည်းအဝေးပွဲကတော့ ပြီးသွားပါပြီ။ ‘ကိုင်းရွာ’အမျိုးသမီးသမဂ္ဂလည်း ဖွဲ့စည်းပြီးသွားပါပြီ။ အစည်းအဝေးမှာ လက်ရှိ အခြေအနေများကို ရှင်းပြတော့ …

ဖဆပလအစိုးရရဲ့ လက်ရှိအခြေအနေဟာ အလွန်ဆိုးဝါးနေတာကြောင့် နိုင်ငံခြား က“ရန်ကုန်အစိုးရ”လို့ ခေါ်တဲ့အကြောင်း။ ဗမာပြည်ဒဝပုံသပုံသာ အစိုးရက ချုပ်ကိုင်နိုင်ပြီး ကျန်အများစုမြို့များ၊ ဒေသများ၊ အားလုံးဟာ တော်လှန်တဲ့တပ်အသီးသီးက ချုပ်ကိုင်ထား တာဖြစ်ကြောင်း ရှင်းပြတော့ အို … တီးလိုက်ကြတဲ့ လက်ခုပ်သြဘာသံတွေတော်တော်နဲ့ကို မစဲပါဘူး။ ဒါကြောင့် ဒီစစ်ပွဲကို နိုင်အောင်တိုက်ကြဖို့၊ လူတိုင်းလူတိုင်း မိမိကျရာတာဝန်ကို ကျေပွန်အောင် တက်တက်ကြွကြွ ထမ်းဆောင်ကြဖို့၊ အမျိုးသမီးများကလည်း “မောင်တ ထမ်း၊ မယ်တရွက်”ဆိုတဲ့ စိတ်ဓာတ်နဲ့အညီ လုပ်ဆောင်ကြဖို့ တိုက်တွန်းပါကြောင်း ပြောပြတော့ … တီးလိုက်ကြတဲ့ လက်ခုပ် သြဘာသံတွေ။ ဘာပြောကောင်းမလဲ။ တရွာလုံး ဟိန်းထွက် သွားတာပဲ။ ဒါနဲ့အစည်းအဝေးကို ရုပ်သိမ်းဖို့ ‘ခေါမိုးရွာ’သီချင်းနဲ့ ဆိုပြီး ရုပ်သိမ်း ဖို့ စီစဉ်နေတုန်း (ဦးကြီးစိုးရဲ့ အကြံပေးချက်အရ) ပြည်သူ့စစ်ခေါင်းဆောင် ကိုသာအေးက ဦးဆောင်ပြီး ‘ခေါမိုးရွာ’သီချင်း ကို ဆိုကြပါတယ်။

သံပြိုင်ပိုဒ်မှာ ***“ရွေ့ကိုချီမယ်လေ×တက်ဟေ×တက်ဟေ…အင်္ဂလိပ်ကမွေးတဲ့ ဟိုခွေးတွေ …သတ်ဟေ …သတ်ဟေ…ကျူပင်ခုတ်သလို×မတရားအမျိုးတွေ ×ခေါးမိုးရွာ…မယ်…လေ”*** လူငယ်အားလုံး ကျားမ, မရွေးဝိုင်းဆိုလိုက်တာ … ပွဲတင်သံကို ထပ်သွားတာပဲ။

အစည်းအဝေးပြီးလို့ အပြန်မှာလည်း ဝါးမီးတိုင်ကိုယ်စီကိုင်ပြီး–ဟော***… ရွေ့ကိုချီမယ် လေ … တက်ဟေ … တက်ဟေ*** …တဲ့” အရှိန်ရနေပြီဖြစ်တဲ့ သီချင်းကို ညီညီညာညာ ဆိုပြီးသွားနေတဲ့ မီးတန်းအလင်းရောင်ကြီးဟာ လကွယ်ညရဲ့ အမှောင်ထုကို အံတုလို့နေ သယောင်ယောင်

……

မအူလေးပင်၊ မရမ်းခုံ၊ ဘုူးကွဲ၊ ကိုင်း၊ တလိုင်းမ၊ လယ်ပြင်မ–စတဲ့ဒီရွာတွေ အား လုံးဟာ တောင်ညိုနယ်အတွင်းကပါ။ တောင်ညိုမှာတော့ သစ်တောဘက်ဆိုင်ရာ အမှုထမ်းတွေ အများစု နေထိုင်ပြီး သစ်တောဘက်က အရာရှိကြီးတွေလာရင် တည်းဖို့၊ နေထိုင်ဖို့ လှပသပ်ရပ် တဲ့ ဗိုလ်တဲ လည်းရှိပါတယ်။ တောင်ညိုကတော့ မြို့လေးတမြို့လိုပါ။ ဈေးဆိုင်တွေ၊ အိမ်ဆိုင်လေးတွေလည်း ရှိပြီး ၅ ရက် တဈေးဖြစ်တဲ့ တောင်ညိုဈေးလည်း ရှိတယ်။ ဈေးကလည်း တော်တော် စည်ပါတယ်။ တောင်ညိုနဲ့မလှမ်းမကမ်းက ရွာတွေ မှာတော့ လူထုတွေဟာ ဦးနုအစိုးရ(ဖဆပလ)အစိုးရက လွှတ်လိုက်တဲ့ ကချင်သေနတ်ကိုင် တပ်ရင်း(၁)(နောင် ဒီတပ်ဟာ တောခိုလာပြီး၊ ပါတီခေါင်းဆောင်တဲ့ ပြည်သူ့တပ်မတော် ဖြစ်လာပါတယ်)ရဲ့ လူသတ်၊ မုဒိမ်းကျင့်၊ မီးရှို့၊ လုယက် ဖျက်ဆီးနေတာ တွေ(အကုန်လု၊ အကုန်သတ်၊ အကုန်မီးရှို့ဆိုတဲ့ သုံးပြောင်စနစ်)ကျင့်သုံးတာကို ခံနေရတာပါ။ ၁၉၄၈ ခုနှစ် မှာပေ့ါ။ နောက်ပိုင်းမှာတော့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုနဲ့ ပြည်သူတရပ်လုံး ပါဝင်တဲ့ “ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကြီး” ပေါ်ထွက်လာတယ်။ တပ်မဟာမှူး ရဲဘော်ရဲထွန်းက ဦးစီးပြီး ခုခံရေးစစ်ကို ဆင်နွှဲခဲ့တယ်။ **မတိုက်ရင်သေမှာမို့ မသေအောင်ပြန်တိုက် ခဲ့ ကြရတယ်။**

ရွာတွေမှာ ယောက်ျားမှန်သမျှ ကြီးငယ်မရွေး၊ အကုန်ဖမ်း၊ တန်းစီ၊ အကုန်သတ် တာ။ ရွာတွေမှာ ယောက်ျားတွေ အတော် ရှားပါးသွားခဲ့တယ်။ ၁၉၄၉ ခုနှစ်မှာ ပါတီက ပျဉ်းမနားမြို့ကို သိမ်းပြီး မြို့နယ်တခုလုံးလွတ်မြောက်စေခဲ့တယ်။ လွတ်မြောက်ဒေသမှာ ပါတီ က မြေရှင်တွေရဲ့ မြေမှန်သမျှ အကုန်သိမ်း၊ အကုန်ဝေ(မြေယာတော်လှန်ရေး) လုပ်ခဲ့ တယ်။ ဒီအချိန်မှာ မအူပင်လေးရွာက လယ်သူမကြီး တယောက်ရဲ့ ပြောစကားဟာ ရာဇဝင်မှာ စာတင်လောက်အောင် တွင်ကျန်ရစ် ပါတယ်။ ဆင်းရဲသားလယ်သူမ ကျေးတော သူပီပီ စကားကို အလှတွေ၊ အယဉ်တွေဆင်မနေဘဲ ရိုးရိုးနဲ့ပွင့်ပွင့်လင်းလင်း ပြောလိုက်တာ ကတော့ … **“လယ်တွေဝေပေးမယ်ဆိုရင် လင်ဝေချမ်းရေး အရင်လုပ်ပါဦး”**တဲ့။ မှန်ပါတယ်။ အိမ် တိုင်းမှာ ယောက်ျားတွေ(လယ်လုပ်နိုင်သူ ယောက်ျား) ရှိတော့တာမှ မဟုတ်တာ။ တချို့အိမ် ဆိုရင် လယ်မြေတော့ ‘ဝေစု’ရပါရဲ့။ လယ်လုပ်ပေးနိုင်တဲ့ ယောက်ျားသား မရှိတော့လို့ လယ်လုပ် နိုင်တဲ့ဆီ အငှားချစားရတယ်။ ဒီလယ်သူမကြီးရဲ့ စကားကို ရန်သူလူတန်းစားက ‘ဟာသ’ လုပ်ပြီး ရယ်စရာအဖြစ် ပြောဆိုနိုင်ပေမယ့် ကျမတို့မှာတော့ မရယ်နိုင်ပါဘူး။ သူတို့ဘဝ ဖြစ်အင် ကို ရိုးရိုးလေးနဲ့ တင်ပြလာတဲ့စကား။ ရင်နင့်ဖွယ်စကားပါ။

၁၉၄၈ ခုနှစ်တဝိုက်မှာ ရန်သူတပ်က သတ်ဖြတ်လုယက် ဖျက်ဆီးမှုများကြောင့် လူထုတွေဟာ ဝတ်ပြတ်မွဲတေ စားစရာမရှိဘဲ သဘော်ခေါင်း၊ ကန်ဇွန်းရွက်၊ ကန်ဇွန်းဉ၊ ပိန်းဉ၊ သဘော်မျောက်ဉ၊ ဗုဒ္ဓသရဏံဉ၊ နှမ်းဘတ်၊ ကြွေးဉစတဲ့ စားလို့ရတာမှန်သမျှ အကုန်ရှာ စားပြီး အဆိပ်မိသေခဲ့ရတာလည်း ရှိခဲ့တယ်။ အတော်ကိုများပါတယ်။

ကြွေးဉဟာ တောင်ညိုနယ်တဝိုက်မှာ အလွန်ပေါပါတယ်။ ကြွေးပင်ဟာ နွယ်ပင် မျိုးဖြစ်ပြီး ဆူးရှိတယ်။ ဆူးပုတ်ပင်က ဆူးနဲ့တူတယ်။ အဲဒီဆူး ဆူးမိရင် နောက်တနေ့ အနာ ဖြစ်ပြီး ပြည်တယ်တတ်တယ်။ အဖြူ၊ အမဲဆိုပြီး ကြွေးဉမှာ ၂ မျိုး ရှိပါတယ်။ ကြွေးဉကိုတူးပြီး အခွံခွာ၊ ပါးပါးလှီး။ ပြီးရင်ချောင်းဘေးမှာ ပုံ။ ရေလောင်းလိုက်၊ နင်းလိုက် အကြိမ်ကြိမ် အချိန် ကြာကြာ လုပ်လိုက်ရင် ကြွေးဖြူဆိုပါက အရောင်ဖြူဖွေးပြီး ကြည်လင်လာ တယ်။ ဒါကို အနင်းကျတယ်လို့ ဒေသအခေါ်အရ ခေါ်ပါတယ်။

ကြွေးမဲကိုတော့ ကြွေးချိုတ်လို့ခေါ်ပါတယ်။ အရောင်က တကယ်ပဲ ကောက်ညှင်း ငချိတ်နဲ့ တူပါတယ်။ ရေနည်းနည်းနဲ့ ပေ့ါပေ့ါဆဆ ဆေးလို့တော့ဖြင့် မရပါ။ ဒါကြောင့် ချောင်းဘေးမှာ သွားနင်းဆေးရတာပါ။ အနင်းမကျဘဲ စားတာမှန်သမျှ မူး–အန်–ဝမ်း လျှောသေတတ်ပါတယ်။

ဒါပေမယ့် သေသေချာချာ လုပ်ပြီးသားကြွေးကို ဆန်နဲ့ရောပေါင်းရင် သင်းပျံ့ပျံ့အနံ့လေးရှိပါတယ်။ စားတဲ့အခါ ချိုစိမ့်စိမ့် အရသာရှိပြီး ကောက်ညှင်းပေါင်းလို စီးစီးလေးပါ။ အချိန်တော်တော်ကြာမှ လုပ်နည်းအမှန်ကို နိဂုံးချုပ်နိုင်ခဲ့ကြတာပါ။ ဒါ မတိုင်မီကတော့ ကလေးလူကြီး တော်တော်များများ သေကြေဆုံးရှုံးခဲ့ရဖူးတယ်လို့ ဆိုခဲ့ ကြပါတယ်။

သဘော်မျောက်ဥကလည်း စားပြီး ချက်ချင်းဆိုသလို သိပ်မကြာသေးခင်မှာ အချဉ် စားမိရင် အဆိပ်ဖြစ်တတ်တယ်။ အပြင်းအထန် မူးဝေ၊ အော့အန်၊ ဝမ်းလျှော သေတတ်တယ်။

အဲဒီအချိန်က တောင်ညိုဒေသရှိ ပြည်သူလူထုကြီး တရပ်လုံးဟာ စစ်ဒဏ် ကပေးခဲ့တဲ့ အမွေဆိုးကြောင့် ဆင်းရဲငတ်ပြတ်၊ ကူးစက်ရောဂါတွေဖြစ်၊ သေကြေပျက်စီး အခက်အခဲတွေနဲ့ ထွေးလုံးရစ်ပတ် ပြာပုံထဲမှာ ရှိနေခဲ့ပါတယ်။ ဒီလိုဖြစ်နေချိန်မှာ ဗမာပြည် ကွန်မြူနစ် ပါတီဟာ ဒီဒေသမှာရှိတဲ့ ရန်သူကို အနိုင်တိုက်ချေမှုန်းပစ်လိုက်ပြီး အရင်ဖြစ်ခဲ့တဲ့ အဖြစ်ဆိုးတွေနဲ့ ဆန့်ကျင်စွာပဲ အေးချမ်းသာယာ၊ စည်ပင်ဝပြောတဲ့ အခြေခံဒေသ(လွတ်မြောက်ဒေသ)အဖြစ် ပြန်လည်ထူထောင်ခဲ့တယ်။

ဒီနယ်မှာ ရန်သူက ယောက်ျားဆို အကုန်လောက် နီးပါးသတ်ခဲ့ပေမယ့် လူ့သဘာ ဝအတိုင်း ဘေးပတ်ဝန်းကျင်ရွာများက ယောက်ျားများနဲ့ အိမ်ထောင်ကျပြီး ဆွေမျိုး နီးစပ်ရာများမှာ တန္ခယ်ငင် တစင်ပါဆိုသလိုဖြစ်ကာ ပြောင်းရွှေ့လာကြတာတွေလည်း ရှိပါ တယ်။

ရန်သူနဲ့ စစ်ရေးပြင်းထန်နေချိန်အတွင်းမှာပဲ ပါတီဗဟိုမှာ ဗဟိုကော်မတီဝင် ဒေါက်တာနတ်(ဆရာထွန်းမောင်)ဦးစီးဖွင့်လှစ် ထားတဲ့ 'ဆရာဝန်သင်တန်း'ရှိပါတယ်။ ပါတီ ထဲက စာပေယဉ်ကျေးမှု(တစုံတရာ)မြင့်တဲ့ ရဲဘော်များကို စည်းရုံးပြီး သင်တန်းဖွင့်ခဲ့တယ်။ ဆရာက အင်္ဂလိပ်လို သင်တန်းပို့ချပြီး ရဲဘော်အဖြူခေါ် မခင်ရီအောင်(တောင်ငူ–နောင်မှာ ဗိုလ်မျိုးမြင့်ခေါ်ရဲဘော်အောင်ရဲ့ဇနီး)က တာဝန်ယူ ဘာသာပြန်ပါတယ်။ တော်လှန်ရေးကာလ၊ စစ်ရေးကာလလည်း ဖြစ်လို့ ဆရာဝန်များ တတ်သင့်တတ်အပ်တဲ့ ပညာရပ်များကို ၉ လနဲ့ အပြီးအပြတ် သင်ကြားပေးပြီး ဆရာဝန်များကို အောင်မြင်စွာ မွေးထုတ်ပေးခဲ့တာပါ။ တပ်မ တော်နဲ့ပြည်သူတရပ်လုံးရဲ့ ကျန်းမာရေးကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ပါတယ်။

## ငြိမ်းချမ်းရေးကို တကယ်လိုလားရင်
## တို့ကမ္ဘာသားတွေ ညီညာစွာနဲ့ပင်

၁၉၅၀ ခုနှစ်နွေဦးတနေ့မှာ မကောင်းသတင်းတခု ရောက်လာပါတယ်။ "ပျဉ်းမနား မြို့မှာ တိုက်ပွဲဖြစ်ပြီး မြို့ကို ရန်သူကသိမ်းလိုက်ပြီ။ ဒါကြောင့် ပါတီရုံး ဒီမှာ နေလို့မဖြစ်။ အရေးကြီးပစ္စည်းများ အမြန်သိမ်း။ ဒီနေရာက ဆုတ်မယ်"။ ပစ္စည်းတွေ တနေ့လုံးသိမ်းကြ။ ညနေစောင်းမှာ နောက်ဆုံးအသုတ်ဖြစ်တဲ့ ကျမတို့ဟာ ဂျစ်ကားနဲ့ လယ်ဝေးဘက်၊ လမ်းပျဉ်း မနားမြို့နယ်က ရွာတရွာကို ရောက်ခဲ့ပါတယ်။ တော်လှန်ရေးထဲ ရောက်ပြီး ပထမဆုံးအကြိမ် စခန်းမှ ဆုတ်ခွာပြေးရခြင်းပါ။

နောင်မှာတော့ တော်လှန်ရေးတလျှောက်လုံး အကြိမ်ပေါင်းမြောက်များစွာ စခန်းပြောင်း ဆုတ်ခွာဖူးပါတယ်။ ကိုယ့်ပိုးအိတ် ကိုယ်ကျောပိုးပြီး ပြေးရခြင်း ဆုတ်ခွာရခြင်းပါ။

## တကမ္ဘာလုံးတွင် လူသတ္တဝါမှန်ရင်
## ငြိမ်းချမ်းစွာပ ထာဝစဉ် နေ့ညခါမလပ် ပျော်ပျော်နေကြချင်။

ကျွန်မတို့အဖွဲ့ ခရီးထွက်ခဲ့ပါတယ်။ ဒီတခါ နယ်ထွက်တာ အဝေးဆုံးပါ။ နတ် တောင် မြောက်ဘက်၊ ပျဉ်းမနားမြို့နယ် မြောက်ဘက်အစွန်း၊ ပျော်ဘွယ်မြို့နယ်နဲ့ နယ် စပ်ချင်း ကပ်လျက်ပါ။

ဒီတကြိမ်ခရီးထွက်ရခြင်းဟာ လုပ်ငန်းက အရင်လို အမျိုးသမီးသမဂ္ဂ လုပ်ငန်းကိစ္စ မဟုတ်။ "ငြိမ်းချမ်းရေးခရီး" ဖြစ်ပါတယ်။

ကမ္ဘာကြီးတခုလုံးမှာ ကမ္ဘာ့ငြိမ်းချမ်းရေးရဖို့ အင်မတန် အရေးကြီး နေချိန် ဖြစ်ပါတယ်။ (ဒုတိယ ကမ္ဘာစစ်အတွင်း ဟီရိုရှီးမားနဲ့ နာဂါစကီးမှာ အနုမြူဗုံးကို သုံးလိုက်လို့ ဖက်ဆစ်ဂျပန်ဟာ ကြောက်လန့်သွားပြီး အရှုံးပေးလိုက်တော့ ဒုတိယ ကမ္ဘာစစ်မီးတောက် ကြီး ငြိမ်းအေးသွားခဲ့ရလို့ ကမ္ဘာသူ ကမ္ဘာသားတွေအဖို့ အေးချမ်းတော့ မယောင်ယောင် ဖြစ်သွားခဲ့တယ်။) ဒါပေမယ့် အနုမြူဗုံးကိုကိုင်ပြီး ကမ္ဘာကြီးကို လွှမ်းမိုးချယ်လှယ်ဖို့ သွေးဆာနေတဲ့ အမေရိကန်နယ်ချဲ့သမားနဲ့ သူ့ရဲ့မဟာမိတ် အင်္ဂလိပ်နယ်ချဲ့သမားတို့ဟာ တတိယကမ္ဘာစစ် ဖြစ်အောင် ကြိုးစားလာပြန်ပါတယ်။ ကမ္ဘာ့ပြည်သူများက တတိယ ကမ္ဘာစစ်ကို ဆန့်ကျင် နေကြပြီး "စတော့ဟုန်းပန်ကြားချက်"ထွက်ပေါ်လာတဲ့ အလွန် အရေး ကြီးတဲ့ အချိန်ဖြစ်ပါတယ်။ ပါတီကလည်း လွတ်မြောက်ဒေသရှိ ပြည်သူတရပ်လုံးကို လှုံ့ဆော်စည်းရုံးပြီး "တတိယကမ္ဘာစစ် တားဆီးရေး" "အနုမြူဗုံးဆန့်ကျင်ရေး" အတွက် တခဲနက် ဆန္ဒပြကြရန်အတွက် ကျွန်မတို့ခရီးထွက်ကြတာ ဖြစ်ပါတယ်။

ရာသီဥတုကလည်း ပြင်းထန်ပါတယ်။ နေရဲ့ အပူရှိန်က ပူလို့ကောင်းတုန်း။ မနက် စာကို မရမ်းခုံက စားလာတာ။ ချွေးတလုံးလုံးနဲ့ အခုထိ သရက်တောရွာကို မရောက်သေးဘူး။ ဒီနှစ်ရွာဟာ ရွာဆက်အဝေးဆုံးဖြစ်ပါတယ်။ ၃ မိုင်ကျော်လောက် ဝေးတာ၊ တဝက်တောင် မကျိုးသေးပါဘူး။ ဗိုက်ထဲက ဆာသလိုလို ဟာသလိုလို ဖြစ်နေတယ်။ မတတ်နိုင်ဘူး။ ဒီ သစ်ပင်ရိပ်မှာ ခဏလောက် နားဦးမှဆိုပြီး အဖွဲ့လိုက်ပိုးအိတ်တွေချ နားလိုက်တယ်။ တောင်အရပ်က တိုက်လာတဲ့ လေပြေလေညှင်းလေးက မောသမျှပန်းသမျှ အားလုံးကို ပြေ သွားအောင် လုပ်ပေးနေသလိုလို...

အလို ဘာသံပါလိမ့် ... ဩော် ...သာယာလိုက်တဲ့ ပလွေသံလေးရယ် ...

လယ်ကွက်ထဲက နွားကျောင်းသားလေးရဲ့ နွားငေါက်သံလည်း ကြားရတယ်။ ဟော ... ပလွေသံလေးကို ဆက်ကျူနေပါပေါ့လား ... ဘာတဲ့ ... ...

***× × × (တတိယကမ္ဘာစစ်နဲ့ အနုမြူဗုံးကို တားဆီးနိုင်ရင် × ကမ္ဘာမှာ လူတွေမှန်သမျှ တကယ်အေးချမ်းစေမယ်အစဉ်)၂ × ငြိမ်းချမ်းရေးကို တကယ်လိုလားရင် × တို့ကမ္ဘာသားတွေ × ညီညာစွာနဲ့ပင် × သွေးငတ်သူနယ်ချဲ့သမားကို ×ငြိမ်းချမ်းလိုသူတိုင်းပင် × လက်နက်ကိုင်စွဲ × တိုက်ပွဲဝင်ရန်ပြင်× × ×***

အမယ်လေး ... ကောင်းလိုက်တဲ့ ပလွေဆရာလေးရယ်။ ဒီအပိုဒ်ကလေးကို ထပ်ခါတလဲလဲ နေ့နေတယ်။

ဒါကျွန်မတို့ လွတ်မြောက်ဒေသမှာ လောလောဆယ်ဆယ် ခေတ်စားနေတဲ့ **"ကမ္ဘာ့ ငြိမ်းချမ်းရေးသီချင်း"**ပေါ့။

ပိုးအိတ်ကိုယ်စီ မီးရင်းနဲ့ပလွေသံအောက်မှာ ခဏတဖြုတ် အနားယူလို့တော့ ပြီး သွားပါပြီ။ အတော်အတန်လည်း အားပြည့်သွားပါပြီ။ ကျေးဇူးတင်ပါတယ်။ ပလွေရှင် လေး ရယ် ... ဒီနေ့ည နတ်တောင် တောင်ခြေကရွာ (လယ်ပြင်မရွာ)ကို ညအိပ်မီ ရောက်အောင် သွားရမှာမို့ ခရီးဆက်ခဲ့ရပါပြီ။ နေရစ်ခဲ့အုံးတော့ ... ပလွေရှင်လေးရယ် ...

ပါတီဟာ ဦးနုအစိုးရက လိုက်တိုက်နေတဲ့ ပြည်တွင်းစစ်ကို ခုခံကာကွယ် တိုက် ခိုက်ရင်း တဘက်က ကမ္ဘာ့ပြည်သူတရပ်လုံးကို ဗိုလ်ကျလွှမ်းမိုးနိုင်ဖို့အတွက် ကမ္ဘာစစ် ဖြစ်အောင် လှုံ့ဆော်နေတဲ့ သွေးဆာနေတဲ့ နယ်ချဲ့သမား(အမေရိကန်+အင်္ဂလိပ်)တို့ရဲ့ အခြေ အနေကို တားဆီးနိုင်ဖို့ ကမ္ဘာ့ပြည်သူများနဲ့ လက်တွဲပြီး "တတိယကမ္ဘာစစ် ဆန့်ကျင်ရေး" "အနုမြူဗုံး တားဆီးရေး"ကို ပြုလုပ်ဖို့ ဆုံးဖြတ်ချက်ချပြီး လုပ်ငန်းတွေကို အကောင်အထည် ဖော်ခဲ့တယ်။ တဆက်တည်းမှာ ကမ္ဘာ့ငြိမ်းချမ်းရေးဆိုတဲ့သီချင်းကို ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် ရဲဘော်သခင်သန်းမြိုင်က ရေးစပ်သီကုံးခဲ့ပါတယ်။ ဒီသီချင်းဟာ အချိန်တိုအတွင်း ခရိုင်၊ မြို့နယ်နဲ့ ကျေးရွာတိုင်းမှာ ပျံ့နှံ့ ခေတ်စားခဲ့တယ်။

### *ကမ္ဘာ့ငြိမ်းချမ်းရေးသီချင်း*

***(တကမ္ဘာလုံးတွင်...လူသတ္တဝါမှန်ရင် × ငြိမ်းချမ်းစွာပ× ထာဝစဉ်...နေ့ညခါမလပ်... ပျော်ပျော်နေကြ...ချင်)၂ (စစ်ဖြစ်တဲ့ချိန်ခါမှာ ပင် ...အသက်နဲ့ အိုးအိမ်စည်းစိမ်တွေပင် × လူ့လောက တ ခွင် × ပျက်ပြုန်းလို့အစဉ်...ရောဂါထုပြော...အငတ်ပေါလို့သာ × ဤကမ္ဘာပေါ် တွင်...စစ်ကိုမလိုလား ရှောင်ရှားကြတယ်အစဉ်...)၂ × ထာဝစဉ်ငြိမ်းချမ်းရေးကို တို့ကမ္ဘာသားတွေ×တာဝန်ကျေအောင် ထမ်းဆောင်နိုင်ဖို့...ပြင်***

သံပြိုင်–***(တတိယကမ္ဘာစစ်နဲ့ အနုမြူဗုံးကို တားဆီးနိုင်ရင်...ကမ္ဘာမှာ လူတွေမှန်သမျှ တကယ်အေးချမ်းမယ်အစဉ်)၂ ငြိမ်း ချမ်း ရေးကို တကယ်လိုလားရင် တို့ကမ္ဘာသားတွေ...ညီညာစွာ နဲ့ပင် × × × သွေးငတ်သူ နယ်ချဲ့သမားကို × ငြိမ်းချမ်းလိုသူတိုင်းပင် လက် နက်ကိုင်စွဲ × တိုက်ပွဲဝင်ရန်ပြ ပြင် × ×***

***(ကမ္ဘာသူ ကမ္ဘာသား ×လူထုများရဲ့သွေးသားကို အတည် × လိပ်–ကန်နယ်ချဲ့သမား းက မျိုဝါးကာပဲ အသက်ရှင်လိုကြသည် × ထို့ကြောင့်ပင် × ကမ္ဘာစစ်ကြီးကို မဖြစ်ရင် ဖြစ်အောင် ဖွတ်လုပ်နေပြန်သည်)၂ တို့ဗမာပြည် × နေအစိုးရကို မြှောက်ပင့်ကာပ×အတည် ×တပါးကျွန်ပီပီ × သူ့သခင် ခိုင်းသမျှ × နေက တကယ်လုပ်သည် × ပြည်တွင်းမှာ တလီ × ဗျူဟာကျင်းလို့ စစ်ကိုခင်းခဲ့သည် × ဗမာပြည် မွဲတွင်းနက်သမျှ နေအစိုးရရဲ့အပေါ်မှာတည် × ငြိမ်းချမ်းလိုသူတိုင်းရဲ့ ရန်သူတွေသာ × အမှန်ပင်ဖြစ်ပါသည် ×***

***(တတိယကမ္ဘာစစ်... ... ... ... အနုမြူဗုံးကို တားဆီးနိုင်ရင်... ... ... ... ...ငြိမ်းချမ်းလိုသူတိုင်းပင် × လက်နက်ကိုင်စွဲ × တိုက်ပွဲ ဝင်ရန်ပြင် × × ×***

## ပြည်သူတိုင်းရဲ့ ရန်သူအမှန်ပင်

ကမ္ဘာ့ပြည်သူများနှင့်အတူ ဗမာပြည်သူတရပ်လုံး တောရောမြို့ပါ သောင်းသောင်း ဖျဖျ'ငြိမ်းချမ်းရေး–ငြိမ်းချမ်းရေး'နဲ့ တဖွဖွ တောင်းဆိုနေချိန်မှာပဲ ယုတ်မာပက်စက်တဲ့ ဦးနု အစိုးရဟာ သူ့သခင်နယ်ချဲ့သမားအလိုကျ ပြည်တွင်းစစ်ကို ဆက်လက်ဆင်နွှဲနေပါတယ်။ လယ်ဝေးမြို့နယ်ဘက် လွတ်မြောက်ဒေသအတွင်းကို ထိုးစစ်ဆင်လာလို့ လယ်ဝေးမြို့နယ် တပ်၊ ပျဉ်းမနားမြို့နယ်တပ်နဲ့ ပြည်သူ့စစ်တပ်ဖွဲ့များအားလုံးက ခုခံတိုက်ကြရပါတယ်။

အဲဒီတိုက်ပွဲဟာ တော်တော်ပြင်းထန်ပါတယ်။ ပြင်းထန်ရုံမက ပါတီ၊ တပ်၊ ပြည်သူ့စစ်များရဲ့ ဇွဲသတ္တိကို ရန်သူက အသိအမှတ် မပြုဘဲ မနေနိုင်ရုံမက တော်တော်လည်း လန့်သွား ကြပါတယ်။ တိုက်ပွဲကာလအတွင်း ကျည်ဆံကုန်သွားတော့ အနီးကပ် လက် တကမ်းလောက်က ရန်သူကို သေနတ်ဒင်နဲ့ရိုက်၊ လှံစွပ်(ကျသောင်းဝါးနဲ့ လုပ်ထားတဲ့လှံစွပ်၊ အင်မတန်မာပြီး၊ အင်မတန်အဆိပ်ပြင်း)တက်ထိုးပြီး တိုက်ကြပါတယ်။ တိုက်ပွဲဟာ လယ်ဝေးမြို့နယ်၊ ကျွန်းတဘက်ရွာအနီးမှာ ဖြစ်ပါတယ်။ နောက်ဆုံးမှာ ရန်သူဟာ ဆုတ်ခွာထွက်ပြေး သွားပါတယ်။ ဒီတိုက်ပွဲမှာ အဖိနှိပ်ခံ ပြည်သူများအတွက် ကာကွယ်ရင်း မြို့နယ်တပ်မှူး ဗိုလ်သိန်းလေး ကျဆုံးခဲ့ရတယ်။

ဗိုလ်သိန်းလေး ဆိုတာ ရဲဘော်သိန်းလွင်(ပျဉ်းမနား)ပါ။ ပျဉ်းမနာ–လယ်ဝေးတဝိုက် တိုက်ပွဲအများတကာ့အများစုမှာ သူမပါ မပြီးပါ။ ရန်သူကလည်း ဒါကြောင့် သူ့အပေါ် တော်တော် အငြိုးထားပါတယ်။ လူထုတွေက အလွန်ချစ်ခင်ကြပြီး "သိန်းလေး–သိန်းလေး" ကွနဲ့ ခေါ်ကြလို့ "ဗိုလ်သိန်းလေး"လို့ပဲ တွင်သွားခဲ့ပါတယ်။ သူဟာ ပျဉ်းမနားကလာတဲ့ ကျောင်းသားအုပ်စုထဲက ပထမဆုံးကျဆုံးသွားသူဖြစ်ပါတယ်။ ပြည်သူ့ သားကောင်း ရဲဘော်သိန်းလွင်ဟာ ကျဆုံးသွားချိန်မှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပါတီဝင် ဖြစ်နေပါပြီ။ အာဇာနည်သူရဲကောင်း ရဲဘော်သိန်းလွင်ကို အလေးပြုလိုက်ပါတယ်။ ရဲဘော်သိန်းလွင် ရဲ့ တိုက်ပွဲဝင် သူရဲကောင်းစိတ်ဓာတ် အစွန့်ရှည်ပါစေ။

## ပြည်သူ့သဘင်ကိုသာ အဆင့်အတန်း ː မြှင့်ခဲ့တာ

၁၉၅၁ခု၊ ဆောင်းဦးရာသီရဲ့ တနေ့ နံနက်ခင်း ...

ပါတီအတွင်းရေးမှူး ရဲဘော်တင်ထွေက "ဆွေးနွေးစရာ ကိစ္စရှိလို့ ခဏလာပါ"လို့ မခေါ်စဖူးခေါ်တာနဲ့ ကျွန်မတို့နှစ်ယောက်လုံး (ကျွန်မခင်ပွန်းပါ)ချက်ချင်း သွားလိုက်ပါတယ်။ ကျွန်မတို့ နှစ်ယောက် ထိုင်ရုံပဲ ရှိသေးတယ်။ အတွင်းရေးမှူးက "ထင်ပေါ်ရင် စင်တော်က ကောက်တယ်ဆိုတာ ဒါမျိုးပေါ့"လို့ ဆိုင်းမဆင့် ဗုံမဆင့် ဆီးပြောပါတယ်။ ဘာများပါလိမ့်။

ရန်သူနဲ့တိုက်နေချိန် အနုပညာစစ်မျက်နှာမှာ အင်အားတောင့်တင်း ရန်လို ပါ ါတယ်။ ဒါကြောင့် ပါတီဗဟိုက ခရိုင်တိုင်းကို အကြောင်းကြား အကူအညီတောင်းခဲ့တယ်။ ပျဉ်းမနား ခရိုင်မှတဆင့် ပျဉ်းမနားမြို့နယ်မှ ကျွန်မတို့ နှစ်ယောက်ကိုလည်း လှမ်းတောင်းလာ တယ်။ အကြောင်းက ဒီလိုပါ။ နွေဦးတုန်းက လက်နက်ကိုင်တော်လှန်ရေးနေ့ကို ခရိုင်ပါတီက ဦးစီး ကျင်းပခဲ့တယ်။ ဒီမှာ မြို့နယ်တိုင်းက ယိမ်းများ၊ ပြဇာတ်များတင်ဆက်ပြီး ပျော်ရွှင်စွာ ဆင်နွှဲကြ ပါတယ်။ နှစ်စဉ်လည်း ကျင်းပတာပါ။ ဒီနှစ်ကျွန်မတို့မြို့နယ်က တင်ဆက်တဲ့ 'အဓိကရန်သူ'ပြဇာတ်မှာ ကျွန်မတို့ နှစ်ယောက် တာဝန်အရ ပါဝင်ကပြခဲ့တယ်။ ဒီပြ ဇာတ်ဟာ တစုံတရာ အောင်မြင်ခဲ့လို့ လူထုရဲ့ အားပေး ခံခဲ့ရတယ်။ ဒါကို အကြောင်းပြုပြီး အနုပညာတာဝန်ကို ဆက်လက်ယူသွားရန် ဗဟိုက အခုလို လှမ်းတောင်းတာ ဖြစ်ပါတယ်။

အဲဒါမှ ဒုက္ခပဲ။ ကျွန်မတို့နှစ်ယောက်လုံး အနုပညာကို ဝါသနာမပါ,ပါ။ မလုပ်ချင် ပါ။ တတ်လည်းမတတ်ပါ။ ဒါကြောင့် မသွားလိုပါ။ ဒါပေမယ့် ပါတီအတွင်းရေးမှူးကလည်း ပါတီရဲ့ တကယ့်လိုအပ်မှုဖြစ်လို့ ကျွန်မတို့ကို သွားစေချင်တယ်။ ပြီးတော့ ပါတီဗဟိုက တိုက် ရိုက်တောင်းတာ ဖြစ်လို့…

"အတတ်ပညာတခုဟာ မတတ်ရင် တတ်အောင်လေ့လာ။ လုပ်ရင်းသင်–သင်ရင်း လုပ်ရမှာပါ။ အရေးကြီးတာက အတွေးအခေါ်အရ အခိုင်အမာ စိုက်ထူထားဖို့ပါပဲ။ ရဲဘော်တို့ နှစ်ယောက်လုံးဟာ တစုံတရာ အရည်အချင်း ရှိသူများဖြစ်လို့ အောင်မြင်နိုင်မယ်လို့ ယုံကြည်တယ်။ ကြိုးစားကြပါ"… လို့အားပေးတိုက်တွန်းပါတယ်။

ဒါနဲ့ကျွန်မတို့ နှစ်ယောက် လည်း ပေးတဲ့တာဝန် ထမ်းဆောင်ဖို့ ဆုံးဖြတ်ကြောင်း အဖြေပေးလိုက်ပါတယ်။

အဲဒီအချိန်က ကျွန်မဟာ မြို့နယ်အမျိုးသမီးသမဂ္ဂမှာ ဥက္ကဋ္ဌ။ သူကမြို့နယ်ကွန်မြူနစ် လူငယ်အဖွဲ့မှာ အလုပ်အမှုဆောင်အဖွဲ့ဝင် တဦးဖြစ် ပါတယ်။

ကျွန်မတို့ဟာ လက်ရှိတာဝန်တွေမှ လုပ်စရာရှိတာတွေကို ရက်ပိုင်းအတွင်း အပြီး အစီးအစသတ်၊ လွှဲအပ်စရာရှိတာလွှဲအပ်။ ခရိုင်အမျိုးသမီးသမဂ္ဂကိုလည်း အစီရင်ခံ၊ တပတ် အတွင်း လုပ်စရာရှိတာများကို အကုန်လုပ်ပြီးသွားပါပြီ။

## ကိုယ့်တာဝန်ရှိရာလမ်းကို မြန်းမယ်…
## စစ်နိုင်ဖို့ စိတ်က မျှော်မှန်းရှယ် ခိုင်မာစွာ အဓိဋ္ဌာန်ပြုပါတယ်

ဗဟိုကို သွားရတာမို့ ပျော်သလိုလို ကြောက်သလိုလို စိတ်ထဲမှာ တမျိုးခံစား နေရ တယ်။ ဟိုရောက်ရင် ဘယ်လိုများ ဖြစ်မလဲ …

ဒီအချိန်က ဗဟိုစခန်းနှစ်ခုရှိပါတယ်။ ဘုရားတောင်၊ ပိုတက်ဆိုတဲ့ ရွာနှစ်ရွာ အနီးမှာပါ။ (G.H.Q)ဗဟိုစစ်ဦးစီးဌာနချုပ်(နေကြာစခန်း)နဲ့ (C.O.C)ပါတီဗဟိုဌာနချုပ် (သဇင်စခန်း)တို့ ဖြစ်ပါတယ်။ သဇင်စခန်းမှာ ဥက္ကဋ္ဌကြီးသခင်သန်းထွန်းတို့ နေပါတယ်။ နေကြာစခန်းမှာ ဗိုလ်ချုပ်ဇေယျ အဓိကတာဝန်ယူပါတယ်။ စခန်းတခုတခုဆိုရင် ရွာတရွာ လောက်နီးပါး ကြီးတယ်။ ဗဟိုစခန်း နှစ်ခုလုံး မှာ ကိုယ်ပိုင်မီးစက်ရှိပြီး ညဘက်မှာ အိမ်တွေ ရော ရုံးတွေပါ မီးထိန်ထိန်လင်း နေပါတယ်။ နေကြာစခန်းဆိုရင် ည ၉ နာရီလောက် အလုပ် နားချိန်မှာ ပျော်ရွှင်ရေးအတွက် စခန်းတွင်း အသံလွှင့် အစီအစဉ် ရှိပါတယ်။ တော်လှန်ရေး သီချင်းတွေကို အဓိက လွှင့်တာများပြီး မြို့ပေါ် ခေတ်စားနေတဲ့ သီချင်းတပုဒ်တလေ ပါ တတ်ပါတယ်။ (အဲဒီအချိန်က နေကြာစခန်းမှာ ပြဇာတ်တွေကရင် ဗိုလ်ကြီး ခင်အောင်နဲ့ တင်တင်လေးတို့ ဇနီးမောင်နှံက,တာ များပါတယ်။ သဇင်စခန်း မှာတော့ ပြဇာတ်ကရင် မင်းသမီးက အမြဲတန်း မနှင်းဆီ(ကိုဋ္ဌေးမြိုင်ရဲ့ ဇနီး)ဖြစ်ပြီး မင်းသားကတော့ အဆင်ပြေသလို ပြောင်း ထည့်ပါတယ်။)

ကျွန်မစိတ်ထဲ ဗဟိုရောက်ရင် အသိအခံလည်းမရှိ။ ဘယ်လိုများနေမလဲလို့ ပူမိ တယ်။ နေကြာစခန်းမှာ မမမြင့်(အရင်မြို့နယ်ကို ရောက်လာခဲ့ဖူးတဲ့ မမမြင့်–ဗိုလ်ချုပ် အောင်မင်းရဲ့ဇနီး)နဲ့ ပြန်တွေ့ရလို့ ဝမ်းသာလိုက်တာ။ မမမြင့်ရဲ့ မိတ်ဆက်ပေးမှုနဲ့ အသိတွေ၊ မိတ်ဆွေတွေ အများကြီးပါပဲ။ အိမ်ကို အလည်ခေါ်ကြ။ ကျွေးကြမွေးကြနဲ့ လုပ်ငန်းတာဝန် အတွက် ဝိုင်းပြီးအားပေးကြတယ်။ ပြဇာတ်က,ရင် ဝတ်ဖို့ဆိုပြီး သူတို့မှာရှိတဲ့အထဲက ကောင်းနိုးရာရာကို ရွေးပြီး အဝတ်အထည်တွေလည်း ပေးပါတယ်။

မမတင့်(ဒေါ်ခင်တင့်–ဗိုလ်ချုပ်ဇေယျဇနီး)ကလည်း တောမှာ မွေးလို့ 'တော တော' လို့ အမည်ပေးထားတဲ့ လသမီးအရွယ် လေးနဲ့။ အကြီးနှစ်ယောက်က ခင်မာလာ နဲ့နီနီတဲ့။ အဝတ်ဆင်တူ အမြဲဝတ်တယ်။ လိမ်မာတယ်။

နောက်မမလှိုင်တဲ့။ ဒေါ်လှိုင်လှိုင်(ဗိုလ်ချုပ်ရန်အောင်ရဲ့ဇနီး)ပါ။သားလေး နှစ်ယောက်နဲ့။ ဇေကြီးနဲ့ ဇေလေးတဲ့။

နောက်မမနု။ ဒေါ်နုနုလွင်(ဗိုလ်မှူးသန်းလွင်ထွန်းရဲ့ဇနီး)သဘောကောင်းတယ်။ နာမည်နဲ့ လိုက်အောင် နူးညံ့သိမ်မွေ့တယ်။ (ဗိုလ်မှူးသန်းလွင်ထွန်းဆိုတာ ၁၉၅၀ခုနှစ်က တရုတ်ပြည် ပညာသင် စေလွှတ်ခြင်းခံခဲ့ရတဲ့ ရဲဘော်တဦးဖြစ်ပါတယ်။ ၇၅ခုနှစ်က ပါတီရဲ့ အရံဗဟိုကော်မတီဝင် ဖြစ်လာခဲ့ပြီး ပါတီဗဟိုရဲ့အာဘော် ပြည်သူ့အသံမှာ အချိန်ကြာမြင့် စွာ တာဝန်ထမ်းဆောင်ခဲ့သူပါ။ နောက်ပိုင်းမှာ အရှေ့မြောက်စစ်ဒေသနဲ့ ၁၀၁ စစ်ဒေသများ မှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၂၀၀၃ခုနှစ်က ကွယ်လွန်သွားပါတယ်။ နောက်ဆုံးအထိ ပါတီနဲ့ အတူ ရပ်တည်သွားတဲ့ ရဲဘော်ဟောင်းကြီး တဦးပါ။)

နောက်တယောက်ကတော့ မမညွန့်–ဒေါ်ခင်ညွန့်တဲ့။ (ဗိုလ်တင်မောင်ညွန့်ရဲ့) ဇနီး ဖြစ်ပြီး၊ သူကတော့ ဝဝတုတ်တုတ် ဘွင်းဘွင်းရှင်းရှင်းပါ။ အို …အများကြီးပါပဲ။ အားလုံးက ဗိုလ်ကတော်တွေဖြစ်ပေမယ့် ရဲဘော်ရဲဘက်စိတ်ဓာတ်နဲ့ ရိုးရိုးအေးအေး ခင်ခင်မင်မင်နဲ့ ဝိုင်းဝန်းအားပေးကြတယ်။

ဒီအချိန်က တကယ့်ဇာတ်လိုက်တွေက နေကြာစခန်းမှာဆိုရင် ဗိုလ်ချုပ်ရန်အောင်၊ မမလှိုင်တို့ရဲ့ကလေး–ဇေကြီးနဲ့ဇေလေးတို့ပေါ့။ သဇင်စခန်းမှာ မောင်မောင်လေးနဲ့ ညီညီ လေး (ပဲခူးရိုးမ မှာ ကျဆုံး)တို့ပေါ့။ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းရဲ့ သားလေးနှစ်ယောက် ပါ။ အကြီးမလေး ခင်ခင်သန်းက အေးသလောက် အငယ်နှစ်ယောက်က ဆော့လည်းဆော့ ဆိုးလည်းဆိုးပါတယ်။ မိုးလင်းရင် ရဲဘော်တွေဆီ (တပ်ထဲ)ကို မသွားရမနေနိုင်။ ဒီကလေး နှစ်ယောက်ရဲ့ဒဏ်ကို ရဲဘော်တွေလည်း တော်တော် ခံရတယ်။ သိပ်ဆိုးလာလို့ မခံနိုင်၊ ပြော မရတဲ့အခါကျလည်း တခါတရံ ရိုက်လွှတ်လိုက်တာပဲ။ အဲဒီလို အခါကျရင် ငိုယိုပြန် လာပြီး အဖေအမေကို တိုင်တယ်။ ဒီလိုလာတိုင်ရင် ဥက္ကဋ္ဌကြီးရော မမခင်(ဒေါ်ခင်ကြီး)ပါ ဇနီး မောင်နှံနှစ်ယောက်လုံးက အပြုံးမပျက်ပါဘူး။

"ဦးဦးတို့ ကိုကိုတို့က ပြောရင် နားထောင် ရတယ်။ လိမ်လိမ်မာမာ နေရတယ်။ အခုဟာက သားတို့က ဆိုးတာပဲ။ သားသားတို့ လိမ်မာရင် ဘယ်ရိုက်မလဲကွယ်"လို့ ပြော တယ်။ ဆုံးမတယ်။

မမခင်(ဒေါ်ခင်ကြီး–ဥက္ကဋ္ဌကြီး ရဲ့ဇနီး)ဟာ ဖြူဖြူသေးသေး နုနုလေးပဲ။ သဘော ကောင်းတယ်။ အေးတယ်။ သူက ကျန်းမာရေး မကောင်းရှာဘူး။ နာတာရှည် လေပြွန် ရောင်ရောဂါ၊ နှလုံးရောဂါလည်း ရှိတယ်။ ဒါပေမယ့် ရောဂါ အခြေအနေဆိုးပြီး အိပ်ရာထဲ လဲနေရင်သာ။ ဒီလိုမဟုတ်ရင် စခန်းတာဝန်တွေကို မပျက်ရဘူး။ ရိက္ခာရုံမှာ အလှည့်ကျ ထမင်းချက်တာဝန် ယူရတယ်ဆိုတာ သိပ်သက်သာလှတာ မဟုတ်ဘူး။ ထမင်းက မိုးပြဲ ဒယ်ကြီးတွေနဲ့ ချက်ရင်ချက်၊ မချက်ရင်ပေါင်း။ ဟင်းကျတော့ လူကြီးတွေအတွက် (ဒယ် အိုးကြီး)နဲ့တလုံး၊ ကလေးအတွက် ကလေးဟင်းဆိုပြီး သီးသန့်ချက်ပေးတယ်။ လူကြီးဟင်း ထက် နည်းနည်းပိုကောင်းတယ်။ ငရုတ်သီးမစပ်ဘူး။ လူရာနဲ့ချီပြီးစားတဲ့ ရိက္ခာရုံက ထမင်း ဟင်းကို ချက်ရတာ။ ထမင်းကျက်ရင် ထမင်းဝေပေး။ ပြီးရင် အိုးခွက်ပန်းကန်တွေ ဆေးကြော သန့်ရှင်း၊ ရိက္ခာ ရုံထဲလည်း သန့်ရှင်းရေးလုပ်၊ အကုန်ပြီးမှ အိမ်ပြန်ရတာ ချွေးတလုံးလုံးနဲ့ မသက်သာဘူး။ တရက်တယောက် အလှည့်နဲ့ လုပ်ပါတယ်။ ခေါင်းဆောင်တွေရဲ့ ဇနီးတွေ အားလုံး အတူတူပဲ။

မမကြည်(ဒေါ်ကြည်ကြည်ဇင်–ဥက္ကဋ္ဌသခင်ဇင်ရဲ့ဇနီး)၊ မမမာ(ဒေါ်အမာ–အတွင်း ရေးမှူး သခင်ချစ်ရဲ့ဇနီး)သူတို့တတွေဟာ သူတို့ကိုယ်တိုင်လည်း အမျိုးသမီး ခေါင်းဆောင်တွေ ဖြစ်ကြတယ်။ လုပ်ငန်းတွင် စံပြမဟုတ်ဘူး။ စခန်းတွင်းမှာ စည်းလုံးမှုလည်း ကောင်းကြပါ တယ်။

နေကြာစခန်းက ဇေကြီး၊ ဇေကလေးတို့လည်း ဆိုးတာဆော့တာ နာမည်ကြီး တယ်။ နေတော့လည်း တပ်ကရဲဘော်တွေနဲ့ပဲ နေတယ်။ ပြောမရဆိုမနိုင်လို့ ရဲဘော်တွေက ရိုက်လွှတ် လိုက်ရင် အိမ်ကိုပြန်လာတိုင်တယ်။ အဖေ–အမေ(ဗိုလ်ချုပ်ရန်အောင်နဲ့ ဒေါ်လှိုင် လှိုင်)တို့ကလည်း ဥက္ကဋ္ဌကြီးတို့ဇနီးမောင်နှံလိုပဲ ပြုံးပြုံး, ပြုံးပြုံး နဲ့ပဲ"သားလေးတို့က လူကြီးတွေ ပြောတာဆုံးမတာကို နားထောင်ရမယ်။ လိမ်လိမ်မာမာ နေကြဖို့ လူကြီးတွေ ပြောတဲ့ စကားကို နားထောင်ပါ။ လိမ်မာရင် ပြောတဲ့စကားကို နားထောင်ရင် ဦးဦးတွေက ဘယ်တော့မှ မရိုက်ဘူး။ ပိုတောင် ချစ်အုံးမယ်" လို့ ပြောဆို ဆုံးမကြတယ်။

ကျွန်မထင်တာ တခါမဟုတ် တခါတော့ စိတ်ဆိုးမှာပဲလို့ ထင်မိတယ်။ ဒါပေမယ့် တခါမှ ရဲဘော်တွေကို စိတ်ဆိုးတာ မတွေ့ရ။ မကြားခဲ့ရဘူး။ ရဲဘော်တွေနဲ့ ရင်သွေးလေးတွေကို 'ကျောကသား ရင်ကသား' မခွဲခြားဘဲ တန်းတူရည်တူ သဘောထားနဲ့ ချစ်ခင်မြတ်နိုးတာကို တွေ့ရတော့ ဝမ်းလည်းသာ အံ့လည်းအံ့သြမိတယ်။ ပိုပြီးတော့လည်း ချစ်ခင်လေးစား ကြည် ညို မိပါတယ်။

ဒါတင်မကသေးဘူး ကျွန်မ ဗဟိုကို ရောက်မှ ကျွန်မရဲ့သူငယ်ချင်း တယောက် (ဗဟိုကင်းတပ်၊ တပ်ခွဲမှူးရဲ့ဇနီး)က မိတ်ဆက်ပေးလို့ အံ့သြစရာဖြစ်ရပ်တခုကိုလည်း သိခဲ့ရဖူးတယ်။ အဲဒီအဖြစ် အပျက်က ဒီလိုပါ။

တနေ့မှာ မြို့နယ်စခန်းထောက် စခန်းမှူး ရဲဘော်(ဦး)အုံးမြိုင်က အလုပ်ကိစ္စတခု ရှိတာနဲ့ ဗဟိုစခန်းဘက်ကို တယောက်တည်း ထွက်လာခဲ့တယ်။ ရဲဘော်အုန်းမြိုင်ဆိုတာ အရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်း ဆက်ဆန်ရေးကောင်းတယ်။ မြို့နယ်ကော်မတီအ ဆင့်ကေဒါပါ။ သူ့ဌာနမှာ ကင်းတပ်လည်း ရှိတယ်။ အချုပ်ထောင်လည်း ရှိတယ်။ စကား ပြောဆိုရာမှာ အလွန်ယဉ်ကျေးသိမ်မွေ့တယ်။ ရွှေမန်းသူရွှေမန်းသားများ လိုပါပဲ။

ဗဟိုစခန်းကို သွားမယ်ဆိုရင် သူ့စခန်းကို ဖြတ်ရပါတယ်။ ဖြတ်တဲ့အခါ ဘယ် လောက်ကြီးတဲ့ ခေါင်းဆောင်ပဲဖြစ်ဖြစ် စည်းကမ်းအရ ထောက်ခံစာ ပြရမယ်။ တစုံတရာ သံသယရှိရင် ချက်ချင်းဖမ်းချုပ်နိုင်တဲ့ အခွင့်အာဏာလည်း ရှိသတဲ့။

ဗဟိုစခန်းနဲ့ မနီးမဝေးနေရာကို ရောက်တော့ လယ်ကွက်ထဲမှာ လူတယောက် ဟိုသွားလိုက် ဒီသွားလိုက် လုပ်နေတာတွေ့ရတယ်။ ဒါနဲ့ ဦးအုံးမြိုင်က အဲဒီလူကို ဂရုစိုက် ကြည့်နေမိတယ်။ အဲဒီလူက အသက် ၄၀ ဝန်းကျင်လောက်။ ထောင် ထောင် မောင်းမောင်းနဲ့ ခမောက်ကြီးကို ဆောင်းလို့။ ဝတ်ထားတဲ့ ဖျင်ရှပ်လက်တိုကလည်း ပခုံးကပြဲနေတယ်။

"ဦးကြီးဘာလုပ်နေတာလဲ။ ဘယ်ရွာကလဲ"

"ဟိုရွာကပါ" အဲဒီလူကြီးက ပြုံးပြီး ဗဟိုစခန်းဘေးက ဘုရားတောင်၊ ပိုတက် ရွာကို လက်ညှိုးထိုးပြ လိုက်တယ်။

ဦးအုံးမြိုင်က ဒီလူကြီးရဲ့အဖြေကို မကြိုက်ပါဘူး။ ဘာလုပ်နေတာကို မဖြေဘဲ "ဟိုရွာ ကပါ"တဲ့။ စိတ်ထဲမှာလည်း တမျိုးဖြစ်လာတယ်။ ဒါကြောင့် အသံခပ်မာမာနဲ့ "ဒီမှာ ဦးကြီးလာပါ။ ကျွန်တော်နဲ့ လိုက်ခဲ့ပါ"လို့ ခေါ်လိုက်တော့ ဟိုလူကြီးက ဦးအုံးမြိုင်ကို တချက်ကြည့်လိုက်ပြီး ခေါ်တဲ့ဆီကို အေးအေးဆေးဆေးပဲ လိုက်လာပါတယ်။

ဦးအုံးမြိုင်က ဗဟိုကင်းတပ်နားရောက်လာတော့ စည်းကမ်းအရ ဗဟိုကိုလာ သူတိုင်း ပါလာတဲ့လက်နက်ကို ကင်းတပ်မှာ အပ်ခဲ့ရပါတယ်။ လက်နက်လည်း အပ်ပြီး ဟိုလူကြီးဟာ ဒီရွာက ဟုတ်မဟုတ် ကင်းတပ်က ရဲဘော်တွေ သိရမယ်။ ကဲ ... ဘာတုန်း ဆိုတာလည်း ရှင်းသွား အောင်ပေါ့လို့ စဉ်းစားပြီး ကင်းတပ်ထဲကို ခေါ်ခဲ့တယ်တဲ့။

ဦးအုံးမြိုင်တို့ အထဲကိုလည်း ရောက်ရော ... ရဲဘော်တွေက 'ဝုန်း'ကနဲထပြီး အလေးပြုလိုက်သတဲ့။ ပြီးတော့–

"ဥက္ကဋ္ဌကြီး ဘယ်ကလာတာလဲ" "ဥက္ကဋ္ဌကြီး ဘယ်လိုဖြစ်တာလဲ"လို့ ရဲဘော် တွေက မေးကြတော့တယ်။

ဦးအုံးမြိုင်ဟာ ရင်ထဲဒိတ်ကနဲ ဖြစ်သွားပြီး "ဟိုက်–ငါတော့ လူမှားပြီ။ ငါတော့ ဒုက္ခပါပဲ"လို့စိုးရိမ်တကြီး ဖြစ်သွားပြီး ဦးအုံးမြိုင်ကပဲ အဖြစ်အပျက်အလုံးစုံကို အရင် ပြောပြကာ ဥက္ကဋ္ဌကြီးကို တောင်းပန်ပါတော့တယ်။ ငယ်ရွယ်တဲ့ ရဲဘော်တချို့ကလည်း ဦးအုံးမြိုင်ကို စိတ်ဆိုး ကြတယ်။ ဝေဖန်ကြတယ်။

ဒါကြောင့်ဥက္ကဋ္ဌကြီးက "ရဲဘော်တို့ စိတ်မဆိုးကြပါနဲ့။ ဒီရဲဘော်ကြီးက ကျွန်တော့် ကိုမှ မသိဘဲနဲ့။ အဲတော့ သံသယဖြစ်စရာ ကောင်းတဲ့လူတွေ့ရင် အသိရှိစွာ အခုလိုတာဝန် ယူတယ်ဆိုတာ အလွန်ကောင်းတဲ့ လုပ်ဟန်တခုပါ။ ဒီရဲဘော်ကြီးကို စိတ်ဆိုးရမှာ မဟုတ်ပါဘူး။ ချီးကျူးရမှာပါ"

ရဲဘော်ဦးအုံးမြိုင်ကိုလည်း ပြုံးကြည့်ပြီး "ရဲဘော်ကျွန်တော့်ကို တောင်းပန်စရာ မလိုပါဘူး။ ရဲဘော်ရဲ့လုပ်ရပ်ကို ကျွန်တော် လေးစားပါတယ်။ ချီးကျူးပါတယ်"လို့ ပြောလိုက် ပါတယ်တဲ့။

ဒီဖြစ်ရပ်ကို ကြားရတော့ "ဩော် ... ငါတို့ခေါင်းဆောင်ကြီးတွေရဲ့ မိမိလက်အောက်က ရဲဘော်တွေရဲ့ လုပ်ငန်းတာဝန်အပေါ် လေးစားမှုစိတ်ဓာတ်ဟာ အင်မတန် အတုယူစရာ၊ လေးစားစရာ ကောင်းပါလား။ ငါတို့အားလုံးဟာ ဒီလိုပြည့်ဝအောင် အများကြီး ကြိုးစား ရဦးမယ်"လို့ ခံယူမိပါတယ်။

အလျဉ်းသင့်လို့ ပါတီတွင်း ဆက်ဆံရေးကိုလည်း ပြောပြချင်ပါတယ်။ ကျွန်မ တို့ပါတီ ထဲမှာရှိတဲ့ ခေါင်းဆောင်ကြီးတွေ အားလုံးဟာ ရဲဘော်တွေနဲ့ စကားပြောရင် ခင်ဗျားနဲ့ ကျွန်တော် ပဲ ပြောကြပါတယ်။ အလွန်မတန် ယဉ်ကျေးသိမ်မွေ့ပြီး အတုယူစရာ ကောင်းပါ တယ်။ ကျွန်မ တော်လှန်ရေးထဲ ရောက်လာပြီး ထိပ်ပိုင်းခေါင်းဆောင်ကြီး (P. B)အားလုံး လောက်နီးပါးကို တွေ့ဖူးမြင်ဖူး စကားပြောခွင့်ကြုံခဲ့ဖူးပါတယ်။ အားလုံးဟာ အလွန် အင်မတန် ယဉ်ကျေးသိမ်မွေ့တယ်။ အဲဒီအချိန်က ကျွန်မဟာ သူတို့ရဲ့ သားသမီးအရွယ်လောက်သာ ရှိတာပါ။ ကျွန်မတို့တာဝန်တွေကို မေးပြီး(ဒေသလုပ်ငန်းဆိုင်ရာ၊ ယဉ်ကျေးမှု လုပ် ငန်းဆိုင်ရာ စတာတွေကို) လေ့လာပါတယ်။ ဘာတွေ အခက်အခဲ ရှိတယ်ဆိုတာတွေကို စုံနေအောင် မေးပါတယ်။ ပြောတဲ့စကားတိုင်းဟာ လေးနက်ပါတယ်။ ကျွန်မတို့ဟာ ပထမ အကြောင်း မသိခင်က ခေါင်းဆောင်ကြီးတွေနဲ့တွေ့ရမှာ အလွန်ကြောက်ပါတယ်။ အဲလို တွေ့ဖူးပြီး နောက်ကျတော့ ကြောက်စိတ်လုံးဝမရှိတော့ပဲ၊ ဒီလိုတွေ့ရတာ မိမိအတွက် အားသစ်တွေ ဖြည့်စွမ်းပေးသလို ခံစားရပါတယ်။

## ရန်သူတွေကို တွန်းလှန်ဖို့ရာ ညီညီညာညာ အားကုန်ဆင်နွှဲပါ

ကျွန်မတို့ ဗဟိုရောက်သွားပြီးနောက် ဗဟိုက စည်းရုံးရေးအရ တောင်းယူလိုက်တဲ့ ရဲဘော် အားလုံးလည်း စုံပြီမို့ "ဗဟိုပြည်သူ့သဘင်"ဝါဒဖြန့်ချိရေးအဖွဲ့ကြီးကို အောင်မြင်စွာ ဖွဲ့စည်း လိုက်ပါတယ်။ ဒီအချိန်က ဝါဒဖြန့်ချိရေးလုပ်ငန်း၊ အနုပညာလုပ်ငန်းဆိုင်ရာ တာဝန် တခုလုံးကို သခင်သန်းမြိုင်(P. B)က တာဝန်ယူပါတယ်။

ဒီတုန်းက ပါတီဥက္ကဋ္ဌကြီး(ရဲဘော်သခင်သန်းထွန်း)နဲ့အတူ အထက်ဗမာပြည် ကွန်ဖရင့်ကို လိုက်သွားရပြီး ပြန်ရောက်လာတာ လအချို့ပဲ ရှိသေးတဲ့ ရဲဘော်(ဦး)ရွှေမှည့်ကို "ပြည်သူ့သဘင်" အဖွဲ့ကြီးမှာ နံပါတ် ၁ တာဝန်ခံအဖြစ် ထားပြီး နိုင်ငံရေးမှူးတာဝန်ကိုလည်း ထမ်းဆောင်စေပါတယ်။

ဦးရွှေမှည့်+ဇနီးဒေါ်နွယ်နွယ်–သူတို့နှစ်ဦးလုံးဟာ မြစ်ဝကျွန်းပေါ်က ဖြစ်တယ်။ နှစ်ယောက်စလုံး အနုပညာဘက်မှာ ဝါသနာတူခြင်းဖြစ်ကြပြီး ရဲဘော်များနဲ့လည်း ဆက်ဆံ ရေးကောင်းမွန်ကြသူတွေ ဖြစ်ပါတယ်။ ဆို၊ ရေး၊ တီးပညာကို တတ်ကျွမ်းပြီး အဆိုပညာမှာ အသံကောင်းသလောက် သီချင်းကြီးသီချင်းခံများကို စနစ်တကျ သီဆိုနိုင်သူ ဖြစ်တယ်။ အတီးပညာနဲ့ ပတ်သက်ရင်လည်း ဗမာဆိုင်းဝိုင်းကြီးကို ကျွမ်းကျင်စွာ တီးခတ်နိုင်တဲ့အပြင် ဂီတဘက်ဆိုင်ရာတွင်လည်း အားလုံးကို ကျွမ်းကျင်စွာ တီးမှုတ်နိုင်ရုံမက ဂီတသင်္ကေတများ၊ နိုင်ငံတကာဆိုင်ရာ ဂီတသင်္ကေတများကိုပါ တတ်ကျွမ်းတဲ့အတွက် ဂီတစာဆိုတဦးအနေနဲ့ လည်း ပါတီထဲမှာ အခြေအနေ(လမ်းစဉ်၊ ပေါ်လစီ)တခု ပြောင်းရင် ပြောင်း သလို လိုအပ်တဲ့ သီချင်းများ၊ ပြဇာတ်များနဲ့ အငြိမ့်များအတွက် သီချင်း အမြောက်အမြား ကိုလည်း ရေးစပ် သီကုံးခဲ့တယ်။

အထူးသဖြင့် အောင်မြင်ကျော်ကြားခဲ့တာက "လှောင်ချိုင့်ထဲက ငှက်ငယ်မ" သီချင်းရယ်၊ ဒီသီချင်းဟာ ၁၉၄၉ ခုနှစ်များမှာ ဗဟိုပြည်သူ့အသံ(အဲဒီတုန်းက လွတ်မြောက် ရေး အခြေခံဒေသ အတွင်းရှိ အသံလွှင့်ဌာန)က အသံလွှင့်ထုတ်ခဲ့တဲ့ နာမည်ကြီး သီချင်းတပုဒ် ဖြစ်ပါတယ်။ နောက်တခုက "မွေးမိခင်"ဆိုမူဟန်သဘင်မှာ အစကအဆုံးအထိ သီချင်းများ အားလုံး(တနာရီတိတိ သီဆိုတီးမှုတ်ပြီး ဇာတ်လမ်းကို ဖော်ပြသွားတဲ့ ပြဇာတ်)ကို ရေးစပ် သီကုံးခဲ့ခြင်းဖြစ်ပါတယ်။ ဒီမွေးမိခင်ပြဇာတ် (ဆိုမူဟန်သဘင်)ဟာ လူထုအားပေးမှု အခံ ရဆုံး၊ အောင်မြင်မှုအကြီးဆုံးဖြစ်ပါတယ်။ တောရောမြို့ပါ ပြည်သူတရပ်လုံးက နှစ်သက်လက်ခံ အားပေးကြပါတယ်။

အရှေ့မြောက် နယ်စပ်အခြေခံဒေသ ပေါ်ပေါက်လာတော့လည်း ဒီ"မွေးမိခင်"ဆို မူဟန်ပြဇာတ်ကို ဆက်လက်ကပြခဲ့ ပါသေးတယ်။

## လင်းရောင်ခြည် ကြယ်နီအောက်ဝယ်...
## ချစ်တဲ့သူနဲ့ တူယှဉ်ကာရယ်

ဗဟိုစခန်းရောက်ခါစ ...

တနေ့မှာ မမနွယ်(ဒေါ်နွယ်နွယ်)က ပြောလာပါတယ်။

"ကြည်ရေ ... ဒီနေ့နေ့လည် အားတဲ့အချိန် တင်မလေးက သူ့အိမ်ကို အလည် လာ ပါတဲ့။ ခေါ်နေတယ်"

"ဟင် ... မမနွယ်။ တင်မလေးဆိုတာ ဘယ်သူလဲ။ ကြည်လည်းမသိပါလား"

"အေးကွဲ့။ မသိသေးလို့ သိရအောင် မိတ်ဖွဲ့ရအောင် အလည်ခေါ်တာပေါ့။ ဒေါ် တင်မလေးဆိုတာ သခင်တင်ထွန်း(P.B)ရဲ့ ဇနီးလေ။ ဒီစခန်းမှာရှိတဲ့ ခေါင်းဆောင်တွေရဲ့ ဇနီးတွေထဲမှာ အသက်အငယ်ဆုံးပေါ့။ သူက တောခိုလာတာ မကြာသေးဘူးကွဲ့။ အဲဒါ လာဖြစ်အောင် လာလည်ပါ။ စောင့်နေမယ်တဲ့"

"ဩော် ... ဩော် ... ဒီလိုလား ... ဒီလိုဆို နေ့လည်အားတဲ့အချိန် သွားလည်တာ ပေါ့နော်။ မမနွယ်နဲ့ အတူသွားမယ်နော်"

"အေးပါကွယ် ... ကိုယ်လိုက်ပို့ပေးပါ့မယ်"

ဒီလိုနဲ့ နေ့လည်ရောက်တော့ ကျမနဲ့ မမနွယ် နှစ်ယောက်သား ကလေး (မမ နွယ်ရဲ့ သမီးဦးလေး–ခင်အုန်းမြင့်)အိပ်ချိန် ဒေါ်တင်မလေးအိမ်ကို အလည်သွားကြပါတယ်။

အိမ်ရောက်တော့ အသင့်စောင့်နေတဲ့ ဒေါ်တင်မလေးကို တွေ့ရပါတယ်။ သခင် တင်ထွန်းက အစည်းအဝေးသွားနေတယ်။ သူတယောက်ထဲရယ် ... တဲ့။ မမနွယ်ကတော့ သမီးလေးအိပ်ချိန် အဝတ်တွေ လျှော်ရမှာရှိလို့ဆိုပြီး ဒေါ်တင်မလေးကို တောင်းပန်ပြီး ပြန်သွားပါတယ်။

ဒေါ်တင်မလေးဟာ အသားကဝင်းပြီး ကြည်နေပါတယ်။ မျက်လုံးမျက်ခုံးကောင်း ကောင်း၊ နှာတံပေါ်ပေါ်နဲ့ အရပ်က မနိမ့်မမြင့် ကိုယ်ဟန်အနေအထားလှတဲ့ ရွှေဘိုသူ တ ယောက်ဖြစ်ပါတယ်။

ခေတ်ဆန်တယ်၊ သွက်လက်ချက်ချာပြီး ဟန်မလုပ်၊ ပွင့်လင်းတယ်။ စကားပြောရင် သူ့ကိုယ်သူ'မ'ကလေ၊ 'မ'ကလေလို့ ပြောတတ်တယ်။ ဖော်ရွေပျူငှာပြီး ဆက်ဆံရေး အလွန် ကောင်းသူဖြစ်ပါတယ်။

တလောက "အောက်တိုဘာတော်လှန်ရေးနေ့ အထိမ်းအမှတ်"စခန်းတွင်း ပွဲက, တော့ သူတို့လည်းလာကြည့်တယ်။ အဲဒီညတုန်းက ကပြတဲ့ 'ချစ်ပန်းနှစ်ခိုင်' ပြဇာတ်ကို ကြည့်ပြီး သူသိပ်ကြိုက်တဲ့အကြောင်း၊ ဇာတ်လမ်းထဲမှာ 'မြင့်'အဖြစ်သရုပ်ဆောင်တဲ့ ကျွန်မ ကိုလည်း မြင်မြင်ချင်း ချစ်ခင်မိတယ်။ ဒါကြောင့် ဒီနေ့ အလည်ခေါ်ပြီး မိတ်ဆွေဖွဲ့တာ၊ ကိုယ့် ရဲဘော်အချင်းချင်းပဲ ရင်းရင်းနှီးနှီးညီအစ်မလို သဘောထားစေလိုကြောင်း ပြောပြပါတယ်။

(အဲဒီချစ်ပိုင်းနှစ်ခိုင် ဇာတ်လမ်းက မိန်းကလေးတယောက်ထဲကို စစ်ဗိုလ်သူငယ် ချင်း နှစ်ယောက်က မေတ္တာရှိပြီး ချစ်မေတ္တာကို ရရှိရေး၊ ဝိုင်းကြိုးစားနေချိန်၊ တယောက်က ပြည်သူဘက်က ရပ်တည်ပြီးတောခိုသွားတယ်။ အဲဒီစစ်ဗိုလ်က တောထဲကနေပြီး ဒုက္ခပေါင်းစုံ ခံစားနေရတဲ့ ပြည်သူတွေရဲ့ဘဝကို မီးမောင်းထိုးပြပြီး ပြဇာတ်ထဲမှာလည်း အဲဒီအခန်းကို ရှဲဒိုးဆင်း (shadow scene)နဲ့ပြရင်း အဖိနှိပ်ခံ ပြည်သူတွေရဲ့ ဘဝလွတ်မြောက်ရေးအတွက် ချစ်သူနှစ်ဦးအတူယှဉ်ပြီး တာဝန်တွေ ထမ်းဆောင်ရအောင် သူ့ရဲ့ချစ်မေတ္တာကို လက်ခံပြီး တောထဲကို လိုက်လာဖို့ စာရေးခေါ်တော့ မိန်းကလေး  လက်ခံပြီး တောခိုသွားတာ။) သူ့ရဲ့ ဘဝနဲ့ တော်တော်တူတာမို့ သဘောကျ နှစ်သက် ကြောင်း။ မတူတဲ့အချက်က ဇာတ်လမ်း ထဲမှာက နှစ်ယောက်ပြိုင် ဝိုင်းကြိုးစားကြတာ။ သူ့မှာတော့ "မနဲ့မောင်နဲ့က ချစ်သူဖြစ် နေတာက ကြာလှပြီ၊ ဂျပန်ခေတ်ကတည်းက ချစ်သူဖြစ်နေတာ"လို့ သူကပြောပြတယ်။

ပြီးတော့ "လှောင်ချိုင့်ထဲက ငှက်ငယ်မသီချင်းကိုလည်း သိပ်ကြိုက်တယ်။ သူလည်း ဆိုကြည့်ချင်တယ်။ ကျွန်မ ရ,ရင်သူ့ကို သင်ပေးပါ"

လို့တောင်းဆိုတယ်။ အဲဒီ အချိန်က ကျွန်မက ဒီသီချင်းကို ပိုင်ပိုင်နိုင်နိုင် မဆိုတတ်သေးဘူး။ "ကျွန်မ ဦးလေးဆီမှာ ဒီသီချင်း ကောင်းကောင်း သင်ဦးမယ်။ ရရင် ထပ်တခါလာပြီးသင်ပေးပါ့မယ်"လို့ ကတိပေးခဲ့ ပါတယ်။

### လှောင်ချိုင့်ထဲက ငှက်ငယ်မ သီချင်း

***× ×(လှောင်ချိုင့်ထဲ…က ငှက်ငယ်မနဲ့ အလားသဏ္ဍာန်တူတယ်… ရန်သူမြေဝယ်… ချစ်သူ့ရှေ့ရေး…တွေး…မိပါသလား…ကွယ် × × ×မေးပါရစေတကယ်…တွေး…ဆဖို့ မေရယ်… ရေရေလည်လည် ၊ မသိရင် မောင့်စကား…စဉ်းစားပါလား…ကွယ်)၂× × ×***

***× ×(အရင်းရှင်×မြေရှင်အပေါင်းတို့…သောင်းကျန်းတဲ့…နေရာဝယ်…ပြည်သူအများ ခံစားရ တယ်…ဒုက္ခအပေါင်းနဲ့…ဝန်းရံကာ ချယ်…အထူးသဖြင့် သာလို့ဆိုးတယ်…အမျိုးသမီးများအပေါ် ချုပ်ချယ်ပုံရယ် ငွေဝယ်ကျွန်သဖွယ်…အမြှောင်စနစ်ကြောင့် ရေတိမ်နစ်ရှာတယ်)၂အမှန်ပင် အလုပ်သမား လူလတ်တန်း စားများအပေါ်ဝယ်× × ×နှောင်ကြိုးအထပ်ထပ် နဲ့…ရစ်ပတ်ကာခြယ်လှယ်…အလင်း ရောင်ပိတ်ဖုံးလို့ × × ×ဆိတ်သုဉ်းခဲ့ပြီကွယ်။***

× × ***×(မလွတ်လပ်တဲ့ မယ်တို့ဆီဝယ်×မောင်မပျော်တယ်၊ ဒုက္ခဘုံရဲ မဆွဲသင့်ပါတယ်×ချစ်သူအတွက်မို့ × မောင်ကတော့ ပူပန်တယ်×လှောင်ချိုင့်ထဲက…ငှက်ငယ်မ ပျိုရယ်…လွတ်လပ်တဲ့မောင်တို့ ဆီဝယ်…အလွန်သာယာတယ်…လူ့ဘဝ အခွင့်အရေးနဲ့ အေးချမ်းပြည့်စုံတယ်…ချစ်သူသက်လယ် မြင်စမ်းစေချင်ပါတယ်×အမှောင်နဲ့အလင်းကို ရှင်းကာ သိနိုင်ဖွယ်×ရန်သူတွေကို တွန်းလှန်ဖို့ရယ်… တာဝန်တွေဟာ မောင့်မှာ ကျန်သေးတယ်… ချစ်သူမေပျို…လွမ်း…ရင်…လှမ်းကာ မောင့်ထံလာ…ခဲ့…ကွယ်။***

***(ပြည်သူ့အခွင့်အရေး လွတ်လပ်ရေးနဲ့ ငြိမ်းချမ်းစေဖွယ်၊ နယ်ချဲ့စစ်ဘီလူး×ခွေးရူးမိုက်ကို တိုက်ထုတ်ကရယ်…ဒီမိုကရေစီတော်လှန်ရေးအတွက် (သွေးနဲ့ရင်းလို့/အသက်နဲ့လဲလို့) မောင်ထူထောင်ရမယ်)၂ လင်းရောင်ခြည်…ကြယ်နီအောက်ဝယ်…ချစ်တဲ့သူနဲ့ တူယှဉ်ကာရယ်… တာဝန်တွေ…ကို × ထမ်းဆောင်ပါလား… ချစ်တဲ့သူလေးရယ်…လှောင်ချိုင့်ထဲက × × ×ထွက်ကာလာခဲ့…ကွယ်…။***

(ပြန်ကောက်)… ***မလွတ်လပ်တဲ့ မယ်တို့ဆီဝယ်… … … … မောင့်ထံလာ…ခဲ့…ကွယ်။***

သီချင်းကတော့ ရပါပြီ။ ဒါကြောင့် ဒေါ်တင်မလေးဆီ အလည်သွားပြီး သီချင်းတက် ပေးပါတယ်။ မ–ကလည်းစိတ်ဝင်စားတာမို့ မကြာခင်ရသွားပါတယ်။ သီချင်းကို အတူဆိုပြီးနား လိုက်တော့ သူကပြောပါတယ်။ ဒီသီချင်းဟာ သူ့ဘဝ အလှည့်အပြောင်းကို တွန်းဆော်ပေးခဲ့တာဖြစ်လို့ သူပိုပြီး နှစ်သက်တဲ့အကြောင်းပြောပြပါတယ်။ ကိုယ့်ချစ်သူ ကိုလည်း မခွဲနိုင်ဘူး။ ဒါကြောင့် "တူနှစ်ကိုယ် တဲအိုပျက်မှာ နေရနေရ–ရွှေဘုံပေါ်မှာ စံရစံရ၊ ချစ်တာပဓာန"လို့ ခံယူပြီး မိဘတွေမသိအောင် ခိုးထွက်ပြေးလာတာ ဖြစ်တဲ့အကြောင်း ရယ်စရာလေးတွေနှောပြီး ပြောပါတယ်။ အဲဒီလို စကားကောင်းနေတုန်း ဖြူန်းကနဲ သခင် တင်ထွန်း ပြန်ရောက်လာလို့ ကျွန်မလည်း အားနာတာနဲ့ ပြန်တော့မယ်လို့ နှုတ်ဆက်တဲ့အခါ ထမင်းစားပြီးမှ ပြန်ဖို့ သူတို့နှစ်ဦးလုံးက အတင်းတားပါတယ်။ နောက်ဆုံးငြင်းမရတာနဲ့ ထမင်းအတူ စားရပါတယ်။

"ကြည်ရေ … ဟင်းကတော့ မကောင်းဘူးနော်။ အားနာပါတယ်ကွယ်"

"အို … အားနာစရာ မရှိပါဘူး မ–ရယ်။ အားလုံးအတူတူ ဘုံရိက္ခာရုံက စားကြ တာပဲ"

ဟုတ်ပါတယ်။ ကျွန်မတို့အားလုံးဟာ ဘုံရိက္ခာရုံတခုတည်းက ယူစားတာမို့ ဘယ်အိမ်ပ`ဖြစ်ဖြစ် ဟင်းကတော့ အတူတူပါပဲ။ အိမ်က သီးသန့်ချက်တဲ့ဟင်းရယ်လို့ မရှိပါ။ အလွန်ဆုံးရှိရင် ငရုတ်သီးထောင်း၊ ပဲပုပ်ထောင်း၊ ချဉ်ပေါင်သီးထောင်း။ တခါတရံ အသီးအရွက် ဘာမှမရှိရင် ရိက္ခာရုံက ရတဲ့ ကျောက်ဖရုံသီးဟင်းထဲက ကျောက်ဖရုံသီးအဖတ်ကို ဆယ်ပြီး ငရုတ်သီးနဲ့ထောင်းစားရတာ အလွန်ကောင်းပါတယ်။ အဲဒီနေ့က ရိက္ခာရုံမှ ဟင်းက ကျောက် ဖရုံသီးပါ။ (ဒါဟာ ဟင်းကောင်းထဲ ပါပါတယ်။) ရိက္ခာရုံဟင်းရဲ့ အမြဲတမ်းဇာတ်လိုက်က တော့ 'မျှစ်'ပါ။ ကျောက်ဖရုံသီးဟင်းနဲ့ လိုက်ဖက်ညီအောင် မ–က ပဲပုပ်ထောင်းထား ပါတယ်။ စားလို့ တော်တော် ကောင်းပါတယ်။

သခင်တင်ထွန်းဟာ လူအေးတယောက်ဖြစ်ပေမယ့် လူမှုဆက်ဆံရေး တော်တော် ကောင်းပါတယ်။ ထမင်းစားရင်း စကား ကောင်းနေပါတယ်။ ကျမရဲ့ ဇာတိကို မေးလို့ ပြော ပြတော့ "သြော် … လက်စသတ်တော့ ကျနော်တို့ တမြို့တည်းသားချင်းပဲ"လို့ ဝမ်းသာ အားရပြောပြီး "ကျနော့်ကို မြင်ဖူးသလား"လို့ မေးပါတယ်။ ကျွန်မက သခင်တရားပွဲတိုင်းမှာ တရားဟောတာ ခဏခဏမြင်ဖူးကြောင်း ပြောပြတော့"သြော် … သြော် … ဟုတ်တာပေါ့"တဲ့။

ကျမအဲဒီက ပြန်လာပြီး ဒီနေ့အထိ မမေ့နိုင်ပဲဖြစ်ခဲ့ရတဲ့ အမှတ်ထင်ထင် မြင်ကွင်း လေးကတော့ အဲဒီက ထမင်းစားရင်း ဖြစ်ခဲ့ရတဲ့ ဖြစ်ရပ်လေးပါပဲ။ ဖြစ်ပုံက ဒီလိုပါ။ ထမင်းစားတဲ့အခါ ဒေါ်တင်မလေး ထောင်းထားတဲ့ ပဲပုပ်ထောင်းကို စားရင်း သခင်တင်ထွန်းက ငရုတ်သီးအစပ်မစားနိုင်ပဲ မျက်နှာတခုလုံးနီနေပြီး တရှူးရှူးတရှဲရှဲနဲ့ ဖြစ်နေတာကို မြင်ရတဲ့ ဒေါ်တင်မလေးက မျက်စိပျက်မျက်နှာပျက်ဖြစ်ကာ ရေခပ်ပေး၊ သ ကြား သွားရှာပေး၊ ပြီးတော့ ပါးစပ်ကလည်း ဖြစ်ရလေ … မောင်ရယ်… မ,လေ … ငရုတ် သီးကို နည်းနည်းပဲ ထည့်ထားတာ။ မ … စိတ်မကောင်းပါဘူးကွယ်"

"ကိစ္စမရှိပါဘူးမ,ရယ် … ခဏနေ ကောင်းသွားမှာပါ။ ဒီလိုပဲ တဖြည်းဖြည်း လေ့ကျင့်ယူ ရမှာပေါ့ကွယ် … လာ … လာ … ထမင်း စားပါတော့ … ရပါပြီ"

ဇနီးမောင်နှံနှစ်ယောက် အပြန်အလှန် ကြင်နာယုယစွာ နှစ်သိမ့်အားပေးရင်း ပြီးသွားခဲ့တဲ့ ထမင်းဝိုင်းလေးကတော့ အမှတ် ထင်ထင်ပါ။

## ခေါင်းဆောင်ကြီးက ညီလာခံမှာ အဲဒီစကားကို မိန့်ကြားသည်<br>အခြေအနေဟောင်းကို ခုပြောင်းမည်(၂)နှစ်အတွင်းမှာ နိုင်ဖို့ရည်

၂ နှစ်အတွင်း စစ်နိုင်ရေးဆိုတဲ့ လမ်းစဉ်အရ ရဲဘော်တွေ လှုပ်ရှားမှုဟာ တက်ကြွ ညီညာပြီး အားမာန်အပြည့်ရှိလှတယ်။

ကျွန်မတို့ ပြည်သူ့သဘင် အဖွဲ့ကြီးကိုလည်း အဆိုအက(အခြေခံ)သင်တန်း ဖလ ဖွင့်လှစ် သင်ကြား လေ့ကျင့်ပေးပါတယ်။ သင်တန်းဆရာကတော့ မူလက အလယ်ပိုင်းတိုင်း ဝါဒဖြန့်ချိရေးအဖွဲ့ ခေါင်းဆောင် ရဲဘော်(ဦး)ကြွယ်ဖြစ်ပါတယ်။

ဦးကြွယ်ဟာ အဆိုအကနဲ့ ပတ်သက်လို့ ပညာစုံတတ်ကျွမ်းသူတဦး ဖြစ်ပါတယ်။ ရုပ်ရည်လည်း ချောမောလှပပြီး၊ သူ့ရဲ့ဇနီး ဒေါ်နှင်းဟာလည်း

ချောမောလှပသူ ဖြစ်ပါတယ်။ သူတို့ နှစ်ဦးလုံး ဆက်ဆံရေးကောင်းမွန်ပြီး သဘောထားပြည့်ဝသူများပါ။ သားသမီး မရှိသူ များပီပီ ရဲဘော်တိုင်းကို သား–သမီးနဲ့ခေါ်ပြီး၊ မရှိ–ရှိတာလေးကို စေတနာအပြည့်အဝနဲ့ ကျွေးမွေးတတ် ပါတယ်။ ရဲဘော်တွေကလည်း "အဖေ–အမေ" လို့ပဲ ခေါ်ကြပါတယ်။ ကျွန်မ တို့အဖွဲ့ရဲ့ နံပါတ် ၃ တာဝန်ခံ ခေါင်းဆောင်တဦးလည်းဖြစ်ပါတယ်။

အဆိုအက သင်တန်းပြီးတော့ "အတီး"သင်တန်းဆက်ပါတယ်။ သင်တန်းဆရာ ကတော့ ဂီတမှူးဦးရွှေမှည့်ပါ။ ဂီတအခြေခံ ထံတျာတေရှင်ကို စနစ်တကျ သင်ပေးပါတယ်။ ကျွန်မတို့ ဇနီး မောင်နှံ နှစ်ယောက်လုံး ဒီသင်တန်းကို တက်ပါတယ်။ ဦးလေး(ဦးရွှေမှည့်)က ကျွန်မကို ဗမာဂီတာကို သင်စေချင်ပါတယ်။ ကျွန်မက ဂီတာကို မကြိုက်ပါ။ ဒုံမင်းကိုပဲ နှစ် သက် တယ်။ ဒါကြောင့် ဒုံမင်းကို သင်ပါတယ်။ အသံဆိုင်ရာ ဗမာအသံ၊ အနောက်တိုင်းဆိုင်ရာ အခေါ်အဝေါ်သင်္ကေတ ဒို–ရေ–မီ–ဖာ ကိုပါ အားလုံးသင်ရပါတယ်။ ကျွန်မဟာ သီချင်း တပုဒ် စ နှစ်ပုဒ်စ(တွဲလုံးမများဘဲ) နည်းနည်းပါးပါး တီးတတ်လာပါပြီ။

ဒီအချိန်"အရေးကောင်း–ဒိန်းဒေါင်းဖျက်တယ်"ဆိုသလိုပဲ ကျွန်မ ကျန်းမာရေးက ချို့ယွင်းလာပါတယ်။ ငှက်ဖျားရောဂါဟာ ၁၉၅၀ ခုနှစ်က စပြီးဖြစ်လာခဲ့တာ။ ကျွန်မနဲ့အတူ ရဲဘော် ၅ ယောက် ဆေးရုံတက် ကုသကြရတယ်။ ကျန်ရဲဘော်များ ဆေးရုံမှာ ကွယ်လွန် သွားခဲ့ရတယ်။ ကျွန်မတယောက်ပဲ မသေဘဲ ကျန်ခဲ့တယ်။ ငှက်ဖျားဆိုးမို့ နေ့စဉ်အဖျား တက်ရင် အပူချိန် ၁၀၄ ဖာရင်းဟိုက် အထက်မှာ ရှိပါတယ်။ အဖျားတက်ရင် သတိလစ်တာ များပါတယ်။ ရောဂါပြင်းထန်လို့ ခရိုင်ဆေးရုံကို တက်ခဲ့ရပါတယ်။ ဒီလိုနဲ့ အတီးသင်တန်း ဟာလည်း ပြီးဆုံးသွားပါပြီ။ ကျွန်မကတော့ ငှက်ဖျားနဲ့ နပန်းလုံးကောင်းတုန်း ရှိပါသေးတယ်။ မက်ပါကရင်စား၊ ကွီနိုင်ထိုးနဲ့ လအချို့ ကုရပါတယ်။ နေကောင်းလို့ ဆေးရုံကဆင်းလာတော့ အတီးသင်တန်းပြီးသွားလို့ မသင်လိုက်ရတဲ့ကျွန်မကို စိတ်အားမငယ်ဖို့ ဦးလေး(ဦးရွှေမှည့်)က အားပေးပါတယ်။ သင်တန်းမှာ သိပ်အားမရသေးတဲ့ ရဲဘော်အချို့ကို ပြန်ပြီးမွမ်းမံ သင်တန်း ဖွင့်ဦးမှာမို့ ဒီအချိန်ကျွန်မလည်း ပါဝင်တက်ရောက်ဖို့ ပြောပါတယ်။

၂ နှစ်အတွင်း စစ်နိုင်ရေးကာလမှာ အခြေအနေနှင့်လည်း ကိုက်ညီပြီး ခေတ်စား နေတဲ့ သီချင်းတပုဒ်ရှိပါတယ်။ ဒီသီချင်းဟာ ညှော့ခံတီးဝိုင်းတိုင်းမှာ မပါရင်မပြီး ဖြစ်ပြီး လူကြီး လူငယ်မရွေး ကြိုက်နှစ်သက်ကြပါတယ်။ ဒီသီချင်းကတော့ ဥက္ကဋ္ဌကြီးနဲ့အတူ ဦးလေး အထက်ဗမာပြည် ကွန်ဖရင့်ကို လိုက်သွားပြီး ကွန်ဖရင့်တက်ရင်း ရေးစပ်သီကုံးခဲ့တဲ့ သီချင်း များ အနက် တပုဒ်အပါအဝင် ဖြစ်ပါတယ်။

ဒီနေ့တော့ ကျွန်မဟာ နံနက်ပိုင်း နိုင်ငံရေးသင်တန်းပြီးသွားတည်းက သီချင်းသစ် တွေကိုပဲ တက်နေပါတယ်။

### ချွေးထွက်များရင် သွေးထွက်နည်းမည် (သီချင်း)

× ***× ×(အောင်...စေ× ချင်× သည်၊ စစ်...နိုင်×ချင်×သည်...လူတိုင်း...စိတ်မှာ ×တောင့်×တကြတဲ့×ဆန္ဒ...မှန်ပေသည်)၂× × × (အောင်ပွဲသည်× × ×အောင်ပွဲသည်× × × အလိုအလျောက်တော့ မပေါ်ပေါက်ပြီ...လုပ်နိုင်မှသာ တို့အောင်ရမည်)၂×ခေါင်းဆောင်ကြီး က×ညီလာခံမှာ×အဲဒီစကားကို× မိန့်ကြားသည်× အခြေအနေဟောင်းကို×ခုပြောင်းမည်× (၂)နှစ်အတွင်းမှာ×ခုပြောင်းမည်×ဒီစကားနဲ့ ညီရမည်×သတိထားစရာ×မိန့်ကြားသည်× အလုပ်ခွင်တွင်× အစီအစဉ်ရှိလို့× တိကျစေချင်သည်။ အောင်ပွဲကိုသာ အတည်×ချွေး...ချွေး... ချွေးနဲ့ ကူနိုင်မည်×***

သံပြိုင်***... ညီညွတ်ရေးကို အတည်×မရမနေဘူး×ဆောက်တည်မည်××မြေယာတွေ ချန်မထားပြီ × × အားသွန်လို့ စိုက်ပျိုးမည် × သယ်ယူကာ ×ပို့ဆောင်မည်×ကင်းကိုလည်း စောင့်ပါမည်× × အချိန်ပိုတွေ×တို့မထားပြီ× × × အားသွန်လို့ ဆောင်ရွက်မည်× × သီးနှံခွန်အပြင်... အလှူလည်း ထည့်ကာ...ထောက်ပံ့နိုင်ရမည်× × တပ်မတော်ရဲ့သွေးအပြင် × တို့တတွေ ချွေးနဲ့ အောင်မြင်စေမည်×ပိုပို× ×မိုမို×မခိုကပ်နဲ့×ဖျတ်လတ်စွာ ×ကူညီမှန်သည်...ချွေးထွက်များမှ×သွေးထွက် သက်×သာ...မည်×***

"၂ နှစ်အတွင်း စစ်နိုင်ရေး"ဆိုတာ လမ်းစဉ်မဟုတ်။ အောက်ခြေက နားလည်မှု လွဲကာ'လမ်းစဉ်'လို့သဘောထား လုပ်ဆောင်ခဲ့တာ။ **'လက်ဝဲအရဲစွန့်ဝါ'** ဖြစ်တယ်။ မှားခဲ့ တယ်။ ဒါနဲ့ပတ်သက်လို့ ဥက္ကဋ္ဌသခင်ဗသိန်းတင်ကလည်း "ပြည်သူ့ရဲဘော် ကွန်ဖရင့် လား(သို့) အစည်းအဝေးကြီးတခုခုမှာလား။ မမှတ်မိပါ။ အဲဒီမှာ ဥက္ကဋ္ဌကြီး သခင်သန်းထွန်း က ပြောတာက'၄၈–၄၉ ခုစိတ်ဓာတ်'နဲ့ ရဲဘော်တိုင်းက လုံးပန်းတိုက်ခိုက် ကြမယ် ဆိုရင် ... ၂ နှစ်အတွင်း စစ်အောင်နိုင်တယ်"လို့ ပြောခဲ့ကြောင်း ရှင်းလင်းပြခဲ့ ဖူးတာကိုလည်း မှတ်မိ နေတယ်။

အဲဒီအချိန်က ပါတီဗဟိုက လမ်းစဉ်(သို့)အခြေအနေ တခုပြောင်းရင်၊ ထူးခြားရင် ထူးခြားသလို ဗဟိုဝါဒဖြန့်ချိရေးက ချက်ချင်း သီချင်းရေးစပ်ပြီး ခရိုင်၊ မြို့နယ်၊ ကျေးရွာများ အထိ ဝါဒဖြန့်ပြီး၊ တချို့သီချင်းကို ဗဟိုအသံလွှင့်ဌာနသို့ပို့ပြီး ဝါဒဖြန့်ပါတယ်။ 'လှောင်ချိုင့် ထဲက ငှက်ငယ်မ'သီချင်းဟာ ဒီနည်းနဲ့ ဝါဒဖြန့်ခဲ့တာဖြစ်ပါတယ်။ ဂီတစာဆို ဦးရွှေမှည့်ဖြစ်ပြီး သီဆိုသူကိုတော့ မမှတ်မိတော့ပါ။ အဲဒီကာလတွေတုန်းက အသံလွှင့်အစီအစဉ်များကို ကြေညာသူအဖြစ် တာဝန်ယူနေသူကတော့ ရဲဘော်(မ)မြလေး–ပျဉ်းမနား(ဗိုလ်မျိုးမြင့် အဖြူ ရဲ့ ဇနီး)ဖြစ်ပါတယ်။ နောက်ပိုင်းဆက်ပြီး တာဝန်ယူသူကတော့ မရင်ရင်(မြင်းဖြူရှင်မခင်ညွန့်ရဲ့ ညီမ၊ အသံလွှင့်ဌာန ဗိုလ်လင်းရဲ့ ဇနီး)ဖြစ်ပါတယ်။ ပါတီက ဒီသီချင်းအသံလွှင့်ပြီး မကြာမီ ရန်သူ ဘက်ကလည်း တုံ့ပြန်ဝါဒဖြန့်ပါတယ်။ 'လှောင်ချိုင့်ထဲက ချစ်သူရယ်' တဲ့။ ဂီတစာဆို များနဲ့ သီဆိုသူများကိုတော့ မမှတ်မိတော့ပါ။ နောက်ထပ်လည်း"မောင်လေး–မောင်လေး–ရှောင်မပြေးပါနဲ့"ဆိုတဲ့သီချင်းကို အဆိုတော်ကြီး ဒေါ်မေလှမြိုင်က သီဆိုပြီး တုံ့ပြန်ကာ ရန် သူဘက်က ဝါဒဖြန့်ခဲ့သေးတယ်။

ပါတီရဲ့ အသံလွှင့်စက်ဟာ နောက်ပိုင်းမှာ မလွှင့်နိုင်တော့ဘဲ ပျဉ်းမနားခရိုင် အ တွင်းမှာ စနစ်တကျလျှို့ဝှက် သိမ်းဆည်းထားခဲ့ရတယ်။ ပျဉ်းမနားခရိုင် ပါတီဥက္ကဋ္ဌအဖြစ် ကိုမောင်မောင်(လယ်ဝေး၊ ယခင်က လယ်ဝေးအမတ်)တာဝန်ယူချိန်။ ကိုမောင်မောင်ဟာ အထွေထွေ စိတ်ဓာတ်ကျပြီး ၁၉၅၈ ခုနှစ်မှာ ရန်သူ့ထံလက်နက်ချသွားတယ်။

အဲဒီလို လက်နက်ချတဲ့အခါ ရိုးရိုးလက်နက်ချသွားတာ မဟုတ်ဘဲ၊ ရန်သူကို လမ်း ဖြတ်တိုက်ပွဲ တိုက်မယ်လို့ ခရိုင်ကမိမိတပ်ကို ညာပြီးအမိန့်ချ၊ (လယ်ဝေးမြို့အနီး၊ မြို့မြောက် ဘက် ကြံခင်းနား)အထိခေါ်သွားပြီး ခရိုင်တပ်ကို ကောက်ကျစ်ယုတ်မာစွာ ရန်သူ့ထံ လက် နက်ချခိုင်းပါတယ်။ ဒါနဲ့တင်အားမရသေးပါဘူး။ လျှို့ဝှက်သိမ်းဆည်းထားတဲ့ အသံလွှင့် စက်ကိုပါ ညွှန်ပြ အပ်နှံ သစ္စာဖောက်ခဲ့တယ်။ ရန်သူက တူးဖော်သိမ်းဆည်းသွားပါတယ်။ သူ့ကိုလည်း အထူးအရာရှိ အဖြစ် တာဝန်ပေး ခန့်အပ်ပြီး အချိန်တချိန် မြှောက်စားခဲ့ပါတယ်။

ဒီအချိန် မြို့ပေါ်က တိုးတက်တဲ့ ဂျာနယ်တစောင်မှာ–ငရဲပြည်က ယမမင်းကြီးနဲ့ တွေ့ရတဲ့အခန်း(သရော်စာအခန်း)မှာ"လူ့ ပြည်မှာ

ကောင်းမှုကုသိုလ် ဘာတွေလုပ်ခဲ့ သလဲ'' လို့ ယမမင်းကမေးတော့ ... မောင်မောင်ဆိုလေ ထီးရိုးရှည်ဆိုတဲ့ထိုလူက ''ဒီမိုကရေစီနဲ့ ဖော့ဦးထုပ် လဲခဲ့ပါကြောင်း''ပြန်လျှောက်ထားတယ်လို့ လှောင်ပြောင် ရေးတာကို ဖတ်ခဲ့ တွေ့ခဲ့ရဖူးပါတယ်။

ကျွန်မတို့ ပြည်သူ့သဘင် အဖွဲ့ဟာလည်း လုပ်ငန်းတာဝန်များ ကျေပွန်စွာ ထမ်း ဆောင် နိုင်ရေးအတွက် လိုအပ်တဲ့ ပညာရပ်များ ဖြည့်ဆည်း(ဝမ်းစာ ဖူလုံအောင်) လုပ်ဆောင် နေရပါတယ်။ ဒီအချိန် မိဘပြည်သူများကလည်း ''ပြည်သူ့သဘင်အဖွဲ့ လာပါတော့။ နယ်လှည့် ကပြပါတော့ ... ကြည့်ချင်လှပြီ''လို့ အခွင့်သင့်တိုင်း စာရေးပြီးတမျိုး၊ လူကိုယ်တိုင် လာပြီး တင်ပြလို့တဖုံ အကြိမ်ကြိမ် တောင်းဆိုလာကြပြန်ပါတယ်။ ဒါနဲ့ ကျွန်မတို့လည်း ဝါဒဖြန့်ချိရေး လုပ်ငန်းစတင်လုပ်ဆောင်နိုင်ရန် ပြင်ဆင်ရပါတယ်။

## ကမ္ဘာချစ်တဲ့ ရွှေချိုးဖြူ ဘေးကင်းရန် ပျံသန်းခြင်းနဲ့အတူ ငြိမ်းချမ်းရေးအောင်တေးသံကို ကူ

ကမ္ဘာ့ငြိမ်းချမ်းရေးဟာ ကမ္ဘာ့ပြည်သူအပေါင်းရဲ့ ပြင်းပြလှတဲ့ 'ဆန္ဒ'ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ပါတီဗဟိုကလည်း ''ငြိမ်းချမ်းရေး''နဲ့ ပတ်သက်လို့ ပြည်တွင်းငြိမ်းချမ်း ရေးကို အလေးထား စဉ်းစားပါတယ်။

ဒီကာလမှာပဲ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ သီချင်းတပုဒ်ကို ရေးစပ်သီကုံးပြီး ဝါဒဖြန့်ခဲ့ပါတယ်။ ဂီတစာဆိုကတော့ ရဲဘော်သခင်သန်းမြိုင်(P.B)ပါ။

*ပ*

***ရွှေချိုးဖြူသီချင်း***

******(အေးမြမြ×ချိုတေးသံ...သာ...ကြူ× ဆင်းရန့် ...သင်းပျံ့ ကာ...မာလာထုံ×ရဂုံတောင့...မြူခိုး...လေးတွေ×ရစ်ဆိုင်း...လို့ ... သာသိုင်းဖွဲ့*ကာမှိုင်းတဲ့ ငွေနှင်းမြူ××)၂ဖိုးတောင်သူ×ဖိုး...တောင် သူ...တဲ...ဝဲ...ကာ...ဝဲ...ကာ×ဝဲ... ကာပျံရှာ... စိတ်ကြည်နူး...ထူးလောက်စရာ... သာ...ယာ...ချိုမြူ...သူကကူ...ဆိုတေးရှင်အမူ... တောဖွဲ့ကိုကြူ... ချစ်စရာ...ရွှေချိုးဖြူ×***

***သံပြိုင်– (ရွှေချိုးဖြူဖြူ× × ×စပါးနှံလေးကိုက်လို့ယူ× × ×ကမ္ဘာထဲဝဲလို့ကူ× × ×ငြိမ်းချမ်းမှုရဲ့ အထိမ်း...အမှတ် ...ရွှေ...ချိုး...ဖြူ× )***

***×× ×သြော်(ထိတ်စရာ...ကောင်း...လိုက်ပါဘိ× × ×အိုကွယ့်×ရွှေ...ချိုး...ဖြူ)၂×ရွှေ...ချိုး...ဖြူ× × ×မလို...မုန်း...တဲ့...သူ× (ငှက်ခတ်သမားမုဆိုး...သား×သတ်×သူ×လေးနဲ့မြား× ×ကိုင်စွဲထား...တဲ့...သူ)၂ × × ×သတ်...မဲ့...ရန်မူ...ချက်ကောင်းကိုလည်း×သူ×ချောင်းလို့မြူ× ×ကမ္ဘာချစ်တဲ့× ရွှေချိုးဖြူ... ဘေးကင်းရန်× ပျံသန်းခြင်း...နဲ့အတူ ငြိမ်းချမ်း...ရေး...တောင်း...သံကိုကူ...***

***ရွှေချိုး...ဖြူဖြူ× × × × × ×အထိမ်းအမှတ်...ရွှေချိုး...ဖြူ...***

ရဲဘော်သခင်သန်းမြိုင်(ကျောက်ဆည်)ဟာ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် တဦးဖြစ်ပါ တယ်။ ၁၉၅၃ခုနှစ်မှာ နိုင်ငံခြားကို ခရီးထွက် သွားရပါတယ်။ ၁၉၅၀ခုနှစ်က နိုင်ငံခြားကို ပညာတော်သင် သွားကြတဲ့ ရဲဘော်များ ၁၉၆၈ခုနှစ်မှာ လက်နက်ကိုင် တော်လှန်ရေးထဲသို့ ပြန်ရောက်လာပေမယ့် သခင်သန်းမြိုင်ကတော့ နိုင်ငံခြားမှာပဲ ကျန်နေရစ်ပါတယ်။ အခုအခါ မှာတော့ ကွယ်လွန်သွားပြီလို့ သိရပါတယ်။

ပြည်သူ့သဘင်အကြောင်း ပြန်ဆက်ပါရစေ။ ကျွန်မတို့ဟာ ပဏာမ ယိမ်းအက တွေတိုက်၊ နောက် တပ်မတော်ကို အခြေခံတဲ့ ဇာတ်လမ်းများကိုလည်း အချိန်ယူပြင်ဆင်ခွင့် ရခဲ့ပါတယ်။ အဲဒါကတော့ **''ရဲဆု''**ဆိုတဲ့ပြဇာတ်ပါပဲ။ ဒီဇာတ်လမ်း မူရင်းကတော့ ရုရှား ဝတ္ထုပါ။ ဒါကို ဘာသာပြန်ထားပြီး မြန်မာမှုပြုထားတာပါ။ ပြဇာတ်–ဇာတ်လမ်းဇာတ်ကွက် ထဲမှာလည်း ကျေးလက်သဘာဝကို အခြေခံကာ တောဓလေ့တောစရိုက်လေးတွေ ပါဝင်ပြီး လူထု အကြိုက်ဖြစ်ပါတယ်။

ဇာတ်လမ်းအကျဉ်းချုပ်ကဒီလိုပါ။ ရွာတရွာက ချစ်သူနှစ်ဦးဟာ တိုးတက်တဲ့ နိုင်ငံ ရေး အမြင်ရှိပြီး ယောကျ်ားလေးက ပြည်သူ့တပ်မတော်ထဲဝင်ချင်တယ်။ မိန်းကလေးက လည်း ကြည်ကြည်ဖြူဖြူ သဘောတူပါတယ်။ အဲဒီရဲဘော်လေးဟာ တိုက်ပွဲတွေ အကြိမ်ကြိမ် ဆင်နွှဲရင်း ကာလတခုကြာလာတော့ ပြင်းထန်တဲ့တိုက်ပွဲတခုမှာ ဒီရဲဘော်ဟာ ဒဏ်ရာပြင်း ထန်စွာ ရသွားတယ်။ နောက်ဆုံးမှာ အသက်မသေပေမယ့် ခြေတဖက်ဖြတ်လိုက်ရတယ်။ မျက်နှာတခု လုံးလည်း မီးလောင်ဗုံးဒဏ်ကြောင့် ရုပ်ပျက်ဆင်းပျက်နဲ့ ဒုက္ခိတ တယောက် ဖြစ်သွားပါတယ်။ ဒီရဲဘော်ဟာ စိတ်ဓာတ်တက်ကြွစွာနဲ့ တပ်မတော်ထဲမှာ မိမိတတ်စွမ်း သရွေ့ ဆက်ပြီးတာဝန် ယူနေပါတယ်။

တနေ့ရွာကို ခွင့်ပြန်တဲ့အခါ သူ့ကို ဘယ်သူကမှ မမှတ်မိပါဘူး။ ပိုဆိုးတာက သူ့ ချစ်သူက သူ့ကိုမမှတ်မိရုံမက သူ့ကိုမြင်ရင် ကြောက်လန့်နေတာကို တွေ့ရတော့ ချစ်သူကို အဖြစ်မှန်လည်း ဖွင့်မပြောရဲ၊ မပြောရက်ဘဲ မိမိဘာသာ စိတ်အားငယ်နေရပါတယ်။ နောက် ဆုံးကျတော့ တနေ့ သူ့ချစ်သူနဲ့တွေ့တဲ့အခိုက်မှာ သူ့ရဲ့ဖြစ်စဉ်တွေကို ဖွင့်ပြောပြလိုက်တော့မှ ဇာတ်ရည်လည်သွားပြီး မိန်းကလေးက သိခွင့်ရသွား ပါတော့တယ်။ ဒီအခါမှာ ဒီဒုက္ခိတ ရဲဘော်ကလေးက ''သူဟာ ဒုက္ခိတ အရုပ်ဆိုးကြီးတယောက် ဖြစ်နေလို့ လူချင်းမတူတော့တဲ့ သူ့ကို ချစ်သူအဖြစ်မှ စွန့်လွှတ်လိုက်ပါတော့''လို့ အကြိမ်ကြိမ်ခွင့်ပန်လိုက်ပါတယ်။ ''ဘယ် လိုပဲ စဉ်းစားစဉ်းစား၊ သူ့ဘဝဟာ မိန်းကလေးနဲ့ ဘယ်လိုမှ မထိုက်တန်တော့တာမို့ ချစ်သူအဖြစ်မှ စွန့်လွှတ်လိုက်ပါတော့''လို့ ဆက်ပြီး အကြိမ်ကြိမ် တောင်းပန်ပါတယ်။

ဒီအခါ မိန်းကလေးက ''မိမိချစ်တာဟာ အပေါ်ယံရုပ်ဆင်းအင်္ဂါကို ချစ်တာမဟုတ် ဘဲ၊ ရဲရင့်တဲ့ ယောကျ်ားပီသတဲ့ သတ္တိရှိစွာ အဖိနှိပ်ခံ ပြည်သူများအတွက် အသက်ကို ပဓာန မထားဘဲ ရဲဝံ့ဂုဏ်ပြောင်စွာ တိုက်ပွဲဝင်ခဲ့တဲ့ သူတယောက်မို့ မိမိချစ်သူအဖြစ် ဘယ်လိုမှ မစွန့်လွှတ်နိုင်ဘူး။ ချစ်သူအဖြစ်မှ စွန့်လွှတ်ဖို့ပြောတဲ့စကားတွေကို မိမိသဘောမတူပါ။ မိမိကို အထင်သေးရာလည်း ရောက်ပါတယ်။ ဒါကြောင့် ဒီစကားနောက်ထပ်မပြောဖို့ တောင်း ပန်ပါကြောင်း။ ရဲဝံ့ ဂုဏ်ပြောင်စွာ တိုက်ပွဲဝင်ခဲ့တဲ့ ချစ်သူမို့ ''ရဲဆု''ပေးတဲ့အနေနဲ့ ဂုဏ်ယူစွာ လက်ထပ်မယ့်အကြောင်း။ နောက် ရာသက်ပန် ချစ်ခင်မြတ်နိုးစွာ ပြုစုယုယသွားမယ့် အ ကြောင်း'' ပြောပြီးလက်ထပ်သွားကြပါတယ်။

ဒီရဲဆုဝတ္ထုကို ဘာသာပြန်ပြီး မြန်မာမှုပြုကာ ပြဇာတ် ဇာတ်ညွှန်းရေးခဲ့သူဟာ ရဲဘော် သခင်သန်းမြိုင်ဖြစ်တယ်လို့ မှတ်မိနေပါတယ်။

ဒီပြဇာတ်ကို တိုက်တော့ ကျွန်မတို့အဖွဲ့ရဲ့ နံပါတ် ၂ ခေါင်းဆောင်၊ ပြဇာတ် ဇာတ် ညွှန်း တာဝန်ခံ ဒါရိုက်တာ ဦးလွင်မောင် (တောင်ငူ)က အဓိက သင်ကြားပြသပေးပါတယ်။ ဦးရွှေမှည့် ကတော့ တွဲဘက်ဒါရိုက်တာ ဖြစ်ပါတယ်။ သူတို့လူကြီးပိုင်းကလည်း အပြန် အလှန် လေးစားကြပြီး စည်းလုံးညီညွတ်စွာ ညှိနှိုင်းလုပ်ဆောင်ကြတာဖြစ်လို့ လုပ်ငန်းတွေဟာ ချော မော အဆင်ပြေပြီး အောင်မြင်မှုတွေ များပါတယ်။ ကျွန်မတို့ အောက်ခြေရဲဘော်တွေကလည်း ပင်ပန်းလို့ ပင်ပန်းရမှန်းမသိ ပျော်ပျော်ပါးပါးနဲ့ တက်ညီလက်ညီ ကျရာတာဝန်ကို လုပ်ကြပါ တယ်။

ရဲဆုဇာတ်လမ်းမှာ မင်းသားနဲ့မင်းသမီးစကားပြောရတဲ့ အခန်းက အရေးလည်း ကြီး၊ များလည်းများတာမို့ ကြိမ်ဖန်များစွာ တိုက်ရပါတယ်။ စိတ်တိုင်းကျ မရမခြင်း ထပ်ပြန် တလဲလဲ ပြန်တိုက်ရပါတယ်။ အိပ်ချိန်နဲ့စားချိန်မှတပါး ဆက်တိုက်အလုပ်ခွင်မှာပဲ နေရပါ တယ်။ ပြဇာတ်တွေက,ရင် တောင်းဆိုချက်တွေ မြင့်မားပါတယ်။ ဇာတ်ဝင်ခန်း ဒီအခန်းမှာ ပြောတဲ့ စကားနဲ့ အမူအရာတွေဟာ ဒီဇာတ်လမ်းကို ဘယ်နှစ်ခါကက တထပ်တည်း ဖြစ်ရ ပါတယ်။ ပြောင်းလဲလို့ မရပါ။ စည်းကမ်းလည်းကြီးပါတယ်။ ဥပမာ–ပြဇာတ်ထဲမှာ သုံးတဲ့ နာမည်တွေကို အပြင်မှာ မခေါ်ရပါ။ နောက်ပြောင်ခြင်းလုံးဝ မလုပ်ရပါ။ ပွဲမထွက်ခင် ညှော့ခံ တီးလုံး တီးနေစဉ် ဇာတ်ခုံနောက်မှာ...

–ဆိုင်းချက်နဲ့ အညီခြေလှုပ်လှုပ်၊ ခေါင်းလှုပ်လှုပ် လုပ်မနေရ။

–ပွဲကစဉ် ကားကြားထဲက ပြူတစ်ပြူတစ် မကြည့်ရ။

–ပွဲမထွက်ခင် ဖီးလိမ်းပြင်ဆင်ရန်၊ နေထိုင်ကြရန် ကျား/မနေရာ သီးသန့်ခွဲထား ပါတယ်။

–ကျား/မ ဒွေးရောယှက်တင် မနေရ ... အားလုံး စည်းကမ်းသေဝပ်စွာ နေကြပါ တယ်။

ပြဇာတ်ကို ထပ်မံတိုးချဲ့ပြီး ဇာတ်လမ်းအသစ်တွေလည်း တိုက်ကြရပါတယ်။ တကယ့်ဖြစ်ရပ်တခုကို အခြေခံကာ ဇာတ်ညွှန်း အသစ်တခုရေးပြီး **"အောင်ဗိမာန်"** ဆိုတဲ့ ပြဇာတ်တခု တိုက်ကြရသေးတယ်။

ဇာတ်လမ်းအကျဉ်းချုပ်က ... လွတ်မြောက်ဒေသတနေရာက ရွာတရွာကို ရန်သူ က ဝင်တိုက်ပြီး ရွာလူထုကိုသတ်၊ ရွာမီးရှို့၊ လုယက်ဖျက်ဆီး(သုံးပြောင်စနစ်) ကျင့်သုံး ကြပါတယ်။ ဒီအချိန်က ပါတီရဲ့တပ်(ဒီတုန်းက ပါတီတပ်ကို ပြည်သူ့လွတ်မြောက်ရေး တပ်မတော်လို့ ခေါ်ကြတယ်။)က ရန်သူတပ်ကို ခုခံတိုက်ခိုက်ရာ ရန်သူဟာ ဆုတ်ခွာ ထွက် ပြေးရခါနီးမှာ ရွာအစွန်ရှိ အိမ်တလုံးကို ဖျက်ဆီးမီးတင်ရှို့လိုက်တယ်။ ဒီမီးဟာ အချိန်တို အတွင်း ဘေးက အိမ်တွေကိုပါ ကူးစက်ပျံ့နှံ့သွားတယ်။ မီးတောက်မီးလျှံတွေကလည်း အရှိန် အဟုန် ပြင်းထန် နေပါပြီ။ ဒီအချိန်မှာ ကံမကောင်းအကြောင်းမလှတဲ့ ရွာသားဇနီးမောင်နှံ နှစ်ယောက်ဟာ မီးတောက်ကြီးတွေ အနားမှာ တဝဲလည်လည်နဲ့ ငိုကြွေးပြေးလွှားနေပါတယ်။ ပါးစပ်ကလည်း–

"ရဲဘော်တို့ရေ ... ကယ်ကြပါဦး ... ကျွန်မ ... ကျွန်မသမီးလေး ... မီးထဲမှာ ကျန်နေ ... ခဲ့ ... ပြီ။ ကယ်ကြပါဦး ... လုပ်ကြပါဦး"လို့တကျော်ကျော် အော်ရင်း ငိုယို တောင်းပန်နေရှာတယ်။

"မပြေးကြပါနဲ့ အစ်ကိုကြီးနဲ့အစ်မကြီးတို့ ဒီနားမှာ ဝပ်နေကြပါ။ ကလေးကို ကျွန်တော်တို့ သွား ကယ်ပေးပါ့မယ်။ စိတ်ချပါ"လို့ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တပ်မှူးနဲ့ အတူရဲဘော်များက ဝိုင်းဝန်းနှစ်သိမ့် အားပေးကြပါတယ်။

ဒီအချိန် ဇာတ်ဝင်ခန်းကို ရှဲဒိုးဆင်း(shadow scene)နဲ့ ပြထားပါတယ်။ မီး တောက်ကြီးတွေ လေးဘက်လေးတန်က အရှိန် ပြင်းပြင်းနဲ့လောင်နေတဲ့ကြားက ကွက်လပ် လေးတခုထဲမှာ အခါလည်တောင် မပြည့်ရှာသေးတဲ့ ကလေးငယ်လေးတယောက်ဟာ ကြောက်လန့်တကြီး တုန်တုန်ရီရီနဲ့ အော်ဟစ်ငိုယိုနေပြီး လေးဘက်ကုန်းလေး ဟိုဘက်ပြေး လိုက် ဒီဘက်ပြေးလိုက်နဲ့ ခိုကိုးရာမဲ့ဖြစ်နေတဲ့ ကလေးငယ်ကို သနားစဖွယ် တွေ့မြင်နေရ တယ်။

အဲဒီတုန်းမှာပဲ ဟော ... ရဲဘော်တယောက် ... တွားပြီးတက်လာပါပြီ။

အချိန်က တိုပေမယ့် ရန်သူဘက်–မိမိဘက်။ နှစ်ဘက်စလုံးအရေးကြီးလာပါပြီ။ ယုတ်မာပက်စက်တဲ့ ရန်သူဟာ ကလေးငယ်နဲ့ မလှမ်းမကမ်းမှာ "သတ်ကွင်း"ပြင်ထားပြီး ရှိသမျှ မီးအားကို စုပြုံအောနေပါပြီ။ မိမိတပ်ကလည်း ...

"ဟယ် ... တက်လာတဲ့ ရဲဘော်ကို ထိသွားပြီ။ အို ... ရဲဘော်ကျသွားပါပေါ့လား" ... ဝုန်းဒိုင်းကြဲနေတဲ့ ကြောက်မက်ဖွယ် သေနတ်သံတွေကြားထဲမှာ ... ကလေးငယ်ဟာ ဆောက်တည်ရာမရ ပိုလို့ပင် အော်ဟစ်ငိုယိုပြီး လေးဘက်တွားကာ ဟိုဘက်ပြေးလိုက် ဒီဘက်ပြေးလိုက် သနားစရာ ဖြစ်နေပါပေါ့လား။

"ဟော ... ဒုတိယအကြိမ် ရဲဘော်တယောက် ထပ်တက်လာပြန်ပါပြီ။ အို ... ဒီတခါ တက်လာတဲ့ ရဲဘော်လည်း ကျသွားပြန်ပါပေါ့လား"

ကံဆိုးရှာတဲ့ ကလေးရယ် ... ကလေးငယ်ကိုလာကယ်တဲ့ ရဲဘော် ၂ ယောက် တောင် ကျဆုံးသွားခဲ့ပါပြီ။ ကယ်လို့မှ ရပ့်ဦးတော့ မလား ... ဟော ... ဇွဲသတ္တိနဲ့ ပြည့်စုံတဲ့ ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သား ... နောက်တယောက် ... တတိယမြောက် တက် လို့လာပြန် ပါပြီ။

"အလို ... ဒီရဲဘော်လည်း သွေးသံရဲရဲနဲ့ပါလား။ လက်မောင်းမှာ ဒဏ်ရာရ သွားပြန်ပြီကိုး"

ဒါပေမယ့် ရဲဘော်ဟာ လက်မှာသွေး အလိမ်းလိမ်းနဲ့ ကျောပေါ်မှာ ကလေး ကိုပိုးပြီး ရန်သူ့သတ်ကွင်းမှ လွတ်မြောက်သွားပါပြီ။ အောင်ပြီ ... အောင်ပြီဆိုတဲ့ ကြွေး ကြော်သံ တွေနဲ့အတူ သြဘာသံတွေ ကြားထဲမှာပဲ ကလေးငယ်ဟာ ယူကြုံးမရ ဖြစ်နေ ရှာတဲ့ မိခင် ရင်ခွင်လက်ထဲကို ပြန်ရောက် သွားပါတယ်။ မိခင် ... ဟာ ကလေးကို ပိုက်ထွေး ယုယရင်း ဝမ်းနည်းဝမ်းသာနဲ့ ငိုနေရှာတယ်။

ကလေးကို အောင်မြင်စွာ ကယ်ယူနိုင်ခဲ့တဲ့ ရဲဘော်ဟာ ... သေကံမရောက်၊ သက် မပျောက်ဘဲ လက်မောင်းက ဒဏ်ရာကို ကုသရာ ဒဏ်ရာပြင်းထန်ပြီး(သွေးကြောကို ထိခဲ့ တာကြောင့်) လက်တဖက်ကို ဖြတ်လိုက်ရပါတယ်။ လက်တဖက်ပဲကျန်တော့တဲ့ ဒီရဲဘော် ဟာ တပ်မတော် အတွင်းမှာပဲ ဆက်သားအဖြစ် တာဝန်ယူ ထမ်းဆောင်နေခဲ့တယ်။

တနေ့မှာ အိမ်ကိုခွင့်ပြန်လာစဉ် အိမ်မှာကျန်နေတဲ့ နှစ်မလေးဟာ အစ်ကိုကြီး ခွင့်ပြန် လာတာကို တွေ့ရတော့ ဝမ်းသာလို့မဆုံး ခင် လက်တဖက် မရှိတော့တဲ့ အစ်ကိုကြီးကို တွေ့ရတော့ ဝမ်းနည်းပက်လက်ဖြစ်ကာ ငိုကြွေးရင်း ယူကြုံးမရဖြစ်နေတာကို တွေ့ရတော့ နှစ်သိမ့်ချော့မော့ရင်း ခုလိုဖြစ်သွားရတဲ့ဖြစ်စဉ်ကို ပြန်လည်ပြောပြရှာပါတယ်။

နှစ်မလေးက တနှစ်တောင် မပြည့်သေးတဲ့ ကလေးငယ် တယောက်အတွက် ရဲဘော် ၂ ယောက် ကျဆုံးခံပြီး နောက်ဆုံး မိမိရဲ့ အစ်ကိုကြီးပါ ဒုက္ခိတဘဝကို ရောက်ရတဲ့ အထိ ဖြစ်ခဲ့ရတာကို သဘော မပေါက်နိုင်ပါ။ ဒါကြောင့် အစ်ကိုကြီးက နှစ်မလေးကို မိမိတို့ "ပြည်သူ့လွတ်မြောက်ရေး

တပ်မတော်''ရဲ့ ရည်ရွယ်ချက်က ''ပြည်သူလူထုရဲ့ အသက်နဲ့ အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးခြင်း ဖြစ်တယ်''ဆိုတာ အသေးစိတ် ရှင်းပြပါတယ်။

အသက်က တနှစ်တောင်မပြည့်ရှာသေးတဲ့ ကလေးငယ်တယောက်အတွက် အင်မတန် တန်ဖိုးရှိပြီး မြင့်မြတ်လှတဲ့ ရဲဘော် ၂ ယောက်တောင် အသက်ပေးခဲ့ရတာနဲ့ မလုံလောက်သေးဘဲ နောက်တယောက်ပါ ထပ်ပြီး ဒုက္ခိတဘဝအဖြစ် ပေးလှူခဲ့ရတယ်ဆိုတာ မလွန်လွန်းဘူးလားလို့ မေးခွန်းထုတ်ခဲ့တဲ့ နှစ်မလေးကို နားလည်ကျေနပ် လက်ခံနိုင်အောင် ရဲဘော်က စိတ်ရှည်လက်ရှည် ရှင်းပြနိုင်ခဲ့ပါတယ်။

''ကြီးသည် ငယ်သည်မရွေး အသက်တချောင်းဆိုတာ အင်မတန် တန်ဖိုးရှိပါတယ်။ ဒီကလေးငယ်ဟာလည်း တကယ်တော့ 'ပြည်သူ'ပဲ မဟုတ်လား။ တပ်မတော်ရဲ့ ရည် ရွယ်ချက်အတိုင်း ပြည့်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့တာမို့ ကျဆုံးသွားခဲ့တဲ့ ရဲဘော် ၂ ယောက်နဲ့ မိမိအပါ အားလုံးရဲ့ ဒီလုပ်ရပ်ရဲ့ ဖော်ပြချက်ကတော့ 'တပ်နဲ့ပြည်သူဟာ ငါးနဲ့ရေပမာ' ရှိနေတဲ့အချက်ကိုရော 'ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင်တယ်' ဆိုတာကိုပါ လက်တွေ့ ထင်ဟပ်ပြနိုင်တာမို့ ဂုဏ်ရောင်ပြောင်တယ်။ မွန်မြတ်တယ်။ မြင့်မြတ် တယ် မဟုတ်လား။

တကယ်က ဒီကလေးငယ်ကို အချိန်မီ ကယ်တင်နိုင်ခဲ့လို့သာ။ ဒီလိုသာ မကယ် တင်နိုင်ခဲ့ရင် ကိုယ့်ရင်သွေး နဲ့အတူ မီးလောင်တိုက် အတွင်းမှာပဲ ကိုယ့်ဘဝကို အဆုံးစီရင် လိုက်မယ်လို့ ဆုံးဖြတ်ပြီး မီးတောက်ထဲ ပြေးဝင်တော့မယ့် တကဲကဲဖြစ်နေတဲ့ မိခင်ရဲ့အသက် ကိုပါ ကယ်တင်လိုက်နိုင်ခဲ့ပါတယ်ဆိုတာ သိရတော့မှ နှမလေးဟာလည်း သဘောပေါက် နားလည် လက်ခံသွားပါတယ်။ စိတ်အေးချမ်းမြေ့သွား ပါတော့တယ်။

ချမ်းမြေ့ရွှန်းမြ ဝင်းလက်တောက်ပနေတဲ့ လရောင်အောက်က ညဦးယံ အချိန်လေး မှာ ခွင့်ပြန်လာတဲ့ ရဲဘော်ရဲ့ အိမ်ကလေးဟာ ပျော်ရွှင်ချမ်းမြေ့စွာ ရယ်မောသံများနဲ့အတူ ရွာက ကေဒါများနဲ့ ရွာလူထုများက ဝိုင်းဝန်းနှုတ်ဆက်ကြရင်း ချီးကျူးဂုဏ်ပြုနေကြတဲ့ အသံတွေကြားထဲမှာ ပျော်တပြုံးပြုံးဖြစ်နေကြတဲ့ သားနဲ့သမီးလေးတို့မောင်နှစ်မကို ကြည့်ရင်း ကျေနပ်ချမ်းမြေ့ နေရှာတဲ့ အမေအိုဟာ ရွာလူထုက စေတနာ ထက်သန်စွာနဲ့ ပေးလာရှာတဲ့ စားသောက်ဖွယ်ရာ လက်ဆောင်မွန်များကို လက်ခံရတာကလည်း မအား လပ်အောင် ဖြစ်နေရတော့တယ်။

ဟော ... ကိုသာအေး(ပြည်သူစစ်ခေါင်းဆောင်)က ဦးဆောင်ပြီး ''***ပြည်သူ့လွတ် မြောက်ရေး ... တပ်မတော်...ချီလာပါပြီ...ချီ လာပါပြီ***''နဲ့ လူငယ်တသိုက်ဟာ အားရပျော်ရွှင်စွာ ဝိုင်းပြီး ညီညီညာညာ သီဆိုနေကြပါပကောလား။

## ငါတို့မိခင်...ထာဝစဥ်...လူထုပင်

ဗဟိုပြည်သူ့သဘင်အဖွဲ့ ခေါင်းဆောင်များ၊ ကေဒါများအားလုံး အစည်းအဝေးမှာ အလေးအနက် ဆွေးနွေးနေကြပါတယ်။ အဲဒါကတော့ ပွဲကတဲ့အခါ လူထုကြီးအတွက် ညလုံးပေါက် မိုးလင်းတဲ့အထိ ပွဲကြည့်နိုင်ရေးအတွက် အစီအစဥ်လုပ်နိုင်ရန် အတွက်ဖြစ်ပါ တယ်။ လွတ်မြောက်ဒေသရှိ ပြည်သူများအနေနဲ့ ဝေးလံလှတဲ့ မြို့တွေပေါ်တက်ပြီး ပွဲကြည့်ရန် လည်းမလွယ်ကူပါ။ အိုးပစ်အိမ်ပစ် ငွေကုန်ကြေးကျလည်း များလှပါတယ်။ ဒါကြောင့် လွတ် မြောက်ဒေသအတွင်းမှာပဲ အိုးမကွာ အိမ်မကွာ နီးနီးနားနား ပွဲကြည့်ရတာကို အလွန်မတန် နှစ်သက်ကြပါတယ်။ နေ့ကြီးရက်ကြီးများကို အမြဲတမ်း မျှော်လင့်တောင့်တကြပါတယ်။ တခါတရံ ကြားဖြတ်ပေါ်လာတတ်တဲ့ ပွဲကြီးလမ်းကြီးတွေလည်း ရှိတတ်ပါတယ်။ ဥပမာ–စုပေါင်းအလှူပွဲကြီးများ၊ တပ်သားသစ်များ လက်ခံကြိုဆိုပွဲစသည်များ ရှိပါတယ်။ အဲဒီအခါ ကပွဲရက်ဟာ တရက်တည်းဆိုတာမျိုး အလွန်ရှားပါ တယ်။ အနည်းဆုံး(၃)ရက် ဖြစ်တတ်ပါ တယ်။ အဲဒီမှာ လူထုကြီးကို ညလုံးပေါက် ရသစုံနဲ့ ဖျော်ဖြေ နိုင်ဖို့ အလွန်အရေးကြီးပါတယ်။

အရပ်ထဲမှာ လူကြီးသူမများ ပြောလေ့ရှိတာက ''ဇာတ်သမားလာရင် မှတ်သား စရာ ပါရမယ်။ ဇာတ်သမား ပြန်ရင် မှတ်သားစရာ ကျန်ရမယ်''လို့ ပြောလေ့ရှိပါတယ်။ ဒါက အရပ်သား ဇာတ်ပါ။ ကျွန်မတို့ ပါတီက ပြတဲ့ဇာတ်ဆိုရင် ဒါထက် အများကြီး သာ အောင် ကြိုးစားကြရပါမယ်။ လူရွှင်တော်တွေပြောတဲ့ ဟာသစကားလုံးတွေကအစ၊ အဝတ် အစား၊ အမူအရာ၊ အချင်းချင်း ဆက်ဆံရေးအဆုံး အားလုံး အဆင့်အတန်း မြင့်မြင့်ခွဲမှတ် ထားနိုင် လောက်အောင် ကြိုးစားကြရပါမယ်။ ဒါကြောင့် ပွဲကရာမှာ ညလုံးပေါက် အချိန်ဆွဲနိုင် ဖို့နဲ့ ရက်ရှည် ကပြနိုင်ဖို့အတွက် ယိမ်းအကများ အသစ်တိုးချဲ့တိုက်ကြရသလို အော်ပရာ များ၊ ပြဇာတ်များကိုလည်း အသစ်အသစ်များ တိုးချဲ့ကြရပါတယ်။

အခုလည်း ***'မွေးမိခင်(ဆိုမှုဟန်သဘင်)'***ကို တင်ဆက်နိုင်ဖို့ ဇာတ်လမ်းတိုက် ကြ ရပါတယ်။ အချို့က အော်ပရာလို့ ခေါ်ကြတယ်။ တကယ်တော့ အော်ပရာ မဟုတ်ပါ။ အက လည်း လုံးဝမပါ။ စကားတခွန်းမှ မပြော။ အစမှအဆုံးအထိ အားလုံးကိုဟန်အမူအရာ နဲ့ သီချင်းဆိုပြီး ဇာတ်လမ်းကို ဖော်တာဖြစ်လို့ ***'ဆိုမှုဟန်သဘင်'***လို့ ခေါ်တွင်ခဲ့တာ ဖြစ်တယ်။ ဒီဇာတ်လမ်းကို တိုက်တဲ့အခါ ဇာတ်ကောင်လည်းများတယ်။ သီချင်းတွေကလည်း ဆိုလို့ ကောင်းတယ်။ စစ်တိုက်ခန်းလည်းပါတော့ စိတ်ခေတ်တက်ကြွစရာလည်း ဖြစ်လို့ စခန်း အတွင်း အလုပ်နားချိန်မှာ ရဲဘော်တွေဟာ ကိုယ့်မှာရှိတဲ့ ဂီတာ၊ မယ်ဒလင်၊ ဘာဂျာ၊ ပ လွေစတဲ့ တူရိယာများကို ယူလာပြီး အပျော်တမ်းဝင်ရောက် တီးမှုတ်ကြ၊ သီချင်း ဆိုကြပါတယ်။ ရုံးတက်ချိန်၊ ကင်းစောင့်ချိန် အလုပ်ချိန်ကျမှ သွားကြတယ်။ ရုံးဆင်း၊ ကင်း လဲပြီး ပြန်လာတဲ့ ရဲဘော် များကလည်း အိမ်ကိုမပြန်ကြဘဲ ထမင်းပန်းကန်နဲ့ ဟင်းချိုင့်ဆွဲပြီး ဇာတ်တိုက်တဲ့ နေရာကိုပဲ အပြေးအလွှား ရောက်လာတတ်ကြတာမို့ အလွန်လည်း ပျော်စရာ ကောင်းပါ တယ်။ တနင်္ဂနွေ လို ရုံးပိတ်ရက်မှာတော့ လူအလွန်စည်ကားတာမို့ ဇာတ်ကတဲ့နေရာ ကြမ်းခင်းတွေတောင် ကျိုးကျခဲ့ဖူးတာကို သတိရနေမိတယ်။ အဲဒီလို ကျိုးကျသွားပြန် တော့လည်း တယောက်တလက် ဝါးခုတ်၊ နှီးဖြာ၊ ကြမ်းခင်းသဲ့ပေါက်နဲ့ ဝိုင်းဝန်းလုပ်ပြီး မကြာ ခင် ပြီးသွားပါတယ်။ ကြမ်းခင်းအသစ် နဲ့ဆိုတော့ ပိုစတိုင်ကျပြီး လူပိုများလာ တတ်ပါတယ်။

မွေးမိခင်ဇာတ်လမ်း ဖြစ်ပေါ်လာရတဲ့ အကြောင်းရင်းက ဒီလိုပါ။ ဟိုတချိန် ဆိုဗီယက် ယူနီယံကွန်မြူနစ်ပါတီ(ဘော်လ်ရှီဗစ်) C.P.S.U(B) ထဲမှာ ရဲဘော်(ကွန်မြူနစ်) များကို ခေါင်း ဆောင်ကြီး ***စတာလင်*** က ဒီလိုပညာပေးခဲ့ဖူးတယ်။ စတာလင် က သူရေးခဲ့တဲ့ ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဘော်လ်ရှီဗစ်)သမိုင်းရဲ့ နိဂုံးချုပ်မှာ ခေါမဒဏ္ဍာရီမှာပါ တဲ့ အန်တီးရား(စ်)နဲ့ ဟာကျူလီ အကြောင်းကို ရေးခဲ့တယ်။ သူက ဒီဒဏ္ဍာရီကို ကိုးကားပြီး ***''အန်တီးရားစ်လို မဖြစ်ရလေအောင် ကွန်မြူနစ်တွေဟာ မိခင် မြေ ကြီးနဲ့ တူတဲ့ လူထုနဲ့ ဘယ်တော့မှ မကင်းကွာရဘူး။ လူထုနဲ့ ကင်းကွာရင် အန်းတီးရာစ်လိုပဲ ရှုံးလိမ့်မယ်''***လို့ သတိပေးခဲ့တယ်။ ပညာ ပေးခဲ့ပါတယ်။ ဒါကိုအခြေခံ၊ မြန်မာမှုပြုပြီး ဇာတ်ညွှန်းတခုရေးလိုက်တော့ ... ***မွေးမိခင် (ဆိုမှုဟန် သဘင်)*** ဆိုတဲ့ ဇာတ်ညွှန်းတခု ပေါ် လာခဲ့တယ်။ ဇာတ်လမ်းကတော့ ဒီလိုပါ...။ ။

(''အရဏ်ဦးခရီးသည်''–ဒုတိယပိုင်းကို ဆက်လက်ဖတ်ရှုပါရန်)